# ဖြတ်သန်းချိန်
# နိဒါန်း နှင့် ပထမပိုင်း



ပြဿနာတွေ၊ အခက်အခဲတွေ၊
ဘဝင်ကျစရာတွေ၊ ဘဝင်မကျ
စရာတွေ၊ ကျေနပ်စရာတွေ၊
မကျေနပ်စရာတွေ၊ ဒါတွေကို
အပထား မျက်မှောက်ကာလ
ဖြတ်သန်းချိန်များကို
အကျိုးရှိအောင် သုံးနိုင်ဖို့
အဖြေထုတ်လိုက်ကြသည်။

ငြိမ်းချမ်းဦး

လှိုင် ကြည် ဖြူ ဓမ္မဝီရ စာပေတိုက်
HLAING KYI PHYU DHAMMA VIRA PUBLISHING HOUSE.

အထူးခြားဆုံးမှာ ဘီစီ ၆ ရာစုကာလဖြစ်သည်။ လူ့ဘောင်လောက၏ လှုပသော အရှက်ဦးကာလ၊ လေပြေညှင်းသည် ထုံသင်းဆွတ်ပျံ့သော မွှေးရနံ့ဖြင့် ကမ္ဘာလောကတစ်ခုလုံးအား ဖြန့်ကြက်ချိန်၊ နုငယ်သေးသော နေ၏နီနုရောင်ခြည်သည် ထွေးနွေးသော အငွေ့အသက်ဖြင့် ကမ္ဘာ၏ ဟိုမှာဘက် ဒီမှာဘက်တစ်ဝန်းတစ်ခုလုံးအား လွှမ်းခြုံထားဘိသို့ ရှိချိန်၊ ပင်လယ်ရေတို့ ချိုဆိမ့်နေချိန်ဟု ဆိုငြားအံ့၊ "သူ"၏နှလုံးသားခံစားတတ်မှုကို အပြစ်ဆိုမည် ဆိုပါကလည်း "သူ" ကျေနပ်စွာခံယူလိုမိပါ၏။ "သူ"အတွေးသည် ဘီစီ ၆ ရာစုကာလတွင် ရစ်ဝဲနေသည်။ ဤအရသာကို ချိုမြိန်စွာ၊ ပီတိဖြင့် ခံစားနေမိသည်။

ဒီလောက်ကြီးမားတဲ့ သံသရာ ဝင့်ဆင်းခဲ့ ဒီလောက် ကြာမြင့်တဲ့ အချိန်ကာလ အပိုင်းအခြားကြီးကို စွန့်လွှတ်စွန့်စားခြင်း၊ ပေးဆပ်ခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ဘာကြောင့် "ဗုဒ္ဓ"သည် ဖြတ်သန်းခဲ့လေသနည်း၊ "လောကကို ချစ်လွန်း၍သာဖြစ်မည်"ဟု "သူ" ဉာဏ်မီသမျှ ခံစားခံယူနေမိသည်။

---

"ဗုဒ္ဓ"၏ တရားဓမ္မအဆုံးအမတို့တွင် နစ်မျောရင်း "ကိုယ်ကျင့်သိက္ခာနှင့် မြင့်မြတ်သောလူသား"၏ အခန်းကဏ္ဍပြဋ္ဌာန်းချက်များကို ထင်းထင်းကြီး မြင်တွေ့နေသည်ဟု "သူ"ခံစားမိသည်။

## ပုံနှိပ်မှတ်တမ်း

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ် အုပ်ရေ (၁၀၀၀)

စာမူခွင့်ပြုချက်အမှတ် – ၃၂၀၆၉၇၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၂၀၇၅၉၀၆၁၁

●

ထုတ်ဝေသူ – တင်စိုး (မြ ၀၄၂၈၇)
လှိုင်ကြည်ဖြူဓမ္မဝိရစာပေတိုက် နှင့် ဒီဂျစ်တယ် စာကြည့်တိုက်၊ အဆောင် ၁ ၊ အခန်း ၆ ၊ မြန်မာ့အင်ဖိုတက်၊ လှိုင်တက္ကသိုလ်များနယ်မြေ ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း – ၀၉၅၀ ၀၁၄၀၁ / ၀၉၈၀ ၂၇၉၉၂။

ပုံနှိပ်သူ – တင်အောင်ဝင်း၊ ဘိုးရာဇာ ပုံနှိပ်တိုက် ၊ အမှတ် ၁၆၂၊ ၄၅လမ်း၊ ဗိုလ်တထောင်မြို့နယ်။

●

ကွန်ပျူတာ / ဒီဇိုင်း – မိုးကြီး ။

စောင်ရေ – ၁၀၀၀ ။

တန်ဖိုး – ၂၀၀၀ ကျပ် ။

## ဖြန့်ချိရေး

လှိုင်ကြည်ဖြူဓမ္မဝိရစာပေတိုက် – အမှတ်(၅၀)၊ ဘ – လွှာ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း ၀၉၅၀ ၀၁၄၈၁ / ၀၉၈၀ ၂၇၉၉၂။

ထွန်းဦးစာပေ – ၈၄ လမ်း၊ ၂၉–၃၀လမ်းကြား၊ မန္တလေး။




## လှိုင်ကြည်ဖြူဓမ္မဝိရစာပေတိုက်၏ကြေငြာချက်

လှိုင်ကြည်ဖြူဓမ္မဝိရစာပေတိုက်နှင့် e-library သည် တစ်နှစ်တာမျှသောဖြတ်သန်းချိန်အား ငြိမ်းချမ်းညင်သာစွာ ဖြတ်ကျော်လာခဲ့ပါပြီ။တစ်နှစ်တာမျှသောကာလအတွင်း မဟာသဒ္ဓမ္မ ဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ၏ကမ္ဘာ့လူသားများ ကိုးကွယ်ရာ ဘာသာကြီးများ၏ အယူအဆများ အုပ်ရေ ၅၀၀ အား သာသနာ့တက္ကသိုလ် စာသင်သား သံဃာတော်များအတွက် ထုတ်ဝေလှူဒါန်းခဲ့ပြီး ဆရာကြီးဦးသိန်းဖေမြင့် အပါအဝင် စာရေးဆရာ ကလောင်စုံတို့၏ တစ်ညတုန်းကနှင့် ညဝတ္ထုတို့များအား လောကဓမ္မရသ စာပေအဖြစ်လည်းကောင်း၊ ငြိမ်းချမ်းဦး၏ ဖြတ်သန်းချိန်နိဒါန်းအား လောကသဘာဝနိယာမ၊ သံဝေဂ ရသစာပေ အဖြစ်လည်းကောင်း စာဖတ်သူတို့အတွက် ဖြန့်ချိခဲ့ပါသည်။

လှိုင်ကြည်ဖြူဓမ္မဝိရစာပေတိုက်၏ အပြဋ္ဌာန်းဆုံး ရည်မှန်းချက်ဖြစ်သည့် လောကငြိမ်းချမ်းမှုနှင့် ပညာပါရမီဖြည့်ဆည်းနိုင်ရန်အတွက် ဓမ္မဝိရဂျာနယ်အား အပတ်စဉ်အင်္ဂါနေ့တိုင်း ဓမ္မမိတ်ဆွေ ဘဝမိတ်ဆွေ သံသရာ ခရီးဖော်တို့နှင့် မျိုးဆက်အတွက် အလေးထား ဖြန့်ချိလျက်၊ ပေါ်ထွက်လာသမျှသော အမြတ်အစွန်းအား သာသနာ့ အာဇာနည်အလောင်းအလျာများသို့ ပညာပါရမီအထောက်အပံ့အဖြစ် လှူဒါန်းခဲ့ လှူဒါန်းဆဲ၊ လှူဒါန်းနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

တစ်နှစ်တာကာလအတွင်း ဓမ္မတရား၏ခရီးကား နိယာမသဘောအတိုင်း ဖြောင့်ဖြူးခြင်းမရှိ၊ အကျည်းတန် အရုပ်ဆိုးသော ဆန့်ကျင်ဘက်တရားများစွာကို တွေ့ကြုံရပါသည်။ လှိုင်ကြည်ဖြူဓမ္မဝိရစာပေတိုက်၏ရင်ခွင်သည် ပကတိငြိမ်းချမ်းခြင်း၊ ရဲရင့်ခြင်း၊ တည်ကြည်ခြင်းဖြင့် အကုသိုလ်နှင့် အဓမ္မ၊ လောဘ၊ ဒေါသ၊ မောဟကြီးစိုးသော လောကသဘာဝလောကသားများအားလည်း အတိုင်းအတာတစ်ခုအထိ ငြိမ်းချမ်းစေနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

သူတော်ကောင်းတရားနှလုံးသားမှာ မွေးဖွားရှင်သန်ထားရှိသူ ပုဂ္ဂိုလ်တို့အားလည်း ပါရမီဖြည့်နိုင်ခဲ့ပြီး ထိုပုဂ္ဂိုလ်တို့၏ အားပေး ချီးမြှင့်မှု နှစ်လိုမှုများကိုလည်း နှစ်ထောင်းအားရ ရရှိခံယူနိုင်ခဲ့ပါသည်။

ဤသည်ပင် လှိုင်ကြည်ဖြူ၏ရည်ရွယ်ချက်သည် ပြည့်ဝခဲ့ရပါသည်ဟု ဆိုပါမည်။

**ဓမ္မတရားအား လိုသူ မလိုသူ ပုဂ္ဂိုလ်၊ သူသူ ငါငါ လူတကာအား ငြိမ်းချမ်းသောစိတ် ရဲရင့်တည်ကြည်ဖြတ်သားသော လောကအမြင်ဖြင့် လက်ကမ်းကြိုဆိုနေသော "လှိုင်ကြည်ဖြူ" သည် ငြိမ်းချမ်းဦး၏ "ဖူးစမ်းပါစေ ပွင့်လန်းစေတော့"ဆိုသည့် စကားလက်ဆောင်နှင့်အတူ ဤဖြတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်း"တို့ဖြင့် နွေးထွေးစွာ ပွေ့ပိုက်လျက် စိတ်နှလုံးချမ်းမြေ့ပျော်ရွှင်စေဦးမည်၊ ဖြတ်သန်းချိန်တိုင်း တန်ဖိုးရှိစေဦးမည်၊ လောကငြိမ်းချမ်းမှုအတွက် သဲတစ်ပွင့် အုတ်တစ်ချပ်ဖြစ်စေဦးမည်ဟု ယုံကြည်လျက် ဤစာပေအစုကို ဖြန့်ချိလိုက်ရပါသည်။**

**အယ်ဒီတာအဖွဲ့**
**လှိုင်ကြည်ဖြူဓမ္မဝိရစာပေတိုက်**



## စာရေးသူ၏ တင်ပြချက်

ဤစာအုပ်တွင် ပထမထုတ်ဝေခဲ့သည့် ဖြတ်သန်းချိန်နိဒါန်းကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်။ အကြောင်းမှာ "ငြိမ်းချမ်းဦး"သည် ထင်ပေါ်ကျော်ကြားလူသိများသော စာရေးဆရာကြီးတစ်ဦးလည်းမဟုတ်သောကြောင့် "ဖြတ်သန်းချိန်" အကြောင်း လူမသိလိုက်ပါ။ ထင်ပေါ်ရန်၊ လူသိများရန်လည်း "သူ" မကြိုးစားလိုပါ။ သို့သော် သူနှင့်သက်တမ်းတူ မျိုးဆက်များနှင့် မျိုးဆက်သစ်တို့ကို ဖတ်ဖြစ်စေချင်ပါ၏။ ဤကြီးမားသောဆန္ဒကို ဖြည့်ဆည်းရန် ပေါချင်း သောချင်းလည်း လမ်းဘေးချပြီး အခမဲ့ဝေနိုင်လောက်အောင်လည်း မချမ်းသာပါ။

"ပြဿနာတွေ၊ အခက်အခဲတွေ၊ ဘဝင်ကျစရာတွေ၊ ဘဝင်မကျစရာတွေ၊ ကျေနပ်စရာတွေ၊ မကျေနပ်စရာတွေ၊ ဒါတွေကို အပထား၊ မျက်မှောက်ကာလဖြတ်သန်းချိန်များကို အကျိုးရှိအောင် သုံးနိုင်ဖို့ အဖြေဆုတ်လိုက်ကြသည်"ဟု သူနှင့်သူတို့မျိုးဆက်၏ဖြတ်သန်းချိန်လောကဓံတရားများအပေါ် ရှုမြင်လျက် အဖြေထုတ်မိခဲ့သည်။ ဤကားဖြတ်သန်းချိန်နိဒါန်းဖြစ်ပါသည်။

"သူ"၏စိတ်နှလုံး၌ သံမှိုနှက်သကဲ့သို့ စွဲမြဲနေသော ခံယူချက်တစ်ခုရှိနေသည်။

"ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးကို ခရေ့နောက် အညီအညွတ် ပီပီပြင်ပြင်ပြဋ္ဌာန်းနိုင်ရန် သတိနှင့်သတ္တိရှိဖို့ လိုမည်။ သို့မှသာ "ဓမ္မ"အပေါ်သစ္စာစောင့်သိရာ ရောက်၍ ဓမ္မတရားက ထို ပုဂ္ဂိုလ်သတ္တဝါအား ထင်ထင်ရှားရှားအကျိုးပြုစေမည်"ဟူသော တရား ဓမ္မသဘောဖြစ်သည်။

ထို့ကြောင့် ဖြတ်သန်းချိန်ကို ဆက်၍ရေးဖြစ်သည်။ ဘယ်တော့ဆုံးမည်မသိပါ။ တစ်ဘဝ၏နောက်ဆုံးထွက်သက်ရှူ၍ ထုတ်လိုက်ချိန် 'ဖြတ်သန်းလိုက်ရသည့်တခဏ"အထိ ဖြစ်မည်ထင်ပါ၏။

"လောကသဘာဝနိယာမသည်၊ ပကတိသန့်စင်ကြည်လင်ချမ်းမြေ့လှပနေပါ၏၊ ဒီလောက်နှစ်လိုဖွယ်ကောင်းသည့်လောက၊ ဒီလောက်မွှတ်နိုးကြင်နာဖွယ်ကောင်းသည့်"သူ"ရောက်နေသော ကမ္ဘာ၊"သူ"ရှိနေသော မြန်မာကို၊ မည်သည့်ပုဂ္ဂိုလ်များ၊ မည်သို့သောအကြောင်းတရားတွေကများ အရုပ်ဆိုးအကျည်းတန်အောင်၊ ပူဆွေးတမ်းတလွမ်းမောဖွယ်ဖြစ်အောင်၊

ယူကျုံးမရ ဒေါသ၊ ဗျာပါဒတွေ၊ အာဃာတအရောင်အမှောင်တွေ၊ ပူလောင်ပြင်းထန်သည့်ပေါက်ကွဲမှုတွေဖြင့် ဖန်တီးပစ်နေပါလိမ့်"ဟု လူ့ဘောင်သမိုင်းဖြစ်စဉ်များ၊ တစ်မိသားချင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စဉ်များမှ "သူ"သည် အပြတ်မလပ်အဖြေရှာဖူးသည်။

**ဤဖြစ်သန်းချိန်အပိုင်းတွင် "လူတိုင်းသတ္တဝါတိုင်း၏ လိုအင်ဖြည့်ဆည်းမှုတွင် ဓမ္မနှင့်အဓမ္မ၊ ဝိနယနှင့်အဝိနယ၊ ကုသိုလ်နှင့် အကုသိုလ်၊ စရိုက်အမျိုးမျိုးအမြင်အဖုံဖုံ၊ ကျင့်စဉ်တရားများစွာ၌ "မိမိတို့၏ဆန္ဒနှင့် ဘဝရှင်သန်မှု ပဓာနအမြင်"ကိုသာ အရုပ်ဆိုးအကျဉ်းတန် အရှက်မဲ့စွာဖြင့် ဖော်ဆောင်နေကြခြင်းအတွက်ကိုမူ ပြင်းထန်သော ဝေဒနာခံစားရမှုများ "သူ"၏ စိတ်နှလုံး၌ နက်နဲကျယ်ပြန့်ခဲ့သည်။ ဤဝေဒနာကို ငြိမ်းချမ်းသော စိတ်၊ ရဲရင့်တည်ကြည်သော လောကအမြင်ဖြင့် ဖြတ်သန်းရန် အားထုတ်မှုကို တင်ပြထားပါသည်။**

"သံသရာဆိုသည့် ရှုထောင့်မှကြည့်လိုက်တော့ လောကအတွက် အလုပ်လုပ်ချိန်တွေ ဖြတ်သန်းချိန်တွေများစွာရှိနေသေးသည်။

သို့သော် တစ်ဘဝအတွက်တော့ အချိန်သည် သိပ်မရှိတော့။

"ဖြတ်သန်းချိန်တိုင်း ပါရမီဖြစ်စေတော့" ဟူ၍ ပါရမီထိုက်သောအလုပ်များကို သယ်ပိုးရန် မစွမ်းဆောင်နိုင်သည်ထားဦး၊ "ဖြတ်သန်းချိန်တိုင်း တန်ဖိုးရှိစေရန်" အစွက်တော့ လူသားတိုင်း ပိုင်ဆိုင်နိုင်သည့် အခွင့်အလမ်းများရှိသည် ထင်ပါ၏။"သူ"လည်းရယူလို နေမိ၏၊ ထို့ကြောင့်လည်း ဖြတ်သန်းချိန်တန်ဖိုးမြှင့်တင်ရန် သတိပြုမိသည်။

**ဖြတ်သန်းချိန်တိုင်း တန်ဖိုးရှိစေဖို့ ငြိမ်းချမ်းသောစိတ်ဖြင့် အချိန် တိုင်းကို ဖြတ်သန်းနိုင်ကြရပါမည်။ ငြိမ်းချမ်းသော စိတ်သည်သာ ရဲရင့် တည်ကြည်မှန်ကန်သောအမြင်နှင့် ဆုံးဖြတ်ချက်များကို ပေးအပ်ပါလိမ့်မည်။**

"လောကငြိမ်းချမ်းမှု ဘဝများစွာ၏ငြိမ်းချမ်းမှု တိုးတက်ဖွံ့ဖြိုးမှု" အတွက် အကုသိုလ်နှင့် အဓမ္မတို့အား ဖယ်ရှင်းရန် တာဝန်ကို အမွေခံ ကောင်းများပီပီ ငြိမ်းချမ်းသောစိတ်၊ တည်ကြည်ရဲရင့်ပြတ်သားသော လောကအမြင်ဖြင့် သယ်ပိုးနိုင်ကြမည်ထင်၏။

**ငြိမ်းချမ်းဦး**



## မာတိကာ

- အချိန်တိုင်း အချိန်တိုင်း ၁
- တန်ဖိုးရှိရမည် ၃
- သူစိမ်းဆန်နေသည့် အလေ့အထ ၅
- အားထားရာ လူ့နှလုံးသား၊ လူတန်ဖိုး၊ လူကျင့်ဝတ်များ ၉
- Globalization နိဒါန်းများလား ၁၂
- မန်ကျည်းပင်၏ ဒဿန ၁၃
- လူမှုပဋိညာဉ်များ ဦးတည်ရာ ၁၆
- စွမ်းအားသစ် ၁၉
- သမိုင်းဗီဇ ၂၁
- ရည်မှန်းချက် အမျိုးမျိုး ၂၅
- e-Educationသို့ ဘုန်းကြီးကျောင်းပညာရေး ပို့ဆောင်ပေး ၂၇
- မမေ့ကောင်းသော အတိတ် ၃၁
- အမွေစစ်နှင့် အချစ်မြေးများ ၃၇
- လွမ်းမောဖွယ်အတိတ် ၄၁
- ခေတ်ပြိုင် ဘဝပုံစံများ ၄၅
- လောကကို ချစ်တတ်ကြဖို့လိုမယ် ၄၉
- လောက အမြင်သစ် ၅၃
- တွက်ခြေကိုက်မှု တို့ရှေးရှု ၅၇
- မျိုးဆက်ကို ချစ်တတ်ဖို့ ၆၁
- တန်ဖိုးများ ကျက်စားရာ ၆၄
- လက်ဦးဆရာ ၆၈
- နားလည်ခြင်းနှင့် နားလည်ပေးခြင်း ၇၂
- အပြုသဘောဆောင်သော တက်ကြွသော မျိုးဆက် ၇၅
- ယုံကြည်မှုဖြင့်သာ ခိုင်မာမှု တည်ဆောက်ရယူနိုင် ၇၈
- ပေးဆပ်ရန် ရှင်လန်းတက်ကြွလျက် ၈၁
- အဟောသိကံ မဖြစ်သင့် ၈၄
- မြင့်မြတ်သူတို့၏ စိတ်နှလုံး ၈၆

# ဖြတ်သန်းချိန် နိဒါန်း

ငြိမ်းချမ်းဦး



လှိုင် ကြည် ဖြူ ဓမ္မဝီရ စာ ပေ တိုက်

*Hlaing Kyi Phyu Dhamma Vira Publishing House*

***Head Office:** Blk (1), Rm(R6), Myanmar Info-Tech, Hlaing Ts, Yangon*

***Branch Office:** No. 50, 2nd Fl. Bank St, Kyauktada Ts, Yangon*

*HP: 09 500 1401 .*

## ဖြတ်သန်းချိန် နိဒါန်းအတွက်

ထောင်စုသစ်၏ စိန်ခေါ်မှုများက ရှုပ်ထွေးစွာရှိနေဆဲ။ ဖြတ်သန်းချိန်တိုင်းကို ငြိမ်းချမ်းစွာ၊ နွေးထွေးစွာ၊ လှပစွာဖြင့် ရှင်သန်စေလိုမိသော "သူ"၏ စိတ်နှလုံး၌မူ ထောင်စုသစ်၏ အရုဏ်ဦးကာလ "လောကပန်းချီကားချပ်ကို နှစ်လိုဖွယ်၊ မြတ်နိုးဖွယ်နိမိတ်ပုံတို့ဖြင့် အလှဆင်ရန် အားယူ၍ စုတ်ချက်တင်နေကြသည်"ဟု ခံစားမိသည်။

ထောင်စုသစ်၏ အရုဏ်ဦးတွင် ကမ္ဘာနှင့်အဝှမ်း လွှမ်းခြုံအကျိုးသက်ရောက်မှုရှိနေသည့် အရေးအရာများ၊ စိန်ခေါ်မှုများကို ငြိမ်းချမ်းစွာဖြင့် ဖြတ်သန်းကျော်လွှားနိုင်ရန် စွမ်းရည်နှင့် ခွန်အားတို့သည် "သူတို့" မျိုးဆက်၏ စိတ်နှလုံး၌ တည်မှီရှင်သန်ဖွံ့ဖြိုးလာလိမ့်မည်ဟု "သူ" မျှော်လင့်ယုံကြည်ထားသည်။ "မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ရှင်သန်ခဲ့သော လောကအမြင်သည် စိန်ခေါ်မှုတိုင်းကို ငြိမ်းချမ်းစွာ ဖြတ်သန်းကျော်လွှားနိုင်မည်အမှန်" ဟု "သူ" က မြင်တွေ့လက်ခံနေသည်။

အတိတ်ကိုမေ့၍မရ မမေ့ကောင်း။ ကောင်းမွေ ဆိုးမွေများရှိမည်။ လူ့အဖွဲ့အစည်းအတွင်း မကင်းနိုင်ကြ။ ထို့အတူ ပစ္စုပ္ပန်၏ဧကန်ရှိနေသော အမှန်တရား၊ အရှိတရားများကို ရဲရဲတည့်တည့် ရှုမြင်လက်ခံကြပြီး အနာဂတ်ကို တည်ဆောက်ရန် တာဝန်သည် "သူတို့" နှင့် "သူတို့"၏ မျိုးဆက်၌ ဧကန်ရှိနေသော တာဝန်ဖြစ်သည်။ အခက်အခဲဆိုသည်များလည်း မကင်းနိုင်၊ အန္တရာယ်ဆိုသည်များလည်း မကင်းနိုင်။ မည်သို့ရှိစေ၊ စိတ်ကောင်းနှလုံးကောင်းဖြင့် အမှန်ကန်ဆုံး၊ အကောင်းဆုံး၊ အရိုးသားဆုံးနည်းလမ်းကို ရှာပြီး ဖြတ်သန်းချိန်တိုင်းတွင် အကျိုးရှိစွာ လျှောက်လှမ်းကြရန်သာလိုသည်ဟု "သူ" တွေးတောဆုံးဖြတ်လိုက်သည်။

နိုင်ငံတိုင်း၊ နိုင်ငံတိုင်းတွင် အကြောင်းတရားများစွာ၊ အခက်အခဲများစွာ၊ အကျပ်အတည်းများစွာ ရှိကြပါသည်။ မည်သည့်နိုင်ငံ မည်သည့်လူ့အဖွဲ့အစည်းတွင်မျှ မကင်းကြ။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ထိုးတက်ဖွံ့ဖြိုးစည်ပင်သာယာ ငြိမ်းချမ်းစွာဖြင့် ခေတ်မီစေဖို့ ဤတာဝန်ကို မျိုးဆက်တို့ ဆက်လက်သည်ပိုးနိုင်ဖို့ နှလုံးသွင်းအားထုတ် ထမ်းဆောင်

နေကြရဆဲ၊ ထမ်းဆောင်ကြမြဲ ဖြစ်ပါသည်။ ဤတာဝန်ကို ယူနိုင်ရန် မျိုးဆက်တို့ကိုယ်တိုင်လည်း လှုပ်ရှားရုန်းကန်ကြိုးပမ်းနေကြသည်။

နိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့၏ မျိုးဆက်လူငယ်များနှင့်အတူ ထဲထဲဝင်ဝင်လောကအမြင်ကို ခံစားကြည့်မိပါသည်။

မြန်မာတိုင်းရင်းသား ပြည်သူများ၊ မျိုးဆက်များနှင့်အတူ လောကအမြင်ကို တစ်သားတစ်ရောင်တည်းထား၍ အလှဆင်မိသည်။

လောကသည် ပင်ကိုယ်သဘာဝ "ငြိမ်းချမ်းစည်ပင်သာယာ လှပစွ"ဟုလည်း "သူ" ခံစားမိပါသည်။ သို့သော် အရုပ်ဆိုး အကျည်းတန်သည့်ဖြတ်သန်းနေရသော ခရီးများ၊အချိန်များက များစွာ ရှိနေပါသေးသည်။

အချိန်များစွာတွင် နေ၊ လ၊ ကမ္ဘာ၊ စကြဝဠာ၊ ဂြိုဟ်များစွာသို့ "သူ"၏ စိတ်အာရုံသည် ဉာဏ်မီသမျှ ဖြန့်ကြက်ဘူးသည်။ ပင်လယ် သမုဒ္ဒရာ ရေမျက်နှာမှ ကြမ်းခင်းအထိ ကျောက်ဆစ်ကျောက်ခဲ၊ သဲများနှင့်လည်း အတူတူ၊ မိုးတိမ်မိုးသားများနှင့်လည်း မကင်းမကွာ၊ ပန်းမျိုးစုံစွာတို့နှင့်လည်း မခွဲမခွာ အရောင်စုံ ရနံ့မျိုးစုံကို ခြယ်သ ရှုရှိုက်ဖူးသည်။ အနန္တ စကြဝဠာမှ အနန္တသတ္တဝါတို့နှင့်လည်း အတွေးချင်း မျှဝေခံစားကြည့်ဘူးသည်။

ထိုသို့သော သမယမျိုးတွင် "သူ" ကောက်ချက်ပြုမိဘူးသည်။ "လောကသဘာဝနိယာမသည်၊ ပကတိသန့်စင်ကြည်လင် ချမ်းမြေ့လှပနေပါ၏။ ဒီလောက်နှစ်လိုဖွယ်ကောင်းသည့် လောက၊ ဒီလောက်မြတ်နိုးကြင်နာဖွယ်ကောင်းသည့် သူရောက်နေသော ကမ္ဘာ၊ သူရှိနေသော မြန်မာကို၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အကြောင်းတရားတွေကများ၊ အရုပ်ဆိုးအကျည်းတန်အောင်၊ ပူဆွေးတမ်းတလွမ်းမောစေအောင်၊ ယူကြုံးမရဒေါသ၊ ဗျာပါဒတွေ၊ အာဃာတအရောင်အမှောင်တွေ၊ ပူလောင်ပြင်းထန်သည့် ပေါက်ကွဲမှုတွေနှင့် ဖန်တီးပစ်နေပါလိမ့်"

ဤအတွေး ဤဝေဒနာတို့ကြောင့် "သူ"၏ ဘဝတစ်ခုဖြတ်သန်းရချိန်မှ ရရှိသော သင်ခန်းစာအချို့၊ လောကအမြင်အချို့ကို ရွေးနုတ်ပြုစု၍ နိဒါန်းပျိုးတင်ပြလိုက်မိပါတော့သည်။

**ငြိမ်းချမ်းဦး**
၂၀၀၅-ခု ဒီဇင်ဘာလ

## စကားလက်ဆောင်

"ဖူးစမ်းပါစေ ပွင့်လန်းစေတော့"

- သတ္တလောက၊ ဩကာသလောက၊
  "အညမည" ဖြစ်စဉ်၊
  တူယှဉ်နှစ်ပါး၊ တရားသခါရ၊
  "ဖြစ်ပျက်"မှလျှင်၊ ငါဆင်ခြင်မိ။

- စကြဝဠာ၊ ကမ္ဘာတည်လာ၊
  လွန်စွာလှပ၊ ဘဝအကျိုးပေး၊
  ရှည်ဝေးသံသရာ၊ ကြီးမြတ်ပါဘိ၊
  ဤမှာချစ်ဖွယ်၊ တွယ်တွယ်တာတာ၊
  ပြုစုရာမှ၊ သဘာဝအရင်းအမြစ်၊
  လွန်နှစ်သက်မိ၊
  စွဲငြိသံယောဇဉ်၊ မြင်မြင်သမျှ၊
  ကာလရထား၊ ဖြတ်ကျော်သွားကြ၊

ခဏာမခြား၊ ရွှေ့လျားသွားခိုက်၊
ကြုံကြိုက်ကြပြီ၊
"သူတည်ရှိ၍၊ ငါရှိလာရ၊
ဖြစ်သမျှကို၊
အကျိုးလိုမိ၊ ကြီးသည့်မေတ္တာ၊
ကရုဏာနှင့် မုဒိတာပွား၊
တရားသစ္စာ၊ ငြိမ်းချမ်းသာစွ။"

တင်လှကျေးဇူး၊ မထိန်မြူးချင်၊
အကောင်းမြင်ခိုက်၊ ရင်၌ပီတိ၊
ရရှိခံစား၊ "အသိများ" လျှင်၊
မျှဝေချင်မိ၊
"လောကတစ်ခွင်၊ အလှဆင်ဖို့၊
လူလျှင်ပဓာန၊ ပြဋ္ဌာန်းကြ၍၊
ချစ်တတ်စေ့ချင်၊
တစ်ခွင်လောက၊ ဖြစ်ရသမျှကို၊
ငါတို့ကြိုလို့၊ ပြုစုစို့လေ၊
ဖူးစေ ပွင့်စေ၊ မျှဝေတရား၊
လိုလားအကျိုး၊ သယ်ပိုးဆောင်ယူ၊
သူသူငါငါ၊ "အမွေပါကြ"၊
လောကကမ္ဘာ၊ ဖွံ့ဖြိုးလာစေ၊
တိုးတက်စေဖို့၊
ဖူးစမ်းပါစေ၊ ပွင့်လန်းစေတော့။

ငြိမ်းချမ်းဦး





# ဖြတ်သန်းချိန် နိဒါန်း
# ကောက်နုတ်ချက် စာစုများ

စိုးရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ ကြောင့်ကြခြင်း အလျှင်းမရှိ ပကတိတည်ငြိမ်ရင့်ကျက်စွာ၊ ဆုပ်ကိုင်ထားသော အရာများကို "သူ"လွှတ်ချလိုက်သည်။ မားမားမတ်မတ်ရပ်လိုက်သည်။ ကြည်လင်သန့်ရှင်းသော စိတ်အစဉ်နှင့် ဝင်းပသွားသည့် "သူ" ၏မျက်နှာကို တွေးမြင်ခဲ့ဘူးသည်။

---

ကျန်ရှိသော "သူ" ဘဝ၏ ဖြတ်သန်းချိန်ကို အကျိုးရှိဆုံးသုံးနိုင်ပါမှ "သူ" ဘဝတန်ဖိုးရှိမည်ဟု "သူ" ခံယူထားသည်၊ ဖြတ်သန်းချိန်တိုင်းသည် တန်ဖိုးရှိရမည်ဟု "သူ"ခံယူထားသည် မဟုတ်ပါလား။

နယ်ချဲ့ဆန့်ကျင်ရေးကာလ၊ ဖက်ဆစ်တော်လှန်ရေးကာလ၊ သူ၏ အဘိုးနှင့် သူ၏ ဘထွေး ခေါင်းချခဲ့ရသော ဒေသ၏ သမိုင်းဖြစ်စဉ်သည် ပစ္စုပ္ပန်နှင့် အနာဂတ်၏ နိမိတ်ပုံများဟု "သူ" အခိုင်အမာ ယုံကြည်ထားသည်။ အမှန်တကယ်ရှိခဲ့သော ဘဝများစွာ၏ သမိုင်းကြောင်း၊ ဖြစ်စဉ်ဖြစ်ရပ်တို့သည် ရှေ့နောက်ညီညွတ်နေမည့် သစ္စာတရားများ မဟုတ်ပါလား။

---

မြန်မာတို့၏ မြို့ပြသဘာဝ၊ လူနေမှုပုံစံ၊ ဈေးကွက်ပုံရိပ်၊ မြန်မာ့ကျေးလက်၊ အမေ့မြေ၊ အမေ့ဒေသ၊ အဘိုးတို့၊ အဖေတို့ ခေါင်းချရာ နေရာအရပ်၊ ခေတ်မီပြောင်းလဲလာခြင်း၊ တိုးတက်လာခြင်း၊ ယိုယွင်းခြင်းတို့ ထွေးရောယှက်တင်။





"လူ့နှလုံးသားများ၊ လူ့တန်ဖိုးများ၊ လူ့ကျင့်ဝတ်များ"ကိုတော့ ကာလမခြား၊ ဒေသမခြား၊ လူသားတို့ ကာကွယ်သွားနိုင်ကြဦးမည်ဟု "သူ"ယုံကြည်ဆဲ၊ တောင့်တဆဲ။ အမေ့အိမ်ရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် "သူ" ပြန်လျှောက်ခဲ့လေသည်။

---

၂၁-ရာစုဦး၌ နိုင်ငံများ၏ မြို့ကြီးများစွာသည် ကမ္ဘာ့ကွန်ယက်စနစ်ကြီးနှင့် ချိတ်ဆက်မိရန် ကြိုးပမ်းနေချိန်တွင် အမေတို့ရွာနေ၌ တွံတေးသိန်းတန်၏ "ထွေးညို"တေးဖြင့် "ဒီစနစ်ဆိုးတွေကို ကျောမွဲများအတွက် တိုက်ဖျက်ပစ်ပါ့မယ်" ဟူသည့် မြေရှင်စနစ်ကို ဆန့်ကျင်သော တေးသံကို မကြားရတော့ခြင်းက မဆန်းပြီ။

ဘဝနေနည်းများစွာရှိသည်ဟုယူဆနိုင်ပါသည်။ "သူ"ကတော့ ဘဝနေနည်း နှစ်နည်းသာရှိသည်ဟု ထင် နေသည်။ တစ်ခုက လောကကို ယထာဘူတအမြင်ဖြင့် သစ္စာတည်ပြီး ရှင်သန်ခြင်း နှင့် တစ်ခုက ရှင်သန်မှု ပေါ်မှ တစ်ခုတည်းအတွက် အဆင်ပြေ အောင်နေခြင်း ဖြစ်သည်ဟု ထင်သည်။

---

လူ၏ကျင့်ဝတ်၊ လူ၏ သိက္ခာတွေ မပျက်စီးမယိုယွင်းဖို့၊ လောကတိုးတက်ဖို့၊ လောကငြိမ်းချမ်းဖို့၊ လောကကိုပဲဖြစ်ဖြစ်၊ သတ္တဝါအချင်းချင်းပဲဖြစ်ဖြစ်၊ လူသားအချင်းချင်းပဲ ဖြစ်ဖြစ်၊ ချစ်တတ်ကြဖို့တော့လိုမည်ဟု "သူ" တောက်ချက်ချလိုက်ရင်း အမှေ့အိမ် အတွင်းသို့ သူဝင်ခဲ့သည်။ အမေကတော့ ညစာပြင်လျက် ကြိုနေဆဲ။





လောကအတွက် "သူ"၏ ရာထူး၊ ရာခံ၊ လုပ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အာဏာတို့ဖြင့် အကျိုးအရှိဆုံး သူထမ်းဆောင်ခဲ့ပြီ ဖြစ်သည်။ လူများစွာတို့ကလည်း "သူ"အား၊ အားကိုးကြ၊ လေးစားကြ၊ အားထားကြနှင့် ဘဝပုံစံကတစ်မျိုး ရိုးဝေယစ်မူးဖွယ်ကောင်း၏။

---

မျက်မှောက်ကမ္ဘာကြီးတွင် လောကသားတို့အတွက် အခွင့်အလမ်းများ ပွင့်လန်း လာတော့မည်ဟု မျှော်လင့်သူများ မျှော်လင့်ကြသည်။ ကြီးမားရှုပ်ထွေးသော စိန်ခေါ်မှုများ များပြားစွာ ရှိနေသည်ကတော့ မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။ မည်မျှရိုးရှင်းပွင့်လင်းစွာဖြင့် ခေါင်းဆောင်မှု ပေးနိုင်ကြမည် ဆိုသည်ကတော့ ခန့်မှန်းရခက်မည် ထင်ရသည်။

မည်သို့ရှိစေ၊ သမိုင်း၏ ဗီဇသည် မြန်မာ့လူ့ဘောင်၌ ရှင်သန် နေဦးမည်၊ လှုပနေဦးမည် ထင်ရှားနေဦးမည်၊ ဆိုသည်ကတော့ မေမေ့ ပုံရိပ်၊ "သူ့"ပုံရိပ်နှင့် မျိုးဆက်တို့၏ပုံရိပ်၌ အထင်ကရ ဖြစ်တည်နေသည်ကို "သူ"မြင်တွေ့ လိုက်ရလေပြီ။

---

အချို့က ရေရှည်ရည်မှန်းချက်ထား၏၊ အချို့က ရေတို ရည်မှန်းချက်ထား၏။ အချို့၏ရည်မှန်းချက်သည် နိမ့်နိမ့်လွယ်လွယ်၊ အချို့၏ မျှော်မှန်းချက်သည် မြင့်မြင့်မားမားခက်ခက်ခဲခဲ။ မည်သို့ရှိစေ မျှော်လင့်ချက်ဖြင့် ဘဝကို ဖြတ်သန်းနေကြခြင်းသာဖြစ်သည် မဟုတ်ပါလား။





ပုဒ္ဓယဉ်ကျေးမှု အဆုံး အမဖြင့် ကြီးပြင်းရှင်သန်ကြရာမြန်မာတိုင်း၏ စိတ်နှလုံးနှင့် ခံယူမှုတွင် ဘဝရှင်သန်မှု သက်သက်ထက်၊ အကုသိုလ်ကင်းသော ရှင်သန်မှုက နေရာယူထားသည်။ တစ်နည်းအားဖြင့် မင်္ဂလာ ၈ ပါး ပြဋ္ဌာန်းသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရား ၄ ပါး ကို အခြေခံထားသည်၊ နယ်နယ်ရရ စိတ်နှလုံးများ မဟုတ်ကြ၊ တကယ့်လူသား၊ အာဂမြန်မာများလို့သာ ဆိုရမည်ဟု "သူ" ခံစားတွေးတောနေမိသည်။

---

" လောက ကို ထိန်းကျောင်းဖို့ လိုပြီနော်၊ ဒကာကြီး " တဲ့။ " လောကကို ထိန်းကျောင်းတဲ့နေရာမှာ ဟီရိ တရား၊ ဩတ္တပ္ပတရား နှစ်ပါး ရှိသတ္တာ၊ မကောင်းမှုပြုရန် ရှက်ခြင်း၊ မကောင်းမှုပြုရန် ကြောက်ခြင်းပေါ့။ အဲဒါလောကပါလတရားပဲ။ ခုတော့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးလုံးနဲ့ မဟုတ်တာ မှန်သမျှ အကုန်လုံးလုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲ စိတ်ကူးရဲမှ လူရာဝင်သတဲ့၊ ဒါမှ လူတွင်ကျယ်ဖြစ်တာကို ဒကာကြီး လူကို လူ ပီသအောင် လုပ်ပေးနိုင်တဲ့ ယဉ်ကျေးမှုတို့ ဘာသာတရားတို့ကို ပေါ့ပေါ့တန်တန်ထားလို့ မရဘူး၊ ဦးစားမပေးလို့ မရဘူး " ဟု ဆိုသည်။

ဤကဏ္ဍဖြင့် ဤကာလထောင်စုသစ်ကို "သူ"၏ တစ်ဦးတည်းသော "မြေး" သည် မြန်မာမှု၏ ကိုယ်ခံစွမ်းအားမည်မျှ မြင့်မြင့်မားမားဖြင့် ထောင်စုသစ်ဦးကာလကို ဖြတ်သန်းသွားမည် ဆိုသည်ကတော့ ခန့်မှန်းရခက်သည်။ မည်သို့ဆိုစေ ခန့်မှန်းရခက်သော ဝိုးတဝါးအခြေအနေများကိုပင် သဲကွဲအောင် တည်ဆောက်ပေးရန် "သူ" နှင့် "သူ" ၏ မျိုးဆက်တွင် တာဝန်ရှိနေကြောင်း မြင်တွေ့လိုက်ရသော တစ်ခဏ၌-----၊

"သူ" အိပ်မပျော်တော့ - - - -။

---

တိုင်းနိုင်ငံတိုင်း၊ တိုင်းနိုင်ငံတိုင်းတွင် ကောင်းမွေ၊ ဆိုးမွေ ရှိကြသည်။ မည်သို့ရှိစေ ဖန်တီးနိုင်စွမ်းရှိသူ၊ ဖန်တီးနိုင်သူတိုင်း လုပ်ပိုင်ခွင့်ရှိ၍ လုပ်ကိုင်နိုင်သူတိုင်းကတော့ ကောင်းသော အမွေပေးဖို့ လိုမည်ဟု "သူ" ထင်သည်။





နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှု နယ်ပယ်တွင် အားပြိုင်မှု၊ ဝိုလ်ကျစိုးမိုးမှု၊ စစ်အေးကာလ၊ အင်အားဖြင့် စွတ်ဖက်မှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ စသည်ဖြင့် လူသားကမ္ဘာတွင် ရတက်မအေးရမှုတို့ဖြင့် ၂၀ ရာစုကို ဖြတ်ကျော် ခဲ့ရပြီ၊ လတ်လတ် ဆတ်ဆတ်သာ ရှိသေး၏၊ ယခုတော့ ၂၁ ရာစု တံခါးကို ဖွင့်ခဲ့လေပြီ။

---

တကယ်တော့ မြန်မာမှု၏ အတိတ်သမိုင်းသည်လည်း "ပညာ" ခေတ်များသာ ဖြစ်သည်ဟု ထင်သည်။ သို့သော် ထောင်စုသစ်၏ ပညာရွှေခေတ်နှင့်တော့ တစ်ထပ်တည်း မရှိနိုင်သေးဟု "သူ" သတိပြု မိသည်။ ခက်သည်က သားတို့သမီးတို့ခေတ်၊ မြေးတို့ခေတ် "ပညာ" နှင့် အဘိုးအဘွားတို့ခေတ်က "ပညာ" ၏ ပြဋ္ဌာန်းပုံချင်းမတူ။ ပြဋ္ဌာန်းမှု၊ အလေးပေးမှုသာ တစ်သားတည်း ဖြစ်လာလျှင်တော့ - - - အို အကောင်း တကာ့ အကောင်းဆုံး လောကလူ့ဘောင်ကို တည်ဆောက်နိုင်မည်ဟု "သူ" ယုံကြည်နေမိသည်။

တစ်ခုတော့ ရှိသည် "သူ"တို့ ခေတ်တွင် ကျူရှင်ခ ကုန်စရာမလို၊ ကျူရှင်တို့ ဝိုင်းတို့ မရှိ။ လိုအပ်ရင် ဆရာက အိမ်ခေါ်၍ သိပ်ပြီးတော့တောင် သင်ပေး သေးသည်။

---

အလေ့အထချင်းကတော့ အတူတူ၊ အနှစ်သာရချင်းကတော့ ကွာခဲ့ပြီးဟု "သူ" မြင်လိုက် ခံစားလိုက်ရသည့် တစ်ခဏတွင် "သူ" အူချာလည်သွားသည်။





ထိုထိုသော ပုဂ္ဂိုလ်များ၏ မြော်မြင်မှု၊ ဦးဆောင်နိုင်စွမ်းမှု၊ စွန့်လွှတ်အနစ်နာခံမှု၊ စွမ်းအားသည်သာ "သူ"တောင့်တသော လောက ငြိမ်းချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဘဝလူသားတို့အတွက် လူမှုပဋိညာဉ် စံညွှန်းတို့ကို တာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မည်ဟု "သူ"တွေးမိ လက်ခံမိသည်။

---

မည်သို့ရှိစေ အမှုမဲ့၊ အမှတ်မဲ့ ရှိလိုက်ရင်ဖြင့် ပြောင်းလဲမှု လျှင်မြန်လွန်းသော ခေတ်သစ်လူနေမှု ဘဝပုံရိပ်၊ လူ့သမိုင်းကြောင်းတွင် အမည်းစက်၊ အမည်းကွက်ကြီးများ ပြည့်လျှံသွားနိုင်သည်ကို "သူ" တွေးတော စိုးရိမ်နေမိသည်။

သတိရှိရှိဖြင့် ရဲဝံ့ပြတ်သားစွာ ဖြတ်သန်းကြရမည့်ကာလဟု "သူ" မြင်သည် တာဝန်ရှိသူ၊ တာဝန်သိသူတိုင်းက ကဏ္ဍအလျောက် တာဝန်ကိုယ်စီယူနိုင်ကြမှ၊ သတ္တိမွေးနိုင်ကြမှဖြစ်မည်။ ဤတာဝန်ကို ကျေပွန်ကြရန်မှာ များများမဟုတ်တောင် နည်းနည်းလေးဖြင့် ကိုယ်ကျိုးစွန့်၊ အနစ်နာခံပြီး လောကကို ချစ်တတ်ကြဖို့လိုမည် မဟုတ်ပါလား။ ထိုသို့ တွေးတောတွေးမြင်မိသည့် တစ်ခဏတွင် သူ၏စိတ်သည် မှုန်းသိပ်သွားတော့သည်။

---

"သူ" ၏ နှလုံးသားအား ကျင်စက်ဖြင့် အတို့ခံလိုက်ရသလို "သူ" ခံစားလိုက်ရသည်။ "သူ"အားယူ၍ ပြုံးသည်။ ဘာမျှတော့ ပြန်ပြောနိုင်စွမ်းမရှိ ပြောနိုင်စွမ်းလည်းမရှိပြီ။ မည်သို့ရှိစေ၊ "သူ" ဆရာ၏ နှလုံးသားအပူကို ငြိမ်းအေးစေဖို့ "သူ"တွင် တာဝန်ရှိသည်ဟု "သူ" ခံစားသည်။





"သူ" တို့ကို ပြောထားရဦးမည်။ " သားတို့ မင်္ဂလာဆောင်ရင် ဘာလက်ဖွဲ့ပစ္စည်း မျိုးမှ မမျှော်လင့်နဲ့ မင်းတို့အဘိုးအဘွားလက်ထက်က " မင်္ဂလာဆောင် " လို့ ခါးမတိုတစ်ချောင်း၊ ခါးမရှည်တစ်ချောင်းနဲ့တူတဲ့ " သတ္တိအမွေ " တွေကို မင်းတို့အဖေ နဲ့ အမေက အပြည့်အဝပေးမည်ဟု။

---

ယခုအချိန်က ကမ္ဘာ့ရွာ၊ ခြံစည်းရိုးမရှိ၊ မတော်မတရားမှု အပြည့်၊ e-စွမ်းအင်ဖြင့် မကောင်းသူပယ်၊ ကောင်းသူကယ်နိုင်မှ ကောင်းမည်ထင်သည်။ e-Power ကို သိကြားမင်း လက်ထဲအပ်ပြီး အာဏာတုန် လွှဲလိုက်ရကောင်းမလားဟု တွေးရင်း "သူ" ပြုံးလိုက်မိသေးသည်။ မကောင်းသူ အားလုံးကို ဆုံးမဖို့လိုနေလေပြီ။

လောကအမြင် တူကြသူတွေ၊ သမိုင်းကြောင်းကောင်းလိုသူတွေ၊ ကိုယ့်ဘဝဇာတ်ကို ကိုယ်နိုင်အောင်၊ ကောင်းအောင် ကဖို့ ကြိုးစားခဲ့သူတွေ၊ လောကကို ကိုယ်တန်းစွန့် အနစ်နာခံ ချစ်ချင်သူတွေ၊ ချစ်တတ်သူတွေ၊ ဖြတ်သန်းချိန်များကို အတူတကွ ဖြတ်သန်းခဲ့ကြပြီ ဖြစ်သည်။

---

ပါးပါးလေးပဲဖြစ်ဖြစ် အနစ်နာခံနိုင်ရမည်။ မိမိကိုယ်ကို မိမိ လေးစားနိုင်လောက်အောင် ကိုယ်ကျင့်သီလစောင့်ထိန်းမှု၊ တစ်ဦးချင်း မှသည် သန်းပေါင်းများစွာအထိ မျှော်မှန်းနိုင်သည်။





အမိကက မျက်မှောက်ကာလအတွက်နှင့် အနာဂတ်အတွက် အသိအမြင် ဗဟုသုတ ရယူချင်နေကြသည်၊ အလုပ်အကျွေးပြုချင်နေကြ သေးသည်၊ လောကကောင်းကျိုးအတွက် အရေးကြီးဆုံးက အနာဂတ် ပုံရိပ်ကို ဖော်ကြည့်ချင်နေကြသည်၊ ရေရေရာရာ ဖမ်းဆုပ်ချင်နေကြသည်။

---

"သူ" ၏ ရွှေမြို့တော် လမ်းဘေးလက်ဖက်ရည်ဆိုင်များတွင် တောတွေးတောင်တွေး၊ တောတွက်တောင်တွက်၊ အချက်အလက်ရှာနေ ကြသော သူမိတ်ဆွေတို့၏ ဖြတ်လမ်းနည်းဖြင့် ချမ်းသာရေး အတွေးများ ထက်တော့ ရွာက သူငယ်ချင်းတွေက ဟုတ်မှဟုတ်သေးဟု "သူ" စိတ်ထဲမှာပင် ကောက်ချက်ချလိုက်မိသည်။

အရေးအကြီးဆုံးက သန်းပေါင်းများစွာသော သားတို့ သမီးတို့ မြေးတို့၏ ဘဝတိုးတက်ဖို့၊ သာယာဖို့၊ ငြိမ်းချမ်းဖို့အတွက်၊ ပဓါန အကျဆုံးက "သူ"နှင့် "သူ"တို့မျိုးဆက်။

---

" ဒီတော့ ဤမျိုးဆက်၏ ပဓါနကျသော စေတနာပြဋ္ဌာန်း ရွေ့ဆောင်မှုနှင့် နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးမှုတို့ ပေါင်းစည်းခြင်းဖြင့် လောကကောင်းကျိုး မျိုးဆက်၏ ကောင်းကျိုးသည် ဒိဋ္ဌဓမ္မ ဖြစ်ထွန်းလာမည်"ဟု "သူ"တို့၏ "လောက အမြင်သစ်"ကို တညီတညွတ်တည်း အဖြေထုတ် လိုက်ကြသည်။





အထူးခြားဆုံးမှာ လူတိုင်း၊ သတ္တဝါတိုင်းအပေါ် စာနာခြင်း၊ ထောက်ထားခြင်း၊ တန်ဖိုးထား ဂရုပြုခြင်းမှာ မြန်မာ့စိတ်နှလုံး၏ ဝိသေသဖြစ်သည်၊ တစ်နည်းအားဖြင့် မြန်မာ့စိတ်၊ မြန်မာ့ဝိညာဉ်သည် လောကငြိမ်းချမ်းမှု၊ တိုးတက်စည်ပင်မှုအတွက် ရေခံမြေခံ၊ အခြေခံ အကောင်းဆုံးဟု သူတို့မြင်တွေ့ လက်ခံကြသည်။

---

သို့သော် ခေတ်မီဖို့ ချမ်းသာကြွယ်ဝဖို့အတွက် ဆန္ဒမစောဖို့၊ လောဘမပြင်းထန်ဖို့တော့ သတိပြုကြရမည်ဟု "သူ"က "သူ"၏ အမြင်ကို ပြောသည်။ အရေးအကြီးဆုံးက စာရိတ္တနှင့် အကျင့်သီလ။

လူ့ဘဝ၊ လူသားတစ်ဦး၏ တန်ဖိုး၊ စံချိန်စံညွှန်းတွေကို ထိန်းသိမ်းပြီး၊ ဘဝကို ဖြတ်သန်းကြဖို့၊ ဘဝရှင်သန်မှုကို ရယူကြဖို့၊ ဘယ်သူတစ်ရားဖျက်ဖျက် ကိုယ်မဖျက်ဖို့၊ ဒီနေရာမှာ **Price, Value** နဲ့ **Power** တို့ကို ခွဲခြားနားလည်လက်ခံ ရယူကျင့်သုံးကြဖို့လိုအပ်သည်။

---

မည်သို့ရှိစေ " ချစ်စရာကောင်းသော၊ လှပသော၊ တန်ဖိုးကြီးမားသော မြန်မာ့လူနေမှုဘဝပုံစံ(Life Style)သည် မြန်မာ့စိတ်နှလုံးဖြင့် တိုးတက်ရှင်သန်ကြွယ်ဝလာကောင်း၏ဟု " သူ " ယုံကြည်ဆဲ။





ဖျက်မှောက်ကာလတွင် လောကသားအားလုံးသည် စိန်ခေါ်မှုနှစ်ရပ်ဖြင့် ရင်ဆိုင်နေကြပြီဟု သူတို့မြင်တွေ့ခံစားခဲ့ကြသည်။ တစ်ခုက အခွင့်အလမ်းများ၊ နောက်တစ်ခုက အန္တရာယ်များ။

---

အထူးသဖြင့် ဟီရိတည်းဟူသော မကောင်းမှုပြုရန် ရှက်ခြင်း၊ ဩတ္တပ္ပတည်းဟူသော မကောင်းမှုပြုရန် ကြောက်ခြင်းဆိုသည့် အရှက်အကြောက်တရား နှစ်ပါးသည် လူ့ဘောင်လောက၏ ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ထိန်းကျောင်းနေကြောင်း "သူတို့" အားလုံးမြင်တွေ့ နေကြလေပြီ။

မည်သူတွေ မည်မျှကံကောင်းလာကြမည် မသိ။ မည်သို့ရှိစေ မြေအားလုံး ကံကောင်းဖို့လိုမည်။ ကွက်ကြားမိုးရွာ၍ မဖြစ်၊ အားလုံး ရှင်သန်ဖွံ့ဖြိုးစေရမည်။ ဤသည်မှာ အမိ၊ အဖ၊ အဘိုးအဘွားတိုင်း၏ တာဝန်ဟု "သူ" ခံစားသည်။

---

စာရိတ္တအမွေကောင်းပေးနိုင်ရန် ကိုယ်တိုင်က စံပြုနိုင်လောက်သည့် ကိုယ်ကျင့်သီလနှင့် စာရိတ္တကို အမိအဖတိုင်းက ဘဝတစ်ခု၏ ဖြတ်သန်းချိန်အစ၊ အလယ်၊ အဆုံး ကျင့်သုံးနိုင်ပါမှ။ "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့" ဆိုတာမျိုးက မျိုးဆက်အတွက် ရိုးအီနေပြီ ဖြစ်မည်။ "ငါပြောသလိုလုပ်၊ ငါလုပ်သလိုလုပ်" ဆိုပါမှ တန်ကာ ကျမည်ကို "သူ" အလေးအနက်ခံယူခဲ့သည်။





"အမှန်စင်စစ် တစ်ဘဝဆိုသည့် သက်တမ်းသည် တိုတောင်းစွ" တုဆက်၍ တွေးမိချိန်တွင်ပင် လှပသော အညာဒေသ၏ ညဥ့်သည် သူ့အား ညင်သာစွာဖြင့် ကြင်ကြင်နာနာ ပွေ့ဖက်ထားလိုက်လေပြီ။

---

" ရဟန်းတို့ ဆုံးမအပ်သော ဤစိတ်သည် များစွာအကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့၊ ထို့အတူများစွာ အကျိုးရှိခြင်းငှာဖြစ်သော အခြားတစ်ခုသော တရားကိုမျှငါမမြင်၊ ရဟန်းတို့ ဆုံးမအပ်သော စိတ်သည် များစွာအကျိုးရှိခြင်းငှာဖြစ်၏"ဟု ဆုံးမတော်မူကြောင်း။

"သူ" ၏ စိတ်နှလုံးသည် ပကတိ လန်းဆန်းတက်ကြွနေသည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း အားပါသလိုခံစားရသည်။ ပေါ့ပါးနေသည် " စိတ်ကောင်းမရှိခြင်း၊ စိတ်ကောင်း မထားနိုင်ခြင်း၏ အပြစ်နှင့် စိတ်ကောင်းရှိခြင်းနှင့် စိတ်ကောင်းထားနိုင်ခြင်း၏ အကျိုးကို တို့မြန်မာမှုနယ်ပယ်မှာ ရှင်သန်နေဖို့လိုတယ်၊ ရှင်သန်အောင် ကြိုးစားကြရမယ် "ဟု ဆရာတော်ကဆိုသည်။

---

"သူ" သည် ဆရာတော်၏ ကျောင်းပရဝုဏ်မှ ပြန်လည်၍ ထွက်ခွာလာစဉ်ကပင် " လူငယ်မျိုးဆက်တို့၏ အပြုသဘောဆောင်သော၊ တက်ကြွသော၊ ကြိုးတင်မှန်းဆမှုရှိသော၊ ရင့်ကျက်ရဲရင့်သော အတွေးအမြင်နှင့် လှုပ်ရှားမှုများကို "သူ" တောင့်တနေမိသည် မဟုတ်ပါလား။





ဤနှစ်ခု၏ ပေါင်းဆုံစုစည်းမှုသည် ခိုင်မာသော ထာဝရ ရှင်သန်နေမည့် ယုံကြည်မှုကို မွေးဖွားပေးနေသည်ဟု "သူ" ခံစားလိုက်ရသည်။ တစ်ဦးအပေါ် တစ်ဦး ယုံကြည်ခြင်းဖြင့်သာ ခိုင်မာသော ရှင်သန်မှုကို ရယူနိုင်မည် မဟုတ်ပါလား။

---

ယခုတော့ဇာတ်ပေါင်းချိန် ရောက်ကြပြီ။ ငြိမ်းချမ်းသော စိတ်၊ မြင့်မြတ်သောနှလုံးသား၊ ရင့်ကျက် ရဲရင့်သော ဆုံးဖြတ်ချက်များဖြင့် သောတနှင့် အမျိုးဘာသာသာသနာအတွက်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက်၊ မျိုးဆက်အတွက် နောက်ဆုံး ပေးဆပ်ရန်၊ တာဝန် ကျေရန် ရှင်သန်းတက်ကြွနေကြလေပြီ။

ယခုတော့တည်ငြိမ်ရင့်ကျက်စွာ၊ ခံ့ရှိန်ငြိမ်သားစွာ၊ ငြိမ်းချမ်းစွာဖြင့် ရှောင်ရန်တို့ကို ရှောင်နိုင်သော၊ ဆောင်ရန်တို့ကို ဆောင်နိုင်သော စွမ်းအားတို့ "သူတို့"၏ စိတ်နှလုံးတွင် ဖြတ်သန်းချိန် အတွေ့အကြုံများက သန္ဓေတည်ပေးခဲ့လေပြီ။

---

"ငါ"တည်းဟူသော အတ္တကြောင့်၊ "ငါ"ကို ရှေ့တန်းတင်မိလွန်းကြ၍ဖြစ်မည်။ ဤအသိကို ဆရာတော်၏ အဆုံးအမတို့က ထောက်ပြဖွင့်လှစ်ပေးလိုက်ခြင်း ဖြစ်သည်ကို "သူ"တစိမ့်စိမ့် ဆင်ခြင်အောက်မေ့နေမိသည်။





## အပိုင်း (၁)

### အချိန်တိုင်းအချိန်တိုင်း

ညနေစောင်းက ဝေ့ဝဲလျက်ခပ်ထန်ထန်တိုက်သွားသော လေပြင်းသည် မြို့တော်တောင်ဘက် ခရီးအတန်ဝေးရာသို့ ရောက်နေရော့မည်။ သြဇာသံ၊ အမိန့်သံ၊ ငိုင်းဖွဲ့ဆွေးနွေးသံ၊ ကားစက်သံ၊ ကားဟွန်းသံ၊ ဒေါသသံ၊ ရယ်သံမောသံတို့ ညဥ့်ဦးယံတွင် ဖုံးလွှမ်းခဲ့ပြီးနောက် ငြိမ်သက်ခဲ့ပြီ။ လေပြင်းအစား လေညင်းတို့ တိုးဝှေ့ဖြတ်သန်းသွားခဲ့သည်။ ခန့်ထည်ကြီးမားသော အဆောက်အအုံထက် လသာဆောင်တွင် ထိုင်နေစဉ်က ဦးခေါင်းအပေါ် တည့်တည့်တွင် ထိန်ထိန်ညီးသာခဲ့သော လပြည့်ဝန်းသည်ပင် ယခုတော့ အနောက် ဂေါယာကျွန်းဆီ တိမ်းစောင်း ရောက်ရှိနေပြီ။ တစ်လောကလုံး တိတ်ဆိတ်လျက်။

ညဥ့်သန်းခေါင်းယံပင် ရောက်နေပြီ၊ ဖြတ်သန်းခြင်းသည် နိယာမတရား၊ ပြောင်းလဲခြင်းသည်လည်း နိယာမတရား၊ ပြောင်းလဲမှုမျိုးစုံတို့ ဖြတ်သန်းသွားကြသည်။ အချို့လည်း ညင်သာစွာ၊ အချို့လည်း ပြင်းထန်စွာ၊ လူသားတို့အတွက် လောက သားတို့အတွက်တော့ ဝေဒနာများစွာဖြင့် ရှိကြမည်။

ဖြတ်သန်းချိန် အချို့တွင် ဝမ်းသာလျက်၊ အချို့တွင် ဝမ်းနည်းလျက်၊ အချို့ ဖြတ်သန်းချိန်တွင် ခါးသီးမှု မုန်းတီးရွံရှာခြင်း ဝေဒနာဖြင့်၊ အချို့ချိုမြိန်မှု ကျေနပ်မှုဖြင့်၊ အချို့ဒေါသဖြင့်၊ အချို့

မေတ္တာဖြင့်၊ ခံစားရမှုဝေဒနာ အမျိုးမျိုးတွင် တစ်ခါတစ်ရံတော့ သက်တောင့်သက်သာ၊ တစ်ခါတစ်ရံတော့ ပြင်းထန်စွာ။

လောကသားတို့သည် လောကစံတရားရှစ်ပါးဖြင့် အချိန်တိုင်း၊ အချိန်တိုင်းကို ဖြတ်သန်းနေကြသည်။

ငယ်ရွယ်နုပျိုနေစဉ်တွင် ဖြတ်သန်းရခြင်းက တစ်မျိုး၊ ရင့်မှည့်ရင့်ကျက်ချိန် ဖြတ်သန်းရခြင်းက တစ်ဖုံရှိသည်။

မနုမရင့်၊ မနူးမနပ် ကာလဖြတ်သန်းရခြင်း၏ ဝေဒနာကမူ လျော့လျော့ရှုရှု မရှိလှဟု ထင်သည်။ ကသိကအောက်နှင့် ချိုသလိုလို၊ ဖန်သလိုလိုနှင့် မချိမဆံ့တော့ ဖြစ်ခဲ့သည်ကို သူကိုယ်တိုင်ခံစား သတိပြုမိခဲ့သည်။

ကာလတစ်ခု၊ အချိန်တစ်ခုဖြစ်သည်။

မနုမရင့်ကာလ၊ လောကီ တာဝန်တစ်ရပ်ကို စွန့်လွှတ်ရန်၊ နေရာတစ်ခုနှင့် အသိုက်အဝန်းကို စွန့်ခွာရန်တွေးသည်၊ ဆင်ခြင်သည်၊ အနုလုံပဋိလုံ သုံးသပ်သည်။ လောကသားပီပီနှစ်သက်မြတ်နိုးဖွယ် ဘဝတစ်ခု၊ သံယောဇဉ်ဖြင့် တွယ်တာ မြတ်နိုးခဲ့သော နေရာဌာန၊ နှစ်လိုအားကျဖွယ် တွယ်တာဖွယ်ရာ အပြည့်ရှိနေသည်။ သို့သော် "သူ" တောင့်တတန်ဖိုးထားရှိသောအရာကို "သူ"ရှာနေသည်။ "သူ" လိုချင်သည့် ထိုအရာသည် "သူ"တန်ဖိုးထားသည့် အရာများသာ ဖြစ်သည်။

တန်ဖိုး၊ တန်ဖိုး၊ ဘဝ၏ တန်ဖိုး။

ဤအရွယ်၊ ဤကာလ၊ ဤအခါသမယမျိုးတွင် ဘဝ၏ တန်ဖိုးကို သူရှာသည်မှာ အပြစ်မဆိုသာ။ ဖြတ်သန်းချိန်တွက်ခြေကိုက်မှု (Cost effectiveness) ဘဝတန်ဖိုးအတွက် ချိုင့်သုံးသပ်ခဲ့သည်။

သံသရာဆိုသည့် ရှုထောင့်အမြင်မှကြည့်လိုက်တော့၊ လောကအတွက် အလုပ်လုပ်ချိန်တွေ ဖြတ်သန်းချိန်တွေ များစွာရှိနေသေးသည်။

သို့သော် ဤတစ်ဘဝအတွက်တော့ အချိန်သည် သိပ်မရှိတော့။ တစ်ဘဝအတွက် ဖြတ်သန်းခွင့်ကျန်သည့်အချိန်ကို တန်ဖိုး





အရှိဆုံးအသုံးချရန် "သူ"ဆုံးဖြတ်ချက်ချလိုက်ချိန်တွင်မူ လမင်းကြီးသည်ပင် ထည်ဝါခံ့ညားသော ပရိဝုဏ်များ၏ နောက်ဘက်ဆီ ကွယ်ပျောက်လုနီးနီး ရှိနေလေပြီ။

အရုဏ်ပင်တက်တော့မည်၊ အရုဏ်တက်အံ့မူးမူး။

"သူ" ဘဝတစ်ဆစ်ချိုး ရွှေ့ပြောင်းသွားရာတွင် ခရီးတစ်ခုကို အစပျိုးလိုက်သည်။ တစ်ဘဝ၏ နိဂုံးကာလတွင် ဤတစ်ဘဝတန်ဖိုးအတွက် သူကနိဒါန်းစလျက် ပီတိစကားဆိုပါသည်။ သို့သော်အသံတော့ ထွက်မလာပါ။ ထိုအချိန်သည် လမင်းကွယ်စ အရုဏ်တက်အံ့မူးမူး အမှောင်မိုက်ဆုံးအချိန်၊ ဤအချိန်ကို "သူ" ဖြတ်သန်းလာခဲ့သည်။

**စိုးရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ ကြောင့်ကြခြင်း အလျှင်းမရှိ ပကတိတည်ငြိမ်ရင့်ကျက်စွာ၊ ဆုပ်ကိုင်ထားသော အရာများကို "သူ"လွှတ်ချလိုက်သည်။ မားမားမတ်မတ်ရပ်လိုက်သည်။ ကြည်လင်သန့်ရှင်းသော စိတ်အစဉ်နှင့် ဝင်းပသွားသည့် "သူ" ၏မျက်နှာကို တွေးမြင်ခဲ့ဘူးသည်။**

## တန်ဖိုးရှိရမည်

"သူ"တွင် လုပ်စရာတွေအများကြီးရှိနေသေးသည်။ မြို့တော်သတို့သမီးလို့ အသက်ဝင် လှုပ်ရှားစပြုနေပြီ။ မြို့တော်သားတို့ပီပီ မနိုင်းနိုင်သမျှ စွမ်းအားဖြင့် လိုအပ်မှုများကို စွမ်းအားကုန် ဖြည့်ဆည်းနေသည်။ မြို့ပြပန်းချီကားသည် အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အဖြူ အနည်း၊ အနုအရင့် သာကွာသည်၊ အရောင်မျိုးစုံလှသည်။ "သူ" အမြင်တော့ မလှဟုထင်နေသည်။ စိတ်ကူးဖြင့် အရောင်ရွေးချယ်သည်၊ အနုအရင့် ဆင်ဘူးသည်၊ သူ့စိတ်တိုင်းကျ ခြယ်သ၍မရခဲ့။

"သူ" ကိုယ်တိုင် မောင်းနှင်ထွက်လာသော ကားသည် မြို့တော်အစွန်းသို့ ရောက်ချိန်တွင်မူ အရှေ့ဘက်ယွန်းယွန်းမှ အလင်းတန်းများ ဖြာထွက်လာနေပြီ။ ကားကို ရပ်လိုက်သည်။ စက်သတ်လိုက်သည်။ ပြီးတော့ ကားပေါ်မှဆင်း၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် မျက်စိတစ်ဆုံး အတွေးတစ်ဆုံးအထိ ဖြန့်ကြက်ကြည့်လိုက်မိသည်။ အာရှ

အာဖရိက၊ ဥရောပ၊ အရှေ့အနောက်၊ ရန်ကုန်မှ စင်ကာပူ၊ နယူးယောက်၊ လန်ဒန်၊ မော်စကို၊ ဘီဂျင်း၊ တိုကျို မြို့တော်များ၏ အခင်းအကျင်းများက ထွေးရောယှက်တင်ရှိနေလျက်ပါလား။

"သူ"ရောက်နေသော နေရာတွင်တော့ မိုးတိမ်၊ လေနုအေး၊ လယ်ကွင်း စိမ်းစိမ်း၊ သစ်ပင်အုပ်အုပ်၊ ကျေးငှက်၊ လှုစွမ်းအင်၊ သဘာဝ စွမ်းအင်အရင်းအမြစ်တို့ဖြင့် ပေါင်းစပ်ဖြစ်တည်နေသော မြစ်ချောင်း၊ တံတားနှင့် အဝေးဆီက တာတမံများ၊ အပြန့်ကျယ်၍ ညီညာလှပ ရှည်လျားစွာသော လမ်းမကြီး။ မြို့ကြီးပြကြီးနှင့် ရောယှက်နေရာမှ ကျေးလက်သဘာဝရှုခင်း မြင်ကွင်းများ တစ်စတစ်စပီပြင်လာချိန်မှာတော့ ရှုရသည့်လေ၊ တွေ့ရသည့် မြင်ကွင်း၊ နှလုံးသားအတွင်းသို့ ချဉ်းနင်းဝင်ရောက် ခံစား လာရသည့် ပီတိဖြင့် မြန်မာမှု၏ ရသနှင့် လောကပါလတရား သဘာဝ၏ ပန်းချီကားတစ်ချပ်ကို စိတ်ကူးဖြင့် "သူ" ရေးဆွဲလိုက်သည်။

ဤပန်းချီကားကို ပြီးစီးအောင် ပီတိဖြင့် ရေးဆွဲမည်။

ပြီးလျှင် ရန်ကုန်က "သူ့" ဇနီးနှင့် ရင်သွေးများ၊ "သူ့" မိတ်ဆွေများကို ပေးမည်။

ပြီးလျှင် နယူးယောက်၊ လန်ဒန်၊ မော်စကို၊ ဘီဂျင်း၊ တိုကျို၊ ဒါ့အပြင် အာဆီယံနိုင်ငံများက သူ၏မိတ်ဆွေများထံ ပို့ဦးမည်။ သူတို့နှစ်ခြိုက်သည်၊ မနှစ်ခြိုက်သည်၊ လိုလားသည်၊ မလိုလားသည်က ပဓါနမဟုတ်၊ ပြရန်ပေးရန်ရှိသည်က သူ၏တာဝန်။

**ကျန်ရှိသော "သူ့" ဘဝ၏ ဖြတ်သန်းချိန်ကို အကျိုးရှိဆုံး သုံးနိုင်ပါမှ "သူ့" ဘဝတန်ဖိုးရှိမည်ဟု "သူ" ခံယူထားသည်၊ ဖြတ်သန်းချိန် တိုင်းသည် တန်ဖိုးရှိရမည်ဟု "သူ"ခံယူထားသည် မဟုတ်ပါလား။**

× × × ×





အပိုင်း (၂)

## သူစိမ်းဆန်နေသည့် အလေ့အထ

အညာဒေသ၏ အလေ့အထတစ်ခုသည် သူ့အတွက် သူစိမ်းဆန်နေသည်။ ဤသို့ ခံစားရသည်ကို သူမကျေနပ်မိ။ အညာသည် "သူ"၏ နှလုံးသား၊ မြန်မာသည် သူ၏ ဝိညာဉ်၊ လူတစ်ယောက်အတွက် ထိုသူ၏ ကိုယ်ပိုင်နှလုံးသားနှင့် သူ၏ဝိညာဉ်က သူ့အတွက် ခပ်စိမ်းစိမ်း ဖြစ်နေခြင်းသည် "ဘဝင်မကျခံစားနေရခြင်း"ပင် မဟုတ်ပါလား။

ကျေနပ်မှုမရှိသည့် ဝေဒနာတစ်ရပ်ကို ခံစားနေလိုက်ရချိန်၏ တစ်ခဏတွင်ပင် ထနောင်းရိပ်၊ မန်ကျည်းရိပ်၊ တမာရိပ်၊ ဖျောက်ဆိပ် ပင်ရိပ်၊ ယာကွင်းပြင်၊ ကန်သင်းရိုး၊ တဲအိမ်၊ အဆောက်အအုံ၊ တိုက်တာများ အားလုံးက ဖက်လှဲတကင်းချစ်ခြင်းများစွာ ဝမ်းမြောက်မှု ပီတိတို့ဖြင့် "သူ့"ကို ကြိုနေကြပြန်သည်။ အညာဒေသ ဆောင်းဦး ကာလ၏ လေနုအေးက အားပါးတရ "သူ့"အား ဖက်ရမ်းနမ်းရှုပ် လိုက်သည့် တစ်ခဏတွင်မှ "သူ" ကျေနပ်ပျော်ရွှင်သွားပြန်သည်။

သို့သော် သူစိမ်းဆန်နေသည့် အလေ့အထတစ်ခုက "သူ့" နှလုံးသားတွင် မကြာခဏ ဘဝင်မကျဖြစ်နေဆဲ။ ဤဝေဒနာကို မနေ့ကလည်း "သူ" ခံစားခဲ့ရသည်။

မနေ့က အရုဏ်တက်အုံ့မှုန်မှုန်တွင် မြို့တော်ကြီးကို "သူ" ကျောပေးထွက်ခွာလာခဲ့သည်။ မြို့တော်၏ စည်ပင်သာယာနယ်နိမိတ် အလွန်တွင် "သူ" ထိတွေ့ခံစားလိုက်ရသော မိုးတိမ်၊ လေနုအေး၊ လယ်ကွင်းစိမ်းစိမ်း၊ သစ်ပင်အုပ်အုပ်၊ ကျေးငှက်၊ လှုစွမ်းအင်၊ သဘာဝ

စွမ်းအင် အရင်းအမြစ်များ ပေါင်းစပ်ဖွဲ့တည်မှုဖြင့် ရှင်သန်နေမှုများ၊ ဤပုံရိပ်မှ "သူ"၏ နှလုံးသားတွင် ကူးစက်ဝင်ရောက် နေရာယူခဲ့သော မွေးဖွားသန္ဓေစင်ခဲ့သော မြန်မာမှု၏ လောကနိယာမ သဘာဝပန်းချီကား တစ်ချပ်၊ မြို့တော်မှ မိုင်တစ်ရာကျော်အကွာရှိ "သူ"၏ အဘိုးနှင့် ဘထွေးတို့ ချက်မြှုပ် ခေါင်းချခဲ့ရာ မြို့တစ်မြို့၏ ဆင်ခြေဖုံးတစ်နေရာတွင် နေခိုရင်း ဤပန်းချီကားကို တကယ်ပင် "သူ" ရေးဆွဲမှတ်တမ်းတင်ခဲ့ပြီ။

အစိမ်းရောင်၊ အနီရောင်၊ အဝါရောင်တို့ဖြင့် ပကတိခံ့ထည် လှပတက်ကြွနေသော ပန်းချီကား၊ ဆေးရေး ပန်းချီကားချပ် ဖြစ်သည်။ "သူ" နှလုံးသားနှင့် "သူ" ၏ အတွေးတွင်ဖြင့် ဤ ပန်းချီကား၌ ဇာတိပုည ဂုဏ်မာနတရားတို့ ပြည့်လျှံရှင်သန်နေသည်ဟု "သူ" ခံစားမိခဲ့သည်။

ကာလတစ်ခု၊ ဖြတ်သန်းချိန်တစ်ခု၊ နေရာဒေသတစ်နေရာတွင် မော်ကွန်းဝင် ပန်းချီကားချပ်ကို အပြီးသတ်နိုင်ခဲ့၍ "သူ"၏ စိတ်သည် ရွှင်လန်းနေခဲ့သည်။

**နယ်ချဲ့ဆန့်ကျင်ရေးကာလ၊ ဖက်ဆစ်တော်လှန်ရေးကာလ၊ သူ၏ အဘိုးနှင့် သူ၏ ဘထွေး ခေါင်းချခဲ့ရသော ဒေသ၏ သမိုင်း ဖြစ်စဉ်သည် ပစ္စုပ္ပန်နှင့် အနာဂတ်၏နိမိတ်ပုံများဟု "သူ" အခိုင်အမာ ယုံကြည်ထားသည်။ အမှန်တကယ်ရှိခဲ့သော ဘဝများစွာ၏ သမိုင်းကြောင်း၊ ဖြစ်စဉ်ဖြစ်ရပ်တို့သည် ရှေ့နောက်ညီညွတ်နေမည့် သစ္စာတရားများ မဟုတ်ပါလား။**

အဘိုးနှင့် ဘထွေး၏အုတ်ဂူကို "သူ"ဦးချခဲ့သည်။ ဆွေရင်းမျိုးရင်း သားချင်းများကို "သူ"တွေ့သည်။ ရှေ့ဖြစ်နောက်ကြောင်းတွေ ပြောဖြစ်ခဲ့သည်။ ပြဿနာတွေ၊ အခက်အခဲတွေ၊ ဘဝင်ကျစရာတွေ၊ ဘဝင်မကျစရာတွေ၊ ကျေနပ်စရာတွေ၊ မကျေနပ်စရာတွေ၊ ဒါတွေကို အပထား မျက်မှောက်ကာလ ဖြတ်သန်းချိန်များကို အကျိုးရှိအောင်သုံးနိုင်ဖို့ အဖြေထုတ်လိုက်ကြသည်။

ဒီတော့လည်း လမ်းပျောက်နေရာမှ လမ်းကြောင်းတစ်ခုပေါ်





ရောက်သွားခဲ့ကြသည်။ ခဏကြာတော့ အဖေဘက်က သားချင်းများ၊ တူတူမလေးများ စုရုံးရောက်ရှိလာခဲ့ကြသည်။

"သူ"တို့အားလုံးကို လူကြီးတန်မဲ့ အိမ်ရှေ့ထွက်၍ ကြိုမိခဲ့သည်။ "သူ"တွင် လူငယ်ကို ချစ်သည့်စိတ်က တား၍မရ။ ချစ်သည့်စိတ် ဆိုသည်ထက် သူတို့ကို အလေး ထားသောစိတ်ဟု ဆိုပါက ပို၍ တိကျမည်ဟု "သူ" ထင်သည်။ ထိုအခိုက် မျက်စောင်းထိုးလေးထပ်တိုက်ကြီး တစ်တိုက်ကို "သူ" သတိပြုမိသည်။ အထင်းသား ဆိုင်းဘုတ်ကြီးသည် ပထမထပ်၏ ရှေ့ မျက်နှာစာကိုဖြန့်ကြက်လျက်"- - - Karaoke" ရောင်စုံမီးတို့က လှည့်ပတ် လှုပ်ရှားနေသည်။ ဒုတိယထပ်ဆီက တီးဝိုင်းမှ သံစဉ်များ အပြင်သို့ ဖိတ် စင်လွင့်ပျံ့ လာသည်။ သီချင်းစာသား ကိုတော့ "သူ" နားမလည်လိုက်။ "Post Modern"ဟု ဆိုရမည် ထင်သည်။ ရှေ့ပလက်ဖောင်းဝဲယာတွင် ကားကောင်းကောင်းများ အစီအရီစုပြုံ ရပ်ထားသည်။

လူကြီး၊ လူလတ်၊ လူငယ်၊ ကျားမ အရောင် အသွေးမျိုးစုံကို လျှပ်တစ်ပြက် မြင်လိုက်ရသည်။ မြင်ကွင်းနှင့် တေးဂီတသံသည် ဤနေရာ ဤဒေသမျိုးတွင် ရောက်နေ သော "သူ" အတွက် သူစိမ်းဆန် နေသည်၊ အကြောင်းတရားတော့ရှိမည်။ လူတစ်ယောက်တွင် သူ၏ နှလုံးသားနှင့် ဝိညာဉ်သည် သူ့အတွက် သူစိမ်းဆန်နေခြင်းသည် ခံစားရခက်မြဲ။ ထို့ကြောင့်လည်း ဤဝေဒနာပျောက်သွားရန် အိမ်ထဲသို့ ချက်ချင်း ပြန်လှည့်ဝင်ဖြစ်ခဲ့သည်။

"သူ"အား လာရောက်တွေ့ကြ၊ နှုတ်ဆက်ကြကန်တော့ကြသော တူ တူမ သားချင်းများကို မြင်လိုက်ရပြန်တော့ စိတ်မှာ အနည်းငယ် [illegible] လန်းဆန်းသွားခဲ့သည်။

သူတို့၏ မျက်နှာများတွင် သူတို့၏ ဘဝများ၊ မိသားစုဘဝများ၊ သူတို့၏ အတွေ့အကြုံဖြင့် ရရှိခံယူထားချက်များ ပေါ်လွင်နေသည်။ [illegible] သူတို့၏ စိတ်နှလုံးမှ သူတို့၏ မြင့်မြတ်သော သဘောထား [illegible] ဆန္ဒ၊ လေးနက်ကျယ်ပြန့်သော အာသီသ တို့သည် သူတို့၏

မျက်နှာတွင် ထင်ဟပ်နေသည်ကို "သူ" သတိပြုမိချိန်တွင် အားရပီတိဖြစ်မှုကို "သူ" ရရှိပိုင်ဆိုင်ခဲ့သည်။

အရွယ်အနည်းငယ်ရကြပြီဖြစ်သော အာကာ၊ ငြိမ်းသူနှင့် သပြေတို့က ပြန်ကြားရေးစာကြည့်တိုက်အကြောင်း၊ သူတို့အဘိုးလက်ထက်ကတည်းက သူတို့အမွေခံထိန်းသိမ်းခဲ့သည့် ရပ်ကွက် စာဖတ်ခန်းရှိ စာအုပ်များအကြောင်းပြောသည်။ ပြီးတော့ Knowledge နှင့် Wisdom အကြောင်းမေးသည်။ Globalization နှင့် သူတို့၏ အနာဂတ်အကြောင်း သိချင်နေကြ မေးကြသည်။ စကားဝိုင်းပြီးသွားတော့ တူအကြီးဆုံး အာကာက ဦးဆောင်ပြီး "သူ"ကို လက်အုပ်ချီလျက် တုပ်ကွ ရိုကျိုးစွာ ကန်တော့ကြသည်။

"ဘဝကို အောင်မြင်စွာဖြတ်သန်းနိုင်ဖို့ ရုပ်ပိုင်းကို အဓိကထားတဲ့ သဘောထားအမြင်တွေကို လျှော့ပြီး၊ စိတ်ပိုင်းကို ပိုပြီး အလေးထားတဲ့ သဘောထား၊ အမြင်တွေနဲ့ တည်ဆောက်ကြဖို့၊ "မိမိရဲ့ ရင်ထဲ နှလုံးသားထဲကမှန်ကန်တဲ့ သဘောထားအမြင်တွေဟာ ပြင်ပမှာရှိသမျှရုပ်ပစ္စည်းတွေထက် တန်ဖိုးကြီးကြောင်း၊ တန်ခိုးကြီးကြောင်း"ကို သူတို့နားလည်အောင် ရှင်းပြရင်း "ရယူလိုသော လိုအင်ဆန္ဒများ ပြည့်ဝပြီးမြောက်အောင်မြင်ကြပါစေ"ဟု ဆုပေးခဲ့သည်။ "ပေးသောဆုနှင့် တစ်လုံးတစ်ဝတည်း ပြည့်ရပါလို၏"ဟု တစ်ပြိုင်တည်း အသံထွက်လာသည်ကို ကြားလိုက်ရတော့ "သူ" ကြက်သီးထသလို ခံစားရသည်။

မည်မျှအထိ ဆုတောင်းပြည့်၍ မည်မျှအထိ ခရီးရောက်မည်ဆိုသည်ကတော့ မပြောနိုင်သေး။

မှောင်ရီသန်းချိန်တွင် အညာ ဒေသသို့ "သူ" ခရီးဆက်ခဲ့သည်။ ယခုတော့ အမေ၏ ချက်မြှုပ် နေရာ၊ အညာဒေသသို့ "သူ" ရောက် နေလေပြီ။ ခပ်လှမ်းလှမ်းတစ်နေရာတွင် ထန်းတောညိုညိုနှင့် ထန်းချက်တဲ အချို့ကို "သူ" မြင်နေ ရသည်။ ဆလနုအေးအေးနှင့် အတူ ထန်းလျက်ဖိုမှ ရနံ့သည်"သူ"ထံရောက်လာသည်။ တစ်လှမ်းချင်းလှမ်းရင်း





ထန်းလျက်တဲရှိရာသို့ "သူ" လျှောက် ခဲ့သည်။ ရှေ့နားက မီးရထားနှင့် ကားလမ်းဖြတ်ကူးသည့် နေရာ၏ အလွန်မနီးမဝေးတွင် ကားလမ်းဘေးထားငယ်တစ်ခုရှိသည်။ "သူ" ငယ်ငယ်က မြင့်ဆွေ၊ မောင်ငယ်၊ ညီပုတို့နှင့်အတူ ခွေလှိုမ့်နေကျနေရာ ဖြစ်သည်၊ ဝဲယာအနီးတစ်ဝိုက်တွင် ကြံတည်းကုန်းမြေနှင့် ကန္တာရဆူးပင်ချုံငယ်များက အစီအရီရှင်သန်ရှုတ် မင်းမူနေသည်။

သဘာဝပတ်ဝန်းကျင်တစ်ခုလုံးက တရင်းတနှီးအကျွမ်းတဝင်ရှိလှသည်ဟု "သူ" ခံစားမိပြန်သည်။

## အားထားရာ လူ့နှလုံးသား၊ လူ့တန်ဖိုး၊ လူ့ကျင့်ဝတ်များ

သို့သော်အညာဒေသ၏ အလေ့အထတစ်ခုသည် "သူ"အတွက် သူစိမ်းဆန်နေသည်။ ဤအလေ့အထကို "သူ" မကျေနပ်မိ။ သူ၏ မျက်စိအမြင်အာရုံတွင် နံနက်စောစောက အမေတို့ မြို့အဝင် မြို့လယ် တစ်နေရာအရောက် လမ်းမတန်း၏ လက်ယာဘက်၌ မင်းမူနေရာယူထားသော Karaoke စာတန်းဆိုင်းဘုတ်ကြီးက စွဲနေသည်၊ ထပ်တလဲလဲ နေရာယူနေသည်။

"တကယ်တော့ မြို့ပြအတော်များများတွင် Karaoke တို့ အတော်များများ နေရာယူထားကြသည်ကိုး"ဟု ကောက်ချက်ချလိုက်မိကာမှ အဖြေတစ်ခု "သူ" ရသွားသည်။

**အမှန်စင်စစ် "သူ"၏ ကိုယ်ပိုင်နှလုံးသား၊ "သူ"၏ ဝိညာဉ်ကဲ့သို့ "သူ"တန်ဖိုးထား မြတ်နိုးသော အမေ့မြေ၊ အမေ့အရပ်ဒေသ၊ အမေ့၏ ချက်မြှုပ်နေရာသည်လည်းကောင်း၊ အဘိုးနှင့် ဘထွေးတို့ ချက်မြှုပ်ရာ ဒေါင်းချရာအရပ်သည်လည်းကောင်း "သူ" အတွက် သူစိမ်းဆန်နေခြင်း မဟုတ်၊ "သူ" ဘဝင်မကျစရာ အလေ့အထတစ်ခု အခြေချနေခြင်းကို သူဘဝင်မကျဖြစ်နေခြင်းသာ မဟုတ်ပါလား။**

ထန်းလျက်တဲရှိရာသို့ ယာကွက်များ၏ ကန်သင်းရိုးအတိုင်း တွေ့ပတ်၍ "သူ"လျှောက်မိသည်။ ထနောင်းပင်တစ်ပင်၏ အခြေအရိပ်တွင် ဘွတ်ခွေပေါ်၌ ချထားသည့် လှိုင်းတက် အိုးတစ်လုံးကို တွေ့သည်၊

သောက်ရေအေးအေးကို အားပါးတရသောက်မည်။ အုန်းမှုတ်ခွက်လေးဖြင့် သောက်လိုက်ချင်သည်။ သို့သော်ဟိုတစ်ချိန်က အုန်းမှုတ်ခွက်အစား စတီးကိုင်းခွက်က နေရာယူထားပြီ။ ရှိတာနှင့် သောက်လိုက်သည်။ တစ်ခွက်၊ နှစ်ခွက် ရေဆာပြေသွားသည်။ ခွေးဝဲစားတစ်ကောင် တဲထဲက ထွက်လာပြီး "သူ"ကို စူးစူးစမ်းစမ်းကြည့်ကာ တစ်ဖွတ်ထိုးဟောင်တော့သည်။ တဲထဲရှိ ထန်းလျက်ချက်နေသော မိန်းကလေးတော့ ထွက်မလာနိုင်။ သူမ၏ ခွေးကိုသာ လှမ်း၍ မာန်မဲ လိုက်သည်။ " ဟဲ့- စိန်နက် တိတ်စမ်း"တဲ့။ စိန်နက်ဆိုသည့် ကောင်ကတော့ မတိတ်ပါ။

"သူ"၏စိတ်ထဲမှာတော့ပြောနေမိသည်။ "ဟောင်စမ်းပါစေလေ၊ လူစိမ်းတွေ့ရင်၊ မြွေတွေ့ရင်၊ ပုတတ်တွေ့ရင် ဟောင်ရမယ့်တာဝန်က သူ့တာဝန်ပဲဟာ၊ သူ့တာဝန် သူထမ်းဆောင်နေတာပဲ၊ ဟောင်စမ်းပါစေ၊ ဟောင်ပါစေ"ဟု။ သို့သော် နှုတ်ကမထွက်။

အချို့အချို့သော အညာဒေသ၊ မြန်မာတို့၏ အလေ့အထသည် ရှင်သန်ဆဲ၊ အချို့ အချို့ငုံလျှိုးပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

မိုင်-၄၀၀ ကော်မျှဝေးကွာခဲ့သော ရွှေမြို့တော်ဆီသို့ "သူ" လှမ်းမျှော်မိသည်။ ရွှေမြို့တော်ကိုကျော်၍ မျှော်တွေးလိုက်ပြန်တော့ အာဆီယံနိုင်ငံများ၊ ပြီးတော့ ဆစ်ဒနီ၊ မဲလ်ဘုန်း၊ တိုကျို၊ ဘီဂျင်း၊ မော်စကို၊ ဘာလင်၊ အို----ဥရောပ အရှေ့အနောက်၊ အာဖရိက၊ အရှေ့အလယ်ပိုင်း ဒေသမှသည် နိုင်ငံတကာမြို့တော်များ၊ ကျေးလက်များ၊ သူ့ယဉ်ကျေးမှု၊ သူ့စတိုင်များနှင့် သူ၊ ဖျော်ဖြေမှုတွေ၊ ပျော်ရွှင်မှုတွေ ရှိနေကြတာပဲ။ စစ်ပြီးခေတ် တိုကျိုမြို့ပြနှင့် ကျေးလက်၏ ပုံရိပ်သည် မျက်မှောက်ခေတ်ပုံရိပ်နှင့် အလှမ်းကွာခဲ့ပြီ။ "သူ"၏ ရောင်းရင်း " Nichizawa " နှင့်အတူ တိုကျိုမြို့ပြသဘာဝကို "သူ"မြင်ခဲ့၊ တွေ့ခဲ့၊ ဆွေးနွေးခဲ့ဘူးသည်။ "သူ"တို့ ဆီမှာတော့ " Love Hotel " တွေတောင်ရှိနေကြသည်ပဲ။ လူငယ် မျိုးဆက်တွေ - - - - ။

ထူးခေတ်မြန်လွန်းသည့် ရောဂါတစ်ခုသည် နည်းပညာ၊ သိပ္ပံပညာ၊ သတင်းခေတ်မီ မီဒီယာတို့၏ စွမ်းဆောင်မှုဖြင့် ပျံ့လွင့်ဖြန့်ကြက်





ထိုးဖောက်လျက်ရှိနေသည်က ကြာခဲ့ပြီဖြစ်သည်။

မြန်မာတို့၏ မြို့ပြသဘာဝ၊ လူနေမှုပုံစံ၊ စျေးတွက်ပုံရိပ်၊ မြန်မာ့ကျေးလက်၊ အမေ့မြေ၊ အမေ့ဒေသ၊ အဘိုးတို့ အဖေတို့ ခေါင်းချရာ နေရာအရပ်၊ ခေတ်မီပြောင်းလဲလာခြင်း၊ တိုးတက်လာခြင်း၊ ယိုယွင်းခြင်း တို့ ထွေးရောယှက်တင်။

အခန်းကဏ္ဍသစ်ကို ဖွင့်လှစ်တိုးခွေဝင်ရောက်နေကြပြီ။ ခေတ်မီသည်ဟု လက်ခံထားသော ပြောင်းလဲမှုများအတွက် ကဏ္ဍမျိုးစုံတွင် နည်းမျိုးစုံကျင့်သုံးလျက် တိုးဝှေ့လှုပ်ရှားနေကြသည်။ တိုးဝှေ့ မှန်းကန်ဆဲ၊ ကဏ္ဍမျိုးစုံ၊ နည်းလမ်းကမျိုးစုံ။

မည်သို့ရှိစေ "သူ"ဘဝင်ကျချင်နေသည်။ "သူ"၏ အညာ "သူ"၏ မြန်မာကို သူစိမ်းမဆန်ချင်၊ ဖက်လဲတကင်း တင်းတင်းကြီး ပွေ့ဖက်ထားလိုက်ချင်သည်။

အဘိုးတို့၊ "သူ"အဖေတို့၏ ဘဝတစ်ခု ဖြတ်သန်းချိန်က ကိုလိုနီဘဝ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ လွတ်လပ်ရေး တိုက်ပွဲဝင်ရချိန်။

ဖြတ်သန်းချိန်များကဖြင့် မတူ၊ "သူ့"ဘဝဖြတ်သန်းချိန်က စစ်ပြီးခေတ်၊ ပြည်တွင်းဆူပူမှုများ၊ နက်ရှိုင်းကျယ်ပြန့် ပြင်းထန်ချိန်။

ခုတော့ စျေးကွက်စီးပွားရေးစနစ်၊ စျေးကွက်အမြင်များ ဘုက်စားချိန်။ ပြီးတော့ " Globalization " တဲ့။ ခြိမ်းခြောက်မှုလော၊ အားပေးမှုလော၊ မှုန်ဝါးဝါး။ ဖြတ်သန်းချိန်များကဖြင့် မတူတော့၊ နစ်မျော ဝင်မှုများကလည်း မတူတော့။ တူတာတစ်ခုတော့ရှိနေမည်ဟု "သူ" ဆင် သည်၊ ခံယူနေဆဲ ဖြစ်သည်။

"လူ့နှလုံးသားများ၊ လူ့တန်ဖိုးများ၊ လူ့ကျင့်ဝတ်များ"ကိုတော့ ကာလမခြား၊ ဒေသမခြား၊ လူသားတို့ ကာကွယ်သွားနိုင်ကြဦးမည်ဟု "သူ"ယုံကြည်ဆဲ၊ တောင့်တဆဲ။ အမေ့အိမ်ရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် "သူ" ပြန်လျှောက်ခဲ့လေသည်။

အ ပိုင်း (၃)

## Globalization နိဒါန်းများလား

နေဝင်ရိုးရီအချိန်ဖြစ်သည်။

အမေ့အိမ်သို့ ဦးတည်သော လမ်းကြောင်းလေးသည် လှည်းလမ်းကြောင်းလေး။ "သူ" ငယ်ငယ်က ဤလှည်းလမ်းကြောင်းလေးအတိုင်း အခေါက်ပေါင်း ထောင်သောင်းမက အသွားအပြန် လျှောက်ခဲ့ဘူးသည်။ အဖေ၏ ယာခင်းနှင့် အမေ၏ အိမ်လမ်းကြောင်းဖြစ်သည်။ လမ်း၏ ပင်မအူလမ်းကြောင်းမပြောင်း၊ အချို့နေရာများတွင်တော့ လမ်းကြောင်းအသစ်တချို့ကို တွေ့ရသည်၊ တစ်ခုတော့ရှိသည် နေရာအတော်များများတွင် လှည်းလမ်းကြောင်းမှာ နက်ရှိုင်းနေသည်။ အချို့နေရာများတွင် လှည်းဝင်ရိုးလွတ်ရုံသာရှိမည်ထင်သည်။

ရှားပင်၊ ထနောင်းပင်၊ သရက်ပင်၊ အပင်ကြီးများ ရှင်သန်ဆဲ။ ကြပ်တီးကုန်းများတွင်ရှိ ကန္တာဆူးပင်များကလည်း မထီလေးစား ရှင်သန်လျက်၊ သို့သော် လွန်ခဲ့သော နှစ်လေးဆယ်ခန့်က အပင်များတော့ မဟုတ်တန်ရာ၊ မျိုးဆက်များသာ ဖြစ်တန်ရာ၏ဟု သတိပြုမိသည်။

"သူ" ငယ်ငယ်က သူ၏ သူငယ်ချင်းများနှင့် တက်ခဲ့ ဆော့ခဲ့ ကစားခဲ့သော အပင်ကြီး များစွာရှိ နေသေးသည်။ အချို့တော့လည်း သစ်ငုတ်တိုအဖြစ် ကျန်ခဲ့သည်။ အသုံးတည့်သော သစ်ကောင်းများ အကြောင်းအမျိုးမျိုးဖြင့် ပြုန်းတီး ဆိတ်သုဉ်းခဲ့သည်။ ဖြတ်သန်းချိန် တစ်ကွေ့တွင် အသုံးခံရပြီ၊ သူတို့မရှိတော့။

ယခင်က အမေ့အိမ်သည် ယခုအခေါ် "အေးချမ်းသာ ရပ်ကွက်"၏ အလယ်တွင် ရောက်နေပြီ။ ယခင်က အမေ့အိမ်သည် ရပ်ကွက်အစွန်တွင် သက်ငယ်မိုး ထရံကာဖြင့်၊ လေသာဘုန်းကြီး





ကျောင်းကို အထင်းသား လှမ်းမြင်နိုင်သည့် နေရာတွင်ရှိသည်၊ ဆယ်နှစ်ခန့်အတွင်း ပတ်ပတ်လည်၌ အိုးအိမ်များစွာ တိုးလာသည်ဟု သိရသည်၊ လေသာဘုန်းကြီးကျောင်းသည်ပင် မြို့သစ်ရပ်ကွက်၏ အလယ်သို့ ရောက်နေလေပြီ။ ဘုန်းကြီးကျောင်းအနီးက အိမ်တစ်အိမ်တွင် ဒီဒီယိုရုံတစ်ခုဖြင့် စီးပွားဖြစ်နေသည်ကို "သူ" သတိပြုလိုက်မိသည်။

၂၁-ရာစုဦး၌ နိုင်ငံများ၏ မြို့ကြီးများစွာသည် ကမ္ဘာကွန်ယက် နေစ်ကြီးနှင့် ချိတ်ဆက်မိရန် ကြိုးပမ်းနေချိန်တွင် အမေတို့ရွာနေ၌ တွံတေးသိန်းတန်၏ "ထွေးညို"တေးဖြင့် "ဒီစနစ်ဆိုးတွေကို ကျောမွဲများအတွက် တိုက်ဖျက်ပစ်ပါ့မယ်" ဟူသည့် မြေရှင်စနစ်ကို ဆန့်ကျင်သော တေးသံကို မကြားရတော့ခြင်းက မဆန်းပြီ။

ခုတော့ ဟိုအိမ်ဒီအိမ် ဟိုခြံဒီခြံ Heavy Rockတို့ Iron Crossတို့ လွှမ်းမိုးနေလေပြီ။ လူငယ်များစွာ၏ စိတ်အလျှင် အာရုံသည် Post Modern တေးများ တွင် စီးဝင်နစ်မျောနေလေပြီလား။ "သူ" ရပ်နေမိသည်၊ ဆက်မတွေး ချင်တော့၊ သို့သော် ရပ်တန့်၍ မရ။

အို-သူများ နိုင်ငံတွေမှာ T.V Channelတွေအများကြီး။ကြည့်ချင်တာကြည့်၊ ဆိုချင်တာဆို၊ ကချင်သလိုက၊ မမြင်ရဲ မကြည့်ရဲ စရာ Channel တွေတောင် ဖြန့်ကြက်ထားတာပဲဟု ကျေနပ် ဘဝင်ကျစရာ အကြောင်းရှာ တွေးမိသည်။ ဒါတွေက Globalization၏ နိဒါန်းများလား။

## မန်ကျည်းပင်၏ ဒဿန

"သူ" ငယ်ငယ်က ကိုရင်ဝတ်တော့ ဥပဇ္ဈာယ် ဆရာတော် ဖြစ်ခဲ့သော ကျောင်းထိုင် ဆရာတော်ကြီး "ဦးဝိစိတ္တ" သည် မရှိတော့ပြီ၊ သက်တော်ထံပျံလွန်တော်မူခဲ့ပြီ။ သို့သော် "သူ"နှင့် ငယ်ငယ်က ခွေလှိမ့်ဖက်၊ ဆော့ဖက်၊ ကစားဖက် လှမြင့်သည် ကျောင်းထိုင်ဖြစ်နေလေပြီ။ ငယ်ဖြူ ဆရာတော်ဖြစ်သည်။ အဂ္ဂမဟာဂန္ထဝါစကဘွဲ့တော်ဖြင့် ကျမ်းတတ် သေတတ် စာတတ် ဖြစ်နေပြီ။

ထူးခြားသည်က ဆရာတော်သည် အေးအေးချမ်းချမ်း သိမ်သိမ်မွေ့မွေ့ ပြောဆိုလေ့ရှိသည်။ သို့သော် တစ်တစ်ခွခွ မှန်မှန် ကန်ကန်ဆိုမြဲ ပြောမြဲဖြစ်ပြီး အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်းသာ ပြောလေ့ဆိုလေ့ ဆုံးမလေ့ရှိသည်ဟု သိရသည်။ ပုထုဇဉ်အကြိုက်လိုက်၍ ပြောရိုးအစဉ်အလာမရှိ။ လူငယ်ဘဝတုန်း ကလည်း ဆရာတော်အလောင်းအလျာ "လှမြင့်"သည် တုတ်ထိုးအိုးပေါက်ပြောတတ်သည်။ မဖားတတ်၊ သူများအကြိုက်လိုက် ပြောလေ့မရှိ၊ အရှိတရားကိုသာ မြင်တွေ့ပြောလေ့ရှိသော ဆရာတော်ကို ရှိသေကြ၊ ကြောက်ကြ၊ တန်ဖိုးထားကြသည်။ လောကီဆန်လွန်းသူတို့ အနေဖြင့် ဘဝင်မတွေ့ကြဟု ရပ်ထဲရွာထဲ မြို့ထဲက ပြောကြသည်။ ရှိစေတော့ ရောက်တုန်းရောက်ခိုက် ဆရာတော်ကို "သူ" ဖူးတွေ့ရဦးမည်။

လေသာကျောင်းတိုက်ကြီးသည် ယခင်ကအတိုင်း မပြောင်းမလဲ ပကတိတည်ငြိမ်ရင့်ကျက်အေးချမ်းနေသည်ဟု "သူ"ထင်သည်။ ကျောင်း၏ အနောက်မြောက်ထောင့်က ဇရပ်ကြီးအနီးရှိ မန်ကျည်းပင်ကြီးက "သူ"အား ခေါင်းကိုပုတ်၍ နှုတ်ဆက်သလို ခံစားလိုက်ရသည်။ "သူ" ငယ်ငယ်က ကိုရင်ဝတ်တော့ အသက် (၇)နှစ်ပင် မပြည့်သေး။

အမြဲရှိ နေသော ပြောင်းလဲမှု ဖြစ်စဉ်ထဲတွင် မန်ကျည်းပင်ကြီးက သံဝေဂတရား ရင့်ကျက်မှုများဖြင့် "သူ"အား ပြုံးကြည့်နေသည်ဟု ထင်မိသည်။ " မင်း ငါတို့နဲ့ ခွဲသွားတာ အနှစ်(၄၀)လောက်ရှိပြီ၊ ဘဝနေနည်းတွေ၊ ဘဝတစ်ခုမှာ ရှင်သန်အောင်မြင်စွာ ဖြတ်သန်းရတဲ့နည်းတွေ၊ Art of Living တွေ တတ်ခဲ့ပြီလား" လို့ မေးလိုက်သည်ဟု ခံစားမိသည်၊

ဤခံစားမှုကြောင့်ပင် ဆရာတော်၏ ကျောင်းသို့ "သူ" မဝင်နိုင်သေးဘဲ မန်ကျည်းပင် အောက်ရှိ ကွပ်ပျစ်တွင် ထိုင်ချလိုက်သည်။ အနည်းဆုံး နှစ် ၁၀၀ ကျော် သက်တမ်းရှိမည့် မန်ကျည်းပင်ကြီးကို မော့ကြည့်ရင်း တွေးနေမိသည်။ အပင်ကြီးက "ငါ" နှင့် "သမ္မာ" နှင့် "သူ"တို့ ကြင်နာသနားစွာ ငုံ့ကြည့်နေသည်ဟု "သူ" ခံစားရပြန်သည်။

လောကကိုရော၊ ဘဝကိုပါ "သူ" ဆင်ခြင်သည်။ "သူ"၏ ဘဝ





သက်တမ်းတစ်လျှောက် သူ့ဘဝကိုမညာခဲ့၊ "သူ့" ဘဝကို တန်ဖိုးထားမြတ်နိုးခဲ့သည်။ ဆင်းရဲသား ယာသမားတစ်ဦး၏ သားပီပီ ရိုးရှင်းသောဆင်းရဲခြင်းကိုပင် "သူ" ခုံမင်နေသည်။

အရှိန်အဝါ အာဏာတို့ဖြင့် တန်ဆာဆင်အပ်သော ဘဝတစ်ခုအား ဖြတ်သန်းချိန်၌ပင် "သူ" မယစ်မူးခဲ့။ သို့ပါလျက် "သူ့"စိတ် "သူ့" နှလုံးသားတွင် အားအင်ချည့်နဲ့သလို၊ "Powerless" ဖြစ်နေသလိုခံစားနေရသည်။ "သူ"ချစ်ကြောက်ရိုသေ၍ အလွန်အထင်ကြီး လေးစားနေသော ဆရာတစ်ဦး၏ ရှေ့တွင် အပြစ်တစ်ခုဖြင့် ရောက်နေသောအသည့်လို "သူ" ခံစားနေရသည်။ မသိစိတ်တစ်ခုကို "သူ"၏ အသိဉာဏ်ကဖွင့်လှစ်နိုင်ခဲ့၊ "သူ"၏ နှလုံးသားဝေဒနာကို "သူ" မသိ။ အဖြေရှာနေမိသည်။

အဖြေရှာလို့ မရနိုင်သည့် တစ်ခဏတွင် အမြစ်၊ ပင်စည်၊ အကိုင်းအခက်၊ အရွက်များ ဆီသို့ အားငယ်စိတ်ဖြင့် "သူ"ရူးစမ်းလိုက်မိသည်။ မန်ကျည်းပင်ကြီး၏ အပြုံးမှတစ်ဆင့် အသိတစ်ခုကမှုပ်စီးလက်သလို "သူ"၏ အတွေးတွင် ဝင်းလက်သွားသည်။

မန်ကျည်း ခေါက်ကို ဆေးဝါးအဖြစ် ခုတ်ထစ်ယူသွားကြသဖြင့် ပင်စည်တွင် ဒဏ်ရာများနှင့်ပါလား။ မန်ကျည်းကိုင်း များစွာကို ထင်းအဖြစ်နှစ်များစွာ ရယူသုံးစွဲသွားကြပြီ။ ရွက်နုဝေချိန် မန်ကျည်းပွင့်၊ မန်ကျည်းရွက်တို့ ဆွတ်ယူသုံးစွဲပြီး မန်ကျည်းသီးနုနု၊ ရင့်ရင့်မှည့်မှည့်တို့ဖြင့်လူတို့လိုဘကို ဖြည့်ဆည်းရယူခဲ့ပြီ။ သို့သော် မန်ကျည်းပင်ကြီးကတော့ဖြင့်အားယူ ရှင်သန်ဆဲ၊ မနက်ဖြန်နှင့် မနက်ဖြန်၏ လူသားတို့အတွက်ရွက်နုဝေဆဲ၊ ဖူးပွင့်ဆဲ၊ ပြုံးရွှင်မြဲပါလားဟူ၍။

ဤတွင် မချိစိတ်ဖြင့် "သူ" ပြုံးလိုက်မိသည်။ "သူ့" အတွေးတွင် ဆင်ခြေတစ်ချက် ဝင်းလက်သွားပြန်သည်။ "သူ"သည် လူသားဖြစ်သည်ဟု စောဒကတက်လိုမိနေသေးသည်။ ဇီဝမျိုးချင်းတူပေမယ့် "သူ့"မှာက နှလုံးသားနဲ့ ခံစားတတ်မှု ရှိနေသည်ဟူ၍။

သို့ဖြင့် "သူ"၏ စိတ်သည် ကြည်လင်မသွား။ အသိစိတ်နှင့်

မသိစိတ်၊ အလောဘနှင့် လောဘကြားတွင် လူးလာတုံ့ခေါက်ဖြစ်နေဆဲ။ ဘာပဲဖြစ်ဖြစ် ဘဝနေနည်းကို "သူ" တတ်၏ မတတ်၏ ဆိုသော အဖြေကိုတော့ "သူ"ပေးရမည်ဟု ခံစားနေဆဲ။ "သူ"တွင် လောကသားတစ်ဦး အနေဖြင့် မကျေနပ်နိုင်သလို ဝေဒနာတစ်ခုတော့ ရှိနေသည်။

**ဘဝနေနည်းများစွာရှိ သည်ဟု ယူဆနိုင်ပါသည်။ "သူ"ကတော့ ဘဝ နေနည်း နှစ်နည်းသာရှိသည်ဟု ထင် နေသည်၊ တစ်ခုက လောကကို ယထာဘူတအမြင်ဖြင့် သစ္စာတည်ပြီး ရှင်သန်ခြင်း နှင့် တစ်ခုက ရှင်သန်မှု ပဓါန တစ်ခုတည်းအတွက် အဆင်ပြေ အောင်နေခြင်း ဖြစ်သည်ဟု ထင်သည်။**

## လူမှုပဋိညာဉ်များဦးတည်ရာ

ဤတွင် ရှင်သန်ရေးဆိုသည့် အကြောင်းတရားသည် "သူ"၏ ဘဝသက်တမ်းတစ်လျှောက် ဖြတ်သန်းရချိန်တိုင်း ရင်ဆိုင်အဖြေရှာရသော ပြဿနာဖြစ်ခဲ့သည်ကို သတိပြုမိသည်။ ဘဝကို ရှင်သန်အောင် မွေးမြူဖို့၊ လျှောက်လှမ်းဖို့၊ လောကကို ရှင်သန်အောင် ငြိမ်းချမ်းအောင် ပြုစုတည်ဆောက်ဖို့ "သူ" ကြိုးပမ်းခဲ့ဘူးသည်။ ဒီတော့ "သူ"ဘဝက သူ့ကို ရယ်သည်၊ "သူ"၏ လောကက သူ့ကိုသရော်နေသလို ခံစားရဘူးသည်။

"သူ"၏ ရဲဘော်၊ "သူ"၏ သေဖော်သေဖက်၊ "သူ"၏ရောင်းရင်း သူငယ်ချင်းတစ်ယောက်က ထိုသူ၏ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားရချိန်တွင် ဒေါသဖြင့် ခံစားချက်ကို ညည်းတွားရင်ဖွင့် ခဲ့ဘူးသည်ကို "သူ" သတိရသည်၊ "ဒီလောကမှာ လူတွေ သိပ်ယုတ်မာတယ်ကွာ" တဲ့။ ထိုသူသုံးတဲ့ စကားလုံးအတိုင်း သူပြန်ကြားနေသည် "People become so selfish and cunning" တဲ့။ ဘာ့ကြောင့် သူဒီလိုပြောလိုက်သနည်း။ ထိုစဉ်ကလ်၊ ထိုသူငယ်ချင်းသည် "သူ"၏ နှစ်ကိုယ့်တစ်စိတ် သူငယ်ချင်း။ လောကကို အကောင်းမြင်တတ်သူ၊ ဘဝတွင် ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ နေတတ်သူ၊ ခွင့်လွှတ်နိုင်စွမ်းသူ။





"ဒီလောကမှာ လူတွေ ကောက်ကျစ်ယုတ်မာတယ်ကွာ"ဟု ထိုသူငယ်ချင်းပြောသည့် ခံစားမှု ဝေဒနာတွင် လောကနှင့် လူရောထွေးနေခြင်းဖြစ်သည်ကို ထိုစဉ်က "သူ" သတိမမူမိခဲ့။ လောကက သဘာဝတရား၊ လူတွေက လောကကို ဖန်တီးသူများ မဟုတ်ပါလား။

လူမှုပဋိညာဉ်များ၏ ဦးတည်ရာကို သူမျှော်မှန်းမိသည်။ ညှိသို့ရှိစေ ချိတ်ဆက်မိသော ဖြစ်စဉ်နှစ်ရပ်၏ တဒင် အတွေးကို ဖြတ်သန်းချိန်တွင် အဖြေတစ်ခုကို "သူ" ရခဲ့လေပြီ။ "သူ"၏ အဘိုး၊ သူ့ဆရာကြီးသဖွယ် လွှမ်းမိုးနေသော မန်ကျည်းပင်ကြီး၏ အရွက်တို့ လေအဝှေ့တွင် လှုပ်ရှား ကစားနေသည်။ "သူ"၏ အသိဉာဏ်ဝင်းလက်မှု ဖြစ်စဉ်ကို ကျေနပ် အားရသွားသည်ဟု ထင်မိသည့် တစ်ခဏတွင် "သူ"ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်းသွားခဲ့လေပြီ။

မန်ကျည်းကိုင်းလေးများ လှုပ်ယမ်းသွားသည်၊ ငှက်တစ်အုပ် ပျံသွားသည်၊ သို့သော် စာကလေး ဖိုမ ကျန်ခဲ့သည်၊ ဘာကိုမှ ဂရုမစိုက် ပဲ တကျီကျီဖြင့် တစ်ကောင်နှင့် တစ်ကောင် နှုတ်သီးကလေးများဖြင့် ထိုးသပ်ကျီစယ်လျက်။ ဒီတော့ " Two lovers are billing & cooing put bills together behave like lovers " ဆိုသည့် ကဗျာလေးကို "သူ" သတိရမိသည်။ ဤကဗျာလေးကို "သူ" ဖတ်ဘူး ခံစားဘူးသည်မှာ လွန်ခဲ့သည့် အနှစ် ၃၀ လောက်ကဟု "သူ"ထင်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ထောင်သောင်းများစွာမှာလည်း မေတ္တာသဘောမှာ ဤသို့သာ ရှိမည်။

မေတ္တာ၏သဘောသည် သန်းချီနှစ်များကို ဖြတ်သန်းခဲ့ပြီ။ အကျိုး မျှော်သော မေတ္တာဖြင့် ဘဝရှင်သန်မှုအတွက် ရုန်းကန်ခြင်းဖြင့် လောကကို အလှဆင် ပြောအံ့၊ လောကနှင့် လောကသားတို့၏ ဘဝလှပ နေဦးမည်။

သူသည် လူအများ၏ နှုတ်တွင် ရေပန်းစားနေသော အနီးဆုံး နှစ်သက္ကရာဇ် ၂၀၂၀ ဆီသို့ တိုးဝင်ခံစားရင်း ကျောင်းဆောင်ထက်ဆီသို့ တက်ခဲ့သည်။ ဆရာတော်သည် ပကတိရင့်ကျက်တည်ငြိမ်စွာဖြင့် လွန်စွာ ချမ်းသာရှိသော အပြုံးဖြင့် "သူ"ကိုကြည့်သည်။ "သူ" ရောက်လာ

မည်၊ "သူ"ရောက်နေသည်ကို ကြိုတင်သိထားသည်၊ မထူးဆန်းသလို ရှိနေသည်။ အာလာပသလ္လာပ စကားမရှိ။ သို့သော် ဆရာတော်၏ အပြုံးတွင် ပဋိသန္ထာရ စကားတို့ ပြည့်လျှံနေသည်ဟု "သူ" ထင်သည်။ သူ့အကြောင်း ကိုယ့်အကြောင်းသိပြီး နားလည်ပြီးဟု ခံစားထားကြသလိုရှိသည်။ ထို့ကြောင့်လည်း လောကီကိစ္စ လောကအကြောင်း အနည်းငယ်သာ ပြောဖြစ်ခဲ့ကြသည်။

**"ဓါတ်ခံနှင့် အလုပ်တရားဆက်စပ်ဖို့" ဆရာတော်က "သူ့"ကို သတိပေးသည်။ "သတိဖြင့် ပယ်သတ်ခြင်း ကိုယ့်စိတ်ကိုကိုယ် နားလည်အောင် ကြိုးစားခြင်းဖြင့် လောကီအလုပ်ကိုရော၊ လောကုတ္တရာ အလုပ်ကိုပါ လုပ်စေလိုကြောင်း ပြောသည်။ ဒီတော့လည်း နှစ်ပေါင်း ၃၀ကျော် သူဆုပ်ကိုင်ထားသည့် အရာများကို သူလွှတ်ချကျောပေးခဲ့သည်မှာ မှားသလား မှန်သလား စဉ်းစားစရာ ဖြစ်နေ၊ ခံစားနေမိသည်။**

"သူ" ရွှေမြို့တော်သို့ မပြန်မီ၊ ဆရာတော်ထံ တစ်ခေါက်လာခွင့်ပြုပါရန် ခွင့်ပန်ရင်း ဆရာတော်အား ဦးချသည်။ မှောင်ရိပျိုးပြု အချိန်ပင်ရောက်နေပြီ။ အမေ့အိမ်နှင့် မဝေးတော့။ လောကီကိစ္စ လောကအကြောင်းနှင့်. စပ်လျဉ်း၍ ဆရာတော်မိန့်သည့် စကားများအတွက် "သူ့" စိတ်တွင် အကြောင်းတရားတစ်ခု စွဲထင်နေသည်။

"မြန်မာပြည်ကို ဗြိတိသျှတို့ မသိမ်းပိုက်မီက ဘုန်းတော်ကြီးကျောင်း များသည် ပညာရေးမီးရှူးတန်ဆောင်ကို ထွန်းလင်းတောက်ပအောင် ထိန်းသိမ်းလာခဲ့ကြတာပါ"တဲ့။ တကယ်တော့ e-Education ခေတ်ဆီ ဦးတည်နေလေပြီ။ ပညာခေတ်၏ ဉာဏ်ကြီးမှုအတွက် တွေးတောစရာတွေ ထိန်းမတ်စရာတွေကဖြင့် လွန်စွာလိုအပ်နေလေပြီ။

**လူ၏ကျင့်ဝတ်၊ လူ၏ သိက္ခာတွေ မပျက်စီးမယိုယွင်းဖို့၊ လောက တိုးတက် ဖို့၊ လောကငြိမ်းချမ်းဖို့၊ လောကကိုပဲဖြစ်ဖြစ်၊ သတ္တဝါအချင်းချင်းပဲဖြစ်ဖြစ်၊ လူသားအချင်းချင်းပဲ ဖြစ်ဖြစ်၊ ချစ်တတ်ကြဖို့တော့လိုမည်ဟု "သူ" ကောက်ချက်ချလိုက်ရင်း အမေ့အိမ်အတွင်းသို့ သူဝင်ခဲ့သည်။ အမေ ကတော့ ညစာပြင်လျက် ကြိုနေဆဲ။**

x x x x x





အ ပိုင်း (၄)

**ငွမ်းအားသစ်**

အမေ့အိမ်အတွင်းသို့ "သူ" ဝင်ခဲ့သည်။

အမေကတော့ ညစာပြင်လျက် ကြိုဆိုနေဆဲဖြစ်သည်။ အမေက "သူ့"အား ခြေဆုံးခေါင်းဆုံးကြည့်နေသည်ကို "သူ" သိနေသည်။

အမေ့အကြည့်တွင် မေတ္တာနှင့် အကြင်နာများ ပြည့်လျှံနေသည်ဟု "သူ"ထင်သည်။ "သူ"၏ စိတ်၌ ခံစားနေရသော ဝေဒနာတစ်ခုကြောင့်လည်း ဖြစ်နိုင်သည်ဟုလည်း ဆင်ခြင်မိသည်။ "သူ့"စိတ် "သူ့"နှလုံးသားတွင် မပျက်မပြယ်နိုင်သေးသော ခံစားမှုတစ်ခုရှိနေသည်လည်း အမှန်ဖြစ်သည်။

"သူ့" ဘဝဖြတ်သန်းချိန် နှစ်ပေါင်း(၅၀)ကျော်အတွင်း နှစ်ပေါင်း (၃၀)ကျော်သည် "သူ"၏ ငယ်ဘဝနှင့်လည်း မတူ၊ ယနေ့ယခု ဖြတ်သန်းချိန်နှင့်လည်း ကွာဟနေသည်။ "တင့်တယ်မှုချင်းတော့ဖြင့် တူနိုင်ပါ၏။ တင့်တယ်ပုံချင်းတော့မတူ"ဟု သူတွေမြင်ခံစားနေမိသည်။ နှစ်ပေါင်း သုံးဆယ်ကျော်ကာလသည် အသွင်တစ်မျိုးဖြင့် တင့်တယ်ခဲ့သည်၊ ခံ့ထည်လှပခဲ့သည်၊ ထည်ဝါခဲ့သည်။ လောကီလူသားတစ်ဦး အနေဖြင့်မူ မြင့်မြတ်သော လောကီကိစ္စများ ထမ်းဆောင်နိုင်ခွင့် ရခဲ့ခြင်း ဖြစ်သည်။

မနေ့တစ်နေ့ကပင် ဤလောက၏ လောကသားအများစုကို အာသာငမ်းငမ်း ဖြစ်စေသည့် ဘဝပုံစံများ၊ အထင်ကြီးတောင့်တမှုဖြင့် ကိုးကွယ်ဆည်းကပ်ရာ၊ အလုအယက်ပင် ရယူပိုင်ဆိုင်ဖို့ ကြိုးပမ်းကြရာ၊ အရာများအားလုံးကို "သူ"လွှတ်ချကျောခိုင်းခဲ့ပြီဖြစ်သည်။ ဤသို့ စွန့်လွှတ်လိုက်မိခြင်းအတွက် "သူ" နောင်တမရလိုမိ၊ သို့သော် လောကနှင့် ပတ်ဝန်းကျင်ကို ရင်ဆိုင်ဖြတ်သန်းနိုင်စွမ်းမှု "သူ"တွင် အင်အား မရှိသေးသည်လည်း အမှန်ပင်။

မေမေက ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ "သူ" စိတ်ကို အကဲခတ်နေသည်ဟု "သူ" ခံစားနေမိသည်။ မေမေ့အကြည့်ကို ရင်ဆိုင်ရန် အားတင်းကြိုးစားပြီး မေမေရှိရာသို့ မျက်နှာမူလိုက်သည်။ အားတင်း၍ အပြည့်ဝဆုံး အအေးချမ်းဆုံးအပြုံးကို မွေးမြူလိုက်သည်။

မေမေ့မျက်နှာကို အနီးကပ်မြင်လိုက်တော့ မေမေ့မျက်နှာ၊ မေမေ့မျက်လုံး၊ မေမေ့အပြုံးတွင် နားလည်ခြင်း၊ ခွင့်လွှတ်ခြင်း၊ ကြင်နာခြင်းတို့နှင့်အတူ "သူ" ပြန်ရောက်နေသည့် မျက်မှောက်ဘဝကို လေးစားခြင်း၊ တန်ဖိုးထားခြင်းတို့ ပြည့်လျှံနေသည်ကို တွေ့ရသည်။ "သူ" အံ့သြနေမိသည်။ နေမင်းကို စွန့်လွှတ်ခဲ့ရသော "သူ"အတွက် လမင်းက ကြိုဆိုနေလေပြီ။

**"သူ"၏ အသက်(၂၀)နှစ်မှ စတင်၍ နှစ်ပေါင်းသုံးဆယ်ကျော်မျှ "သူ" ဘဝအား ရာထူးရာခံဖြင့်၊ ဂုဏ်ကျက်သရေနှင့် လုပ်ပိုင်ခွင့်တို့ဖြင့် စီမံခန့်ခွဲပိုင်ခွင့် အာဏာတို့ဖြင့် တန်ဆာဆင်ထားနိုင်ခဲ့သည်။**

**လောကအတွက် "သူ"၏ ရာထူး၊ ရာခံ၊ လုပ်ပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အာဏာတို့ဖြင့် အကျိုးအရှိဆုံး သူထမ်းဆောင်ခဲ့ပြီ ဖြစ်သည်။ လူများစွာတို့ကလည်း "သူ"အား၊ အားကိုးကြ၊ လေးစားကြ၊ အားထားကြနှင့် ဘဝပုံစံကတစ်မျိုး၊ ရိုဝေယစ်မူးဖွယ်ကောင်း၏။**

မျက်မှောက်တွင်မူ သူ၏ ကိုယ်ပိုင် ကားလေးတစ်စီး၊ ရုပ်အကျီ လက်တိုတစ်ထည်၊ မင်းကြီးကြိုက် လုံချည်တစ်ကွင်း၊ သားရေဖိနပ်တစ်ရံ





စီးလျက် မွေးမိခင်ရှေ့တွင် အဆင် တန်ဆာမဲ့ လူသားတစ်ယောက်အဖြစ်နှင့် "သူ" ရောက်နေခြင်းဖြစ်သည်။ "သူ"၏ ငယ်စဉ်ဘဝ ယာထဲက ပြန်လာချိန်နှင့် တစ်ထေရာတည်း။

ဤသည်ကိုပင် မေမေက ကျေနပ်ကြည်နူးနေဟန်ရှိသည်။ မေမေ၏ အကြည့် မေမေ့ပုံရိပ်သည် "သူ"၏ ဇနီး၊ "သူ"၏ သားသမီး၊ "သူ"ဘဝ၏ သံယောဇဉ်တို့က ကြည့်သောအကြည့်၊ ပုံရိပ်တို့နှင့် တစ်ထေရာတည်း တစ်မျိုးတစ်စားတည်း။

ချစ်ဇနီးနှင့် သားသမီးများ၊ သူတို့လေးတွေ၏ ဖခင်အပေါ်ထားရှိသည့် အမြင်နှင့် အသိတရား တို့သည်လည်း မြင့်မားစွာ ကျယ်ပြန့်စွာဟု "သူ" သိနားလည်းလိုက်ချိန်၏ တစ်ခဏတွင် ပစ္စုပ္ပန်ဘဝနှင့် သံသရာအတွက် တကယ့်တန်ဖိုးနှင့် တန်ခိုးကြီးသော စွမ်းအား( Power )တို့သည် သူ၏ နှလုံးသား မဟာရင်ပြင်တွင် မွေးဖွားသန့်စင်ခဲ့တော့သည်။ အတယ်တော့ အကျိုးလိုလားသည့် မေတ္တာစစ်၏ စွမ်းအင်များ၊ တန်ခိုးများ ပေါ်ထွန်းရှင်သန်လာခြင်း မဟုတ်လား။

သမိုင်းဝိဇ

"သူ"သည် "သူ"၏မိခင်အား အပြစ်မဲ့သားကောင်းပီပီ တအားတက်၍ ထိုင်ချလိုက်သည်။ မိခင်၏ ခြေအစုံအား ဦးတိုက်ရှိခိုးလိုက်သည်။

မေမေ့မျက်ရည်ပေါက်တို့ တစ်စက်နှစ်စက် ပြီးတော့ ဆက်တိုက်ပင် "သူ"၏ လည်ကုတ်နှင့် ဦးခေါင်းထက်သို့ ကျလာသည်။ သူ၏ အသက်ခြောက်နှစ်အရွယ်တွင် ဤသို့တစ်ကြိမ် "သူ" ခံစားခဲ့ရဘူးပြီ။ ထိုစဉ်က "သူ" "မောင်ရင်လောင်း"၊ ဆံမချမီ တစ်ခဏ၌ဖြစ်သည်။ သက်နံးမစည်းမီ မိခင်အား ထိုင်၍ ရှိခိုးကန်တော့သည်။

ထိုအချိန်က မေမေမျက်နှာတွင် ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ ရှုမ်းဆွတ်ခြင်း၊ တမ်းတခြင်းတို့ ထွေးရောယှက်တင်ရှိသည်။

မေမေ့ဖခင် "သူ"၏ အဘိုးသည် ဖက်ဆစ်တော်လှန်ရေးကာလ

ဤနေရာ၊ ဤဒေသတွင် ခေါင်းချခဲ့ရပြီး ဖြစ်သည်။ မေမေ့၏ ချစ်လင်သည် ဖက်ဆစ်ကို တော်လှန်ရင်း ဤရွာ၊ ဤမြို့၊ ဤဒေသတွင် အသက်စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်။ ထိုစဉ်က "သူ" အသက် အခါလည်ပင် မပြည့်သေး။

မေမေဘာကို ကြည်နူးဝမ်းမြောက်နေပါလိမ့်။ မေမေဘာကို လွမ်းဆွေးတမ်းတ နေပါလိမ့်။

"သူ" စိတ်နှလုံးတွင်တော့ ဖြတ်သန်းခဲ့ရချိန်များကို လွမ်းမော လိုက်မိသည့် တစ်ခဏတွင် "မမှောင်သောအလင်းနှင့် ပွင့်လင်းသောလေ တို့အား တအား မြင်ချင်ရှုချင်" နေမိသည်။

**မျက်မှောက်ကမ္ဘာကြီးတွင် လောကသားတို့အတွက် အခွင့်အလမ်းများ ပွင့်လန်း လာတော့မည်ဟု မျှော်လင့်သူများ မျှော်လင့်ကြသည်။ ကြီးမားရှုပ်ထွေးသော စိန်ခေါ်မှုများ များပြားစွာ ရှိနေသည်ကတော့ မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။ မည်မျှမှိုင်းရှင်းပွင့်လင်းစွာဖြင့် ခေါင်းဆောင်မှု ပေးနိုင်ကြမည် ဆိုသည်ကတော့ ခန့်မှန်းရခက်မည် ထင်ရသည်။**

Globalizationဆိုသည့် ပေါက်ကွဲသံ၏နောက်တွင် ပြောင်ပြောင် တင်းတင်းတစ်မျိုး၊ ပုန်းလျှိုး ကွယ်လျှိုး တစ်ဖုံရှိနေသော ကြီးမား သည့် အာယာတများ၊ ပြဿနာများ ဖြေရှင်းမှု ပုံစံသစ်များက ပူလောင် နေဆဲ၊ အချို့ကတော့ သမူဟနှင့် ဝိရောဓိတို့ ပေါင်းစပ်ပါဝင် နေသည် ဟု မြင်ကြအကဲခတ်ကြ၊ကောက်ချက် ဆွဲကြသည်။ မည်သို့ဆိုစေ "သူ" နှင့် "သူ"တို့၊ ပြီးတော့ သူတို့၏ မျိုးဆက် ကတော့ ကမ္ဘာတစ်ဝန်း ဆက်စပ် ဖြစ်ပေါ်စေခြင်း လှိုင်းကိုစီးလျက် မြန်မာ့လူ့ဘောင်၏ ခရီးကိုဆက်ကြ ရဦးမည်။

ငြိမ်းချမ်းသော လောကလူသား၏ လောကအမြင်တစ်ရပ်ဖြင့် လူ့ဘောင်အဖွဲ့အစည်း၏ ယဉ်ကျေးမှုများ၊ လူနေမှု ဘဝပုံစံများ၊ ယုံကြည် ကိုးကွယ်မှုနှင့် အာသီသများကို နည်းပညာသိပ္ပံပညာနှင့် လူမှု





ဆက်သွယ်ရေး လမ်းကြောင်းသစ်များက ဖြည့်ဆည်းနိုင်ကောင်း၏ဟု "သူ"တောင့်တမိသည်။ ဖြတ်သန်းရဦးမည့် အချိန်၊ အနာဂတ်၏ လှုပ်ရှား ထိုတ်ခတ်လာမည့် လေနုအေးကို "သူ" မျှော်လင့်ရင်း၊ မျှော်ကိုးရင်း၊ ဆောင်ရမ်း ရှုရှိုက်နေမိသည်။

"သူ" အားရပါးရ သက်ပြင်း တစ်ချက်ကို ရှူထုတ်လိုက်သည်။ မိခင်၏ မျက်နှာကို ကြည်နူး နှစ်သက်စွာ "သူ" မော့၍ကြည့်လိုက်သည်။ "မေမေ့" မျက်နှာတွင် ပေါ်လွင်နေသည်ကတော့ မေမေသည်"အတိတ်"ကို ဖြတ်သန်းဆဲ - - - -။

ထိုခဏ၌ သူ၏နှလုံးသားတွင် အနာဂတ်တောင့်တမှုများ နှင့်အတူ ကဗျာရေးသူ "နွေရွှက်နုဝေ"၏ "ပွင့်လင်းသောလေ" ကဗျာ သံစဉ်က ညင်သာစွာ ဖြတ်သန်းသွားသည်။

- "မမှောင်သောအလင်း၊ ပွင့်လင်းသောလေ၊
  အခြေမှိုရှင်း ရင်းတွင်းဗိဇ၊
  ချစ်ခဲ့ရသည့် အမြင်များ- - - -။"

- "အဖထွန်ရေးငင်၊ မိခင်ထမင်းပို့၊
  ကိုးတို့ရှင်စွာ၊ တေးသံသာဆိုလျက်၊
  ထနောင်းခက်၊ ထန်းရွက်တို့ ရယ်မော၊
  ယာတောထိပ်က တမာတန်း၊
  အဘိုးခေါင်းချတဲ့နေရာ၊
  နယ်ချဲ့တော်လှန်ရေး ကာလ။"

- "တမာရနံ့သင်း၊ ငါ့အချင်းမြှုပ်၊
  တဲကုပ်ဘေးက ရေကန်၊
  ဖက်ဆစ်ကို တော်လှန်ရင်း၊ စစ်အတွင်းမှာ၊
  ချစ်ခြင်းများစွာ၊ အကြင်နာအနမ်းနဲ့၊
  ထားရစ်ခဲ့တဲ့ အဖေ၊ ငါနဲ့အမေကို၊
  ဖေဖေခေါင်းချ၊ တိုက်ပွဲကျခဲ့တဲ့နေရာ၊

ဘူမိနက်သန်ပါလား။"

❁ "တောင်ကမူခင်တန်း၊ ချိုးကူသံပြန့်စဲ၊
စိတ္တဇအိပ်မက်၊ တွေပျက်လွင့်စဉ်၊
"အဘိုး" နဲ့ "အဖေ့" ရင်ခွင်၊ အမြင်ရိုးရှင်း၊
ငါရင်တွင်းက အတိတ်၊ နိမိတ်ထင်ထင်၊
ငါဆင်ခြင်မိ၊
ငါ၏ဗီဇ ငါချစ်ရသော၊
"မမှောင်သောအလင်း၊ ပွင့်လင်းသောလေ"၊
ငါမြင်ချင်မိ၊ ရှုချင်မိ၊
ဖြတ်သန်းရမည့်နှစ်တွေ"။

မည်သို့ရှိစေ၊ သမိုင်း၏ ဗီဇသည် မြန်မာ့လူ့ဘောင်၌ ရှင်သန်နေဦးမည်၊ လှုပနေဦးမည် ထင်ရှားနေဦးမည်၊ ဆိုသည်ကတော့ မေမေ့ပုံရိပ်၊ "သူ"ပုံရိပ်နှင့် မျိုးဆက်တို့၏ပုံရိပ်၌ အထင်ကရဖြစ်တည်နေသည်ကို "သူ"မြင်တွေ့ လိုက်ရလေပြီ။

× × × × ×





အပိုင်း (၅)

**ရည်မှန်းချက်အမျိုးမျိုး**

မည်သို့ရှိစေ သမိုင်းဗီဇသည် မြန်မာ့လူ့ဘောင်၌ ရှင်သန်နေဦးမည်၊ လှုပနေဦးမည်၊ ထင်ရှားနေဦးမည်ဆိုသည်ကတော့ "မေမေ့" ပုံရိပ်၊ "သူ" ပုံရိပ်နှင့် မျိုးဆက်တို့၏ ပုံရိပ်၌ အထင်ကရဟု သူမြင်တွေ့လိုက်ရလေပြီ။

"သူ" အထင်ကရ မြင်တွေ့လိုက်ရသည့် သမိုင်းဗီဇသည် မြန်မာမှု၏ သမိုင်း၊ မြန်မာမှု၏ ဗီဇဖြစ်သည်။ မြန်မာမှု၏ သမိုင်း၊ မြန်မာမှု၏ ဗီဇ ဇာတိပုညဂုဏ်မာနတို့ နိုးထရှင်သန်ခဲ့ရာ ဘူမိနက်သန်ဖြစ်သည်ဟု သူခံစားရသည်။

ဤဖြတ်သန်းချိန်သည် ရာစုနှစ်၊ ထောင်စုနှစ်တို့ကို ကျော်လွှားခဲ့ပြီးပြီ။ ယခုတော့လည်း ထောင်စုသစ်အား ဖြတ်သန်းရန် တာစူလျက် ထွပ်ရှားလျက် ရဲရင့်တည်ကြည်ခံ့ထည်စွာဖြင့်။

ထူးခြားသည်က "သူ"ကိုယ်တိုင် ဘဝလမ်းကြောင်းသစ်တစ်ခု၏ အစတွင်ရောက်နေခြင်းဖြစ်သည်။ ထောင်စုသစ်တွင် ဖြစ်ပေါ်လာမှုအပေါ် စိန်ခေါ်နေသည့် လူမှုစီးပွားရေးဘဝ၊ ယဉ်ကျေးမှု၊ ပညာရေးနည်းပညာနှင့် အင်အားပြည့်ခြိမ်းခြောက်မှုများ၊ မည်သို့ရှိစေ လောကအမြင်သစ်သည် စိန်ခေါ်မှုများအား တန်ပြန်စိန်ခေါ်နိုင်ရန် အတွက် "သူ"နှင့် "သူ"၏ မျိုးဆက်အတွက် ပဓာနစွမ်းအားဖြစ်သည်ဟု "သူ"မြင်လိုက်သည်။

လူတိုင်း၊ သတ္တဝါတိုင်းသည် မျှော်လင့်ချက်၊ မျှော်မှန်းချက်ဖြင့် အသက်ရှင်နေခြင်းဖြစ်သည်။

မျှော်လင့်ချက်၊ မျှော်မှန်းချက်များကလည်း အမျိုးမျိုးရှိကြမည်။ အချို့ကတော့ မိုးမိုးရှင်းရှင်းလေး၊ အချို့ကတော့လည်း ဆန်းဆန်းပြားပြား၊ အချို့ကတော့လည်း လောကီ သက်သက်၊ အချို့တော့ လောကုတ္တရာအတွက်၊ အချို့ရောလျက် လောကီအလုပ်၊ လောကုတ္တရာအလုပ်ကို ဟန်ချက်ညီညီညှိ၍ (Balance လုပ်လျက်) ခရီးဆက်နေကြသည်။

အချို့က ရေရှည်ရည်မှန်းချက်ထား၏၊ အချို့က ရေတိုရည်မှန်းချက်ထား၏။ အချို့၏ရည်မှန်းချက်သည် နိမ့်နိမ့်လွယ်လွယ်၊ အချို့၏ မျှော်မှန်းချက်သည် မြင့်မြင့်မားမားခက်ခက်ခဲခဲ။ မည်သို့ရှိစေ မျှော်လင့်ချက်ဖြင့် ဘဝကို ဖြတ်သန်းနေကြခြင်းသာဖြစ်သည် မဟုတ်ပါလား။

အိပ်ရာဝင်ခါနီးတွင် မေမေ့ကို "သူ" ဦးခိုက်ကန်တော့သည်။ မေမေနှင့် "သူ"တွင် မပြောဖြစ်သော စကားများ များစွာ ရှိနေသေးသည်။ မပြောဖြစ်ကြသေးခြင်း၏ နောက်ခံတွင် နက်ရှိုင်းသော ခံစားမှုနှင့် ဖြစ်စဉ်များ ရှိနေသေးသည်ဟု "သူ"ထင်သည်။

မေမေက "သားရဲ့ဆန္ဒနဲ့ ရည်မှန်းချက်များ အောင်မြင် ပြီးမြောက်ပါစေ"ဟု ဆုပေးသည်။ ထိုအခိုက် "သူ"၏နှလုံးဘဝင်အား လေနုအေးတို့ ညင်သာစွာတိုးဝှေ့သွားသလို ခံစားလိုက်ရသည်။ "မောင့်ဆန္ဒ၊ မောင့် ရည်မှန်းချက်များ ပြည့်ဝမှာပါ"ဟူ၍ "သူ"ဘဝ တစ်ဆစ်ချိုးခိုက်၊ အမှောင်မိုက်ဆုံးကာလတွင် တိုးတိတ်ညင်သာစွာသော စကားကိုလည်း ကြားခဲ့ရပြီး ဖြစ်သည်။ ထိုစဉ်က ထိုမိန်းကလေးကို "လမ်းပြတဲ့ ကြယ်တာရာကလေး"ဟု သူတင်စားခဲ့ဘူးသည်။

ခုတော့ လမင်းကြီးရယ်၊ လမ်းပြတဲ့ကြယ်တာရာရယ် စုံပြီဟု ခံစားလိုက်ရသည်။ ဝင်းလက်သွားသော သူ၏ မျက်နှာကို မေမေက စေ့စေ့ကြည့်ပြီးပြုံးနေသည်။ မေမေက အလိုလိုသိနေသည် ထင်၏။ "သားမှာ ပါရမီဖြည့်ဖက်၊ သားကိုပါရမီဖြည့်မည့်သူတွေ့နေပြီ" ဟု မေမေက တောက်ကိန်းထုတ်၏။ အားရရွှင်လန်းမှုတို့ဖြင့် "သူ"သည် အိပ်ရာဝင်ရန် မေမေ့အား ပြုံး၍ နှုတ်ဆက်သည်။ ပြည့်ဝနေသော စိတ်အင်အားတွင်





ခွင့်လွှတ်ခြင်း၊ ပေးဆပ်ခြင်း၊ရဲရင့်ခြင်း၊ ပြတ်သားခြင်းနှင့် တည်ကြည်မှုတို့ ပြည့်နှံနေသည်။

ဤအပြုံး၊ ဤမျက်နှာကို မေမေက အားပါးတရ ကြည့်နေစဉ် မှာပင် ကပ်လျက် ရှိသည့် အိပ်ခန်းဘက်သို့ လှည့်၍ဝင်ခဲ့သည်။

**e-Education သို့ ဘုန်းကြီးကျောင်းပညာရေး ပို့ဆောင်ပေး**

ရာသီဥတုက အေးစိမ့်စိမ့်ရှိနေသည်။ ရန်ကုန်မြို့တော်က အိပ်ခန်းများ ဆိုရင်တော့ ပြတင်းပေါက်တံခါးဖွင့်ချင်ဖွင့်၊ လေအေးပေးစက်ကို ခပ်ပါးပါးလွှင့်ချင်လွှင့်၊ မည်သို့ရှိစေဦး၊ အညာလောက်တော့ ခိမ်ကျမည်ဟု "သူ"မထင်။

ဤအခန်းလေးသည် ဖေဖေ၊ မေမေနှင့် "သူ" အတူနေခဲ့ အိပ်ခဲ့သည့် အခန်းလေးဖြစ်သည်။ ဘာမျှမပြောင်းလဲ၊ တစ်ခုတော့ရှိသည် ယခင်ကအောက်ခံမြေကြီး၊ ယခုတော့ သမံသလင်း၊ ယခင်ကသက်ငယ်မိုး ယခုတော့ သွပ်မိုးပြီး ဝါးထရံဖြင့် မျက်နှာကြက် တင်ထားသည်။ ပြီးတော့ ဆေးဖြူလေးသုတ်လို့၊ အခန်းတွင်း စာကြည့်စားပွဲလေးတစ်လုံးနှင့် ကုလားထိုင်တစ်လုံးရှိသည်။ စားပွဲပေါ်မှာ "သူ"ရွှေမြို့တော်က ထွက်လာစဉ် ပါလာသည့် စာအုပ်တစ်ချို့နှင့် ဖယောင်းတိုင်၊ မီးခြစ်၊ ဝဲဘက်မှာတော့ ဖေဖေ့လက်ထက်ကတည်းက စုဆောင်းထားခဲ့သည့် စာအုပ်များ ခိုနားလျက်ရှိရာ ဗီရို ၂ လုံး။

"သူ" မအိပ်ချင်သေး။ တကယ်တော့လည်း ဤအချိန်သည် "သူ"ဘဝသက်တမ်းတစ်လျှောက်၏ အိပ်ချိန်လည်းမဟုတ်ခဲ့။ စာကြည့်စားပွဲသို့ "သူ"ဝင်ထိုင်လိုက်သည့်အချိန် "လေသာကျောင်းမှ ကြေးစည်သံကို ကြားရသည်။ ကြေးစည်ထု၍ အမျှဝေခြင်းတည်း"။

" အို--- ထူးခြားလိုက်သည့် မြန်မာမှု "။

" အို--- ကြီးကျယ်မြင့်မြတ်လိုက်သည့် မြန်မာမှု " ဟု "သူ" ခံစားလိုက်မိပြန်သည်။

" လောကကောင်းကျိုး၊ ပြုပြုသမျှ ကောင်းမှု၊ ကောင်းကျိုးရလဒ်အားလုံးကို ကြားသိနိုင်သမျှ သတ္တဝါအားလုံး၊ ရကြပါစေ၊ မျှဝေခံယူခံစားကြပါစေ " ဆိုသည့် စိတ်စေတနာ ပြဋ္ဌာန်းမှု၊ ခွင့်လွှတ်ခြင်း၊ ပေးဆပ်ခြင်းများ၊ များစွာနဲ့ပါလား။

"သူ"သည် လေးနက်သော စူးစိုက်မှုဖြင့် အတူတကွ အမျှဝေရင်း သာဓုခေါ်လိုက်သည်။

**ဗုဒ္ဓယဉ်ကျေးမှု အဆုံး အမဖြင့် ကြီးပြင်းရှင်သန်ကြရာမြန်မာတိုင်း၏ စိတ်နှလုံးနှင့် ခံယူမှုတွင် ဘဝရှင်သန်မှု သက်သက်ထက်၊ အကုသိုလ်ကင်းသော ရှင်သန်မှုက နေရာယူထားသည်။ တစ်နည်းအားဖြင့် မင်္ဂလာ ၈ ပါး ပြဋ္ဌာန်းသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရား ၄ ပါး ကို အခြေခံထားသည်၊ နယ်နယ်ရရ စိတ်နှလုံးများမဟုတ်ကြ၊ တကယ့်လူသား၊ အာဂမြန်မာများလို့သာ ဆိုရမည်ဟု "သူ" ခံစားတွေးတောနေမိသည်။**

"သူ"သည် တောင်စဉ်ရေမရ တွေးနေမိသည်။ နေဝင်ရိုးရီအချိန်က လေသာဘုန်းကြီးကျောင်းသို့ သူဝင်ခဲ့သည်။ ဆရာတော်ဦးဝိမလကို "သူ"ဖူးတွေ့ခဲ့သည်။ လောကီကိစ္စအနည်းငယ် ပြောဖြစ်သည်တွင် " မြန်မာမှုနှင့် စပ်လျဉ်းပြီး လူတွေလွယ်လွယ်ပြောနေကြတယ်။ မြန်မာမှုဆိုတာက ဗုဒ္ဓအဆုံးအမနဲ့ ရှင်သန်ရာ စိတ်နှလုံးကွ၊ ဒကာကြီး " ဟု ပြတ်ပြတ်သားသား မိန့်လိုက်သည်။ "စိတ်ကောင်းနှလုံးကောင်းလည်း မထားနိုင်၊ ဘယ်ဟာဖြင့် ကုသိုလ်စိတ်၊ ဘယ်ဟာဖြင့် အကုသိုလ်စိတ်၊ ဘယ်ဟာဖြင့် တရားတယ်၊ ဘယ်ဟာဖြင့် မတရားဘူးဆိုတာတောင်ခွဲမသိ၊ သိပြန်တော့လည်း မရှောင်နိုင်ကြဘဲ မြန်မာမှု၊ မြန်မာမှုနဲ့တယ်လည်း ဝမ်းနည်းစရာကောင်းသကွ" ဟု ဆရာတော်ကဆိုသည်။

**" လောက ကို ထိန်းကျောင်းဖို့ လိုပြီနော်၊ ဒကာကြီး " တဲ့။ " လောကကို ထိန်းကျောင်းတဲ့နေရာမှာ ဟီရိ တရား၊ ဩတ္တပ္ပတရား နှစ်ပါး ရှိသကွာ၊ မကောင်းမှုပြုရန်ရှက်ခြင်း၊ မကောင်းမှုပြုရန် ကြောက်ခြင်းပေါ့၊**





**အဲဒါလောကပါလတရားပဲ။ ခုတော့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးလုံးနဲ့ မဟုတ်တာ မှန်သမျှ အကုန်လုံးလုပ်ရဲကိုင်ရဲ၊ ပြောရဲဆိုရဲ၊ စိတ်ကူးရဲမှ လူရာဝင်သကွ၊ ဒါမှ လူတွင်ကျယ်ဖြစ်တာကို ဒကာကြီး၊ လူကို လူ ပီသအောင် လုပ်ပေးနိုင်တဲ့ ယဉ်ကျေးမှုတို့ ဘာသာတရားတို့ကို ဗေ့ါပေါ့တန်တန်ထားလို့ မရဘူး၊ ဦးစားမပေးလို့ မရဘူး " ဟု ဆိုသည်။**

"ငါ့အမြင်တော့ ဈေးကွက်ဝင်အောင် ကြိုးစားလုပ်ကိုင်နေလိုက်ကြတာ ငရဲမေ့နေကြတယ်ထင်ပါ့၊ မင်းတို့ပြောပြောနေတဲ့ သတင်းနည်းပညာခေတ် ( Information Techonology )၊ သိပ္ပံပညာ၊ နည်းပညာနှင့် ( e-Education )ခေတ်တို့မှာ ယဉ်ကျေးမှုမျိုးစုံ တွေးရောယှက်တင်တွေ များလှသကွ " ဟု ဆရာတော်က ဆိုပြန်ပါသည်။ " ချမ်းသာချင်ကြလွန်းလို့၊ ကြီးပွားချင်ကြလွန်းလို့ အမျိုးမျိုး လုပ်ကြသကွာ၊ တရားတာရော၊ မတရားတာရော၊ ကာမဂုဏ် လောကီအာရုံတွေကလည်း များသနဲ့လူမည်ကာ မတ္တလူတွေ များလာပြီ ထင်မိတာပဲ " ဟု မိန့်ပြန်သည်။

"သူ" ဘာမျှမလျှောက်ထားချင်၊ မပြောချင်မိခဲ့။ နောက်ဆုံးတော့ ဆရာတော်သည် အားမလိုအားမရရှိလာသည် ထင်ပါ၏။ " ဒကာကြီး Before the annexation of Myanmar by the British the monastries kept the torch of learning alight " ကွဟု ပြောချလိုက်သည်။

" ဒီတော့ ဟိုကောင် မြတ်ထွန်း၊ တို့ငယ်သူငယ်ချင်း ထန်းလျက်ခွဲစားလုပ်နေတဲ့ ကောင်ပြောသလိုပေါ့ကွာ၊ စက်ရုပ်(ရိုဘော့) နှစ်ကောင်လောက်များ တွက်ခြေကိုက်ရင်ဝယ်ပြီး ထန်းတက်ခိုင်းရကောင်းမလားဆိုသလိုပေါ့။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဆိုတယ် မဟုတ်လား။ နည်းပညာ သိပ္ပံပညာတွေနဲ့ e-Education သာ မြန်မာမှုကို ပြဋ္ဌာန်းတဲ့ စိတ်ဓါတ်နဲ့ ဖြန့်ကြက်လိုက်ရရင်၊ အင်း--- လူပီသတဲ့ လူတွေခေတ်မီ တိုးတက်မှုနဲ့ ငြိမ်းချမ်းမှုတွေ ပြည့်နေလိုက်မယ့်ဖြစ်ခြင်း မင်္ဂလာရှိ လိုက်မယ့်ဖြစ်ခြင်း" ပါတဲ့။

"သူ" သည် ဆရာတော်၏ စေတနာ ဆန္ဒနှင့် အမြင်အပေါ်

အတွေးချဲ့နေမိသည်၏ တစ်ခဏတွင် လေးနှစ်ပင် မပြည့်သေးဘဲ တရုတ်သိုင်းကားထဲက ခြေကားယား လက်ကားယား သိုင်းကွက်ဖြင့် အဘိုးအား ဖိုက်တင်ချရန်ပြင်ရင်း Chellenge လုပ်နေသော၊ T.V Game မကစားရသဖြင့် ဂျစ်တိုက်နေသော " ဖိုးမြေး "၊ သူ၏ တစ်ဦးတည်းသော "ဖိုးမြေး"နှင့် သူတို့ခေတ်အကြောင်းအတွေးက ရုတ်ချည်းဝင်လာလေသည်။

Market Economyက Globalizationကို မွေးထုတ်ပေးလိုက်ခြင်းလော၊ Information Technology ကပင် Globalization အား မွေးထုတ်လိုက်ခြင်းလော၊ ခေတ်မီနည်းပညာ သိပ္ပံပညာကပင် Globalization ကို မွေးထုတ်ပေးလိုက်ခြင်းလော၊ ပေါင်းစပ်ပါဝင်လာသော တတိယလှိုင်း ( The Third Wave )ကြောင့်လော၊ အငြင်းပွားရန် မရှိဟု "သူ" မြင်မိသည်။ မည်သို့ရှိစေ ကမ္ဘာပြုမှုအစဉ် Globalization ဆိုသည်ကတော့ မုန်တိုင်းပမာ၊ နေရာအနှံ့၊ ဒေသအနှံ့၊ နိုင်ငံအနှံ့၊ အကာအရံမဲ့ ဝင်လာပြီဖြစ်သည်။

လူတန်းစားအလွှာပေါင်းစုံ၊ အရွယ်ပေါင်းစုံ၏ ရင်ခုန်သံသည် ကမ္ဘာပြုမှုစည်းချက်ဖြင့် လှုပ်ရှားနေကြသည်ဟု "သူ" ထင်သည်။

ဤတွင် Internet, Website, Cyber Space, e-Commerce, e-Education အချုပ်ကတော့ "ပညာ" ၏ ဦးဆောင်မှုကာလ၊ ဤပညာ၏ အခန်းကဏ္ဍကို မျိုးဆက်တို့ အခြေချကြပြီဆိုသည်ကတော့ အထင်းသား ရှိနေသည်။ **ဤကဏ္ဍဖြင့် ဤကာလထောင်စုသစ်ကို "သူ"၏ တစ်ဦးတည်းသော "မြေး" သည် မြန်မာမှု၏ ကိုယ်ခံစွမ်းအားမည်မျှ မြင့်မြင့်မားမားဖြင့် ထောင်စုသစ်ဦးကာလကို ဖြတ်သန်းသွားမည် ဆိုသည်ကတော့ ခန့်မှန်းရခက်သည်။ မည်သို့ဆိုစေ ခန့်မှန်းရခက်သော ဝိုးတဝါးအခြေအနေများကိုပင် သဲကွဲအောင် တည်ဆောက်ပေးရန် "သူ" နှင့် "သူ" ၏ မျိုးဆက်တွင် တာဝန်ရှိနေကြောင်း မြင်တွေ့လိုက်ရသော တစ်ခဏ၌-----၊**

**"သူ" အိပ်မပျော်တော့ - - - -။**

x x x x x





အပိုင်း (၆)

**မမေ့ကောင်းသော အတိတ်**

"သူ"၏ "မြေး"သည် မြန်မာမှု၏ ကိုယ်ခံစွမ်းအား မည်မျှ မြင့်မြင့်မားမားဖြင့် ထောင်စုသစ်ဦးကာလကို ဖြတ်သန်းသွားမည် ဆိုသည်ကတော့ မှန်းရခက်သည်။ မည်သို့ဆိုစေ ခန့်မှန်းရခက်သော ဝိုးတဝါးအခြေအနေများကိုပင် သဲကွဲအောင် တည်ဆောက်ပေးရန် "သူ" နှင့် "သူ"၏ မျိုးဆက်တွင် တာဝန်ရှိနေကြောင်း တွေးမိလိုက်သည့် တစ်ခဏ၌ - - - - "သူ" အိပ်မပျော်တော့။

"သူ" အိပ်မပျော်နိုင်ခြင်းသည် သူ၏ ဘဝ၊ သူ၏ တာဝန် မကျေပွန်ဖြစ်မည်ကို စိုးရိမ်နေခြင်းကြောင့် ဖြစ်သည်။ သူသည် တာဝန်ကျေချင်သည်။ လူ့ဘဝ၊ လူတစ်ယောက်အနေဖြင့် မြန်မာနိုင်ငံသား တစ်ယောက်အနေဖြင့် သူ၏ တာဝန်ကျေပွန်မှု သေပျော်မည်ဟု "သူ" ခံစားနေသည်။

"သူ"တွင် အမေဘက်က အဘိုးရှိသည်၊ အဖေ့ဘက်က

အဘိုးလည်း ရှိခဲ့သည်။ "အဖေ" ဘက်က အဘိုးနှင့် သူ၏ ဘထွေးသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး ကာလတွင် ဘူမိနက်သန် တစ်နေရာတွင် အသက်ပေးရ၍ ကျဆုံးခဲ့ပြီ။ သူ၏ အမေဘက်က အဘိုးနှင့် သူ၏ အဖေသည်လည်း ဖက်ဆစ်တိုက်ဖျက်ရေးကာလ၌ပင် သူ၏ ချက်မြှုပ်နေရာ ဤနေရာ ဤဒေသတွင် အသက်ပေးလှူသွားခဲ့ကြပြီ။

သူတို့ တာဝန်ကျေခဲ့ကြပြီ။ မြန်မာ့လူ့ဘောင်ကို ကိုယ်စားပြု၍ သွေးဖြင့်၊ အသက်ဖြင့် သမိုင်းကို ရေးထိုးခဲ့သွားကြပြီဖြစ်သည်။

"သူ" တွေးနေမိသည်။

လူ့ဘောင်၏ သမိုင်းကြောင်းတစ်လျှောက် ကောင်းမွေများလည်းရှိမည်၊ ဆိုးမွေများလည်းရှိမည်၊ ထို့အတူ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း ကောင်းမွေများလည်းရှိမည်၊ ဆိုးမွေများလည်း ရှိမည်။

**တိုင်းနိုင်ငံတိုင်း၊ တိုင်းနိုင်ငံတိုင်းတွင် ကောင်းမွေ၊ ဆိုးမွေ ရှိကြသည်။ မည်သို့ရှိစေ ဖန်တီးနိုင်စွမ်းရှိသူ၊ ဖန်တီးနိုင်သူတိုင်း လုပ်ပိုင်ခွင့်ရှိ၍ လုပ်ကိုင်နိုင်သူတိုင်းကတော့ ကောင်းသော အမွေပေးဖို့ လိုမည်ဟု "သူ" ထင်သည်။**

"သူ"သည် "သူ" ၏ မြေးနှင့် စပ်လျဉ်းလျက် ဝေဒနာတစ်ခုကို ခံစားနေမိစဉ် တိုကျိုမြို့တစ်နေရာ၌ "သူ" နှင့် နီရှီဇာဝါ Nishizawaတို့ ညဉ့်နက်သန်းခေါင် စကားလက်ဆုံကျခဲ့စဉ်က ပြောဖြစ်ဆွေးနွေးဖြစ်ခဲ့ကြသည့် အကြောင်းအရာတို့က သူ၏ အတွေး၌ တိုးဝင်ဖြတ်သန်းသွားသည်။

မ ဝေး ကွာ လှ သော အတိတ်ဖြစ်ရပ်ဟု"သူ" ခံစား မိသည်။ ၁၅ ရာစု၊ ၁၆ ရာစုတွင် ကမ္ဘာ့အနောက်ခြမ်း ဥရောပလူ့အဖွဲ့ အစည်းတွင် အဓိကကျသော ဖြစ်ရပ်တစ်ခုက ဦးစွာရောက်လာခဲ့သည်။ "ရီနေးဆန်" ခေါ် ပညာပြန်လည်ထွန်းကားမှု ဖြစ်စဉ်ဖြစ်သည်။ ပညာပြန်လည် ထွန်းကား လာခြင်းကြောင့် ဥရောပ၌ စာပေအနုပညာများ





ရှေ့တန်းရောက် လာခဲ့သည်။ ရှေးစာပေများကို လေ့လာခြင်းက စိတ်ဓါတ်အသစ် များကို မွေးဖွားပေးခဲ့သည်။ အဓိက နှင့် အပြုဒ္ဓာန်းဆုံးမှာ စူးစမ်းလိုစိတ်နှင့် စွန့်စားသွားလာလိုစိတ်တို့ ရှင်သန်လာခဲ့ခြင်း ဖြစ်သည်။

အခြေခံကျသော ရှေးခေတ်သိပ္ပံပညာ၊ အလယ်ခေတ်သိပ္ပံပညာ၊ ရီနေးဆန်ခေတ်၊ သိပ္ပံခေတ်တို့သည် သူ၏ ဦးနှောက်ကိုပို၍ တွေးစေသည်။ "သူ" ဆက်၍တွေးနေမိသည်။

စူးစမ်းလေ့လာမှုများကြောင့် ကမ္ဘာသည် အပြားမဟုတ်၊ အလုံးကြီးဖြစ်၏ ဆိုသည့် အယူအဆအမြင်ပြောင်းခြင်းများ၊ ဘာသာတရားဘက်တွင် ခရစ်ယာန်ဘုန်းတော်ကြီးများ၏ ဟောပြောသော တရားဓမ္မ အပေါ် စူးစမ်းခြင်းများနှင့်အတူ ခရစ်ယာန်ဘာသာရေးတွင် ရိုမန်ကက်သလစ်နှင့် ပရိုတက်စတင့် ဂိုဏ်းဟူ၍ ပေါ်ပေါက်ခြင်းများ ရှိလာ ခဲ့သည်။

စွန့်စားလိုစိတ်ကြောင့်လည်း ဥရောပသားတို့သည် အိန္ဒိယ၊ တရုတ် စသည့် ကမ္ဘာ့အရှေ့ဖျား နိုင်ငံများသို့ ရေလမ်းခရီးဖြင့် ရောက်လာခဲ့ကြသည်။ ရေ၊ မြေအသစ်များဖြစ်သည့် မြောက်အမေရိက၊ တောင်အမေရိကများသို့လည်း ရောက်လာနိုင်ခဲ့ကြပြီး တိုင်းသစ်ပြည်သစ်နိုင်ငံသစ်များဖြင့် ဆက်သွယ်မိခဲ့ကြသည်။

ဤအကြောင်းအရာများနှင့် နီးနွယ်လျက် စပိန်တို့သည် အမေရိကတိုက်တွင် နယ်ချဲ့ခဲ့ကြပြီး၊ ကိုလံဘတ်ရှာဖွေတွေ့ရှိခဲ့သည့် ကာရစ်ဘီယန်ပင်လယ်ရှိ အနောက်အိန္ဒိယကျွန်းကြီး၊ ကျွန်းငယ်များနှင့် မက္ကဆီကို ပီရူးနယ်များ သိမ်းသွင်းခံခဲ့ကြရသည်။ ပေါ်တူဂီတို့အနေဖြင့် ထိုစဉ်က အိန္ဒိယနှင့် တရုတ်ပြည်နယ်မြေဒေသအထိ ရောက်ရှိ နယ်ချဲ့ခဲ့သည်။

"သူ"သည် အတွေးနယ်ချဲ့နေမိသည်။

ထောင်စုသစ်ကူးပြီ။ လူ့သဘောသဘာဝကဖြင့် မပြောင်း။ ရာစုနှစ်တွေဖြတ်ကျော်သွားသည်။ ရာသီတွေလည်းပြောင်း၍ အဟောင်းကိုစွန့်လျက် အသစ်အသစ်တို့ ပေါ်ပေါက်လာသည်။ ဤကား

လောက၏ နိယာမတည်း။

၁၇ ရာစု၏ ဖြစ်စဉ်တို့က စောင့်မနေပါ။ သူ၏ အတွေးတွင် တစ်ဆက်တည်း ရောက်လာသည်။ ဇာတ်လမ်းအသစ် အတွေးသစ်၊ အမြင်သစ်လောဟု သူစိတ်ဝင်စားမိသည်။ မထူးပါ။ ပေါ်တူဂီ၊ ဒတ်ချ်၊ အင်္ဂလိပ်၊ ပြင်သစ်စသည့် အနောက်နိုင်ငံသားတို့သည် အိန္ဒိယ၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ တရုတ်၊ ဂျပန်၊ ကမ္ဘာ့အရှေ့ဖျားနိုင်ငံများတွင် စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေးတို့ လွှမ်းမိုးရန် အားထုတ်လုပ်ဆောင်ခဲ့ကြသည့် ဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့သည်။

ပါရှားအလယ်ပိုင်းနိုင်ငံများဖြစ်သည့် အီဂျစ်၊ ပရပ်ရှားနှင့် အာရပ်နိုင်ငံများတွင်လည်း ဘာသာစာပေ၊ ယဉ်ကျေးမှု၊ စီးပွားရေး ထိုးဖောက် ဖြန့်ကြက်မှုများစွာ တွေ့ရသည်။

ပါရှားပြည်သည် ၁၃ ရာစုအချိန်က တူရကီလက်အောက်ခံ ဖြစ်ပြီး ၁၄ ရာစုမှာတော့ တာမလိမ်း( Tamarlane ) ခေါင်းဆောင်သည့် မောင်ဂွတ်လူမျိုး( Mongol )တို့ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခြင်း ခံခဲ့ရသည်။ ၁၅ ရာစုအကုန်လောက်ရောက်မှသာ အစ္စမေးလ်( Ismail) အမည်ရှိ ပါရှားမင်းသားတစ်ပါးကို "ရှား" ("Shah )ဘွဲ့ပေးပြီး အင်အားတည်ဆောက်နိုင်ခဲ့သဖြင့် မင်းဆက်သည် နှစ်ပေါင်း ၂၅၀ မျှ အုပ်စိုးနိုင်ခဲ့ကြောင်းတွေ့ရသည်။ သို့သော် အင်္ဂလိပ်တို့သည် ပေါ်တူဂီကို မောင်းထုတ်လျက် ပါရှားတွင် ခြေကုတ်ယူခဲ့ပြန်သည် မဟုတ်ပါလား။

ဖြစ်စဉ်တို့က မဆန်းပြား၊ ထိုစဉ်ကပင် အိန္ဒိယ၊ မြန်မာ၊ ယိုးဒယား၊ အာနမ်၊ အင်ဒိုနီးရှား၊ တရုတ်နှင့် ဂျပန်တို့၌ အနောက်နိုင်ငံသားများ ဝင်ရောက်လျက် စီးပွားရေးနှင့် နိုင်ငံရေးထိုးဖောက်အားပြိုင်နေခဲ့ကြသည်။

ဒတ်ချ်နှင့် အင်္ဂလိပ်တို့သည် အင်ဒိုနီးရှားခေါ် အရှေ့အိန္ဒိယကျွန်းများပေါ်မှ ပေါ်တူဂီတို့အား တိုက်ခိုက်မောင်းထုတ်ကြသည်။ တစ်ဖန် ဒတ်ချ်တို့သည် အင်္ဂလိပ်တို့အား မောင်းထုတ်ပြန်ရာ အင်္ဂလိပ်တို့





အိန္ဒိယသို့ ထွက်ခွာသွားရသည်။ ၁၇ ရာစု၏ ထူးခြားသောအချက်မှာ တရုတ်နှင့် ဂျပန်၌ အနောက်နိုင်ငံသားတို့ စီးပွားရေး၊ ရောင်းရေးဝယ်တာ ကိစ္စသာမက နိုင်ငံရေးတွင်ပင် ဝင်ရောက်စွက်ဖက်လာခြင်းဖြစ်သည်။

"သူ"၏ အတွေးစဉ်တစ်လျှောက် ရုပ်ရှင်ဇာတ်လမ်းကောင်း တစ်ခုကို ကြည့်နေ ရသလိုပင် ခံစားရသည်။ ဘယ်လိုများဇာတ်သိမ်း ဇာတ်ပေါင်းမှာပါလိမ့်ဟူ၍လည်း တွေးမိသည်။

၁၈ ရာစုနှစ်တွင်မူ အနောက်နှင့် အရှေ့ဖြစ်စဉ်များက ပို၍ ပီပြင်လာသည်။ နိုင်ငံရေး အတွေးအခေါ်ပြောင်းလဲမှု၊ စက်မှုလက်မှု ပြောင်းလဲမှုနှင့် အတူ အမေရိကန်တော်လှန်ရေး၊ ပြင်သစ်တော်လှန်ရေး၊ စက်မှုလုပ်ငန်းအရေးတော်ပုံများဖြစ်ခဲ့ပြီး အနောက်နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဆက်ဆံရေးအခြေအနေများ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေပြီ။ ဥရောပ၌ သက်ဦးဆံပိုင်စနစ် သိသိသာသာ ယိမ်းယိုင်သွားသည်။ လူတန်းစားခွဲခြားမှု၊ လူ့အခွင့်အရေး၊ လူမှုရေး မတရားမှုများ ပြင်းထန်ခဲ့သည်။ သောမတ်စ်ဟော့၊ ဂျွန်လောက်၊ ဗော်လတဲယား၊ ရူဆိုးစသည့် နိုင်ငံရေး တွေးခေါ်ရှင်များက တော်လှန်ရန် လှုံ့ဆော်ခဲ့သည်။

၁၈ ရာစုတွင် ဩစတြီးယား နှင့် ပရပ်ရှားတို့ စစ်မက်ဖြစ်ပွားခဲ့သည်။ မြောက်အမေရိက၌ အင်္ဂလိပ်ကိုလိုနီများနှင့် ပြင်သစ်ကိုလိုနီများ အားပြိုင်တိုက်ခိုက်ကြရာ အင်္ဂလိပ်တို့ အောင်ပွဲခံသွားသည်။ အိန္ဒိယ၌ အင်္ဂလိပ်နှင့် ပြင်သစ်တို့ စီးပွားရေးနှင့် နိုင်ငံရေးအားပြိုင် ဩဇာဖြန့်ကြက်ရာ အင်္ဂလိပ်တို့ နိုင်ခဲ့ပြန်သည်။

ကမ္ဘာ့အရှေ့ဖျားနိုင်ငံများတွင်မူ ပြင်သစ်တို့သည် အင်ဒိုချိုင်းနားတွင်လည်းကောင်း၊ ဒတ်ချ်တို့သည် အင်ဒိုနီးရှားတွင်လည်းကောင်း ကြီးစိုးခဲ့ပြီး၊ တရုတ်ပြည်တွင်မူ ဥရောပသားတို့ ခြေရှုပ်လွန်းလှသဖြင့် ၁၇၅၇ ခုတွင် ကန်တုံမြို့မှအပ တရုတ်တံခါးများကို ပိတ်ထားခဲ့ရသည် မဟုတ်လား။ ၁၆၄၀ ခုနှစ်မှ စတင်လျက် ဂျပန်တံခါးများ ပိတ်ထားသဖြင့် ဥရောပသားတို့ မရှုပ် နိုင်သေး။ သို့သော်လည်း ဖြတ်သန်းချိန်တွေကတော့

ရောက်လာမြဲပင်။

၁၉ ရာစုသို့ ကမ္ဘာ့လူသားတို့ ဝင်လာခဲ့ကြလေပြီ။ ၁၉ ရာစုတွင်မူ အနောက်နိုင်ငံသားတို့သည် ကမ္ဘာ့အရှေ့ပိုင်းဒေသများတွင် အပြင်းအထန်နယ်ချဲ့ ဗိုလ်ကျစိုးမိုးကြတော့သည်။

အိန္ဒိယတွင် တိုင်းရင်းသားမင်းများ အုပ်စိုးထားသည့် ပြည်နယ်များအား အင်္ဂလိပ်တို့က တိုက်ခိုက်သိမ်းယူလျက် အင်ပါယာထူထောင်အုပ်စိုးကြသည်။ အလားတူ မြန်မာနိုင်ငံအား ရမယ်ရှာလျက် စစ်ပွဲသုံးကြိမ်ဆင်နွှဲပြီး သိမ်းပိုက်လိုက်သည်။

အာနမ်ကိုမူ ပြင်သစ်တို့က ဝင်ရောက်သိမ်းပိုက်လျက် "ပြင်သစ်-အင်ဒိုချိုင်းနား"ကို တည်ထောင်လိုက်သည်။ မာလာယုခေါ် မလေးကျွန်းဆွယ်ရှိ နိုင်ငံငယ်များကိုမူ အင်္ဂလိပ်တို့က ဩဇာလွှမ်းမိုးချုပ်ကိုင်ထားပြီး အင်ဒိုနီးရှားခေါ် အရှေ့အိန္ဒိယကျွန်းကိုမူ ဒတ်ချ်တို့က လွှမ်းမိုးထားခဲ့သည်။ ယိုးဒယားနိုင်ငံကမူ အင်္ဂလိပ်ပိုင် မြန်မာနှင့် ပြင်သစ်ပိုင် အင်ဒိုချိုင်းနားအကြား လွတ်လပ်သောကြားနိုင်ငံအဖြစ် ပါးနပ်လိမ္မာစွာ ရှိနေခဲ့သည်။

တရုတ်ပြည်တွင်မူကား လွန်စွာအရုပ်ဆိုးခဲ့လေသည်။ အနောက်နိုင်ငံသားတို့က တရုတ်အား လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ဖိအားပေး ဗိုလ်ကျလွှမ်းမိုးထားသည်။ ပိုင်းစိတ်ခွဲယူရန် ကြံစည်ဆဲတွင် အမေရိကန်က ဝင်၍ တံခါးဖွင့်ဝါဒကို ကျင့်သုံးစေခဲ့သည် မဟုတ်ပါလား။

ဂျပန်ပြည်အား ၁၈၅၄ ခုတွင် အမေရိကန်တို့က အတင်းဖိအားပေး ခြိမ်းခြောက် အကျပ်ကိုင်လျက် တံခါးဖွင့်ခဲ့သည်။ တရုတ်ပြည်ကဲ့သို့ပင် လွှမ်းမိုးချုပ်ကိုင်ရန် ကြိုးပမ်းဆဲတွင် ဂျပန်သည် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာမှ ခေတ်မီနိုင်ငံ ဖြစ်လာခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းတစ်ဆစ်ချိုးပြောင်းလဲမှုတိုင်းတွင် အကောင်းအဆိုး သင်ခန်းစာယူဖွယ်တို့က အပြည့်ပါလားဟု "သူ" တွေးမြင်နေသည်။ မည်သို့ဆိုစေ ဒုတိယကမ္ဘာစစ်ကာလ၏ ရှိုင်းစိုင်းလှ





စွာသောအဟိတိရစ္ဆာန်တို့ထက်ပင်လွန်ကဲသော ရက်စက်ယုတ်မာမှု ကြမ်းတမ်းခက်ထန်မှုတို့ကို ကမ္ဘာသားတို့ ရင်ဆိုင်ဖြတ်သန်းခဲ့ရပြီ ဖြစ်သည်။ သင်ခန်းစာတို့ကား မေ့ပျောက်ဖွယ်မရှိ။

**နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်တွင် အားပြိုင်မှု၊ ဗိုလ်ကျစိုးမိုးမှု၊ စစ်အေးကာလ၊ အင်အားဖြင့်စွက်ဖက်မှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ စသည်ဖြင့် လူသားကမ္ဘာတွင် ရတက်မအေးရမှုတို့ဖြင့် ၂၀ ရာစုကို ဖြတ်ကျော် ခဲ့ရပြီ၊ လတ်လတ်ဆတ်ဆတ်သာ ရှိသေး၏၊ ယခုတော့ ၂၁ ရာစု တံခါးကို ဖွင့်ခဲ့လေပြီ။**

စိုးရိမ်မှုတို့က "သူ"၏အတွေးကို ရပ်တန့် ပစ်လိုက်သည်။ ဖြတ်သန်းချိန်များကမြန်သည်၊ မြန်လွန်းသည်။ မျက်မှောက်ကာလ သိပ္ပံပညာ၊ နည်းပညာ၊ ပညာခေတ်၏ တွန်းအားကြောင့် ကမ္ဘာတစ်ဝန်း လွှမ်းခြုံ ဖြန့်ကြက်နေသော အသိအမျိုးမျိုး၊ အမြင်အမျိုးမျိုးနှင့် လိုအင်ဖြည့်ဆည်းမှု ပုံစံအမျိုးမျိုးတို့သည် သမူဟဖြစ်လိုက်၊ ဝိရောဓိဖြစ်လိုက်၊ အချို့ပဋိပက္ခ အသွင်ဆောင်ရှေးရှုလျက်။ မည်သို့ရှိစေ မပြောင်းလဲသော လူ၏သဘော သဘာဝကြောင့် ငြိမ်းချမ်းမှု၏ အန္တရာယ်မှာ ကြီးမားဆဲ မဟုတ်ပါလား။

## အမွေစစ်နှင့် အချစ်မြေးများ

လူ့ဘောင်၏ သမိုင်းကြောင်းတစ်လျှောက်၊ တိုင်းနိုင်ငံအသီးသီး၏ သမိုင်းကြောင်းတစ်လျှောက် အကောင်းအဆိုးဖြစ်စဉ်များကို ဖန်တီးပြဋ္ဌာန်းနေသည်ကတော့ လူသားများ၊ နိုင်ငံသားများသာ ဖြစ်မည်။ သူ၏ အတွေးစဉ်မှာ အဖတ်တင် ကျန်ရစ်ခဲ့သည်ကတော့ Nishizawa ၏ စကားအချို့ဖြစ်သည်။ ကုန်းဘောင်ခေတ်နှင့် မေဂျီပြုပြင်ပြောင်းလဲမှုခေတ် ဖြစ်စဉ်တို့၏ ဖြတ်သန်းချိန်သည် မကွာလှ၊ ကာလချင်းတူသည်။ စိန်ခေါ်မှုခံရပုံချင်းတူသည်။ တစ်ဦးက အင်္ဂလိပ်နယ်ချဲ့၊ တစ်ဦးက အမေရိကန်နယ်ချဲ့ကို ရင်ဆိုင်ရသည်။ သို့သော် ဖြေရှင်းပုံချင်း ဖြတ်သန်းပုံချင်း မတူကြ။ သည်တော့အကျိုးဆက်များလည်း ကွာခြားလွန်းလှသည်။

Nishizawa နဲ့ စကားလက်ဆုံကျစဉ်က သူ၏ စိတ်နှလုံးတွင် အားကျနှစ်လိုဖွယ် စွဲထင်ကျန်ရစ်သည့် အကြောင်းအရာတစ်ခု ရှိသေးသည်။ မေဂျီပြုပြင်ပြောင်းလဲရေးခေတ်တွင် သိပ္ပံပညာ၊ နည်းပညာ၊ ခေတ်ပညာ သင်ယူရန် ဥရောပသို့ ပညာသင်များ များစွာပို့လွှတ်ခဲ့သည်။ ထိုသို့ပို့လွှတ်ရာတွင် အကြီးအကဲများက " တို့ဂျပန်နိုင်ငံတော်ကြီးဟာ ပျားအုံကြီးပဲ၊ ပညာသင်တွေဟာ ပျားတွေပဲ၊ ရောက်တဲ့နေရာ ပညာ သင်ယူရာမှာ ကြိုးကြရာမှာ ကောင်းပေ့ ညွှန့်ပေ့ဆိုတဲ့ ပန်းဝတ်ရည်တွေကို ပညာတည်းဟူသော ပန်းမျိုးစုံတို့မှ စုပ်ယူသယ်ဆောင်ကြပါကုန်။ အမိ နိုင်ငံတော် ပျားရည်ဘဏ်တိုက်ကြီးအား ဝတ်ရည်မျိုးစုံတို့ဖြင့် အားဖြည့် ကြီးထွားပါစေကုန်" ဟူ၍ သင်ကြားဆုံးမလိုက်ကြသည်ဟု "သူ" သတိပြု မှတ်သားမိခဲ့သည်။ အတုယူအားကျ မှတ်သားဖွယ် ကောင်းလေစွဟု "သူ" ခံယူခဲ့သည်။

"သူ့"စိတ်သည် အတွေးမျိုးစုံတို့သို့ လှည့်လည်ကျက်စား နေသည်။ မည်သို့ဆိုစေ "သူ"၏ မြေးထံသို့ "သူ့"စိတ်သည် ပြန်ဝင် ခိုနားသည်။ ခိုနားလိုက်သည်နှင့် ဆောက်တည်ရာမရ။ "သောက" ကြောင့်ဖြစ်သည်။

"သူ့"တွင် "သူ"၏မြေးနှင့် မြေးပေါင်းသန်းချီရှိနေသည်ဟု "သူ" မြင်နေသည်။ "သူ့"တွင် "သူ"၏ သားတို့ သမီးတို့နှင့် သား၊ သမီး များစွာရှိနေသည်ဟု "သူ"ခံစားသည်။ "သူ"တို့သည် "သူ"တို့ခေတ်၊ "သူ"တို့ဘဝ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြတ်သန်းနေကြသည်။

အဘိုး အဘွား အဘင်တို့ ခေတ်၊ အဖေ အမေတို့ ခေတ်၊ "သူ" တို့၏ ခေတ်၊ သားတို့ သမီးတို့ ခေတ်၊ မြေးတို့ မြစ်တို့ ခေတ်၊ အကြောင်းအကျိုး ချိတ်ဆက်လျက်ရှိသော ဖြစ်စဉ်များသာ။

ရှေးကပုဂ္ဂိုလ် များ၊ သူ့ခေတ်သူ့ကာလ၊ သူတို့ဘဝ တာဝန်တွေကို ကျေပွန်ဖို့ ကြိုးပမ်းသွား ကြသည်။ အချို့သိပ္ပံပညာ၊ ခေတ်ပညာ မတတ်ကြ၊ သို့သော် မြင့်မြတ်သော နှလုံးသားဖြင့် ဖြတ်သန်း သွားကြသည်ဟု "သူ" မြင်သည်။





"လက်ဦးဆရာ မည်ထိုက်စွာ၊ ဗုဒ္ဓါစရိယ မိနှင့်ဖ "ဟု မြန်မာတို့၏ ဆိုရိုးရှိသည်။ ဤအစဉ်အလာဖြင့် သားကောင်း သမီးကောင်း များဖြစ်ရန် အမိအဖတိုင်းအားထုတ် ကြိုးပမ်းခဲ့ကြသည်။

**တကယ်တော့ မြန်မာမှု၏ အတိတ်သမိုင်းသည်လည်း "ပညာ" ခေတ်များသာ ဖြစ်သည်ဟု ထင်သည်။ သို့သော် ထောင်စုသစ်၏ ပညာရွှေခေတ်နှင့်တော့ တစ်ထပ်တည်း မရှိနိုင်သေးဟု "သူ" သတိပြု မိသည်။ ခက်သည်က သားတို့သမီးတို့ခေတ်၊ မြေးတို့ခေတ် "ပညာ" နှင့် အဘိုးအဘွားတို့ခေတ်က "ပညာ" ၏ ပြဋ္ဌာန်းပုံချင်းမတူ။ ပြဋ္ဌာန်းမှု၊ အလေးပေးမှုသာ တစ်သားတည်း ဖြစ်လာလျှင်တော့ - - - အို အကောင်း တကာ့ အကောင်းဆုံး လောကလှဘောင်ကို တည်ဆောက်နိုင်မည်ဟု "သူ" ယုံကြည်နေမိသည်။**

သားတို့၊ သမီးတို့၊ မြေးတို့ ခေတ်ကို
e-Commerce
e-Education
Information Technology တို့က လွှမ်းတင်နေလေပြီ။

မည်သို့ရှိစေ အပြစ်မမြင်နိုင်သော နှလုံးသားဖြင့် သားသမီး တို့ကိုဖြစ်စေ၊ မြေးမြစ်တို့ကို ဖြစ်စေ၊ ချစ်နေရုံမျှဖြင့် တာဝန်ကျေနိုင်မည် မဟုတ်သည်ကိုတော့ "သူ" အလေးအနက် ခံယူနားလည်လိုက်မိလေပြီ။

ထိုစဉ်တစ်ခဏတွင် "သူ"၏ ဇနီးက "သူ"၏တစ်ဦးတည်းသော မြေး၊ အသက် လေးနှစ်ပင် မပြည့်သေးသူအား လက်ပိုက်ခိုင်းသည်။ ထို့နောက် ဖျာပုံသား ဆရာကြီး ဦးသိန်းဟန်(ဆရာဇော်ဂျီ)၏ ကဗျာ တစ်ပုဒ်ကို နှုတ်တိုက်ချပေးသည်ကို သတိရမိသည်။

"သူ့" ဇနီး၏ အသံနှင့် "သူ့"မြေး၏ မပီကလာ ပီကလာ ကဗျာသံစဉ်တို့က သူ၏ နှလုံးသားတွင် ပဲ့တင်ထပ်သွားသည်။

**" ဩ - - - လူ့ပြည်လောက၊ လူ့ဘဝကား၊**
**အိုရနာရ၊ သေရဦးမည်၊ မှန်ပေသည်တည့်၊**

သို့တပြီးကား၊ သင်သေသွားသော်၊
သင်ဖွားသောမြေ၊ သင်တို့မြေသည်၊
အခြေတိုးမြင့် ကျန်ကောင်းသင့်၏။
သင်၏ မျိုးသား၊ စာစကားလည်း၊
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့်၊
သစ္စာအရောင် ဉာဏ်တန်ဆောင်လည်း၊
ပြောင်လျှက်ဝင်းလျှက်၊ ကျန်စေသတည်း"။

"သူ"၏ စိတ်နှလုံးတို့ ပီတိဖုံးလျှက် ဟိုမှ ဒီမှသို့ ဖျံဝဲနေခိုက်တွင် တိုးပွား၏ တွန်သံပေါ် ထွက်လာသည်။ ကျက်သရေမင်္ဂလာရှိစွ၊ လင်းကြက်တွန်ပြီကို၊ မကြာမီအရုဏ်တက် တော့မည်။

သူသည် တစ်ချက်မျှ သမ်းဝေရင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့တော့သည်။

× × × × ×





## အပိုင်း (၇)

### လွမ်းမောဖွယ်အတိတ်

မကြာမီအရုဏ်တက်တော့မည်။

"သူ"သည် တစ်ချက်မျှ သမ်းဝေရင်း နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့တော့သည်။ "သူ"နိုးထတော့ စိတ်ဘဝင်သည် ကြည်လင်လန်းဆန်းနေသည်။ ဤသို့ခံစားခြင်းမှာ ချမ်းသာစွာအိပ်မောကျခြင်း၏ အကျိုးရလဒ်ဖြစ်မည်။ "သူ" ဘဝင်ကျ၍ အိပ်ပျော်သွားခဲ့သည် မဟုတ်ပါလား။

အိပ်ယာခေါင်းရင်းဘက်မှ နေပျောက်လေးများ ထိုးဝင်နေပြီ။ ဝါးထရံပေါက်ငယ်များမှ တိုးဝင်လာသော နေပြောက်အလင်းတန်းလေးများသည် ပါးလွှာသော ဇာခြင်ထောင်အား ဖြတ်သန်းလျှက် ခြေရင်းဘက်သို့ ငိုက်ဆင်းသွားရာ မြူမှုန်လေးများကြောင့် ထင်ရှားနေသည်။ အပြင်ကအိမ်၏ နောက်ဖေးဘက်ဆီမှ နွားလှည်းသံနှင့် နွားခြူသံကို ကြားလိုက်ရသည်။

"သူ"သည် မျက်လုံးနှစ်လုံးကို ကြည့်လို့ကောင်းအောင် ပွတ်တိုက်လိုက်ပြီး စားပွဲပေါ်က နာရီကို ကောက်ယူကြည့်လိုက်သည်။ " အို - - - ကိုးနာရီတောင်ထိုးပြီပဲ "။

"သူ"သည် အိပ်ရာမှ လန်းဆန်းစွာထလိုက်ပြီး လက်နှစ်ဘက်ကို ဆန့်တန်းရင်း အကြောလျှော့လိုက်ပြီး ခြေရင်းကြိုးတန်းမှ မျက်နှာသုတ်ပဝါကို ဆွဲယူလိုက်သည်။

" အို- - - ဖေဖေနဲ့ မေမေ လက်ထပ်တုန်းက လက်ဖွဲ့ပစ္စည်းလေးများသည် ခုတင်ခြေရင်းဘက် ဝါးထရံတွင် ချိတ်ဆွဲလျက်၊ ဤလက်ဖွဲ့ပစ္စည်းများ အငြိမ်းစား၍ အနားယူခဲ့သည်မှာ နှစ် ၅၀ ခန့် ရှိပြီဟု "သူ" ထင်သည်။

"ခါးမရှည် တစ်ချောင်း၊ ခါးမတို တစ်ချောင်းနှင့် ပုဆိန်နှစ်လက်" ဖြစ်သည်။

**"သူ" လူလားမြောက်စ၊ အသက် ၁၄ နှစ်တွင် "သူ" တို့ခေတ် ( Prematric ) ရှစ်တန်းအောင်သည်။ ( Prematric ) အောင်ပြီး ၁၀တန်း ( Matric ) ကို ဖြေရသည်။ "သူ" ၁၀ တန်းအောင်ရင် ဘာလုပ်မလဲ။ တက္ကသိုလ်ကျောင်းသားကြီးဖြစ်ဖို့ တက္ကသိုလ်ဆက်တက်ရမည်။ ဒီတော့ အမေက ထောက်ပံ့ရမည်။ သို့သော် ငွေမရှိ။ တစ်ခုတော့ရှိသည် "သူ"တို့ ခေတ်တွင် ကျူရှင်ခ ကုန်စရာမလို၊ ကျူရှင်တို့ ဝိုင်းတို့မရှိ။ လိုအပ်ရင် ဆရာက အိမ်ခေါ်၍ သိပ်ပြီးတော့တောင် သင်ပေးသေးသည်။**

ကျောင်းနှင့် အိမ်သည် မဝေး၊ ဆရာနှင့် တစ်ရပ်ကွက်တည်း၊ ပြီးတော့ အမေ၏ ယာခင်းကလည်း ညအချိန် ခွေးတစ်ဟောင်ကြားလောက်ရုံသာ ဝေးသည်။ "သူ" ( Pre matric ) အောင်တော့ အမေက "သူ" ကို ယာတဲခေါ်သွားသည်။ ယာတဲတွင် ထားသည့် ခါးမ၊ ပုဆိန်၊ ပေါက်ပြားများကို တဲရှေ့စီ၍ချသည်။ ပြီးတော့မှ အမေက ရှင်းပြသည်။

" ဟောဒါတွေက မိမွေ၊ ဖမွေ၊ ဘိုးဘွားအမွေတွေပဲ သားရဲ့၊ ဒီခါးမရှည်နဲ့ ခါးမတို လေးရယ် ဟောဒီပုစိန်နှစ်လက်ရယ်က သားရဲ့ အဖေနဲ့ အမေ မင်္ဂလာဆောင်တော့ မင့်ဘကြီး ဦးတက်ဖြိုးနဲ့ ဒေါ်ဘွင့်ချုပ်မင်းအမေရဲ့ ကြီးဒေါ် ဒေါ်အေးသီနဲ့ ဒေါ်အေးဖိတို့က စုပြီး လက်ဖွဲ့လိုက်ကြတာကွဲ့ " ဟု မေမေက ဝံ့ကြွားစွာပြောဘူးသည်။

"မင်္ဂလာဆောင်တုန်းက ပျော်လိုက်တာသားရယ်၊ ဘာမှ မပူလိုက်ရဘူး။ ငါ့ရဲ့ အမေ မင်းရဲ့အဖွားက ကျီတစ်ဆောင်ကွဲ၊ မင်းရဲ့





အဘိုးက နွားညီနောင်ကွဲ၊ မင်းဦးလေး ဘထွေး၊ ငါ့မောင်တွေက ပလွေတွေနဲ့ တယောတစ်လက်ကွဲ၊ သားအဖေက အညာကမေမေ့အမျိုးထဲမှာဆိုတော့ တစ်ကောင်ကြွက်လို ဖြစ်နေတာကို၊ မင့်အဘိုးမင်းအဖေရဲ့ ဖခင်ကလည်း အောက်ပြည်အောက်ရွာမှာ တော်လှန်ရေးတုန်းက ကျဆုံးပြီကိုး " ဟု ဆိုသည်။

ထိုစဉ်က မေမေ့မျက်နှာကို "သူ" ပြန်မြင်မိသည်။ အားနဲ့မာန်နဲ့ ရွှင်လန်းနေသော အမေ့မျက်နှာသည် ရုတ်ခြည်း ညှိုးချုံးသွားခဲ့သည်။ ပြီးတော့ ရုတ်ခြည်းပင် လန်းဆန်းတက်ကြွဘိသို့ ဖြစ်ခဲ့သည်။ အမေသည် သူ၏ အားငယ်စိတ်၊ ဝမ်းနည်းစိတ်ကို ချက်ချင်းအားမာန်များအဖြစ် ပြောင်းပြီး လန်းဆန်းတက်ကြွမှုကို ပုံဖော်ယူခဲ့သည်ဟု ထင်သည်။

သူမ၏ လူမမယ်သားငယ်အား ပျော့ညံ့သည့် အမွေကို မေမေသည် ပေးလိုဟန် မရှိခဲ့။

"သူ"သည် လက်ဖွဲ့ပစ္စည်းလေးများဆီမှ မျက်နှာကို ခွာလိုက်သည်။ စာကြည့်စားပွဲကုလားထိုင်တွင် ထိုင်ချလိုက်မိသည်။ မျက်နှာမသစ်ဖြစ်သေး၊အတွေးပေါင်းစုံက သူ့စိတ်အာရုံတွင် ခိုဝင်လာခဲ့ပြန်သည်။

"သူနဲ့နီမာ"တို့ မင်္ဂလာ ဆောင်တော့ ရန်ကုန်မှာ စစ်ဖက်နယ်ဖက်မိတ်ဆွေ သူငယ်ချင်းများ စုံသည်။ အထူးသဖြင့် တက္ကသိုလ်ပရဝုဏ်က ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများ၊ အဆောင်နည်းပြများ၊ ပြီးတော့ စာပေဝါသနာအိုး ရောင်းရင်းများ ဒီတော့လည်း အသိုက်အဝန်းက မသေး။ "သူ"တို့ ဖိတ်စာမရိုက်ခဲ့၊ သို့သော် အကြောင်းကြားသည့် "စာ" ( Card ) လေးတွေတော့ မိတ်ဆွေသူငယ်ချင်းများထံ ပို့ခဲ့သည်။

"သူ" မှတ်မိနေသေးသည် ဒီတုန်းက ရင်းနှီးကျွမ်းဝင်လွန်းကြသော အပေါင်းအသင်းများအားလုံးက ဝိုင်း၍သြဘာပေးသည်။ အပြစ်တင်သည် "မင်္ဂလာလက်ဖွဲ့ခြင်း သည်းခံပါရန်" ဆိုသည့် စာတစ်ကြောင်းကြောင့်။

မည်သို့ဆိုစေ မင်္ဂလာ ဆွမ်းကျွေးလေးမှာ စည်ကားလှသည်။ ကမာရွတ်၊ ဦးထွန်းလင်းခြံထဲက အငှားအိမ်လေးနဲ့ လမ်းကြားလေးတွင် ပြည့်လျှံသွားသည်။ ရောင်းရင်းများအားလုံးက ဩဘာလည်းပေး၊ လက်ဖွဲ့လည်းပေးကြသည်။ ကြီးမားလိုက်တဲ့ မေတ္တာ စေတနာနဲ့ ခိုင်မာလိုက်တဲ့ သံယောဇဉ်များရယ်ဟု "သူနဲ့ နီမာ"တို့ ခံစားမိခဲ့ကြသည်။ "သူ"တို့ မိတ်ဆွေ ရောင်းရင်းအားလုံးအစုံတော့ သူတို့ မင်္ဂလာပွဲသို့ မတက်နိုင်ကြ။

အချို့နယ်မြေဒေသ အသီးသီးရောက်နေကြသည်။ အချို့ လာခွင့်မသာကြတော့။ အားလုံးကတော့ ချစ်ကြသတိရကြမည်။ သူတို့ကလည်း သတိရနေသည်။ အကြောင်းကြောင်းတို့ကြောင့် တစ်နယ်တစ်ကျေးစီတွင် ဝေးနေပြီး ဘဝခြားနေကြသည်။ အချို့လည်း တာဝန်တွေ ကိုယ်စီဖြင့်။ လွမ်းမောဖွယ်အတိတ်ဟု "သူ" ခံစားမိသည်။

**မည်သို့ဆိုစေ၊ အမိအဖတို့၏ အမွေစစ်ကို ကြီးမားသော ချစ်ခြင်းဖြင့် ရရှိထားသော စွမ်းပကားကြောင့် ကိုယ့်ဒူးကိုယ်ချွန် အိမ်ထောင်ဦးဘဝကို သူ" နဲ့ "နီမာ"တို့ ဖြတ်သန်းနိုင်ခဲ့ကြပြီး ဖြစ်သည်။**

"သူ" သည် ကျေနပ်အားရစွာဖြင့် သက်ပြင်းရှည်တစ်ချက်ကို မှုတ်ထုတ်လိုက်သည်။ အပြင်က အမေ့ခြေသံကိုတော့ ကြားရသည်။ မီးဖိုဆောင်ဘက်က ကြော်သံလျော့ သံလည်း ကြားရသည်။ သို့သော် ထိုင်ရာမှ "သူ" မထဖြစ်သေး၊တွေးနေ မိဆဲ။,

" သားကြီး၊ သားလေး၊ သမီးငယ် "၊ သူတို့ အိမ်ထောင် မပြုကြသေး၊ သား နှစ်ယောက် လူပျိုကြီးဖြစ်စပြုပြီ။ သမီးငယ်ကတော့ ကျောင်းမပြီးသေး၊ သူအငြိမ်းစားယူဖြစ်ခဲ့သည်။ သူတို့ခေတ်မင်္ဂလာဆောင် သူတို့၏ မင်္ဂလာဆောင် မည်သို့ရှိမည် မသိ။ သားသမီးတို့၏ အိမ်ထောင်ဦးအတွက် နှစ်ဖက်မိဘ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေ သူငယ်ချင်းတို့သည် မြန်မာမှု၏ အစဉ်အလာကောင်းဖြင့် ယိုင်းပင်း စောင့်ရှောက်ကြမြဲဖြစ်သည်။ သို့သော် ယခု၊ ယနေ့ခေတ်မှာတော့- - -





**အလေ့အထချင်းကတော့ အတူတူ၊ အနှစ်သာရချင်းကတော့ ကွာခဲ့ပြီးဟု "သူ" မြင်လိုက် ခံစားလိုက်ရသည့် တစ်ခဏတွင် "သူ" အူချာလည်သွားသည်။**

## ခေတ်ပြိုင်ဘဝပုံစံများ

" ခေတ်သစ်လူနေမှု အရှက်ဦး " ဟု ခေါ်လိုက ခေါ်လို့ ကောင်းနေသည်ဟု "သူ"ထင်သည့် မျက်မှောက်ကာလသည် အဆင့်မြင့် နည်းပညာ၊ သိပ္ပံပညာတို့၏ တွန်းတင်မှုကြောင့် ဖြတ်သန်းမှုအစဉ်သည် လိုက်မမီအောင် မြန်လွန်းသည်ကတော့ မြင်သာသည်။

ခေတ်မီသိပ္ပံပညာ၊ နည်းပညာဖြန့်ကြက်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့က လူသားတို့၏ တွေးခေါ်မှုနှင့် ဘဝနေနည်းတို့ကို အလျင်အမြန်ပြောင်းလဲပစ်နေခြင်းကလည်း အထင်ကရ ဖြစ်သည်။ နည်းပညာကွာဟမှုသည် စီးပွားရေးဖွံ့ဖြိုးမှု ကွာဟချက်ကို စေ့၍ ပေးနိုင်မည်လော၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝနေနည်းပုံစံတို့သည် လူသားတို့၏ ဆန္ဒကို ငြိမ်းချမ်းအောင် ဖန်တီးနိုင်မည်လော။

မည်သည့်ကဏ္ဍက ပဓာနကျကျပြဋ္ဌာန်း ပါဝင်ဖန်တီး သွားသည် ဖြစ်စေ၊ နေရာအနှံ့ ဒေသအနှံ့ရှိ လူသားတို့၏ ဘဝ ဟန်ချက်ညီညီ တိုးတက်မှု၊ လူသားအချင်းချင်းတို့၏ နားလည်ပေးနိုင်စွမ်းမှုက လောက သဘာဝကို အလှဆင်နိုင်လိမ့်မည် ဆိုသည်ကတော့ သေချာသည်။

"သူ" သည် လူတို့၏ တွေးခေါ်မြော်မြင်မှုနှင့် ဖန်တီးမှုအား ဖြတ်သန်းချိန်တိုင်းတွင် လူ့စိတ်၊ လူ့နှလုံးသားတို့က ထိန်းကျောင်း တည့်မတ် ပေးနိုင်စွမ်းရှိကောင်း၏ဟူ၍ ယုံကြည် မျှော်လင့်နေမိသည်။

ချမ်းသာ ဆင်းရဲ ကွာဟမှု

ပညာရည်နှင့် လူမှုရေးဘဝ၊ စီးပွားရေးဘဝ ကွာဟမှု

နည်းပညာ၊ သိပ္ပံပညာတိုးတက်လာခြင်း ကွာဟမှုတို့ကြောင့် ခံစားမှု ဝေဒနာ၊ ခံယူမှုများနှင့် အတူ၊ ဘဝနှင့် လောကအပေါ် မြင်တွေ့ လက်ခံလာကြသည့် လာကြမည့် " စိတ်ထားနှင့်နှလုံးသားများ "၊ လောက

အမြင်များကွာဟလာမည်၊ ကွဲပြားလာမည်၊ ထိုအခါပေါ်ပေါက်လာနိုင်သည့် သမုဟ၊ ဝိရောဓိ၊ ပဋိပက္ခ၊ ပေါက်ကွဲမှု၊ အမေ့မှု၊ စစ်ပွဲများ။ လောကအမြင်၊ ဘဝအမြင်ကွာဟကွဲပြားမှုများအပေါ် နားလည်ပေးခြင်းဖြင့် ညှိနှိုင်းကြပါမှ ငြိမ်းချမ်းစွာ ဖြတ်သန်းနိုင်ကြမည် မဟုတ်ပါလား။ ဤကာလကို ဖြတ်သန်းချိန်၌ ဖြေရှင်းမှုပုံစံ မှန်ပါမှ။

"သူ" သည် သူတို့၏ မျိုးဆက်အတွက် အမွေကောင်း ပေးနိုင်ရန် ဖန်တီးမှု၊ ရှေ့ဆောင်မှု၊ ပြုနေကြသော လူ့ဘောင် လောက၏ ခေါင်းဆောင်များ၊ ပုဂ္ဂိုလ်များ၏ ကျေးဇူးတရား ကို အောက်မေ့ကြည်နူးနေမိသည်။ ကမ္ဘာမြေအနှံ့၊ နေရာအနှံ့၊ နိုင်ငံမြို့ပြ၊ ရပ်ကွက်၊ ကျေးရွာအထိ၊ အချို့ဌာနတာဝန်များဖြင့်၊ အချို့ပညာဖြင့်၊ အချို့ စာပေဖြင့်၊ အချို့သည်လည်း တတ်နိုင်စွမ်းသမျှ နည်းလမ်းအင်အားဖြင့် စွန့်လွှတ်စွန့်စား ထမ်းဆောင်နေကြသည်။ မြန်မာမှုဝေါဟာရအရဆိုရင် လောကတ္ထစရိယကျင့်စဉ်ဟု ဆိုရမည်ထင်သည်။

**ထိုထိုသော ပုဂ္ဂိုလ်များ၏ မြော်မြင်မှု၊ ဦးဆောင်နိုင်စွမ်းမှု၊ စွန့်လွှတ်အနစ်နာခံမှု၊ စွမ်းအားသည်သာ "သူ"တောင့်တသော လောကငြိမ်းချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့ဘဝလူ့သားတို့အတွက် လူမှုပဋိညာဉ်စံညွှန်းတို့ကို ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်မည်ဟု "သူ"တွေးမိလက်ခံမိသည်။**

**မည်သို့ရှိစေ အမှုမဲ့၊ အမှတ်မဲ့ ရှိလိုက်ရင်ဖြင့် ပြောင်းလဲမှုလျှင်မြန်လွန်းသော ခေတ်သစ်လူနေမှု ဘဝပုံရိပ်၊ လူ့သမိုင်းကြောင်းတွင် အမည်းစက်၊ အမည်းကွက်ကြီးများ ပြည့်လျှံသွားနိုင်သည်ကို "သူ" တွေးတော စိုးရိမ်နေမိသည်။**

ခေတ်ပြိုင်ဘဝပုံစံများက လျှပ်စီးလက်သလို လောကကို ဖြန့်ကြက်နေ၏။ စီးပွားရေး၊ လူမှုရေး "ဂွင်"များက များစွာမြူဆွယ်လျက်ရှိသည်။ ဤ"ဂွင်"များသည် လူငယ်များစွာသာမက လူကြီးများကိုပါ မျက်စေ့ကျစေသည် မဟုတ်ပါလား။ အားကျ အတုယူဖွယ်ရာတို့ ပြည့်နှက်နေသည်။ သတင်းခေတ်၊ မီဒီယာခေတ်၊ ချုပ်လိုက်တော့ မျိုးဆက်





တို့၏ အတွေးသည် ချမ်းသာရေး၊ ကြွယ်ဝရေးသို့ ဦးတည်နေသည်။

သူတို့ကြွယ်ဝအောင် ချမ်းသာအောင် ဘယ်လိုလုပ်ကြမှာပါလိမ့်။ မည်သည့်နည်းကို သုံးကြမှာပါလိမ့်။ "သူ" သည် ထိုင်ရာမှ မထချင်တော့။ အတွေးမျိုးစုံက သူ့စိတ်၊ သူ့နှလုံးသားကို ညင်သာစွာ တစ်မျိုး၊ ခက်ထန်စွာတစ်ဖုံ၊ ဆုပ်နယ်နေသည်။

"သူ" ၏ အတွေးတွင် သူ၏ ရောင်းရင်း Nishizawa က ဝင်ရောက်လာပြန်သည်။ Nishizawa ၏ ဖြတ်သန်းချိန် ဘဝအတွေ့အကြုံနှင့် လောကအမြင်များဖြစ်သည်။ စစ်ပြီးခေတ်ဂျပန်နိုင်ငံကို ထိုခေတ်ဂျပန်မျိုးဆက်တို့ တည်ဆောက်ခဲ့ခြင်း၊ ဖန်တီးခဲ့ခြင်း၏ စိတ်ဓါတ်စွမ်းရည်သည် အံ့ချီးဖွယ်၊ နှစ်လိုဖွယ်ဖြစ်သည်ကို "သူ" တွေ့လိုက်ရသည်။ သူတို့၏ မျိုးဆက်ကိုလည်း လေ့ကျင့်ပျိုးထောင်ခဲ့သည်။ အမွေကောင်းပေးခဲ့သည်။

သို့သော် ဆွမ်းဆန်တွင်း ကြွက်ချေးရောသည့် အဖြစ်မျိုး အဖျက်အမှောင့်နှင့် ပယောဂများ၏ ပူးသတ်ခံရခြင်းကတော့ မကင်း။

ထို့ကြောင့်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝပုံစံ၊ စိတ်ဓါတ်၊ ယဉ်ကျေးမှုတို့တွင် အစွန်းအထင်းများရှိလာသည်ဟု "သူ"က မြင်သည်၊ ဂျပန်လူငယ်တို့၏ ဘဝတွင် လူနေမှုဘဝပုံစံ အဆင့်မြင့်မြင့်ဖြင့် နည်းပညာတိုးတက်မှု၊ လက်ဝယ်ပိုင်စွာရှိနေကြသည်။ သို့သော် အရွယ်ရောက်သူများ၊ အိမ်ထောင်ပြုလိုသူများ၊ အိမ်ထောင်မပြုလိုကြ၊ Living Together လူနေမှုဘဝတစ်ခုတွင် နစ်မျောနေကြသည်ဟု "သူ"မြင်လိုက်မိသည်။ အကျိုးဆက်များက ကောင်းမလာနိုင်ဟု "သူ" ထင်သည်။ ဒါက "သူ့"အမြင်၊ "သူ"၏ အထင်သာဖြစ်သည်။

အိမ်ထောင်သည်ဘဝကို ရင်ဆိုင်ရန် သတ္တိမရှိခြင်းလော၊ ဘဝတာဝန်ကို မယူရဲခြင်းလော၊ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသည်ကို မပိုင်ဆိုင်လို၍လော။ မချစ်တတ်ကြ၍တော့ ဟုတ်မည်မထင်၊ ချစ်တော့ချစ်တတ်ကြပါလိမ့်မည်၊ ချစ်တတ်ပုံချင်း မတူ၍ဟု "သူ" ထင်သည်။

" မချမ်းသာ၍ မပြည့်စုံသေး၍ " ဤသို့ဖြစ်ရသည်ဟု သူမထင်၊ ချမ်းသာမှု၊ ပြည့်စုံမှုကို လွန်ကဲစွာ တောင့်တနေခြင်းကြောင့်သာဟု "သူ"ထင်သည်။ ထိုသို့တွေးတောမိချိန် တစ်ခဏတွင် လူလားမြောက်၍ ပညာစုံပြီးဖြစ်သော "သူ"၏ သားနှစ်ယောက်က "သူ"၏ အတွေးတွင် ကဆုန်ပေါက်၍ ရောက်လာသည်။

**"သူ" တို့ကို ပြောထားရဦးမည်။ " သားတို့ မင်္ဂလာဆောင်ရင် ဘာလက်ဖွဲ့ပစ္စည်း မျိုးမှ မမျှော်လင့်နဲ့၊ မင်းတို့အဘိုးအဘွားလက်ထက်က " မင်္ဂလာဆောင် " လို့ ဓါးမတိုတစ်ချောင်း၊ ဓါးမရှည်တစ်ချောင်းနဲ့တူတဲ့ " သတ္တိအမွေ " တွေကို မင်းတို့အဖေ နဲ့ အမေက အပြည့်အဝပေးမည်ဟု။**

အညာဒေသ၏ ရာသီဥတုက အေးမြနေဆဲ။

"သူ" သည် အတွေးကို ဖြတ်လိုက်သည်။ ထိုင်ရာမှ ထလိုက်သည်။ မျက်နှာသစ်ရန် အပြင်သို့ ထွက်လိုက်တော့ အမေက " နံနက်စောစော ပြင်၍ စောင့်နေလေပြီ "။

× × × × ×





အ ပိုင်း (၈)

**လောကကို ချစ်တတ်ကြဖို့လိုမယ်**

"သူ" သည် အတွေးကို ဖြတ်လိုက်သည်။ ထိုင်ရာမှ ထလိုက်သည်။ မျက်နှာသစ်ရန် အပြင်သို့ ထွက်လိုက်တော့ အမေက " နံနက်စောစော ပြင်၍ စောင့်နေလေပြီ "။

" သူ "သည် အမေအား လှမ်းကြည့်ရင်း ပြုံးပြလိုက်သည်တွင် အမေ့မျက်နှာ၌ ပြည့်လျှံကျနေသော ပီတိအပြုံးကို "သူ" သတိပြု တွေ့လိုက်ရသည်။ "သူ"သည်ကဗျာကသီပင် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်၊ အဝတ်လဲပြီး အိမ်ရှေ့ခန်းရှိ ထမင်းစားပွဲ၌ ဝင်ထိုင်ရင်း "အမေ့"ဟု စစနောက်နောက်လေးခေါ်လိုက်သည်။ အမေကတော့ပြုံးမြဲ။ အမေ့အပြုံးတွင် "သားပြန်ချင်ပြီထင်တယ်" ဟု မေးနေသည့် ပုံရိပ်တစ်ခုကို "သူ"တွေ့လိုက်ရသည်။ "သူ" မလုံမလဲဖြစ်မိသည်။ တကယ်တော့လည်း အမေ့ကို ရယ်ရွှင်ကြည်နူးဖွယ်စလိုက် နောက်လိုက်နဲ့ "သူ"အမြဲဆက်ဆံခဲ့ဘူးသည်။ အမေ့ထံမှ လိုချင်တာ တစ်ခုခုရှိလျှင်လည်း စနောက်ပြီးမှ တောင်းခံတတ်မြဲဖြစ်သည်။ ဤအထာကို မေမေသိနေလို့များလား၊ "သူ" တွေးနေမိသည်။

"ပဲပြုတ်နဲ့ ထမင်းကြော်၊ ပြီးတော့ လက်ဖက်ရည် မတ်ခွက် တစ်လုံး" ဒါက၊ "သူ" အနှစ်သက်ဆုံး နံနက်စောစာ။ ဤအစား အသောက်ကို အမေက အသင့်ပြင်ထားသည်။ ဒါကိုကြည့်ရင်း အမေ့အား "သူ"ပြောလိုသည့် စကားကို ပြောရန် ဝန်လေးနေမိသည်။

အမေသည် "သူ" နှင့်အတူ နံနက်စောစာကို ကိုးနာရီထိုးမှပင် စားသည်။ "သူ" သည် သူ၏ မိခင်အား မလုံမလဲဖြင့် ပြုံးရင်းခိုး၍ ကြည့်လိုက်သည်။ အမေနှင့် အကြည့်ချင်းဆုံသွားသည်တွင် မေမေက " သားပြန်ချင်ပြီမဟုတ်လား " ဟု ပြုံးလျက်မေးသည်။ အမေ့ဗိုက်ထဲ၌ ပုဏ္ဏားလေးရှိနေသည်ဟု ထင်သည်။

"အမေ့ကို ကားကြုံရှိတုန်း သားနဲ့အတူတူ မေမေရဲ့ သမီးကြီး နီမာနဲ့ မြေးလေးတို့ဆီ ခေါ်သွားချင်လို့ပါ" ဟု ပြောလိုက်မိသည်။ "သမီးကြီးနီမာကလည်း အသက်ရလာကြပြီဆိုတော့ အမေ့ကို ခွဲထားချင်ပုံမရဘူး၊ အမေ့ကျန်းမာရေးအတွက် စိတ်မချဘူးလို့ ပြောနေတာ" ဟူ၍လည်း အမေမလှုပ်သာအောင် တစ်ဆက်တည်း "သူ" ပြောလိုက်မိသည်။

အမေကတော့ ရုတ်တရက်ချက်ချင်း ဘာမှမပြော၊ ပြုံး၍သာ နေသည်။ ဆိတ်ဆိတ်နေသည်။ ဤသို့နေခြင်းသည် "သူ" ၏ ထင်မြင်ချက်ကို အမေလိုက်လျောလက်ခံ လိုက်ခြင်းဟု "သူ" ခံယူသည်။ အတန်ကြာမှ "အေးကွယ် အမေလိုက်ခဲ့ပါဦးမယ်၊ တစ်ရက်နှစ်ရက်စောင့်၊ ယာကီစွ၊ မီးထင်းကိစ္စစီစဉ်ပြီး လိုက်ခဲ့မယ်။ မြေးလေး မိငယ်ကိုလည်း အမေစိတ်မချ၊ မြစ်လေးကိုလည်း မြင်ချင်ပါသေးတယ်" ဟုဆိုသည်။

မိဘတို့၏ "စုန်ရေ" မေတ္တာသဘောကို "သူ" ခံစားနားလည်ပြီး ဖြစ်သည်။ " မြေလေး မိငယ်ကိုလည်း အမေ စိတ်မချ " တဲ့။ ဤသို့ အမေကဆိုသည်။ "သူ"၏ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသည်။ အကြောင်း မရှိဘဲနှင့်ကတော့ အမေသည် ဒီစကားကိုပြောမည်မထင်။

မြေးလေး မိငယ် ဆိုသည်က "သူ"၏ သမီးအငယ်ဆုံး





ဖြစ်သည်။ သားသမီးလေးဦးတွင် အကြီးဆုံးသမီးက အိမ်ထောင်ကျခဲ့ပြီ။ သို့သော် မိဘနှင့်အတူနေဆဲ သားနှစ်ဦးက အင်ဂျင်နီယာ လူပျိုကြီးများ၊ အိမ်ထောင်မပြုကြသေး၊ သမီးအငယ်ဆုံးက ဆရာဝန်လောင်း။

တကယ်တော့လည်း မြေးအငယ်ဆုံး "သူ" ၏ သမီးအတွက် အမေက စိတ်မချ ဆိုသည်မှာ သဘာဝကျသည့် အကြောင်းတရားများ ရှိမည်၊ ရှိလည်းရှိသည်။

ပြီးခဲ့သည့်နှစ်က သုံးလေးလလောက် အမေ လာရောက်၍ ရန်ကုန်တွင် နေသွားခဲ့သည်။ ညှိခန်းရှိ T.V တွင် ဂြိုဟ်တုစလောင်း၏ Channel ပေါင်းစုံမှ မမြင်ဝံ့၊ မကြည့်ဝံ့ အဆုံး၊ ပုံစံမျိုးစုံ၊ သားနဲ့ သမီး၊ မောင်နှင့် နှမ အတူတကွဖြင့် ကြည့်မကောင်း၊ မြင်မကောင်း၊ အမေက သူ့မြေးများကို စလောင်းဖွင့်မှာ အလွန်ကြောက်သည်။ ဒီစလောင်းကြီး ပိတ်ထားစမ်းပါကွာ၊ နားငြီးလွန်းလို့ဟု လှိုးလွှဲပြောတတ်သည်။ တကယ်တော့ မျက်စိမကြည့်ရဲလို့သာ ဖြစ်သည်ဟု ထင်သည်။ ဤဖြစ်စဉ်က Media ခေတ်၊ IT ခေတ်၊ Knowledge ခေတ်၏ လက်စွမ်းပြနေသော အကင်းမျှသော သရုပ်သကန်တို့ဖြစ်သည်။ အလွယ်ကူဆုံး ကူးစက်နိုင်သည့် ကုမရသော ရောဂါဝင်လာခြင်း၏ ဗွေဆော်ဦးကာလဖြစ်သည်ဟု အမေ မသိရှာသေး။

တစ်ချိန်က အမေတို့ရွာ၊ ခြံစည်းရိုးလုံအောင်ကာ၊ မတော် မတရား ဗိုလ်ကျလာရင် ဝိုင်းချလိုက်၊ ဆုံးမလိုက်၊ ရွာလူကြီးက ဆုံးမ၊ ရွာဦးဘုန်းကြီးက ဆုံးမ၊ တရားဥပဒေက ဆုံးမ၊ လောကနီတိကဆုံးမသည်။

**ယခုအချိန်က ကမ္ဘာ့ရွာ၊ ခြံစည်းရိုးမရှိ၊ မတော်မတရားမှု အပြည့်၊ e-စွမ်းအင်ဖြင့် မကောင်းသူပယ်၊ ကောင်းသူတယ်နိုင်မှ ကောင်းမည်ထင်သည်။ e-Power ကို သိကြားမင်း လက်ထဲအပ်ပြီး အာဏာကုန် လွှဲလိုက်ရကောင်းမလားဟု တွေးရင်း "သူ" ပြုံးလိုက် မိသေးသည်။ မကောင်းသူ အားလုံးကို ဆုံးမဖို့လိုနေလေပြီ။**

ခေတ်ပြိုင် လူနေမှု ဘဝပုံစံများ၊ ထွေးရောယှက်တင်ကာသ

ဈေးပြိုင်ဈေးကွက်၊ စီးပွားရေး စိန်ခေါ်မှုကာလ၊ ဆင်းရဲချမ်းသာကွာဟမှုများ၊ နည်းပညာကွာဟမှုများ၊ သတင်းနည်းပညာ၊ အဆင့်မြင့်နည်းပညာ ကွာဟမှုများ၊ ဤအကြောင်းတရားတို့နှင့်အတူ ဗိုလ်ကျခြင်း၊ အာဏာပြခြင်း၊ အရှိန်အဝါပြခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ ကိုယ်ကျိုးရှာခြင်းများ။

လူ့ဘောင်လောက၊ လူတို့၏ သဘောသဘာဝ နိယာမများက ရှုပ်ထွေးစွာ၊ လူ့ဘောင်လောကနှင့် ကမ္ဘာ့ လူ့အဖွဲ့အစည်း၊ နိုင်ငံ တစ်နိုင်ငံချင်း၏ လူ့ဘောင်အဖွဲ့ အစည်းအတွင်း လူမှုပဋိညာဉ် များ၊ ဘဝများ၏ လုံခြုံမှုအတွက် စိုးရိမ်ကြောင့်ကြရှိနေကြ၊ ခံစားနေကြရမှုများများစွာ ဖြစ်ပေါ်နေလေပြီ။

ဒီတော့လည်း နံနက်စောစာသာစားပြီးသွား သည်။ "သူ"၏အတွေး တို့က ဝေ့ဝဲလွင့်မျောဆဲ။ ခေတ်ပြိုင်လူနေမှုဘဝပုံစံ များစွာ၊ မြန်မာမှုဘယ်လိုလဲ၊ ဘယ်ကိုလဲ၊ ဘယ်လိုလက်ခံ မလဲ၊ ကျင့်သုံးမလဲ၊ မြန်မာမျိုးဆက်တို့ ဘယ်ကိုလဲ၊ ဘယ်လိုလဲ၊ ဒီထက် အရေးကြီးဆုံးက မြန်မာမှု၏ ဝိညာဉ်ကို ကာကွယ်၊ ဖန်တီးနိုင်စွမ်းရှိသူတို့၏ အသိအမြင်၊ ခံယူကျင့်သုံးမှု၊ ဘယ်လဲ၊ ဘယ်ကိုလဲ၊ ဘယ်လိုလဲ။

" ထောင်စုသစ်၏ ခေတ်သစ်လူနေမှု အရှက်ဦး " သည် အားကျဖွယ် နည်းပညာ၊ သိပ္ပံပညာတိုးတက်မှု၊ စီးပွားရေး၊ အရှိန်မြင့်တင်နိုင်စွမ်းမှု၊ သတင်းနည်းပညာ၊ e - ပါဝါတို့ဖြင့် ရှိနေသည်။ အတွင်းသရုပ်တွင်လည်း အဓမ္မတရား၏ စွမ်းအားရှင်သန်မှု၊ ခြိမ်းခြောက်မှုများဖြင့်။ အဆိုးရွားဆုံးနှင့် အကျည်းအတန်ဆုံးမှာ မကောင်းမှုပြုရန် ဝန်မလေးခြင်း၊ ချမ်းသာကြွယ်ဝမှုနှင့် တပ်မက်မှုကို ဖြည့်ဆည်းရန် နည်းမျိုးစုံ"ဂွင်"ရိုက်နေကြခြင်း ဖြစ်သည်။

**သတိရှိရှိဖြင့် ရဲဝံ့ပြတ်သားစွာ ဖြတ်သန်းကြရမည့်ကာလဟု "သူ" မြင်သည် တာဝန်ရှိသူ၊ တာဝန်သိသူတိုင်းက ကဏ္ဍအလျောက် တာဝန်ကိုယ်စီယူနိုင်ကြမှ၊ သတ္တိမွေးနိုင်ကြမှဖြစ်မည်။ ဤတာဝန်ကို ကျေပွန်ကြရန်မှာ များများမဟုတ်တောင် နည်းနည်းလေးဖြင့်**





**ကိုယ်ကျိုးစွန့်၊ အနစ်နာခံပြီး လောကကို ချစ်တတ်ကြဖို့လိုမည် မဟုတ်ပါလား။ ထိုသို့ တွေးတောတွေ့မြင်မိသည့် တစ်ခဏတွင် သူ၏စိတ်သည် မွန်းသိပ်သွားတော့သည်။**

## လောကအမြင်သစ်

"သူ" ၏ ဦးနှောက်သည် အတွေးပေါင်းစုံဖြင့် လေးလံသွားသည်။ သို့သော်အမေ့ကို "သူ" အားပါးတရပြုံးပြလိုက်သည်။ အပြင်ဘက်ဧည့်ခန်း တွင် "သူ" ရောက်နေ၍ လာတွေ့ကြ၊ နှုတ်ဆက်ကြသော ဆွေမျိုးသားချင်းများ၊ သူငယ်ချင်းများက ကြွက်စီကြွက်စီ ရှိနေကြသည်။ သူတို့အားလုံးက ထောင်စုသစ်အထိ၊ ခေတ်၏ ရှေ့မီ နောက်မီ၊ အသက်ရှင်နေသေးသော အညာသား တောသားကြီး "သူ"အား တွေ့ချင်မြင်ချင်နေကြသေးသည်။ တကယ်တော့ "သူ"သည် ဘာကောင်မှ မဟုတ်။

"သူ"သည် လုံချည်ကို ပြင်ဝတ်လိုက်ရင်း ဧည့်ခန်းထဲသို့ ဝင်သည်။ ဝင်ဝင်ချင်းပင် "သူ" သည် မတ်တတ်ရပ်လျက် လက်အုပ်ချီလိုက်မိသည်။ "သူ" ၏ ငယ်ဆရာ "ဆရာကြီး ဦးဆံနီ" ကို မြင်လိုက်သောကြောင့်။

ဆရာသည် အရွယ်နှင့် မလိုက်အိုစာလွန်းနေပြီ။ တကယ်တော့ ဆရာ့ အသက် ၇၀သာ ရှိသေးသည်။ "သူ" ကောင်းကောင်း မှတ်မိသည်။ ဆရာသည် "သူ" ထက် ၁၅ နှစ်သာကြီးသည်။ "သူ" Matric ဖြေသည့်နှစ်က အင်္ဂလိပ်စာကောင်းကောင်း သင်ပေးခဲ့သည့် ကျေးဇူးရှင်ဖြစ်သည်။ ဆရာ၏ အင်္ကျီကော်လာဂုတ်တို့ ရိဆွေးနေသည်၊ လုံချည်က တစ်ပတ်နွမ်းမှုန်မွဲမွဲ ကွက်ထောက်၊ ရော်ဘာညှပ်ဖိနပ်ဖြင့် မျက်မှန်က ထူထူကြီး၊ ဒီအထဲကြိုးဖြင့် သိုင်းချည်ထားသည်၊ အရုပ်ဆိုးအကျည်းတန်သလိုကြီးဖြစ်နေ၏။ " ဒါပေမယ့် ကျက်သရေအရှိဆုံး၊ ပုဂ္ဂိုလ်ကြီး " ဟု "သူ" မြတ်မြတ်နိုးနိုးခံစားလိုက်မိသည်။

ဆရာထိုင်နေသည့် ကုလားထိုင်ခုံအနားသို့ သွက်သွက်ကလေးကပ်ပြီး ထိုင်ချလိုက်ရင်း ဆရာ့၏ မြေအလူးလူး ခြေဖမိုးကို "သူ" ဦးခိုက်

မိသည်။ ဆရာ၏ ခြေဖမိုးထက်သို့ "သူ"၏ ပူနွေးသော မျက်ရည်စက်တို့ တစ်စက်နှစ်စက်၊ ပြီးတော့ မျက်ရည်စီးကြောင်း။ မော့ကြည့်လိုက်ပြန်တော့ ဆရာ့၏ မှုန်ဝါးနေသော မျက်မှန်အောက်မှ စူးရှသော မျက်လုံးအစုံတွင် မျက်ရည်စလေးများကို အထင်းသား မြင်နေရသည်။

မျက်တောင်တစ်ဖျပ်ဖျပ်ခတ်၍ မျက်ရည်စများကို ဆရာက အားယူ သိမ်းဆည်းနေသည်။ ဆရာဘာ့ကြောင့် ဒါလောက်ကြေကွဲနေရတာပါလိမ့်ဟု "သူ" ခံစားဆဲ။

" မင်းဘာဖြစ်လို့ စောစောစီးစီး အငြိမ်းစားယူလိုက်ရတာလဲကွာ" တဲ့။

**"သူ" ၏ နှလုံးသားအား ကျင်စက်ဖြင့် အတို့ခံလိုက်ရသလို "သူ" ခံစားလိုက်ရသည်။ "သူ"အားယူ၍ ပြုံးသည်။ ဘာမျှတော့ ပြန်ပြောနိုင်စွမ်းမရှိ ပြောနိုင်စွမ်းလည်းမရှိပြီ။ မည်သို့ရှိစေ၊ "သူ" ဆရာ၏ နှလုံးသားအပူကို ငြိမ်းအေးစေဖို့ "သူ"တွင် တာဝန်ရှိသည်ဟု "သူ" ခံစားသည်။**

ဆရာသည် "သူ" တို့မြို့၏ တစ်ခုတည်းသော အထက်တန်းကျောင်းကြီးမှ အထက်တန်းပြဆရာဖြစ်သည်။ အင်္ဂလိပ်ဘာသာ သင်သည်။ ၁၉၇၄ ခုနှစ်လောက်ကဟု ထင်သည်။ ဆရာသည် အညမည လောကအမြင်ကို လက်ခံယုံကြည်သူပီပီ ပါတီကေဒါအဖြစ် တာဝန်ပြောင်းယူခဲ့ရသည်။ ယခုတော့ အငြိမ်းစား၊ အငြိမ်းစား စရိတ်ဖြင့် သားထောက်သမီးခံဖြင့် ဆရာ၏ ဘဝပုံရိပ်သည် မည်သို့ ရှိနေရှာသည်က "သူ"၏ မျက်မှောက်တွင် ရောက်နေမြင်တွေ့ နေရသော အရှိတရား။

"သူ"၏ ရာထူးလုပ်ပိုင်ခွင့်များဖြင့် အနှစ်သုံးဆယ်ကျော် လွမ်းခြုံထားသော ကာလတစ်လျှောက် ဆရာသည် သူ့ထံသို့ တစ်ကြိမ်မှ မရောက်ခဲ့ဘူးပေ၊ မျက်နှာလည်း မပြဘူးပေ။ အမှုမဲ့ အမှတ်မဲ့ တစ်ကြိမ်နှစ်ကြိမ်သာ ဆက်သွယ်မိခဲ့ဘူးသည်။ "သူ" တာဝန်မကျေခဲ့။

ခုတော့ ဆရာက "သူ"အငြိမ်းစားယူချိန်တွင် "သူ"ရောက်နေသည့်





အမေ့အိမ်သို့ အရောက်လာပြီကော။ မြင့်မားသော စိတ်၊ သန့်စင်သော ဘဝလမ်းကြောင်း၊ မြင့်မြတ်သော ချစ်ခြင်း၊ ကြီးမားသော ကရုဏာ၊ အကျိုးလိုလားသော မေတ္တာတို့ဖြင့် စွန့်လွှတ်အနစ်နာခံတတ်သော ဆရာ၏ သီလနှင့် သတ္တိကို စိတ်တွင်းမှ ကြိတ်၍ ပူဇော်ရင်း ဆရာ့ အနားမှာပင် "သူ" ဝင်ထိုင်လိုက်သည်။

ညှော်ခန်းအတွင်း အားယူပြုံးပြီး တစ်ချက်ဝေ့ကြည့်လိုက်တော့ ငယ်သူငယ်ချင်းများ များစွာရှိနေသည်။ စကားဝိုင်းလေးဖြစ်သွားခဲ့သည်။ ပွဲစားမြတ်ထွန်း၊ စာရေးဆရာ ထွန်းအောင်၊ ကျောင်းဆရာ တင်ဦး၊ သံယောင်လိုက် ညီပု (ကားမောင်းသူ)၊ ဆရာမ မြင့်သိင်္ဂီ၊ ကဗျာဆရာ တင်မောင်မြင့် (စာအုပ်ဆိုင်ဖွင့်ထားသူ) စသည် စသည် အတော်စုံသည်။

အမေကတော့ တူ၊ တူမလေးများဖြင့် လက်ဖက်ပွဲ၊ ထန်းလျက်ပွဲ၊ မြေပဲလှော်၊ ရေနွေးကြမ်းတို့ဖြင့် ညှော်ခံပေးနေသည်။ မလစ်မဟာ၊ အကွက်စေ့နေသည်။ စကားဝိုင်းလေးသည် " သမ္မုဟ " တို့ဖြင့် ပြည့်လျှံနေသည်။

**လောကအမြင် တူကြသူတွေ၊ သမိုင်းကြောင်းကောင်းလိုသူတွေ၊ ကိုယ့်ဘဝဇာတ်ကို ကိုယ်နိုင်အောင်၊ ကောင်းအောင် ကဖို့ ကြိုးစားခဲ့သူတွေ၊ လောကကို ကိုယ်ကျိုးစွန့် အနစ်နာခံ ချစ်ချင်သူတွေ၊ ချစ်တတ်သူတွေ၊ ဖြတ်သန်းချိန်များကို အတူတကွ ဖြတ်သန်းခဲ့ကြပြီ ဖြစ်သည်။**

အငြင်းအခုံလေးကတော့ရှိသည်။ ဒါကလည်း အပြုသဘောဆောင်သည်။ မျိုးဆက်ကို ဘယ်လိုအမွေပေးမလဲ။ အမွေကောင်းကောင်း ပေးနိုင်ဖို့ " စံ " လိုသည်။ ကိုယ်တိုင်က ဘယ်လိုကျင့်သုံးကြမလဲ။ ပုထုဇဉ် သဘောအရ အခွင့်အရေးဟူသမျှကို မရလျှင် ရအောင်လုပ်ချင်သည့် နည်းမျိုးစုံရှိသည်။ ပတ်ဝန်းကျင်၏ အလေးအမြတ် အရိုအသေပြုမှု ကိုလည်း ခံချင်သည်၊ ရအောင်လည်း ပြုလုပ်သည်၊ ပုံစံမျိုးစုံရှိသည်။ ယှဉ်လိုက်လျှင်လည်း သူများထက်သာချင်သာသည်၊ ထင်ပေါ် ကျော်ကြားခြင်းသည် လိုအင်များကို ဖန်တီးတတ်သည်။

ဤတွင် လောဘ၊ သက္ကာရ၊ သိလောကတို့၏ စေ့ဆော်မှုနှင့် အမွေကောင်း ပေးနိုင်မှုအပေါ် အနီးအဝေးအမြင်များ၊ အနိမ့်အမြင့် အတွေးများ၊ ရောင့်ရဲလွယ်မှုနှင့် ဆန္ဒစောမှုများ၊ ဥပါယ်တံမျဉ် သုံးလျက်၊ ကိုယ့်ကိုကိုယ် ကြင်နာစွာဖြင့် ဆင်ခြင်ပေးပြီး ကိုယ့်လိုအင်ကို ဖြည့်ဆည်းတတ်သည့် အကျင့်ဆိုးများ၊ ချုပ်လိုက်တော့ သီလလုံခြုံမှု အခြေခံဖြင့် လျှောက်လှမ်းနိုင်ရန် သတ္တိရှိဖို့တော့လိုမည်။

**ပါးပါးလေးပဲဖြစ်ဖြစ် အနစ်နာခံနိုင်ရမည်။ မိမိကိုယ်ကို မိမိ လေးစားနိုင်လောက်အောင် ကိုယ်ကျင့်သီလစောင့်ထိန်းမှု၊ တစ်ဦးချင်းမှသည် သန်းပေါင်းများစွာအထိ မျှော်မှန်းနိုင်သည်။**

"သူ" နှင့် သူ၏ ဆရာ၊ သူ၏ သူငယ်ချင်းများ၏ စကားဝိုင်းလေးသည် လျှော့သင့်တာလျှော့၊ တိုးသင့်တာတိုးဖြင့် ဆွေးနွေးလိုက်ကြရာ " လောက၏ အမြင်သစ် " တစ်ခုရရှိ အဖြေထွက်ခဲ့တော့သည်။

× × × × ×





## အ ပိုင်း (၉)

### တွက်ခြေကိုက်မှ တို့ရှေးရှု

"သူ"နဲ့ "သူ"၏ဆရာ၊ "သူ"၏ သူငယ်ချင်းများ၏ စကားဝိုင်းလေးသည် လျှော့သင်တာ လျှော့၊ တိုးသင့်တာတိုးဖြင့် ဆွေးနွေးလိုက်ကြရာ " လောက၏ အမြင်သစ် " တစ်ခုရရှိ အဖြေထွက်ခဲ့တော့သည်။

ထိုနေ့က လူစုမကွဲတော့။ ဘဝတာဝန်တွေ ကိုယ်စီသယ်ပိုးခဲ့ကြသူတွေ၊ နိုင်ငံတာဝန်ကို ကျရာနေရာ၊ ရောက်ရာဘဝမှာ ထမ်းဆောင်ခဲ့ကြသူတွေ၊ ၁၀ စုနှစ် များစွာကို အမြင်တူ၊ အသိတူဖြင့် ဖြတ်သန်းခဲ့သူတွေ၊ နှစ်ပေါင်းများစွာ ခွဲခွာနေခဲ့ကြရသူတွေ ဆုံစည်းခြင်း ဖြစ်သည်။ ဒီတော့လည်း ပြောစရာတွေ၊ ပြောချင်တာတွေများကြမည် မဟုတ်ပါလား။

**အခိကက မျက်မှောက်ကာလအတွက်နှင့် အနာဂတ်အတွက် အသိအမြင် ဗဟုသုတ ရယူချင်နေကြသည်၊ အလုပ်အကျွေးပြုချင်နေကြသေးသည်၊ လောကကောင်းကျိုးအတွက် အရေးကြီးဆုံးက အနာဂတ်ပုံရိပ်ကို ဖော်ကြည့်ချင်နေကြသည်၊ ရေရေရာရာ ဖမ်းဆုပ်ချင်နေကြသည်။**

အမေကတော့ အကဲခတ်ပြီး ဖြစ်နေသည်။ " အားလုံးစကားကောင်းနေကြပြီ။ နေ့လယ်စာ အမေပြင်ထားပြီးပြီ၊ စားချင်တဲ့ အချိန်စားကြကွယ် " ဟု အမေက ဆိုသည်။

ဒီတော့လည်း အမေ့ကို ကျေးဇူးတင်သော အပြုံးများဖြင့် ဝိုင်းပြီးပြုံး၍ ကြည့်လိုက် ကြသည်။ စကားဝိုင်းကတော့ ဆက်မြဲ။

ဆရာက မြန်မာမှု၏ လောကအမြင်နဲ့ စပ်လျဉ်း၍ သူ၏ ဘဝဖြတ်သန်းချိန် အသိအမြင်များဖြင့် ပြောသည်။ လူ့သဘောသဘာဝ နိယာမတရားတို့ကို ဆင်ခြင်မှု သတိဖြင့် သူ၏ အမြင်ကို အကျယ်တဝင့် ရှင်းပြသည်။ ဒီတော့မှ Globalization နှင့် မထိခလုတ် ထိခလုတ်တွေ ကြပါတော့သည်။

ဘော်လီဘောပွဲစပြီ။

ထောင်သူက တင်မောင်မြင့်( စာအုပ်ဆိုင် ဖွင့်ထားသူ )၊ ခုတ်သူက ထွန်းအောင်( စာရေးဆရာ )၊ ပွဲစားမြတ်ထွန်းနှင့် ကျောင်းဆရာ တင်ဦးတို့က တစ်ဖက်။

ဘော်လီဘောပွဲကဖြင့် ကြည့်ကောင်းလာသည်ဟု "သူ" ထင်သည်။ ဆရာကြီး ဦးဆံနီက ဒိုင်လူကြီး အလိုလိုဖြစ်နေသည်။ ပွဲကြည့် ပရိသတ်ကတော့ "သူ"နှင့် သူငယ်ချင်းတချို့၊ ပြီးတော့ ဆွေမျိုး သားချင်း များ ဖြစ်ပါသည်။

" တကယ်တော့ " "သူ" အသိအရဆိုလျှင် " လူ့ဘောင်၏ သမိုင်းကြောင်းဖြတ်သန်းချိန်တိုင်းတွင် နိယာမလွန်အကြောင်းတရား ဟူ၍ မရှိ " ဟု ထင်သည်။

စာအုပ်ဆိုင်ဖွင့်ထားသူ တင်မောင်မြင့်က အားအားယားယားရှိတိုင်း စာများများဖတ်ဖြစ်သည်ထင်၏။ ဒီတော့ သူသည် ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်နေသည်။ သူ ဖတ်သမျှ သိသမျှကို ပညာပြသည်။ အစချီကတည်းက " ALVIN TOFFLER " က စသည်။

" Future Shock " နဲ့ စပ်လျဉ်းပြီး အနာဂတ် လူ့အဖွဲ့အစည်း၏ ပုံရိပ်ကို ထင်ထင်ရှားရှား ကောက်ချက်ချဆွဲ ဆွေးနွေးသည်။ Third Wave နှင့် ဆက်စပ်လျက် ယဉ်ကျေးမှုသစ်အဖြစ် ပေါ်လာမှုအပေါ် ကောက်ကြောင်းဆက်သည်။ အဓိကမှာ " မျက်မှောက် လူသားတို့သည်





ယဉ်ကျေးမှုဟောင်း၏ ကနဦးမျိုးဆက် " ဟု ဆိုသည်။ TOFFLER ၏ အဆိုကို တင်မောင်မြင့်က ဝိုးတဝါးဖြင့် ဝင်ပြီးထောင်လိုက်သည့်အခါ စာရေးဆရာ ထွန်းအောင်က ခပ်ပြင်းပြင်း ခုတ်ချလိုက်သည်။ ၁၀ ပေ စည်းအတွင်းသို့ ရည်မှန်းလျက် ခုတ်လိုက်ခြင်း ဖြစ်သည်။

သို့သော် တင်မောင်မြင့် ထောင်ချက်က Break ခုတ်၍မရနိုင်။ ဇွေ့ဝဲ၍ ထောင်တက်သွားသည်။ ဒါကို ထွန်းအောင်က Break အနေအထားဖြင့် ခုတ်သည်။ ဒီတော့ အဝေးဘောဖြစ်သွားသည်ဟု "သူ" ထင်သည်။

ထွန်းအောင်က " မကြာခင်ကာလမှာ မျိုးရိုးဗီဇကုထုံးနဲ့ ခုခံစွမ်းအား ကုထုံးတွေ ပေါင်းစည်းမှုစွမ်းရည်ကြောင့် ကင်ဆာကုနည်းတွေ ရလာတော့မှာ ဖြစ်သလို၊ ဗီဒီယို၊ ကင်မရာနဲ့ ဖန်သားပြင်တပ်ထားတဲ့ အိတ်ဆောင်ဖုန်းတွေနဲ့ အိမ်သာတက်ရင်တောင် ရုပ်ရှင်ကြည့်လို့ ရတော့မှာ ဖြစ်ကြောင်း၊ အီလက်ထရောနစ် အာရုံခံကိရိယာများရဲ့ စွမ်းရည်မြင့်မားမှု အကြောင်းကစပြီး ဦးနှောက်နဲ့ တိုက်ရိုက် ဆက်သွယ် ထားတဲ့ ကွန်ပျူတာတွေက လူတွေရဲ့ စိတ်ကူးစိတ်သန်းတွေကို အလိုအလျောက်နားလည်ပြီး စိတ်ထဲမှာ စိတ်ကူးရုံမျှနဲ့ပဲ လုပ်ချင်ဖြစ်ချင် တာတွေ လုပ်ပေးနိုင်တော့မှာ " ဟု သိသမျှကို နားလည်သလို ပြောချ လိုက်သည်။

"အဲဒါက ဘယ်တော့ လဲကွထွန်းအောင်ရ"ဟု ဆရာကြီး က တကယ်ပင် မိုးသားစွာ မေးလိုက်သည်ကို "သူ" ကြားမိသည်။ "၂၀၂၀ ခု အလွန်လောက်မှာဆို ဖြစ်တော့မှာ" ဟုလည်း ထွန်းအောင်က ခပ်ကြွားကြွားလေးပြောသည်။

" အဲဒီအချိန် ငါတို့မရှိတော့ဘူးကွ " ဟု ဆရာပြောချလိုက်ရာ "ဆရာကလည်း ကျွန်တော်တို့ သက်တမ်း ၁၄၀ အထိ ရှည်တော့မှာဗျ" ဟု တင်မောင်မြင့်က ဝင်၍ ထောက်လိုက်ရာ ပွဲကျသွားသည်။

ဒီတုန်းက သည်သို့ဆိုလျှင် ယဉ်ကျေးမှုသစ်၏ ပထမမျိုးဆက်သည် " ငါတို့" များ ဖြစ်နေမလားဟု ပန်းတွန်၍ပင် " သူ " တွေးလိုက်မိခဲ့သေးသည်။

အထောင်နှင့် အခုတ်၊ ဒိုင်ချုပ်တို့ လက်ထဲတွင် ပွဲပြီးနေပြီဟု ထင်ရ၏။ ကျောင်းဆရာတင်ဦးက ငြိမ်မနေ " ငါတို့တော့ ခေတ်ကြီး ၅ ခေတ်ပဲ သင်ခဲ့ရ တွေ့ခဲ့ရ ပါတယ်ကွာ၊ မင်းတို့ကျမှ လယ်ယာစိုက်ပျိုးရေး ယဉ်ကျေးမှုလှိုင်း၊ စက်မှုယဉ်ကျေးမှုလှိုင်း၊ ယခုအာကာသနဲ့ အီလက်ထရောနစ် ယဉ်ကျေးမှုလှိုင်း၊ ဒီတတိယလှိုင်းဟာ လူ့သမိုင်းရဲ့ အစပါပဲ " လို့ ဆိုတော့ " ငါဆိုရင် နောက်ဘဝလူပြန်ဖြစ်ရင် တို့ရဲ့ ရွာလေးက အာကာသ ရောက်နေမှာ၊ ငါမျက်စိလည်ပြီး ငါ့အမျိုးတွေ လိုက်ရှာလို့ မတွေ့ရင် ဒုက္ခပဲ " ဟု ဟာသနှော၍ ပြောချလိုက်သည်။ သူက ခုတ်ဘောကို ဆယ်တဲ့သူ၊ ဒါပေမယ့် ခုတ်ဘော ကိုယ်နှိုက်က အဝေးဘောကြီး ဖြစ်နေလေပြီ။

"သူ" သည် သူ၏ သူငယ်ချင်းများကို အလွန်အားရနေသည်။ "သူ" ၏ သူငယ်ချင်းများသည် ခေတ်ကို မျက်ခြည်မပြတ်ကြ။

**"သူ" ၏ ရွှေမြို့တော် လမ်းဘေးလက်ဖက်ရည်ဆိုင်များတွင် တောတွေးတောင်တွေး၊ တောတွက်တောင်တွက်၊ အချက်အလက်ရှာနေကြသော သူမိတ်ဆွေတို့၏ ဖြတ်လမ်းနည်းဖြင့် ချမ်းသာရေး အတွေးများ ထက်တော့ ရွာက သူငယ်ချင်းတွေက ဟုတ်မှဟုတ်သေးဟု "သူ" စိတ်ထဲမှာပင် ကောက်ချက်ချလိုက်မိသည်။**

မြတ်ထွန်းက ပွဲစား၊ ထန်းလျက်ပွဲစား၊ ငွေကြေးပြည့်စုံသည် ဖြစ်နိုင်ရင် ရှိဘော့ နှစ်ကောင်လောက်ဝယ်ပြီး တွက်ခြေကိုက်ရင် ထန်းတက် ခိုင်းရကောင်းမလားဟု ဆိုတဲ့အကောင်၊ နှယ်နှယ်ရရ မဟုတ်၊ ဘာလုပ်လုပ် တွက်ခြေကိုက်မကိုက်ဆိုတာက သူ့အသိကို စိုးမိုးထားသည်။ ပွဲစားပီသသည်၊ စီးပွားရေးကြီးပွားရေးသမား ပီသသည်၊ "ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ အမျိုးညံ့သွေးနဲ့နဲ့တော့ ပါတယ်"ဟု ညီပုက သူငယ်ချင်းမြတ်ထွန်းအား ရယ်သွမ်းသွေး၍ ဝေဖန်လိုက်ရာ မြတ်ထွန်းက "ဒါတော့ မင်းတို့ဘာသာ ကမ္ဘာ့ရွာပဲပြုပြု၊ ကမ္ဘာ့မြို့ပဲပြုပြု၊ ငါကတော့ တွက်ခြေကိုက်မှု တို့ရှေးရှု " လို့ အဆိုတင်တယ်ကွာဟု Serving Ball ဖြင့် ဝပြီး ဝင်လိုက်လေတော့သည်။





## မျိုးဆက်ကို ချစ်တတ်ဖို့

တကယ်တော့ "သူ" အမြင့် "သူ" အသိအရဆိုလျှင်လူ့ဘောင် သမိုင်းကြောင်းတွင် ခေတ်ကြီး ဘယ်နှစ်ခေတ်သတ်မှတ်သတ်မှတ်၊ လှိုင်းကြီး ဘယ်နှစ်လှိုင်း ထခဲ့ထခဲ့၊ လှိုင်းကြီးတွေ ဘယ်လောက် ထနေထနေ၊ လူ့အဖွဲ့အစည်းကြီး၏ ဖြတ်သန်းချိန်တိုင်းတွင် နိယာမလွန်အကြောင်း တရားများတော့ မရှိဟု "သူ"ထင်သည်။ "သူ"တို့ကအငြင်း မပွားတတ်သူ များ၊ လောကကို အကောင်းမြင်တတ်သူများ၊ အကောင်းဖြစ်စေလိုသူ များသာ ဖြစ်ကြသည်။ အငြင်းပွားဖွယ်ရာ တွေ့လာလျှင်တောင်မှ နားလည်ခြင်း၊ နားလည် ပေးခြင်းဖြင့် ငြိမ်းချမ်းစွာ နှလုံးသွင်းတတ်သူတွေ ဖြစ်သည်။

**အရေးအကြီးဆုံးက သန်းပေါင်းများစွာသော သားတို့ သမီးတို့ မြေးတို့၏ ဘဝတိုးတက်ဖို့၊ သာယာဖို့၊ ငြိမ်းချမ်းဖို့အတွက်၊ ပဓါန အကျဆုံးက "သူ"နှင့် "သူ"တို့မျိုးဆက်။**

**" ဒီတော့ ဤမျိုးဆက်၏ ပဓါနကျသော စေတနာပြဋ္ဌာန်း ရွေ့ဆောင်မှုနှင့် နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးမှုတို့ ပေါင်းစည်းခြင်းဖြင့် လောကကောင်းကျိုး မျိုးဆက်၏ ကောင်းကျိုးသည် ဒီဌာဓမ္မ ဖြစ်ထွန်းလာ မည်"ဟု "သူ"တို့၏ "လောက အမြင်သစ်"ကို တညီတညွတ်တည်း အခြေ ထုတ် လိုက်ကြသည်။**

နေ့လယ်စာ စားပြီးတော့ ခေတ္တလူစုခွဲဖြစ်ခဲ့ကြသည်။ "သူ" ဆရာနှင့် "သူ"၏ သူငယ်ချင်းများ၊ သားချင်းများသာ နှုတ်ဆက် ပြန်သွားကြသည်။ "သူ"၏ အတွေးကတော့ အဟုန်မြင့်ဆဲ။ " လောက အမြင်သစ် " မှာ တဝဲလည်လည်ဖြင့် အားရပီတိ ဖြစ်နေသည်။

"သူ" ၏ အတွေးသည် လူသားတစ်ဦး မြန်မာနိုင်ငံသားတစ်ဦး အနေဖြင့် ဖြန့်ကြက်နေမိခြင်းဖြစ်သည်။ သတ္တဝါတိုင်း၊ လူသားတိုင်းတွင် လိုအင်များ၊ ဆန္ဒနှင့် အာသီသများ ရှိကြမည်။ ထိုထိုသော လိုအင်တွင် တွေးတောကြံဆ ဖြန့်ကြက်နေကြ၊ လှုပ်ရှားနေကြသည်။

လူတိုင်း၊ သတ္တဝါတိုင်း မိမိတို့၏ ဘဝရှင်သန်မှု လုံခြုံမှုကို တောင့်တမြဲ၊ လိုလားမြဲ ဖြစ်သည်၊ တစ်နည်းအားဖြင့် ဘဝအာမခံချက် လိုချင်ကြသည်ဟု "သူ" တို့ မြင်တွေ့ခံစားသည်။

"သူ"တို့သည် "သူ"တို့၏ ဘဝဖြတ်သန်းချိန်တစ်လျှောက်တွင် မြန်မာ့ဝိညာဉ်၊ မြန်မာ့စိတ်ဓါတ်ဖြင့် ဘဝကို ပြဌာန်းထိန်းကျောင်းလျက် မားမားမတ်မတ်ရပ်တည်ခဲ့ ကြသည်။ မြန်မာမျိုးဆက် များသည် ခေတ်အဆက်ဆက် တွင်မြန်မာပြည်ဖွားတိုင်းရင်းသား အားလုံး၏ *စိတ်နှလုံးအဖြစ် မိမိကိုယ်ကိုလည်း ချစ်တတ်၏၊ ကိုးကွယ်ယုံကြည်ရာ ဘာသာ တရားကို လည်းကောင်း၊ နိုးရာ ဓလေ့ ထုံး တမ်း များ ကို လည်းကောင်း အမြတ်တနိုး တန်ဖိုးထားကြသည်။*

**အထူးခြားဆုံးမှာ လူတိုင်း၊ သတ္တဝါတိုင်းအပေါ် စာနာခြင်း၊ ထောက်ထားခြင်း၊ တန်ဖိုးထား ဝရုပြုခြင်းမှာ မြန်မာ့စိတ်နှလုံး၏ ဝိသေသဖြစ်သည်၊ တစ်နည်းအားဖြင့် မြန်မာ့စိတ်၊ မြန်မာ့ဝိညာဉ်သည် လောကငြိမ်းချမ်းမှု၊ တိုးတက်စည်ပင်မှုအတွက် ရေခံမြေခံ၊ အခြေခံ အကောင်းဆုံးဟု သူတို့မြင်တွေ့ လက်ခံကြသည်။**

ဤရေခံမြေခံကောင်းကို မည်သည့်အကြောင်းတရားများက ဖျက်ဆီးပစ်နေပါလေသနည်း။ "သူတို့"ချစ်သော၊ တန်ဖိုးထား လေးစားသော မျိုးဆက်ကို တကယ် ချစ်တတ်ဖို့လိုမည်။

"သူ" နှင့် "သူ"၏ ဆရာ၊ "သူ"၏ ရောင်းရင်း အပေါင်းအသင်းများ၏ စကားဝိုင်းလေးတွင် ကျောင်းဆရာ တင်ဦး ပြောလိုက်သော စကားကို သူတို့၏ မျိုးဆက်အတွက် လက်ဆောင်ပါးရန်ကိုလည်း "သူ" မှတ်သားဆုံးဖြတ်ထားသည်။

တင်ဦးသည် ကျောင်းဆရာပီပီ မျက်မှောက်ခေတ် လူငယ်တို့၏ အတွေးအမြင်များစွာကို အမိအရရှိနေသည်။ လူငယ်မျိုးဆက်သစ်၏ အာသီသနှင့် ဆန္ဒ သူတို့၏ ဓလေ့စရိုက်ကို ထဲထဲဝင်ဝင် သိနေသည်။

သူတို့၏ မျိုးဆက်အတွက် ချမ်းသာကြွယ်ဝဖို့၊ ခေတ်မီ





တိုးတက်ဖို့၊ နည်းပညာ၊ သိပ္ပံပညာတွေ ကျွမ်းကျင်ဖို့ လမ်းခင်းပေးကြရဦးမည်။ ယခုလည်း ကြိုးပမ်းနေကြသည် နိုင်ငံတော်ပိုင်းကရော ပြည်သူလူထုအပိုင်းကရော အမိအဖများအပိုင်းကရော။

**သို့သော် ခေတ်မီဖို့ ချမ်းသာကြွယ်ဝဖို့အတွက် ဆန္ဒမစောဖို့၊ လောဘမပြင်းထန်ဖို့တော့ သတိပြုကြရမည်ဟု "သူ"က "သူ"၏ အမြင်ကို ပြောသည်။ အရေးအကြီးဆုံးက စာရိတ္တနှင့် အကျင့်သီလ။**

**လူ့ဘဝ၊ လူသားတစ်ဦး၏ တန်ဖိုး၊ စံချိန်စံညွှန်းတွေကို ထိန်းသိမ်းပြီး၊ ဘဝကို ဖြတ်သန်းကြဖို့၊ ဘဝရှင်သန်မှုကို ရယူကြဖို့၊ *ဘယ်သူတရားဖျက်ဖျက် ကိုယ်မဖျက်ဖို့၊ ဒီနေရာမှာ Price, Value နဲ့* Power တို့ကို ခွဲခြားနားလည်လက်ခံ ရယူကျင့်သုံးကြဖို့လိုအပ်သည်။**

ဒါက "သူ"၏ သူငယ်ချင်း ကျောင်းဆရာ၏ သောကဖြင့် လောကအမြင်ဖြစ်သည်။ ရွှေမြို့တော်ရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်များသို့ အညာသားတို့ စကားလက်ဆောင်အဖြစ် "သူ" သယ်ယူဖောက်သည်ချရန် ဆုံးဖြတ်သည်။

"သူ"၏ စာပေဝိုင်းတော်သားများစွာ၊ လူငယ်များစွာ၊ ယခုတော့ ဘဝရှင်သန်မှုအတွက် ရုန်းကန်နေကြ၊ လှုပ်ရှားနေကြသူများစွာတို့ လက်ဖက်ရည်ဆိုင်တွင် ထိုင်ရင်း ဘဝနှင့် လောကကို ဖြတ်သန်းနေကြသည်။ "မြန်မာ့လူနေမှု ဘဝပုံစံသစ်"သည် ဖူးငုံစပြုနေပြီဟု ဆိုရမည်လော၊ "သူ" တွေးတောစဉ်စားသည်။

**မည်သို့ရှိစေ " ချစ်စရာကောင်းသော၊ လှပသော၊ တန်ဖိုးကြီးမားသော မြန်မာ့လူနေမှုဘဝပုံစံ(Life Style)သည် မြန်မာ့စိတ်နှလုံးဖြင့် ထိုးထက်ရှင်သန်ကြွယ်ဝလာတောင်း၏ဟု " သူ " ယုံကြည်ဆဲ။**

× × × × ×

အပိုင်း (၁၀)

## တန်ဖိုးများ ကျက်စားရာ

မည်သို့ရှိစေ " ချစ်စရာကောင်းသော၊ လှပသော၊ တန်ဖိုးကြီးမားသော မြန်မာ့ လူနေမှုဘဝပုံစံသစ်( Life Style )သည် မြန်မာ့စိတ်နှလုံးဖြင့် တိုးတက်ရှင်သန်ကြွယ်ဝလာကောင်း၏ဟု "သူ" ယုံကြည်ဆဲ။ မြို့၏ အနောက်ဘက်ယွန်းယွန်းတွင် နေဝန်းနီကြီးသည် စုံးစုံးမြုပ်လု။ " နေဝင်ချိန်တောင်ရောက်နေပြီပဲ " ဟု "သူ" သတိပြုမိသည်။

ဩကာသ ဒလောက နိယာမဖြင့် တစ်နေဝင်ချိန်ကို ခံစားရင်း "သူ" ကိုယ်၌ပင်လျှင် ဤတစ်ဘဝ၏နေဝင်ချိန်ကို ဖြတ်သန်းနေပြီဖြစ်သည်ကို "သူ" သံဝေဂယူလိုက်မိပြန်သည်။

လူတိုင်း၊ သတ္တဝါတိုင်းသည် တစ်ဘဝ၏ နိဂုံးကို ဖြတ်ကြရမြဲဖြစ်သည်။ အချို့လည်း ရုတ်ချည်းဖြတ်သန်းသွားကြသည်၊ အချို့ အချိန်ပိုင်းဖြင့်၊ အချို့ အချိန်များများရလိုက်ကြ၏၊ အချို့ အချိန်အနည်းငယ်သာ ရလိုက်ကြသည်။မည်သို့ဆိုစေ ဘဝတစ်ခု၏ ဖြတ်သန်းချိန်သည် တိုသည် ရှည်သည်မှာ ပဓာန မဟုတ်၊ တန်ဖိုးရှိရှိဖြတ်သန်းနိုင်ဖို့သာ အရေးကြီးသည် မဟုတ်ပါလား။

"သူ"သည် အားရရွှင်လန်းခြင်း ပီတိဖြင့် ပြည့်ပြည့်ဝဝကြီးပြုံးလိုက်မိသည်၊ "သူ"၏ အပြုံးကို လောကတစ်ခုလုံးက မြင်လိုက်





စေချင်သည်။ လူတိုင်းလူတိုင်း ပြုံးနိုင် စေချင်သည်၊ "သူ"၏ အပြုံးတွင် "သူ" ၏တစ်ဘဝဖြတ်သန်းချိန်အပေါ် ယုံကြည်မှုဖြင့် အားရကျေနပ်ခြင်း တည်ကြည်ရဲရင့်ခြင်းအပြည့် ရှိနေလေပြီ။

ဘဝတစ်ခုအတွက် "သူ"တွင် လုပ်စရာရှိသည်များ၊ လုပ်သင့်သည်များ လုပ်ခဲ့ပြီးပြီ။ ကျန်ရှိသော ဖြတ်သန်းချိန်အတွက်လည်း ဆောင်ရွက်ရန်ရှိသည်များအတွက် အားအင်( Power ) ပြည့်ဝနေသည်။

"သူ"၏ အတွေးတွင် " ဘဝ " တစ်ခု၏ တန်ဖိုးကို ဝင်းလက်ထွန်းပစွာ မြင်တွေ့ခံစားနေရသည်။ ကျောင်းဆရာ တင်ဦး ပြောသည့်စကားများသည် "သူ" နှလုံးသားတွင် ပဲ့တင်ထပ်နေဆဲ။

**အရေးအကြီးဆုံးက စာရိတ္တနဲ့ အကျင့်သီလ၊ လူ့ဘဝ လူသားတစ်ဦး၏ တန်ဖိုး၊ စံချိန်စံညွှန်းတွေကိုထိန်းသိမ်းပြီး ဘဝတစ်ခုကို ဖြတ်သန်းနိုင်ဖို့၊ ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်ဖို့၊ Price, Value နဲ့ Power တို့ကို ခွဲခြားနားလည်တန်ဖိုးထား လက်ခံရယူကျင့်သုံးဖို့ကသာ ပဓာနကျကြောင်း ပြောသွားသည်။**

ဒီစကားကို ပြောတုန်းက သူ၏ သူငယ်ချင်း ကျောင်းဆရာ တင်ဦး၏ မျက်နှာတွင် သောကအရိပ်များ ယှက်သန်းနေသည်ကို "သူ" သတိပြုမိသည်။

**မျက်မှောက်ကာလတွင် လောကသားအားလုံးသည် စိန်ခေါ်မှုနှစ်ရပ်ဖြင့် ရင်ဆိုင်နေကြပြီဟု သူတို့မြင်တွေ့ခံစားခဲ့ကြသည်၊ တစ်ခုက အခွင့်အလမ်းများ၊ နောက်တစ်ခုက အန္တရာယ်များ။**

ခေတ်မီ သိပ္ပံနည်းပညာများ တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးခြင်းနှင့်အတူ လောကသားတို့၏ လူနေမှုဘဝ ပြောင်းလဲမှု မြင့်မားလာခြင်းကို ဖန်တီး ရယူတည်ဆောက်ခွင့်များ များစွာ ရှိလာကြပြီဖြစ်သည်။ တစ်ချိန်တည်း မှာပင် လောကီ အာရုံကာမဂုဏ်၏ ဖမ်းစားမှုများနှင့်အတူ အနိဋ္ဌာရုံ များစွာကိုလည်း ထူးထူးကဲကဲ ရရှိခံစားနေကြရပြန်သည်။
" မည်သို့ရှိစေ လူ့ဘဝ၊ လူသားတစ်ဦး၏ တန်ဖိုး၊ စံချိန်စံညွှန်း

များကို ထိန်းသိမ်းထားနိုင်ခြင်းဖြင့် လူ့ဘောင်လောက၏ ငြိမ်းချမ်းသာယာမှုသည်လည်းကောင်း၊ စည်ပင်ဖွံ့ဖြိုးတိုးတက်မှုသည်လည်းကောင်း အစွန်းရှည်ကြာမြင့်မားစွာ တည်ရှိနေမည်" ဟု "သူ"တို့ ယုံကြည်ထားကြသည်။

စကားဝိုင်းဖွဲ့ မိကြစဉ်က စကားအသုံးအနှုန်း အဓိပ္ပါယ် သက်ရောက်မှုကအစ အထအနကောက်ပြီး စပ်စုတတ်သော တင်မောင်မြင့်က ကျောင်းဆရာ တင်ဦးကို မေးသည်။ " Price " နဲ့" Value "က ဘာတွေခြားနားလို့လဲ" Power "ဆိုတဲ့စကားရဲ့ ဆိုလိုရင်းကဘာလဲ "Powerfull" ဖြစ်နေတာနဲ့ " Powerless "ဖြစ်နေတာက ဘယ်လိုအနက် အဓိပ္ပါယ်တွေ ဆောင်သလဲ " စသည် စသည်တို့ဖြစ်သည်။

တင်ဦးက ကျောင်းဆရာ ဖြစ်သည်။ စာသိပေသိနှင့် ဘဝအသိကို ပေါင်းစပ်ပြီး လက်တွေ့ကျကျ ခံစားဖေါ်ဆောင်နေရသူ၊ ဒီတော့လည်း လောကအကြောင်း၊ ဓမ္မအကြောင်းနှင့် အတူ လူငယ်မျိုးဆက်အတွက် အတွေ့အကြုံနှင့် ပြောချင်တာတွေ၊ စိုးရိမ်ကြောင့်ကြမှုရှိမှုတွေ သူ၏ ရင်ထဲတွင် ပြည့်နေသည်ဟု ထင်သည်။

ကျောင်းဆရာ တင်ဦး ပြောသည်က ရှင်းသည်ဟု "သူ" မြင်မိသည်။ " လောကလူသားတွေ၊ အထူးသဖြင့် လူငယ်တွေ ဘဝရှင်သန်မှုအတွက်၊ ဘဝတိုးတက်မှုအတွက်၊ ချမ်းသာကြွယ်ဝမှုအတွက် လှုပ်ရှားရုန်းကန်နေကြသည်။ ဤသည်မှာ သဘာဝကျသည်။ လှုပ်ရှားရုန်းကန် တည်ဆောက်ကြရမည်ဖြစ်သည်။

သို့သော် ဘဝကို တန်ဖိုးရှိရှိ ဖြတ်သန်းနိုင်ဖို့ အရေးကြီးသည်။ ဒါကြောင့်လည်း " Value of Life " ဘဝတန်ဖိုးဟု သူသုံးလိုက်ခြင်းဖြစ်သည်။ " Price " ဆိုသည့် စကားလုံးကို သူမသုံး၊ " Price " ဆိုတာ အလွယ်အကူဆုံး မြန်မာဘာသာ အဓိပ္ပါယ်ကောက်ရင် "ဈေးနှုန်း" "တန်ဖိုး" ပေါ့ဟု သူကဆိုသည်။ " Amount of money for which anything is bought, sold of offered for sale " ဟု ဆိုလိုကြောင်း၊ သို့သော် "ကောင်းမြတ်သော အကျင့်သီလကို တန်ဖိုးဖြတ်မရ" ဟုပြောဆိုလျှင်





"Virtue is beyound price" ဟုပင် ပြောလေ့ရှိကြောင်း၊ မည်သို့ဆိုစေ အနှစ်သာရနဲ့ အဓိပ္ပါယ်လေးနက်မှုတွင် " Value " ကို အသုံးဝင်ခြင်း၊ အကျိုးရှိခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်း၊ အဖိုးထိုက်ခြင်းဆိုသည့် အရည်အသွေးဆိုင်ရာ " Quality of being useful or desirable " တို့ကို ပြဋ္ဌာန်းရာတွင် သုံးကြောင်း၊ ဥပမာ "မင်းရဲ့ အကြံပြုချက်တွေကို ငါတန်ဖိုးထားပါတယ်" ဆိုတာမျိုးကို " I value your advice " လို့ ပြောကြကြောင်း၊ " Valuation "ဆိုတဲ့ တန်ဖိုးထားခြင်း၊ တန်ဖိုးဖြတ်ခြင်း ဆိုရာမှာ အကျိုး သက်ရောက်မှု အတိုင်းအတာကို ဖော်ညွှန်းပြသခြင်း ဖြစ်ကြောင်း၊ ခံစားမှု၊ ခံယူမှု၊ စိတ်နှလုံးအပိုင်းကိုပြဋ္ဌာန်းမှု ပို၍ ပီပြင်စေကြောင်း၊ ထို့ကြောင့် Price နဲ့ Value ကို ခွဲခြားခံစားပြီး ဘဝရဲ့တန်ဖိုး " Value of life " အချိန်ရဲ့ တန်ဖိုး " Value of time " တို့ကို နားလည်ခံယူကျင့်သုံး နိုင်ကြဖို့လိုကြောင်းဖြင့် သူ၏အမြင်နဲ့ ခံစားမှုကို ရှင်းရှင်းလင်းလင်း ဆွေးနွေးခဲ့သည်။

ဝေါဟာရဆိုင်ရာကိစ္စများတွင် သူတို့အားလုံး အငြင်းပွားရန် မရှိကြဟု "သူ" ထင်သည်။ ဆီလျော်ဖို့၊ ထိမိဖို့၊ ပီပြင်ဖို့သာ အဓိကကျမည်။ မည်သို့ရှိစေ၊ မြန်မာမှု၏ လောကအမြင်အရ လူသားတိုင်း၊ အထူးသဖြင့် မြန်မာတိုင်း သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းတရား ၇ ပါးကို အပြည့်အဝ မဟုတ်တောင် ကြိုးစားကျင့်သုံးဖို့လိုမည်။

အထူးသဖြင့် ဟိရိတည်းဟူသော မကောင်းမှုပြုရန် ရှက်ခြင်း၊ ဩတ္တပ္ပတည်းဟူသော မကောင်းမှုပြုရန် ကြောက်ခြင်းဆိုသည့် အရှက်အကြောက်တရား နှစ်ပါးသည် လူ့ဘောင်လောက၏ ငြိမ်းချမ်းမှု ဖွံ့ဖြိုးမှုတို့ ထိန်းကျောင်းနေကြောင်း "သူတို့"အားလုံးမြင်တွေ့ နေကြလေပြီ။

မျက်မှောက်ကာလဖြတ်သန်းချိန်တွင် ဘာကိုတန်ဖိုးထားပြီး ဘဝကို ပြဋ္ဌာန်း တည်ဆောက်ကြဖို့လိုမည်နည်း၊ လောကငြိမ်းချမ်းဖို့ ရေရှည်ခိုင်မြဲစွာ ထိန်းကျောင်းနိုင်ရေးအတွက် ဘာလုပ်သင့်သနည်း စသည် စသည် တောင်စဉ်ရေမရတွေးတောရင်း "သူ"သည် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်မိရာ သောကအငွေ့များ လေတွင်လွင့်ပါသွားသည်။

## လက်ဦးဆရာ

" လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိ နှင့် ဖ " ဟု ဆိုသည့် မြန်မာ့ရိုးရာ အဆုံးအမတစ်ခုက "သူ"၏ အတွေးသို့ ရုတ်ချည်း ဝင်လာသည်။ သူ၏ မျက်နှာဝင်းလက်သွားသည်။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းတွင် ပဓာနကျသည့် အခန်းတွင် မျိုးဆက်သစ်တို့ ရှိနေကြသည်။ မျိုးဆက်သစ်တို့၏ ရှင်သန်မှုနှင့် နိုင်ငံနှင့် လူမျိုးအတွက်၊ မြန်မာ့လူ့ဘောင်လောကအတွက် မိမိတို့၏ ဘဝတိုးတက် ဖွံ့ဖြိုးမှုအတွက် ဘာလုပ်ကြမည်နည်း၊ မည်သည့်ပုံစံဖြင့် လျှောက်လှမ်း ကြမည်နည်း၊ အားယူနေကြ လှုပ်ရှားနေကြသည်ကတော့ မြင်သာ၏။

မြန်မာ့လူ့ဘောင် သမိုင်းတစ်လျှောက် "သူ"တို့၏ အဘိုး အဘွား၊ အမိအဖတို့ တာဝန်များ ထမ်းခဲ့၊ ကျေပွန်ခဲ့ကြပြီ၊ လက်ဆင့်ကမ်း အမွေကောင်းများလည်း ပေးသွားခဲ့ကြလေပြီ။ "သူ" နှင့် "သူတို့"သည် လည်းကောင်း၊ "သူတို့"၏ မျိုးဆက်၊ "သူတို့"၏ ရင်သွေးများသည် လည်းကောင်း၊ "သူတို့"၏ မြေးမြစ်တို့သည်လည်းကောင်း၊ ရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် "သူ"နှင့် "သူတို့"၏ မျိုးဆက်၌သာ တာဝန် အရှိဆုံးဟု ခံယူလိုက်မိသည်။

ထိုစဉ်တစ်ခဏ၌ "သူ"အတွေးသို့ "သူ"၏မြေးသည် ပြေးဝင် လာပြန်သည်။ "သူ"မြေး၏ စွမ်းရည် "Personality"ကို "သူ" ပြန်တွေးမိ သည်။ "သူ"မြေး အပါအဝင် မြေးများစွာသည် T.V game ကစား နေကြပြီ။ မြေးငယ်များစွာသည်လည်း သူတို့ဘဝ သူတို့ အခြေအနေနှင့် သူတို့ရှိနေကြသည်။

**မည်သူတွေ မည်မျှကံကောင်းလာကြမည် မသိ။ မည်သို့ရှိစေ မြေးအားလုံး ကံကောင်းဖို့လိုမည်။ ကွက်ကြားမိုးရွာ၍ မဖြစ်၊ အားလုံး ရှင်သန်ဖွံ့ဖြိုးစေရမည်။ ဤသည်မှာ အမိ၊ အဖ၊ အဘိုးအဘွားတိုင်း၏ တာဝန်ဟု "သူ" ခံစားသည်။**

ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ။ "သူ" သည် "သူ" နှင့်





ရင်းနှီးကျွမ်းဝင်ရှိခဲ့သော နိုင်ငံအချို့၏ လူနေမှုဘဝ၊ ရှင်သန်မှု ပုံစံသစ် များကို ထဲထဲဝင်ဝင် ခံစားတွေးတောနေမိပြန်သည်။ "သူ" တို့၏ အတွေး အမြင်များ၊ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များ ဘဝနေနည်းပုံစံများ ( Life Style )သည် မြန်မာ့လူနေမှုဘဝအတွင်းသို့ ဖြန့်ကြက်တိုးဝင်လျက်ရှိသည်။

အကောင်းလည်းရှိမည်၊ အဆိုးလည်းရှိမည်၊ မည်သို့ရှိစေ အမွေခံကောင်းဖြင့် ရှင်သန်ပြီး ဖြစ်သည့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူနေမှု၊ မြန်မာ့စိတ်နှလုံးဖြင့် အဆိုးများကို ပယ်သတ်နိုင်ဖို့တော့ လိုမည်ဟု "သူ" မြင်တွေ့ခံစားသည်။ ဒီတော့ ကိုယ်ခံအား ကောင်းဖို့သည် ပဓာနကျကြောင်း တွေ့ရသည်။"သူတို့"သည် "သူတို့"၏ သားသမီးတို့ကို အမွေကောင်း ပေးနိုင်ရန် မပြတ်ကြိုးပမ်းခဲ့သည်။ ဤသည်မှာ နယ်နယ်ရရ စွန့်လွှတ်မှု မဟုတ်။ မြန်မာမှုနယ်ပယ်တွင် မိဘတိုင်းသည် သားသမီး တို့အား ပညာအမွေ၊ ဥစ္စာစီးပွားအမွေ၊ ကိုယ်ကျင့်သီလ စာရိတ္တအမွေ ပေးကြရမြဲဖြစ်သည်။ အမွေသုံးမျိုးအနက် ကိုယ်ကျင့်သီလ စာရိတ္တအမွေ အပြည့်အဝပေးနိုင်ဖို့က ပဓာနကျသည်။ အခက်အခဲ ဆုံးလည်းဖြစ်မည်။

**စာရိတ္တအမွေကောင်းပေးနိုင်ရန် ကိုယ်တိုင်က စံပြုနိုင်လောက်သည့် ကိုယ်ကျင့်သီလနှင့် စာရိတ္တကို အမိအဖတိုင်းက ဘဝတစ်ခု၏ ဖြတ်သန်းချိန်အစ၊ အလယ်၊ အဆုံး ကျင့်သုံးနိုင်ပါမှ။ "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့" ဆိုတာမျိုးက မျိုးဆက်အတွက် ရိုးအီနေပြီ ဖြစ်မည်။ "ငါပြောသလိုလုပ်၊ ငါလုပ်သလိုလုပ်" ဆိုပါမှ တန်ဖိုး ကျမည်ကို "သူ" အလေးအနက်ခံယူခဲ့သည်။**

ကိုယ်နှုတ်အမူအရာမှအစ၊ စိတ်အထားအသိနှင့် လောက အမြင်အထိ၊ အမွေခံတို့အတွက် အမွေ ပေးလို့ အကောင်းဆုံး၊ ပြုစုပျိုး ထောင်ရန် အလွယ်ကူဆုံးအချိန်သည် နို့စို့မှသည် မူကြိုကျောင်းအရွယ်အထိ ဖြစ်သည်ဟု "သူ" မြင်တွေ့နေရသည်။ဒီတော့လည်း " လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိ နှင့် ဖ " ဆိုသည့် မြန်မာ့ရိုးရာ အဆုံးအမ သည် သွေးထွက် အောင်ပင် မှန်နေပေပြီ။

"သူ" အနေနှင့်တော့ "သူ"၏ သားသမီးများကို ပြောရန် ရှိသည်များကို ပြောရတော့မည်။ "သူတို့" အားလုံး အနေနှင့်လည်း

"သူတို့"၏ သားသမီးတို့ကို ပြောရန်ရှိသည်တို့ ပြောရတော့ မည်။

အမိအဖအားလုံး အနေနှင့် သားသမီးတို့ကို အသိပေးပြောရတော့မည်။ ယနေ့ ဖြတ်သန်း ချိန်တွင် မျိုးဆက်အတွက် စံပြုနိုင်လောက်သည့် ဦးဆောင်မှုသည် ပဓာနကျ၍ အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်။ ဘဝ၏ အစစ်အမှန်တန်ဖိုးများကို လက်ခံကျင့်သုံးဖို့၊ မျိုးဆက်ကို တရိုတ္တအမွေပေးနိုင်ကြဖို့ အမိအဖတိုင်းတွင် တာဝန်ရှိသည်။ ဤတာဝန်ကို ကျေပွန်မှ လူဖြစ်ကျိုးနပ်မည် ဆိုသည်ကို နားလည်ကြလျက်၊ ဘဝကို တည်ဆောက်ဖြတ်သန်းဖို့လိုမည် မဟုတ် ပါလား။

အညာဒေသ၏ မှောင်ရီသန်းချိန်သည် လွမ်းဆွတ်ဖွယ်ရှိသည်။ တမာ ရနံ့သည် လေနုအေးနှင့်အတူ "သူ" အားကြည်နူးမှုရသကို ပေးနေသည်။ ဤတွင် "သူ" ၏ ဇနီး နှင့်အတူ သားသမီးများအားလုံး ပြုံးရွှင်စွာဖြင့် "သူ"၏ အတွေးအာရုံတွင် ပေါ်လာသည်။ လွမ်းသလိုလည်း ခံစားလိုက်ရသည်။

တကယ်တော့ "သူ" ရွှေမြို့တော်အား ကျောခိုင်းထွက်ခွာလာသည်မှာ မကြာသေး ရက်သတ္တတစ်ပတ်သာရှိဦးမည်။ သို့သော် ရွှေမြို့တော်ရှိ "သူ"၏မိသားစုကိုလည်းကောင်း၊ "သူ"၏ အပေါင်းအသင်းများကိုလည်းကောင်း"သူ"သတိရနေသည်။ သတိရ နေခြင်းဆိုသည်ထက် လွမ်းသလိုခံစားနေမိပြီဆိုခြင်းက ပို၍ပြည့်စုံ ပါလိမ့်မည်။

"သူ" မရှိလျှင် "သူ"၏ ဇနီးနှင့် ရင်သွေးများကိုယ်တိုင်ကိုယ်နှိုက်က သူသောက်နေကျ ဂျိုးသိန်းဆေးပေါ့လိပ်အတိုအစများနှင့် ပြာခွက်ကို ကြည့်ရင်း မျှော်တတ်ကြသည်ကို "သူ" ခံစားလိုက်မိသည်။

မေတ္တာလှိုင်းတို့၏ နိယာမတရားသည် မှန်လွန်းစွာဟု တွေးတောရင်း "သူ" တစ်ချက်ပြုံးလိုက်မိပြန်တော့သည်။

တကယ်တော့ "သူ" သည် "သူ"၏ မိသားစု၊ "သူ"ချစ်သော "သူ"၏ မျိုးနွယ်စု၊ "သူ"၏ ရောင်းရင်းရဲဘော်များ၊ "သူ"တိုင်းပြည်၊ "သူ" လူမျိုးနှင့်အတူ လောကသားများနှင့်အတူ ရှင်သန်ရန်မှာ ဤတစ်ဘဝ





အတွက် ရက်ပေါင်း ၆၀၀၀ မျှသာ ကျန်နိုင်သည်။ "သူ"၏ အသက် ၅၀ ကျော် ၆၀ အတွင်း "သူ"ဖြတ်သန်းခဲ့သည့် ရက်ပေါင်း ၂၀၀၀၀ ခန့်သည်ပင် ဘာမျှမကြာလိုက်ဟုထင်သည်။ နှစ်ပေါင်း ၇၅ နှစ် သက်တမ်းဖြင့် ဤတစ်ဘဝရှင်သန်ခွင့် ရမည်ထားဦးတော့၊ ကျန်ရှိသည့် ရက်ပေါင်း ၆၀၀၀ အတွင်း၊ လောကအတွက်၊ အမျိုးဘာသာသာသနာအတွက်၊ "သူ"၏မျိုးဆက် "သူ"၏ မိသားစု အတွက် ဘယ်လိုတာဝန်ကျေပွန်မှုတွေ "သူ" ပေးဆပ်နိုင်ဦးမည်နည်း၊ ရှုတ်တရက်သာ သေဆုံးခဲ့လျှင်တော့ ဆိုဖွယ်မရှိပြီ။

**"အမှန်စင်စစ် တစ်ဘဝဆိုသည့် သက်တမ်းသည် တိုတောင်းစွ" ဟုဆက်၍ တွေးမိချိန်တွင်ပင် လှပသော အညာဒေသ၏ ညဥ့်သည် သူ့အား ညင်သာစွာဖြင့် ကြင်ကြင်နာနာ ပွေ့ဖက်ထားလိုက်လေပြီ။**

× × × × ×

အပိုင်း (၁၁)

## နားလည်ခြင်းနှင့် နားလည်ပေးခြင်း

မေတ္တာလှိုင်းတို့၏ နိယာမတရားသည် မှန်လွန်းစွာဟု တွေးတောရင်း "သူ" တစ်ချက် ပြုံးလိုက်မိပြန်တော့သည်။

"သူ" ၏ အပြုံးသည် ထာဝရတည်တံ့သည့် အပြုံးဖြစ်မည်ဟု "သူ" ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် "သူ" ပီတိဖြင့် ပြုံးလိုက်မိ ခံစားလိုက်မိသော အကြောင်းတရားသည် ထာဝရအမှန်တရား ဖြစ်သောကြောင့် ဖြစ်သည်ကို သူဆင်ခြင်စဉ်းစားမိသည်။

အညာဒေသသို့ ယခုတစ်ခေါက် "သူ" ရောက်ခဲ့ရခြင်းအတွက် "သူ" များစွာ ကျေနပ်နေမိသည်။ "သူ" ၏ သူငယ်ချင်းလည်းဖြစ်၊ မြို့သူမြို့သားတို့ ကြည်ညိုချစ်ကြောက် ရှိသေသူလည်းဖြစ်သော ဆရာတော် ဦးဝိမလကိုလည်း "သူ" ဖူးတွေ့ခွင့်နှင့် ဆွေးနွေးခွင့် ရခဲ့သည်။ "သူ"၏ အနန္တကျေးဇူးရှင်ဆရာကိုလည်း ကန်တော့ခွင့် ကြုံရပြီ ဖြစ်သည်။ ငယ်ပေါင်းရောင်းရင်း သူငယ်ချင်းများနှင့်လည်း စကားဝိုင်းဖွဲ့ ခွင့်ရခဲ့သည်။ ဘာပဲဖြစ်ဖြစ် "သူ"အတွက် ဖြတ်သန်းချိန်တိုင်းသည် စက္ကန့်တိုင်း၊ နာရီတိုင်းသည် ချိုမြိန်နေသည်ဟု "သူ" ထင်သည်။





အညာဒေသ၏ ရာသီဥတုသည်လည်းကောင်း၊ အညာဒေသ၏ ရေမြေနှင့်တကွ ချုံနွယ်ခင်တန်းလေးများသည်လည်းကောင်း၊ ထန်းရိပ်၊ မန်ကျည်းရိပ်၊ တမာရိပ်၊ ထနောင်းရိပ်တို့သည်လည်းကောင်း လွန်စွာလှပနေပြီး အညာဒေသ၏ လေနုအေးသည်ပင် မွှေးလွန်းနေသည်ဟု "သူ" ထင်သည်။

တမ်းတလွမ်းမောဖွယ် အတိတ်၊
နှစ်လိုမြတ်နိုးဖွယ်ဒေသ၊

"သူ"၏ ငယ်စဉ်ဘဝရှင်သန်ခဲ့ရာ ဤနေရာ၊ ဤဒေသတွင် တစ်ရက်၊ နှစ်ရက်သာ "သူ" နေရတော့မည်။ ဒါတောင် အမေက တားထား၍ ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာတော် ဦးဝိမလအား ညဦးပိုင်း၌ပင် "သူ" သွားရောက်နှုတ်ဆက် ကန်တော့ရန် ဆုံးဖြတ်လိုက်သည်။

ညဦးလေသည် အေးစိမ့်စိမ့်။

အမေ့အား ပြောပြပြီးနောက် အိမ်နောက်ဘက် မီးရထား သံလမ်းအား ကူးလျက် လေသာကျောင်းဘက်သို့ "သူ" ခြေဦးလှည့် ခဲ့သည်။ မီးရထားလမ်းတောင်ဘက်ရှိ ဟိုတစ်ချိန်က ဆီမီးခွက်လေး များဖြင့် မှိတ်တုတ်မှိတ်တုတ် တဲအိမ်လေးများအစား ယခုတော့ အိမ်ကြီးအိမ်ကောင်းများစွာ။

မိုးချုပ်ချုပ်တွင် လှုပ်လှုပ်ရှားရှား မီးလေးမှိတ်တုတ်ဖြင့် ရှိနေကြဆဲ။

လေသာကျောင်းတွင် ဆရာတော်ကို ဆိုက်ဆိုက်မြိုက်မြိုက် ဖူးတွေ့ခွင့်ရခဲ့သည်။ ဆရာတော်က လောက၏ နိယာမတရားကို "သူ" တန်ဖိုးထား မြတ်နိုးသော မြန်မာမှု၏ လောကအမြင်ဖြင့် ဆွေးနွေးရင်း တရားချီးမြှင့်ခဲ့သည်။

ဆရာတော်၏ မျက်နှာတွင် ထူးခြားသော သွင်ပြင်တစ်ရပ်ကို "သူ" သတိပြု ဖူးတွေ့လိုက်ရသည်။ ပီတိနှင့် သောက ရောယှက် နေသည်ဟု "သူ" ထင်သည်။ ဆရာတော်သည် ဗုဒ္ဓအဆုံးအမရှင်သန်ရာ

မြန်မာမှု၏ လောကီလောကုတ္တရာ အကျိုးစီးပွား ဆောင်နိုင်စွမ်းမှုကိုလည်းကောင်း၊ လောကငြိမ်းချမ်းမှုနှင့် စည်ပင်ဖွံ့ဖြိုးတိုးတက်မှုအား အဟန့်အတား အနှောင့်အယှက် ဖြစ်စေသည့် အဖျက်အဆီးများအားလည်းကောင်း တွေးတောဆင်ခြင်မိ ဟန်ရှိသည်။

ဆရာတော်က စိတ်ကောင်းထားနိုင်ဖို့ အမြဲတိုက်တွန်းလေ့ရှိသည်။ စိတ်ကောင်း မရှိခြင်း၊ စိတ်ကောင်းမထားနိုင်ခြင်း၏ အပြစ်နှင့် စိတ်ကောင်းရှိခြင်း၊ စိတ်ကောင်းထားနိုင်ခြင်း၏ အကျိုးကို မြန်မာမှုနယ်ပယ်၌ အလွန်တန်ဖိုးထားဖို့လိုကြောင်း၊ အင်္ဂုတ္တရပါဠိတော် အဒန္တသုတ်၌ မြတ်စွာဘုရား၏ ဟောကြားချက်တွင် " ရဟန်းတို့ မဆုံးမအပ်သော ဤစိတ်သည် များစွာအကျိုးမဲ့ခြင်းဖြစ်သော ၊ အခြားတစ်ခုသော တရားကိုမျှ ငါမမြင်၊ ရဟန်းတို့၊ မဆုံးမအပ်သော စိတ်သည်များစွာသော အကျိုးမဲ့ခြင်းငှာ ဖြစ်၏ " ဟုလည်းကောင်း --။

**" ရဟန်းတို့ ဆုံးမအပ်သော ဤစိတ်သည် များစွာအကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့၊ ထို့အတူများစွာ အကျိုးရှိခြင်းငှာဖြစ်သော အခြားတစ်ခုသော တရားကိုမျှငါမမြင်၊ ရဟန်းတို့ ဆုံးမအပ်သော စိတ်သည် များစွာအကျိုးရှိခြင်းငှာဖြစ်၏"ဟု ဆုံးမတော်မူကြောင်း။**

ထို့ကြောင့် ဘဝတစ်ခုရရှိပြီး ဘဝတစ်ခု၏ ဖြတ်သန်းချိန်တစ်ခဏတွင် စောင့်ရှောက်အပ်သော စိတ်နှင့် မစောင့်ရှောက်အပ်သော စိတ်ကိုလည်းကောင်း၊ ဆို့ပိတ်အပ်သော စိတ်နှင့် မဆို့ပိတ်အပ်သော စိတ်တို့ကိုလည်းကောင်း၊ လုံခြုံစေအပ်သော စိတ်နှင့် မလုံခြုံစေအပ်သော စိတ်တို့ကိုလည်းကောင်း၊ သတိဖြင့် မပြတ်စောင့်ရှောက်ခြင်းဖြင့်သာ လောကငြိမ်းချမ်းမှုနှင့် တိုးတက်မှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။ မြန်မာ့လူ့ဘောင် အဖွဲ့အစည်း နယ်ပယ်တွင် မိမိနှင့်တကွသော အခြားသူများအား ငြိမ်းချမ်းစွာ နေသွားနိုင်ရန်နှင့် ဘဝတိုးတက်ဖွံ့ဖြိုးမှုအတွက် နားလည်ခြင်း၊ စာနာခြင်းသည် အထူးလိုအပ်ကြောင်း၊ လောကသဘာဝနှင့် လူသားအချင်းချင်း ဆက်ဆံရာ၌ သားသမီးနှင့် မိဘ၊ လင်နှင့် မယား၊ မိတ်ဆွေ ရောင်းရင်းများသာမက စီးပွားရေး၊ လူမှုရေးစသည်





နယ်ပယ်အသီးသီးတွင် တစ်ဦးအပေါ်တစ်ဦး နားလည်ခြင်းသည် ငြိမ်းချမ်းမှုအတွက် ပြဌာန်းကြောင်း၊ ပဓါနကျကြောင်း၊ နားလည်ခြင်းထက် နားလည်ပေးနိုင်ခြင်းဖြင့် မြင့်မြတ်သော ငြိမ်းချမ်းသော စည်ပင်သော၊ လူ့အဖွဲ့အစည်းကို တက်လှမ်းနိုင်ကြောင်းဖြင့် အကျယ်တဝင့် မိန့်ကြား ခဲ့သည်ကို "သူ" အားရဝမ်းမြောက်စွာ နာကြားခွင့် ရခဲ့သည်။

## အမြဲသဘောဆောင်သော တက်ကြွသော မျိုးဆက်

မေတ္တာဓါတ်ဖြင့် လွှမ်းခြုံရစ်ပတ်ထားသော အညာဒေသ၊ ဤနေရာ၊ ဤအဝန်းအဝိုင်း လေးသည် ပကတိငြိမ်းချမ်းစွာဟု "သူ" ခံစားနေမိသည်။ လေအဝှေ့တွင် တမာရနံ့သည် သင်းပျံ့ဝေ့ဝဲ လျက်ရှိသည်။ ကျောင်း၏ အရှေ့ဘက်တွင် ရှိနေသော ရှားရှားပါးပါး ကံ့ကော်ပင်ပုလေးများဆီမှ ကံ့ကော် ပန်းရနံ့သည် တမာရနံ့ နှင့်အတူ ဖြန့်ကြက်နေပြန်သည်။

ညဦးဦး၏ လရောင်သည် မှိုးမှိုးမှုန်မှုန်ဝိုးတဝါးသာ လင်းလက်နေသည်။ ဆရာတော်ထံမှ နာယူခံစားရသော တရား၏ အရသာနှင့် ဩကာသလောက၏ အလှအပသည် "သူ" နှလုံးသားအား အေးချမ်းမှုရသဖြင့် လွှမ်းခြုံထားသလို ခံစားနေရသည်။

ဆရာတော်အား ဦးခိုက်ကန်တော့လျက် ပြန်ခွင့်တောင်း၍ နှုတ်ဆက်ချိန်တွင် "လောက နှင့် ဘဝငြိမ်းချမ်းမှုအတွက် အရေးကြီးဆုံးက စိတ်ထားမှန်ဖို့ စိတ်ထားတတ်ဖို့လိုကြောင်း၊ **မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာမနောမယာ၊ မနသာစေ ပသန္နေန ဘာသတိဝါ ကရောတိဝါ။ တတောနံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ"** ဟူသော ဓမ္မပဒပါဠိ ဆုံးမစကားကို မမေ့မလျော့ ကျင့်သုံးဖို့ "တရားတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏ စိတ်လျှင်အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။ သန့်ရှင်းကြည်လင်သော စိတ်ဖြင့် အကယ်၍ ပြောဆိုသော်လည်းကောင်း၊ ပြုလုပ်သော်လည်းကောင်း၊ ကြံစည်သော်လည်းကောင်း။ ထို့ကြောင့် အရိပ်သည် အစဉ်လိုက်သကဲ့သို့ ကောင်းကျိုးချမ်းသာသည် ထိုသူသို့ အစဉ်လိုက်၏" ဟုဆိုကာ သာဓုခေါ်လျက် ဆရာတော် ကျွန်ရစ်ခဲ့သည်။

"သူ" ကျောပေးထွက်ခွာလာချိန်တွင် ကျောင်းတိုက်၏ ဘုရားဝတ်ပြုဆောင်၌ စာသင်သားတို့ ဘုရားဝတ်ပြု၊ မေတ္တာပို့၊ ဆုတောင်းရန် ပြင်ဆင်လျက်ရှိကြလေပြီ။ "သူ" သည် အမေ့အိမ်ရှိရာသို့ ခြေဦးလှည့်လိုက်သည်။ လေသာကျောင်းတိုက်နှင့် မန်ကျည်းပင်ကြီး သည်လည်းကောင်း၊ အရှေ့ဘက်ယွန်းယွန်းရှိ ကုံကော်ပင်ပုကလေးများနှင့် အဝေးရှိ ဝါးတောများသည်လည်းကောင်း၊ ဆိတ်ငြိမ်စွာ တရားနာ နေကြဟန်ရှိသည်။ လရောင်ဖြင့် မှုန်ပြပြအောက်တွင် ဝိုးတဝါး။

**"သူ" ၏ စိတ်နှလုံးသည် ပကတိ လန်းဆန်းတက်ကြွနေသည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း အားပါသလိုခံစားရသည်။ ပေါ့ပါးနေသည် " စိတ်ကောင်းမရှိခြင်း၊ စိတ်ကောင်း မထားနိုင်ခြင်း၏ အပြစ်နှင့် စိတ်ကောင်းရှိခြင်းနှင့် စိတ်ကောင်းထားနိုင်ခြင်း၏ အကျိုးကို တို့မြန်မာမှု နယ်ပယ်မှာ ရှင်သန်နေဖို့လိုတယ်၊ ရှင်သန်အောင် ကြိုးစားကြရမယ် "ဟု ဆရာတော်ကဆိုသည်။**

ထိုစဉ်တစ်ခဏ " အတိတ်ပုဂံ၊ ပစ္စုပ္ပန်နှင့် အနာဂတ် " ဟူသော စကားစုသည် "သူ" ၏ အတွေးတွင် ရုတ်ချည်းဝင်လာခဲ့သည်။ "သူ" ၏ ကဗျာခေါင်းစဉ်လေးဖြစ်သည်။

လူငယ်မျိုးဆက်တို့၏ အပြုသဘောဆောင်သော၊ တက်ကြွသော၊ ကြိုတင်မှန်းဆမှု ရှိသော၊ ရင့်ကျက်သော အတွေးအမြင်နှင့် လှုပ်ရှားမှုများကို "သူ"တောင့်တ ခံစားနေမိသည်။

ထောင်စုသစ်၏ အရှေ့ဦးတွင် ကမ္ဘာနှင့် အဝှမ်းလွှမ်းခြုံ အကျိုးသက်ရောက်မှု ရှိနေသည့် အရေးအရာများ၊ စိန်ခေါ်မှုများကို ငြိမ်းချမ်းစွာဖြင့် ဖြတ်သန်းကျော်လွှားနိုင်ရန် စွမ်းရည်နှင့် ခွန်အားတို့သည် "သူတို့" မျိုးဆက်၏ စိတ်နှလုံး၌ တည်မှီရှင်သန်ဖွံ့ဖြိုးလာလိမ့်မည်ဟု "သူ"မျှော်လင့်ယုံကြည်ထားသည်။ "မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ရှင်သန်ခဲ့သော လောကအမြင်သည် စိန်ခေါ်မှုတိုင်းကို ငြိမ်းချမ်းစွာ ဖြတ်သန်းကျော်လွှားနိုင်မည်အမှန်"ဟု " သူ "ကလက်ခံမြင်တွေ့နေသည်။





အတိတ်ကိုမေ့၍မရ၊ မမေ့ကောင်း။ ကောင်းမွေဆိုးမွေများ ရှိမည်။ လူ့အဖွဲ့အစည်း အတွင်းမကင်းနိုင်ကြ။ ထို့အတူ ပစ္စုပ္ပန်၏ ကေန်ရှိနေသော အမှန်တရား၊ အရှိတရားများကို ရဲရဲတည့်တည့် ရှုမြင်လက်ခံကြပြီး အနာဂတ်ကို တည်ဆောက်ရန်တာဝန်သည် "သူတို့" နှင့် "သူတို့"၏ မျိုးဆက်၌ ကေန်ရှိနေသော တာဝန်ဖြစ်သည်။

အခက်အခဲ ဆိုသည်များလည်း မကင်းနိုင်၊ အန္တရာယ်ဆို သည်များလည်း မကင်းနိုင်။ မည်သို့ရှိစေ၊ စိတ်ကောင်းနှလုံးကောင်းဖြင့် အမှန်ကန်ဆုံး၊ အကောင်းဆုံး၊ အရိုးသားဆုံးနည်းလမ်းကို ရှာပြီး ဖြတ်သန်း ချိန်တိုင်းတွင် အကျိုးရှိစွာ လျှောက်လှမ်းကြရန်သာလိုသည်ဟု "သူ" တွေးတော ဆုံးဖြတ်လိုက်သည်။

အမေ့အိမ်တံစက်မြိတ်သို့ "သူ" ခြေချလိုက်မိချိန်တွင် အမေနှင့် "သူ" သူငယ်ချင်း မိတ်ဆွေအချို့သည် ဧည့်ခန်းတွင် စကားလက်ဆုံကျ နေသည်ကို ဝိုးတဝါး "သူ" မြင်ရသည်။ ရွှေမြို့တော်က ချိုကျတို့၊ ကျစိမ့်တို့၊ ပုံမှန်တို့၊ ချိုပေါ်တို့ စသည် စသည်တို့ကို အညာက ရေနွေးကြမ်းဝိုင်းနှင့် ချိတ်ဆက်ပေးရဦးမည်။

× × × × ×

အပိုင်း (၁၂)

**ယုံကြည်မှုဖြင့်သာ ခိုင်မာမှု တည်ဆောက်ရယူနိုင်**

အမေသည် "သူ" ရောက်နေခြင်းကြောင့် ပိုမိုလန်းဆန်း တက်ကြွနေပုံရသည်။ သူမ၏ သားကြီးကိုရော သမီးချွေးမကိုပါ အမေသည် တစ်ဘဝ၏ မျိုးဆက်အဖြစ်သာမဟုတ် သံသရာ၏ မျိုးဆက် ပါရမီဖြည့်ဘက်များအဖြစ် ကောင်းကောင်းကြီး မျှော်လင့်ယုံကြည် ထားသည်။ နိစ္စဓူဝ တရားထိုင်ချိန်မှအပ "သူ" နှင့် စပ်လျဉ်းသမျှ အရာအားလုံး အမေ့ခြေ၊ အမေ့လက်၊ အမေ့အတွေးဖြစ်နေလေပြီ။

တကယ်တော့ အရွယ်မငယ်တော့၊ အမေ၏ အသက်သည် ၈၀ ပြည့်ခဲ့လေပြီ။ ငါ့သား ငါ့သမီး ငါ့မြေး ဆိုသည့် သဏ္ဍာယအမြင်လေး များဖြင့် ရှင်သန်နေဆဲ၊ "အမေ့"ကို "သူ"သနားနေမိသည်။ ဘာပဲ ဖြစ်ဖြစ်လေ အချိန်ကတော့ ကုစားလာမှာပါပဲဟု တွေးရင်း "သူ"စိတ်ကို ငြိမ်းချမ်းမှု ပြုလိုက်သည်။

အမေသည် "သူ"ဝင်လာသည်နှင့် မတ်တတ်ရပ်လျက် ရွှန်းရွှန်းစားစား ကြည့်သည်။ "ဆရာတော် အား ဖူးတွေ့ဖြစ်ခဲ့ရဲ့လား "ဟု လှမ်းမေးသည်။ ဆရာတော်၏ အဆုံးအမ၊ အဟောအပြောတို့ကို နာကြား နာယူစေလိုသည့် စိတ်စေတသိတ် ပြဋ္ဌာန်းမှုများ အမေ့တွင် ရှိနေကြောင်း ထင်ရှားသည်။

" ဟုတ်ကဲ့အမေ " ဟု ပီတိဖြင့် အဖြေပေးလိုက်စဉ်တွင်ပင်





ဆရာတော်၏ ဩဝါဒကထာတို့က "သူ"၏ နှလုံးသားတွင် ပဲ့တင်ထပ်နေသည်။ "သူ"၏ စိတ်သည်လည်း ကမ္ဘာ့ကွန်ယက်ကြီးအတွင်း၊ လောကသားများအတွင်း ဖြန့်ကြက်နေသည်။ ရွှေမြို့တော်နှင့် သူရောက်နေသော အမေ့အိမ် ညှိခန်းအကြား လူ့ပ်ရှားသွားသည်။ ဖြစ်နိုင်လျှင် မြန်မာတို့၏ လောကအမြင်ကို လောကတစ်ခွင်သို့ မြင်ကွင်းကျယ် တင်ထားလိုက်ချင်သည်။

"သူ"၏ စိတ်ဆန္ဒတွင် ဤသို့ခံစားလိုက်မိခြင်းအတွက် တစ်ချက်တော့ လိပ်ပြာမသန့်ဖြစ်မိသည်။ "မြန်မာမှု၊ မြန်မာ့လူ့ဘောင်မှာ ဒို့နိုင်ငံတွေ၊ ဒို့နိုင်ငံသားတွေ၊ လောကလူသားတွေအတွက် ဘာတွေအတု ယူဖို့ ရှိနေကျန်နေသေးလို့လဲ၊ မင်းတို့လည်း လူတွေပဲ၊ လူ့သဘာဝပဲ၊ သူ့ခေတ်နဲ့သူပဲ၊ လူ့စိတ်လူ့နှလုံးသား၊ လူမှုပဋိညာဉ်တွေ၊ လူ့တန်ဖိုးတွေ ဘယ်လောက်ကျဆင်းပျက်စီးနေသလဲ၊ လောဘ ဒေါသ မောဟ တရားတွေနဲ့၊ အတ္တတွေနဲ့၊ ညစ်ထေးမှုတွေနဲ့၊ မင်းတို့သမိုင်းကြောင်းက ဘယ်လောက်များ ကောင်းကြလို့လဲ၊ ကမ္ဘာ့ကွန်ယက်ကြီးထဲမှာ မင်းတို့ရဲ့ မြန်မာမှုစစ်စစ်ကို ဘယ်လောက်ဖြန့်ကြက်နိုင်မှာလဲ"ဟု ထောက်ပြဝေဖန်သံများ "သူ့"နှလုံးသားတွင် ပဲ့တင်ထပ်သွားသည်။ ထားတော့၊ နို့စေဦးတော့။

ညှိခန်းအတွင်း ရောက်နေကြသည်က "သူ"၏ငယ်ပေါင်း ရောင်းရင်းများနှင့် ဆရာကြီး ဦးဆန်နီတို့ပင် ဖြစ်ကြသည်။ မနီးမဝေး တွင်တော့ "သူ"၏ ဘဝတွင် အာသာငန်းငန်းတွေ့လိုနေသည့် မျိုးဆက် အုပ်စု၊ တူ၊ တူမလေးများ၊ လူငယ်များ ဝိုင်းဖွဲ့စကားပြောနေကြသည်။

"သူ" သည် ဆရာတော်၏ ကျောင်းပရဝုဏ်မှ ပြန်လည်၍ ထွက်ခွာလာစဉ်ကပင် " လူငယ်မျိုးဆက်တို့၏ အပြုသဘောဆောင်သော တက်ကြွသော၊ ကြိုးတင်မှန်းဆမှုရှိသော၊ ရင့်ကျက်ရဲရင့်သော အတွေး အမြင်နှင့် လှုပ်ရှားမှုများကို "သူ" တောင့်တနေမိသည် မဟုတ်ပါလား။

"သူ" သည် "သူ"၏ ဆရာရင်း ဆရာကြီး ဦးဆန်နီ ရှိရာသို့ လက်အုပ်ချီနှုတ်ဆက်ရင်း "သူ"၏ ရောင်းရင်းများအားလည်း အားပါး တရပြုံးပြလိုက်သည်။ "သူတို့"သည် "သူ" တန်ဖိုးထားမြတ်နိုးသော "သူ"

သိမ်ချစ်သော သံသရာခရီးဖော်များ ဖြစ်ကြသည်။

မနီးမဝေးတွင် ရှိသည့် "သူ" နှင့် "သူတို့"၏ အပြုအမူကို ငေးကြည့်နေကြသော လူငယ် အုပ်စုကိုလည်း "သူ" နှုတ်ဆက်သည်။ ကလေးတွေကို ကြည်နူးအားရစွာ "သူ" ပြုံးပြနှုတ်ဆက်ရင်း " ဘဘက ဒီညမုန့်တွေအများကြီး ကျွေးမှာပေါ့ " ဟု လောကဝတ် စကားလှမ်း၍ ပြောလိုက်သည်။

သူတို့အားလုံး၏ အပြုံးသည် လန်းဆန်းတက်ကြွနေသည်။ လန်းဆန်း တက်ကြွနေခြင်းတွင် "သူ"နှင့်တွေ့ရန်၊ စကားပြောရန်အတွက် ရဲရင့်ရွှင်လန်းမှုများ ပြည့်လျှံနေသည်ဟု "သူ" အကဲခတ်ခံစား လိုက်ရသည်။ အကြောင်းတရားများ ကတော့ ကေန်အမှန်ရှိနေသည်။

သူတို့၏ ရဲရင့်ရွှင်လန်းတက်ကြွမှုများသည် ဟန်ပြ၊ ရုပ်ပြ မဟုတ်ကြ၊ ထို့အတူ "သူ"၏ ကြည်နူးအားရမှုဖြင့် ချစ်ခြင်းမေတ္တာ သည်လည်း နက်ရှိုင်းကျယ်ပြောလှသည်။ ရင်မှဖြစ်သော ခံစားရမှု ဖြစ်သည်။

၅၂နှစ်ခုံ၏ ပေါင်းဆုံစုစည်းမှုသည် ခိုင်မာသော ထာဝရ ရှင်သန်နေမည့် ယုံကြည်မှုကို မွေးဖွားပေးနေသည်ဟု "သူ" ခံစား လိုက်ရသည်။ တစ်ဦးအပေါ် တစ်ဦး ယုံကြည်ခြင်းဖြင့်သာ ခိုင်မာသော ရှင်သန်မှုကို ရယူနိုင်မည် မဟုတ်ပါလား။

"သူ" သည် ဆရာကြီးအနီးရှိ မိခင်ထသွားသော ကုလားထိုင် အလွတ်တွင် ဝင်ထိုင်လိုက်သည်။ အမေကတော့ ကလေးအုပ်စုအတွက် မုန့်ပဲသရေစာပြင်ရန် ထွက်သွားသည်ထင်၏။

ဆရာကြီးတို့ အုပ်စုသည် "သူ"အား နှုတ်ဆက်ရန် ရောက်လာ ကြခြင်းဖြစ်ဟန်တူသည်။ "သူ"အပြန်တွင် လက်ဆောင်ပေးရန် ညှိခန်း စားပွဲနှင့် ခုံလွတ်တွင်တင်ထားသည့် ထန်းလျက်ထုပ်၊ မြေပဲထုပ်၊ ပဲကြော်ထုပ်နှင့် သနပ်ခါးတုံးအချို့က ပြဆိုနေသည်။ တကယ်တော့ " သူ " သည် အမေ့အား (၂)ရက် (၃)ရက်စောင့်ရဦးမည်။





## ပေးဆပ်ရန် ရွှင်လန်းတက်ကြွလျက်

ထားတော့၊ ထူးခြားနေသည်က နှုတ်ဆက်ရန်လာသူများက စုံသည်။ စာရေးဆရာ ထွန်းအောင်၊ စာအုပ်ဆိုင်ဖွင့်ထားသူ တင်အောင်မြင့်၊(ကဗျာဆရာ)၊ ပွဲစား မြတ်ထွန်း၊ ကျောင်းဆရာတင်ဦး၊ သံယောင်လိုက် ညီပု၊ ဆရာမ မြင့်သိဂီ တို့အပြင် တင်တင်မြင့်၊ ဆရာဝန် မောင်ကျော်ကြီး(သရက်ကုန်းရွာသား)၊ ရွှေနေ (လျှာရှည်)မောင်မောင်၊ မြင့်မောင်ကြီးနှင့် ဇနီး၊ ငြိမ်းမောင်နှင့် ဇနီး၊ သူတို့၏ သားသမီးများလည်း ပါကြသည်။

တင်တင်မြင့်၊ ကျော်ကြီး နှင့် မောင်မောင်ဆိုလျှင် " သူ " မတွေ့ရသည်မှာ ကြာပြီ။ မြင့်မောင်ကြီးနှင့် ဇနီး၊ ငြိမ်းမောင်နှင့် ဇနီးတို့ ဆိုလျှင်လည်း အလားတူ မတွေ့နိုင်ခဲ့ကြ၊ ကိုယ်စီဘဝတာဝန် များဖြင့်၊ အကြောင်းကြောင်းတို့ဖြင့် တွေ့ခွင့်မသာခဲ့ကြခြင်းဖြစ်သည်။ အချို့ဆိုလျှင် ကျောင်းပြီးကြကတည်းက ဖြစ်သည်။ အချို့ ကျောင်းမပြီးခင် ခွဲသွား ကြသူများလည်း ပါသည်။

"သူတို့"သည် ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်တော၊ ဘယ်တောင်၊ ဘယ်နိုင်ငံတွေကများ ရောက်လာကြပါလိမ့်။ ဝမ်းသာလွန်း၍ တစ်ဦးချင်းကို ပွေ့ရမ်း နှုတ်ဆက်မိသည်။ ကျော်ကြီး၊ တင်တင်မြင့် တို့သည် တွေ့ဆုံရန် မမျှော်လင့်မိသော အချစ်ဆုံး သူငယ်ချင်းများ ဖြစ်သည်။ "သူတို့"ငယ်ပေါင်းအုပ်စု၌ ထွန်းအောင်၊ လှဝင်း၊ စိုးဝင်း တို့ကတော့ မရှိကြတော့ပြီ။

"သူတို့"အားလုံးသည်လည်းကောင်း၊ "သူတို့"မျိုးဆက်သည် လည်းကောင်း၊ လူ့ဘဝဇာတ်ခုံ၊ မြန်မာ့ လူ့ဘောင်ဇာတ်ခုံတွင် ဆယ်စုနှစ် (၅)ကြိမ် (၆)ကြိမ်မျှ ကပြခဲ့ကြပြီးလေပြီ၊ အချို့လည်း မောကြရော့မည်။ အချို့လည်း ဇာတ်ရှိန်မသေသေး၊ ဝါသနာဘာဂီ ကိုယ်စီဖြင့် မဟုတ် ပါလား။

တကယ်တော့ "သူ"နှင့်"သူတို့"အားလုံး ကပြခဲ့ကြသော ဘဝဇာတ်ခုံသည် သရုပ်ဆောင်ကြခြင်းများ မဟုတ်ကြ၊ တကယ့်ဖြစ်စဉ်များ

တကယ့်ဖြစ်ရပ်များ၊ တကယ်ဖြတ်သန်းခဲ့ကြသော ဘဝများ၊ တကယ့်သမိုင်းကြောင်းများ ဖြစ်ကြသည်။ တစ်ဦးချင်း၊ တစ်မိသားစုချင်း၊ တစ်ရွာတစ်မြို့ချင်းမှသည် တစ်နိုင်ငံချင်း အထိရှိမည်။

ထူးခြားသည်က တင်တင်မြင့်သည်မန္တလေးတက္ကသိုလ်မှ သူငယ်ချင်းတစ်စုနှင့်အတူ ၁၉၆၅ခုနှစ် ဝန်းကျင်က တောခိုသွားခဲ့သည့် လူငုက်တန် မိန်းကလေးတစ်ဦးဖြစ်သည်။ သူနှင့်အတူ သူ့ခင်ပွန်း မောင်မောင်၊ သူတို့၏ သားနှင့် သမီး(၂)ဦးပါ ရောက်နေကြခြင်းဖြစ်သည်။

အလားတူ ဆရာဝန် မောင်ကျော်ကြီးလည်း ကျောင်းပြီးစကတည်းက ပျောက်သွားခဲ့သူ။ (၁၀)စုနှစ် တစ်ခုခန့် ပြည်ပတွင် သူတို့ဘဝကို ဖြတ်သန်းခဲ့ကြပြီးပြီ။ ခရမ်းသား ထွန်းအောင်၊ လှဝင်း၊ မြင်းခြံသား စိုးဝင်း တို့သည်လည်း ရန်ကုန်မှ တောတွင်းသို့ ရောက်ခဲ့ကြသူများ ဖြစ်သည်။ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ၊ ဇင်ချစ်နောက်ဆုံးနှစ်နှင့်အတူ "သူတို့" ဘဝဇာတ်ဆရာ ဒါရိုက်တာအလိုကျ ဇာတ်လမ်းတစ်ပုဒ်တွင် ပါဝင်ခဲ့၍ ယခုတော့ ဇာတ်သိမ်းခဲ့ကြသည်။

"သူတို့" သိပ်ချစ်သော သူငယ်ချင်းတစ်ချို့ ရှိသေးသည်။ ခွန်ဝင်းလှိုင်၊ စောဘနီ၊ ဦးဦးမြင့်ဦး၊ မိရွှေမြင့်စသည်။ သူငယ်ချင်းအချို့လည်း နိုင်ငံတာဝန်၊ ဌာနတာဝန်ထမ်းရွက်နေကြဆဲ၊ တပ်ထဲတွင် ကြီးမားသော နိုင်ငံတာဝန် များ၊ အမျိုးသားရေးတာဝန်များဖြင့် ရင်သန်နေကြဆဲ။ အချို့လည်း နိုင်ငံ ဝန်ထမ်း အငြိမ်းစားများ ဖြစ်နေကြလေပြီ။

"သူ"နှင့် "သူတို့"မျိုးဆက်ရခဲ့ယူခဲ့ရသော အတွေ့အကြုံများ၊ ဘဝသင်ခန်းစာများကား တန်ဖိုးကြီးလှ၏၊ ပေးလိုက်ရသော အရင်းအနှီးများကလည်း ကြီးမားစွ ဟု "သူ"ယူကြုံးမရ ခံစားနေမိသည်။ သို့သော် "သူ"သည်လည်းကောင်း၊ "သူတို့" မျိုးဆက်သည်လည်းကောင်း အတိတ်ဖြစ်စဉ်များ၊ ဖြတ်သန်းချိန်များမှ သင်ခန်းစာယူသည်၊ ဝေဒနာတွင် နစ်မျောခံစား၍ အလျှော့ပေးတတ်သူများ မဟုတ်ကြ၊ ထို့အတူ ပစ္စုပ္ပန်၏ အရှိတရားကို ရဲရဲလက်ခံပြီး အနာဂတ်ကို တည်ဆောက်ဖန်တီးလိုသော သူများဖြစ်နေကြလေပြီ။ "သူတို့" စိတ်နှလုံးသည် သန့်စင်၍ ရဲရင့်





တည်ကြည်မှု၊ ငြိမ်းချမ်းမှုတို့ ပြည့်လျှံနေသည်။ ဖြန့်ကြက်ရန် အားယူရင်သန်လျက်။

ယခုတော့ဇာတ်ပေါင်းချိန် ရောက်ကြပြီ။ ငြိမ်းချမ်းသော စိတ်၊ မြင့်မြတ်သောနှလုံးသား၊ ရင့်ကျက် ရဲရင့်သော ဆုံးဖြတ်ချက်များဖြင့် လောကနှင့် အမျိုးဘာသာသာသနာအတွက်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက်၊ မျိုးဆက်အတွက် နောက်ဆုံး ပေးဆပ်ရန်၊ တာဝန် ကျေရန် ရှင်သန်းတက်ကြွနေကြလေပြီ။

ညဦးဦးတွင် "သူ"မိခင်၏ နေအိမ် ညှေ့ခန်းလေးနှင့် ဝန်းကျင်၌ ရောင်စဉ်တန်းတို့ ယှက်ဖြာလျက် သန့်ရှင်းသော အညာလေ၏ ရနံ့ သည်ပင် နိုးရှင်းသော ဝန်းကျင်၌ သင်းပျံ့နေသည်။

"သူ"၏ စိတ်သည် ထူးထူးခြားခြား လှုပ်ရှားနေသည်၊ ဝမ်းမြောက်လွန်းမှုကြောင့် ဖြစ်မည်။ "သူတို့"အားလုံး လွန်ခဲ့သည့် (၁၀)စုနှစ် (၆)ခုခန့်က မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း လူသားများ အဖြစ် မွေးဖွားသန့်စင် ရောက်ရှိခဲ့ကြခြင်းဖြစ်သည်။ ဖက်ဆစ် ဆန့်ကျင်ရေးတိုက်ပွဲအကြိုကာလနှင့် လွတ်လပ်ရေးအကြိုကာလများတွင် ဖြစ်ကြသည်။ ပြီးတော့ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေထဲစီး၍၊ တစ်ခရီးထဲကာလ အတန်ကြာသွားခဲ့ကြသူများ ဖြစ်သည်။

× × × × ×

အ ပိုင်း (၁၃)

## အဟောသိကံ မဖြစ်သင့်

"သူတို့" အားလုံးသည် ကိုလိုနီနယ်ချဲ့ ဖက်ဆစ်စနစ်၏ဒဏ်မှန်တိုင်းထန်သော ကာလတွင် မွေးဖွားရ၍၊ ပြည်တွင်းဆူပူ သောင်းကျန်းမှု အရှိန်အဟုန်အမြင့်ဆုံးကာလအား ဖြတ်သန်းလျက်၊ လမ်းပျောက်နေသော ပါတီစုံဒီမိုကရေစီစနစ်အောက်တွင် ဝက်ပါလှည့်ခဲ့ကြရသော လူမမယ်များ ဖြစ်ခဲ့ကြသည်။

၁၉၆၀ ခု ရွေးကောက်ပွဲကာလ၊ ဖယ်ဒရယ်နှင့် ရှမ်းမူ၊ ယိုင်နဲ့ယိုင်ယွင်းနေ သော စီးပွားရေး၊ တက် မစုံရွက်မစုံဖြင့် နိုင်ငံ တော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နေရချိန်၊ မစို့မပို့၊ မပီမပြင် အခြေခံဥပဒေနှင့် မဖော်ဆောင်နိုင်သည့် ဒီမိုကရေစီစနစ်တို့၏ ဒဏ်ကို ခါးစည်းခံစားလျက် ပါတီစုံမှ တစ်ပါတီ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းချိန်၌မူ သူတို့အားလုံးသည် လောကကိုရော ဘဝကိုပါ ဖန်တီးဖို့ စိတ်အား အထက်သန်ဆုံးကာလ အရွယ်သို့ရောက်နေကြလေပြီ။

ဤအရွယ်သည် ဘဝတစ်ခု ဖြတ်သန်းချိန်၏ အရေးကြီးဆုံး အပြဋ္ဌာန်းဆုံး အရွယ်ဖြစ်သည်။ သူတို့ဘဝအတွက်၊ သူတို့နှင့် သူတို့မျိုးဆက်၏ ပထမတစ်ဆစ်ချိုး အရေးကြီးဆုံး ကာလ ဖြစ်သည့် ဤကာလ၌ပင် အကြောင်းတရားများ၏ စေ့ဆော်မှုကြောင့် အချို့တောခိုသွားကြသည်၊ အချို့လမ်းစဉ်လူငယ်၊ အချို့ပါတီ၊ အချို့ တပ်မတော်သို့ ရောက်ခဲ့ ကြပြီး၊ အချို့ နိုင်ငံ့ဝန်ထမ်း အဖြစ် ဌာနဆိုင်ရာ အသီးသီးသို့ ရောက်သွားကြသည်။

မည်သို့ရှိစေ၊ "သူ" တို့အားလုံး သမိုင်းကြောင်း ကောင်းအောင်ကျိုးစားချင်ကြသူများ၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ် ရှိသူများ ဖြစ်ကြသည်ဆိုသည်ကတော့ မငြင်းနိုင်။ အားလုံးကတော့ ဘဝသင်ခန်းစာများစွာရခဲ့ကြပြီဖြစ်သည်။ သူတို့အားလုံး လုပ်သင့်သော ထမ်းဆောင်





သင့်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ လုပ်ခဲ့ကြပြီး ဖြစ်သည်။ မလုပ်သင့်သော မလုပ်အပ်သော အလုပ်များကိုလည်း ရှောင်နိုင်ကွင်းနိုင်သော သတိ၊ စိတ်သဘောထား၊ လောကအမြင်များ ရခဲ့ကြပြီဖြစ်သည်။

ယခုတော့တည်ငြိမ်ရင့်ကျက်စွာ၊ ရဲရင့်ပြတ်သားစွာ၊ ငြိမ်းချမ်းစွာဖြင့် ရှောင်ရန်တို့ကို ရှောင်နိုင်သော၊ ဆောင်ရန်တို့ကို ဆောင်နိုင်သောစွမ်းအားတို့ "သူတို့"၏ စိတ်နှလုံးတွင် ဖြတ်သန်းချိန် အတွေ့အကြုံများကသန္ဓေတည်ပေးခဲ့လေပြီ။

"သူတို့"မျိုးဆက်သည် မြန်မာ၏အစဦး သမိုင်းကြောင်းကိုကောင်းစွာခံစားနားလည်ကြသည်၊ မြန်မာ့ပဒေသရာဇ်ခေတ်၏ အဆိုးအကောင်းကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာပြီးပြီ၊ ကုန်းဘောင်မင်းဆက်၏ အတွင်းသရုပ်ကိုမူ ကြေညက်နေကြပြီ၊ ကိုလိုနီ ခေတ်ဖြစ်စဉ်သမိုင်းကိုတော့ ကမ္ဘာ့သမိုင်းနှင့် ချိတ်ဆက်ကျွမ်းဝင်ပြီးသား၊ အနီးဆုံးဖြစ်သည့် အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေး လှုပ်ရှားမှု ဖြစ်စဉ်ကတော့ "သူတို့"၏ နှလုံးသားတွင် ပူပူနွေးနွေးရှင်သန်နေကြသည်။

"သူတို့"ခေတ် "သူတို့"ဘဝသမိုင်းကြောင်း ဖြတ်သန်းချိန်၏ ဆိုးမွေကောင်းမွေ၊ သင်ခန်းစာများကဖြင့် "သူတို့"သယ်ပိုးခဲ့သည့် ဖြတ်သန်းချိန် အမွေများ ဖြစ်နေလေပြီ။ နယ်နယ်ရရပေးဆပ်ရမှုများဖြင့် ရရှိခဲ့သော သင်ခန်းစာများတော့မဟုတ်။ တစ်ဦးချင်းမှသည် တစ်နိုင်ငံလုံးနှင့် တစ်မျိုးသားလုံးအတွက်၊ လောကအတွက်၊ လူငယ်မျိုးဆက်အတွက် "သူတို့" ရခဲ့သော ဆိုးမွေကောင်းမွေ သင်ခန်းစာများစွာသည် အဟောသိကံ မဖြစ်စေရန် "သူတို့" ပေးဆပ်ကြရဦးမည်၊ ပေးဆပ်သင့်သည်ကောမဟုတ်ပါလား။

ထိုညက "စကားဝိုင်း"သည် တစ်ဦးချင်း၏ ဘဝအရေးအရာမှသည် တစ်မိသားချင်း၊ တစ်အိမ်ထောင်ချင်း၊ တစ်ရပ်တစ်ရွာချင်း၊ တစ်မြို့ တစ်ခရိုင်ချင်း၊ တစ်နိုင်ငံချင်းမှ နိုင်ငံတကာရေးရာ သမိုင်းကြောင်းများနှင့် လောကအမြင်သစ်အထိ ရောက်ခဲ့လေသည်။ "သူတို့"၏ လောက အမြင်သစ်တွင် တစ်ဘဝ၏ သမိုင်းကြောင်း ကောင်းရန်သာမဟုတ်တော့ သံသရာသမိုင်းကြောင်း ကောင်းကြဖို့အထိ ဖြစ်တည် လာခဲ့သည်။

ဤတား ဗုဒ္ဓ အဆုံးအမ ဖြင့် ရှင်သန်ခွင့် ရကြခြင်း၏ အကျိုးဆက်ဖြစ်သည်ကို "သူ"ကောင်းစွာနှလုံးသွင်း၍ ဖမ်းဆုပ် လိုက်မိသည်၏ လျှပ်တစ်ပြက်တွင် "သူ"၏မျက်နှာဝင်းလက်သွားသည်။ "သူ"တို့၏ အမြင်သစ်သည် တန်ဖိုးကြီးလေစွ။

## မြင့်မြတ်သူတို့၏ စိတ်နှလုံး

"အမြင်သစ်"ဟူ၍ "သူ"တင်စားခံယူလိုက်မိသော အသိသည်ပင် အမှန်စင်စစ်မြန်မာတို့၏ အမွေဟောင်းဖြစ်သည်။ သို့သော် ဤအမွေဟောင်းကိုပင် မိမိတို့မျိုးဆက်များ အစဉ်အဆက်သည် နှလုံးမသွင်းနိုင်ခဲ့ကြ၊ နှလုံးသွင်းမိပြန်တော့လည်း ကြာရှည်မခံယူနိုင်ခဲ့ကြ၊ အကြောင်းတရားများရှိသည်။

"ငါ"တည်းဟူသော အတ္တကြောင့်၊ "ငါ"ကို ရှေ့တန်းတင်မိလွန်းကြ၍ဖြစ်မည်။ ဤအသိကို ဆရာတော်၏ အဆုံးအမတို့တထောက်ပြဖွင့်လှစ်ပေးလိုက်ခြင်း ဖြစ်သည်ကို "သူ"တစိမ့်စိမ့် ဆင်ခြင်အောက်မေ့နေမိသည်။

အညာဒေသ၏ ဖြကာသလောကသည်၊ နုညံ့ညင်သာစွာ ရှင်သန်လျက်၊ အရုဏ်ဦးကို ငံ့လင့်နေချိန်တွင် "တိုးပွား"သည် မနားတမ်းတွန်သံပေးလိုက်သည်။ ဆရာတော်၏ ကျောင်းမှ ကုလားတက်ခေါက်သံသည်လည်း တစ်ဆက်တည်း မြည်ဟိန်းလျက်ရှိရာ၊ လောကသားအားလုံးအား တပ်လှန့်လိုက်သည်ဟု "သူ"ခံစားရလိုက်မိခဲ့ပြန်သည်။

ညဦးနက်ပိုင်းရောက်မှ လူစုခွဲခဲ့ကြသော်လည်း၊ "သူ"အိပ်၍မပျော်ခဲ့၊ သမိုင်းမတင်မီခေတ်၏ လောကသားတို့ဖြတ်သန်းချိန်ကို "သူ"တွေးတောကြည့်မိသည်။ ဘီစီ ၄၀၀၀ မှ ဘီစီ ၃၀၀၀ ခန့်ကာလ သမိုင်းခေတ်ဦးဟုဆိုရမည့် ကာလဖြတ်သန်းချိန်၌ လူဘောင်လောကနှင့် သတ္တလောကတစ်ခုလုံး၏ သဘောသဘာဝနိယာမကို ဆင်ခြင်ကြည့်မိပြန်သည်။

ထို့နောက်သော် ဂန္ဓဝင်ခေတ်၊ မဟာအင်ပါယာကြီးများ စုစည်းလာသောခေတ်ကာလ အတွေးအခေါ် ဒဿနများ၊ စက်မှုခေတ်နှင့်





တော်လှန်ရေးများ၊ ပထမကမ္ဘာစစ်ကြီး၊ စစ်ပြီးခေတ်နှင့် အာဏာရှင်စနစ်ကြီးထွားလာခြင်း၊ နယ်ချဲ့စနစ် ဖက်ဆစ်ဝါဒနှင့် ဒုတိယကမ္ဘာစစ်ကာလ၊ စစ်ပြီးခေတ် စစ်အုပ်စုများ၊ စစ်အေးတိုက်ပွဲ၊ စစ်အေးလွန်ခေတ်ကာလနှင့် ဈေးကွက်စီးပွားရေး၊ မျက်မှောက်ကာလအထိ။

အမှန်စင်စစ် ဤစီးပွားရေး ဈေးကွက်အတွက်ကြောင့်ပင် နေရာအနှံ့စစ်မီးများ တောက်လောင်ခဲ့ဘူးသည်ကို "သူ"တွေးနေမိသည်။ "သူ"ငယ်ငယ်က အဖွား ဒေါ်စိန်အိနှင့် ရွာလယ်က ဒေါ်ချက်မတို့လည်း ဤဈေးကွက်ကိစ္စဖြင့် အကြီးအကျယ် ရန်ဖြစ်ခဲ့သည်ကို ကြုံဘူးသည်။ ကာကာနှင့် မာမွတ်တို့လည်း အလားတူ၊ ဦးဖောင်းစိန်နှင့် ဦးဝင်းစိန်တို့လည်း အလားတူ ရန်ပွဲနွှဲခဲ့ဘူးသည်။ သိပ်ပြီးတော့ ထူးဆန်းလှသည်တော့မဟုတ်၊ သဘောထားမှန်ဖို့သာ လိုသည်။

မျက်မှောက်ကာလတွင် ဘဝရှင်သန်မှုအတွက် နည်းလမ်းမျိုးစုံသုံး၍ လှုပ်ရှားရုန်းကန်နေကြသည်။ ခေတ်သစ်လူနေမှု အရုဏ်ဦးသည် လူမည်ကာမတ္တ လူတို့၏ သိမ်ဖျင်းယုတ်ညံ့သော စရိုက်ဖြင့် ဖန်တီးရယူနေသော "ဂွင်"များစွာသည်၊ ကမ္ဘာ့ကွန်ယက်နှင့် မြန်မာ့လူ့ဘောင်တွင် ရဲတင်းလွန်းစွာဖြင့် ဖြန့်ကြက်လျက်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အားလုံးတွင် "ဂွင်"များစွာ၌ နစ်မျောလိုက်ပါနေသူများလည်း မနည်းလှ။ "သူ"၏ စိတ်၌ စိုးရိမ်မှု လှိုင်းဂယက်များ ထသွားသည်။

အခက်အခဲတွေ၊ ပြဿနာတွေ၊ စွန့်လွှတ်စွန့်စား အနစ်နာခံပေးဆပ်ရန်တွေကတော့ဖြင့် ထုထည်နှင့် ရှိနေဦးမည်။ မည်သို့ရှိစေ "သူတို့" မျိုးဆက်နှင့် "သူတို့"သည်လည်းကောင်း၊ "သူတို့"၏ သားသမီးများ၊ မြေးများ သန်းပေါင်းများစွာသည်လည်းကောင်း "မှန်ကန်သည့်သဘောထားရပ်တည်ချက်၊ လောကအမြင်တစ်ရပ်ကို အမိအရ အမွေခံဖမ်းဆုပ်ရမိပြီဖြစ်သည်။

"သူတို့"တွင် စံပြု အတုယူနိုင်သည့် ပုဂ္ဂိုလ်များ၊ အားကျနစ်လိုဖွယ်ခေါင်းဆောင်များ သမိုင်းကြောင်းတစ်လျှောက် ရှိနေခဲ့ပြီးမဟုတ်ပါလား။

အထူးခြားဆုံးမှာ ဘီစီ ၆ ရာစုကာလဖြစ်သည်။ လူ့ဘောင်

**လောတ၏ လှပသော အရုဏ်ဦးကာလ၊ လေပြေညှင်းသည် ထုံသင်းဆွတ်ပျံ့သော မွှေးရနံ့ဖြင့် ကမ္ဘာလောကတစ်ခုလုံးအား ဖြန့်ကြက်ချိန်၊ နုငယ်သေးသော နေ၏နီနုရောင်ခြည်သည် ထွေးနွေးသော အငွေ့အသက်ဖြင့် ကမ္ဘာ၏ ဟိုမှာဘက် ဒီမှာဘက်တစ်ဝန်းတစ်ခုလုံးအား လွှမ်းခြုံထားဘိသို့ ရှိချိန်၊ ပင်လယ်ရေတို့ ချိုဆိမ့်နေချိန်ဟု ဆိုငြားအံ့၊ "သူ"၏နှလုံးသားခံစားတတ်မှုကို အပြစ်ဆိုမည် ဆိုပါကလည်း "သူ" ကျေနပ်စွာခံယူလိုမိပါ၏။ "သူ"အတွေးသည် ဘီစီ ၆ ရာစုကာလတွင် ရစ်ဝဲနေသည်။ ဤအရသာကို ချိုမြိန်စွာ၊ ပီတိဖြင့် ခံစားနေမိသည်။**

ဤကာလ၌ တရုတ်ပြည်တွင် ကွန်ဖြူးရှပ်စ်နှင့် လာအိုဇီ၊ ပါရှား၌ ဇိုရိုစတား၊ ခေါမ၌ ပိုက်သာကိုရပ်စ်၊ အိန္ဒိယ၌ မဟာဗီရနှင့် ဗုဒ္ဓတို့ ပေါ်ထွန်းခဲ့သည် မဟုတ်ပါလား။

လူ့ဘောင်လောက၊ လူ့လောကအတွက် အသိဉာဏ်ပညာဆိုင်ရာ အလှည့်အပြောင်းကြီးနှင့် တိုးတက်မြင့်မားမှု၊ ဆန်းသစ်မှု၊ ကြီးကျယ် မြင့်မြတ်မှုကို မွေးဖွားသန္ဓေစင်ပေးလိုက်သော အချိန်ဖြစ်သည်။ "သူ"၏ စိတ်၊ "သူ"၏ နှလုံးသားတွင် အားရကျေနပ်ခြင်း မရနိုင်လောက်အောင် ပင် တုနှိုင်းမရလောက်အောင် ကျေးဇူးတော် အနန္တဖြင့် ပြည့်စုံတော်မူ သော "ဗုဒ္ဓ"အား ပူဇော်နေမိသည်။

ဗုဒ္ဓ၊ ဓမ္မ၊ ဓမ္မနှင့် အဓမ္မ၊ ဝိနယနှင့် အဝိနယ၊ တရားမှုနှင့် မတရားမှု၊ ကောင်းမှုနှင့် မကောင်းမှု၊ ကုသိုလ်နှင့် အကုသိုလ်တည်းဟူသော အကြောင်းတရားတို့ကြောင့် ဤ"လောက"သည် ဖြစ်တည်နေသည်။ မရှောင်မလွှဲသာသော နိယာမတရားဖြင့် ဖြစ်တည်နေသော "လောက"၏ ငြိမ်းချမ်းမှု၊ သာယာစည်ပင်မှု၊ တိုးတက်ဖွံ့ဖြိုးမှုကို ဓမ္မက ပြဋ္ဌာန်းပေးနေသည်။ "ဗုဒ္ဓ"သည် လောကသားတို့အတွင်း အဓမ္မတရား ချုပ်ငြိမ်းစေဖို့သာမက သူတော်ကောင်းတရားနှင့် သန္တိသုခနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ဟောကြားဆုံးမပြုပြင်တော် မူခဲ့သည်။

ဂုဏ်တော်အနန္တ၊ တုနှိုင်းမရသော မေတ္တာကရုဏာတော်တို့ဖြင့် ပြည့်စုံတော်မူသော၊ အနှိုင်းမဲ့ကျေးဇူးတော်၊ ဂုဏ်တော်တို့ဖြင့် ပြည့်စုံတော်မူပေထသော "ဗုဒ္ဓ"အဖြစ် "သဗ္ဗညုတဉာဏ်တော်မြတ်"ကို ရယူနိုင်ရန်





အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး၊ ပါရမီတော်များ ဖြည့်ကျင့်ဖြတ်သန်းခဲ့ရသည်ကိုလည်း "သူ"သည် နှလုံးသွင်း ပူဇော်နေမိသည်။

**ဒီလောကကြီးမှာတဲ့ သံသရာ ဝဋ်ဆင်းရဲ ဒီလောက် ကြာမြင့်တဲ့ အချိန်ကာလ အပိုင်းအခြားကြီးကို စွန့်လွှတ်စွန့်စားခြင်း၊ ပေးဆပ်ခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ဘာကြောင့် "ဗုဒ္ဓ"သည် ဖြတ်သန်းခဲ့လေသနည်း။ "လောကကို ချစ်လွန်း၍သာဖြစ်မည်"ဟု "သူ" ဉာဏ်မီသမျှ ခံစားခံယူနေမိသည်။**

"ဗုဒ္ဓ"အဖြစ် လောကသားများ၊ လူနတ်ဗြဟ္မာသတ္တဝါများစွာကို ကယ်တင်ချေချွတ်တော် မူခဲ့သောကာလ လေးဆယ့်ငါးဝါ၊ လေးဆယ့်ငါးနှစ်ကာလ၏ ဖြတ်သန်းချိန်တန်ဖိုးကာ ပိုင်းဖြတ်နိုင်စွမ်း မရှိပြီ။

ဖြတ်သန်းချိန်တန်ဖိုးများက မတူကြ၊ အချို့ကား အကုသိုလ်ဖြင့် အချို့ကား ကုသိုလ်ဖြင့်။ "ဗုဒ္ဓ"၏ အလေးနက်ဆုံး တရားအဆုံးအမအဖြစ် "အပ္ပမာဒ"တရားသည် "သူ"၏ နှလုံးသားတွင် အခိုင်အမာစွဲနစ်သွားသည်၊ မမေ့မလျော့သောစိတ်ဖြင့် လောကနှင့် ဘဝကို ဖြတ်သန်းဖို့ဖြစ်သည်။

**"ဗုဒ္ဓ"၏ တရားဓမ္မအဆုံးအမတို့တွင် နစ်မျောရင်း "ကိုယ်ကျင့်သိက္ခာနှင့် မြင့်မြတ်သောလူသား"၏ အခန်းကဏ္ဍပြဋ္ဌာန်းချက်များကို ထင်းထင်းကြီး မြင်တွေ့နေသည်ဟု "သူ"ခံစားမိသည်။**

"မြင့်မြတ်သူတို့၏ အမြင်"ဟု ဆိုငြားအံ့၊ "မြန်မာတို့၏ အမွေဟောင်း"ဟုလည်း ဆိုငြားအံ့၊ မည်သို့တင်စား ပညတ်သည်ဖြစ်စေ ဤအမြင်ကပင် "သူ"အား ဖြတ်သန်းချိန်တည်း ဟူသော "အသိ"ကို ရဲရင့်တည်ကြည်ငြိမ်းချမ်းစွာဖြင့် မွေးဖွားပေးအပ် လိုက်လေပြီ။ ဤတာဝန်ကို ကျေပွန်အောင်၊ ရှင်သန်အောင် "သူ" ထမ်းဆောင်ရပေဦးတော့မည်။

ဤတာဝန်ကို ပြီးမြောက်အောင် သယ်ပိုးထမ်းရွက်ရန်အတွက် "ဤဖြတ်သန်းချိန်-နိဒါန်း"သည် သူ၏ ဆယ်ရက်တာခရီးတွင် မွေးဖွားသန္ဓေစင်ခဲ့လေပြီကော။

ငြိမ်းချမ်းဦး

# မာတိကာ


| | |
|---|---|
| ကြည်ညိုထိုက်သူ | ၉၀ |
| အတ္တ၏အကျဉ်းသားများ | ၉၂ |
| အတိတ်၏ကျေးကျွန် | ၉၆ |
| ကြီးကျယ်ခြင်းနှင့် မြင့်မြတ်ခြင်း | ၉၈ |
| နေဒိုရောင်အတွေးများ | ၁၀၃ |
| သမုတိနယ်မြေမှာ ဝေဒနာများစွာ | ၁၀၆ |
| ပရမတ္ထနယ်မှ သမုတိအမြင်များ-က | ၁၁၀ |
| ပရမတ္ထနယ်မှ သမုတိအမြင်များ- ခ | ၁၁၅ |
| လူ့သဘာဝ၊ လောကသဘာဝ | ၁၁၉ |
| လူသားတစ်ဦးချင်း | ၁၂၄ |
| အိပ်မက်ထဲက အလှတရားများ | ၁၃၀ |
| လိုအင်များ | ၁၃၄ |
| မိမိကိုယ်ကိုစောင့်ရှောက်ခြင်း | ၁၄၀ |
| ကောင်းမွေဆိုးမွေအထွေထွေ | ၁၄၆ |
| စိတ်စေတသိတ်၊ ဇောတို့ဖြန့်ကြက်ရာ | ၁၅၂ |
| လူမည်ကာမတ္တလူတွေ | ၁၆၀ |
| ခေတ်မီခြင်းနှင့် ခေတ်ဆန်ခြင်း | ၁၆၆ |
| ကိုယ်ကျိုးချည်း မကြည့်ကြပါမှ | ၁၇၂ |
| တကယ်ချစ်ကြပါရဲ့လား | ၁၇၈ |
| အမွန်အမြတ်ထားအပ်သော အမွေများ | ၁၈၄ |
| အဂတိတရားဆိုတာ ပါးပါးလေးပါလား | ၁၈၉ |
| ဥပနိဿယပစ္စည်း | ၁၉၅ |
| သိရှိခြင်းနှင့် ကျင့်သုံးခြင်း | ၂၀၁ |
| အဖုအထစ်အကြိတ်အခဲ သံသရာ | ၂၀၆ |
| လှည့်စား၍မရသော ဘဝသမိုင်းကြောင်း | ၂၁၂ |
| အိပ်မက်ဆန်သော အတွေးများ | ၂၁၉ |
| လူသားတို့၏ လိုအင်များနှင့်မျိုးဆက် | ၂၂၅ |
| ငြိမ်းချမ်းသောစိတ်ဖြင့် ဖြတ်သန်းချိန်-က | ၂၃၁ |
| ငြိမ်းချမ်းသောစိတ်ဖြင့် ဖြတ်သန်းချိန်- ခ | ၂၃၇ |
| ငြိမ်းချမ်းသောစိတ်ဖြင့် ဖြတ်သန်းချိန်- ဂ | ၂၄၁ |

# ဖြတ်သန်းချိန် ________

## ပထမပိုင်း

ငြိမ်းချမ်းဦး

လှိုင် ကြည် ဖြူ ဓမ္မဝီရ စာပေတိုက်

HLAING KYI PHYU DHAMMA VIRA PUBLISHING HOUSE.

**စကားလက်ဆောင်**

## သစ္စာစကား

နှလုံးသားထဲက၊ စကားတွေကို၊
ပြောဖို့ဆိုတာ၊ ငါ့မှာတာဝန်ရှိနေရဲ့။
"သစ္စာ"တေးဆိုတဲ့၊ နွေရဲ့ဥဩငှက်၊
တစ်သက်တာလုံး၊ သူပြုံးရွှင်စွာ၊
သီဆိုကာသွား၊ သံစဉ်များကို၊
လူများကြိုဆိုနှစ်လိုခဲ့။
ဘဝရဲ့စတ္တုန်နာရီ၊ အချိန်သည်တန်ဖိုး၊
အသက်လိုမြတ်နိုးသူ၊ ငါဆုယူထား၊
သေရွာသွားလည်း၊ စကားတွေပြောနေမှာ၊
ဒါဟာ "ကဗျာ" သစ္စာပေါ့။
ဓမ္မတရား၊ မဟာအင်အား၊ တည်ထားသံစဉ်၊
မျိုးဆက်ရင်ခွင်၊ နိုဝင်ဖွံ့ထွား၊
နှလုံးသားက ဓမ္မတရား၊ သစ္စာစကားတွေ၊
နွေမှာရွက်နုဝေစေတော့။

ငြိမ်းချမ်းဦး

စကားလက်ဆောင်

## ကြီးမြတ်ခြင်း

နှလုံးသားတွင်၊
တည်ထားကိုးကွယ်၊ ဘုရားတည်မှ၊

လောကသုံးပါး၊
မြင်ကြားသမျှ၊ သိသမျှလျှင်၊
အလှဆင်လျက်၊ နှစ်သက်ဖွယ်သာ၊
မြတ်နိုးရာချည့်၊ ခံစားမိရာ။

သိက္ခာကိုယ်ကျင့်၊
မြင့်မြင့်မားမား၊ စွမ်းပကားဖြင့်၊
တွေးချင့်ဘဝ၊ တည်ဆောက်ကြသော်၊
ဩ၊ ဘဝသာယာ၊ ကြီးမြတ်ပါလိမ့်။

ငြိမ်းချမ်းဦး

# ဖြတ်သန်းချိန် ပထမပိုင်း ကောက်နုတ်ချက်စာစုများ

ကြည်ညိုထိုက်သော ပုဂ္ဂိုလ်များကား ဆူကြုံနိမ့်မြင့်မရွေး ရှိကြမည်။ အကြည်ညိုခံထိုက်သူဆိုရာ၌လည်း သီလ၊ သမာဓိ၊ ပညာရှိပါမှ၊ အမျိုးဘာသာသာသနာနှင့် နိုင်ငံနှင့် လူမျိုးအတွက် အမှန်တကယ် လွတ်လွတ် စွန့်လွှတ်အနစ်နာခံ ပေးဆပ်နိုင်စွမ်းသူ ဖြစ်ပါမှ ကြည်ညိုထိုက်သူဟု "သူ"ခံယူထားသည်။ "သူ"သည် တွေးတော ရင်းပင် ဆက်လျှောက်နေမိသည်။

"သူ"သည် မြန်မာ့သမိုင်းကြောင်း၏ ပါလီမံဒီမိုကရေစီခေတ်ကို ကြေကွဲဝမ်းနည်းစွာ တွေးတောရင်း တမာပင်အိုအားမှီ၍ ရပ်နေလိုက်မိသည်။ တကယ်တော့ ရက်စက်မှုအပေါင်းသရုပ်ဆောင်းခဲ့ကြသော ခေတ်ကာလများ၊ အတ္တနှင့် အာဏာမှအပ ဘာကိုမျှ မမြင်နိုင်ကြသော ပုဂ္ဂိုလ်တို့ ကြီးစိုးသော ကာလများကို "သူ"နှံ့ရှာဖွေနှံတီးလှုပြီဖြစ်သည်။ အတွေးထဲဝင်လာမည်ကိုပင် စိုးရိမ်နေတတ်သည်။

---

တကယ်စင်စစ် လူ့ဘောင်လောက၏ အကောင်းအဆိုးကို ဖန်တီးသူများသည်၊ ထိုခေတ်ထိုကာလကို ဖန်တီး တည်ဆောက် ဖြတ်သန်းနေကြသူများသာဖြစ်ကြသည်။





ညည့်သည်ဖြစ်စေ၊ ဤဒေသမှသူများဖြစ်စေ၊ ဤနေရာဌာနသို့ တစ်ဘဝ၏ နောက်ဆုံးခရီးအဖြစ် ရောက်ရှိရပ်နားမြဲဖြစ်သည်။ ဤသည်ကိုပင် မေ့မေ့လျော့လျော့ရှိသူများသည်၊ ငြင်းကြခုံကြ၊ ခိုက်ရန်ဖြစ်ကြ၊ ချောက်တွန်းကြ၊ ညစ်ပတ်ကြ၊ ယုတ်မာကြနှင့် မဆုံးနိုင်သော လူမိုက်အမြင်ဖြင့် ကျေနပ်နေကြသေးဟုတွေးရင်း "သူ"ပြုံးလိုက်မိသည်။

---

"သူ"တွင် အတိတ်သမိုင်း၏ သချိုင်းအား မကြာခဏ တူးဆွရင်း၊ သင်ခန်းစာနှင့် သံဝေဂယူွားတတ်သော အလေ့အထဖြင့် အကျင့်ဖြစ်နေလေပြီ။ ဤအလေ့အထသည် ကောင်းလှသည်တော့ မဟုတ်ဟု "သူ"ထင်သည်။ "သူ"သည် "သူ"ကိုယ်တိုင် လူ့ဘောင် သမိုင်း၏ ကျေးကျွန်မဖြစ်လို၊ ထို့အတူ "သူ"၏ မျိုးဆက်ကို လည်းကောင်း၊ လူတိုင်း သတ္တဝါတိုင်းကိုလည်းကောင်း၊ ကံကြမ္မာ၏ ကျေးကျွန်မဖြစ်စေလို။ သမိုင်းကို လှပအောင်၊ တိုးတက်အောင်၊ ငြိမ်းချမ်းအောင် ဖန်တီး တည်ဆောက်သူ၊ မိမိတို့၏ ကံကြမ္မာကိုလည်း မိမိတို့ကိုယ်တိုင်ပြုပြင်သူ၊ ဖန်တီးတည်ဆောက်သူ ဖြစ်ချင်သည်၊ ဖြစ်စေချင်သည်။

အမေတို့၊ အဒေါ်တို့၊ ဦးကြီးဦးလေးတို့ ကြီးပြင်းခဲ့ကြ
သည်တာ၊ မင်္ဂလသုတ်၊ သင်ပုန်းကြီး၊ လောကနီတိ၊ ပြည်သူ့နီတိနှင့်
တုတ်ဝါလား။ "သူတို့၏ စိတ်နှလုံးရှင်သန်မှု၏ လောကအမြင်ဖြင့်
ကြည့်လိုက်တော့၊ သားသမီး မြေးမြစ်တို့၏ စိတ်နှလုံးရှင်သန်နေမှု အတွက်
ဝင်ကြောင့်ကြဖြစ်နေကြသည်မှာ သဘာဝကျနေသည်"ဟု မြင်မိသည်။
ကြောင့်ကြစရာတွေက ဤခေတ်ကြီးတွင် အများကြီးဖြစ်မည်။

---

"ကြီးကျယ်ခြင်း" နှင့် "မြင့်မြတ်ခြင်း" ဆိုသည့်စကားစု
ဦးသည် "မြင့်မားနေကြခြင်း"ဟုသော်လည်း "အနှစ်သာရရှိခြင်း" များစွာ
ကွာခြားနေသည်ကို "သူ"၏ သူငယ်ချင်းကျောင်းဆရာ တင်ဦးက
ထောက်ပြဆွေးနွေးသွားဘူးသည်။





ထောင်စုသစ်မှာတော့ ပေါက်ကွဲထွက်လာသော၊
ဖောက်ထွက် သွားကြသော မျိုးဆက်၏စွမ်းအားသည် ရှင်သန်ခဲ့လေပြီ။
ထို့ကြောင့်လည်း သောကဗျာပါဒ၊ ပဋိဒေဝအပူများသည် သတ်မှတ်
နယ်ပယ်အတွင်း သံယောဇဉ်များကြောင့် တဟုန်းဟုန်းတောက်လောင်
နေရပြန်သည်။

---

"သတ္တဝါတိုင်းသည်သံသရာတစ်လျှောက် ဘဝတိုင်း
ဘဝတိုင်း၌ ခန္ဓာအိမ်တစ်လုံးချင်းကို လက်ခံလျက်ခရီးဆက်ခဲ့
ကြရသည်။ တမွသတ္တိဖြင့်မူ ခန္ဓာအိမ်အမျိုးမျိုးကိုဆောက်၍ တမွသတ္တိ
အသစ်တို့ဖြင့် ခန္ဓာအိမ်အမျိုးမျိုးရယူရင်း သံသရာလည်နေကြခြင်းသာ"
ဟု "သူ" နားလည်ခဲ့သည်။

"သူ"သည် ပုထုဇဉ်လူသားဟို့ အာသာငမ်းငမ်း ဖမ်းဆုပ်နေ
သာ ရာထူး၊ အာဏာ၊ စည်းစိမ်းနှင့် အလုအယက် အပြိုင်အဆိုင်
ယ်ကျိုးပြုမှုတို့အား အထူးသဖြင့် ရှင်သန်မှု ပဓါနအမြင်ကို "သူ"
ရှာစွာရှောင်ရှား၍ စွန့်ပစ်ခဲ့နိုင်ခဲ့ပြီးပြီ၊ ထိုစဉ်က "သူ"၏ ပီတိဖြင့်
ခန့်တည်ကြည်သော အပြုံးကို "သူ"ပြန်ခံစားလိုက်မိသည်။

---

"မည်သည့်ဘာသာ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှု အစဉ်
လာကျောင်းများအတွင်း၌ ရှင်သန်နေကြသည်ဖြစ်စေ၊ ထိုထိုသော
တ်ကြီးရွယ်အိုတို့၏ ဘဝအာမခံချက်ရှိခြင်း မရှိခြင်းသည်၊ ထိုသူတို့
င်သန်ခဲ့ရာ လူ့ဘောင်အဖွဲ့အစည်း၌ တာဝန်ရှိသည်"ဆိုသည် ကတော့
မှန်ပင်။ တာဝန်ရှိသည်ဆိုသည်ထက်၊ တာဝန်ယူနိုင်ကြမှသာ ထိုနိုင်ငံ၊
လူ့အဖွဲ့အစည်းရှိ ထိုလူသားတစ်ဦး၏ အခွင့်အရေးပြည့်ဝ၍ လူဖြစ်ရ
နိုးနပ်ပေလိမ့်မည်။







"မိမိတို့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးသည် အစမထင်
သော သံသရာ၏ အစမှ စတင်လျက်၊ အနုသယ"ဖြင့် "အတ္တနှင့် မာန"၏
လွှမ်းမိုးချုပ်ကိုင်မှုခံကြရကြောင်း၊ ထို့ကြောင့်လည်း "ငါသာပဓါန"ဖြစ်
နေပြီး၊ ထိုသို့ပြဋ္ဌာန်းနေခြင်းကိုလည်း အဝိဇ္ဇာကြောင့် မမြင်နိုင်ကြကြောင်း၊
ယင်းသည်ပင် ဒိဋ္ဌာနုသယ(အတ္တ)အခြေခံလျက် "ငါ့ဆရာ၊ ငါ့တပည့်"၊
"ငါ့အဖွဲ့၊ ငါ့လူ"၊ "ငါ့သား၊ ငါ့သမီး"၊ "ငါ့အမျိုး၊ ငါ့မိတ်ဆွေ"၊ "ငါ့တူ၊
ငါ့မြေး" ငါသာပဓါနပြဋ္ဌာန်းနေမိကြခြင်းဖြစ်ကြောင်း၊ "

---

"တစ်ဘဝ၊ တစ်ခဏာ၏ ငါအဖြစ်ကို မကြည့်ပါနဲ့၊ တစ်
သံသရာလုံးက ငါအဖြစ်ကိုသာ ကြည့်ပါ"ဆိုသည် တောင်ဖြို့ ဆရာတော်
ဘုရားကြီး၏ ဩဝါဒအဆိုအမိန့်သည် စိမ့်ဝင်စီးဆင်းသွားသည်။

အမေ၏ ဆုတောင်းတွင် နိဗ္ဗာန်ချမ်းသာကို အလွယ်တကူ ရယူနိုင်သော "သား"ဟူ၍မဆို "ပုဂ္ဂိုလ်"ဟုဆိုသည်။ အမေ၏ ဆုတောင်းတွင် "သူ"အား သူမ၏ "ရင်နှစ်သည်းချာသား" အဖြစ်ထက်၊ "လူသတ္တဝါ"၊ "ပုဂ္ဂိုလ် သတ္တဝါ"အဖြစ်လျှာထား ဆုပေးခြင်းဖြစ်နေလေပြီ။ အမေ့ ကရုဏာတွင် "ဉာဏ်နှင့်ပညာ" ဦးစီးနေ လေပြီကောဟု "သူ" သတိပြု မိသည်။

---

အမှန်စင်စစ်၊ အသိဉာဏ်ရင့်ကျက်သော လူတို့သည် "သာယာဖွယ်" (အဿာဒ)ကို မြင်ပြီးသည်၏နောက်၊ ဖုံးကွယ် နေသော "ငြီးငွေ့ဖွယ်"(အာဒီနဝ)ကို မြင်နိုင်ကြ၍ ထိုထိုသော "ငြီးငွေ့ဖွယ်" (အာဒီနဝ)ကို မြင်ခြင်းသည်ပင် ယင်းအပိုင်း၏ မြတ်နိုးဖွယ်ရာသတို တွေ့ရှိခြင်းဖြစ်ကြောင်း။"





"ဤလောက၊ ဤမျိုးဆက်အတွက် ဖန်တီးနိုင်၊ သယ်ပိုးနိုင်စွမ်း ရှိသူများ၏ စေတနာပြဋ္ဌာန်း ဆွေ့ဆောင်မှုနှင့် နည်းပညာဖွံ့ဖြိုး တိုးတက်မှုတို့ပေါင်းစည်းခြင်းဖြင့် လောကကောင်းကျိုး၊ မျိုးဆက်၏ ကောင်းကျိုးသည် ဒီဌစမ္မပေါ် ထွန်းလာမည်"ဟု၊ ဤအမြင်၏ ရှင်သန်မှု အတွက် အခွင့် အလမ်းရှိ၊ မရှိဆိုသည်ကတော့ အလေးထားတွက်ချက် ရမည့်ကိစ္စ။

---

"လောကကို ထိန်းကျောင်းဖို့ လိုပြီနော် ဒကာကြီး၊ လောကကို ထိန်းကျောင်းရာမှာ လူကို လူပီသအောင် လုပ်ပေးနိုင်တဲ့ ယဉ်ကျေးမှုတို့ ဘာသာတရားတို့ကို ပေါ့ပေါ့တန်တန် ထားလို့မရဘူး၊ ဦးစားမပေးလို့ မရဘူး" ဆိုသည့် ဆရာတော်၏ အဆိုအမိန့်က "သူ့"စိတ်အတွေးတွင် အထင်းသားပေါ် လာသည်။

"သူ"သည်အားယူထလိုက်သည်။ "လူ့ဘဝ လူ့လောကတွင်၊ လူသားတစ်ဦးချင်းသည်၊ လူသားတစ်ဦးစီ၏ တန်ဖိုးနှင့် စံချိန် စံညွှန်းများကို အသိအမှတ်ပြု ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်း၊ ကိုယ်ချင်းစာနာခြင်းဖြင့် လူ့ဘောင်လောက၏ ငြိမ်းချမ်းသာယာမှုသည် လည်းကောင်း၊ စည်ပင်ဖွံ့ဖြိုးတိုးတက်မှုသည်လည်းကောင်း အစွန့်ရှည်ကြာ မြင့်မားစွာ တည်ရှိနေမည်"ဟု "သူ"ယုံကြည်ထားခဲ့သည် မဟုတ်ပါလား။

---

ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည်မှာ မျက်မှောက်ကာလ ဖြတ်သန်းချိန်တွင်၊ စွမ်းဆောင်နိုင်စွမ်းရှိသူများနှင့် လောကသားများ၏ ဉာဏ်အမြော်အမြင် ရှင်သန်မှုသာ ပဓါနဖြစ်မည်ဟု "သူ" မြင်နေမိသည်။





"ကာမ"၊ "အတ္တ"၊ "ဓမ္မ"၊ မောက္ခ"၊ တည်းဟူသော တောင့်တမှုလေးမျိုးဖြင့် ရှင်သန်နေသော သတ္တလောက၊ လူ့ဘောင်လောက၊ လူသားတို့၏ လိုအင်ဖြည့်ဆည်းမှု ပုံစံတို့တွင် ရှင်သန်မှု ပဓါနအမြင်များ လူ့စိတ်လူ့နှလုံးသားတို့တွင် ကိန်းအောင်းနေလေ သမျှ - - ။ အကျည်းတန်လေစွ လောကသားတို့ ဘဝဟူသာ ဆိုရလိမ့်။

"လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟူသမျှတို့သည် သံသရာရှည်သရွေ့ ပါရမီဖြည့်ရန် ရည်သန်လျက် ဆန္ဒပြင်းပြနေသည်ဖြစ်စေ၊ သံသရာ၏ ဒုက္ခဆင်းရဲခြင်း အရင်းအမြစ်ဖြစ်သည့် တဏှာ၏ကျေးကျွန်အဖြစ်မှ ရုန်းထွက်လျက်၊ တဏှာကို အပြီးသတ် ပယ်သတ်ပြီး သန္တိသုခမင်္ဂလာ နိဗ္ဗာန်ကို အမြန်ဆုံး ရလိုရယူလိုသည်ဖြစ်စေ ထိုပုဂ္ဂိုလ်သတ္တဝါ၏ ဆန္ဒ၊ ဆုံးဖြတ်ချက်နှင့် အလုပ်သည်သာ ပဓာနဖြစ်မည်" ဆိုသည်ကို "သူ" မြင်မိ ခံယူမိပြီးသား ဖြစ်သည်။





"သူ" ကိုယ်တိုင်၌ပင် "သူ"၏ ဘဝတစ်ခု ဖြတ်သန်းချိန် အတွေ့အကြုံများ၊ ရှင်သန်လာသော အသိများမှ "သူ"၏ "လိုအင်"တို ပုံဖော်ရန်ကြိုးစားနေခြင်း မဟုတ်ပါလား။ မည်သို့ဆိုစေ "သူ"နှင့် "သူ"တို့ မျိုးဆက်၏ မဟာမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်ဖြင့် လောကအမြင် သည် လောကသားအားလုံးအတွက် ဖြစ်စေရမည်။ ဂလိုဘယ်လ်ဆိုသော "လိုအင်"များစွာ၏ ရှင်သန်မှုအရောင်အသွေးမျိုးစုံတွင် တင့်တယ်သော၊ ငြိမ်းချမ်းသော၊ လှပသောအရောင်ဖြင့် ထွန်းလင်းစေနိုင်ဦးမည်ဟု "သူ" ယုံကြည်ထားသည်။

---

မည်သည့်နေရာ၊ မည်သည့်ဒေသ၊ မည်သည့်ဖြတ်သန်းချိန်မျိုးတွင်ဖြစ်စေ၊ "ပညာ"၏ အခန်းကဏ္ဍသည်လည်းကောင်း၊ "ဉာဏ်"၏ အခန်းကဏ္ဍသည်လည်းကောင်း၊ "သတိ"ဦးစီးမှုဖြင့် ပြဌာန်းရွေ့ဆောင်နိုင်ပါမှ လိုလားအပ်သော အကျိုးဖြစ်ထွန်းမှုသည် ပေါ်ပေါက်မြဲဖြစ်သည်ကို "သူ"နှလုံးသွင်း ခံစားလိုက်ရပြန်သည်။

"အရာအားလုံးကို ကျေနပ်စွာဖြင့် လက်ခံလိုက်ခြင်းဖြင့် အကောင်းများဖန်တီးနိုင်စွမ်းမှုအတွက် အင်အားနှင့် စွမ်းရည်များဖြစ်တည်လာမည်"ဟု "သူ"ကလက်ခံယုံကြည်ထားသည်။ အမှားများကို ရှာဖွေဖော်ထုတ်၍ အမှန်ပြင်နိုင်ရေးသည်သာ ပဓာနကျသည်၊ အကျိုးရှိမည်မဟုတ်ပါလား။

---

တကယ်တော့ ဘယ်လောက်အနေဝေးဝေး၊ အတွေးချင်းပေါင်းသင်းနေနိုင်သမျှ၊ တစ်ဘဝထဲမှာ အတူရှိနေမှာပါဟု "သူ"နှင့် သူ၏ရောင်းရင်းတို့၏ ခံစားခံယူ တတ်မှုသည်၊ သူတို့၏ နှလုံးသားတွင် ထာဝရရှင်သန်နေမည်မှာ အမှန်ပင်။





လူသားတို့၏ ဖြတ်သန်းချိန်ကာလတစ်လျှောက်၊ ကာလ၊ ဒေသ၊ ပရောဂဖြင့် ပေါ်ပေါက်လက်ခံကျင့်သုံးလိုက်ကြသော လောကအမြင်အမျိုးမျိုး၊ ဝါဒသဘောတရားအသွယ်သွယ်တို့ကား မိမိတို့၏ ကံကြမ္မာကို မိမိတို့သာ ဖန်တီးပြဋ္ဌာန်းနေကြခြင်း မဟုတ် ပါလားဟု "သူ"တွေးလိုက်မိပြန်သည်။

---

သားတို့၊ သမီးတို့၊ မြေးတို့ခေတ်။ e-Commerce , e-Education , Information Technology တို့၏ တွန်းပို့မှုဖြင့် ဘဝကိုဖြတ်သန်းနေကြ၊ ဖြတ်သန်းကြရဦးတော့မည်။ ကမ္ဘာအဝန်းရှိ သန်းပေါင်းများစွာသော သားတို့ သမီးတို့ မြေးတို့၏ သန့်ရှင်း လန်းဆန်းသော တက်ကြွသော အမြင်များကို "သူ"တွေးမြင်ရှာဖွေနေမိသည်။

ပုထုဇဉ်ပီပီ "သူ"၏ ဤဆန္ဒ၊ ဤလိုအင်ကို ဖြည့်ဆည်းရန် ကြိုးပမ်းရာ၌ပင် လောကနှင့် ကင်းကွာ၍မရ။ ထို့ကြောင့်လည်း ခါးသည်းသော ဝေဒနာများစွာကို ပွေ့ပိုက်ရင်း "သူ"တို့ မျိုးဆက်နှင့် "သူ"ကိုယ်တိုင် လွတ်လပ်ပြီးခေတ်မြန်မာနိုင်ငံ၏ ၁၀ ရာစုနှစ်တစ်ခုချင်းအား ဖြတ်သန်းခဲ့ရပြီးပြီ။ ဤကာလကို "သူ"ဆက်မတွေးချင်တော့။

---

ဤအကြောင်းတရားမျိုးစုံကား နိုင်ငံအတော်များများရှိ လူငယ်များစွာ ကြုံတွေ့ဖြတ်သန်းနေကြသော ဖြစ်စဉ်ဖြစ်ရပ်များသာ ဖြစ်သည်။ အပြစ် ဆိုဖွယ်မရှိ အမိအဖ၊ ဆရာသမားများနှင့် တာဝန်ရှိ၍ တာဝန်သိ သူများ က ထိန်းကျောင်းစီစဉ်မှုပြုခြင်းဖြင့် ဘဝလမ်းကြောင်း အမှန်သို့ ရောက် လာနိုင်သည်၊ တည့်မတ်ပေးနိုင်သည်။ မည်သို့ဆိုစေ ထို လူငယ်တို့၏ အခန်းကဏ္ဍကို လမ်းမှန်နည်းမှန်ဖြင့် ဖွင့်လှစ် ခေါ်ဆောင်သွားကြရမည့် မျိုးဆက်လူကြီးတို့၏ အတွေးအမြင် ခံယူကျင့်သုံးမှုသည် ပဓာနကျလှသည်မဟုတ်ပါလား။





မျက်မှောက်ခေတ် လူ့ဘောင်အဖွဲ့အစည်းတွင် လူ့ဘဝကို ကောင်းမွန်စွာရရှိလာနိုင်ပါလျက်နှင့် "လူ" မည်ကာ မတ္တလူများ များပြားတိုးပွားလာမည်ကိုလည်းကောင်း၊ လူမည်ကာမတ္တလူများ ကြီးစိုးလာမည်ကိုလည်းကောင်း၊ "သူ" တွေးတော ကြောင့်ကြနေမိသည်မှာ ကြာခဲ့ပြီဖြစ်သည်။

---

လူငယ်သန်းပေါင်းများစွာ၏ စိတ်နှင့်စေတသိက်တို့တွင် ကောင်းမှုမြတ်နိုး၍ ကောင်းအောင်ကြိုးစားလိုသော ဆန္ဒတို့ ပြဋ္ဌာန်းနေသည်ဆိုသည်ကတော့ အမှန်ပင်။

---

နည်းပညာ၊ စီးပွားရေးဘဝ၊ လူမှုရေးဘဝ ဗဟုသုတနှင့် ပညာရေး၊ ကျန်းမာရေး အလျှဉ်းဖွံ့ဖြိုးမှုမရှိပါဘဲလျက် ခေတ်ဆန်ရန် ကြိုးပမ်းရင်း ခေတ်ဆန်လိုက်ကြခြင်းကြောင့် သနွေတည်မွေးဖွားလာသော စိတ်ပိုင်း ဆိုင်ရာ ယိုယွင်းပျက်စီးမှု၊ အကျင့်သီလစာရိတ္တပျက်စီးမှုများနှင့် ဆိုးဝါးသော လူ့ဘဝပတ်ဝန်းကျင် မျိုးကို ရင်ဆိုင်နေရသော အဖြစ်များစွာ ရှိနေသည်။

ရှေးရှေးကမြန်မာပညာရှိကြီးများ၊ ဗုဒ္ဓသားတော် ဆရာတော်များက လောကသားများအတွက် 'ပညာ'၏အခန်းကဏ္ဍ ပြဋ္ဌာန်းမှုကို ဤသို့ဖွင့်ဆိုပြခဲ့ကြသည်။

---

မြန်မာမျိုးဆက်တို့အတွက် အဘိုးအဘွား၊ အမိအဖတို့၏ ကြီးမားနက်ရှိုင်းသော စေတနာ၊ စေတသိတ်ပြဋ္ဌာန်းမှုတို့ကဖြင့် အံ့ချီးမကုန်ရှိပါဘိ၊ ရှေးရှေးမြန်မာပညာရှိကြီးတို့၏ လောကအတွက် တာဝန်ကျေပွန်မှုဆိုသည်ကတော့ ခိုင်းနှိုင်းရာမရှိ ကျေးဇူးကြီးပါဘိ ဟု 'သူ' ခံစားပူဇော်နေမိသည်။





"လောကလူသားတို့အတွက်၊ မြန်မာတို့အတွက် တန်ဖိုးအနဂ္ဃထိုက်တန်လှသော အမွေတို့ကို သယ်ပိုးထိန်းသိမ်းရန် တာဝန်ရှိသူတွေ၊ လက်ဆင့်ကမ်း၍ ပြည့်ပြည့်စုံစုံပေးဝေရမည့်တာဝန်ကို ကျေပွန်ကြရမည့်သူတွေ၏ စိတ်ဓာတ်၊ စာရိတ္တ၊ ကျင့်သုံးမှု၊ လောကအမြင်သည် ၁၀ စုနှစ်များစွာအတွင်း များစွာပင်လျော့ရဲပျက်စီးနေပါပေါ့လား"ဟု 'သူ'ရဲရဲတည့်တည့်မြင်လိုက်မိသည်တွင် များစွာတုန်လှုပ်သွားသည်။

လောကသားတို့အတွက်၊ "လူသား"တို့အတွက် ပြဋ္ဌာန်းမှု မြင့်မားလှသည့်၊ တန်ဖိုးကြီးမားလှသည့်၊ မြတ်နိုးဖွယ်ဖြစ်သည့် "နီတိ" ကျင့်ဝတ်တို့သည် မြန်မာမှုတွင် အခိုင်အမာစိုက်ထူပြီးပါလားဟု "သူ" တစိမ့်စိမ့်ခံစားရင်း ပီတိဖြစ်မိသည်။

---

ဤလောကနီတိကျမ်းကို "သူ"၏ စိတ်နှလုံးတွင် ကြည်နူးစွာ ပူဇော်နေမိသည်။ ဤကျမ်းသည် မြန်မာလူ့ဘောင်နှင့် လောက လူသား တို့၏ ဘဝနယ်ပယ်အသီးသီးတွင် ဖြန့်ကြက်မိလျှင် ကောင်းလေစွဟု "သူ"စိတ်ကူးခံစားလိုက်မိပြန်သည်။





ကြီးကျယ်မြင့်မြတ်သည့် လောကအမြင်၊ ဘဝအမြင် အမွေကောင်းများရှိပါလျက် ဤအမွေကောင်းတို့ကို ကျင့်ကြံအားထုတ်ဖို့ လက်ဆင့်ကမ်းအမွေကောင်းတွေပေးဖို့၊ တာဝန်ကျေသူတွေ၊ တာဝန် မကျေသူတွေ၊ တာဝန်မဲ့ရုံမျှမက ဤအမွေ တို့ကို အတ္တ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ဖျက်ဆီးပစ်သူတွေ၊ အလင်းအမှောင်အရောင်မျိုးစုံ။

---

အပြစ်မတင်၊ အပြစ်မမြင်စတမ်း၊ တစ်စိတ်တစ်ဝမ်းတည်း အနစ်နာခံကြိုးပမ်းကြဖို့တော့ "သူ"နှင့် သူတို့မျိုးဆက်တို့တွင် လည်းကောင်း၊ သန်းပေါင်းများစွာသော သားတို့သမီးတို့၊ မြေးတို့တွင် လည်းကောင်း တာဝန်ရှိနေလေပြီ။

---

မည်သို့ဆိုစေ၊ ဖန်တီးနိုင်သူတို့၊ ဖန်တီးခွင့်ရှိသူတို့၊ ဖန်တီး နိုင်စွမ်းသူတို့သည် ပဓာနကျသည့် အခန်းကဏ္ဍတွင် ရှိနေလေပြီ မဟုတ် ပါလား။

တစ်ချိန်တည်းတွင် ဘဝတစ်ခု ဖြတ်သန်းချိန်၌ ခေတ်မီဖို့၊ တိုးတက်ဖို့၊ သာယာလှပဖို့၊ ပြည့်စုံဖို့၊ ခန့်ငြားဖို့နှင့် စည်းစိမ် ဥစ္စာ၊ ရာထူးအာဏာ၊ လုပ်ပိုင်ခွင့်တွေ ပြည့်စုံဖို့ တည်တန့်ဖို့ လိုအင်များကိုသာ တွက်ကြည့်ရေ့ရှုပြီး ကြိုးပမ်းကြရင်း၊ အတ္တမာနဒိဋ္ဌိ တို့၏စိုးမိုးမှုကို ခံယူနှလုံးသွင်းခဲ့ကြသောသူများ ကြီးစိုးချယ်လှယ်ရာ ဆယ်စုနှစ်ခေတ်ကာလများစွာကို "သူ" နှင့် "သူတို့" မျိုးဆက် ဖြတ်သန်းခဲ့ရပြီးဖြစ်သည်။

---

"လူ" သားတစ်ဦး၏ "လိုအင်"ဆိုသည်ကတော့ အမျိုးမျိုး ရှိကြပေမည်။မည်သို့ရှိစေ လူသားတစ်ဦးသည် သူ၏လိုအင်ကို ဖြည့်ဆည်းရာ၌ နှလုံးသွင်းမှု ကျင့်သုံးမှုမှန်ကန်ပါမှ ထိုလူသားနှင့် သူ၏လောကအတွက် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို သမှုတပြု၍ ဖော်ဆောင် တည်ဆောက်နိုင်မည်မဟုတ်ပါလား။





လောကသားတို့သည် မိမိတို့၏ ကိုယ်စီလိုအင်များကို ဖြည့်ဆည်းရင်းအချိန်တိုင်း၊ အချိန်တိုင်း၌ အဂတိတရားလေးပါးကို ကျူးလွန်မိကြမည်တတော့ ကျိန်းသေသည်။ အချို့လည်းပါးပါးလေး။ အချို့လည်းထူထူထဲထဲ အတုံးလိုက်အတစ်လိုက် ကျူးလွန်မိကြပေမည်။ ပညာဖြင့်၊ ဉာဏ်ဖြင့်၊ သတိဖြင့် ဆင်ခြင်နိုင်ပါမှ၊ ဆင်ခြင်မိပြီး ပြန်လျှင်လည်း ရှောင်နိုင်စွမ်းရှိပါမှ။ တကယ်တော့ "အဂတိတရား" ရှောင်ကြဟူ၍ လွယ်လွယ်ပြောကြ၊ လွယ်လွယ်ပင်ကျူးလွန်မိဖြစ်နေကြသည်ကို သတိမပြုမိကြဟုထင်သည်။

---

ဤသည်ကိုပင် အကုသိုလ်ကို ကုသိုလ်ရောင်ရောင်၊ အမှားကို အမှန်ရောင်ရောင်၊ အဓမ္မကို ဓမ္မရောင်ရောင် အရောင်အမျိုးစုံဖြင့် အဂတိတရားကိုပြုမိ၊ ပြောမိ၊ ကျူးလွန်မိတတ်သော လောကသားတို့၏ လိုအင်ဆန္ဒသဘာဝတွင် "သူ"သည် အနိုင်းမဲ့ကျေးဇူးရှင် ဗုဒ္ဓအားလည်းကောင်း၊ အနန္တကျေးဇူးရှင် "ဘဘသစ်"အားလည်းကောင်း အာရုံပြု၍ လက်အုပ်ချီလိုက်မိသည်။

"တကာကြီး လောကကို မြူမြင်ချင်ရင် လောကထဲမှာနေ၊ ကိုယ့်ကိုယ်ကိုမြူမြင်ချင်ရင် ကိုယ့်စိတ်ထဲမှာနေ"ပါ။ ဘုန်းကြီး ဆိုချင်တာက၊ လောကအကြောင်းကိုသိမှ လောကကို ကိုယ့်ရဲ့စွမ်းရည်ရှိသလောက် မှန်ကန်စွာမြူစုပျိုးထောင်လို့ရနိုင်တယ်။ လောကအကြောင်း၊ လူတွေအကြောင်း၊ အကျဉ်းဆုံးကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသအကြောင်းကိုယ်သိမှ မြူစု ပျိုးထောင် မြူမြင်လို့ရမယ်။ အလားတူပဲ ကိုယ့်စိတ်ကိုယ့်နှလုံး၊ ကိုယ့် အကြောင်းကိုယ် ရဲရဲတည့်တည့်ကြည့်၊ ကိုယ်စိတ်ဘာဖြစ်နေသလဲဆိုတာ ကိုယ်ကြည့်နေပါ။ သိပြီးရင် မြူမြင်လို့ မြူစုလို့ရပြီ"ဟု ထောက်ပြခဲ့သည်။





ထောင်စုသစ်အရှက်ဦးကာလဖြတ်သန်းချိန်တွင် နိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ကြုံတွေ့နေရသော ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးမြင့်မားမှုအတွက် ကြီးမားသောအန္တရာယ်များသည် ကျယ်ပြန့်စွာရှိနေပါလား။ နေရာအနှံ့၊ ဒေသအနှံ့၊ နိုင်ငံအလိုက်၊ ဒေသအလိုက်ရှိနေဆဲ၊ ဘဝများစွာ၏ အနိဋ္ဌာရုံများအား လူဗာလ၊ လူမိုက်တို့ဖန်တီးနေကြဆဲဖြစ်သည်။

---

ဤတာဝန်ကို မှန်ကန်စွာနှလုံးသွင်း၍ တည်ကြည်ဖြတ်သားစွာ သယ်ပိုးမသွားနိုင်သမျှ တစ်ဘဝ၏သမိုင်းကြောင်းသည်လည်းကောင်း၊ သံသရာ၏သမိုင်းကြောင်းသည်လည်းကောင်း၊ ကောင်းပါသည်ဟုမှတ်တမ်းတင်နိုင်မည်မဟုတ်၊ မှတ်တမ်းတင်နိုင် ခဲ့လျှင်လည်း အလိမ်အညာမှတ်တမ်းအဖြစ်ဖြင့် အကျိုးဆက်သည် ကောင်းရန်မရှိဟု "သူ"မြင်တွေ့ခံစားနေမိသည်။

လူငယ်တွေ၊ နိုင်ငံ၏မျိုးနွယ်၊ လူသားမျိုးနွယ်၏ တာဝန်ကို ပခုံးပြောင်းသယ်ပိုးရန် တာစူနေကြသော၊ အားယူလှုပ်ရှားနေကြသော လူငယ်များ။ အချို့မျက်နှာတို့သည် ရင့်ကျက်တည်ငြိမ်စွာ၊ အချို့ ပျော်မြူးလျက်၊ အချို့ညိုးငယ်လျက်၊ အချို့တင်းမာ နေသော မျက်နှာများ၊ အချို့ပူဆွေးလျက်၊ အချို့ခက်ထန်လျက်၊ အကြောင်းတရားများတော့ ရှိမည်။

---

ဘဝရပ်တည်မှု၊ ဘဝရှင်သန်မှုသက်သက်၊ ရှင်သန်ရေးသာ ပဓာနဟူသော အယူအဆဖြင့် လိုအင်ကို ဖြည့်တင်းခြင်းထက် မိမိဘဝနှင့် လောကအတွက် အကုသိုလ်ကင်းသော၊ ကောင်းကျိုးကိုရှေးရှုသော နည်းလမ်းကိုရွေးပြီး၊ ရဲရင့်တည်ကြည်ပြတ်သားစွာ ပျော်ပျော်ပါးပါးကြီး လျှောက်လှမ်းသွားစေချင်မိသည်။ ဒါက “သူ”၏ဆန္ဒသာဖြစ်သည်။





အပိုင်း (၁)

## ကြည်ညိုထိုက်သူ

အညာဒေသ၏ ဆောင်းဦးကာလ နေဝင်ရိုးရီသည် ချမ်းစိမ့်စိမ့်ရှိသည်။ မြို့စွန်မြို့ဖျားရပ်ကွက်
ဖြစ်သောကြောင့် မြို့ပြ၏ ပုံရိပ်များသည် ကျေးလက်၏ ပုံရိပ်နှင့် ထွေးရောယှက်တင်ရှိနေသည်ဟု “သူ”မြင်တွေ့မိသည်။ ညနေစောင်းချိန်ဖြစ်သဖြင့် ယာတောမှ ပြန်ဝင် လာသော နွားလှည်းအချို့ကိုလည်းကောင်း၊ ရေစည်လှည်းအချို့ ရေသယ်ရန် ထွက်ခွာလာကြသည်ကိုလည်းကောင်း၊ လက်တွန်းရေလှည်းဖြင့် ရေသယ်နေကြသည်ကိုလည်းကောင်း အနီးအဝေးမြင်တွေ့နေရသည်။ လှပျိုဖြူတို့ ရေခပ်ဆင်းကြသည်ကတော့ ရှားပါးသွားလေပြီ၊ ပလွေတို့ တစ်ချောင်းနှင့် သျှောင်စောင်းနှင့် ဆိုသူတို့ကတော့ မရှိတော့လေပြီ။

“သူ”သည် နောက်တစ်နေ့တွင် ရွှေမြို့တော်အပြန်ခရီး အတွက်လိုအပ်သည်များ ပြင်ဆင်ထားရစ်ပြီးနောက်၊ အမေ့အား ခွင့်ပန်ကာ၊ အမေတို့မြို့၏ အနောက်ဘက်၊ ရေကန်ကြီးရှိရာသို့ လျှောက်လှမ်းလာနေခြင်းဖြစ်သည်။ မူလရည်ရွယ်ချက်ကတော့ နှစ်ပေါင်း

၆၀ ခန့်ရှိပြီဖြစ်သော အဘိုးနဲ့ အမေ၏ သချိုင်းမြေသို့ ကန်တော့ရန် လာခဲ့ခြင်းဖြစ်သည်။ မှန်သည် အမျိုးဘာသာသာသနာအတွက်၊ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးအတွက် တာဝန်ကျေခဲ့သော ပုဂ္ဂိုလ်လည်းဖြစ်၊ အနန္တကျေးဇူးရှင်များလည်းဖြစ်သည့် အဘိုးနှင့် အမေအား သူ ကန်တော့လျက် ကတိပေးရဦးမည် မဟုတ်ပါလား။ "အမျိုးဘာသာ သာသနာအတွက်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက်၊ သစ္စာစောင့်သိပါမည်"ဟူ၍။

**ကြည်ညိုထိုက်သော ပုဂ္ဂိုလ်များကား ဆူကြုံနိမ့်မြင့်မရွေး ရှိကြမည်။ အကြည်ညိုခံထိုက်သူဆိုရာ၌လည်း သီလ၊ သမာဓိ၊ ပညာရှိပါမှ၊ အမျိုးဘာသာသာသနာနှင့် နိုင်ငံနှင့် လူမျိုးအတွက် အမှန်တကယ် လွတ်လွတ် စွန့်လွှတ်အနစ်နာခံ ပေးဆပ်နိုင်စွမ်းသူ ဖြစ်ပါမှ ကြည်ညိုထိုက်သူဟု "သူ"ခံယူထားသည်။ "သူ"သည် တွေးတောရင်းပင် ဆက်လျှောက်နေမိသည်။**

အမေအိမ်နှင့် မနီးမဝေးတွင် မီးရထားသံလမ်းရှိသည်။ အနောက်ဘက်ကန်ကြီး၊ ကန်ပေါင်ရိုး၏ အနီးတောင်ဘက်တွင် ၊ တမာအိုပင်များနှင့် ထန်းတောအုပ်အုပ်အနီး ရွှေဥမင်ကျောင်းနှင့် ရှေးယခင်က တရားကျင့်သည့် ဥမင်အချို့ရှိကြသည်။ ဤနေရာတစ်ဝိုက်မှပင် သာသနာ့အာဇာနည်များ မွေးဖွားသန့်စင်၍ လူလားမြောက်ခဲ့ပြီးနောက် ဤလောကတွင် ဓမ္မတရားထွန်းကားဖို့ လောကတာဝန်ကို သယ်ပိုးဆောင်ရွက်သွားသော ပုဂ္ဂိုလ်များ မနည်းတော့။ တစ်မဂ်တစ်ဖိုလ် ဆိုက်သွားခဲ့ကြသော ပုဂ္ဂိုလ်ထူးများလည်းရှိမည်။ နေညိုညို လေနုအေးတွင် သူတော်စင်တို့၏ အငွေ့အသက်သည်လည်းကောင်း၊ အဖိုးတို့ အဖေတို့၏ တိုင်းချစ်ပြည်ချစ်စိတ် အငွေ့အသက်တို့သည်လည်းကောင်း ဖြန့်ကြက်နေသည်ကို "သူ" အမိအရ ရှူရှိုက်နေမိသည်။

ရေကန်ကြီး၏ ရွှေဥမင်ကျောင်းဘက်သို့ ဦးတည်သော ကန်ပေါင်တစ်လျှောက်၊ မန်ကျည်းပင်နှင့် ထနောင်းပင်တို့ ရှိနေကြဆဲ၊ ရှင်သန်ဆဲ။ "သူတို့"ငယ်ငယ်ကတော့ ကန်ပေါင်အခြေရှိ မန်ကျည်းပင်ကြီးပေါ်မှ ကန်ရေပြင်သို့ ဒိုင်ဗင်ထိုးချပြီး ရေကူးခဲ့ဘူးသည်။ "ဒိုင်ဗင်တင်လှတို့၊ ရွှေဘကြီးတို့"ကို အားကျသည် မဟုတ်ပါလား။





ဖြတ်သန်းချိန် များက မတူကြတော့၊ လူငယ်တို့သဘာဝ သူတို့ခေတ်၊ သူတို့ဖြတ်သန်းချိန် မြင်ရကြားရသိရသမျှ အတုယူ၊ အတုခိုး တတ်ကြစမြဲ။ သူတို့ငယ်ငယ် ကတော့ တောပုန်းကြီး စံဖဲသည် သူတို့၏ ဟီးရိုးပင်။ မြေးတို့ခေတ်မှာတော့ ကျန်ကျောင်းဖြစ်နေလေပြီ။ "သူ" ငယ်ငယ်က စံဖဲသည် "မဟုတ်မခံ အမှန်လုပ်သော စံဖဲသည်၊ ရပ်ရွာအရေး၊ ကိုယ့်အရေးကဲ့သို့" ဟူသော စာသားဖြင့် သူ၏နှလုံးသားတွင် "စံ"ဖြစ်ခဲ့သည်။

## အတွေ့၏အကျဉ်းသားများ

သူသည် တောင်စဉ်ရေမရ တွေးတောရင်း၊ မီးရထားနှင့် လှည်းလမ်းကူးနေရာကို ဖြတ်လျက် ညာဘက်ရှိ သချိုင်းကုန်းမြေသို့ မသွားသေးဘဲ ရှေ့တည့်တည့်ကျပ်တီးကုန်းပေါ်သို့ တက်လာခဲ့သည်။ ဤနေရာဒေသတစ်ဝိုက် အမြင့်ဆုံး ကမူကြီးဖြစ်ပြီး၊ ငယ်ငယ်က ဤနေရာတွင် သူတို့တစ်တွေ၊ သူငယ်ချင်းများနှင့်အတူ စစ်တိုက်တမ်း ကစားဘူးသည်။ ခင်တန်းတောအုပ်နှင့် ကြက်လျှာဆူပင်များ၊ သျှားစောင်းလက်ပတ်ပင်များ အစီအရီ ပေါက်နေဆဲဖြစ်သည်။

တောင်ကမူထိပ်၌ တမာပင်အိုကြီးသည် စိမ်းလန်းမှုကင်း၍ အထီးကျန်လျက် ရှိနေသည်ကို "သူ" စိတ်မကောင်းစွာ မြင်လိုက်ရသည်။ "သူ"၏စိတ်တွင်တော့ တမာပင်အိုသည် အနောက်ဘက် ဂေါ်ရာကျွန်းဆီသို့ ဦးတည်ဆင်းနေသည့် နေမင်းကြီးအား လွမ်းဆွတ်စွာ ကြည့်နေသည် ထင်မိ၏။ ညာဘက်ယွန်းယွန်း မလှမ်းမကမ်းတွင်၊ ဇရပ်အိုတစ်လုံး၊ အသစ်ဆောက်ထားသည့် ဇရပ်တစ်လုံး၊ အုတ်ဂူများနှင့် အနိမ့်အမြင့်မညီ အကျည်းတန်သလိုရှိသော မြေပုံများနှင့် ငုတ်တိုင်လေးများကို အထင်အရှား လှမ်းမြင်နေရသည်။ ထိုနေရာတွင် အဘိုးနှင့် အမေ၏ အုတ်ဂူများရှိသည်။

နေအိုအိုသည် စုံးစုံးမြုပ်လုတွင် အနီရင့်နှင့် ကြက်သွေးရောင်ရောလျက် "သူ"အား နှုတ်ဆက်နေသည်။ နေအိုအိုတွင်၊ ပင်ကိုယ်အမှု

ခါတ်မရှိတော့၊ သူ၏ စွမ်းရည်အပူဓါတ်သည် လျော့နည်းပျက်ပြားစပြုနေပြီပဲ အိုပြီလေ၊ မကြာခင်လောကဓါတ်အမြင်မှ သူပျောက်သွားရလေဦးတော့မည်ပဲဟု သံဝေဂယူလိုက်မိချိန် - - - - -။

"သူ၏အမြင်သို့ အဝေးတစ်နေရာက မီးရထားသံလမ်း၊ တံတားဖြူဖြူလေးသည် ရောက်လာသည်။ ဒီသံလမ်းတံတား လေးက မပြောင်းလဲပါလား။ ဤတံတားလေးသည် ချောင်းရိုးနက်နက်လေး တစ်ခုကို ဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ "သူ"ငယ်ငယ်က ဤတံတားအောက်တွင် ငါးလောင်းပြိုင် လူသတ်မှုကြီးတစ်ခု အသည်းကြားက မဲတစ်ပြားအတွက် ပေါ်ပေါက်ခဲ့ဘူးသည်ကို ကြုံခဲ့ရဘူးသည်။ ၁၉၅၈ ခုဝန်းကျင်ဟု "သူ"ထင်သည်။ ဖဆပလ အကွဲ၊ နုတင်နှင့် ဆွေငြိမ်းအုပ်စုတို့ အပြိုင်မဲဆွယ်သောကာလ၊ ပျူစောထီး၊ စစ်ရဲ၊ ခါးပိုက်ဆောင်တပ်များ လက်ရဲဇက်ရဲရှိနေချိန်ကိုမှ "သူ" ကောင်းကောင်း မှတ်မိနေသည်။

ခါးပိုက်ဆောင်တပ်များ တောတွင်းလက်နက်ကိုင် အဖွဲ့များ၊ ပထစ၊ ဖဆပလ၊ ပမညတ စသည်များ၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပေါ်ပေါက်နေသော မြန်မာ့ လူ့အဖွဲ့အစည်း၏ ဖြစ်စဉ်တွင် ဤနေရာဒေသ၌ ထူးခြားခါးသီးဖွယ်တို့ ပေါ်ပေါက် ခဲ့ဘူးသည်။ ထိုစဉ်က တပ်မတော် အနေဖြင့် ကျစ်လစ်သိပ်သည်းမှု၊ ခိုင်မာမှုရှိခဲ့၍သာ ဖောက်ဝင်ခွဲထုတ်မရနိုင်ဘဲ ရှိခဲ့သည်။ တပ်မတော်သည် ခိုင်မာမှုရှိခဲ့၍သာ အိမ်စောင့်အစိုးရခေတ်နှင့် ရွေးကောက်ပွဲကာလကို ပြည်သူ့ဘဝလုံခြုံမှုအတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းရင်း ဖြတ်သန်းနိုင်ခဲ့ကြသည်မဟုတ်ပါလား။ ဒါတောင် **Rival—Force** ခေါ်တဲ့ပြိုင်ဘက် လက်နက်ကိုင်အဖွဲ့တွေကိုဖွဲ့ရင်း ခေါင်းဖြတ်ကိုယ်ယူစနစ်ဆိုတာမျိုး ကျင့်သုံးဖို့ ကြိုးစားခဲ့ကြတာရှိဘူးသည်ကို၊ တွေးလိုက်မိတော့ "သူ" ကြက်သည်းထမိသည်။ အင်းလေ "ကုန်းဘောင်ခေတ်မှာရောနန်းတွင်းရေး တွေပါ ရှုပ်ထွေးကြပါဘိနဲ့"ဟု အထင်းသား ခံစားလိုက်ရသည်။

**"သူ"သည် မြန်မာ့သမိုင်းကြောင်း၏ ပါလီမံဒီမိုကရေစီ ခေတ်ကို ကြေကွဲဝမ်းနည်းစွာ တွေးတောရင်း တမာပင်အိုအားမှီ၍ ရပ်နေ**





**လိုက်မိသည်။ တကယ်တော့ ရက်စက်မှုအပေါင်းသရုပ်ဆောင်ခဲ့ကြသော ခေတ်ကာလများ၊ အတ္တနှင့် အာဏာမှအပ ဘာကိုမှ မမြင်နိုင်ကြသော ပုဂ္ဂိုလ်တို့ ကြီးစိုးသော ကာလများကို "သူ"၏ ရှာမှုန်းတီးလှပြီဖြစ်သည်။ အတွေးထဲဝင်လာမည်ကိုပင် စိုးရိမ်နေတတ်သည်။**

သို့သော်မနေပါ၊ အတ္တ၏ အကျဉ်းသားတို့သည်ကား လောကနိယာမအတိုင်း၊ လူ့ဘောင်လောက၌ တခဏ ဖြတ်သန်းချိန်များတွင်ပင်ရှိမြဲပေါ်ပေါက်မြဲဖြစ်သည်။ "သူ"တွင် "သူတို့"ဘဝ ဖြတ်သန်းချိန် အတွေ့အကြုံများက စိုးမိုးနေသည်။ ဗုဒ္ဓ၏ အဆုံးအမများက နက်ရှိုင်းစွာရှင်သန်နေသည်၊ လောကငြိမ်းချမ်းမှုနှင့် မြန်မာ့လူ့ဘောင်၏ စည်ပင်သာယာဖွံ့ဖြိုးတိုးတက်မှုအတွက် ဆာလောင်နေသည်။

ဒီတော့လည်း ဖြတ်သန်းချိန်တိုင်း တန်ဖိုးရှိအောင်၊ တန်ဖိုးရှိသော မျိုးဆက်ကို တည်ဆောက်လျက်၊ တန်ဖိုးရှိသော အမွေများ ထားရစ်နိုင်ဖို့၊ ပဓာနအကျဆုံးဖြစ်နေသည်။ "သူ"၏ အတွေးတွင် "သူ"အလွန်ပင်လေးစားကြည်ညိုလှသော "မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ" ဟောကြားခဲ့သော "အလကားလူတွေသာရှိသော၊ အလကားလောကကြီး၌၊ အလကားနေရုံဖြင့် အလကားကောင်း လာဦးမည်ထင်သလား၊ လောကမှာ ကောင်းတယ်ဆိုတာ ကိုယ့်ကျင့်ပါမှ ကောင်းတယ်၊ ကိုယ်ကျင့်မပါက မကောင်းနိုင်" ဆိုသည့် အဆိုအမိန့်က စီးဆင်းသွားသည်။

ငါတို့ရှေ့ကလူတွေရော ငါတို့တတွေပါ ဗုဒ္ဓ၏ လောကီလောကုတ္တရာအကျိုးအတွက် အဆုံးအမတွေကို ဘယ်လောက်များ လိုက်နာ ကျင့်ကြံခဲ့ကြသလဲ၊ ကျင့်ကြံအားထုတ်နေကြသလဲ၊ လူ့တန်ဖိုး လူ့ကျင့်ဝတ်၊ လောကနီတိ၊ ပြည်သူ့နီတိတွေကိုရော တန်ဖိုးထား မြှင့်တင်တတ်သေးရဲ့လား၊ နိုင်ငံနဲ့ လူမျိုးကိုရော တကယ်ချစ်ရဲ့လား၊ တကယ်တန်ဖိုးထားမြတ်နိုးကြရဲ့လား၊ သားသမီး၊ မြေးမြစ် မျိုးဆက်တွေ အတွက် အမွေကောင်းပေးပြီး၊ သူတို့ကိုတကယ်တန်ဖိုးထားမြတ်နိုးမှု ပြနိုင်ရဲ့လား" စသည် စသည် "လား"ပေါင်းများစွာသော အမေးတို့ဖြင့်

**"သူ"၏အတွေးသည် မြန်မာ့လူ့ဘောင်၏ သမိုင်းကြောင်းတစ်လျှောက် မေ့ပျောက်ဖွယ်မရှိသည့် အကောင်းအဆိုးများစွာကို ပြန်လည်ဆင်ခြင် တွေးတောနေမိဆဲ၊ နေဝန်းနီကြီးသည် စုံးစုံးမြုပ်နေလေပြီ။**

**တကယ်စင်စစ် လူ့ဘောင်လောက၏ အကောင်းအဆိုးကို ဖန်တီးသူများသည်၊ ထိုခေတ်ထိုကာလကို ဖန်တီး တည်ဆောက် ဖြတ်သန်းနေကြသူများသာဖြစ်ကြသည်။**

"သူ"သည် ထိုင်ရာမှထလိုက်သည်၊ အဘိုးတို့ အဖေတို့၏ သချိုင်းမြေရှိရာသို့ မျက်နှာမူခြေဦးလှည့် လိုက်သည်။ မိမိတို့၏ ဂုဏ်သိက္ခာဖြင့် ပြည့်ဝသော သမိုင်းကို တည်ဆောက်ထိန်းသိမ်းလျက် တန်ဖိုးထားမြတ်နိုးတတ်သူများနေထိုင်ရာ တိုင်းနိုင်ငံ၏ လုံခြုံမှုနှင့် လွတ်လပ်မှုသည် ထိုသို့သော ပုဂ္ဂိုလ်တို့ ရှိနေသမျှ တည်တံ့နေမည်သာ မဟုတ်ပါလား။

× × × × ×





**အ ပိုင်း (၂)**

**အတိတ်၏ ကျေးကျွန်**

"သူ"သည် သချိုင်းမြေသို့ ဦးတည်လျှောက်လှမ်းနေသည်။ ထိုနေရာ ထိုအဝန်းအဝိုင်းသို့ မည်သူမျှအကြောင်းမဲ့ မသွားလိုကြ၊ မရောက်လိုကြ၊ မလွဲသာလွန်း၍သာ သွားဖြစ်ကြရောက်ဖြစ်ကြသည်။ "သူ"ငါပို့၊ ငါ့သူပို့၊ ရောက်ကြရမြဲ။ နွားကျောင်း၊ ဆိတ်ကျောင်း၊ သိုးကျောင်းသားတို့တော့ နေ့စဉ်လိုလိုရောက်တတ်ကြသည်။

**ညှော်သည်ဖြစ်စေ၊ ဤဒေသမှသူများဖြစ်စေ၊ ဤနေရာဌာနသို့ တစ်ဘဝ၏ နောက်ဆုံးခရီးအဖြစ် ရောက်ရှိရပ်နားမြဲဖြစ်သည်။ ဤသည်ကိုပင် မေ့မေ့လျော့လျော့ရှိသူများသည်၊ ငြင်းကြခုံကြ၊ ခိုက်ရန်ဖြစ်ကြ၊ ချောက်တွန်းကြ၊ ညစ်ပတ်ကြ၊ ယုတ်မာကြနှင့် မဆုံးနိုင်သော လူမိုက်အမြင်ဖြင့် ကျေနပ်နေကြသေးဟုတွေးရင်း၊ "သူ"ပြုံးလိုက်မိသည်။**

ခရားဆူးပင်၊ မြက်ခြောက်၊ အလေ့ကျအပင်အချို့ကို ငုံးတိတိဖြင့် မချိသလိုမြင်ရသည်။ လူသွားလမ်းလေးများ ဥဒဟို ယှက်သန်းနေသည်။ ဟိုအုတ်ဂူ ဒီအုတ်ဂူ၊ ဟိုမြေပုံ ဒီမြေပုံ၊ လမ်းကြောင်း များစွာ၊ အသုံးသိပ်မများ၍ မထင်မရှားလမ်းကြောင်းများသာဖြစ်သည်။

"သူ"သည် အဖိုးနှင့် အဖေ၏ အုတ်ဂူကို တုပ်ကွမ်းရိုက်၍ကျွန်တွာဖြင့် လက်အုပ်ချီမိုးပြီးကန်တော့လိုက်သည်။ ထိုစဉ်ခဏ၌ "သူ"၏ မိခင်ပြောပြခဲ့၍ သိရသော "သူ"၏ ဖခင်အမြဲပြောလေ့ရှိသည့်

**စကားတို့က "သူ"၏ စိတ်နှလုံးတွင် ပဲ့တင်ထပ်လာသည်။ "ဟဲ့မယ်စော၊ လူဖြစ်လာပြီး** အလကားလူ မဖြစ်အောင်နေကြမှပေါ့၊ ငါတို့သေရင်တောင်၊ မြေပဲမြုပ်မြုပ် ဂူပဲသွင်းသွင်း၊ ကန်တော့ချင်တဲ့လူရှိအောင်တော့ နေနိုင်ရမှာပေါ့"ဟု အမေ့ကို ဖေဖေက အကြောင်းပေါ်တိုင်း ပြောလေ့ရှိသည်ဟု ဆိုသည်။

"သူ"၏ အဖေပြောသည်က ရိုးရိုးရှင်းရှင်းလေးဖြစ်သည်။ ဘဝတစ်ခုရှင်သန်မှုအတွက် အကုသိုလ်ကင်းသော၊ အတ္တ၊ ပရမ္မတသော၊ ဖြစ်နိုင်ပါက အတ္တနည်းသော အတ္တပါးသောရှင်သန်မှုကို ရယူဖို့၊ ကိုယ့်အကျိုးကိုယ့်စီးပွားချည့် မကြည့်ဘဲ အများ၏ အကျိုးကို အမြဲထည့်စဉ်းစားဖို့ ဖြစ်သည်ဟု "သူ"ငယ်ငယ်ကပင် ကောင်းကောင်းကြီး နားလည်ထားခဲ့သည်။

အချိန်သည် ခဏတိုင်း၊ ခဏတိုင်း ဘဝတစ်ခုချင်းကို ဝါးမြိုသွားနေသည်။ သတ္တလောကသည်လည်းကောင်း၊ ဩကာသလောကကြီးသည်လည်းကောင်း ပညတ်ထားသည့် အချိန်တည်းဟူသော ကာလများအား ဖြတ်သန်းလျက်ရှိရာ၊ နိယာမသဘောအရ ထူးခြားလှသည်တော့မဟုတ်ဟု"သူ"မြင်တွေ့ထားသည်။

သို့သော်အံ့ဩဖွယ်ကောင်းသည်က လူသည်သတ္တလောကမှ အဆင့်မြင့် အသိအမြင် ပညာတို့ဖြင့် ကြံရည် ဖန်ရည်ဉာဏ်ရည်တို့ဖြင့် ခွဲထွက်လာသော သူများဖြစ်ကြသည်။ ထိုထိုသော လူသားတို့သည်ပင် လောကသုံးပါးအား တည်ဆောက်ပြုပြင်ရန် ကြိုးစားဖန်တီးနေကြသည် မဟုတ်ပါလား။

**"သူ"တွင် အတိတ်သမိုင်း၏ သချိုင်းအား မကြာခဏ တူးဆွရင်း၊ သင်ခန်းစာနှင့် သံဝေဂပွားတတ်သော အလေ့အထဖြင့် အကျင့်ဖြစ်နေလေပြီ။ ဤအလေ့အထသည် ကောင်းလှသည်တော့ မဟုတ်ဟု "သူ"ထင်သည်။ "သူ"သည် "သူ"ကိုယ်တိုင် လူ့အောင် သမိုင်း၏ ကျေးကျွန်မဖြစ်လို၊ ထို့အတူ "သူ"၏ မျိုးဆက်ကို လည်းကောင်း၊ လူတိုင်း သတ္တဝါတိုင်းကိုလည်းကောင်း၊ ကံကြမ္မာ၏ ကျေးကျွန်မဖြစ်စေလို။ သမိုင်းကို လှပအောင်၊ တိုးတက်အောင်၊ ငြိမ်းချမ်းအောင် ဖန်တီး**





**တည်ဆောက်သူ၊ မိမိတို့၏ ကံကြမ္မာကိုလည်း မိမိတို့ကိုယ်တိုင်ပြုပြင်သူ၊ ဖန်တီးတည်ဆောက်သူ ဖြစ်ချင်သည်၊ ဖြစ်စေချင်သည်။**

"သူ"သည် သချိုင်းမြေအား ကျောခိုင်းလိုက်သည်။ အတွေးဖြင့်လေးဖင့်စွာ လျှောက်လှမ်းရင်း၊ ကွယ်လွန်သူအားလုံးကို နှုတ်ဆက်အမျှဝေမိသည်။ "ပညာကြီးခြင်း၊ ဉာဏ်ကြီးခြင်းဖြင့် လောကကို ဖန်တီးတည်ဆောက်သူတွေ၊ ဘဝကိုဖန်တီးတည်ဆောက်သူတွေ၊ ဖန်တီးတည်ဆောက်နိုင်စွမ်းသူတွေ၊ သံသရာမှ လွတ်မြောက်၍ သန္တိသုခကို ရယူနိုင်ကြသူတွေ" ဖြစ်ကြ ပါစေဟု၍။

မီးရထားသံလမ်းကူးမှ မြို့စွန်ရပ်ကွက်ကို ကောင်းစွာမြင်နေရသည်။ လုပ်ငန်းခွင်အသီးသီးမှ အိမ်ပြန်ဝင်ကြရောက်ကြပြီဖြစ်သည်။ ရပ်ကွက်မီးရောင်သည်၊ ဖြိုးစေ့စေ့။ ယခုရက်ပိုင်းအတွင်း၌ပင် မီးပုံမှန်ရနေလေပြီ။ အိမ်ပေါက်စေ့မျှ မီးထွန်းနိုင်ပြီထင်၏။ "သူ"သည် မပီပြင်ဝိုးတဝါး ဇလီဖားတုံးလေးများပေါ် ခြေချလျှောက်လှမ်းနေရသည်ကို အရသာတွေ့နေသည်။ "သတိလေးဖြင့် အမှတ်ကလေးဖြင့်"။

ဤအသိလေးကပင် "သူ"ကျောခိုင်းထွက်လာသော သချိုင်းမြေ၌ သတိလေး အမှတ်လေး တို့မထားဘဲ၊ ဘဝတစ်ခု ဖြတ်သန်းချိန်တစ်လျှောက်၊ အလကားနေသွားသူ ဘယ်နှစ်ဦးများပါမလဲ၊ သန်းပေါင်း ခြောက်ထောင်ကျော်သော "လူ"များအတွင်းမှာရော ဘယ်လောက်များစွာပါမလဲဟု တွေးမိသေးသည်။

## "ကြီးကျယ်ခြင်း" နှင့် "မြင့်မြတ်ခြင်း"

အညာဒေသ၏ ဆောင်းဦးကာလ၊ မိုးချုပ်ချိန်သည် ချမ်းစိမ့်စိမ့်ရှိသည်။ "သူ"တို့ငယ်ငယ်က ကျောက်မီးသွေးများ၊ လောင်စာ ထင်းတုံးများဖြင့် မဲညစ်ညစ်ရှိနေသော၊ ရေတွင်းရေစင်ကြီးဖြင့် ခန့်ထည်နေခဲ့သော မီးရထားဘူတာရုံလေးသည်၊ ယခုအခါ သန့်ရှင်း သပ်ယပ်စွာ၊ လှပခန့်ထည်စွာရှိနေပြီ။ နားနေစကြံ၊ ဝရံတာ၊ ပန်းခြံ လက်မှတ်ရုံတို့ဖြင့် တစ်မျိုးတစ်ဖုံခန့်ညားနေပြန်သည်။ ရေနွေးဘိုင်လာ

တော်ခေါင်းကြီးများဖြင့် "ဂုံးဂုံး၊ ဂျပ်ဂျပ်" "ဂုံးဂုံး၊ ဂျပ်ဂျပ်" ဖြေးဖြေးရပ်ဆိုစမြဲပြုခဲ့သော မီးရထားကြီးများ မရှိတော့။ ယခုတော့ ဝေါကနဲရပ်၊ ဝေါကနဲထွက်သော မီးရထားကြီးများ ပြေးဆွဲနေပြီ မဟုတ်ပါလား။

"သူ"သည်မီးရထားဘူတာရုံရှေ့မှဖြတ်၍၊ အမေ့အိမ်ဘက်သို့ ကူးလိုက်သည်။

အမေ့အိမ်ကို မနီးမဝေးတွင် "သူ"ရပ်လျက် ငေးမော ကြည့်နေမိသည်။ နှစ်ပေါင်း ၅၀ ကျော် ဖြတ်သန်းချိန်ကာလတစ်ခု အတွင်း အမေ့အိမ်တည်းဟူသော အဆောက်အအုံမြေနေရာလေး တစ်ခုသည်ပင် အပြောင်းလဲကြီး ပြောင်းလဲသွားလေပြီ။ ခြံစည်းရိုး၊ ခြံဝင်း၊ အကာအရံ၊ အမိုး၊ အနီးအဝေးမြင်ကွင်းများ။ သို့သော်မပြောင်းမလဲ ကျစ်လျစ်စွာ ကျန်ရစ်နေသော အရာတစ်ခုကို "သူ"သတိပြုမိသည်။ "သန့်စင်ရဲရင့်ခြင်းနှင့် ငြိမ်းချမ်းခြင်း" တည်းဟူသော ပုံရိပ်သည် လည်းကောင်း၊ အနှစ်ဇီဇသည်လည်းကောင်း အမေ့အိမ်၌ ရှင်သန် နေဆဲဖြစ်သည်။ ဤသည်ကို ဇီဇသန္တေစိတ်၊ သို့မဟုတ် ပါရမီ အကျိုးဆက်များဟု ဆိုရမည်လားမသိ။ ဤရှင်သန်မှုကို "သူ"နှစ်သက် မြတ်နိုး မိနေသည်ကတော့ အမှန်ပင်။

ဤညဥ့်ဦးမှာတော့၊ "သူ"၏ သူငယ်ချင်းများရော၊ မိတ်ဆွေ များရောဧည့်သည်များပါလာရောက်ကြရန်မရှိဟု "သူ"ထင်သည်။ "မေမေ" နှင့် သက်တမ်းတူ၊ သက်ကြီးရွယ်အိုအဖွား၊ အဒေါ်၊ ဦးမင်းသားချင်း လေးငါးဦးအား "သူ"ကန်တော့ရန်စီစဉ်ထားသည်။ နှုတ်ဆက်ကန်တော့ ရမည်။ ထောင်စုသစ်ဦး၏ ဖိစီးမှုများမှ ဤသက်ကြီးရွယ်အိုများ ခံစားနေရသော ဝေဒနာများကို၊ ငြိမ်းအေးစေဖို့ "သူ"တွေချင် ဆွေးနွေးချင်သေး သည်။ အဖွား၊ အဒေါ်၊ ဦးမင်းသားချင်း သက်ကြီး ရွယ်အိုတို့တွင် ၎င်းတို့၏ နေဝင်ချိန် ဘဝရပ်တည်မှုထက်၊ သားသမီး၊ မြေးမြစ်တို့အတွက် သောက မအေးမှုများ အမြစ်တွယ်ရှင်သန် နေသေးသည်ကို၊ အမေနှင့် စကားပြော မိတိုင်း "သူ"သတိပြုမိသည်။ တစ်ဘဝ၏နောက်ဆုံးနေ့ရက်နာရီများ၌ပင် ဤပုဂ္ဂိုလ်တို့၏ စိတ်နှလုံး၌ သတ္တာယဒိဋ္ဌိဖြင့် ဖွဲ့ငြိနေသော သံယောဇဉ်တို့နှင့် ချစ်ခြင်းမေတ္တာနှောင်ဖွဲ့မှုသည် ကြီးမားနေကြဆဲဖြစ်သည်။ အထူးသဖြင့်





လယ်ယာစိုက်ပျိုးရေးကိစ္စ၊ ရေ မီးထင်းကိစ္စ၊ အရေးအကြီးဆုံးက စီးပွားရေး စားဝတ်နေရေး၊ ဘဝရပ်တည်မှုတို့နှင့်အတူ သားသမီး၊ မြေးမြစ်တို့အား လိမ္မာရေးခြားရှိစေဖို့အတွက် ကြီးမားသော သောက ရှိနေကြသည်။

အမေတို့၊ အဒေါ်တို့၊ ဦးကြီးဦးလေးတို့ ကြီးပြင်းခဲ့ကြ ရသည်က၊ မင်္ဂလသုတ်၊ သင်ပုန်းကြီး၊ လောကနီတိ၊ ပြည်သူ့နီတိနှင့် မဟုတ်ပါလား။ "သူတို့၏ စိတ်နှလုံးရှင်သန်မှု၏ လောကအမြင်ဖြင့် ကြည့်လိုက်တော့၊ သားသမီး မြေးမြစ်တို့၏ စိတ်နှလုံးရှင်သန်နေမှု အတွက် ပူပင်ကြောင့်ကြဖြစ်နေကြသည်မှာ သဘာဝကျနေသည်"ဟု မြင်မိသည်။ ကြောင့်ကြစရာတွေက ဤခေတ်ကြီးတွင် အများကြီးဖြစ်မည်။

"သူ"ဧည့်ခန်းအတွင်း ခြေချလိုက်တော့၊ အမေလည်း တူ တူမလေးများနှင့်အတူ ညစာပြင်နေသည်ကို မြင်လိုက်ရသည်။ "သူမ"၏ သားကြီးပြန်ဝင်လာသည်ကို "အမေ"သိနေသည်။ "သားကြီး ကြာလိုက်တာ၊ မိုးသိပ်ချုပ်ပြီ" ဟု ပြောလိုသော စကားကို၊ "အဖိုးနဲ့မင်း အဖေ့ဂူမှာ သားကြီးကြာသွားတယ်ထင်တယ်"ဟုသာ အမေကဆိုသည်။ အမေ့စိတ်နှလုံးက အကောင်းမြင်တတ်မြဲဖြစ်သည်။

"ဟုတ်ကဲ့အမေ"ဟု ပြုံးကြည့်၍ အမေ့အား ကျေနပ်စေ ပြီးနောက် "သူ"၏ အိပ်ခန်းတွင်းသို့ "သူ"ဝင်လိုက်သည်။ "သူ"တွင် အလုပ်တစ်ခုလုပ်ရန် ကျန်နေသည်။ "သူ"ဆာလောင်မွတ်သိပ်စွာ ဖတ်ချင်နေသော စာအုပ်အချို့ရှိသည်၊ ထိုစာအုပ်များသည် "သူ" ဖခင်၏ စာအုပ်ဗီရိုနှစ်လုံးထဲ၌ရှိမည်။ ထိုစာအုပ်အချို့အားရှာဖွေပြီး၊ အမေ့ထံမှ ခွင့်ပန်၍ ရန်ကုန်အပြန် ယူသွားရန်ဖြစ်သည်။

တွေ့ပြီ။

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်ထုတ်၊ ရွှေတောင်မြို့၊ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး စီရင်သည့် "ဇိနတ္ထပကာသနီ ကျမ်း"စာအုပ်၊ ဤစာအုပ်ကို ထပ်မံပုံနှိပ်၍ ဖြန့်ချိကြသည်။ အတူတူပင်။ ဤအတူတူ၌ပင် အဟောင်းကို "သူ"ပို၍နှစ်ခြိုက်မိနေပြန်သည်။ ပြီးတော့ ဆရာကြီးပါရဂူ၏ ဘာသာပြန်စာအုပ်အချို့၊ ပြီးတော့ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေး၊ အသစ်ပြန်ရိုက်၊ အသစ်

ပြန်ထွက်နေသည့် စာအုပ်များ များစွာရှိသည်။ သို့သော်စာအုပ်အဟောင်းလေးများကို "သူ"ယူချင်နေသည်။ လီယိုတော့စတွိုင်း၏ "စစ်နှင့် ငြိမ်းချမ်းရေး" ဂေါကီ၏ "အမေ"နှင့် ပါးဘတ်(ခ်)၏ "အမေ"။ ဘားနတ်ရှော၏ စာအုပ်များ၊ "သူ"ကျေနပ်သွားသည်။ ထို့အပြင်၊ လွန်ခဲ့သော အနှစ် ၂၀ ကျော်ခန့်က တူ၊ တူမလေးများအတွက် "သူ"ရှာမိဝယ်ယူ၍ ပို့ပေးခဲ့သော ဆရာကြီးဦးသန်းလွင်၏ "သားရတနာ၊ သမီးရတနာဖြစ်လာစေရန် လမ်းအဖြာဖြာ"စာအုပ်နှင့် ရိုးမတိမ်မဟာအောင်မြေကျောင်းဆရာတော် ဦးသီလာစာရ ရေးသားတော်မူအပ်သော " ဗုဒ္ဓ ဂီတိကာ"ပထမတွဲနှင့် ဒုတိယတွဲ။ ရှားပါးလှပြီဖြစ်သော စာကောင်းပေမွန်တို့သည် "သူ"၏ ဘဝဖြတ်သန်းချိန် အတွင်း "သူ"၏ ပစ္စက္ခဘဝနှင့် သံသရာအတွက်၊ လောကသားများအတွက် ပြန်လည်ပေးဆပ်၍ မကုန်နိုင်အောင် ကျေးဇူးကြီးသော ကျေးဇူးရှင်များဖြစ်သည်။

"သူ"တို့ယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ မျိုးဆက်ကို အမွေပေးရမည်။ ဒါကိုမေ့မေ့လျော့လျော့ထား၍မဖြစ်။ အမှန်စင်စစ် "သူ"သည် အဟောင်းကို ဖက်တွယ်နေခြင်းလည်းမဟုတ် အတိတ်သမိုင်းကို ကျွန်ခံနေခြင်းလည်း အလျင်းမရှိ၊ အဟောင်းများနှင့် အတိတ်သမိုင်း၏ အနှစ်ကို မြတ်နိုးတန်ဖိုးထား၍ ပစ္စက္ခအတွက် အကျိုးဖြစ်စေခြင်းငှာ၊ လက်ဆင့်ကမ်းသယ်ပိုးနေခြင်းသာဖြစ်သည်။

"သူ"သည် ဝမ်းသာအားရကျေနပ်လှစွာဖြင့် စာအုပ်များအား စုစည်း၍ စာကြည့်စားပွဲပေါ်တင်လိုက်သည်။ စာအုပ်များစွာအနက်မှ ဆရာကြီးဘားနတ်ရှော့၏ စာအုပ်က "သူ"အား ပြုံးစေ့စေ့ကြည့်နေသည်ဟု ထင်လိုက်ခံစားလိုက်ရ၍ ကောက်ကာငင်ကာ ကိုင်လိုက်သည်။ ဆရာကြီးရေးဘူးပြောဘူးသည်ကို "သူ"မှတ်မိနေသည်။ တကယ်တော့ ဆရာကြီး၏ အရေးအသား များကို "သူ"အလွန်နှစ်မြို့က်မိခဲ့ခြင်းကြောင့်ဖြစ်သည်။ "စစ်မှန်သောချစ်ခြင်း၊ စစ်မှန်သောမေတ္တာဟူသည်၊ မြင့်မြတ်သော သူတို့၏ နှလုံးသားတွင်သာရှိသည်"ဟု သူမှတ်သာမိဘူးသည်။

"မြင့်မြတ်ခြင်း"၊ "မြင့်မြတ်ခြင်း"၊ ဤ"မြင့်မြတ်ခြင်း"ဆိုသော စကားသည် "သူ"၏ စိတ်နှလုံးတွင် ပွဲတင်ထပ်သွားသည်။





"ကြီးကျယ်ခြင်း" နှင့် "မြင့်မြတ်ခြင်း" ဆိုသည့်စကားစုတို့သည် "မြင့်မားနေကြခြင်း"တူသော်လည်း "အနှစ်သာရခြင်း" များစွာကွာခြားနေသည်ကို "သူ"၏ သူငယ်ချင်းကျောင်းဆရာ တင်ဦးတထောက်ပြဆွေးနွေးသွားဘူးသည်။

"ကြီးကျယ်သော ဘဝ၊ ခမ်းနားထည်ဝါသော ဘဝများတွင် "အတ္တ"တည်းဟူသော အရောင်အသွေးတို့ပါရှိမြဲ၊ အထူးအပါးသာကွာမည်။ အတ္တ၊ မာန၊ ဒိဋ္ဌိ မကင်းကြ။ "မြင့်မြတ်ခြင်း"တွင်မူ လွတ်လွတ်စွန့်လွှတ်ခြင်းများနှင့် အနစ်နာခံပေးဆပ်မှုများ၊ ပါရမီထိုက်သော အသိအမြင် လုပ်ဆောင်ချက်များပါရှိသည်ဟု "သူ"က လူ့ဘောင်သမိုင်းတစ်လျှောက် ထင်ရှားသော၊ ဘာသာရေး၊ နိုင်ငံရေး စစ်ရေးခေါင်းဆောင် များအား ကိုးကား၍ ဆွေးနွေးရှင်းပြသွားခဲ့သည်။

"မြင့်မြတ်ခြင်း"နှင့် "မြင့်မြတ်သူ"သည်၊ "သူ"၏ဘဝ၌ ပြဋ္ဌာန်းနေပြန်လေပြီ။ "သူ"ကိုယ်တိုင်သည်လည်းကောင်း၊ လူတိုင်းလူတိုင်း၊ လောကသားတိုင်းနှင့် "သူ"၏ မျိုးဆက်များသည်လည်းကောင်း မိမိကိုယ်ကိုဖြစ်စေ၊ လောကကိုဖြစ်စေ၊ ချစ်တတ်စေချင်သော၊ အမှန်အကန်နည်းဖြင့် ချစ်တတ်သော စိတ်နှလုံးတို့ကို မေ့ပစ်မထားဖို့ "သူ"သတိပေးလိုနေသည်။ အကယ်စင်စစ် သူတို့အားလုံး၏ မြင့်မြတ်ခြင်းနှင့် မြင့်မြတ်သူတို့၏ စိတ်နှလုံးသည်၊ အတ္တ၊ မာန၊ ဒိဋ္ဌိတို့ကြောင့် ဖုံးကွယ်၊ ပျက်စီးသွေ့ခြောက်နေခြင်းကို "သူတို့" သတိမပြုနိုင်ဘဲ ရှိနေခဲ့ကြသည် မဟုတ်ပါလား။

× × × × ×

အ ပိုင်း (၃)

## နေအိုရောင် အတွေးများ

"သူ"သည်၊ ညစာကို အမေနှင့်အတူ စားသည်။ အမေနှင့်အတူ ထမင်းစားတိုင်း၊ မေမေပြောဆိုဆုံးမလေ့ရှိသော စကားများ၊ တရားများကို နားထောင်ခွင့်ရမြဲဖြစ်သည်။ "ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော၊ ဘာပဲတွေးတွေး အပ္ပမာဒတရားဖြင့် မမေ့မလျော့ နှလုံးသွင်းရန်" ပြောသည်။ "သတ္တလောကသည်လည်းကောင်း၊ လူနတ်ဗြဟ္မာဘုံဘဝများ အားလုံးသည်လည်းကောင်း ဒုက္ခချည့်သာဖြစ်ကြောင်း" သဓကများစွာဖြင့် ညွှန်ပြလေ့ရှိသည်။ အထူးသဖြင့် ၃၈ ဖြာမင်္ဂလာတရားတော်လာ "ဖုဋ္ဌဿလောက ဓမ္မေဟိ စိတ္တံယဿ နကမ္ပတိ အသောကံ ဝိရဇံ ခေမံ ဧတံမင်္ဂလမုတ္တမံ"ဟု အမြဲမပြတ်ရွတ်ဖတ်ရှင်းပြဆုံးမလေ့ရှိသည်။

အကယ်စင်စစ် အမေသည် ကျမ်းတတ်၊ ပေတတ်၊ စာတတ် ပုဂ္ဂိုလ်မဟုတ်ခဲ့။ အမေတို့ခေတ် အမေတို့ကာလဖြတ်သန်းချိန်သည် ၁၉၂၀ ပြည့်နှစ်ကျော်ကာလဝန်းကျင် တစ်ပိုက်တွင် မွေးဖွားခဲ့ပြီးနောက်၊ အမျိုးဘာသာ၊ သာသနာအရေး၊ အမျိုးသားအရေးစိတ်ဓါတ်များ၊ ဝံသာနုရက္ခိတတရားနှင့် နိုင်ငံရေးနိုးကြားမှုတို့ ခေတ်မီစတိုးတက်ဖွံ့ဖြိုး လာစအချိန်၌ ကြီးပြင်းလာသူများဖြစ်ကြ၏။ အညာကျေးလက်နေ သာမန်လယ်ယာလုပ်ကိုင်သော တောင်သူ မိသားစုမှ ပေါက်ဖွားလာသူ များပီပီ အတန်းစာကျောင်းစာ ကောင်းစွာမသင်ခဲ့ကြရ။ ရှိစေတော့၊





အမေသည် စာကိုကောင်းစွာ ရေးတတ် ဖတ်တတ်တော့ဖြစ်ခဲ့သည်။

လင်ယောက်ျား မရှိတော့သည့် အမေသည်၊ ဘဝလောကဓံ များစွာဖြင့် ဘဝကိုရင်ဆိုင်ဖြတ်သန်းရင်း၊ အဖေ့ကိုယ်စား၊ ကိုယ်ပွား အဖြစ်သာ မားမားမတ်မတ်ရပ်တည်ပေးခဲ့သည်။ အမေ့တွင်"အနုမာန သဘော" တွေးတောဆင်ခြင်တုံ တရားများထက် ကျော်၍၊ အကျင့်တရား၊ အလုပ်တရားများဖြင့် ဘဝအမြင်ရင့်ကျက်ခဲ့သည်ဟု "သူ"တွေးမြင်နေ မိသည်။

အမေနှင့် အမေတို့အကြောင်းကို "သူ"သိသလို ရေးချရဦး မည်ဟု "သူ"ဆုံးဖြတ်လိုက်သည်။

အမေသည်၊ အတွေးအာရုံတွင် နစ်နေသော "သူ"အား အကဲခတ်ရင်း ထမင်းစားရင်း စကားပြောနေသည်။ ခဏကြာလျှင်၊ "သူ"၏ဘကြီး ဦးဘခင်၊ ဦးလူတုတ်၊ ဝမ်းကွဲအစ်ကိုကြီး ဦးပြားကြီး၊ ဝမ်းကွဲအစ်ကိုလေး ဦးအောင်မောင်း၊ အမေ့၏ ညီအစ်မဝမ်းကွဲများ ဖြစ်ကြသည့် အမေခင်၊ အမေဝိုင်း၊ အမေစိန်အိ စသည်တို့ ရောက်လာကြမည်။ တကယ်တော့ အမေ့တို့ အမျိုးသည် များပြားလှ သည်။ အညာစကားဖြင့် ပြောရလျှင် "အမျိုးတောင့်သည်"ဟု ဆိုရ လိမ့်မည်။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည် ပဓါနမဟုတ်ကြ၊ အကျင့်သီလ စရဏ အမြင်တူကြသူ မျိုးရိုးစဉ်ဆက် အတူတကွကြီးပြင်းပေါက်ဖွား ဆင်းသက်လာသူများ၊ ကိုယ့်ရပ် ကိုယ့်ဒေသတွင် အခြေစိုက်နေထိုင် ကြခြင်းကို သူတို့ဂုဏ်ယူ တတ်ကြခြင်းဖြစ်သည်။

**ထောင်စုသစ်မှာတော့ ပေါက်တွဲထွက်လာသော၊ ဖောက်ထွက် သွားကြသော မျိုးဆက်၏စွမ်းအားသည် ရှင်သန်ခဲ့လေပြီ။ ထို့ကြောင့်လည်း သောကဗျာပါဒ၊ ပဋိဒေဝအပူများသည် သတ်မှတ်နယ်ပယ်အတွင်း သံယောဇဉ်များကြောင့် တဟုန်းဟုန်းတောက်လောင်နေရပြန်သည်။**

"အေးလေ--- စိတ်ထားတတ်ကြဖို့၊ နှလုံးသွင်းတတ်ကြဖို့" လိုလာချိန် ဤဝေဒနာများကို "သူ"တတ်နိုင်သမျှ ငြိမ်းချမ်းမှုပြုခဲ့ရန် လိုလာပြီ မဟုတ်ပါလား။

ကြည့်လေ--

ဘကြီးဦးလူတုတ်၏ သား၊ သမီး၊ "သူ"နှင့် သက်၊ ဥရွယ်တူတို့

မမွှဦးချ တောင်ယာလုပ်ကိုင် ကြီးပြင်းရှင်သန်ခဲ့သည်။ တစ်ဒိုး တစ်အိမ်စီဖြင့် ခိုင်ခံ့စွာဘဝကို အောင်မြင်စွာ ဖြတ်သန်းနေချိန် ဘကြီးဦးလူတုတ်၏ မြေးကြီး ကျော်စွာဝင်းသည် နယ်စပ်မြို့ကြီး တစ်မြို့တွင် နယ်စပ်သူတစ်ဦးနှင့် အိမ်ထောင်ကြလျက် ထိုဒေသတွင်ပင် ၅ နှစ်ခန့်အကြာ၌ မျိုးတုံးရောဂါတစ်ခုဖြင့် နှစ်ဦးစလုံး ဆုံးပါးခဲ့သည်။ ကလေးနှစ်ဦး ကျန်ရစ်သည်။ ယခုအခါ အဘိုးအဘွားများထံ ရောက်နေကြသည်။ ကြားဘူးနားဝဖြင့် ဤ"HIV / AIDS "ရောဂါသည် မျိုးဆက်ဖြစ်သည့် မြေး၊ မြစ်နှစ်ဦးအတွက် မည်သို့အကျိုးသက်ရောက် လာဦးမည်ကို ကြောင့်ကျနေကြသည်။

ဘကြီး ဦးလူတုတ်တွင် မြေးမလေး နှစ်ဦးရှိသည် တစ်ဦးက ရွာတွင် ကျောင်းဆရာမလုပ်သည်။ ယခုနှစ်ထိုရွာက ကျောင်းဆရာ လေးဖြင့် လက်ထပ်မည်။ ကျန်တစ်ဦးသည် ရန်ကုန်ရှိ ဆေးကုမ္ပဏီကြီး တစ်ခုတွင် အရောင်းမြှင့်တင်ရေးမန်နေဂျာ ဖြစ်နေလေပြီ။ ဤကလေးမကို "သူ"လည်းကောင်းစွာသိသည်။

အစ်ကိုကြီး ဦးပြားကြီးတွင် သားနှစ်ယောက်ရှိသည်။ အစိုးရဝန်ထမ်းများဖြစ်နေကြပြီ။ အကြီးကောင်က မိဘကို ပြန်မကြည့်၊ "ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟုပင် သူမထင်တော့"၊ အငယ်ကောင် ကတော့ အခါအခွင့်သင့်တိုင်း မိဘဆွေမျိုးများထံ ခွင့်ဖြင့်ရောက်လာမြဲ၊ လစဉ်လည်း သူ၏ မိဘနှင့်အဖိုးအား လစာမှစု၍ ကန်တော့သေးသည် ဟုဆိုသည်။

× × × × ×





အ ပိုင်း (၄)

## သမုတိနယ်မြေမှာ ဝေဒနာများစွာ

အစ်ကိုလေး ဦးအောင်မောင်းတွင် သားတစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားခဲ့သည်။ သားကြီးက တောင်ယာလုပ်သည်၊ အိမ်ထောင်ကျနေပြီ၊ သို့သော် "သောက်သောက်စားစား လူ့မင်းသား" ဆိုကာ နေ့တိုင်းမူးသည်ဟုဆိုသည်။ "စိတ်ညစ်စရာတွေ များနေလို့လားဟု "သူ"တွေးလိုက်မိသေးသည်။ ပျော်ပျော်နေပြီး ရန်မလိုတတ်ဟု ပြောသဖြင့် တော်သေးသည်။ သမီးတစ်ယောက်က သူနာပြုသင်တန်း တက်ပြီး၍ ယခုမြို့နယ်ဆေးရုံ၌ပင် တာဝန်ကျသည်။ မိဘနှင့်အတူ နေဆဲဖြစ်သည်။

သို့သော်ကျန်သမီးအငယ်ဆုံးသည် ဘာသာကွဲ ယောကျ်ား၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပြေးသဖြင့် အစ်ကိုလေး ဦးအောင်မောင်းမှာ ရှက်လွန်းပြီး ခေါင်းမဖော်နိုင်၊ သားအကြီးကောင်နှင့် အပြိုင်ပင် မူးနေခဲ့သေးသည်ဟုဆိုသည်။ ယခုတော့ ဦးအောင်မောင်းသည် အရှိန်သတ်ပြီး၊ လက်တွေ့ကျကျစဉ်းစားစီမံနေပြီဟု ဆိုသည်။ ဦးအောင်မောင်းသည် အငြိမ်းစား စစ်သားကြီး၊ စစ်မှုထမ်းဟောင်း ဖြစ်သည်။ သူ၏အစီအမံမှာ သူ၏သမီးအငယ်ဆုံးအား ထိုဘာသာခြား နှင့် မဖြစ်မနေခွဲရန်ဖြစ်သည်။ ဤကိစ္စအတွက်"သူ"အား အကြံပြု အားပေးရတော့မည်။

အဖွား ဒေါ်စိန်အိ။ သူကတော့ရှင်းသည်၊ သားထောက်၊ သမီးခံ မရှိ၊ အပူအပင်အကြောင့်အကျမရှိဟု ထင်ရသည်။ ငယ်ငယ်ကတော့

ဆိုင်းသံဗုံသံကြားရင် မနေနိုင်၊ ဇာတ်အငြိမ့်ပွဲ၊ သူတို့ခေတ်က အသံတိတ်ရုပ်ရှင်(စာတမ်းထိုး) မလွတ်တမ်း ပြေးကြည့်သည်၊ မိဘက ခွင့်မပြုလျှင် ခိုးကြည့်သည်၊ ဝါသနာကိုး။ ယခုအချိန် အထိလည်း၊ ကျော်ဟိန်း၊ ညွန့်ဝင်း၊ ဇော်ဝမ်း၊ နွဲ့နွဲ့မူ၊ ဝါဝါဝင်းရွှေ ခင်သန်းနုတို့ဆိုလျှင် ကြည့်ချင်သေးဟုဆိုသည်။ ဝါတွင်းတော့ ဘုန်းကြီး ကျောင်းသွားသည်၊ သီလယူသည်။ အမေ့အဆိုအရ မိရိုးဖလာ ဗုဒ္ဓ ဘာသာအဆင့်တွင်တော့ ရာနှုန်းပြည့်ရှိနေသော *အမေစိန်အိဖြစ်သည်။ ငယ်ဖြူအပျိုကြီးကိုးဟု* "သူ" ကောက်ချက်ချလိုက်သည်။

အမေဝိုင်း။ သူမဘဝတွင် လွမ်းမောဖွယ်အကောင်းဆုံး ဖြတ်သန်းခဲ့ရသော အခေါ်ဖြစ်သည်။ သားနှစ်ဦး၊ သမီးသုံးဦးရှိသည်။ လင်သားဖြစ်သူ တောင်သူကြီးသည် လွန်ခဲ့သော အနှစ်သုံးဆယ်က ပိုးထိ၍ ဆုံးပါးသွားခဲ့သည်။ သားသမီးငါးဦးအနက်၊ သားနှစ်ဦးသည် နိုင်ငံတာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားကြသော စစ်သားကြီး များဖြစ်သည်။ တစ်ဦးက ခြူးရွှေပန်ကောက်အရေးအခင်း၊ ကျန်တစ်ဦးက မိုင်းယောင်းမဲသဝေါ။ "သူ"ကိုယ်တိုင်က သူတို့နှင့်အတူ တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေခဲ့ရဘူးသည်။ အမေဝိုင်း၏ မောင်ငယ်သည်လည်း "ဘဘစစ်ဆင်ရေး"တွင် နိုင်ငံတော်နှင့် အမျိုးဘာသာ သာသနာအတွက် အသက်ပေးလှူသွားခဲ့သူ။ ၁၉၅၃ ခု ဝန်းကျင်ဟု "သူ"ထင်မိသည်။ မျိုးဆက်မျိုးနွယ်စုတို့၏ သဘာဝတွင် ဤသို့သော အကျိုးပေးကံ တို့သည်လည်း အမှတ်မထင်ရှိတတ်သည်ကို "သူ"သတိပြုလိုက်မိသည်။

ယခုတော့ အမေဝိုင်းတွင် သမီးသုံးဦးနှင့် မျိုးဆက်မြေးလေးများ ကျန်ရစ်သည်။ သူမနှင့် သမီးသုံးဦး၏ အိမ်ထောင်သည် ဘဝနှင့် မြေးလေးတို့အကြောင်းကို "သူ"နားထောင်ရဦးမည်။ အကောင်းအဆိုး တွေကို ဘဝအမြင်၊ လောကအမြင်ဖြင့် အမေဝိုင်းနှင့် စကားဖောင်ဖွဲ့ ရဦးမည်။ အမေဝိုင်းသည် စကားပြောကောင်းသော အခေါ်ဖြစ်သည်။ "ဘဝ"ကို ထောင်လိုက်ကျကျ ပြားလိုက်ကျကျ ကျေနပ်တတ်သူဖြစ်သည်။ သို့သော် သမုတိနယ်ပယ်၌ လောကကို ချစ်တတ်၊ ခင်တတ်၊ မြတ်နိုး တတ်ပြီး ကြင်နာတတ်သော စိတ်နှလုံးဖြင့် ခွင့်လွှတ်နေတတ်သော အခေါ် မဟုတ်ပါလား။





ဘကြီး ဦးဘခင်။ အပူအပင်အကြောင့်အကျ အရာအားလုံးကို လွှတ်ချ၍ ယခုဝါတွင်းမှာပင် ရွှေဥမင်၌ ဒုလ္လဘရဟန်း ဝတ်နေသော ဘကြီး။ ဝါတွင်းသုံးလသာမက ယခု "သူ"ရောက်နေသည့် ဆောင်းဦး ကာလအထိတော့ ရဟန်းဘောင်က မထွက်သေး၊ ကျန်ရှိသော ဘဝဖြတ်သန်းချိန်အတွက် ရာသက်ပန်ဝတ်ရန် ဆန္ဒရှိနေကြောင်း သိရသည်။ ဦးပဥ္စင်းကြီးလည်း ကြွလာဦးမည်။ "သူ"နှင့် တရား ဆွေးနွေးရဦးမည်။

ဤသို့"သူ"တွေးမိစဉ် ဒါဟာအခွင့်ကောင်းပဲ၊ အတော်ပဲ၊ ဦးပဥ္စင်းကြီးနဲ့ တရားဆွေးနွေးရင်း ကျန်ရှိသော ဘကြီးဦးမင်းသားချင်း အခေါ်များကို တရားနှလုံးသွင်းရင်း ငြိမ်းချမ်းစေမည်ဟု။

"အိုပြီဆိုမှတော့ ဘာမှမကောင်းတော့ပါဘူး၊ လူလေးရယ်" ဆိုသည့်စကားကို အမေဝိုင်းထံက အမြဲကြားရတတ်သည်။ ဤစကားသည် အမေဝိုင်း၏လက်သုံးစကားဖြစ်သည်။ အလားတူသက်ကြီးရွယ်အို အတော်များများ ပြောဆိုလေ့ရှိသည်။ သူတို့အလုပ် တစ်ခုလုပ်ရန် မစွမ်းနိုင်ဟု ခံစားကြရသောအခါ ညည်းညူတတ်သော၊ သံဝေဂ ယူတတ်သော သဘောဖြစ်နေလေပြီ၊ ဤသို့သော ပုဂ္ဂိုလ် ဦးမင်းသားချင်း အခေါ်အဖိုးတို့ကို "သူ"တွေ့ရဦးမည်။ "သူ"၏ စိတ်နှလုံးသည် ထိုထိုသော သောက၊ ဒုက္ခတို့ကို ရင်ဆိုင်ဖြတ်သန်း နေကြရသော ခံစားရမှုများကို ကြိုဆိုမည်၊ မျှဝေခံစားလိုက်ချင်သည်၊ ပြီးတော့ရဲရဲရင့်ရင့်၊ သွက်သွက် လက်လက်ကြီး ရင်ဆိုင်ဖြတ်သန်းနိုင်ဖို့ ခွန်အားတွေပေးလိုက်ချင်နေသည်။

"သူ"သည် နေအိုရောင်အတွေးများ၏ အလှကို ကြည်နူးစွာ ထွေးပိုက်လိုသည်။ သက်ကြီးရွယ်အိုတိုင်း၏ အတွေးတို့၌ ကြေကွဲ ဝမ်းနည်းဖွယ်ရာတို့ရှိသည်။ ထို့အတူ နက်နဲကျယ်ပြန့်သော အမြင်နှင့် တန်ဖိုးကြီးလှသော လောအမြင် ရှင်သန်မှုအရောင်များဖြန့်ကြက် နေတတ်သည်၊ ဘဝတစ်ခု၏တန်ဖိုးသည်လည်းကောင်း၊ ဖြတ်သန်းချိန် တန်ဖိုးတို့သည်လည်းကောင်းမတူကြ။

"သူ"သည် အမေနှင့်အတူ ထမင်းစားရင်း အမေပြောပြသော ဘကြီး ဘလေး၊ ဒေါ်ကြီး ဒေါ်လေး၊ ဦးမင်းသားချင်း လူကြီး များ၏ ဘဝစုံမှ သတင်းစုံကို နားထောင်လျက် "နေအိုရောင်"တို့၏ ဝန်းခိုကား

ချပ်ကြီးကို မြင်နေရသလိုရှိနေသည်။ ထမင်းစားပြီး ချိန်တွင် ဤပန်းချီကားချပ်ကြီးသည် သပ်ယပ်ခန့်ညားစွာဖြင့် "သူ"၏ နှလုံးသားရင်ပြင်တွင် ပုံပေါ်သွားလေပြီ။

"သူ"သည် ဤပန်းချီကားချပ်ကြီးကို ဘောင်ကွပ်၍ ခန့်ညားထည်ဝါအောင်၊ တန်ဖိုးပေါ်လွင်အောင်၊ ဆောင်ရွက်ရန် တွေးနေမိသည်။

"သူ"သည် တောင်စဉ်ရေမရတွေးတောနေမိသည်။ ဗုဒ္ဓအဆုံးအမတရားတော်များကို လက်လှမ်းမီသမျှ အနုလုံပဋိလုံဆင်ခြင်နေမိသည်။ ဤတွင် "သူ" ခံစားမြင်တွေ့နေရသော ဤ"နေအိုရောင်ပန်းချီကားကြီး" အားငြိမ်းချမ်းသောဗုဒ္ဓဓမ္မတရားတို့ဖြင့် ဘောင်ကွပ်တန်ဆာဆင်ရန်ရုတ်ခြည်းဆုံးဖြတ်နိုင်ခဲ့သည်။

**"သတ္တဝါတိုင်းသည်သံသရာတစ်လျှောက် ဘဝတိုင်းဘဝတိုင်း၌ ခန္ဓာအိမ်တစ်လုံးချင်းကို လက်ခံလျက်ခရီးဆက်ခဲ့ကြရသည်။ ကမ္မသတ္တိဖြင့်မူ ခန္ဓာအိမ်အမျိုးမျိုးကိုဆောက်၍ ကမ္မသတ္တိအသစ်တို့ဖြင့် ခန္ဓာအိမ်အမျိုးမျိုးရယူရင်း သံသရာလည်နေကြခြင်းသာ"ဟု "သူ" နားလည်ခဲ့သည်။**

"သူ" ၏အတွေးတွင် ကနဦးစတင်ဝင်ရောက်လာသည်က "အဝိဇ္ဇာ၊ တဏှာ" တည်းဟူသောအကြောင်းတရားဖြင့်ဆက်စပ်ဖြစ်တည်လာသော "ပဋိစ္စသမုပ္ပါဒ်တရား၊ သံသရာလည်ခြင်းနှင့် သံသရာလွတ်မြောက်ကြောင်းတရား" ဖြစ်သည်။

သစ္စာလေးပါးတရားသည် ပကတိအရှိတရား။ ဤတရားတို့ကို နှလုံးသွင်းရင်း "သူ"နှင့်တွေ့သောဓမ္မမိတ်ဆွေသံသရာခရီးသည်အချို့သည်ပင် "အနုမာန" တည်းဟူသော "ကြောင်းကျိုးဆက်နွယ်ဖြစ်တည်မှု" ၌တွေးခေါ်မျှော်မြင်ရင်း ကျေနပ်သလိုရှိနေကြဆဲ။ သစ္စိကရိယဉာဏ်သို့မျက်မှောက်ပြုရန် အားယူဆဲဖြစ်နေသည်ကို "သူ"သတိပြုလိုက်မိသည်။

မည်သို့ရှိစေ၊ "သူ" ၏သံသရာခရီးသည်များထဲက သမုဒယဖြင့် "သူ"တွယ်တာချစ်ခင်၍ မြတ်နိုးတန်ဖိုးထားသော "သူ"၏ ဘဝမိတ်ဆွေ "နေအိုရောင်" တို့ကိုအလှဆင်ငြိမ်းချမ်းစေရဦးမည် မဟုတ်ပါလား။

× × × × ×





အပိုင်း (၇)

ဝရမတ္တနယ်မှ သမုတိအမြင်များ-က

"နေအိုရောင်အတွေးများ"နှင့် အမြဲဆက်စပ်ခံစားတတ်မှုများသည် "သူ"၏ နှလုံးသားတွင် အမြစ်တွယ် ခိုအောင်းနေခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။ သက်ကြီးရွယ်အိုတို့၏ အတွေးများ၊ အမြင်များ၊ ဝေဒနာများကို အလေးထား မျှဝေခံစားလိုက်ရတိုင်းလည်း "သူ"ကျေနပ်အားရမြဲဖြစ်သည်။

"သူ"၏ဘဝ ဖြတ်သန်းချိန်အရွယ်အလိုက်တွင် ခံစားမှုအမျိုးမျိုးကို ရခဲ့သည်။

လူမှန်းသိတတ်စအရွယ်ကမူ အဘိုးအဘွား၊ လူကြီးများထံမှ လောကဓမ္မပုံပြင်များစွာကို ကြားခဲ့သိခဲ့ မှတ်သားခဲ့ရဘူးသည်။ သူတို့ကို ပြုစုဖေးမကူညီရင်း နေအိုရောင်အတွေးတို့၏ ကြီးမားသောစေတနာဆန္ဒနှင့် ဆုတောင်းများစွာကို ရရှိနားလည်ခဲ့ရဘူးသည်။ ဤကဲ့သို့

ကြင်နာယုယစွာဖြင့် ပေးသောဆုများ နာကြားရတိုင်း ဘဝလုံခြုံမှု အရသာကို ရရှိမြဲ၊ ငယ်ရွယ်စဉ် ကလေးဘဝမျိုးတွင် အပူအပင် အကြောင့်အကျမဲ့စွာဖြင့်၊ မြက်ခင်းစိမ်းစိမ်းကွင်းပြင်ကြီးပေါ်တွင် ပြေးတမ်းလိုက်တမ်း ကစားနေရသလို လွတ်လပ်ပျော်ရွှင်မိသည်။

သူတို့အတွေးများတွင်၊ လောက၏ ဖွံ့ဖြိုးရှင်သန်မှု၊ လူ၊ နတ်ဗြဟ္မာ၊ သတ္တဝါများ၏ချမ်းမြေ့မှု၊ အမျိုးဘာသာသာသနာထွန်းကားမှုနှင့် ဆွေမျိုးသားချင်းများအတွက် ကောင်းစေလိုမှု စေတနာ အလင်းတန်းများကို "ဝင်းကနဲ၊ ထင်းကနဲ" မြင်ရမြဲ တွေ့ရမြဲဖြစ်သည်။ နေအိုရောင် အတွေးတိုင်းတွင် ဤစိတ်စေတနာ၊ စေတသိတ်တို့ မကင်းကြပါလား ဟူ၍ "သူ"ပြန်လည် တွေးတောမိသည်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်း၏ လူကြီးသူမတိုင်းတွင် မိမိတို့ကိုးကွယ်ရာ အယူဝါဒ များအလိုက်၊ စေတနာ၊ မေတ္တာတို့သည် "ဤနေအိုရောင်အတွေး"တို့၌ ကိန်းအောင်းနေကြမြဲ၊ ဖိတ်စင်ယိုစီးနေမြဲရှိမည်။

"သူ"အရွယ်ရောက်စ ဖြတ်သန်းချိန်တွင်မှ "နေအိုရောင်တို့၏ အတွေးများ"တန်ဖိုးကို၊ လေးစားကြည်ညိုလာမိသည်။ တန်ဖိုးထားမြတ်နိုးဖက်တွယ်၍ အတုယူမိသည်။ ငါရောင်ငါ့ရဲ့ဘဝ နေအိုချိန်မှာ "သူ"တို့လို စိတ်နှလုံးနဲ့ ငါ့ဘဝကို ဖြတ်သန်း တည်ဆောက်ပြီး၊ တာဝန်ကျေပြီး ဖြစ်နိုင်ပါ့မလားဟု စိုးရိမ်တတ်လာသည်။ ထို့ကြောင့်လည်း "သူ"၏ ကျန်ရှိနေသမျှသော ဘဝ၏ "ဖြတ်သန်းချိန် တန်ဖိုး"ကို မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**"သူ"သည် ပုထုဇဉ်လူသားတို့ အာသာငမ်းငမ်း ဖမ်းဆုပ်နေသော ရာထူး၊ အာဏာ၊ စည်းစိမ်နှင့် အလုအယက် အပြိုင်အဆိုင် ကိုယ်ကျိုးပြုမှုတို့အား အထူးသဖြင့် ရှင်သန်မှု ပဓါနအမြင်ကို "သူ" နှံ့ရှာစွာရှောင်ရှား၍ စွန့်ပစ်ခဲ့နိုင်ခဲ့ပြီးပြီ၊ ထိုစဉ်က "သူ"၏ ပီတိဖြင့် ရဲရင့်တည်ကြည်သော အပြုံးကို "သူ"ပြန်ခံစားလိုက်မိသည်။**

ခေတ်တွေပြောင်းခဲ့ပြီ၊ စနစ်တွေပြောင်းခဲ့ပြီ၊ ယခုတော့ တွေ့နေ့၊ နာရီအလီလီ၊ ရာသီအလီလီကို ဖြတ်သန်းခဲ့သော ဤစကြဝဠာ၊ ဤကမ္ဘာ၊ ဤလူ့ဘောင်လောက၏ ဘဝဇာတ်ခုံတွင် မျက်မှောက်





ကာလဖြတ်သန်းချိန်၌ ကပြနေကြသော "လူသား"တို့၏ အတွင်း၌ ဖြစ်တည်နေသော၊ "နေအိုရောင်တို့၏ အတွေးများ၊ ဝေဒနာများ၊ အရှိတရားများ"ကို "သူ"တွေးနေခံစားနေမိပြန်သည်။

"သူ"ထဲထဲဝင်ဝင်၊ ရင်းရင်းနှီးနှီးရှိခဲ့သော "ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ထိုင်းစသည်စသည် အရှေ့ဖျားနိုင်ငံများစွာ၏ လောကအမြင်များ၊ အာရှ၊ အရှေ့အလယ်ပိုင်း ဒေသ၊ ဥရောပ(အရှေ့အနောက်)၊ အာဖရိကနိုင်ငံများစွာ၌ ရှိနေကြသော အသက်အရွယ်ကြီးရင့်လာသူများ၊ သက်ကြီးရွယ်အိုများသည် သူတို့၏ ဘဝနေဝင်ချိန်များကို ပသို့ဖြတ်သန်းနေကြလေသနည်း။ သူတို့၏ အမိအဖ၊ ဦးမင်းသားချင်း၊ များစွာသော ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာများ၏ ဘဝနေဝင်ချိန်များကို ပသို့လျှောက်လှမ်း ဖြတ်သန်းနေကြလေသနည်း တွေးတောဆင်ခြင်ပူပန်နေမိသည်။

ဤတွင် "သူ"၏အတွေး၌ ဘဝနေနည်း (Life Style) သည် တရိပ်ရိပ်ပေါ်လာပြန်သည်။ သူတို့၏ ဘာသာအယူအဆများ၊ ဓလေ့ထုံးတမ်းများနှင့် သူ၊ သူ့ပါရမီနှင့် သူ၊ သူဘဝအကျိုးပေးများနှင့် သူ၊ ဓလောကီအကျိုးစီးပွားအာရုံတွင် ပြည့်စုံစွာဖြတ်သန်းသွား နိုင်ကြသူတွေ၊ လောကုတ္တရာအကျိုးအာရုံတွင် ပြည့်စုံစွာ နှလုံးသွင်းဖြတ်သန်းသွားနိုင်ကြသူတွေ၊ လောကီ၊ လောကုတ္တရာမျှတစွာ ခံယူသွားနိုင်ကြသူတွေ၊ ခါးသီးသော ဘဝမှန်တိုင်းနှင့် ဒုက္ခဆင်းရဲကို ခါးစည်းခံရင်း ဖြတ်သန်းနေကြရသူတွေ၊ ဤဒဏ်ကို မခံနိုင်လွန်း၍ နည်းမျိုးစုံဖြင့် တစ်ဘဝကို နိဂုံးချုပ် ပစ်သူတွေ ရှိနေကြသည်ကို ကြားမြင်ကြုံတွေ့နေရသည်။

**"မည်သည့်ဘာသာ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှု အစဉ်အလာကောင်းများအတွင်း၌ ရှင်သန်နေကြသည်ဖြစ်စေ၊ ထိုထိုသော သက်ကြီးရွယ်အိုတို့၏ ဘဝအာမခံချက်ရှိခြင်း မရှိခြင်းသည်၊ ထိုသူတို့ ရှင်သန်ခဲ့ရာ လူ့ဘောင်အဖွဲ့အစည်း၌ တာဝန်ရှိသည်"ဆိုသည် ကတော့ အမှန်ပင်။ တာဝန်ရှိသည်ဆိုသည်ထက်၊ တာဝန်ယူနိုင်ကြမှသာ ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်းရှိ ထိုလူသားတစ်ဦး၏ အခွင့်အရေးပြည့်ဝ၍ လူဖြစ်ရ ကျိုးနပ်ပေလိမ့်မည်။**

"သူ"ထဲထဲဝင်ဝင်သိကျွမ်းမြင်တွေ့ခဲ့ရသော၊ မြင်တွေ့နေရသော နိုင်ငံများရှိ သက်ကြီးရွယ်အိုများ၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားဆိုသူများ၏ ဘဝများ၊ နိုင်ငံသားတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ် နေရေးများ၊ ဘဝနေဝင်ချိန် ရပ်တည်မှုအတွက် အာမခံချက်များ၊ စသည် စသည်။

စိတ်ချရမှုတွေ၊ သောကတွေ၊ ဝေဒနာတွေ၊ အများစုအတွက် အစီအမံတွေ၊ အဆိုးအကောင်းများစွာတို့ကို တွေးမိသည်။"ကံ"ကိုပုံချထားလိုက်ရကောင်းမလားဟု "သူ"ထွက်ပေါက်ရှာ မိသေးသည်။ "သူ"၏ နှလုံးစိတ်ဝမ်းသည် မငြိမ်းချမ်းတော့။

"သူ"သည် "သူ"၏ ထံသို့ ရောက်လာကြမည့် "သူ"၏ ဦးမင်းသားချင်း သက်ကြီးရွယ်အိုများကို မျှော်စောင့်ရင်း တောင်စင်ရေမရတွေးနေမိခြင်းဖြစ်သည်။ တကယ်တော့ "ကံ"ဆိုသည်မှာ အလုပ်။ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးဖြင့် ပြဋ္ဌာန်းမှု၊ လုပ်ဆောင်မှုအားလုံးသာ "ကံ"ဖြစ်သည်။ ဒီတော့ "ကောင်းဖို့ တိုးတက်ဖို့"၊ "နေအိုရောင်အတွေးများ ချမ်းမြေ့ဖို့သည် "သူ"နှင့် "သူတို့"မျိုးဆက်၏ တာဝန်၊ "သူ"နှင့် "သူတို့"မျိုးဆက်၏ "အလုပ်"ပေါ်မှာ အခြေခံရပ်တည်နေပါလားဟု တွေးလိုက်သတိပြုမိလိုက်ချိန်တွင် မြန်မာတို့၏ လောကအမြင်တစ်ရပ်သည် ရင်ထဲသို့စိမ့်ဝင်စီးဆင်းသွားသည်။ "ကြွေးဟောင်းလည်း ဆပ်ရမည်၊ ကြွေးသစ်လည်းချရမည်"ဟု လူကြီးသူမ ပြောစကားရှိသည်၊ မြန်မာပညာရှိတို့ ဆိုဆုံးမသြဝါဒများရှိသည် မဟုတ်ပါလား။ ဤတာဝန်ကို မေ့မထားဖို့ မျိုးဆက်တို့ကိုပြောရဦးမည်။

"သူ"၏အတွေးများသည် သမုတိနယ်ပယ်၌၊ သမုဒယများစွာဖြင့် နှစ်မြှုပ်နေတတ်သူ ပီသစွာပင်ရှိနေသည်။ "သူ"ကိုယ်တိုင်၏ အငြိမ်းစားအရာရှိကြီးတစ်ဦးဘဝ၊ "သူ"၏နေအိုချိန်ကို မှန်းဆရင်း၊ "ထိတ်"သွားမိသည်။ "အို ... သားသမီးတွေက တာဝန်မယူလည်း၊ နိုပ်သာတို့၊ ဘုန်းကြီးကျောင်းတို့၊ လူအိုရုံတို့ရှိသား"ဟု အားတင်းလျက် "သူ"တစ်ချက်ပြုံးလိုက်မိသေးသည်။

တကယ်တော့ ဤအပြုံးသည် ရေရာမှုသချာသော အပြုံး မဟုတ်။





အကယ်စင်စစ်တွင် အနန္တသတ္တဝါ၊ လူနတ်ဗြဟ္မာတို့သည် သံသရာရှည်သရွေ့၊ သံသရာ၌တည်နေသရွေ့ အသစ်အသစ်ဖြစ်သော ခန္ဓာတို့ဖြင့် အဝိဇ္ဇာ၊ တဏှာ၏ လှည့်စားမှုတွင် နစ်မြောနေခြင်းဖြစ်သည်ကို "သူ"သတိပြု ဆင်ခြင်မိနေသည်။ ဤသို့လျှင် "ကြွေးဟောင်းဆပ်လိုက်၊ ကြွေးသစ်ချလိုက်"ဖြင့် သမုဒယ၊ အနုသယတို့ဖြင့် "သူ"ကိုယ်တိုင်သည်လည်းကောင်း၊ "သူ"၏ ဆွေမျိုးသားချင်းများ၊ ဘဝမိတ်ဆွေ၊ ဓမ္မမိတ်ဆွေများသည်လည်းကောင်း၊ လောကသားများသည်လည်းကောင်း ကျေနပ်နေကြခြင်းမဟုတ်ပါလားဟု ပြန်လည်ဆန်းစစ်မိပြန်သည်။ သူတို့အားလုံးသည် သမုတိနယ်ပယ်၌ ပရမတ္ထတရားကိုသိပါလျက် မပိုင်ဆိုင်နိုင်ကြသူ များဖြစ်နေကြခြင်းဖြစ်သည်ကတော့ မြင်သာနေလေပြီ။

× × × × ×

အ ပိုင်း (၆)

## ပရမတ္ထနယ်မှ သမုတိအမြင်များ-ခ

ထိုညက သက်ကြီးပူဇော်ပွဲလေးသည်၊ "ဓမ္မပူဇာ"၊ ဓမ္မပူဇော်ပွဲလေးဖြစ်သွားသည်။ အမြင့်မြတ်ဆုံးပူဇော်ပွဲဟု "သူ"ထင်သည်။ မှန်သည်၊ "ကာလေနဓမ္မသာ ကစ္ဆာ၊ ဧတံမင်္ဂလမုတ္တမံ" သင့်လျော်သောအခါတရားဆွေးနွေးခြင်းသည် မြတ်မင်္ဂလာ မဟုတ်ပါလား။

"သူ"သည် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း၊ ဘကြီး၊ ဘထွေး၊ အဒေါ်၊ အစ်ကိုကြီးများကို အညာဒေသတိုင်းရင်းဖြစ် လုံချည်၊ ထဘီ၊ ပိတ်စ၊ သစ်သီးဝလံတို့ဖြင့်၊ လက်အုပ်ချီမိုး ရိုကျိုးတုတ်ကွစွာဖြင့် ကန်တော့သည်။ ဦးပဥ္ဇင်းကြီးအား ဆေးဝါးပစ္စည်းလေးပါးဖြင့် ပူဇော်သည်။တစ်ဦးချင်းတို့က "ဆု"တစ်မျိုးစီပေးကြချီးမြှင့်ကြသည်။

ဤတစ်မျိုးစီပေးသော ဆုများအားလုံးသည်ပင် ကိုယ်၊ စိတ်နှလုံးငြိမ်းချမ်းမှု၊ ဘဝလုံခြုံမှုအတွက်နှင့် နိဗ္ဗာန် မျက်မှောက်ပြုနိုင်ရန်တည်းဟူသော ဦးတည်ချက်တစ်ခုတည်းသို့ ပြဋ္ဌာန်းလျက်ရှိသည်။ ဤသည်မှာ ထူးခြားချက်ဖြစ်သည်။

အာလာပသလ္လာပစကားကိုအစ်ကိုကြီးကို အောင်မောင်းကစ၍ပြောသည်၊ "သူ"ကအပူသယ်ဖြစ်နေရှာသည် မဟုတ်ပါလား။ တစ်ဦးချင်း၏ အခက်အခဲတွေ၊ ပြဿနာတွေ၊ အဆင်ပြေမှု





အဆင်မပြေမှုတွေ၊ ဝမ်းသာစရာ ဝမ်းနည်းစရာတွေ ပြောကြရင်း "သူ"ကမူ "အပ္ပမာဒ"တရားဖြင့် ကျန်ရှိသောဘဝ၏ ဖြတ်သန်းချိန်အတွက် ငြိမ်းချမ်းမှုရစေဖို့ပြောပြခဲ့သည်။

"သူ"လျှောက်ထား ဆွေးနွေးသော ဤအပ္ပမာဒတရားနှင့်ဆက်၍ဦးပဥ္ဇင်းကြီးက "ပုထုဇဉ်လူသားသည် မိမိကိုယ်ကို အချစ်ဆုံးဖြစ်ကြောင်း၊ တဏှာ၏လှည့်စားမှုဖြင့် မိမိ၏စိတ်၌ အတ္တနှင့် မာနသည် အနုသယအဆင့်ဖြင့် ထာဝစဉ်ကိန်းဝပ်လျက်ရှိကြောင်း၊ မိမိတည်းဟူသော "ငါ"ဟူ၍ အာရုံထင်လေတိုင်း မစင်ကြယ်မှုနှင့်အတူ အတ္တနှင့်မာနကြောင့် မကြည်မလင်အမြဲဖြစ်ရကြောင်း၊ ထိုကြောင့်လည်း မိမိကိုယ်မိမိအပြစ်ရှိလျက်လည်း အပြစ်မမြင်တတ်ကြ၊ မြင်ရပြန်လျှင်လည်း ပေါ့မြင်ကြလျှော့မြင်ကြရှိတတ်ကြောင်း၊ မှားပါလျက်လည်းမှားသည် မထင် မှန်သည်မြင်တတ်ကြောင်း၊ ကမောက်ကမ ပုံပျက်ပန်းပျက် အမြင်ရှင်သန်နေကြောင်း၊ ဤသို့လျှင်အရာရာ၌ "ငါမှန်တယ်၊ ငါကောင်းတယ်၊ ငါတရားတယ်၊ ငါသူတော်ကောင်း"ဟူ၍သာ မြင်ခြင်းဖြစ်ကြောင်း၊

"ဤသို့ဖြစ်ရခြင်းမှာလည်း မိမိနှင့် စပ်လျဉ်းသမျှ မိမိစိတ်၌ သိပ်သည်းကျစ်လျစ်စွာ ကိန်းဝပ်နေသော အတ္တနှင့် မာနဖြင့် မစင်မကြယ်မှုများကြောင့်ဖြစ်ကြောင်း၊ မိမိတို့ ပုထုဇဉ်တိုင်းသည် အချိန်တိုင်း၌ ပြုနေသည့် "ကံ"သုံးပါး၏ ပြဋ္ဌာန်းမှု၏ ကျေးကျွန်များသာဖြစ်ကြောင်း၊ ကံသုံးပါးတွင် ကုသိုလ်ကံဖြစ်ကောင်း ဖြစ်မည်၊ အကုသိုလ်ကံဖြစ်ကောင်း ဖြစ်မည်၊ ကျောင်းကျိုးဆိုးကျိုးသည် ဤပြုသော "ကံ"၏ ကမ္မသတ္တိအကျိုးသာရှိကြောင်း၊"

"ကုသိုလ်၊ အကုသိုလ်ဆိုသည်ကလည်း စေတသိတ်၏ အမည် ပညတ်သာဖြစ်ကြောင်း၊ မူလစိတ်သည် ကောင်း၏ မကောင်း၏ သဘောမရှိကြောင်း၊ စေတသိတ်၌သာရှိကြောင်း၊ သို့သော်လည်း ဤစေတသိတ်သည်ပင်လျှင် စိတ်ကိုမှီ၍ တည်လာခြင်းဖြစ်ကြောင်း ထို့ကြောင့် "စိတ်တေန နီတိလောကော"ဟု "ဗုဒ္ဓ"က ဟောပြဆုံးမကြောင်း၊ စိတ်သာပဓါနဖြစ်ကြောင်း"

**"မိမိတို့ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးသည် အစမထင်သော သံသရာ၏ အစမှ စတင်လျက်၊ အနုသယ"ဖြင့် "အတ္တနှင့် မာန"၏ လွှမ်းမိုးချုပ်ကိုင်မှုခံကြရကြောင်း၊ ထို့ကြောင့်လည်း "ငါသာပဓါန"ဖြစ်နေပြီး ထိုသို့ပြဌာန်းနေခြင်းကိုလည်း အဝိဇ္ဇာကြောင့် မမြင်နိုင်ကြကြောင်း၊ ယင်းသည်ပင် ဒိဋ္ဌာနုသယ(အတ္တ)အခြေခံလျက် "ငါ့ဆရာ၊ ငါ့တပည့်"၊ "ငါ့အဖွဲ့၊ ငါ့လူ"၊ "ငါ့သား၊ ငါ့သမီး"၊ "ငါ့အမျိုး၊ ငါ့မိတ်ဆွေ"၊ "ငါ့တူ၊ ငါ့မြေး" ငါသာပဓါနပြဌာန်းနေမိကြခြင်းဖြစ်ကြောင်း၊ "**

ထို့အပြင် မာနာနုသယ(မာန)အပေါ်အခြေခံလျက် "ငါကောင်းသည်၊ ငါတော်သည်၊ ငါစွမ်းသည်"၊ "သူမကောင်း။ သူမတော်၊ သူမစွမ်း"ဟူ၍လည်းကောင်း၊ "ငါတို့မှာ အပြစ်မရှိ၊ သူတို့သာအပြစ်ရှိသည်"၊ ဟူ၍လည်းကောင်း၊ လောကလူသားများ အတွင်း၊ မိမိတို့၏ ဘဝများစွာအတွင်း ဖြစ်စဉ်များ၊ ကျင့်ကြံနေကြမှုများအား သာဓကထုတ်၍ ဦးပဥ္စင်းကြီးက ရှင်းပြသည်။

အမေ့အိမ် ဧည့်ခန်းလေးသည် တရားဆွေးနွေးမှုတို့ဖြင့် ငြိမ်းချမ်းစွာ မင်္ဂလာကြက်သရေပြည့်လျှံနေသည်ဟု "သူ"ထင်သည်။ ဦးပဥ္စင်းကြီးက "အတ္တ၊ မာနလွှမ်းမိုးသောစိတ်ဖြင့် ပြဌာန်းသမျှသော "ကံ"ဟူသမျှကောင်းသည်ဟု မြင်တွေ့ထင်ကြရသော်လည်း၊ မီးကိုအေးသည်ထင်၍ ကိုင်မိသောအခါ အပူဒဏ်ခံရသကဲ့သို့သာ ရှိမြဲဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အမြင်၊ မိမိတို့အသိ၊ မိမိတို့ ပြုသော အမှုကိစ္စအဝဝ၊ "ကံ"ဟူသမျှ တရားမှုနှင့် မတရားမှု၊ ဓမ္မနှင့် အဓမ္မ၊ ကုသိုလ်နှင့် အကုသိုလ် ခွဲခြမ်း၍ အမှန်ကို မြင်နိုင်ရန်မှာ လောဘ၊ ဒေါသ၊ မောဟ ပါ၏ မပါ၏သိဖို့လိုကြောင်း"၊ မာနလျှော့ကျပြီး၊ လောဘ၊ ဒေါသ၊ မောဟ နည်းမှသာ ရရှိနိုင်ကြောင်း၊ မိမိတို့အားလုံးသိရှိထားပြီးဖြစ်သော မိမိတို့၏ စိတ်သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟ၊ မာန တည်းဟူသော အကုသိုလ်စရိုက်များ ပါး၍၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစသော စသော ကုသိုလ်စရိုက်များ ပွားလျက် စီးစစ်နိုင်ပါမှ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်းသိမြင်နိုင်မည်ဖြစ်ကြောင်း"၊





"ထို့ကြောင့် မိမိတို့အားလုံးသိနေသော ဤတရားတို့ကို၊ မိမိတို့၏ စိတ်၌ အပ္ပမာဒတရားဖြင့် နှလုံးသွင်း ကျင့်ကြံအားထုတ်ခြင်းဖြင့်၊ ငြိမ်းချမ်းမှုအစစ်၊ ချမ်းသာစစ်ကို၊ တစ်ခဏ၊ တစ်ဘဝမှသည် သံသရာအတွက်ရယူခြင်းဖြင့်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း၊ သိသာသိ၍မရှိ၊ မိမိပိုင်မဖြစ်လျှင် ချမ်းသာစစ်ကိုမရနိုင်ကြောင်း"၊ တစ်ရှည်တစ်ဝေပင် တရားရှင်ပြရင်း၊ သူတို့အားလုံး အတူတကွ "သံဝေဂတရား"ပွားလိုက်ကြသည်။

တရားဆွေးနွေးမှုအဆုံးသတ်တွင် "သူ"၏ စိတ်နှလုံး၌ "အမှောင်ကလာပြီး အမှောင်ကို သွားမယ့်လူ၊ အလင်းကလာပြီး အမှောင်ကို သွားမယ့်လူ၊ အမှောင်ကလာပြီး အလင်းကို သွားမယ့်လူ၊ အလင်းကလာပြီးအလင်းကိုကူးမယ့်လူလို့ လေးမျိုးရှိတယ်၊ အလင်းကလာပြီး အလင်းကို သွားတဲ့လူဖြစ်အောင် ကြိုးစားကြပါ။"

**"တစ်ဘဝ၊ တစ်ခဏ၏ ငါအဖြစ်ကို မကြည့်ပါနဲ့၊ တစ်သံသရာလုံးက ငါအဖြစ်ကိုသာ ကြည့်ပါ"ဆိုသည် တောင်မြို့ ဆရာတော်ဘုရားကြီး၏ ဩဝါဒအဆိုအမိန့်သည် စိမ့်ဝင်စီးဆင်းသွားသည်။**

ဤသည်ကို ဓမ္မမိတ်ဆွေမိသားစုအား ရှင်းပြရင်း "သူ" ဆက်ပြောလိုမိသော ဆရာတော်ဘုရားကြီး၏ သတိပေးတရားကိုမူ "သူ့" စိတ်"သူ့"နှလုံးသားတွင် မြှုသိပ်ထားလိုက်မိသည်။

ဆရာတော်ကြီးက "သူတော်ကောင်းစိတ်ရှိသူဟာ လူ့ဝတ္တရားအတိုင်း လူ့လောကကို ဆက်ဆံပြီး၊ လူ့လောကနဲ့ ရဲရဲကြီးလမ်းခွဲ"တဲ့။

**"One who has a noble mine should leave the human Society after dealing with people according to human moral code"**

ဤမျှလောက် သမုတိနယ်ပယ်၌ အနယ်ကျလျက် ပရမတ္ထတရား၏ အရှိကို မပိုင်ဆိုင်နိုင်ကြသော "သူ"နှင့် "သူ"၏ ဦးမင်းသားချင်း၊ အဒေါ်၊ အစ်ကိုကြီးတို့၏ စိတ်နှလုံးများ၊ "နေအိုရောင်အတွေး"များကို "သူ"ကြင်နာသနားနေမိပြန်လေပြီကော။

× × × × ×

## အ ပိုင်း (၇)

### လူ့သဘာဝ ၊ လောက သဘာဝ

"သူ"သည် "သူ"၏နှစ်လိုလေးစားတန်ဖိုးထားသော သက်ကြီးရွယ်အိုများ၊ ဦးမင်းသားချင်းအဒေါ်များအား ဖြဲတံခါး၀အထိ လိုက်ပို့သည်။ လှုပ်လိုလှုပ်လှဲ့ဖြင့် တူ၊ တူမနှင့် သားသမီးများကို တောင်ဝှေးသဖွယ် အမှီသဟဲပြု၍ ထွက်ခွာသွားကြသော မှောင်မြမြ လရောက်အောက်မှ သက်ကြီးရွယ်အိုများအား မျက်စေ့ အဆုံးကြည့်ရင်းမှ သက်ပြင်းရှည်ကြီး တစ်ချက်ကို ဖြေးညှင်းစွာ ရှူသွင်းပြီး မှုတ်ထုတ်လိုက်မိသည်။ အမေကတော့ အိမ်၏ တံစက်မြိတ်အ၀င် ပေါက်တွင်ရပ်လျက် "သူ"ပြန် အလာကို စောင့်နေသည်။

တကယ်စင်စစ် "သူ"ကိုယ်တိုင်မပယ်သတ်နိုင်သော သမုတိ နယ်ပယ်ရှိ သမုဒယသ သံယောဇဉ်များသည် နက်ရှိုင်း လှဘိခြင်းဟု သူခံစားနေမိသည်။ အညာဒေသဆောင်းဦး၏ ညဥ့်လယ်ယံသည် ငြိမ်းချမ်းငြိမ်သက်စွာဖြင့် ဖြတ်သန်းနေသည်။ ကောင်းကင်ယံမှ မှုံမြမြ လရောင်သည် လောကတစ်ခွင်အား ဖြန့်ကြက်နေသည်။ "သူ"သည် ငြိမ်းချမ်းငြိမ်သက်နေသော ဝန်းကျင်၌ မငြိမ်းချမ်းနိုင်သော "သူ"၏ စိတ်ကို ပြန်ရှုရင်း အမေနှင့်အတူ ဧည့်ခန်းတွင်းသို့ ဝင်ခဲ့သည်။





သက်ကြီးခေါင်းချ "တိုးပွား"၏ တွန်သံသည် ဆိတ်ငြိမ်မှုကို ဖြိုခွင်းလျက်၊ ဆက်တိုက်ထွက်ပေါ်လာသည်။ "သူ"သည် မိခင်အား အားပါးတရပြုံး၍ နှုတ်ဆက်ရင်း ထိုင်လျက် လက်အုပ်ချီမိုးပြီး ကန်တော့လိုက်သည်။ ဤသည်က "သူ"၏မပျက်သော ဝတ်ဖြစ်သည်။ အမေကတော့'သာဓု'ခေါ်လျက် "ဘုန်းကြီးခြင်း၊ ကံကြီးခြင်း၊ ဉာဏ်ကြီးခြင်း၊ ပညာကြီးခြင်းတို့ဖြင့် ပြည့်စုံလျက်မဂ္ဂင်ရှစ်ပါး တရားမြတ်ကို နှလုံးသွင်းနိုင်သော၊ နိဗ္ဗာန်ချမ်းသာကို အလွယ်တကူ ရယူနိုင်သော 'ပုဂ္ဂိုလ်' ဖြစ်ပါစေ"ဟူ၍ ဆုပေးသည်။

"မဂ္ဂင်ရှစ်ပါးတရားမြတ်ကို နှလုံးသွင်းနိုင်သော၊
နိဗ္ဗာန်ချမ်းသာကို အလွယ်တကူရယူနိုင်သော ပုဂ္ဂိုလ်"

ပါတဲ့။ **အမေ၏ ကြီးမားနက်ရှိုင်းသော မေတ္တာ၊ ကရုဏာကို "သူ" လှိုက်လှဲစွာခံစားမိသည်။ အမေ၏ ဆုတောင်းတွင် နိဗ္ဗာန်ချမ်းသာကို အလွယ်တကူရယူနိုင်သော "သား"ဟူ၍မဆို "ပုဂ္ဂိုလ်"ဟုဆိုသည်။ အမေ၏ ဆုတောင်းတွင် "သူ"အား သူမ၏ "ရင်နှစ်သည်းချာသား" အဖြစ်ထက်၊ "လူသတ္တဝါ"၊ "ပုဂ္ဂိုလ် သတ္တဝါ"အဖြစ်လျှာထား ဆုပေးခြင်းဖြစ်နေလေပြီ။ အမေ့ ကရုဏာတွင် "ဉာဏ်နှင့်ပညာ"ဦးစီးနေ လေပြီကောဟု "သူ" သတိပြုမိသည်။**

ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ မဟုတ်၊ ပုဂ္ဂိုလ်·သတ္တဝါ၊ ဓါတ်ကြီးလေးပါးခန္ဓာအဖြစ်၊ မေတ္တာနှင့် ကရုဏာ ထားလျက်ဆုပေး နေလေပြီ။

"သူ"ကိုယ်တိုင်ကိုယ်၌မှု အဝိဇ္ဇာ၏ လှည့်စားမှုဖြင့် တဏှာ၏ ကျေးကျွန်ပီသစွာပင် နက်ရှိုင်းဆဲ သမုဒယများဖြင့် အနုသယများကို ပွေ့ဖက်ရင်း "သူ"၏ဖြတ်သန်းချိန်များကို ကျေနပ်နေမိဆဲ မဟုတ်ပါလား။

"သူ"၏ အတွေးတွင် 'နေအိုရောင်'များအား ကြင်နာနေမိ၊ ချစ်နေမိသည်။ "သူ"ချစ်နေမိ၊ တွယ်တာနေမိ၊ ကြင်နာနေမိ သော သက်ကြီးရွယ်အို ဆိုသည်က၊ "သူ"၏ ဆွေမျိုးသားချင်းများ အဖြစ်သာမဟုတ်၊ လောကသားများအဖြစ် "သူ"မြင်သည်။ အာရှ အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အနောက် ဥရောပဒေသအားလုံး

"လူသားမျိုးနွယ်စု" အားလုံးသို့ ဖြန့်ကြက် နေမိခြင်းဖြစ်သည်ကိုတော့၊ "သူ"ကောင်းစွာနှလုံးသွင်းနိုင်လိုက်သည်။

"သူ"၏ခန္ဓာကိုယ်အတွက် "သူ"အနားယူအိပ်စက်ဖို့ သင့်ပြီ၊ နောက်တစ်နေ့ နံနက်စောစော အမေနှင့် "သူ"သည် ရွှေမြို့တော်သို့ ခရီးဆက်ကြဖို့ရှိသည်။ သို့သော် "သူ"၏ 'စိတ်'ကို "သူ"ဖမ်းချုပ်ထိန်းသိမ်းထားနိုင်ရန် အင်အားမရှိဖြစ်နေသည်။

"သူ"၏ မြေးကြီးဖြစ်သူသည် အလိုမကျလျှင် စိတ်ဆိုးစိတ်ကောက်တတ်သည်၊ စိတ်ဆိုးစိတ်ကောက်ရုံသာမဟုတ်၊ မျက်နှာပြင်တွင် မကျေနပ်သောအမူအယာများ ချက်ချင်း ပေါ်လာမြဲ၊ အဖိုးအဖွား၊ အဖေ၊ အမေ၊ အဒေါ် အားလုံးအပေါ် ဤသို့လျှင်တုံ့ပြန် မြဲဖြစ်သည်။ ထိုဖြစ်စဉ်တို့သည် မကြာခဏ၊ ထိုသို့ဖြစ်တိုင်း၊ ကြုံရတိုင်းတွင် မြေးဖြစ်သူ၏ အဖွား(သူ၏ဇနီး)သည်၊ သူမ၏ မြေးအား ကြင်နာသော အပြုံးဖြင့် စေ့စေ့ကြည့်ရင်း "မြေးလေး၊ အဖွားမျက်နှာကိုကြည့်၊ လက်လေးပိုက်ပြီး အသက် ဝအောင်ရှူ၊ လေးခါ ငါးခါ ရှူထုတ်ပြီးတော့မှ မြေးလေး ပြောချင်တာ၊ လုပ်ချင်တာကိုလုပ်နော်"ဟု လေ့ကျင့်ပေးတတ်သည်။

ဤဖြစ်စဉ်လေးသည်၊ "သူ"၏ အတွေး၌ ရုတ်ခြည်း ပေါ်လာသည်။ "သူ"သည် "သူ"၏ သမုဒယအနှောင်အတည်းတို့ဖြင့် ခံစားနေရသော ဝေဒနာများကို လျှော့ချပယ်သတ် နိုင်အောင် ရှုသွင်း ရှူထုတ် ဖြေညှင်းစွာလုပ်ရင်း၊ "သူ"၏ စိတ်ကို ထိန်းသိမ်းထား လိုက်ချိန်တွင်ကား ---၊

"သူ"၏ အတွေးအာရုံ၌ အနှိုင်းမဲ့ကျေးဇူးတော်ရှင် ဗုဒ္ဓအား အထင်ဘရှားဖူးမြင်နေရသည်။ ဗုဒ္ဓ၏ဒေသနာတော်၌ "အာရုံငါးပါး အကြောင်းပြု ပေါ်ပေါက်သမျှ၊ သာယာဖွယ်အပိုင်း၊ ငြီးငွေ့ဖွယ်အပိုင်း၊ ဤအပိုင်းနှစ်ပိုင်းတို့မှ ကင်းသော လွတ်မြောက်မှု အပိုင်းရှိကြောင်း၊ သာယာဖွယ်အပိုင်းကို "အဿာဒ"ဟူ၍ လည်းကောင်း၊ ငြီးငွေ့ဖွယ် အပိုင်းကို "အာဒီနဝ" ဟူ၍ လည်းကောင်း၊ လွတ်မြောက်မှုအပိုင်းကို "နိဿရဏ"ဟူ၍ လည်းကောင်း မှတ်ယူရကြောင်း၊

"သာယာဖွယ်"တည်းဟူသောရသတွင် လူသည် "ကာမ"၊





"အတ္တ"၊ "ဓမ္မ"၊ "မောက္ခ" တည်းဟူသော တောင့်တမှု တို့၌ နက်ရှိုင်းစွာ ကျင်လည်နေကြောင်း၊ "ကာမ"သဘောအရ အိမ်ရာတည်ထောင် ဤလူ့ဘောင်၌ သာယာဖွယ်ကို မရမနေရှာဖွေရယူကြကြောင်း၊ "အတ္တ"သဘောအရ စီးပွားဥစ္စာအခွင့် အာဏာ၊ ရာထူးဂုဏ်[illegible] ရရှိရန်အတွက်လည်း သာယာဖွယ်ကို မဖြစ်မနေရှာဖွေကြကြောင်း၊ "ဓမ္မ"သဘောအရ တရားနှင့်အညီ ဖြစ်စေရန် ကျိုးစား၍ နှလုံးသွင်း ကျင့်ကြံပြုမူဆောင်ရွက်ရာ၌လည်း သာယာဖွယ်ကို မတွေ့တွေ့အောင် ရှာဖွေမြဲဖြစ်ကြောင်း၊ "မောက္ခ"သဘောအရ လွတ်လပ်မှုကို ရရှိရေး အတွက် အားထုတ် ရာ၌ပင် သာယာဖွယ်ကို ရှာဖွေမြဲဖြစ်ကြောင်း၊

"ငြီးငွေ့ဖွယ်"တည်းဟူသော ရသတွင်မူ လူသည် သာမန် အသိဉာဏ်ရင့်ကျက်ရုံမျှဖြင့် မမြင်မတွေ့မသိနိုင်ကြောင်း၊ ဓမ္မတာ သဘောအရ "သာယာဖွယ်"တိုင်း၏ နောက်ဆက်တွဲ အကျိုးတွင် "ငြီးငွေ့ဖွယ်"တို့ရှိကြောင်း၊ တစ်ဘဝ၏ ဖြတ်သန်းချိန်အား "သာယာဖွယ်" တို့ကို ရှာဖွေရင်းဖြင့် "ငြီးငွေ့ဖွယ်"ကို မမြင်နိုင်ဘဲ၊ လူတို့သည် စွန့်လွှတ် သွားတတ်ရကြောင်း။

"သာယာဖွယ်"တည်းဟူသော အပိုင်း၌ မြတ်နိုးဖွယ် ရသသည်ရှိသကဲ့သို့၊ "ငြီးငွေ့ဖွယ်"အပိုင်းတွင်လည်း မြတ်နိုးဖွယ် ရသ သည်ရှိကြောင်း၊ သာမန်အသိဉာဏ်ပညာဖြင့် လူတို့သည် မြတ်နိုးဖွယ် ရသကို "သာယာဖွယ်"အပိုင်း၌သာ မြင်တွေ့နေကြပြီး၊ "ငြီးငွေ့ဖွယ်" အပိုင်း၌မူ မြတ်နိုးဖွယ်ရသကို မမြင်မတွေ့နိုင်ရှိတတ်ကြောင်း၊ "ငြီးငွေ့ဖွယ်" အပိုင်း၌ရှိသော ရသသည် လွန်စွာသိမ်မွေ့နက်ရှိုင်းကြောင်း၊ လွန်စွာလည်း တန်ဖိုးကြီးကြောင်း။

**အမှန်စင်စစ်၊ အသိဉာဏ်ရင့်ကျက်သော လူတို့သည် "သာယာဖွယ်" (အဿာဒ)ကို မြင်ပြီးသည်၏နောက်၊ ဖုံးကွယ် နေသော "ငြီးငွေ့ဖွယ်"(အာဒီနဝ)ကို မြင်နိုင်ကြ၍ ထိုထိုသော "ငြီးငွေ့ဖွယ်" (အာဒီနဝ)ကို မြင်ခြင်းသည်ပင် ယင်းအပိုင်း၏ မြတ်နိုးဖွယ်ရသကို တွေ့ရှိခြင်းဖြစ်ကြောင်း။"**

"သူ"သည် ဗုဒ္ဓဒေသနာတော်လာ တရားတော်များအား ဆင်ခြင်အောက်မေ့ရင်း "ဘဝနိကန္တိက လောဘ"တည်း ဟူသော "ဘဝတို့

မြတ်နိုးသောတဏှာဖြင့် "သူ"ခံစားနေရသော သမုဒယ ဝေဒနာများစွာကို ဆင်ခြင်နေမိသည်။

မည်မျှကြာမြင့်စွာ၊ လူ့သဘာဝ၊ လောကသဘာဝအပေါ် ဗုဒ္ဓ၏ တရားဒေသနာတော်တို့ကို "သူ"ဉာဏ်မီသမျှ၊ ဖတ်မိကြားမိ သိရှိသမျှ ဖြန့်ကြက်တွေးတောနေမိသည်မသိ၊ "တိုးပွား"၏ လင်းကြက်တွန်းသံက အထိုင်ကြာ၍ ခြေကျင်နေမိသော ဝေဒနာ ရှိရာသို့ "သူ" အသိအားပြန်ပို့ပေးလိုက်လေသည်။

"သူ"သည် ဖြေးညှင်းစွာ အတွေးအာရုံဖြင့် ထိုင်နေရာမှ ထရန် ကြိုးစားသည်၊ မရ။

ရာသီဥတုက ချမ်းစိမ့်စိမ့်ပင်ရှိနေလေပြီ။ "သူ"သည် ခန္ဓာကိုယ်ကို အလိုက်သင့်စောင်းငဲ့လှန်ချလိုက်ပြီး ဝဲဘက်ရှိ စောင်တစ်ထည်အား လွှမ်းခြုံရင်း မျက်စေ့ကို စုံမှိတ်ထား လိုက်သည်။ သို့သော် အိပ်၍မပျော်။

"သူ"ပြန်ရတော့မည်။ ရွှေမြို့တော်ခရီးစဉ်နှင့် အတူ ထောင်စုသစ်၌ ပေါ်ပေါက်နေသော အရေးအခင်းများစွာ၊ နိုင်ငံများစွာ၊ လူမျိုးပေါင်းစုံ၏ လောကအမြင် ပေါင်းစုံသည် လည်းကောင်း၊ "သူ"၏ရောင်းရင်းစာပေမိတ်ဆွေ၊ ဘဝမိတ်ဆွေ၊ ဓမ္မမိတ်ဆွေတို့၏ စကားဝိုင်းများသည်လည်းကောင်း "သူ"၏ အတွေးသို့ စီးဆင်းလျက်။

× × × × ×





အ ပိုင်း (၈)

လူသားတစ်ဦးချင်း

"သူ"ညက အရုဏ်တက်ချိန်အထိ နှစ်ခြိုက်သော အိပ်စက်မှု မရခဲ့။ နိုးထချိန်တွင် နေတောင်အတော်မြင့်နေလေပြီ။ အိပ်ခန်း အပြင်ဘက် ဧည့်ခန်းတွင် ကြွက်စီကြွက်စီကြားရသည်။

"တူ၊ တူမများ၏ အသံ" ဖြစ်သည်။

သူတို့အားလုံး "သူ"နှင့် "သူ"၏မိခင်းအား နှုတ်ဆက်ကန်တော့ရန် ရောက်နေကြခြင်းဖြစ်မည်။ အမေနှင့် အစ်ကိုကြီး ကိုအောင်မောင်းတို့ နှစ်ဦးအပြန်အလှန်စကားပြောသံကိုလည်း ကြားနေရသည်။

"ဖုန်း က ယခုမနက်အစောကြီး ဆက်လာတာ ရေနံချောင်း ရောက်နေကြပြီတဲ့" ဟု ကိုအောင်မောင်းက ဆိုသည်။ "မောင်အောင်မောင်း၊ ကလဲ - သမီးနဲ့မင်းနဲ့ စကားပြောတော့၊ မြေးတွေပါသလား မမေးဘူးလား၊ သူတို့ ဘယ်နေ့က ရောက်တာတဲ့လဲ"

ဤကား အမေ့အသံဖြစ်သည်။

"အို- အမေကလဲ ကျောင်းပိတ်လို့ ခွင့် ၁၀ ရက်ရတယ်၊ မိသားစုအားလုံးလာတာ၊ အေးအေးဆေးဆေးဆိုတော့ အမေ့ မြေးတွေ ပါလာမှာပေါ့"ဟူ၍ ကိုအောင်မောင်းက စိတ်မရှည်သလို ပြောသံကြား လိုက်သည်။ "သူ"ကောင်းစွာ သဘောပေါက်သွားသည်။ "သူ"၏ဇနီး နီမာ၊ သား၊ သမီးများနှင့် မြေးအားလုံး ရေနံချောင်းရှိ အဒေါ်၊ အဖွား၊ ဦးမင်းသားချင်းများထံ ရောက်နေကြပြီ။ သီတင်းကျွတ် ကျောင်းပိတ် ရက်မှာ တက္ကသိုလ်က ခွင့်ယူပြီး "နီမာ"ထွက်လာခြင်းဖြစ်မည်။ "ရေနံချောင်း" ဘက် ခရီးလှည့်ရမည်။

ဤကား "သူ"၏ မူလခရီးစဉ်တွင် ပါပြီးသား။ "သူ"၏ အတွေးသည် ဤအရေးတကက အိပ်ပျော်အုံမှုမှုတွင် "သူ"၏ အတွေးတို့ ကျင်လည်ကျက်စားခဲ့ရာ၊ "သူ"၏ရောင်းရင်း ဘဝမိတ်ဆွေ၊ ဓမ္မမိတ်ဆွေ၊ စာရေးဖော်များ၊ စာသမား ပေသမားများ၊ ထံသို့ ရောက်သွားပြန်သည်။

စာဆိုတော်နေ့နီးပြီ၊ ထောင်စုသစ်၏ အရုဏ်ဦးကာလ မြန်မာတို့၏ လောကအမြင်များကို ဖော်ဆောင်မြှင့်တင်ကြမည်။ စာပေဝိုင်းတော်သားများ၊ စာပေပညာရှင်ကြီးများကို "သူ" တွေးမြင် ကြည်ညိုအားကျနေမိသည်။

**မျက်မှောက်ကာလ၏ အရေးအကြီးဆုံးစိန်ခေါ်မှုသည် "လူ့"ယဉ်ကျေးမှုဖြင့် လောကအမြင်ရှင်သန်မှု ဖြစ်သည်ဟု "သူ"က ခံယူထားသည်။ "သူ"နှင့် "သူ"၏ ဓမ္မမိတ်ဆွေများ၊ ဘဝမိတ်ဆွေများ၊ ရောင်းရင်းများသည် "လောကအမြင်သစ်" တစ်ရပ်ကို အဖြေထုတ် ခဲ့ကြပြီးပြီ။**

**"ဤလောက၊ ဤမျိုးဆက်အတွက် ဖန်တီးနိုင်၊ သယ်ပိုးနိုင် စွမ်း ရှိသူများ၏ စေတနာပြဋ္ဌာန်း ရွေ့ဆောင်မှုနှင့် နည်းပညာဖွံ့ဖြိုး တိုးတက်မှုတို့ပေါင်းစည်းခြင်းဖြင့် လောကကောင်းကျိုး၊ မျိုးဆက်၏ ကောင်းကျိုးသည် ဒိဋ္ဌဓမ္မပေါ်ထွန်းလာမည်"ဟု။ ဤအမြင်၏ ရှင်သန်မှု အတွက် အခွင့် အလမ်းရှိ၊ မရှိဆိုသည်ကတော့ အလေးထားတွက်ချက် ရမည့်ကိစ္စ။**

တကယ်စင်စစ် ဤအမြင်သည်၊ "သူ"နှင့် "သူ"၏ရောင်းရင်း တို့၏ ဘဝတစ်ခုဖြတ်သန်းချိန်ကာလ အတွေ့အကြုံများ၊ ဗဟုသုတများ၊





ဘဝ၏အမြင်များပေါ် အခြေခံ၍၊ "မျှော်လင့်ချက်ဆန္ဒစွဲ"ဖြင့် ထုတ်ယူ လိုက်သော အဖြေလည်းဖြစ်နိုင်သည်။ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ဆိုသည် ကတော့ ရေရာသေချာသော ရလဒ်မဟုတ်ပါချေ။

"သူ"သည် အိပ်ယာမှ ရုတ်ချည်းမထဖြစ်သေး၊ မထနိုင်သေး။

ရာစုသစ်၏ မဝေးသော အတိတ်ဖြစ်သည့် ၂၀ ရာစုနှစ် တစ်ခုလုံးနှင့် မျက်မှောက်ကာလကိုလည်းကောင်း၊ အနီးဆုံး အနာဂတ် ကာလကိုလည်းကောင်း တွေးတောပုံဖော်ကြည့်နေမိသည်။

၂၀ ရာစုနှစ်၏ အစ ၁၉ ရာစုကုန်ခါနီးအချိန်မှ စတင်ခဲ့သော ကမ္ဘာ့အဝန်း၊ ဒေသအသီးသီး၌ ပေါ်ပေါက်ခဲ့သည့် စီးပွားရေး၊ လူမှုရေး ဘာသာရေးနှင့် အတွေးအခေါ်ရေးရာ၊ ဝါဒရေးရာ ဖြစ်ပေါ် ပြောင်းလဲမှု များ၊ ၂၀ရာစု ကုန်ခါနီးအချိန်၌ ဖြစ်ပေါ်လာသည့် "စစ်အေးတိုက်ပွဲ" အဆုံးသတ်ခြင်းဟု သိမှတ်ခဲ့ကြခြင်းများနှင့်အတူ သန္ဓေတည် မွေးဖွား လာသော "အကြမ်းဖက်တိုက်ခိုက်မှုများ"၊ "စစ်ရေးအရ ကျူးကျော် စွက်ဖက်မှုနှင့် ဥပဒေမဲ့ရမ်းကားမှုများ"၊ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် လူမှုပဋိညာဉ်နှင့် နိုင်ငံတကာဥပဒေများအား ရိုက်ချိုး ဖျက်စီးမှုများ၊ ခြိမ်းခြောက်မှုများ၊ "ဂွင်"များ၊ "လူ"မည်ကာမတ္တ ဆိုရမည့် "လူ"များနှင့် အဖွဲ့အစည်းများ၊ ထိုထိုသော "လူ"မျိုးများနှင့် အဖွဲ့အစည်းတို့၏ လုပ်ဆောင်ချက်များ။

ဤအတွေးများကြောင့်ပင် ချမ်းစိမ့်စိမ့်ရှိနေသည့် အညာ ဆောင်း၏ နံနက်ခင်းအအေးဓါတ်ကိုပင် "သူ"သတိမပြုနိုင်ခဲ့။ အတ္တ မာန၊ ဒိဋ္ဌိ အမြင်မှားအတွေးမှားခြင်းတို့၏ ကြီးမားသော အန္တရာယ်များက များစွာရှိနေသည်။ ပထမကမ္ဘာစစ်ကြီးဖြစ်ခဲ့ရသည့် အကြောင်းရင်း များသည်လည်းကောင်း၊ စစ်ပြီးခေတ် လစ်ဘရယ် နိုင်ငံရေးသမားများ၏ အယူအဆနှင့် လစ်ဘရယ်ဝါဒ၏ ဆန့်ကျင်ဘက် ကွန်ဆာဗေးတစ် အယူအဆသမားများ၊ ဆိုရှယ်လစ်ဝါဒ အယူအဆများနှင့် ဖက်ဆစ်ဝါဒ ကြီးသန္ဓေတည်မွေးဖွားလာရသည့် အကြောင်းရင်းများကို တွေးတောရင်း "သူ" ထိတ်လန့်သွားမိသည်။

"သူ"သည် ခြုံထားသော စောင်ကို ရုတ်ခြည်းခွာချရင်း ထထိုင်လိုက်သည်။ ခေါင်းရင်းဘက် တမာပင်မှ တမာရနံ့သည် လေး

အေးမြင့် ဖြတ်သန်းသွားသည်။ "သူ"အလွန်ခင်တွယ်၍ မက်မောတတ်သော ဤရန်ကုန်ပင် "သူ"၏ အတွေးကိုမဖြတ်နိုင်ခဲ့။

၁၉ ရာစုနှစ်ကုန်ပိုင်းမှ ၂၀ ရာစုနှစ်အလယ်ပိုင်း၊ ဒုတိယကမ္ဘာစစ်ကြီး ပေါ်ပေါက်ခဲ့ရခြင်း၏ အကြောင်းရင်းများနှင့်အတူ ကြမ်းတမ်းခက်ထန်လှသည့် ရက်စက်မှုများ၊ ၁၉၃၀ ပြည့်နှစ် ကမ္ဘာစီးပွားပျက်ကပ်နှင့် စစ်ရှုံးနိုင်ငံများ ပြန်လည်ဦးမော့ရေး၊ ကျူးပမ်းမှု နှင့် ဖက်ဆစ်ဝါဒ၊ ဂျူး ၆ သန်းကျော် မျိုးဖြုတ်အသတ်ခံခဲ့ရသည့် အဖြစ်များ။ အယူဝါဒရေးရာ တိုက်ပွဲများကြောင့် အစတေးခံပျက်သုန်းခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့သည် လည်းကောင်း၊ စိတ်နှလုံးများနှင့် ယဉ်ကျေးမှုများလည်းကောင်း၊ "ပညာ"၏အခန်းကဏ္ဍ သေးနုတ်အောင် တွန်းပို့ဖိစီးခံရခြင်းများသည်လည်းကောင်း စစ်ကိုဖန်တီးသူများနှင့် စစ်ဘေးစစ်ဒဏ်၏ အနိဋ္ဌာရုံများသည် "သူ"၏ အတွေးအာရုံတွင် ဖြတ်သန်းသွားသည်။

လူ့ဘောင်သမိုင်း၏ ခါးသီးရွံရှာထိတ်လန့်ဖွယ်ကောင်းသော ဖြစ်စဉ်များကို မမေ့ကောင်း၊ သင်ခန်းစားယူဖို့၊ ပြုပြင်ဖို့၊ ထိန်းကျောင်းဖို့ လိုပြီ။

ဒုတိယကမ္ဘာစစ်ကြီး၏ နောက်ဆက်တွဲ၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများနှင့် ဒေသန္တရစစ်ပွဲများ၊ ကန့်သတ်စစ်များ၊ စစ်အေးကာလဖြစ်စဉ်များ။

သတင်းနည်းပညာခေတ်၊ ထောင်စုသစ်အရုဏ်ဦး၏ ဖြစ်စဉ်များ၊ စိန်ခေါ်မှုများနှင့် လူ့ဘောင်လောက၊ လူသားမျိုးနွယ်စုများ၊ နိုင်ငံများ၊ ဘာသာ ရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့အတွက် ဖန်တီးကြရင်း ဖြတ်သန်း နေကြသော စစ်ပွဲများ၊ ပဋိပက္ခများ၊ ဝိရောဓိနှင့် သမုဟများကား အသောမသတ်ရှိနေဆဲ မဟုတ်ပါလား။

**"လောကကို ထိန်းကျောင်းဖို့ လိုပြီနော် ဒကာကြီး။ လောကကို ထိန်းကျောင်းရာမှာ လူကို လူပီသအောင် လုပ်ပေးနိုင်တဲ့ ယဉ်ကျေးမှုတို့၊ ဘာသာတရားတို့ကို ပေါ့ပေါ့တန်တန် ထားလို့မရဘူး၊ ဦးစားမပေးလို့ မရဘူး" ဆိုသည့် ဆရာတော်၏ အဆိုအမိန့်က "သူ့"စိတ်အတွေးတွင် အထင်းသားပေါ်လာသည်။**





"သူ"သည်၊ "သူ"ကိုယ်သူ အိပ်မက်မက်နေသည်ဟုပင် ထင်နေသည်။ လူ့လောကတွင် "ဘဝရှင်သန်မှု သက်သက်ထက် အကုသိုလ်ကင်းသော ရှင်သန်မှုက ပြဋ္ဌာန်းနေသော မြန်မာတို့၏ စိတ်နှလုံးအတွက် "သူ"သည် ပို၍စိုးရိမ်ကြောင့်ကြဖြစ်မိသည်အမှန်၊ သို့သော် ဂျပန်နှင့် တရုတ်တို့သည်လည်းကောင်း၊ အိမ်နီးချင်း အိန္ဒိယသည်လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအတွက် အပြေးတက်နေကြလေပြီ။ အာရှလည်း အာရှအိမ်မက်တွင်၊ အာဖရိကလည်း အာဖရိကအိမ်မက်တွင်၊ အမေရိကတိုက်နှင့် ဥရောပအရှေ့အနောက်၊ အရှေ့အလယ်ပိုင်းဒေသမှအစ ကမ္ဘာ့ပြည်သူများ၊ မျိုးဆက်များကတော့ ခေတ်သစ်အရုဏ်ဦး၏ အလှအပနှင့် ဘဝကို ခေတ်မီနည်းပညာများ၊ သတင်းနည်းပညာဖြင့် အလှဆင်ရန် ကြိုးပမ်းဆဲ။

အတ္တကြီးမားကြသည့် "[illegible]ပုဂ္ဂိုလ်များ၊ အဖွဲ့များသည်လည်း အကွက်ဆင်ဆဲ၊ "ဂွင်"ရှာဆဲဟု တွေးမိလိုက်သည်၏ တစ်ခဏတွင် "သူ"ကိုယ်တိုင်လည်း "ဘဝတဏှာ"၏ ကျေးကျွန်ပီသစွာ "သမုဒယနယ်ပယ်တွင် ကျင်လည်ဆဲ မဟုတ်ပါလား"ဟု စဉ်းစားမိရင်း ပြုံးလိုက်မိပြန်တော့သည်။

"သူ"နိုးထခဲ့သည်။ "ဂွင်"ဆိုတာ အချောင်သမားစိတ်ဓါတ်ပဲ၊ "ဂွင်"ဆိုတာ သူ့ဖာသာသူရှိချင်ရှိနေမယ်၊ ပေါ်ချင်ပေါ်နေမယ်၊ ဒါမှမဟုတ် "ဂွင်"ရအောင် ဖန်တီးပြီး ဆင်ယူတာလည်း ရှိချင်ရှိမယ်။ ဘာပဲဖြစ်ဖြစ် "ဂွင်"ဆိုတာ ယေဘုယျသဘောကတော့ အချောင်သမားစိတ်ဓါတ်ပါပဲဟု၊ အစ်ကိုကြီး ကိုအောင်မောင်းက ၎င်း၏အမြင်ကို ရိုးရှင်းစွာ ပြောခဲ့ဘူးသည်။

"သူ"သည် "သူ"ရှင်သန်လှုပ်ရှားနေရသော ရွှေမြို့တော်၏ နေရာအနှံ့ရှိ "ဂွင်"များနှင့် "ဂွင်"များနောက်သို့ လိုက်နေသူများ၊ "ဂွင်"များဖြင့် ကျင်လည်နေသူများ၊ "ဂွင်"ဆင်နေသူများ၊ များစွာအား ယခုမှပင် သတိပြုမိသည်။ တကယ်တော့ လောကငြိမ်းချမ်းမှု၊ ဘဝငြိမ်းချမ်းမှု၊ သာယာစည်ပင်ဖွံ့ဖြိုးမှုအတွက် ကြီးမားသော အန္တရာယ်နှင့် အဆီးအတားများပါလား။

နေရာအနှံ့ ဒေသအနှံ့ ကမ္ဘာနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် နယ်ပယ်အသီးသီးတွင် "ကိုယ်ကျိုးစီးပွားကာကွယ်ရေး" အမြင်၊ သံသယ ဝိစိကိစ္ဆတို့ဖြင့် ရှင်သန်နေသော ပပဉ္စအမြင်များ၏ အန္တရာယ် သည်ကြီးမားနေဆဲဖြစ်သည်။ "ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော ဆိုတဲ့ကောင်တွေ"ဟူသော အညာသားတို့၏ လက်ညှိုးထိုး၍ စွဲချက်တင် လေ့ရှိသော စကားနှင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် ရုတ်ခြည်းတိုးပွား နေလေပြီကောဟူ၍လည်း "သူ"စိုးရွံ့စွာဆင်ခြင်မိပြန်သည်။ နေရာ တကာတွင် "ငွင်" တွေနဲ့ပါလား။

"သူ"သည်အားယူထလိုက်သည်။ "လူ့ဘဝ လူ့လောကတွင်၊ လူသားတစ်ဦးချင်းသည်၊ လူသားတစ်ဦးစီ၏ တန်ဖိုးနှင့် စံချိန် စံညွှန်း များကို အသိအမှတ်ပြု ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်း၊ ကိုယ်ချင်းစာ နာခြင်းဖြင့် လူ့ဘောင်လောက၏ ငြိမ်းချမ်းသာယာမှုသည် လည်းကောင်း၊ စည်ပင်ဖွံ့ဖြိုးတိုးတက်မှုသည်လည်းကောင်း အစွန့်ရှည်ကြာ မြင့်မားစွာ တည်ရှိနေမည်"ဟု "သူ"ယုံကြည်ထားခဲ့သည် မဟုတ်ပါလား။

× × × × ×





## အပိုင်း (၉)

### အိပ်မက်ထဲက အလှတရားများ

"သူ"အတွေးများသည် ပုထုဇဉ်ပီသစွာဖြင့်ပင် သမုဒယနှင့် အနုအလှများတွင် အချိန်များစွာ ပျော်ဝင်စီးဆင်းနေဆဲ။ "သူ"တန်ဖိုးထား မြတ်နိုးသော လောကသားအားလုံး၏ ဖန်တီးနိုင်မှုစွမ်းရည်ကို ယုံကြည်စွာ ဖြင့် မျှော်လင့်တောင့်တနေဆဲ မဟုတ်ပါလား။ ဤတောင့်တမှုဖြင့် တွေးမြင်ယုံကြည်ထားသည့် ကြောင်းကျိုးဖြစ်စဉ်တို့ကိုပင် "သူ"သည် အိမ်မက်မက်၍ ကောင်းနေသည်။

"သတင်းနှ[illegible]ပညာခေတ်"၏ ကမ္ဘာအဝန်းတိုက်ခတ် ဖြန့်ကြက်သွားသော လေထုသည် ရနံ့မျိုးစုံရှိမည်။ အချို့နေရာတွင် ယမ်းနံ့ သွေးနံ့များ၊ အချို့နေရာတွင် ချွေးနံ့ဆေးနံ့များ၊ အချို့နေရာတွင် မွှေးရနံ့ မျိုးစုံ၊ အချို့နေရာများတွင် ရနံ့မျိုးစုံ ရောထွေယှက်တင်၊ အချို့နေရာများ တွင်တော့ ရနံ့မဲ့လေနုအေးတို့ ဖြတ်သန်းလျက်ရှိသည်ထင်၏။

"သူ"သည် ပွင့်လင်းသောလေ၊ ရနံ့မဲ့လေကို အားပါးတရ ရှူရှိုက်နေမိသည်။ လေကြောင်းပြောင်းလဲမှု မြန်ဆန်လွန်လှသော ဤကမ္ဘာနှင့် သဘာဝလောကကြီးတွင် ရနံ့မဲ့လေနုအေးကို ဤကဲ့သို့ ဆောင်းဦးရာသီကာလ၊ ဤနေရာ၊ ဤဒေသမျိုးတွင် ထာဝရရှူရှိုက် နိုင်ရန် "သူ"တောင့်တနေမိသည်။

"သူ"သည် "သူ"မက်နေသော အိပ်မက်ထဲမှ အရှိတရား တို့ကို ရှာဖွေဆဲ - - -။

၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကာလဖြစ်၏။ ကမ္ဘာ့သမိုင်းကြောင်း တွင် နိုင်ငံတကာရှိ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ဘာသာရေး ဆိုင်ရာ အတွေးအခေါ်ပညာရှင်များအား မိမိတို့ သန်ရာ သန်ရာ ရှုထောင့်များမှ ခေတ်သစ်ကမ္ဘာကြီး နှင့် ခေတ်ပြိုင်နိုင်ငံများ အမျိုးသားရေး

အင်အားစုများကို ပုံဖော်ကြည့်ရန် တွန်းအားပေးခဲ့လေပြီ။

ဤတွင် "ကမ္ဘာကြီးအား အကောင်းမြင်ဘက်မှ ရှုမြင်ပုံဖော်လိုက်သော" ဖရန်ဆစ်ဖူကူယားမား (**Francis Fukuyama**)၏ "သမိုင်းနိဂုံးစစ်တမ်း"သည်လည်းကောင်း၊ ဤလောကလူ့ဘောင်တွင် "ဝါဒရေးရာ၊ စီးပွားရေးရာ တိုးတက်ရေးသည်လည်းကောင်း ယဉ်ကျေးမှုရေးရာ အုပ်စုကြီးများ(**Civilizations**)၏ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာမည့် ဝိရောဓိများ ပဋိပက္ခများနှင့် ယဉ်ကျေးမှုစစ်ပွဲများ (**Cultural Wars**)" အပေါ် အလေးပေးချဉ်းကပ်သုံးသပ်ထားသည့် ဆယ်မျူရယ်ဟန်တင်တန်(**Samuel Huntington**)၏ အမြင်သည် လည်းကောင်း၊ "စစ်ရေးနှင့် စီးပွားရေး အင်အားသည်သာ အဓိကကျ၍ ဆုံးဖြတ်ပြဋ္ဌာန်းလျက်ရှိနေမြဲဖြစ်သည်၊ နိုင်ငံတိုင်း၏ရည်မှန်းချက်မှာ လုံခြုံရေး ဆက်လက်ရှင်သန်ရေးသာဖြစ်မည်၊ အမျိုးသားအကျိုးစီးပွား အခြေခံအပေါ် ရည်ရွယ်ချက်ထားသည့် ဖြစ်ပေါ်မှု များသာရှိပေမည်"ဟု ဆိုလာသော ဟင်နရီ ကစ်ဆင်းဂျား(**Henry Kissinger**)၏ အမြင်သည်လည်းကောင်း "သူ"၏ အတွေးတွင် တရိပ်ရိပ်ပေါ်လာ နေသည်။

ဤတွင်"သူ"တွေးမြင်ကြောင့်ကျမိခဲ့သော လူ့ဘောင်လောက၊ လူ့အဖွဲ့အစည်းအတွင်း အာဃာတနှင့် သံသယဝိစိကိစ္စများ အခြေခံဖြင့် ပေါ်ပေါက်နေသော "ကိုယ်ကျိုးစီးပွားကာကွယ်ရေးအမြင်" သည်လည်း အဓိကကျသော အကြောင်းတရာတစ်ခုပါလားဟု "သူ" မြင်လိုက်မိပြန်သည်။

စစ်ရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုအရဖြစ်စေ ဖြန့်ကြက်စီးဆင်းမှုများသည် "တံခါးပိတ်ဝါဒ"ကျင့်သုံးမှုဖြင့် အမျိုးသားနိုင်ငံရေးရည်မှန်းချက်များကို ဖြည့်စွမ်းနိုင်မှု မရှိကြောင်း အတိတ်၏သမိုင်းကြောင်း ဖြစ်စဉ်များအရ "သူ"သည် သတိကြီးစွာထားလိုက်မိသည်။ မျက်မှောက်ကာလ သတင်းနည်းပညာနှင့် အဆင့်မြင့်နည်းပညာတို့၏ တွန်းပို့မှု အင်အား အရှိန်အဟုန်အတွင်း၌မူ ဆိုဖွယ်ရာမရှိပြီ။

မည်သို့ရှိစေ - - -၊

အချုပ်အခြာအာဏာ(**Sovereignty**)နှင့် အမျိုးသားရေး





လက္ခဏာ(**National Identity**)တို့၏ ပြဋ္ဌာန်းမှုများ၊ လူသားတို့၏ အတွေးအမြင်၊ ခံယူကျင့်သုံးမှု၊ လူသားတို့၏ လိုအင်များသည် ဂလိုဘယ်ဖြစ်စဉ်(**Globalization**)ဖြင့် ညီညွတ်မျှတ၊ သမူဟဖြစ်နိုင်ပါ့ မလား။

**ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည်မှာ မျက်မှောက်ကာလ ဖြတ်သန်းချိန်တွင်၊ စွမ်းဆောင်နိုင်စွမ်းရှိသူများနှင့် လောကသားများ၏ ဉာဏ်အမြော်အမြင် ရှင်သန်မှုသာ ပဓါနဖြစ်မည်ဟု "သူ" မြင်နေမိသည်။**

ဂလိုဘယ်လိုက်ဇေးရှင်းဆိုင်ရာ ဖြစ်စဉ်သည် "သူ"၏ အတွေးအာရုံ၌ မကြာခဏဝင်ရောက်ဘူးသည်။ "ပတိရူပအနာဂတ်" (**A Future Perfect**)အယူအဆ ကြေညာစာတမ်းများအား ခေတ်သစ်မီဒီယာလောကမှ ထွက်ပေါ်လာခဲ့ဘူးသည်။ ဤအယူအဆအရ ဂလိုဘယ်လိုက်ဇေးရှင်း၏ အဆုံးစွန်ရည်မှန်းချက် အန္တိမရည်မှန်းချက်မှာ "ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး"ဟု ဆိုကြောင်း "သူ"မှတ်သားမိဘူးသည်။

မည်သို့ဆိုစေ "**Future Perfect**" ဆိုသည့် ဝေါဟာရနှင့်အတူ "ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး" ဆိုသည်၏ အနှစ်သာရ ကိုတော့ "သူ" ဖွင့်မကြည့်လို၊ အကြောင်းတရားများ မည်သို့ရှိ၍ မည်သို့သော အကျိုးတရားကို ဖော်ဆောင်ပေးနိုင်မည် ဆိုသည်သာ ပဓါနဖြစ်မည်ဟု "သူ" မြင်ထားသည်။

ဤတွင် အညာဒေသ၏ သန့်ရှင်းစင်ကြယ်သော ချမ်းစိမ့်စိမ့် လေနုအေးနှင့်အတူ တမာရနံ့သည် သင်းပျံ့လာသည်။ "သူ"သည် ဤရနံ့၊ ဤလေနုအေးတွင် မြန်မာတို့၏ "ပတိရူပဒေသ"ကို အမိရ ဖမ်းဆုပ်ထားလိုက်မိသည်။

"နိုင်ငံဖြစ်စေ၊ လူမျိုးဖြစ်စေ၊ နိုင်ငံအတွက် လူမျိုးအတွက် အနစ်နာခံနိုင်သူများ၊ ဘဝကိုစတေးနိုင်သူများ ပေါ်များသည်နှင့် အမျှ ထိုနိုင်ငံ ထိုလူမျိုးသည် ကမ္ဘာ၌ ထိပ်တန်းနိုင်ငံ၊ ထိပ်တန်းလူမျိုးဖြစ်မည်မှာ သေချာ၏။ ဤနေရာ၌ ထိပ်တန်းဆိုသည်မှာ ရုပ်ပိုင်း ဆိုင်ရာ ပြည့်စုံမှု၌ ထိပ်တန်းကို ဆိုလိုသည်မဟုတ်၊ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှု၌သာ ထိပ်တန်းကို ဆိုလိုခြင်းဖြစ်၏။

အမှန်အားဖြင့် ရင့်ကျက်သော အမြင်ဖြင့် ကြည့်ပါက

နှစ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများသည်လည်း မြတ်နိုး ဖွယ်မဟုတ်၊ တကယ်တမ်း မြတ်နိုးဖွယ်ကား "ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံမှု"သာ ဖြစ်၏။ ဤနေရာတွင် အောက်ပါဓမ္မပဒဂါထာ၏ အဆို အမိန့်သည် များစွာမှတ်သား ဖွယ်ကောင်း၏၊ မှတ်သားဖွယ်ကောင်းသည့် အလျောက်လည်း လိုက်နာကျင့်ကြံနိုင်အောင် ကြိုးပမ်းဖို့ကောင်း၏။

**ဂါမေ ဝါ ယဒိ ဝါ' ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။**

**ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။**

(ဓမ္မပဒဂါထာ-၉၈)

ဒေသတစ်ခုသည် "ရွာ" ဖြစ်ချင်ဖြစ်မည်။ "တော"ဖြစ်ချင် ဖြစ်မည်။ "ချိုင့်ဝှမ်း"ဖြစ်ချင်ဖြစ်မည်။ "ကြည်းကုန်း" ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် မည်သို့ပင်ဖြစ်စေ သူတော်စင်များ နေထိုင်ရာ ဖြစ်ရိုးမှန်ပါက ထိုနေရာ ထိုဒေသသည် ကမ္ဘာ့မြေအပြင်တွင် မွေ့လျော်ဖွယ် အကောင်းဆုံးဖြစ်၏။

ဤဖွင့်ဟချက်သည် "သူ"၏ အသည်း၌ အခိုင်အမာ စိုက်ထူထားခဲ့ဘူးသော ဆရာကြီး ဦးရွှေအောင်၏ "ဗုဒ္ဓ၊ လောကသားတို့၏ အန္တိမ်းမဲ့ကျေးဇူးရှင်(ကိုယ်ကျင့်ဗုဒ္ဓဝင်) နိဒါန်း၌ ဖော်ပြချက်ဖြစ်သည်။ ဤ"ပတိရူပဒေသ၊ ပတိရူပဒေသ မြန်မာသည်လည်းကောင်း၊ ပတိရူပ ကမ္ဘာသည်လည်းကောင်း သူတွေးမြင် တောင့်တနေမိသော၊ အိပ်မက်ထဲမှ အလှများဖြစ်သည်။

**"ကာမ"၊ "အတ္တ"၊ "ဓမ္မ"၊ မောက္ခ"၊ တည်းဟူသော တောင့်တမှုလေးမျိုးဖြင့် ရှင်သန်နေသော သတ္တလောက၊ လူ့ဘောင် လောက၊ လူသားတို့၏ လိုအင်ဖြည့်ဆည်းမှု ပုံစံတို့တွင် ရှင်သန်မှု ပဓါန အမြင်များ လူ့စိတ်လူ့နှလုံးသားတို့တွင် ကိန်းအောင်းနေလေ သမျှ - - ။ အကျည်းတန်လေစွ လောကသားတို့ ဘဝဟူသာ ဆိုရလိမ့်။**

"သူ"သည် "သူ"၏အိပ်မက်လှလှလေးအား လောက၌ တကယ့်အရှိတရားအဖြစ် ဖြစ်တည်လာရန် အားယူရင်း၊ ထိုင်ရာမှ ထလိုက်သည်။ တဒင်္ဂအတွင်း "သူ"၏ စိတ်အတွေးများ ဖြန့်ကြက်မှုသည် များစွာတကားဟု "မမေ့လျော့သော သတိ"ဖြင့် ဆင်ခြင်လိုက်မိပြန်လေပြီ။

× × × × ×





## အ ပိုင်း (၁၀)

### လိုအင်များ

အညာဒေသ၏ ကာလ၊ ဒေသ၊ အကြောင်းတရား ပေါင်းစုံသည် "သူ့" အတွက် လောကဓမ္မအတွေးများ ဖြန့်ကြက်စေရန် အခြေခံကောင်းများ ဖြစ်နေလေပြီ။

"သူ"ဧည့်ခန်းတွင်းသို့ ဝင်လိုက်တော့ အမေနှင့်အတူ အမေ့ရှေ့ဧည့်ခန်းပြည့်မျှ သားသမီး၊ မြေးများ၊ တူ တူမလေးများ၊ 'ဘုစုခရု' ကလေးများ အားလုံး အမေနှင့် "သူ့"အား ကန်တော့ရန် နေရာယူပြီး နေလေပြီ။ "သူ"၏လက်မှ နာရီကို ကြည့်လိုက်တော့ (၁၀)နာရီ။

"သူ"၏အသိတွင် မလုံမလဲဖြစ်သွားသည်။ တကယ်စင်စစ် "သူ"တန်ဖိုးထား မြတ်နိုးသော 'လုပ်ငန်း'များအတွက် အချိန်ကို "သူ" အလေးထားဖို့ ကောင်းသည်။

"သူ"သည် "သူ"၏ အိပ်မက်လှလှလေးအား ဤလောက၌ တကယ့်အရှိတရားအဖြစ် ဖြစ်တည်လာရန် အားယူရင်း တွေးတော နေမိသည် မဟုတ်ပါလား။ ဤ"လိုအင်" ဤဆန္ဒသည် နှစ်လိုဖွယ် ကောင်း၏၊ ပိုင်ဆိုင်ဖွယ်ကောင်း၏၊ ဤနှစ်လိုဖွယ်၊ ပိုင်ဆိုင်ဖွယ် ကောင်းသော လောကတစ်ခုအတွက် "သူ"အချိန်ပေးတွေးမိလိုက်ခြင်းကြောင့် အခြားသောတစ်ဖက်တွင် 'အချိန်ကို မလေးစားသူ" တစ်ဦးဖြစ်သွား ခဲ့ရခြင်းအတွက် စိတ်ထိခိုက်မှုဖြစ်ရသည်ကတော့ အမှန်ပင်။

တဒင်္ဂကာလအတွင်း ကျယ်ပြန့်ရှည်လျားသော အတွေးများ၊ တစ်ခဏတစ်ခဏကာလ၊ တစ်စက္ကန့်ချင်း၏ အစိတ်အပိုင်း ကာလများ၌ပင် ပြေးလွှားဖြန့်ကြက်သွားခဲ့သော "သူ"၏စိတ်များကို "မမေ့ မလျော့သောသတိ"ဖြင့် ဆင်ခြင်လိုက်မိ၍သာ တော်ပေသေး၏။ ဤသို့ လျှင် "သူ" ခံယူလိုက်မိချိန်တွင် "အပ္ပမာဒ"တရား၏ ကြီးမားသော အဆုံးအမကို ပူဇော်မိလိုက်ပြန်သည်။

"သူ"၏မိခင်နှင့် "သူ"သည် ဆွေမျိုးသားချင်း 'ဘုစုခရု'ပေါင်းများစွာ၏ ကန်တော့ခြင်းကို ခံယူလိုက်သည်။ ဦးဆောင် ကန်တော့ သူက "သူ"၏ နှမဖြစ်သူ အေးမိစံနှင့် သူမ၏ခင်ပွန်းကျောင်းဆရာမြင့်စိုး ဖြစ်နေသည်။ ညီမလေးတို့ ဘယ်အချိန်က ရောက်လာကြပါ လိမ့်။

သူတို့ကို "သူ"မျှော်လင့်မထားခဲ့၊ ရေဝေး မြေဝေး ချင်းတောင်တန်းတွင် ရောက်နေသော မူလတန်းပြ ဆရာနှင့်ဆရာမ လင်မယားဖြစ်သည်။ သူတို့နှစ်ဦးလည်း ကျောင်းပိတ်ရက်တွင် မိခင်ထံသို့ အရောက်ပြေးလာခဲ့ကြခြင်း ဖြစ်မည်။ လောကဝတ်၊ ဓမ္မဝတ် ကျေပွန်အောင် သယ်ပိုးနေသော ညီမငယ်အတွက် "သူ" သာဓုခေါ်မိသည်။

"သူ"သည် အကန်တော့ခံရာမှ မိခင်နှင့် "သူ"အား ကန်တော့ပြီး ဦးမော့လိုက်ကြသော 'ဘုစုခရု'အားလုံးကို ခရေစေ့တွင်းကျမျှ စူးစိုက်ကြည့်မိသည်။ မရှိ ရှိသည့် အဝတ်အစားလေးများကို အကောင်းဆုံး၊ အသန့်ရှင်းဆုံးဝတ်ဆင်လျက်၊ တုပ်ကွရိုကျိုးစွာ ထိုင်နေကြသော ထိုထိုသော 'ဘုစုခရု'ကလေးအားလုံး၏ မျက်နှာများအား ညဦး အမှောင်ထုတွင် တဖျပ်ဖျပ်ဝင်းလက်နေသော ကြယ်လေးများအဖြစ် "သူ" မြင်လိုက်ခံစားလိုက်ရသည်။

ထိုစဉ် တစ်ခဏတွင်ပင် "သူ"၏ နှုတ်မှ "စာပေတတ်မြောက်သော၊ လိမ္မာကြသော၊ အချင်းချင်း ချစ်တတ်ခင်တတ်သော၊ တစ်ဦးကျေးဇူး တစ်ဦးသိတတ်သော၊ တစ်ဦးကို တစ်ဦးကူညီတတ်သော၊ စောင့်ရှောက်တတ်သော မြေးလေးတွေ၊ တူ၊ တူမလေးတွေ၊ ရင်နှစ်သည်းချာလေးတွေ ဖြစ်ကြပါစေ၊ လိုအင်ဆန္ဒများလည်း ပြည့်ဝကြပါစေ"ဟု ဆုပေးလိုက်မိသည်။

"သူ"၏စိတ်နှလုံး၌ ရှင်သန်နေဆဲ လောကအမြင်တွင် နက်ရှိုင်းသော သမုဒ္ဒယသည် ရှိနေပါ၏။

ဤသည်ကို "သူ"သိနေပါ၏၊ နားလည်နေပါ၏။ ဤသည်မှာ "သူ"အမြဲတွေးမြင်နေသော "သူ"၏ "လိုအင်"ဖြစ်သည်။

**"လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါဟူသမျှတို့သည် သံသရာရှည်သရွေ့ ပါရမီဖြည့်ရန် ရည်သန်လျက် ဆန္ဒပြင်းပြနေသည်ဖြစ်စေ၊ သံသရာ၏ ဒုက္ခဆင်းရဲခြင်း အရင်းအမြစ်ဖြစ်သည့် တဏှာ၏ကျေးကျွန်အဖြစ်မှ**





**ရုန်းထွက်လျက်၊ တဏှာကို အပြီးသတ် ပယ်သတ်ပြီး သန္တိသုခမင်းစိုလ်နိဗ္ဗာန်ကို အမြန်ဆုံး ရလိုရယူလိုသည်ဖြစ်စေ ထိုပုဂ္ဂိုလ်သတ္တဝါ၏ ဆန္ဒဆုံးဖြတ်ချက်နှင့် အလုပ်သည်သာ ပဓာန ဖြစ်မည်"ဆိုသည်ကို "သူ" မြင်မိ ခံယူမိပြီးသား ဖြစ်သည်။**

"သူ"သည်လောကငြိမ်းချမ်းမှုအတွက်၊ မျိုးဆက်အကျိုးသယ်ပိုးရင်း မြင့်မြတ်သူတို့၏ အမြင်ရှင်သန်မှုကိုသာ ကြီးမားစွာတောင့်တနေသူဖြစ်သည်။ "သူ"၏ "လိုအင်"အတွက် "ပါရမီ" ဖြည့်ကျင့်တည်ဆောက်ခြင်းတည်းဟူသော သံသရာခရီး၌ နစ်မျောနေသူသာ ဖြစ်သည်။

နေမွန်းလွဲစတွင်ပင် "သူ"၏ "ရေနံချောင်း" ရေနံမြေခရီးသည် အစပျိုးလိုက်နိုင်သည်။ အညာဒေသ၏ ဆောင်းဦးကာလတွင် တမာရိပ်၊ ထနောင်းရိပ်၊ ကုက္ကိုရိပ်တို့သည် မွန်းတည့်မွန်းလွဲ နေတို့၏ ပူရှိန်ဒဏ်ကို ဖယ်ရှားပစ်လိုက်သည်။ ချမ်းစိမ့်စိမ့်လေနုအေး၏ အရသာသည်ပင် ကားလမ်းခရီးတစ်လျှောက်လွှမ်းခြုံထားသည်။ ဤအရသာမျိုးကို မြို့ပြသဘာဝတွင် ရနိုင်မည်ဟု "သူ" မထင်။ ဖြန့်ကြက်ဝေ့ဝဲ တိုးဝင်လာသော ချမ်းစိမ့်စိမ့်လေနုအေးတွင်၊ ရုံဖန်ရုံခါ မွှေးရနံ့လွင့်ပျံ့ ပျော်ဝင်နေသည်။ ရုံဖန်ရုံခါတွင် ချွေးနံ့ သွေးနံ့ ယမ်းနံ့များ ပျော်ဝင်လွင့်ပျံ့ လာသည်ဟု "သူ"ခံစားနေမိသည်။ အမှန်စင်စစ် "သူ"၏ စိတ်နှလုံးသည် အတိတ်ပုဂံသို့ ရောက်သွားခြင်းကြောင့်လည်းဖြစ်သည်။ ရေနံမြေ၏ အတိတ်သမိုင်းကြောင်းအား ဖြတ်သန်းတွေးတောလိုက်မိခြင်းကြောင့်လည်း ဖြစ်သည်။

"သူ"၏ မော်တော်ယာဉ်လမ်းကြောင်းသည် ပုပ္ပားတောင်ဒေသတစ်ဝိုက်၊ မြေကြော၊ ရေကြော၊ လေကြော ဆက်စပ်နေသော မြန်မာတို့၏နှလုံးသားများ အစပျိုးရှင်သန်ရာ အတိတ်ပုဂံမြေအား ဖြတ်သန်းနေခြင်းကြောင့် ဖြစ်သည်။

အတိတ်မြန်မာတို့သည်လည်းကောင်း၊ "သူ"နှင့် "သူ"တို့မျိုးဆက်သည်လည်းကောင်း ကာမ၊ အတ္တ၊ ဓမ္မ၊ မောက္ခဆိုသည့် "လိုအင်"များစွာဖြင့် ရှင်သန်ရန်ကြိုးစားခဲ့ကြသော လူများသာ ဖြစ်ကြပါ၏၊ သို့သော် ထိုရှင်သန်နေသော "လိုအင်"တို့၌ ဗုဒ္ဓအဆုံးအမ

ကြီးမြတ်သော လူကျင့်ဝတ်၊ ရိုးရာယဉ်ကျေးမှုတို့ဖြင့် သန္တေတည် ရှင်သန်နေသော "လိုအင်"များသာ ဖြစ်ကြသည်။

"မြင့်မြတ်သောလူသား"တို့၏ သင်းရနံ့သည် နေရာအနှံ့၊ ဒေသအနှံ့သို့ ပျံ့လွင့်နေဦးမည်ဟု "သူ" ယုံကြည်ဆဲ။

ရေနံမြေ၏ အတိတ်သမိုင်းကြောင်းသည် "သူ"၏ အတွေးသို့ ပြေးဝင်လာပြန်သည်။ "အင်္ဂလိပ်နယ်ချဲ့တို့၏ အနှစ် ၁၀၀ ကျော်မျှ ဖိနှိပ်မှု၊ ကျွန်ပြုမှုအား နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုစသည့် နယ်ပယ်အသီးသီးတွင် နည်းမျိုးစုံဖြင့် ဆန့်ကျင် တွန်းလှန်ခဲ့ကြဖူးသည်။ လုံး၀ဥဿုံ ကျွန်ဘ၀ရောက်ပြီး ၃၆ နှစ် အကြာတွင် မြန်မာတို့၏မျိုးချစ်စိတ်အား အဆိပ်လောင်းဖျက်ဆီးရန် ကျွန်ပညာရေးစနစ်ကို စတင်အသက်သွင်းခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် ဗြိတိသျှနယ်ချဲ့သမားတို့မှ ပြဋ္ဌာန်းထားသော ဥပဒေကို ထိုနှစ် ဒီဇင်ဘာ ၅ ရက်နေ့၌ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် ကျောင်းသားများက ဆန့်ကျင်ကန့်ကွက် သပိတ်မှောက်ခဲ့ကြသည်။ ကြီးမားသော နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေး၏ ပွဲဦးထွက်တိုက်ပွဲဖြစ်ခဲ့သည်။ ပြည်သူတစ်ရပ်လုံး၏ ထောက်ခံအားပေးမှု၊ မျိုးချစ်နိုင်ငံရေးသမားများ၏ ဦးဆောင်မှုဖြင့် အမျိုးသားကျောင်းများ တည်ထောင်နိုင်ခဲ့ကြသည်။"

"သူ"၏ အတွေးသည် ရပ်တန့်မသွား။ "၁၃၀၀ ပြည့်နှစ် ဝန်းကျင်တွင် ကမ္ဘာပေါ်၌ စီးပွားရေးအကျပ်ရိုက် ကပ်ဆိုက်ခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့သမားသည် မြန်မာတို့အပေါ်မှ ကြီးမားသော အခွန်အတုပ်ဖြင့် သွေးစုပ်ရန် ဆောင်ရွက်ခဲ့ကြသည်။ မြေခွန်၊ လူခွန်၊ သဿမေခွန်များဒဏ်ကို မခံနိုင်သော ပြည်သူများ၊ တောင်သူလယ်သမားများသည် အခွန်အတုပ်လျှော့ပေါ့ရန် အရေးဆိုတိုက်ပွဲဝင်လျက် လက်နက်ကိုင်ပုန်ကန်ခဲ့ကြသည်။ သာယာဝတီနယ်မှ တောင်သူလယ်သမားတို့ စတင်တိုက်ပွဲဝင်ခဲ့သော ဆရာစံ ခေါင်းဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီးသည် တောမီးကဲ့သို့ နေရာအနှံ့ပြန့်လျက် မြန်မာတို့၏မျိုးချစ်စိတ်ကို တစ်ဆင့်မြှင့် ရင့်ကျက်စေခဲ့ဖူးသည်။ ဤအကြောင်းတရားတို့၏ အကျိုးဆက်ဖြင့် ၁၉၃၆ ခုနှစ်တွင် ဒုတိယအကြိမ် ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့သည်။





မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ ခရစ်သက္ကရာဇ် ၁၉၃၈ ခုနှစ်တွင်မူ ရေနံမြေအလုပ်သမားများ၊ တောင်သူလယ်သမားများနှင့် ကျောင်းသားများလှုပ်ရှားမှု ပေါင်းစုံခဲ့သော ၁၃၀၀ ပြည့်နှစ် အရေး တော်ပုံကြီးသည် ဗြိတိသျှတို့၏ ကိုလိုနီယန္တရားကို တုန်ခါစေခဲ့သည်။ နယ်ချဲ့သမား၏ ဖိနှိပ်ရက်စက်မှုတို့က မြင့်မားဆဲ။

အို. . . အဘိုးတို့ အဘွားတို့ အဖေတို့ အမေတို့ ဖြတ်သန်းချိန် တစ်ခေတ်က ချွေးနံ့၊ သွေးနံ့၊ ယမ်းနံ့များပါလားဟု လွမ်းမောစွာ တွေးလိုက်ရင်း "သူ"၏ မိခင်သို့ စောင်းငဲ့၍ တစ်ချက်ကြည့်လိုက်မိသည်။ အမေကတော့ သတိပဋ္ဌာန် တရားဖြင့် နစ်မျောနေသည်ဟု ထင်သည်။

ကားမောင်းရင်းကပင် "သူ"၏ စိတ်အာရုံ၌ 'ဘုစုခရု'လေး များသည် ကွင်းကွင်းကွက်ကွက်ဝင်လာပြန်သည်။ ကမ္ဘာအနှံ့ ဤကဲ့သို့ 'ဘုစုခရုလေး သန်းပေါင်းများစွာသည် ဘ၀တစ်ခုဖြင့် ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုးကို ဖြတ်သန်းရန် တာစူနေကြလေပြီ။ သူတို့၏ အမြင်များစွာ၊ ဘ၀များစွာသည်လည်းကောင်း သူတို့ဘ၀များ၏ အကောင်းအဆိုးများ ပြဋ္ဌာန်းမှုများသည် မျက်မှောက်ဘ၀များ၊ မျက်မှောက် ကာလ၊ အမိအဖ ဆိုသူများ၊ ဆရာဆရာမဆိုသူများ၊ "သူ"တို့ မျိုးဆက်များ၊ သက်ဆိုင်ရာ နိုင်ငံအသီးသီး၊ ဒေသအသီးသီးရှိ ခေါင်းဆောင်မှု ပြုနေကြသော ပုဂ္ဂိုလ်များ၏ စိတ်စေတနာပြဋ္ဌာန်းမှု များပေါ်တွင် အခြေပြုရှင်သန် နေခြင်း ဖြစ်သည်ဆိုသည်ကတော့ အမှန်ပင်။

ထောင်စုသစ်၏ အရုဏ်ဦးသည် ပကတိငြိမ်းချမ်းသာယာ လှပစွာ ရှင်သန်လာ[illegible]ကောင်း၏ဟု "သူ" တွေးဖူးသည်။ "လောက သဘာ၀နိယာမသည် ပကတိသန့်စင်ကြယ်လင်ချမ်းမြေ့လှပနေပါ၏။ သည်လောက် နှစ်လိုဖွယ်ကောင်းသည့် လောက၊ ဒီလောက်မြတ်နိုး ကြင်နာဖွယ်ကောင်းသည့် "သူ" ရောက်နေသော ကမ္ဘာ၊ "သူ"ရှိနေသော မြန်မာကို မည်သည့်ပုဂ္ဂိုလ်များ၊ မည်သည့်အကြောင်း တရားတွေကများ အရုပ်ဆိုးအကျည်းတန်အောင်၊ ပူဆွေးတမ်းတလွမ်းမောစေအောင် **ယူကျုံးမရ ဒေါသ ဗျာပါဒတွေ၊ အာဃာတ အရောင်အမှောင်တွေ၊ ခက်ထန်သည့်ပေါက်ကွဲမှုတွေဖြင့် ဖန်တီးပစ်နေပါလိမ့်"ဟု၍ "သူ"**

တောက်ချတ်ချမိဖူးသည်။ မည်သို့ဆိုစေ ဤ 'ဘုစုခရု'မျိုးဆက် သန်းပေါင်းများစွာသည် မျက်မှောက်ခေတ်၊ မျက်မှောက်ကာလ၊ မျက်မှောက်ဘဝကို ဖြတ်သန်းလျက် ပုံဖော်မရနိုင်သော အနာဂတ်ကို ရင်ဆိုင်ကြရပေဦးမည်။

ယနေ့ခေတ်၊ ယနေ့ကာလကဲ့သို့ အပြောင်းအလဲ မြန်ဆန်လွန်းလှသော ဖြစ်စဉ်များ အတိတ်သမိုင်းတွင် မရှိခဲ့။ ထူးခြားသည်မှာ အပြောင်းအလဲ အဖြစ်အပျက်များသည် တိုင်းပြည်တစ်ပြည်၊ ဒေသတစ်ခုအတွင်း ကွက်၍သာ ပေါ်ပေါက်နေခြင်းမဟုတ်၊ ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာဖြင့် ဖြန့်ကြက်လျက် ပေါ်ပေါက်နေခြင်း၊ ဖြစ်ပျက်နေခြင်းနှင့်အတူ နက်ရှိုင်းသော၊ ကျယ်ဝန်းသော၊ ရှုပ်ထွေးသော အကြောင်းတရားများလည်း ရှိခဲ့သည်။ အနာဂတ်အလားအလာကို ပုံဖော်ကြည့်ဖို့ထက် ပစ္စုပ္ပန်၏ အခြေအနေအရပ်ရပ်ကို အကဲဖြတ်ပုံဖော်ဖို့ပင် ခက်သည်ဟု ပညာရှင်အချို့က ဆိုကြသည်။

"ဤသည်ကိုပင် မိမိတို့ဘဝ လူ့ဘောင်သမိုင်းကြောင်းတစ်လျှောက် ဖြစ်တည်ခဲ့သော၊ ရှင်သန်ခဲ့သော သင်ခန်းစာများ၊ အတွေ့အကြုံများ၊ တွေးခေါ်မြော်မြင်နိုင်စွမ်းမှုများဖြင့် ရှုထောင့်အမျိုးမျိုးမှ သန်ရာသန်ရာ အယူဝါဒ အယူအဆများ၊ လူမှုရေးအမြင်၊ စီးပွားရေးအမြင်များ၊ ဘာသာရေးအမြင်များဖြင့် ဝေဖန်ချက်ဆွဲလျက်ရှိကြသည်ကို "သူ" သတိပြုမိသည်။

"သူ" ကိုယ်တိုင်၌ပင် "သူ"၏ ဘဝတစ်ခု ဖြတ်သန်းချိန် အတွေ့အကြုံများ၊ ရှင်သန်လာသော အသိများမှ "သူ"၏ "လိုအင်"ကို ပုံဖော်ရန်ကြိုးစားနေခြင်း မဟုတ်ပါလား။ မည်သို့ဆိုစေ "သူ"နှင့် "သူ"တို့မျိုးဆက်၏ မဟာမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်ဖြင့် လောကအမြင် သည် လောကသားအားလုံးအတွက် ဖြစ်စေရမည်။ ဂလိုဘယ်လ်ဆိုသော "လိုအင်"များစွာ၏ ရှင်သန်မှုအရောင်အသွေးမျိုးစုံတွင် တင့်တယ်သော၊ ငြိမ်းချမ်းသော၊ လှပသောအရောင်ဖြင့် ထွန်းလင်းစေနိုင်ဦးမည်ဟု "သူ" ယုံကြည်ထားသည်။





## အပိုင်း (၁၁)

### မိမိကိုယ်ကို စောင့်ရှောက်ခြင်း

လမ်းကြောင်းတို့မည်သည် တစ်ဖြောင့်တည်း၊ တစ်သားတည်း အကွေ့အကောက် အနိမ့်အမြင့်ကင်းသော လမ်းကြောင်း ဟူ၍မရှိ။ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းဖြစ်စေ၊ ပုဂ္ဂိုလ်သတ္တဝါ သူသူငါငါ အားလုံး၏ ဘဝလမ်းကြောင်းများဖြစ်စေ ဤသို့သာတည်း။ ဤသည်ကား "လောက၏နိယာမတရား"ဖြစ်သည်။ "သူ"သည် တောင်စဉ်ရေမရ တွေးနေမိသည်။ မှန်သည် "သူ"၏ အတွေးများသည်ပင် ကုသိုလ်စိတ် ဖြစ်လိုက်၊ အကုသိုလ်စိတ်ဖြစ်လိုက်၊ မောဟတရားတို့ဖြင့် ငိုင်မြည်းတွေဝေနေလိုက်၊ တက်လိုက် ကျလိုက်ဖြင့်။ စိတ်အတွေးတို့ဆိုသည်ကတော့ 'သတိ'ဖြင့် ဖမ်းချုပ်မထားနိုင်သမျှ သွားလိုရာ သွားနေတတ်သည် မဟုတ်ပါလား။

ညို့ညို့မှိုင်းမှိုင်းပုပ္ပါးတောင်မကြီးနှင့် တောင်ကလပ်တို့သည် နီးလိုက်ဝေးလိုက်၊ ထနောင်းပင်တန်း၊ ထန်းတောအုပ်၊ ထန်းလျက်ဖိုတဲလေးများစွာ၊ အမြင်အာရုံတွင် ဖြတ်သန်းနေသည်။

"သူ"ကိုယ်တိုင်မောင်းနှင်နေသော ကားလေးသည်လည်း ကွေ့ခါကောက်ခါဖြင့် ယာဉ်ကြောတစ်လျှောက် တက်လိုက် ဆင်းလိုက်၊ ရေကျော်ချောင်းငယ်မြောင်းငယ်များကို ဖြတ်သန်းရင်း ဝွေးချိုသို့ ရောက်ခဲ့သည်။ ကားပေါ်တွင် ပါလာသော အမေ၊ "သူ"၏ ညီမနှင့် ၎င်း၏ခင်ပွန်းတို့ သုံးဦးအတွက် အပေ့ါအပါး၊ အလေးအပင် စွန့်နိုင်ရန် ခေတ္တနားလိုက်ကြသည်။

ငုံးကြော်၊ ခါကြော်၊ အာလူးကြော်၊ အကြော်စုံ၊ စလေဆီးသီး၊ အချဉ်ထုပ်မျိုးစုံ၊ သနပ်ခါးတုံး ရောင်းချသူများက ဝိုင်းဝိုင်းလည်၊ အားနာတတ်သော "သူ"၏ဗီဇအတွက် အတော်ပင်အခက်တွေ့ရမြဲ ဖြစ်သည်။ ရောင်းသူအားလုံးကျေနပ်သွားအောင် အနည်းအကျဉ်းစီ အမယ်စုံသိမ်းကြုံးဝယ်ရအောင်လည်း မလိုအပ်၊ ထိုသို့ဝယ်လောက် အောင်လည်း "သူ"၏ဘတ်ဂျက်ကို "သူ"မသုံးရဲ။

"သူ"သည် ပြုံးစေ့စေ့လုပ်ရင်း အနီးရှိ လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့မိတော့သည်။

ဝင်ပြီးခါမှ လက်ဖက်ရည် ကျဆိမ့်ကောင်းကောင်းမရမှာ စိုးရိမ်သွားသည်။ "သူ"၏ လောကတွင် ရိုးရိုးဖြစ်ကတတ်ဆန်း လက်ဖက်ရည်တော့ "သူ"လုံးဝမသောက်ချင်၊ ကျကျဆိမ့်ဆိမ့်ဖြင့် လျှာပေါ်တွင် ခါးသက်သက်လေးစွဲပြီး ကျန်ရစ်မှ၊ ပြီးတော့ လည်ချောင်းတွင် ချွဲပြစ်ပြစ်မကျန်ဘဲ ရှင်းရှင်းလေး ရှိတာမျိုးကိုမှ "သူ"ကကြိုက်သည်။ ဤအရသာမျိုးက၊ ရွှေမြို့တော်ရှိ ဆိုင်တိုင်းမှာပင် မရနိုင်။ စိတ်တိုင်းကျမှာကတစ်မျိုး၊ လပ်ကီးဆဲဗင်းမှာက တစ်ဖုံ၊ အခြားသော ဆိုင်ကြီးကြီး များတွင်လည်း အမျိုးမျိုး ရှိကြသည်။

မည်သို့ဆိုစေ လမ်းဘေးက လက်ဖက်ရည်ဆိုင်အချို့၌ပင် အဖျော်ဆရာကောင်းကောင်း၏ လက်ရာနှင့်တွေ့လျှင် "သူ"၏ 'လိုအင်'ပြည့်ဝနိုင်သည်။ "သူ"သည် ကျောက်ပန်းတောင်းတုန်းက ကျောက်ပန်းတောင်း ကျဆိမ့်ကို သောက်ခဲ့ရအကောင်းသားဟု နောင်တရလိုက်သေးသည်။ တကယ်တော့ လူ့ဆန္ဒ လူ့လိုအင် ဆိုတာက အခက်သားလား။ 'ကိုယ့်ဒုက္ခနဲ့ကိုယ်ပဲလေ'ဟု တွေးရင်း ငွေးချိုကျဆိမ့်ကို "သူ"တစ်ကျိုက်ကျိုက်လိုက်သည်။ မဆိုးပါ။

ရေနံမြေ၏ မြင်ကွင်းကို ယင်းချောင်းတံတားထိပ်မှ တနိုင်နိုင်မြင်နေရသည်။ လွမ်းမောဖွယ် အတိတ်မှ ပျိုမြစ်လန်းဆန်းမှုကို ငုံလင့်နေသည်ဟု "သူ"ခံစားတွေးမြင်လိုက်မိပြန်သည်။ ခေတ်မီဖွံ့ဖြိုး တိုးတက်မှုနှင့် တည်ဆောက်ရေးအခန်း ကဏ္ဍများစွာတွင် ချိတ်ဆက်မိရန် အားယူနေသော ရေနံချောင်းရေနံမြေသည်၊ ခေတ်ဟောင်း၏ အရိပ်တွင်





အိမ်မပ်မောကျနေဆဲပါလား။ နေရာအနှံ့ပျံ့ကြဲနေသော ရေနံမြေတွင် မောင်းတက်မောင်းတန်ကြီးများ၊ စင်ကြီးများ၊ ရေနံပိုက်လိုင်းဟောင်း များတွင် မောင်းများစွာသည် ငြိမ်သက်စွာ ငိုက်မြည်းနေဟန်ရှိသည်။ တရားသံဝေပွားနေ လေသလားဟုလည်း "သူ" ခံစားမိသေး၏။ အချို့ နေရာလေးများတွင် စမ်းတဝါးဝါးဖြင့် ပြေးသွားသော ပိုက်သစ်လေးများကို "သူ"သတိပြုမိသည်။

လူသားတို့၏ အာရုံတွင် ရှင်သန်မှုနှင့်လွယ်လွယ်ကူကူ ရှင်သန်မှုတို့က ပြဌာန်းလိုက်ချိန်တွင် 'သဘာဝအရင်းအမြစ်' တို့၏ အကျိုးပြုပံ့ပိုးနိုင်မှုစွမ်းအားသည် ရုံဖန်ရံခါပျက်စီးကျန်ရစ်တတ်သည်။ ရုံဖန်ရံခါတော့လည်းဥပေက္ခာပြုခံခဲ့ရတတ်သည်ကို "သူ"သတိပြုမိသည်။ လူတို့၏ လောဘသဏ္ဌာရနှင့် 'ဝွင်'တို့၏ သဘောသဘာဝသည် အကျည်းတန်လွန်းစွာဟု "သူ"မြင်ခဲ့ပြီဖြစ်သည်။

မည်သည့်နေရာ၊ မည်သည့်ဒေသ၊ မည်သည့်ဖြတ်သန်းချိန် မျိုးတွင်ဖြစ်စေ၊ "ပညာ"၏ အခန်းကဏ္ဍသည်လည်းကောင်း၊ "ဉာဏ်"၏ အခန်းကဏ္ဍသည်လည်းကောင်း၊ "သတိ"ဦးစီးမှုဖြင့် ပြဌာန်းရွေ့ဆောင်နိုင် ပါမှ လိုလားအပ်သော အကျိုးဖြစ်ထွန်းမှုသည် ပေါ်ပေါက်မြဲဖြစ်သည်ကို "သူ"နှလုံးသွင်း ခံစားလိုက်ရပြန်သည်။

မြေနီခင်ရပ်ကွက်ထိပ်ရှိ ဓမ္မာရုံလေးသည်လည်းကောင်း၊ သောက်ရေချမ်းစင် လေးသည်လည်းကောင်း ပုံစံမပြောင်း။ လွန်ခဲ့သော နှစ်လေးဆယ်ခန့်ကအတိုင်းရှိသည်။ လမ်းချိုးလမ်းကွေ့လေးများနှင့် ရေစီးမြောင်းလေးများ၊ ချောက်ကလေးများသည်ပင် မပြောင်းလဲပဲ၊ မြေနှင့် ကျောက်ရောရော လမ်းဟောင်းလေးအတိုင်းရှိနေဆဲဖြစ်သည်။ မည်သို့ဆိုစေ အဒေါ်အဖွား၊ ဦးမင်းသားချင်း၊ တူတူမများစွာတို့၏ မပြောင်းလဲသော စိတ်သဘောထား ဓလေ့စရိုက်နှင့် နှစ်လိုဖွယ် အတွေးတို့သည်လည်း ဤလမ်းအိုလမ်းဟောင်း အိမ်အိုအိမ်ဟောင်းများ၏ အငွေ့အသက်နှင့် အတူ ရှင်သန်နေခြင်းပင် "သူ"အတွက် စိတ်ချမ်းသာဖွယ် ဖြစ်နေလေပြီ။

မြို့ပြ၏ ကုန်စည်စီးဆင်းမှု၊ ရောင်းဝယ်မှုနှင့်အတူ ရေနံမြေ စက်မှုကုန်ကြမ်း၊ ကုန်ချော ထုတ်လုပ်မှုများသည် တီထွင်ကြံဆမှု

ပညာဖြင့် လှုပ်ရှားရုန်းကန်နေသည်ကို "သူ"သိမြင်ထားသည်။ လူ့သဘာဝ လူတို့၏ ဖန်တီးနိုင်မှုစွမ်းအားသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်မီဆန်းသစ်သော လူနေမှုပုံစံသို့ မလွဲမသွေချဉ်းနင်းဝင်ရောက်လာမည်ကတော့ အမှန်ပင်။

မည်သို့ဆိုစေ 'ရေနံမြေ' တည်းဟူသော မြန်မာတို့၏ တင့်တယ်လှပခဲ့သော အရပ်၊ သမိုင်းကြောင်းတွင် ထင်ရှားပုံကြွားခဲ့သော ဒေသတွင် "သူ"တန်ဖိုးထားမြတ်နိုးသော "သူ"၏မိသားစု၊ "သူ"၏ ဘဝမိတ်ဆွေ၊ မမွေးမိတ်ဆွေ၊ သံသရာခရီးဖော်တို့ဖြင့် တစ်ခဏ ဖြတ်သန်းချိန်တန်ဖိုးကို "သူ"အမိအရ မြင့်တင်ရယူနိုင်ပေဦးတော့မည်။

ရေနံချေးဟောင်းတို့ဖြင့် အထပ်ထပ်ခြယ်မှုန်းထားသော အဘိုး၊ အဘွားတို့ လက်ထက်၊ နီမာ၏ အဖေအမေတို့လက်ထက် နှစ်တစ်ရာမျှ ရှင်သန်ခဲ့သော အိမ်ကြီးသည် "ရွှေဘိုသနပ်ခါးကို အကျအနထူထူထည်းထည်း လိမ်းထားသော ချစ်စဖွယ် အဖွားအိုကြီးနှင့်ပင်တူနေသေး"ဟု တွေးရင်း စောင့်ကြိုနေသော သားချင်းများနှင့် အတူ နှစ်ထပ်အိမ်မြင့်ကြီးပေါ်သို့ "သူ"တက်ခဲ့သည်။

ခန်းလုံးပြည့်မျှရှိနေသော သားချင်းဆွေမျိုးတို့၏ နွေးထွေးကြည်လင် သန့်စင်သော မေတ္တာတရားတို့သည် ဝန်းကျင်သို့ပင် ဖိတ်စင်ဖြာကျနေသည်ဟု "သူ"ထင်သည်။ သူနှင့် 'နီမာ'တို့၏ ဦးလေးများ၊ အဒေါ်များ၊ မွေးချင်းမောင်နှမများ၊ တူ တူမလေးများ၊ ထို့အပြင် "သူ" တို့နှင့်အတူ တွဲပါလာသော 'ဘုစုခရု'ခလေးများ၊ များစွာဖြစ်သည်။ 'နီမာ'၏ ဖခင်ရော မိခင်ပါမရှိကြတော့၊ ကွယ်လွန်ခဲ့ကြပြီဖြစ်သည်။ သို့သော် ဖခင်ဖြစ်သူ 'ဘဘလေး'နှင့် မိခင်ဖြစ်သူ 'အမေဖီ'တို့၏ နက်ရှိုင်းကျယ်ပြန့်သော စိတ်သဘောထားအငွေ့ အသက်တို့သည် 'အမွေကောင်း'များအဖြစ် ရှင်သန်ဆဲဖြစ်သည်။

မြန်မာမှု၏ ဓလေ့စရိုက်တွင်၊ အချိန်ကြာမြင့်စွာ ခွဲခွာနေကြသော၊ ခွဲခွာသွားကြသော သားချင်းဆွေမျိုး တစ်ဦးဦးဖြစ်စေ၊ မိသားစု အလိုက်ဖြစ်စေ ဇာတိချက်မြုပ်သို့ ရောက်လာချိန်တိုင်း ဝိုင်းဝိုင်းလည် ရှိဆိုတတ်၊ သာကြောင်းမာကြောင်း မေးတတ်မြန်းတတ်ပြီး မုဒိတာ





ပွားစရာရှိက မုဒိတာပွားကြလျက်၊ ကြေကွဲဝမ်းနည်းဖွယ်ရှိတလည်း မျှဝေခံစားတတ်ကြမြဲ မဟုတ်ပါလား။

'အို ချစ်စရာကောင်းသည့် မြန်မာမှု၊ မြတ်နိုးဖွယ်ကောင်းသည့် မြန်မာမှု'။

ဤမြန်မာမှုကိုပင် ဂလိုဘယ်ပြုရန် 'သူ'ဆန္ဒစောနေခြင်း ဖြစ်သည်။

"သူ"သည် "သူ"၏ ယုယသော ပီတိပြုံးဖြင့် တစ်ဆွေမျိုးလုံးကို သိမ်းကြုံးပွေ့ဖက် ပစ်လိုက်သည်။ "သူ"တို့အားလုံးသည် "သူ"တို့၏ ဘဝတစ်ခုချင်းကိုသာမက၊ မျိုးဆက်တစ်ခုလုံး ၏ ဘဝတစ်ခုချင်းရော၊ လောကသားအားလုံး၏ ဘဝများစွာကိုပါ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် ဖြန့်ကြက်၍ ချစ်တတ်သူများ၊ မရှောင်လွှဲသာသော ဖြတ်သန်းချိန် ဝေဒနာများစွာကို ဥပေက္ခာတရားဖြင့် အားထုတ်ကြိုးပမ်း၍ နှလုံးသွင်းတတ်သူများ ဖြစ်နေလေပြီ။

ဤတွင် "မိမိကိုယ်ကို စောင့်ရှောက်ခြင်း"တည်းဟူသော အတွေးသည် "သူ့"စိတ်"သူ့" နှလုံးသားတွင် ပီပြင်စွာ ထင်ဟပ်လာသည်။

မိခင်တိုင်း၊ ဖခင်တိုင်းသည် ကိုယ်ဝန်ဆောင်မိခင်ဘဝကတည်းက ရင်မှ ဖြစ်သော သွေးကို ကြင်နာစွာ စောင့်ရှောက်ကြမြဲ အပူအအေး၊ အစပ်အငန်၊ အချို အချဉ်မျှတစွာဖြင့် ကျင့်ကြံလျက် ရင်သွေး၏ ကျန်းမာမှုနှင့် သက်သာချမ်းမြေ့မှုအတွက် နေထိုင်မှုမှ အစ မိမိ၏ ဆန္ဒလိုအင်ထက်၊ ဝမ်း၌လွယ်ထားကြသည့် ရင်သွေးအတွက် အရာရာဦးစားပေးစောင့်ရှောက်ကြမြဲဖြစ်သည်။

**မြန်မာမှုတွင်တော့ အမိအဖ၊ သားသမီး၊ ဆရာသမားတပည့်တို့၏ ကျင့်ဝတ်များဖြင့် မြန်မာတို့၏ စိတ်နှလုံးကို ဖော်ကျူးလိုက်နာကြမြဲဖြစ်သည်။ ဤကျင့်ဝတ် တို့ကို လိုက်နာခြင်းသည်ပင် မိမိကိုယ်ကို မိမိစောင့်ရှောက်ကြခြင်းဖြစ်သည်။**

ဤသို့စောင့်ရှောက်ခြင်းဖြင့် လူသားတစ်ဦးချင်း၏ ဘဝသည် လည်းကောင်း၊ မိသားစု တစ်စုချင်း၏ ဘဝများသည် လည်းကောင်း၊ လူမျိုးတစ်မျိုးချင်းမှ လောကလူသား အားလုံး၏ ဘဝများသည်

လည်းကောင်း ငြိမ်းချမ်းသာယာ၊ ဖွံ့ဖြိုးလာနိုင်သည်ဟု "သူ"သည် စိတ်ကူးယဉ်ပုံဖော်ခံစားလိုက်မိပြန်သည်။

ဤကျင့်ဝတ် ဤဓလေ့ထုံးတမ်းနှင့် ဤအစဉ်အလာကောင်းများသည် အထင်ကရ ရှင်သန်နေသည်ဟု "သူ"မြင်တွေ့နေရဆဲဖြစ်သည်။ ဒီတော့လည်း လောကသားအားလုံးအတွက် "သူ"အားတက်မိပြန်သည်။

သို့သော် ခေတ်တွေ အမျိုးမျိုးပြောင်းခဲ့လေပြီ၊ စနစ်အမျိုးမျိုးဖော်ဆောင်၍ ဤလူ့ဘောင်သည်လည်းကောင်း၊ နိုင်ငံအသီးသီး၊ ဒေသအသီးသီးရှိ လူမျိုးများစွာ၊ နိုင်ငံများစွာတို့သည် လည်းကောင်း အဆိုးများစွာကို ကြုံတွေ့ဖြတ်သန်းခဲ့ရပြီး၊ ဖြတ်သန်းဆဲလည်းဖြစ်သည်။

**လူသား တစ်ဦး၏ ပဋိသန္ဓေဘဝမှ တစ်ဘဝနိဂုံးချုပ် ချိန်အထိ လုံခြုံမှု ကောင်းမွန်စွာ ရှင်သန်ခွင့်ရမှုသည် လူ့စိတ် လူ့နှလုံးသားများ၏ ကျင့်ဝတ်နီတိ၊ လူမှု ပဋိညာဉ်များနှင့် ဥပဒေစည်းမျဉ်း စည်းကမ်းများ ဖွံ့ဖြိုးခိုင်မာမှု ဖြန့်ကြက်အသုံးဝင်မှုအပေါ် တည်မှီနေသည်။**

ပညာခေတ်၏ လောကအမြင်သည် ဘယ်ကိုလဲ၊ ဘယ်လိုလဲ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ အခန်းကဏ္ဍသည် ဘယ်ကိုလဲ ဘယ်လိုလဲ။ မြန်မာမျိုးဆက်တို့အား မြန်မာတို့နှင့် ဤလောကသားတို့အတွက် ရှေ့တန်းတင် ပြဌာန်းပေးနိုင်စွမ်းမှုသည် အရေးပါလှပါလားဟု "သူ" တွေးမြင်ခံစားလိုက်မိချိန်တွင်မူ၊ နေဝင်ရိုးရီအချိန်ပင် ရောက်နေလေပြီ။ နီမာနှင့် မိသားစု အိမ်ရှင်အားလုံးကတော့ ဧည့်သည်များအားလုံးအတွက် စားသောက်ဖွယ်တို့ပြင်ဆင်ဆဲ။

× × × × ×





အ ပိုင်း (၁၂)

## ကောင်းမွေဆိုးမွေအထွေထွေ

မိမိကိုယ်ကိုစောင့်ရှောက်ခြင်းတည်းဟူသော အကြောင်းတရားသည် "သူ"၏ စိတ်နှလုံးတွင် နက်ရှိုင်းကျယ်ပြန့်စွာလှုပ်ရှားနေသည်။ ဤနေရာ ဤဒေသ ဤမိသားစုများသည် အနိမ့်ဆုံးမိရိုးဖလာဗုဒ္ဓဘာသာဝင်များအဖြစ်ဖြင့် အကုသိုလ်ကင်းသော ဘဝ၏ရှင်သန်မှုကို တစ်စိုက်မတ်မတ်နှလုံးသွင်းကျင့်ကြံအားထုတ်ရင်း မိမိကိုယ်ကိုစောင့်ရှောက် ခဲ့သူများဖြစ်ကြသည်မှာ အမှန်ပင်ဖြစ်သည်။

လူတို့အားလုံးသည်လည်းကောင်း၊ မိသာစုအလိုက်သည်လည်းကောင်း၊ တစ်ဦးချင်းသည်လည်းကောင်း ချမ်းသာကြွယ်ဝ လွန်းကြသူများတော့လည်း မဟုတ်ကြ။ ထူးထူးခြားခြားထွန်းထွန်းပေါက်ပေါက် စီးပွားဖြစ်သူအချို့လည်းပါကြသည်။ အချို့ဆွေမျိုးသားချင်းထဲမှ လူငယ်များပြည်ပတွင် ပညာသင်ကြ၊ အလုပ်လုပ်နေနိုင်ကြပြီးဖြစ်သော မိသားစုများလည်းပါသည်။ အများစုမှာ ယခင်တစ်ခေတ်က တွင်းနိုးတွင်းစားမျိုးနွယ်စုများဖြစ်ကြသည်။ ခေတ်အခေါ်အရ "အထည်ကြီးပျက်များ" ဟုဆိုဖြားအံ့ မှားမည်မထင်။

သို့သော်ထူးခြားသည်၊ ဤထူးခြားချက်မှာ သာမာန်မဟုတ်နက်နဲ ကျယ်ပြန့်သည်။ ထိုထိုသော "အထည်ကြီးပျက်များ"ဟု ကင်ပွန်းတပ်ရမည့် မျိုးဆက်အုပ်စုအားလုံး၏ အတွေးအမြင်တို့သည် လွတ်လွတ်ကင်းကင်းအရောင်အရိပ်မရှိကြည်လင်တောက်ပ နေခြင်းပင်ဖြစ်သည်။

တကယ်စင်စစ်အကြောင်းအမျိုးမျိုးကြောင့် အထည်ကြီးပျက်အဖြစ်ရောက်ကြရသော ပုဂ္ဂိုလ်များ မိသားစုများသည် သိမ်ငယ်စိတ်များ ( Inferiority complex )ဖြင့်ဖြစ်စေ၊ ဘဝင်မြင့်စိတ်များ( Superiority complex) ဖြင့်ဖြစ်စေ အစွန်းတစ်ဘက်ဘက်သို့ ရောက်နေတတ်ကြသည်ကို "သူ" သတိပြုတွေ့မိဖူးသည်။

ဤတွင်းရိုးတွင်းစားမျိုးနွယ်စုတို့တွင်ကား ထိုထိုသော အတွေးအမြင်မျိုး စိတ်ဝေဒနာမျိုးစိုးစဉ်းမျှမတွေ့ရ၊ "အင်းလေ . . . အားလုံးကဖြင့် တရားနှလုံးသွင်းပြီး တရားသိရုံမက၊ တရားရှိနေကြ၍သာဖြစ်မည်"ဟု "သူ"ကောက်ချက်ချလိုက်မိသည်။

"သူ"သည် ဧည့်ခန်းဆောင်အား ဖြတ်လျက် အရှေ့ဘက်ဝရံတာသို့ လျှောက်လှမ်းလာခဲ့သည်။ ဤအိမ်ဟောင်းကြီးနှင့် ဤအိမ်ကြီး၏ သမိုင်းကြောင်းသည် "သူ"နှင့်ကျွမ်းဝင်ပြီးဖြစ်သည်။ သမိုင်းကြောင်းရှိခဲ့သော အိမ်ကြီးဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး ကာလ၊ ၁၃၀၀ ပြည့်နှစ်၏ အခြေခံအုတ်တစ်ချပ်လည်းဖြစ်ခဲ့ဖူးသည်။ ဖက်စစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေးကာလတွင် မဟာမိတ်တို့နှင့် သခင်တို့ပေါင်းစည်းခဲ့ရာ ကွန်းရိပ်လည်းဖြစ်ခဲ့ဖူးသည်။ ဗြိတိသျှနယ်ချဲ့အား နိုင်ငံရေးနှင့် စစ်ရေးပြင်ဆင်မှုတို့ဖြင့် ထိုးနှက်လျက်လွတ်လပ်ရေးတောင်းဆိုချိန်ကာလတွင် သွေးသစ်တို့စီးဆင်းဖြတ်သန်းရာ လက်တက်တစ်ခုလည်းဖြစ်ခဲ့သည်။

စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ လှပသောခေတ်မီသော မြို့ပြအဖြစ် ထည်ဝါစွာရှိခဲ့သော ဤရေနံမြေကို၊ ဝရံတာမှ "သူ"ငေးမောကြည့်လိုက်မိချိန်တွင်မူ စနေနံဘုရားကိုလည်းကောင်း၊ အပြန့်ကျယ်စွာဖြင့် ငြိမ်းချမ်းငြိမ်သက်စွာ စီးဆင်းနေသော ဧရာဝတီအားလည်းကောင်း "သူ"၏အတွေးတွင် မြင်တွေ့နေရသည်။ ဧရာဝတီမြစ်ရေသည် နီရောင်မြာရောင်၊ ရွှေရောင်တို့ဖြင့် ခေတ်ကာလများစွာ၏ ပြယုဂ်အဖြစ်





သန်းချီနှစ်များကို ဖြတ်သန်းစီးဆင်းခဲ့သည်။ "လူတစ်ဦးချင်းစီ၏ ဖြစ်စဉ်ဖြစ်ရပ်တို့သည် လည်းကောင်း၊ မိသားစုတစ်စုချင်း၊ မြို့ပြဒေသ နိုင်ငံတစ်ခုချင်းစီ၏ ဖြစ်စဉ်ဖြစ်ရပ်သမိုင်းကြောင်းသည်လည်းကောင်း စိတ်ကူးယဉ်ရေးသား၍ရနိုင်သော အကြောင်းအရာများမဟုတ်၊ ပကတိအရှိတရားများအပေါ် အခြေခံလျက် ရှေ့နောက် ညီညွတ်စွာဖြင့် သစ္စာတည်ပေါက်ဖွားဖြစ်တည်နေကြခြင်းများဖြစ်သည်"ဟု "သူ"ခံစားတွေးတောလိုက်မိပြန်သည်။

"သူ"သည် မြန်မာ့လူ့ဘောင်သမိုင်း၏ ဖြစ်စဉ်ဖြစ်ရပ်များအား နောင်လာနောင်သားမျိုးဆက်များတို့၏ စိတ်နှလုံးတွင် "အကောင်းအဆိုးအဖြစ်မမြင်၊ အပြစ်မတင်တတ်ပဲ၊ အကောင်းဆုံးသင်ခန်းစာများနှင့် အဖိုးတန်သော အမွေခံပစ္စည်း"အဖြစ် ပေးဆပ်ရှင်သန်စေနိုင်ရန် အာသီသပြင်းပြနေမိသည်။

လူ့ဘောင်သမိုင်းတစ်လျှောက် ကောင်းမွေများလည်းရှိမည်။ ဆိုးမွေများလည်းရှိမည်၊ ထို့အတူမြန်မာ့လူ့ဘောင် အဖွဲ့အစည်းအတွင်း၌လည်း ကောင်းမွေဆိုးမွေများရှိကြမည်။ ကာလ၊ ဒေသ၊ ပရောဂ ဆိုသည်တို့ မကင်းနိုင်သော ဖြတ်သန်းချိန်တိုင်းတွင် ကာလ၊ ဒေသ၊ ပရောဂအားဖြင့် အမှန်အမှားများရှိကြမည်။

"အရာအားလုံးကို ကျေနပ်စွာဖြင့် လက်ခံလိုက်ခြင်းဖြင့် အကောင်းများဖန်တီးနိုင်စွမ်းမှုအတွက် အင်အားနှင့် စွမ်းရည်များဖြစ်တည်လာမည်"ဟု "သူ"ကလက်ခံယုံကြည်ထားသည်။ အမှားများကို ရှာဖွေဖော်ထုတ်၍ အမှန်ပြင်နိုင်ရေးသည်သာ ပဓာနကျသည်။ အကျိုးရှိမည်မဟုတ်ပါလား။

အညာဆောင်း၏ နေဝန်းနီကြီးသည် အဆောတလျင်ပင် နှုတ်ဆက်၍ ပျောက်ကွယ်လုနီးနီးရှိနေလေပြီ။ ချမ်းစိမ့်စိမ့် အရသာကို ခံစားရင်း မျက်နှာမူမိသော အနောက်ဘက်ဆီသို့ မျှော်မှန်းငေးမောတွေးတောလိုက်ချိန်တွင် ထောင်စုသစ်၏ အရုဏ်ဦးသည် "သူ့"စိတ်နှလုံးအတွင်းချဉ်းနင်းဝင်ရောက်လာပြန်သည်။ ဒီအချိန်ဆို အနောက်ဥရောပဘက်မှာတော့ အရုဏ်တက်ချိန်ရောက်လောက်ပြီပေါ့။ တမ္ဘာ့

အနောက်ခြမ်း "လူ"သားတို့ နိုးထချိန်ရောက်လုပြီဖြစ်မည်။ ဥရောပ အရှေ့အနောက်၊ အာဖရိက၊ ကမ္ဘာ့တိုက်ကြီးများ၊ ကျွန်းများအနှံ့ ရှင်သန်မှုအတွက် ရုန်းကန်လှုပ်ရှားနေကြသော လူသားတွေ။ "လူ"သားအားလုံး၏ ဘဝတစ်ခုချင်း ဖြတ်သန်းချိန်ကာလတန်ဖိုးများကျက်စားရာ၊ "ပညာ"နှင့် "ဉာဏ်"၏ ပြဋ္ဌာန်းမှုကို "သူ"ပီတိဖြင့်ခံစားနေမိပြန်သည်။

သတ္တလောကထဲမှ လူသားသည် သဘာဝပတ်ဝန်းကျင်နှင့် ကြေဝဌာအား စူးစမ်းရင်း ရှာဖွေရင်း သုတေသနပြုရင်းဖြင့် ရှင်သန်လာခဲ့ကြသည်မှာ "မြင့်မြတ်သောလူသား"ဆိုသည့် အခန်းကဏ္ဍကို အခိုင်အခန့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးပြီ။

အတွေးအခေါ် ပညာရှင်များ၊ ပါရမီရှင်များ ထွန်းကားခဲ့ရာ ဤလူ့ဘောင်၏ ငြိမ်းချမ်းမှု၊ သာယာတိုးတက်ဖွံ့ဖြိုးမှုကို မည်သည့်အကြောင်းတရားတွေက ဟန့်တားနှောင့်ယှက် ဖျက်ဆီးနေကြပါလိမ့်"ဟု တွေးလိုက်မိပြန်သည်၏ တစ်ခဏတွင် "သူ"၏ စိတ်နှလုံးသို့ မဝေးကွာလှသော ရာစုခေတ်တစ်ခေတ်၏ဖြစ်စဉ်များသည် အစီအရီ ဝင်ရောက်လာပြန်သည်။

သမိုင်းမှတ်တမ်းများအရ ၂၀ ရာစု၏ အစဦးကာလတွင် ပထမကမ္ဘာစစ်ကြီးဖြစ်ခဲ့ဖူးသည်။ ၁၈၇၃ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်ခဲ့သည်။ ဥရောပတွင် ဗြိတိသျှတို့ စီးပွားပျက်၊ ကျဆင်းချိန် အမေရိကန်နှင့် ဂျာမနီတို့ဈေးကွက်အပြိုင်ရှာကြသည်။ ထိုစဉ်က ပြည်တွင်းစစ်အဆုံးသတ်နိုင်၍ အမေရိကန်တို့သည် အားသစ်ပြည့်ဖြိုးချိန်ဖြစ်သည်။ ဂျာမနီသည်လည်း ပြင်သစ်-ဂျာမန် စစ်ပွဲအား အောင်ပွဲခံရယူချိန်၊ ကမ္ဘာ့စီးပွားရေးသို့ ထိုးဖောက်ဝင်ရောက်ချိန်၊ ကိုလိုနီနယ်ပယ်ချဲ့ထွင်ကြရင်း အမေရိကန်နှင့် ဂျာမနီတို့ ထိပ်တိုက်ရင်ဆိုင်သော အင်အားကြီးနှစ်နိုင်ငံဖြစ်ခဲ့ဖူးသည်။ ထိုစဉ်အခါက အနှစ် ၃၀ ကြာ စစ်ပွဲကြီးသည် ခါးသီးရွံရှာဖွယ်အနိဋ္ဌာရုံများစွာကို အလွယ်တကူပင် ဖန်တီးပေး လိုက်ခဲ့သည် မဟုတ်ပါလား။

၁၉၃၃ ခုနှစ်တွင် နာဇီပါတီသည် ဂျာမနီတွင် အာဏာရလာလေပြီ။ တန်ခိုးအာဏာပြိုင်ဆိုင်မှုသည်၊ အိုင်ဒီအိုလိုဂျီဘက်သို့ ယိမ်း၍





တိမ်း၍ပြလာခဲ့ကြပြန်သည်။ ဤတွင် ဂျာမနီတို့၏ကမ္ဘာလုံးဆိုင်ရာ အင်ပါယာကြီးထူထောင်ရန်အထိ ဖြစ်လာခဲ့ ဖူးသည်။ ကြွေးကြော်သံကိုက "အနှစ်တစ်ထောင်အင်ပါယာ"တဲ့။

အံ့သြဖို့တော့ကောင်းသည်၊ သင်ခန်းစာယူဖို့လည်း ကောင်းပေစွဟု "သူ"တွေးလိုက်မိသည်၊ ဘယ်လောက်များခံခဲ့ပါသနည်း၊ ဘယ်လောက်ကျယ်ကျယ်အင်ပါယာချဲ့နိုင်ခဲ့ပါသနည်း။

ထိုစဉ်က ယနေ့စူပါပါဝါအမေရိကန်သည် နာဇီတို့၏ အင်ပါယာစီမံကိန်းအား ဒီမိုကရေစီ အိုင်ဒီအိုလိုဂျီဖြင့် ခုခံယှဉ်ပြိုင်တိုက်ပွဲဝင်ခဲ့သည်။ "လွတ်လပ်မှုလေးမျိုး"ကြွေးကြော်သံဖြစ်သည့် သမ္မတ "ဖရန်ကလင်ရုစဗဲ့"၏ မီးမောင်းသည် တောက်ပခဲ့ ဖူးသည်။

ဒီမိုကရေစီရေးကြွေးကြော်နေသော အမေရိကန်နှင့် ဆိုဗီယက်ကွန်မြူနစ်တို့ ပေါင်းစည်းဦးဆောင်သော မဟာမိတ်တို့နှင့် ဖက်ဆစ်ဝန်ရိုးတန်းသုံးနိုင်ငံတို့ အပြိုင်နွှဲခဲ့ကြသော စစ်ပွဲကြီးကားမဝေးကွာလှသေး။ "သူ"နှင့် "သူ"တို့မျိုးဆက် "လူ"ဖြစ်စအချိန်ကဖြစ်သည်။

မည်သို့ဆိုစေ၊ ဤစစ်ပွဲကြီးနှင့် နောက်ဆက်တွဲကာလ ဖြတ်သန်းချိန်ကပင် လွတ်လပ်သော အမျိုးသားနိုင်ငံများစွာပြန်လည်ရှင်သန်ခွင့်ရခဲ့လေပြီ။ အတ္တလန်တိတ်တစ်ဘက်ကမ်းမှ အမေရိကန်ပြည်ထောင်စုသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ်လည်းကောင်း၊ စစ်ဒဏ်ကို အလူးအလဲခံခဲ့ရသော ဆိုဗီယက်ပြည်ထောင်စုသည် စစ်အင်အားကြီးနိုင်ငံတစ်နိုင်ငံအနေဖြင့်လည်းကောင်း ဖြစ်တည်လာခဲ့ခြင်းသည်ပင် ကမ္ဘာ့လူသားများအား အိုင်ဒီအိုလိုဂျီပြိုင်ပွဲနှင့် စစ်အေးကာလတည်းဟူသော ဖြတ်သန်းချိန်ကို ငေးမောစဉ်းစားပါဝင်လှုပ်ရှားစေခဲ့ပြန်သည်။

အဓိက ဇာတ်ဆောင်ဇာတ်လိုက်ကြီးများကတော့ "ယော်လတာဆွေးနွေးပွဲ"ဇာတ်ခုံပေါ်တွင် ကပြသွားကြသော "ရုစဗဲ့"၊ "ချာချီ"နှင့် "စတာလင်"တို့ဖြစ်ကြသည်။ "သူ"သည် ထိုထိုသော ဇာတ်ဆောင်ကြီးများ၏ ပုံများကိုတွေးမြင်နေမိသည်။ ထူးခြားသော သမိုင်း၏အကျိုးဆက်သည် ပါဝါနယ်နိမိတ်ကြီး ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

" Oder Neisse Line "သည် အရှေ့ခြမ်း၊ အနောက်ခြမ်းတို့တွင် သြဇာထူထောင်ပိုင်ခွင့်နှင့် မကျူးကျော်ရေးဟု ဆိုသည်၊ စစ်အေးကာလ၏ အနှစ်သာရကား ထူးဆန်းသလို ရှိပါ၏၊ ဝှက်ဖဲများစွာရှိနေကြသည် မဟုတ်ပါလား။ အာရှစစ်မျက်နှာတွင် ကိုရီးယားကျွန်းဆွယ်သည် နှစ်ပိုင်းပြတ်ကျန်ရစ်လျက်၊ စစ်ရှုံးဂျပန် နိုင်ငံသည် အမေရိကန်အရိပ်တွင် ဖွံ့ဖြိုးမှုအတွက် ရုန်းကန်ဆဲ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အာရှနိုင်ငံများစွာလည်း အမျိုးသား လွတ်မြောက်ရေး နိုင်ငံလွတ်မြောက်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြရဆဲ။ ဤကာလကို "သူ"နှင့် "သူ"တို့မျိုးဆက်၏ အမိအဖ၊ အဘိုး အဘွားတို့ အသက် သွေး ချွေးများစွာ ပေးဆပ်လျက် တာဝန်ကျေစွာ ဖြတ်သန်းခဲ့ကြပြီးလေပြီ။

× × × × ×





အ ပိုင်း (၁၃)

## စိတ်စေတသိက်၊ ဇောတို့ဖြန့်ကြက်ရာ

ငှါညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ မင့်မျက်ခြယ်သည်
လေးဆယ့်ရှစ်ခု၊ ပြည်ထောင်စုတွင်
ဖွားသန့်စင်၍
သခင်ဘဝ၊ မျက်ချင်းရသည်
ဖွားစဆင်သင့်၊ လွယ်လွယ်နှင့်။

မင်းနဲ့ ငါကား၊ လိုလားခဲ့မင်
သခင်ဘဝ၊ ကြီးမှရ၏
မရသေးမီ၊ ရကြောင်းရည်လျက်
ဇာနည်သွေးချွေး၊ ပေး၍ယူကြ
မြင်ခဲ့ရ၏
ဒုက္ခနှင့် ဝယ်၊ ရမလွယ်ကို
တကယ်ဒို့သိ ခံစားသိ။

ထိုကြောင့်သားငယ်၊ မင့်မျက်ခြယ်သည်
မလွယ်ခဲ့ပုံ၊ သာနာစုံကို
အာရုံမျက်မြင်၊ စွဲစေချင်သည်
မင့်တွင် သတိ၊ ရှိပါဘိ။

နှစ်စဉ်ဤနေ့၊ အောင်ပွဲနေ့ဝယ်
နှင်းငွေ့လေပင့်၊ အောင်လံလွှင့်သော်
မင့်တွင်အသိ၊ ဖြန့်ပါဘိ။

ဇော်ဂျီ(၁၉၆၈)

"သူ"သည် အညာ၏ ဆောင်ဦးအရသာကို တွေးတော၍ နှစ်ခြိုက်စွာ ခံစားရင်း မိမိကိုယ်ကိုစောင့်ရှောက်ခြင်း အရသာတွင် နှစ်မျောလျက် "ဇော"ကပ်နေသည်။ မိမိအတွက်၊ မျိုးဆက်အတွက်၊ လောကအတွက် ထိန်းကျောင်းနိုင်ရန် ပညာနှင့် ဉာဏ်သည် ပဓာန ဖြစ်နေသည်။

ဖြတ်သန်းချိန်တို့သည်မတူကြ၊ မနှစ်က ဤနေ့၊ ဤရက်၊ ဤ အချိန်နာရီတွင် "သူ"သည် တိုကျိုမြို့၏ နာရီတာလေဆိပ်တွင် ရှိခဲ့သည်။

ဆရာကြီးဦးသိန်းဟန်(ဆရာကြီးဇော်ဂျီ)၏ ဤကဗျာလေး သည် "သူ"စိတ်နှလုံးတွင် ရှင်သန်နေသည်မှာ နှစ်ပေါင်း ၄၀ ခန့်ရှိပြီ။ ဤကဗျာလေးကို ထိုနှစ် ထိုကာလ ညတစ်ည၏ နှုတ်ဆက်ညစာ စားပွဲလေးတွင် "သူ"နှင့် အတူတူ သူ၏ရောင်းရင်းမိတ်ဆွေဂျပန်ဆရာ၊ ဆရာမများ ပြိုင်တူဆို ခဲ့ကြသေးသည်။ ဂျပန်လူငယ်မျိုးဆက်နှင့် မြန်မာလူငယ်မျိုးဆက်တို့ကို အမွေကောင်းပေးနိုင်ဖို့ စကားဝိုင်းလေး အပြီးတွင် "သူ"က ဤကဗျာ လေးကို မိတ်ဆက်ရှင်းပြရင်း သမိုင်း သင်ခန်းစာများနှင့် အမွေများပေး နိုင်ရန် "သူ"၏ဆန္ဒကို ပြောဖြစ်ခဲ့၏။

ရိုးရှင်းစွာဖြစ်တည်ခဲ့သော လောကသဘာဝနိယာမ တို့သည်ပင် ဆန်းပြားလာနေချိန်ဖြစ်သည်။ မသိ မမြင် မတွေ့ မထိ မကြုံမိ





သေးသမျှ အသစ်အဆန်းများဖြစ်နေသည်။ အချို့သည် သာမန်အားဖြင့် ကြုံတွေ့မြင်သိခဲ့ရပြီ၊ အချို့လည်းရှာဖွေလေ့လာ၍ သိနားလည်ကြရပြီ၊ အချို့လည်း ပညာဖြင့် ထိုးထွင်းကြံဆ ဖော်ထုတ် နားလည် နိုင်စွမ်းခဲ့ပြီ၊ အချို့ အချို့သော အကြောင်းအရာများကား သတိဖြင့် ပညာဖြင့် အားထုတ်စူးစမ်းရာ၌ပင် မသိမြင်၊ မဖော်ထုတ် နိုင်သည်များရှိနိုင်၏။

ထိုထိုသောအကြောင်းအရာတို့အား ဉာဏ်မျက်စိဖြင့် မမေ့မလျော့ စူးစမ်းကျင့်သုံးက ရနိုင်ကောင်း၏ဟု "သူ"တွေးတော နေမိသည်။ ဤ"အမြင်"ကို ဗုဒ္ဓ၏ လောကဓမ္မတရားအဆုံးအမများမှ "သူ"ဉာဏ်မီသမျှခံစားရင်း သတိဖြင့် ဖမ်းဆုပ်မိလိုက်သော ရလဒ်ကြီး တစ်ခုဖြစ်ခဲ့သည် မဟုတ်ပါလား။

အီကွေတာရာသီဥတုနှင့် မှုတစွာတည် ရှိလာသော မြန်မာ တို့၏ ဘိုးဘွားအမွေပိုင်နက်နယ်မြေသည် ရေမြေတော တောင်၊ သယံ ဇာတ သဘာဝအရင်းအမြစ်တို့ဖြင့် သာယာလှပနေပါ၏။ တန်ဖိုးကြီးမား လှစွာသော "လူ"တည်းဟူသော ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ဝိသေသလက္ခဏာသည် လူ့ဘောင်လောက လူ့အဖွဲ့အစည်းကြီးအတွင်း၌ တင့်တယ်စွာဖြင့် ထွန်းလင်းတောက်ပနေသည်ဟု "သူ"ခံစားမိနေ ပြန်သည်။

မြူတိမ်တို့က အချို့အချို့သောနေရာများတွင် သိပ်သည်းစွာ၊ အချို့အချို့နေရာများတွင် ပါးပါးလျှပ်လျှပ်၊ ဖြန့်ကြက်နေချိန်မှာပင် အရုဏ်ဦး၏ အလင်းရောင်သည် ညင်သာစွာ လွှမ်းခြုံလာသည်။ ထက်ကောင်းကင်သို့ ရွှေတောင်ကြီးသဖွယ် ထိုးဝင်မြင့်တက်လျက်ရှိသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား မှန်းဆဖူးမြော်ရင်း လှပသောအရုဏ်ဦးကို စိတ်ကူးဖြင့် "သူ"ကြည်နူးနေမိခြင်းဖြစ်သည်။ ဤအရသာကို မြင်လိုတွေ့လို ခံစားလိုမိသော "သူ"၏ လိုအင်သည် အကြီးမားဆုံး ဖြစ်နေသည်။

ဆင်ခြင်တုံတရားလက်ကိုင်ထားလျက်၊ သတိလေးဖြင့် ငြိမ်းချမ်းစွာနေတတ်သော "သူ"၏ အလေ့အကျင့်သဘောသည်ပင် ငုပ်လျိုးလျက်၊ "သူ"၏ စိတ်တို့လှုပ်ရှားနေသည်မှာ အမှန်ပင်ဖြစ်သည်။

နာရေတာလေဆိပ်သည် ဝန်ဆောင်မှုအပြည့်ဖြင့် လှုပ်ရှားနေသည်၊ "သူ"သည် အမိနိုင်ငံတော်သို့ ဇန်နဝါရီလ ၁ ရက် နှစ်သစ်မကူးမီ ပြန်ရောက်လိုသောဇောဖြင့်သာ ပစ္စည်းများကို အစစ်ဆေးခံနေသည်။ "သူ"အလေးထားတွယ်တာသော "ဂျပန်"မျိုးဆက်၏ နှစ်လိုဖွယ် အသိအမြင်၊ ဆက်ဆံမှုနှင့် ဘဝပုံစံလေးများကိုပင် "သူ"မေ့ထားနေမိသည်။

အမိမြေသို့ အပြန်ခရီးတွင် "သူ"သည် သယ်ပိုးယူဆောင်သွားမည့် စာအုပ်စာတမ်းများ၊ စီဒီများ "သူ"နှင့်အတူ ပြည့်ပြည့်စုံစုံ ပါလာနိုင်ဖို့ "သူ"နှင့် သူ၏ရောင်းရင်း Nishizawa ဇောကပ်နေခြင်း ဖြစ်သည်။

အားလုံးပြီးတော့မှ Nishizawa နှင့်တကွ လိုက်ပို့နှုတ်ဆက်ကြသည့် ရောင်းရင်းများကို တစ်ဦးချင်းပွေ့ဖက်နှုတ်ဆက်ရင်း " Bye Bye - - - See you again - - - No Sooner "

**တကယ်တော့ ဘယ်လောက်အနေဝေးဝေး၊ အတွေးချင်း ပေါင်းသင်းနေနိုင်သမျှ တစ်ဘဝထဲမှာ အတူရှိနေမှာပါဟု "သူ"နှင့် သူ၏ရောင်းရင်းတို့၏ ခံစားခံယူ တတ်မှုသည်၊ သူတို့၏ နှလုံးသားတွင် ထာဝရရှင်သန်နေမည်မှာ အမှန်ပင်။**

ညင်သာ ငြိမ်သက်လှသော လေယာဉ်၏ ထိုင်ခုံနောက်မှီကို အနည်းငယ်လှန်ချ၍ မှီလိုက်ရင်း ပစ္စိဖိတ်ကို ဖြတ်သန်းချိန်၊ "သူ"၏ အတွေးသို့ ၂၁ ရာစု အရှေ့ဦး၏ နိုင်ငံများစွာ၊ မြို့ကြီးများစွာ၊ "လူ"သန်းပေါင်းများစွာတို့သည် အစီအရီဝင်ရောက်လာတော့သည်။ ကမ္ဘာ့ကွန်ရက်စနစ်ကြီးဖြင့် ချိတ်ဆက်လျက်ရှင်သန်မှု၊ တိုးတက်ဖွံ့ဖြိုးမှုအတွက် "လိုအင်"များစွာကို ဖြည့်တင်းနိုင်ရန် လောကသားများ ကြိုးစားနေကြပါကလား။

လိုအင်များ၊ မျှော်လင့်ချက်၊ မျှော်မှန်းချက်များကလည်း အမျိုးမျိုး။ အချို့က ရိုးရိုးရှင်းရှင်းလေး၊ အချို့ကတော့လည်း ဆန်းဆန်းပြားပြား၊ အချို့ကတော့လည်း လောကီသက်သက်၊ အချို့တော့လည်း လောကုတ္တရာအတွက်။ အချို့လောကီအလုပ်၊ လောကုတ္တရာအလုပ်ကို





ရောလျက် ဟန်ချက်ညီ၍လျှောက်လှမ်းဖြတ်သန်း နေကြသည်။ အချို့က ရေရှည်ရည်မှန်းချက်ထား၏၊ အချို့က ရေတိုရည်မှန်းချက်ထား၏။ အချို့၏ ရည်မှန်းချက်သည် နိမ့်နိမ့်လွယ်လွယ်၊ အချို့၏ ရည်မှန်းချက်သည် မြင့်မြင့်မားမား ခက်ခက်ခဲခဲ။

**လူတိုင်း၊ သတ္တဝါတိုင်းကတော့ဖြင့် မျှော်မှန်းချက်လိုအင်တို့ကို ဖြည့်ဆည်းရင်း တစ်ဘဝ၏ စက္ကန့်၊ မိနစ်၊ နာရီတို့ကို ဖြတ်သန်းနေကြခြင်းမဟုတ်ပါလား။**

"သူ"၏ အတွေးများသည် ကမ္ဘာ့အရှေ့ဖျား ဟောင်ကောင်ကျွန်းများအထက်ဆီမှ အနောက် အရှေ့ဥရောပနိုင်ငံများ၊ အာရှ အာဖရိကနှင့် သမုဒ္ဒရာများ၏ ကျွန်းလေးများစွာပေါ်ရှိ "လူ"သားများဆီသို့ စီးဆင်းနေမိသည်။ "မျက်မှောက်ကမ္ဘာကြီးတွင် လောကသားတို့အတွက် အခွင့်အလမ်းများပွင့်လန်းလာတော့မည်ဟု မျှော်လင့်သူများ မျှော်လင့်ကြသည်။ ကြီးမားရှုပ်ထွေးသော စိန်ခေါ်မှုများ များပြားစွာ ရှိနေသည်ကတော့ မျက်ဝါးထင်ထင်တွေ့မြင်နေရသည်။ "သူ့"အမြင်၊ "သူ့"အတွေးတွင်တော့ အခွင့်အလမ်းများ များစွာရှိသကဲ့သို့ အန္တရာယ်များကလည်း ထူပြောဆဲဟု လက်ခံထားသည်။

နိုင်ငံအသီးသီးရှိ ခေါင်းဆောင်များ၊ ဖန်တီးနိုင်စွမ်းရှိသူများ အနေဖြင့် မည်မျှရိုးရှင်းပွင့်လင်းစွာဖြင့် လောကသားအားလုံး အပေါ် "လူ့"နှလုံးသားဖြင့် ရှုမြင်လျက် ခေါင်းဆောင်မှု ပေးနိုင်ကြမည်ဆိုသည် ကတော့ ခန့်မှန်းရခက်မည်ဟု "သူ"ထင်သည်။ "ဝလိုဘယ်"ဆိုသည့် ပေါက်ကွဲသံ၏နောက်တွင် ပြောင်ပြောင်တင်းတင်းတစ်မျိုး ပုန်းလျှိုးကွယ် လျှိုးတစ်ဖုံရှိနေသော အာဃာတများ၊ ပြဿနာများ၊ ရှေ့ရှင်းမှု ပုံစံသစ်များက ပူလောင်ဆဲ၊ ပြင်းထန်ဆဲ၊ အချို့က သမုဟဖြစ်လိုက်၊ အချို့က ဝိရောဓိဖြစ်လိုက်၊ အချို့ကျတော့ ပဋိပက္ခနှင့် စစ်ပွဲများ ဖန်တီးလျက်။

နိုင်ငံတစ်နိုင်ငံချင်းစီ၏ လိုအင်ကိုဖြစ်စေ၊ လူမျိုးတစ်မျိုးချင်းစီ၏ လိုအင်ကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လိုအင်ကိုဖြစ်စေ၊ စာနာခြင်း၊ ထောက်ထားခြင်း၊ နားလည်ခြင်း၊ နားလည်ပေးခြင်းတည်းဟူသော အသိအမြင်ခံယူမှုတို့ဖြင့် ငြိမ်းချမ်းညင်သာစွာ ဖြည့်ဆည်း

နိုင်ကောင်း၏ဟု သူတောင့်တမိဖူးသည်။

သို့သော် ပြက္ခဒိန်နှင့် ခုနှစ်သဘောအရ၊ အချိန်တည်းဟူသော ကာလသတ်မှတ်ချက်ဖြင့် ရာစုသစ်ဟု ခံယူလိုက်ကြသော ဤသမယ၏ လူ့ဘောင်လောက ဖြစ်စဉ်ဖြစ်ရပ်အားလုံးသည်ပင် မဝေးကွာလှသော ရာစုနှစ်လူသားတို့၏ အသိအမြင် ယုံကြည်ချက်၊ ခံယူချက်များ။ ဘာသာရေး၊ လူမှုရေး၊ ဝါဒရေးရာ တွေးခေါ်မြော်မြင်မှုများတည်းဟူသော ဝမ်းကြာတိုက်မှ ပေါက်ဖွားဆင်းသက်လာခြင်းများ ဖြစ်နေသည်။

ထဲထဲဝင်ဝင် မြင်မြင်သာသာရှိလာသော ဘီစီ ၆ ရာစုကာလ၊ လူ့ဘောင်လောက၏ လှပသော အရုဏ်ဦးတွင် လောကတစ်ခွင်အား ထုံသင်းဆွတ်ပြန့်သော မွှေးရနံ့တို့ ဖြန့်ကြက်ချိန်၊ တရုတ်ပြည်၌ ကွန်ဖြူးရှပ်စ်နှင့် လာအိုဇီ၊ ပါးရှား၌ ဇိုရိုစတား၊ ခေါမ၌ ပိုက်သာဂိုရပ်စ်၊ အိန္ဒိယ၌ မဟာဝီရနှင့် ဗုဒ္ဓတို့ပေါ်ထွန်းခဲ့သည်။ လူ့ဘောင်လောက လူသားတို့အတွက် အသိပညာသာမက၊ ဉာဏ်အရာကိုပါ တိုးတက်မြင့်မားမှု၊ ဆန်းသစ်မှု၊ ကြီးကျယ်မြင့်မြတ်မှုတို့ကို မွေးဖွားသန့်စင်ပေးခဲ့ဖူးသည်။

**လူသားတို့၏ ဖြတ်သန်းချိန်ကာလတစ်လျှောက်၊ ကာလ၊ ဒေသ၊ ပရောဂဖြင့် ပေါ်ပေါက်လက်ခံကျင့်သုံးလိုက်ကြသော လောကအမြင်အမျိုးမျိုး၊ ဝါဒသဘောတရားအသွယ်သွယ်တို့ကား မိမိတို့၏ တံကြမ္မာကို မိမိတို့သာ ဖန်တီးပြဋ္ဌာန်းနေကြခြင်း မဟုတ် ပါလားဟု "သူ"တွေးလိုက်မိပြန်သည်။**

၁၉ ရာစုနှစ်ကုန်ပိုင်းမှစ၍ မျက်မှောက်ကာလအထိ၊ ၁၀ စုနှစ်များစွာတို့အတွင်း နိုင်ငံတစ်နိုင်ငံချင်းမှသည် ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆက်စပ် ဖြစ်ပေါ်ခဲ့သော လူမှုအနိဋ္ဌာရုံများ၊ စစ်ပွဲများ၊ ထိုမှတစ်ဆင့် စစ်အုပ်စုများ၊ စစ်အေးကာလဟု အဆိုပြုသော ဖြစ်စဉ်များ၊ ပေါ်ပေါက်ခဲ့သည်။

"ဓူပါပါဝါခေတ်နှင့်အပြိုင် ဂလိုဘယ်အိုင်တီကွန်ရက်ကို အကျိုးရှိစွာ အသုံးချလိုက်သော စက်တင်ဘာ ၁၁ ရက် တိုက်ကွက်တစ်ခုက အချိုးမညီစစ်ပွဲတစ်ခုကို ဖော်ဆောင်လိုက်သည့် အကြောင်း





တရားသည် ဂလိုဘယ်အမြင်တို့ ရှင်သန်ရာလောကတွင် တွေးတော လက်ခံကျင့်သုံးရာ လမ်းကြောင်းပုံရိပ်များ ပေါ်ပေါက်သည်ဟု ပညာရှင်များ ဆိုကြသည်ကို "သူ" သတိပြုမိသည်။

စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုက လိုက်မမီအောင် ပြောင်းလဲမှုများ မြန်ဆန်လွန်းလှသော နည်းပညာ၏ အခန်းကဏ္ဍ မြင့်မားလာချိန်တွင် Empire ကျမ်းပြုစုဖို့၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ စိုးမိုးမှုပုံစံသွင်းယူရန် စိတ်ကူးများသည်၊ လောကသားအားလုံးအတွက် အံဝင်ခွင်ကျဖြစ်နိုင်စရာမရှိသည်ကို သတိပြုဖို့လိုမည်။ အထူးသဖြင့် "စီးပွားရေး ငါတကော၊ ကောဝါဒ" ( Economic Unilateralism )နှင့် "ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ"( Protectionism)တို့ ဖြန့်ကြက် နေသမျှ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသအသီးသီးအတွင်း ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် တိုးတက်ဖွံ့ဖြိုးမှုတည်းဟူသော "လူ"သား တစ်ရပ်လုံး၏ တောင့်တမျှော်လင့်ချက်တို့သည် ဝေးကွာနေဦးမည်ဟု ပညာခေတ်၏ ဉာဏ်အမြော်အမြင်ကြီးသူတို့၊ မြင်တွေ့လက်ခံထားသည်ဟု "သူ"ယုံကြည်နေမိသည်။

"မည်သို့ဖြစ်စေ ပညာခေတ်၏ ဉာဏ်ကြီးမှုသည် ဓမ္မနှင့် အဓမ္မ၊ ဝိနယနှင့် အဝိနယ၊ တရားမှုနှင့် မတရားမှု၊ ကောင်းမှုနှင့် မကောင်းမှုတို့ကို ခွဲခြမ်းစိတ်ဖြာ ဝိဂြိုဟ်ပြုလျက် လောက၏ ငြိမ်းချမ်းမှု သာယာဖွံ့ဖြိုးတိုးတက်မှုကို ပြဋ္ဌာန်းပေးနိုင်မည်မှာ သေချာပါ၏"ဟု "သူ"တွေးမိဆဲတွင် ဆောင်းဦးရာသီလေပြေအေးတွင် "ဝေလူလူလွင့်ဖျံ့နေသော မြန်မာတို့၏ နိုင်ငံတော်အလံသည် တရိပ်ရိပ်မြင့်တက်လျက်၊ ဗြိတိသျှအလံအား တရွေ့ရွေ့ချခဲ့သော လွတ်လပ်ရေးနေ့အလံတင်အခမ်းအနား ပုံရိပ်"သည်ပေါ်လာပြန်သည်။

မြန်မာ့လူ့ဘောင်လောကတွင် ရှေးကပုဂ္ဂိုလ်များ၊ သူ့ခေတ်သူ့ကာလ၊ သူတို့ဘဝတာဝန်များကို ကျေပွန်ဖို့ ကြိုးပမ်းသွားကြသည်။ အဘိုးတို့ အဘွားတို့၊ အဖေတို့ အမေတို့ခေတ် ဖြတ်သန်းရချိန်က နိုင်ငံလွတ်လပ်ရေးတိုက်ပွဲကာလ။ နယ်ချဲ့ ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ အမျိုးသား လွတ်မြောက်ရေးအတွက် အသက်ပေါင်း

များစွာ စေတးလျက်ဖြတ်သန်း ခဲ့ကြရဖူးသည်။ "သူတို့"ခေတ် "သူတို့" ကာလသည် လွတ်လပ်ရေး၏ အသီးအပွင့်များကို ကာကွယ် ထိန်းသိမ်း ရသည့်ကာလ။ ဝါဒအမျိုးမျိုး၊ စနစ်အထွေထွေနှင့် ပြည်ပပြဿနာများနှင့် ပြည်တွင်း မငြိမ်သက်မှုတို့ကို ရင်ဆိုင်ဖြေရှင်းဖြတ်ကျော် ခဲ့ရသောကာလ။

သားတို့၊ သမီးတို့၊ မြေးတို့ခေတ်။ e-Commerce, e-Education, Information Technology တို့၏ တွန်းပို့မှုဖြင့် ဘဝကိုဖြတ်သန်း နေကြ၊ ဖြတ်သန်းကြရဦးတော့မည်။ ကမ္ဘာအဝန်းရှိ သန်းပေါင်း များစွာသော သားတို့ သမီးတို့ မြေးတို့၏ သန့်ရှင်း လန်းဆန်းသော တက်ကြွသော အမြင်များကို "သူ"တွေးမြင်ရှာဖွေနေမိသည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းနှင့် ကမ္ဘာ့လူသားအားလုံးအတွက်ကောင်းမွေ များလည်းရှိမည်၊ ဆိုးမွေများလည်းရှိမည်၊ မည်သို့ရှိစေ၊ ပညာဖြင့် ဉာဏ်ဖြင့် လောကငြိမ်းချမ်းမှုကို ရှေးရှုကြရန်သာလိုမည် မဟုတ်ပါလား။

တကယ်တော့ မြန်မာမှု၏ အတိတ်သမိုင်းသည်လည်း ပညာခေတ်များသာ ဖြစ်သည်ဟု "သူ"ထင်သည်။ သို့သော် ထောင်စု သစ်၏ ပညာရွှေခေတ်နှင့်တော့ တစ်ထပ်တည်းမရှိနိုင်သေးဟု "သူ"သတိပြုမိနေသည်။ ခက်သည်က သားတို့ သမီးတို့ မြေးတို့ခေတ် "ပညာ"၏အခန်းကဏ္ဍနှင့် အဘိုးအဘွားထို့ခေတ်က "ပညာ"ကဏ္ဍ၏ ပြဋ္ဌာန်းပုံချင်းကမတူ။ ပြဋ္ဌာန်းမှုနှင့် ပေးဆပ်မှုသာ တစ်သားတည်း ဖြစ်လာလျှင်တော့ အကောင်းတကာ့ အကောင်းဆုံးလောကလှဘောင်ကို တည်ဆောက်နိုင်မည်ဟု "သူ"တွေးမြင်ပီတိဖြစ်ဆဲ။

လေယာဉ်မယ်က ညစာသုံးဆောင်ဖို့ တီးတိုးညင်သာစွာ အသိပေးလိုက်ချိန်တွင်၊ "သူ"သည် "သူ"၏အတွေးအိပ်မက် ရှည်ကြီးမှ လန့်နိုးထခဲ့ဖူးသည်။ အညာဒေသ၏ဆောင်းဦးကာလညနေချမ်းသည် ချမ်းစိမ့်စိမ့်ရှိဆဲ။

"သူ"သည် 'လိုအင်'များစွာကို ဖြည့်ဆည်းရန် ဖြစ်ပေါ် နေသော စိတ် စေတသိက်နှင့် ဇောတို့၏ ပြဋ္ဌာန်းမှုများက ဆန်းကြယ် လှ၏"ဟု တွေးမိရင်း ညွှန်ခန်းအတွင်းသို့ ပြန်ဝင်လိုက်မိလေသည်။

× × × × ×





အ ပိုင်း (၁၄)

လူမည်ကာ မတွေ့လူတွေ

"သူ"သည်အပြင်ဝရန်တာတွင် လျှပ်တစ်ပြက်၊ တစ်ခဏ အချိန်လေး အတွင်း၌ပင် လောက"လူ"သားတို့၏ ဘဝများစွာ လိုအင် များစွာ ဖြည့်ဆည်းနေကြပုံကိုလည်းကောင်း၊ "သူ"ကိုယ်တိုင်၏ "သူ"၏ ကြီးမားသော ဆန္ဒနှင့် လိုအင်တို့အား ဘဝတကျော့ဖြင့် ကပ်ငြိဖြည့်ဆည်း နေမိခြင်းများကိုလည်းကောင်း ဆင်ခြင်မိရင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်မိသားစု၊ ကိုယ့်ကိုယ်ကို၏ ချစ်ခြင်းတို့ကို ဆင်ခြင်မိလိုက်သည်။ နိုင်ငံအဝန်းရှိ အဘိုးအဘွား၊ အဖေအမေများစွာလည်း ဤဘဝတကျော့ဖြင့် တစ်ဘဝစီကို ဖြတ်သန်းသွားခဲ့ကြလေပြီ။

မည်သို့ဆိုစေ ဘဝတစ်ခုရလာပြီးနောက်၊ တစ်ဘဝ၏ ဖြတ်သန်းချိန်သည် တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ၊ ပြည့်စုံသည် ဖြစ်စေ၊ ချို့တဲ့ဆင်းရဲသည်ဖြစ်စေ၊ ရုပ်ချောသည်ဖြစ်စေ၊ အရုပ်ဆိုး အကျည်းတန်နေသည်ဖြစ်စေ၊ ယုတ်စွအဆုံး ကျန်းမာသည်ဖြစ်စေ မကျန်းမာသည်ဖြစ်စေ မလွဲမရှောင်သာ ရရှိလာသော ဘဝတစ်ခု၏ ဖြတ်သန်းချိန်ကို တန်ဖိုးရှိရှိရယူ သွားနိုင်ရန်သည် အရေးအကြီး

ဆုံးဖြစ်မည်။ ဤအသိအမြင်ဖြင့် "သူ"၏ဘဝကို တည်ဆောက်ရန် "သူ"ဆုံးဖြတ်လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။

ပုထုဇဉ်ပီပီ "သူ"၏ ဤဆန္ဒ၊ ဤလိုအင်ကို ဖြည့်ဆည်းရန် ကြိုးပမ်းရာ၌ပင် လောကနှင့် ကင်းကွာ၍မရ။ ထို့ကြောင့်လည်း ခါးသည်းသော ဝေဒနာများစွာကို ပွေ့ပိုက်ရင်း "သူ"တို့ မျိုးဆက်နှင့် "သူ"ကိုယ်တိုင် လွတ်လပ်ပြီးခေတ်မြန်မာနိုင်ငံ၏ ၁၀ ရာစုနှစ် တစ်ခုချင်းအား ဖြတ်သန်းခဲ့ရပြီးပြီ။ ဤကာလကို "သူ"ဆက် မတွေးချင်တော့။

ညှိခန်းအတွင်းသို့ "သူ"ပြန်ရောက်ချိန်တွင်၊ 'ည'စာစားရန် ခန်းလုံးပြည့်မျှ ပြင်ဆင်ထားပြီးကြလေပြီ။

ညစာထမင်းစားကြတော့ စားပွဲဝိုင်းကြီးများဖြင့် ဟိုနား တစ်ဝိုင်း ဒီနားတစ်ဝိုင်း လေးငါးယောက်တစ်ဝိုင်းဖြင့် လေးငါးဝိုင်း ဝိုင်းလိုက်ကြရာ အလှူလေးတစ်လှူပေးသလိုဖြစ်နေသည်။ မကြာလှပါ။ ဤအုပ်စုလိုက် အဖွဲ့လိုက်တို့သည်ပင် အချို့ပွဲလေးများ ဖြင့် စကားဝိုင်းများအဖြစ် ပြောင်းသွားကြတော့သည်။

" နီမာ" နှင့်အတူ "သူ" ရှိနေသော အခေါ်နှင့် ဦးမင်းသားချင်းများ၏ စကားဝိုင်းတွင် စကားပြောနေရသော်လည်း "သူ"၏စိတ်သည်လည်းကောင်း၊ "သူ" ၏မျက်လုံးများသည်လည်းကောင်း " ဘုစုခရု" တို့ ဝိုင်းဖွဲ့၍ စကားပြောလိုက် ဆော့ လိုက်လုပ်နေကြသော ညှိခန်းထောင့်သို့ ရောက်နေသည်။ "သူ" မနေနိုင်တော့ပါ။ "သူ" ထသွားတော့ "သူ" အား မျက်စောင်း တစ်ချက်ထိုး၍ ကြည့်လိုက်သော "နီမာ့" အကြည့်ဖြင့် "သူ" ၏မျက်လုံးတို့ ဆုံလိုက်သေးသည်။ "ဇနီး"အား ကျေနပ်ပါရန် "သူ" ပြုံးပြနှုတ်ဆက်လိုက်သည်။ "သူ့" အကြောင်းကို "နီမာ" ကောင်းကောင်းသိသည်။ "သူ" သည် ကလေးတွေ၊ လူငယ် တွေများတွေ့ရင် "သူ" မနေနိုင်တော့၊ "သူ" တို့နှင့်စကားဝိုင်း မဖြစ်ဖြစ်အောင် "သူ" ပြောရမှ စားဝင်အိပ်ပျော်ဖြစ်တတ်သည့် လူမျိုး။

လူ၏ဘဝတစ်ခုကို ရလာကြပါလျက် အကြောင်းတရား အမျိုးမျိုးကြောင့် လူမည်ကာမတ္တဘဝမျိုးဖြင့် "ဘဝ" တစ်ခု ကို





ဖြတ်သန်းသွားကြရသူများ၊ ဖြတ်သန်းနေကြသူများ များစွာကို သတိပြုတွေးမြင်နေမိရင်း၊ "သူ" သည် သံဝေဂတရားများစွာ ယူဖူးသည်။ လူငယ်များစွာတွင် စီးပွားရေး၊ လူမှုရေးအခြေခံညံ့လွန်း၍၊ ပညာရေးနှင့် လောကအမြင်မှန်ကန်စွာ ရှင်သန်ခွင့်မရ ကြသည့်နည်းတူ အရွယ် ရောက်စ ကာလများတွင် ပရမ်းပတာဖြင့် အတွေးအယူ အတုယူမှား၍ အမြင်မှားအသိမှား ဖြစ်ခဲ့ရသည် များလည်း "သူ" သတိပြုမိသည်။

ဤအကြောင်းတရားမျိုးစုံကား နိုင်ငံအတော်များများရှိ လူငယ်များစွာ ကြုံတွေ့ဖြတ်သန်းနေကြသော ဖြစ်စဉ်ဖြစ်ရပ်များသာ ဖြစ်သည်။ အပြစ် ဆိုဖွယ်မရှိ။ အမိအဖ၊ ဆရာသမားများနှင့် တာဝန်ရှိ၍ တာဝန်သိ သူများ က ထိန်းကျောင်းစီစဉ်မှုပြုခြင်းဖြင့် ဘဝလမ်းကြောင်း အမှန်သို့ ရောက် လာနိုင်သည်၊ တည့်မတ်ပေးနိုင်သည်။ မည်သို့ဆိုစေ ထို လူငယ်တို့၏ အခန်းကဏ္ဍကို လမ်းမှန်နည်းမှန်ဖြင့် ဖွင့်လှစ် ခေါ်ဆောင်သွားကြရမည့် မျိုးဆက်လူကြီးတို့၏ အတွေးအမြင် ခံယူ ကျင့်သုံးမှုသည် ပဓာနကျလှသည်မဟုတ်ပါလား။

"သူ" သည် အညာဆောင်း၏ ချမ်းစိမ့်စိမ့်အရသာကို ခံစားရင်း ကလေးများနှင့်ရော၍ထိုင်လိုက်သည်။ "သူ" ထလာ သည်ကို မြင်ကတည်းက "ဘဘ" လာပြီဟေ့ဆိုသည့် ကြိုဆိုမှုအပြုံးပန်းတို့သည် "ဘုစုခရု"အားလုံး၏ မျက်နှာတိုင်းတွင် ပွင့်လန်း သွားသည်။

"သူ" သည် "သူ" တန်ဖိုးထားမြတ်နိုးသော ဤ"ဘုစုခရု" အားလုံးသာမက၊ သန်းပေါင်းများစွာသော "ဘုစုခရု"အားလုံး၏ စိတ်နှလုံးကို နွေးထွေးစွာပွေ့ပိုက်ရင်း ထောင်စုသစ်ဦး၏ လှပသော၊ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်လောက၏ တာဝန်များကို လွှဲပြောင်းပေးရန် စိတ်ကူးယဉ်နေသူမဟုတ်ပါလား။

မျက်မှောက်ခေတ် လူ့ဘောင်အဖွဲ့အစည်းတွင် လူ့ဘဝကို ကောင်းမွန်စွာရရှိလာနိုင်ပါလျက်နှင့် "လူ" မည်ကာ မတ္တလူများ များပြားတိုးပွားလာမည်ကိုလည်းကောင်း၊ လူမည်ကာမတ္တလူများ ကြီးစိုးလာမည်ကိုလည်းကောင်း၊ "သူ" တွေးတော ကြောင့်ကြနေမိသည်မှာ ကြာခဲ့ပြီဖြစ်သည်။

ထောင်စုသစ်ဦးကာလ၏ ပညာခေတ်တွင် "ဉာဏ်" ၏ ပြောင်းမှုကို တလွဲဆံပင်ကောင်းနေသူများ၏ အခန်းကဏ္ဍသည် ကြီးမားလှ၏၊ ကျယ်ပြန့်လှ၏၊ စွမ်းဆောင်နိုင် စွမ်းမှုလည်းရှိ၏ဟု "သူ" နှင့် "သူ" ၏မျိုးဆက်တို့သည် "သူ" တို့ဘဝ ဖြတ်သန်းချိန် အတွေ့ အကြုံများစွာဖြင့် မြင်တွေ့လက်ခံထားကြသည်။ " လောကငြိမ်းချမ်းမှု သာယာတိုးတက်ဖွံ့ဖြိုးမှုနှင့် လူ့ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရေး"တွင် အကန့်အသတ်များစွာ ရှိနေလေပြီ။ ဤကန့်သတ်ချက်များကို ကိုင်လျက်ဖန်တီးနိုင်သူသည် ဖန်ဆင်းရှင်လည်းမဟုတ်၊ စူပါပါဝါလည်းမဟုတ်၊ စီးပွားရေးဝါဒရေးတို့လည်းမဟုတ်၊ "လူသား" ကိုယ်တိုင်သာလျှင် ဖန်တီးတည်ဆောက်ရယူနိုင်မည်ဟု "သူ" တို့မျှော်လင့်ယုံကြည်ထားသည်။

လူတို့၏ပယောဂနှင့်မကောင်းသော အကျင့်ပျက်မှုများ၊ တနှာထောက်ထားခြင်း ကင်းမှုများ၊ ခြစားမှုများနှင့် ဘယ်သူသေသေငတေမာရင်ပြီးရောစိတ်ဓာတ်များ ဖြန့်ကြက်မှုအားကောင်းလာခြင်းသည်ပင် လူ့ဘောင်လောက၏ ပင်ကိုရှိခဲ့သော " လူ့စိတ်လူ့နှလုံးသား၊ လူ့သဘာဝတို့ကို အဆိပ်လောင်းဖျက်ဆီး နေခြင်း ဖြစ်သည် " ဟု တွေးလိုက်မိသည့် တစ်ခဏတွင် "ဘုစုခရု" သန်းပေါင်းများစွာ၏ အပြစ်မဲ့သော၊ နူးညံ့သိမ်မွေ့သောစိတ်နှလုံးများအား ကိုယ်ခံအားကောင်းစေဖို့ " ဓာလနက္ခတ္တပွဲသဘင်" အကြောင်း ပြောပြဆွေးနွေးရန် "သူ"၌ စိတ်ကူးတစ်ချက် ဝင်းလက်သွားသည်။ "သူ" သည် လူ့သဘာဝနှင့် လူတွေအကြောင်းပြောပြချင်နေသည်။ "ဘုစုခရု" သန်းပေါင်းများစွာသည် "လူ" ပီသသောလူသားများ ဖြစ်လာဖို့လိုသည်။ "လူမည်ကာ မတ္တလူ" များဖြစ်မလာစေဖို့ "သူ" နှင့်သူတို့မျိုးဆက်၏ တာဝန်ဖြစ်သည် မဟုတ်ပါလား။

လူ၏ဘဝကို ရလာသူများသည် အလွန်ကြီးမားသော ကောင်းမွန်သည့် အတိတ်ကံကြောင့်ရလာခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘုရားက "လူ့ဘဝကိုဒုလ္လဘ" ဟုဟောတော်မူသည်။ လူသားသည် ပင်ကိုအားဖြင့် လေးစားအပ်မြတ်နိုးအပ်သော တန်ဖိုးကြီးသော အရည်အသွေးများ၊ အသိအမြင်များဖြင့်





ဖြစ်တည်ရှင်သန်နေကြခြင်းဖြစ်သည်။ သို့သော်လည်း ပညာဉာဏ်မဲ့သူတို့သည် လူ့ဘဝ၏တန်ဖိုးကြီးသော"အနှစ်"ထက် ရာထူးဂုဏ်သိမ်စည်းစိမ်ဥစ္စာမနေနှင့် ထင်ပေါ်ကျော်ကြားမှုအကာကို ပို၍ပို၍ လေးစားကြတန်ဖိုးထားလာကြသည်။

ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစားလိုသူသည် လူကိုလူအဖြစ်အချင်းချင်း လေးစားချစ်ခင်တန်ဖိုးထားရမည်။ ဤသည်မှာ ကုသိုလ်စရိုက်ဖြစ်သည်။ ယခု"သူ" နှင့် "သူ"၏ "ဘုစုခရု"လေးများ အကြား ဆက်ဆံရေးသည်ပင် အလွန်ကြီးမားသော "ကုသိုလ်"ကို အတူတကွပြုနေကြခြင်းဖြစ်သည်။ "သူ"သည် "ဘုစုခရု"လေးများအားချစ်သည်၊ တန်ဖိုးထားသည်၊ "ဘုစုခရု"များ ကလည်း နိဝရဏတရားဖြင့် လက်အုပ်ချီ၍ ခရီးဦးကြိုလျက် "သူ" ထိုင်ရန်နေရာစီစဉ်ပေးလိုက်သကဲ့သို့ "သူ့" အနေဖြင့်လည်း ဘဝသမ္ပတ္တိအရ "သူ" ရသင့်သော ဂါရဝတရားကိုရလိုက်လေပြီ ဖြစ်ကြောင်းကို ကလေးများနားလည်အောင် နိဒါန်းပျိုးလိုက်လေသည်။

"သူ" သည် "သူ" ၏ "ဘုစုခရု"ဝိုင်းတွင် အသက်အပိုင်းအခြား အလိုက် ၁၀ နှစ် ၁၅ နှစ် ကလေးအများစု ဖြစ်နေသဖြင့် ပို၍အားတက်သွားသည်။ လူ့ဘဝ၏ပင်ကိုသဘာဝသည် "အနှစ်" နှင့်တူကြောင်း ပါဠိဝေါဟာရအရ ဘဝသမ္ပတ္တိဟုဆိုကြောင်း၊ ရာထူးအာဏာ၊ အရှိန်အဝါ၊ စည်းစိမ်ဥစ္စာတို့၏ သဘာဝသည် "အကာ" နှင့်တူကြောင်း ပါဠိဝေါဟာရအရ ဘောဂသမ္ပတ္တိဟု ဆိုကြောင်းကို နားလည်အောင်ရှင်းပြသည်။

"လူ" တစ်ဦးတစ်ယောက်တွင် "လူ့ဘဝ" ဆိုသည်သာ အဓိကဖြစ်ကြောင်း၊ အခြားသောရာထူးအာဏာ၊ အရှိန်အဝါ၊ ဥစ္စာတို့သည် ထိုလူပုဂ္ဂိုလ်အားမှီ၍ ဖြစ်တည်ပေါ်ပေါက်ကြောင်း၊ ထိုဖြစ်တည်မှုကို မှန်ကန်စွာမဖော်ဆောင် မတည်ဆောက်နိုင်ပါက အလွန်အပြစ်ကြီးပြီး "လူ့" ဘဝတစ်ခုရလာရသည့် အကျိုးကျေးဇူးနှင့်တန်ဖိုးများ ပျက်စီးမည်ဖြစ်ကြောင်း၊ အကုသိုလ်ဖြစ်ပြီး အပယ်ငရဲလားမည်မှာ ရေရာသေချာကြောင်းဖြင့် ဗုဒ္ဓဘုရားသက်တော်

[...]င်ရှားရှိစဉ်မှာပင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဇာတသတ်နှင့် [...]င်း၏ဆရာ ဒေဝဒတ်တို့၏ တစ်ဘဝဖြတ်သန်းပုံကိုလည်းကောင်း၊ [...]မရှိသေးသည့် ထိုစဉ်အခါက လူမိုက်နက္ခနှင့် ယှဉ်သောကာလတွင် [...]ချင်းပမြဲ ဖြစ်သော "ဗာလနက္ခတ္တပွဲသဘင်" အကြောင်း သိကောင်း[...]ရာများကိုလည်းကောင်း၊ ကြောင်းကျိုးနှင့်တကွ "သူ" ပြောပြလိုက်သည်။

အချိန်အတော်ပင်ကြာသွားသည်။ ငိုက်မျဉ်းသူမရှိ၊ သမ်းဝေသူမရှိ၊ ပကတိကြည်လင်ဝင်းပသော၊ သန့်ရှင်းသော "ဘုစုခရု"တို့၏ [...]ျက်နှာတွင် သိလိုသော စိတ်၊ နားလည်လိုသော အာသီသတို့လျှံဖိတ်နေသည်ကို "သူ" သတိပြုလိုက်မိသည်။

**လူငယ်သန်းပေါင်းများစွာ၏ စိတ်နှင့်စေတသိက်တို့တွင် ကောင်းမှုမြတ်နိုး၍ ကောင်းအောင်ကြိုးစားလိုသော ဆန္ဒတို့ ပြဋ္ဌာန်းနေသည်ဆိုသည်ကတော့ အမှန်ပင်။**

"သူ" ၏ဇနီးနှင့် ဦးလေး၊ အဒေါ်တို့၏ စကားဝိုင်းသည် အရှိန်ရနေဆဲတွင် "သူ" ပြန်ရောက်လာသည်။ သူ၏ဇနီးအားအားရပီတိဖြင့် "သူ" ပြုံးပြလိုက်သည်။ " လူတိုင်းလူတိုင်း ကိုယ့်ကိုယ်ကိုစောင့်ရှောက်ရမှာပေါ့၊ လူတစ်ဦးချင်း ကိုယ်ကျင့်သိက္ခာမြင့်မားပြီးကိုယ့်ကိုယ်ကိုစောင့်ရှောက်ရင် လူအများဟာ လောကပါလတရားထွန်းကားအောင် ကျင့်သုံးရာရောက်တာပေါ့၊ ကိုယ်ကျင့်သိက္ခာ မြင့်မားပြီးကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်စွမ်းသူတိုင်းဟာ လောကငြိမ်းချမ်းအောင်လောကမှာအဓမ္မမှုတွေ၊ အနိုင်ကျင့်မှုတွေ မလွှမ်းမိုး အောင် တားဆီးရာရောက်တာပေါ့ " ဟု "နီမာ" သည် ဆွေးနွေးနေဆဲ။

တိုင်ကပ်နာရီအိုကြီးဆီမှ တစ်ချက်ချက်မြည်နေရာမှ ဒေါင်၊ ဒေါင်၊ ဒေါင်ဖြင့် အသံ ၁၂ ချက်ထွက်လာပါတော့သည်။

× × × ×





အပိုင်း (၁၅)

## ခေတ်မီခြင်းနှင့် ခေတ်ဆန်ခြင်း

သန်းခေါင်ကျော်မှပင် စကားဝိုင်းကိုနားလိုက်ကြသည်။ "လူ"တွေသာ နားလိုက်ကြပေမယ့် စိတ်အတွေးတို့ဖြန့်ကြက် နေကြဆဲရှိမည်ဟု "သူ"ထင်သည်။ လုံးဝဥဿုံ အိပ်ပျော်သွားချိန်၌ပင် "သူ"၏လိုအင်နှင့် စိတ်အတွေးတို့သည် အိပ်မက်များတွင် ခရီးဆက်တတ်ကြသည် မဟုတ်ပါလား။

'အိပ်မက်'ဆိုသည့် အသိတစ်ချက်ဝင်လာပြန်သည်။ "သူ"သည်အိပ်ယာပေါ်တွင် အညောင်းဆန့်ရင်း လှဲလျောင်းလိုက်သော်လည်း "သူ"အတွေးတွင် 'အိပ်မက်'သည် အခြေချလှုပ်ရှားလာပြန်သည်။

"သူ"သည် "သူ"၏ဘဝကိုရော၊ လောကကိုပါ "သူ"၏လိုအင်များဖြင့် 'အိပ်မက်'တစ်ခုသဖွယ်တည်ဆောက်နေခြင်း ဖြစ်သည်။ 'အိပ်မက်'ဟူသည်က ဖြစ်ချင်သလိုဖြစ်နိုင်ပါ၏။ အိပ်မက်ထဲတွင် နတ်ပြည်၊ ဗြဟ္မပြည်တို့သို့လည်း သွားလို့ရ၏၊ နတ်သမီးများနှင့်လည်း

ကားပြောနိုင်၏၊ ငရဲဘုံသို့လည်း ရောက်နိုင်၏၊ ပျော်ရွှင်နှစ်လိုဖွယ် ကို့တိုလည်းကောင်း၊ ခြောက်ခြားတုန်လှုပ် ကြောက်ရွံ့ဖွယ်တို့ကို ည်းကောင်း၊ မိမိ၏စိတ်ကူးနှင့် နည်းစပ်သမျှထင်ဟပ်၍ မက်တတ်၏၊ က်နိုင်၏။ လောကတွင် အရာရာကို အိပ်မက်မက်နိုင်ပါ၏၊ ခံစား င်ပါ၏။ ဖြစ်ချင်သည်များလည်း အိပ်မက်ထဲတွင် ဖြစ်နိုင်ပါ၏။ အိပ်ယာမှ နိုးထခြင်းအသိပြန်မရောက်မချင်း အိပ်မက် မက်နေသမျှသော ကြောင်းအရာဖြစ်စဉ်များသည် အမှန်တွေချည်း ဖြစ်မည်။ ကိုယ်တိုင် စားတွေကြုံနေရမည်။ နိုးထသောအချိန်၌မှ အိပ်မက်တွင်ရှိနေသော ဖြစ်စဉ်အားလုံးသည် အမှန်တကယ်မဟုတ် အမှားများသာ ဖြစ်ကြောင်း သိရပြန်ပါ၏။ ဤသဘောကို "သူ" နားလည်ထားပြီးဖြစ်သည်။

"ဘဝ"ဆိုသည်မှာလည်း ပုထုဇဉ်သဘာဝ မက်မောဖွယ်၊ တွယ်တာဖွယ်၊ နှစ်လိုဖွယ်၊ မြတ်နိုးဖွယ်တို့ဖြင့် ရှိနေပြီး အဝိဇ္ဇာနှင့် တဏှာ၏လှည့်စားမှုဖြင့် တကယ့်ဒုက္ခများကို သုခဟုထင်နေမိခြင်း ပါလားဟု "သူ"သည် မကြာခဏတွေးမြင်မိဖူးသည်။ အရိယသစ္စာဉာဏ် အမြင် မရမရှိသေးသမျှ ပုထုဇဉ်သဘာဝအိပ်မက်မက်နေစဉ်အတွင်း ဘဝနှင့်ပတ်သက်၍ ခံစားမှု ချမ်းသာသုခရှိနေပါ၏၊ ဝေဒယိတ သုခသာ ဖြစ်မည်၊ ငြိမ်းချမ်းမှု သန္တိသုခမဟုတ်၊ ဤဝေဒယိတ သုခ၏ နောက်တွင် သောကနှင့် ပရိဒေဝတို့ရှိမြဲဖြစ်သည်။

ဤသည်ကိုပင် "သူ"သည် မက်မောစွာ ဖက်တွယ်လျက် အတွေးနယ်ချဲ့နေမိခြင်းဖြစ်သည်။

"သူ"တွင် စောစောစီးစီးအိပ်ယာဝင်သော အလေ့အထမရှိခဲ့။ ငယ်ရွယ်စဉ်ကလေးဘဝကတည်းက မိခင်အတွက်၊ အိမ်ရှိ လူကြီးသူမများ အတွက် ဝေယျာဝစ္စလုပ်ပေးပြီးမှ အိပ်ယာဝင်လေ့ရှိသည်။ နိုင်ငံတာဝန်၊ လောကတာဝန်၊ ဘဝတာဝန်၊ မိသားစု တာဝန်များရှိ လာချိန်တွင်မူ ဆိုဖွယ်ရာမရှိပြီ။ အိပ်မပျော်တတ်ခြင်းနှင့်အတူ အိပ်ပျော်ရန် ကြိုးစားရင်း အိပ်ယာဝင်စာဖတ်သော အလေ့အထ ကောင်းတစ်ခုတော့ ရလာခဲ့သည်။ သခုတော့ အိပ်မပျော်လျှင် စာဖတ်မည်၊ စာဖတ်၍ အတွေးများ ပွင့်လာလျှင် တရားထိုင်မည်။ ဒီတော့မှ အေးချမ်းခြင်းသုခကို ယာယီ





အားဖြင့်တော့ "သူ"ရရှိမည်။ အလေ့အကျင့်ကောင်းများမှသည် အလေ့အထကောင်းများကို ရရှိစေသည်မှာ "သူ"ဘဝ၏ အတွေးအကြံမှ ဖြစ်တည်လာသော သင်ခန်းစာကောင်းတစ်ပိုဒ်ဖြစ်ခဲ့ပြီ။

ယခုလည်း "သူ"အိပ်မပျော်နိုင်သေး ချမ်းစိမ့်စိမ့်အညာ ဆောင်း၏ ဒဏ်ကြောင့် စာကြည့်စားပွဲတွင်လည်း မထိုင်ချင်မိ။ အနီးတွင်ရှိ ဆေးပေါ့လိပ်တိုအား မီးညှိဖွာရှိုက်လိုက်ချိန်တွင် "သူ"ကိုယ် "သူ" ခေတ်မမီရကောင်းလားဟူသော အတွေးဝင်လာသည်။ တကယ်တော့ "သူ"သည် Corservative တစ်ဦး လုံးဝမဟုတ်သည်တော့အမှန်။ ခေတ်မီသူတစ်ဦးဟုလည်း "သူ"ကိုယ်"သူ"ထင်သည် သို့သော်ခေတ် မဆန်း ဟုဆိုပါက "သူ"မငြင်းသာ။

အတွေးပေါင်းစုံဝင်လာသည်။ အားကျဖွယ်ကောင်းသော ငေးမောလောက်သည့် ခေတ်မီနည်းပညာ၏ အစွမ်းဖြင့် သတင်းနည်း ပညာခေတ်တွင် မွေးဖွားလာသော ယဉ်ကျေးမှု၊ လူမှုရေးအမြင်နှင့် လူနေမှုပုံစံသစ်များသည် ကမ္ဘာတစ်ဝန်းဒေသအသီးသီး၊ နိုင်ငံအသီးသီးရှိ လူသားတို့၏ စိတ်နှလုံးသို့ ဒလဟောစီးဝင်နေသည်မှာ ကြာပြီဖြစ်သည်။ ၁၀ ရာစုနှစ်များစွာရှိခဲ့ပြီ။

အထူးသဖြင့် မနေအင်အားမြှင့်တင်ဖို့၊ စီးပွားရေးတိုးတက် ဖွံ့ဖြိုးမှု အားကောင်းဖို့အတွက် ခေတ်မီရန်လိုသည်ဆိုသော အသိသည် ထင်းထင်းကြီးပေါ်လာမြင်လာကြသည်မှာလည်း အတော်ကြာပြီ ဖြစ်သည်။ ထို့ကြောင့်ဒေသအသီးသီး၊ နိုင်ငံအသီးသီး၊ လူပုဂ္ဂိုလ် အသီးသီးသည် ခေတ်မီဖို့အာရုံစိုက်လာကြသည်။ တစ်နည်းအားဖြင့် အားထုတ်ကြိုးပမ်းလာကြသည်။ နည်းမျိုးစုံဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းသည်လည်းကောင်း၊ တစ်အိမ်ထောင် တစ်မိသားချင်းသည်လည်းကောင်း၊ တစ်ရပ်တစ်ရွာ တစ်မြို့ချင်းမှသည် တစ်နိုင်ငံချင်းစီအထိ ခေတ်မီလူနေမှုစနစ်များကို အမြန်တည်ထောင် ခဲ့ကြတော့သည်။ ဤတွင် ခေတ်မီခြင်း၊ ခေတ်ဆန်ခြင်းနှင့်အတူ ယဉ်ကျေးမှုဆိုင်ရာနှင့် စိတ်နှလုံးလောကအမြင်ရှင်သန်မှုသည် မလွဲမရှောင်သာ လှုပ်ရှားလာ၊ ဘောင်ပင်ခတ်လာတော့သည်။ အချို့

သေးသော ဗဟုသုတနှင့် စီးပွားဥစ္စာမမြင့်မားသေးသော အရွယ်ရောက်စ မျိုးဆက်တို့အတွက် "သူ"၏ကြောင့်ကျမှု သည် နက်ရှိုင်းလာသည်၊ "သူ"အိပ်မပျော်တော့။

နည်းပညာ၊ စီးပွားရေးဘဝ၊ လူမှုရေးဘဝ ဗဟုသုတနှင့် ပညာရေး၊ ကျန်းမာရေး အလျဉ်းဖွံ့ဖြိုးမှုမရှိပါဘဲလျက် ခေတ်ဆန်ရန် ကြိုးပမ်းရင်း ခေတ်ဆန်လိုက်ကြခြင်းကြောင့် သန္ဓေတည်မွေးဖွားလာသော စိတ်ပိုင်းဆိုင်ရာ ယိုယွင်းပျက်စီးမှု၊ အကျင့်သီလစာရိတ္တပျက်စီးမှုများနှင့် ဆိုးဝါးသော လူ့ဘဝပတ်ဝန်းကျင်မျိုးကို ရင်ဆိုင်နေရသော အဖြစ်များစွာ ရှိနေသည်။

ခေတ်မီခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းတွင် နည်းပညာ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး နှင့်အတူ စိတ်ဓါတ်အင်အား လူ့နှလုံးသားများ ရှင်သန်ဖွံ့ဖြိုး တိုးတက်ခြင်းသာ ရေးရှူအပ်၊ ရှုန်းကန်တည်ဆောက်အပ်သည် မဟုတ်ပါလား။ "သူ" ထောက်တည်ရာမရတော့။

မည်သို့ဆိုစေ "သူ"တွင် အလေ့အထကောင်းတစ်ခုပိုင်ဆိုင်ထားသည်။ အိပ်၍မပျော်လျှင်၊ အတွေးအာရုံတွင် ထောက်တည်ရာမဲ့လာလျှင် တရားထိုင်ခြင်း သို့မဟုတ် စာဖတ်လိုက်ခြင်းသည် အကောင်းဆုံးဆေးတစ်ခွက်ကို သောက်လိုက်ခြင်း ဖြစ်သည်။ စာဖတ်ခြင်းကြောင့် စိတ်နှလုံးမငြိမ်းချမ်းနိုင်လျှင် "သူ"တရားထိုင်ရပေဦးတော့မည်။

× × × × ×





အ ပိုင်း (၁၆)

ကိုယ်ကျိုးချည်း မကြည့်ကြပါမှ

တရားထိုင်လျက်ရရှိသော ငြိမ်းချမ်းသည့် စိတ်နှလုံးဖြင့် ဖြတ်သန်းခဲ့သောအချိန်သည် တန်ဖိုးကြီးမားလေစွဟု 'သူ'သတိပြုခံစားသိရှိလိုက်သည်။ လင်းကြက်တွန်ချိန်တွင်မှ 'သူ' အနားယူအိပ်ပျော်ခဲ့သည်။ အိပ်ခန်း၏ပြင်ပတွင် မိသားစုအိမ်သူအိမ်သားများနှင့် ဧည့်သည် ဆွေမျိုးတို့ စကားလက်ဆုံကျနေသည်။ အသံများကို တိုးတိတ်ညှင်သာစွာ ကြားနေရသည်။

'သူ'သည် မျက်စေ့ကို အားယူဖွင့်လိုက်ချိန်တွင် တိုင်ကပ်နာရီအိုကြီးမှ ဒေါင်- ဒေါင် ဆိုသည့် အချက်ရှစ်ချက် ဆက်တိုက်ပေါ်ထွက်လာသည်။ ရှစ်နာရီတောင်ထိုးပြီကိုး။

ညဦးယံက နှမ်းနယ်ပင်ပမ်းခဲ့သမျှ သူ၏စိတ်၌ပင်ပန်းမှုများသည် ပြေပျောက်ခဲ့ပြီဖြစ်သည်။ အသိတရား၊ သတိတရား ဖြင့် အိပ်စက်လျက် တရားအသိ၊ တရားသတိဖြင့် နိုးထခြင်းသည် မှန်မြတ်စွာ အကျိုးကြီးပေစွဟူ၍၊ ထပ်မံနှလုံးသွင်းလိုက်မိပြန်သည်။

ယင်သာစွာ၊ အချို့ပြင်းထန်စွာ၊ အချို့ပေါက်ကွဲမှုဖြင့်။ 'လိုအင်'ကို ဖြည့်ဆည်းရန် နည်းလမ်းမျိုးစုံကို သုံးကြရပြီမဟုတ်ပါလား။

ဤတွင်နည်းပညာတိုးတက်မှု၊ ဖွံ့ဖြိုးမှု အလျင်းမရှိဘဲ ခေတ်မီမြို့ပြနိုင်ငံထူထောင်လိုက်ကြသော အာဖရိကနိုင်ငံအချို့၏ အတွေ့အကြုံကို "သူ"ပြန်၍တွေးလိုက်မိပြန်သည်။ အာဖရိကဟု ဆိုလိုက်သည်နှင့် ရဝမ်ဒါ၊ နိုက်ဂျီးရီးယား၊ ဆူဒန်၊ ဗိုင်ယာ၊ အင်ဂိုလာ တို့ပြေးဝင်လာသည်။

ကင်ညာနိုင်ငံသား လူမှုရေးဗေဒင်ပညာရှင် 'အလီမာဇူရီ'က၊ အစဉ်အလာဓလေ့ထုံးတမ်းယဉ်ကျေးမှုများကို ပစ်ပယ်၍ ခေတ်မီစေရန် ခေတ်ဆန်းသော ဓလေ့စရိုက်များ သွတ်သွင်းကျင့်သုံးကြသော သိပ္ပံပညာ ထွန်းကားမှုမရှိ၊ ခေတ်နောက်ကျလှသည့် စီးပွားရေး ဘဝစရိုက်များ အတွင်းမှ အာဖရိကနိုင်ငံများအတွက် ထောက်ပြခဲ့ဖူးသည်။ "အာဖရိက တွင် လက်ပတ်နာရီပတ်သော ယဉ်ကျေးမှုကို အတုယူကျင့်သုံးကြ သော်လည်း အချိန်တိကျမှုတည်းဟူသော အလေ့အကျင့်ကိုမူ သယ်ပိုး လိုက်နာခြင်း မပြုမိကြ"ဟူ၍ဖြစ်သည်။ အလွန်ဆိုးရွားသော လူ့ ယဉ်ကျေးမှုပျက်စီးခြင်းများအတွက် အလွန်ယဉ်ကျေးစွာ၊ သိမ်မွေ့စွာ သုံးလိုက်သော သာဓကသာဖြစ်မည်။

ဤသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးအတွက် သတိပြုဖွယ်ပါ့ သားဟူ၍ "သူ"တွေးမြင်နေမိသည်။ "နည်းပညာ၊ အတတ်ပညာ၊ အသိ အမြင်ဗဟုသုတ အလျင်းရရှိကြွယ်ဝခြင်းမရှိသေးသော လူ့အဖွဲ့အစည်း တစ်ရပ်တွင် ခေတ်ဆန်းသော အတွေးအမြင်၊ လူမှုဓလေ့များ ဝင်ရောက် ဖြန့်ကြက်ကျင့်ကြံလာခြင်းသည် လူ၏ကျင့်ဝတ်သိက္ခာသာမက၊ လူမှု ကျန်းမာရေးတို့ကို ဖျက်ဆီးခံရခြင်းပင် မဟုတ်ပါလား"ဟူ၍ "သူ"ကြားသိ မြင်တွေ့နေရသော အဖြစ်အပျက်များအရ ကောက်ချက်ချ မိပြန်သည်။

အထူးသဖြင့် တောနေလူတန်းစား လူ့အဖွဲ့အစည်းအတွက် ပို၍မှန်သည်။ မသိနားမလည်မှုတွင် ခေတ်ဆန်မှုက ပြဋ္ဌာန်း လိုက်သော အခါ ဒုက္ခများစွာ ကြုံတွေ့ရမြဲဖြစ်သည်။ မြန်မာတို့အတွက် "မြန်မာမှု"၏ ဟိရိဩတ္တပ္ပတည်းဟူသော မကောင်းမှုမှ ရှက်ခြင်း၊ မကောင်းမှုမှ





ကြောက်ခြင်းတည်း ဟူသော လောကပါလတရား ၂ ပါးဖြင့် ထိန်းသိမ်း ထားနိုင်၍ တော်ပေသေး၏ဟု "သူ"တွေးနေမိပြန်သည်။

**မည်သို့ပင်ဖြစ်စေ အရွယ်ရောက်လာကြပြီဖြစ်သော လူငယ်မျိုးဆက်များအတွင်း ဆေးဝါးကျန်းမာရေးနှင့် ပညာဗဟုသုတ ကျယ်ပြန့်စွာ ဖြန့်ကြက်နိုင်ခြင်း၊ စီးပွားရေးဘဝအဆင့်မြင့်လာခြင်း။ လူနေမှုဘဝပုံစံသစ်ကို အမျိုးသားယဉ်ကျေးမှုဖြင့် ထောင့်စေ့စေ့ဖြင့် စောင့်ရှောက်နိုင်ခြင်းမရှိသေးမီကာလအတွက် "သူ"၏စိုးရိမ် ကြောင့်ကျခြင်းများအတွက်ကိုမူ "သူ"ကို "သူ"အဆိုးမဆိုချင်မိ။**

အမေတို့မြို့၊ အဘိုး၊ အဖေတို့မြို့ရွာများတစ်လျှောက် "သူ"ဖြတ်သန်းလာခဲ့ချိန်က ရရှိခဲ့သော အညာဒေသ၏ "သူစိမ်းဆန်နေ သည့် အလေ့အထ"တစ်ခုသည်၊ မြို့ပြသဘာဝ၊ မြို့ပြအတော်များများတွင် ရှင်သန်နေသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ရွှေမြို့တော်နှင့် မြို့ပြ အတော်များများတွင် ခေတ်ဆန်းသော၊ ခေတ်မီသော လူနေမှုပုံစံ နေရာယူ အခြေချလျက်ရှိနေပြီ။

"သူ"မြတ်နိုးတန်ဖိုးထားသော လူငယ်မျိုးဆက်အတွက် မိမိတို့၏ အမှန်တကယ်ရှိနေသော "စီးပွားရေး၊ ပညာရေး၊ ဗဟုသုတ" ပြည့်စုံမှုရှိခြင်း၊ မရှိခြင်းအပေါ် ရဲရဲတည့်တည့်ကြည့်၍ ခေတ်မီအောင်၊ ဘဝတိုးတက်ဖွံ့ဖြိုးအောင် ကြံဆောင်နိုင်ရေးအတွက် "သူ့"တွင် ကြောင့်ကျမှုများ ကြီးမားနေသည်။ ကြားသိမြင်တွေ့နေရသော ဖြစ်စဉ်များ ကလည်း သူ့အား ခြောက်လှန့်နေသည်မဟုတ် ပါလား။

ပွင့်လင်းသည်ဟု ဂုဏ်ယူပြောဆိုနေသော အနောက်၏ လူနေမှုစရိုက်ပုံစံနှင့် ယဉ်ကျေးမှုသည်လည်းကောင်း၊ တိုကျိုမြို့ပြ၊ ရှန်ဟိုင်းမြို့ပြ၊ ဟောင်ကောင်၊ နယူးဒေလီမှသည် ဗီယက်နမ်အထိ ကျင့်သုံးအခြေချနေသော မြို့ပြလူနေမှုစရိုက်ပုံစံ ယဉ်ကျေးမှု များသည် "သူ"၏အတွေးအာရုံတွင် စီးဝင်ဖြတ်သန်းသွားပြန်သည်။ တန်ဖိုး ကြီးမားလှသော အတုယူဖွယ်ရာများရှိသလို မိမိတို့၏ ပကတိ အခြေအနေ အရှိတရားအရ ကြီးမားသော အန္တရာယ်များရှိနေပါ့လား။

အထူးသဖြင့် ကျေးလက်ဒေသရှိ မသိ နားမလ ်တတ်

အိပ်ယာ၏ယာဘက်သို့စောင်း၍ ထထိုင်လိုက်ချိန်တွင် ၌အထင်းသားရှိနေသော မှန်ဘောင်ကြီးထဲမှ "မိသားစုတို့ စူးစူး က်စိုက်ကျင့်ကြံ"ဆိုသည့် စာသားနှင့် အကြောင်းအရာများကို 'သူ' ထင်သားဖတ်လိုက်ရသည်။

စဥ္ဇပါဆရာတော် (မြန်မာ၁၁၀၆) မှကွဲ (၁၁၄၀-၁၂၁၀) နသားတော်မှခဲ့တဲ့ "ဓမ္မနီတိချိုး" ပါလား၊ 'သူ'တို့မိသားစုများ၊ ဆွေစဉ် းဆက်များ ဖတ်မှတ်လေ့လာ၊ လိုက်နာကျင့်သုံးစေဖို့ 'ဘဘလေး' ာ်တမ်းတင်ခဲ့တာပါလား။ စဥ္ဇပါဆရာတော်၏ ဆုံးမစာကို 'သူ'ပူဇော် သည်၊ လူသားတစ်ဦးအနေဖြင့် လိုက်နာစေလိုလှ၍ မှတ်တမ်းပြုခဲ့သော ဘဘလေး'ကို ကြည်ညိုမိသည်။ ကြည့်စမ်းပါဦး-----------၊

"ကျင့်မူရာခပ်ပျင်းနှင့်၊ သွတ်ဖျင်းလူယုတ်တော၊ တတ်ပညာ အတတ်ပါအံ့၊ များမှတ်ကြလေ။

အတတ်ကိုမရှာဖွေ လျှင်၊ ဉစ္စာတွေရရေး၊ ဘယ်နှယ်ကြံဖန် မြောက်ပမယ်၊ မိုးလောက်ကွာဝေး"

"ပညာကိုဘယ်လူဆိုးတို့၊ ယူခိုးလို့ပါပမယ်၊ တတ်ကယ် လိမ္မာနှင့် ဉစ္စာဘယ်တူကြလိမ့်၊ လောကလူငယ်၊

သိကြားမြင် လုံလောက်က၊ ဈက်မှောက်ကယ်သည် ယ်ဝယ်၊ ရလွယ်၏ခင်ပွန်း၊ တမလွန်နောင်ခါကောင့်၊ မြိုက်ချမ်းသာ ိမြင့်၊ ကဲဆင့်တောက် ထွန်း"။

"သိပညာဖြစ်ပွားအောင်၊ ချစ်သားတို့သင်ကြပါ၊ မိဘ ရာတို့၊ ဖန်ခါခါတပည့်သားကို၊ ထောင်နားဆန် မငြင်းအောင်၊ င်းကြပေရာ၊ လှေ့လှော် လှေ့ခတ်နှင့်၊ အတတ်ကယ်မဲ့သူမှာ၊ န်ထမ်းသာဖြစ်မြဲ၊ ပညာရှင်ဖြစ်ပေက၊ လူ့ပြေ (မြေ)မှာ ပူဇော်လို့ဇမ္ဗူ ါ်ဂုဏ်တင်ပေလိမ့်မယ်၊ မိုးလထက်ကဲ" ပါတဲ့။

**ရှေးရှေးကမြန်မာပညာရှိကြီးများ၊ ဗုဒ္ဓသားတော် ဆရာတော် းတ လောကသားများအတွက် 'ပညာ'၏အခန်းကဏ္ဍ ပြဌာန်းမှုကို ၍သို့ဖွင့်ဆိုပြခဲ့ကြသည်။**

ဤမှန်ဘောင်၏အောက်တွင် 'ဘဘလေး'၏လက်ရေးမူဖြင့်





ကူးယူရေးဖော်ပြီး ချိတ်ဆွဲထားသည့် 'ပုဏ္ဏောဝါဒဆုံးမစာ"ပါ "အဘက သားကို ဆုံးမခန်း"ကို ဆက်၍ဖတ်ရပြန်သည်။

အဘက သားကိုဆုံးမခန်း

"ပန်း၏ပမာ"၊ ဤလက်ာတွင်၊ မာတာပိတ၊ ဆိုဆုံးမသား၊ ထိုစကားကို၊ မှတ်သားကုန်ကြ၊ မိန့်လိုက်ပြအံ့၊ မွေးဘလက်ရုံး၊ မြပန်းကုံးသို့ နှစ်လုံးဝမ်းက၊ ချစ်နိုးလှသည်၊ သားလှရွှေတောင်၊ ဘသည်းခေါင်၊ နားထောင်၍သာ၊ စေ့စေ့နာလော့၊ မိရာဘရည်၊ တည်မည်အကြောင်း၊ ကောင်းသားကျင့်ဝတ်၊ စာအတတ်ကို၊ သားမြတ်ယခု၊ တတ်ကြောင်း ပြုလော့၊ ဗဟုသုတ၊ မရှိကမူ၊ လျှော့ကျရေတူ၊ လူမဟူရ၊ ရှက်ကြီးရလိမ့်၊ နောင်တဆယ်ကြိမ်၊ ညှိုးပိန်မျက်နှာ၊ ပွဲမှာမဝင်၊ ပြင်မှာ မရောက်၊ တောမှာမျောက်သို့၊ ခြေထောက်လက်စုံ၊ ရှိပါတုံလျက်၊ လူပျက်လူနှမ်း၊ လူပေါက်ပန်းနှင့် လူသွမ်းလူပေါ့၊ ထဲသော့သော့ဟု၊ ကဲ့ရဲ့ပြုလိမ့်၊ "ညီပုရှက်မည်ထင်၏တည်း"။

"ထို့ကြောင့်သားထွေး"၊ ငယ်ထွေးလေးက၊ လူရေးလူရာ၊ ရှိစိမ့်ငှာဟု၊ ကျောင်းမှာမြဲနေ၊ စာပေသင်သင်၊ သို့လျှင်သို့ဖတ်၊ သို့မှတ်သို့ရေး၊ သို့မေးသို့ဖြေ၊ သို့နေသို့ထိုင်၊ သို့ကိုင်သို့ကြွ၊ သို့ကွသို့ကုန်း၊ သို့သုံးသို့စွဲ၊ သို့လဲသို့ထား၊ သို့စားသို့သောက်၊ သို့လျှောက်သို့ဆို၊ သို့ကိုသို့ကျင့်၊ သို့နှင့်သို့လျှို၊ သို့ရှိခိုးဟု၊ မြတ်နိုးလှစွာ၊ ညီဆရာက၊ မိန့်သမျှကို၊ ညီလှမင်းရွှေ၊ မမေ့စေနှင့် စေ့ရေမွေးဘ၊ မှာသမျှကို၊ ညီလှရွှေနား၊ ချပ်ခါထား၍၊ "သည်းဖျားမှတ်စေ ချင်၏တည်း"။

"သည်းဖျားမှတ်စိမ့်"၊ တဖန်မိန့်အံ့၊ နှစ်သိမ့်ဝမ်းသာ၊ ညီနားနာလော့၊ လူရွာလျှပ်ပေါ်၊ ရှင်မြူးပျော်သည်၊ သူတော် မဟုတ်၊ လူယုတ်လူသောင်း၊ လူဗူးတောင်းနှင့် မကောင်းမှုများ၊ နေ့တိုင်းပွားသည်၊ သောက်စားယစ်ဝ၊ လူ့ဗာလက၊ စသည်လူတွင်၊ လူလေဖင်နှင့်၊ ပျော်ရွှင်စကား၊ လူမိုက်များတို့၊ ပေါင်းညားရုံခါ၊ နီးယှဉ်လာလည်း၊ ဝေးစွာသားလှ၊ ခွာနိုင်မှတည့်၊ သားလှကိုယ်ကျိုး၊ စုံပြည့်ဖြိုးလိမ့်၊ ကြီးလေသားလှ၊ မှာသမျှကို၊ မချမြေဝယ်၊ မပယ်နှင့်ကား၊ ဘစကားကို၊ ရှင်အားရ၍၊ "သားလှမှတ်စေချင်၏တည်း"။

**မြန်မာမျိုးဆက်တို့အတွက် အဘိုးအဘွား၊ အမိအဖတို့၏ ကြီးမားနက်ရှိုင်းသော စေတနာ၊ စေတသိတ်ပြဌာန်းမှုတို့ကဖြင့် အုံ့ချိုးမကုန်ရှိပါဘိ၊ ရှေးရှေးမြန်မာပညာရှိကြီးတို့၏ လောကအတွက် တာဝန်ကျေပွန်မှုဆိုသည်ကတော့ ခိုင်းနှိုင်းရာမရှိ ကျေးဇူးကြီးပါဘိ ဟု 'သူ' ခံစားပူဇော်နေမိသည်။**

'သူ' တွေးကြည့်မိနေသည်------။

"ပန်း၏ပမာတဲ့၊ ရင်သွေးတို့မျိုးဆက်တို့ကို "မွေးဘလက်ရုံး၊ မြပန်းကုံးသို့၊ နှစ်လုံးဝမ်းက၊ ချစ်နှိုးလှသည်၊ သားလှရွှေတောင်၊ ဘသည်းခေါင်၊ နားထောင်၍သာ စေ့စေ့နာလော့"တဲ့။ တင်စားလိုက်ပုံ ကြင်နာလိုက်ပုံ၊ မြတ်နိုးတန်ဖိုးထားလိုက်ပုံက၊ ဖတ်ရနာကြား ရသူမျိုးဆက်၏စိတ်နှလုံးတွင် တနင့်နင့်တသိမ့်သိမ့် ရှိလိမ့်မည်ဟု 'သူ' ခံစားသည်။

စာမတတ် ဗဟုသုတမရှိပါက "တောမှာမျောက်သို့၊ ခြေထောက်လက်စုံ၊ ရှိပါတုံလျက်၊ လူပျက်လူနွမ်း၊ လူပေါက်ပန်းနှင့်၊ လူသွမ်းလူပေ၊ ထဲသော့သော့ဟု၊ ကဲ့ရဲ့ပြုလိမ့်၊ "ညီပုရှက်မည် ထင်၏တည်း"တဲ့ ဤသို့လျှင် ဖော်ကျူးဆုံးမတတ်ပါလား။

ဤသို့သော အကြောင်းကြောင်းကြောင့် လူမည်ကာ မတ္တလူမဖြစ်စေဖို့၊ လူဗာလ၊ လူမိုက်၊ လူတိရိစ္ဆာန်မဖြစ်ဖို့ "ထို့ကြောင့်သားတွေး"၊ ငယ်ထွေးလေးက၊ လူရေးလူရာ၊ နှိုစိမ့်ငှာဟု၊ ကျောင်းမှာမြဲနေ--- စသည့်ဖြင့် ကျင့်သုံးဖွယ်၊ လိုက်နာဖွယ်တို့ကို ကြင်နာစွာ ဖော်ကျူးရှင်းပြလျက် "စေ့ရေ မွေးဘ၊ မှာသမျှကို၊ ညီလှရွှေနား၊ ချပ်ခါထား၍၊ "သည်းဖျားမှတ်စေချင်၏တည်း"တဲ့။

"သည်းဖျား"ပါတဲ့ သားသမီးကိုမျိုးဆက်ကို ချစ်တတ်ပုံများ၊ တင်စားလိုက်ပုံများ၊ ခံစားခံယူထားပုံများကဖြင့်။ ဤသို့သော အမိအဘတို့၏ နှလုံးသားများကို 'သူ'သည် ခံစားပူဇော်နေမိပြန်သည်။

'သူ'သည်ငေးစိုက်ဖတ်ရှုခံစားရင်း လူကြီးတန်မဲ့ ဝမ်းနည်းလာမိသည်။

တတိယစာပိုဒ် အစလေးကို ကြည့်စမ်းပါဦး-----။





"သည်းဖျားမှတ်စိမ့်"၊ တဖန်မိန့်အံ့၊ **နှစ်သိမ့်ဝမ်းသာ** ညီနားနာလော့တဲ့၊ လူဗာလ၊ လူမိုက်၊ လူလေလူဖျင်းတို့နှင့် **မပေါင်းဖို့** သားသမီးတို့ ရင်သွေးတို့ကို နားဝင်အောင်ဆုံးမပြောဆိုတတ်ပုံများကဖြင့် ပူဇော်ထိုက်ပါပေ၏ဟု 'သူ'ခံစားနေမိသည်။

အဆုံးသတ်လေးကို 'သူ'နှစ်ခြိုက်စွာ ရွတ်ဆိုလိုက်မိသည်။

"သားလှကိုယ်ကျိုး၊ စုံပြည့်ဖြိုးလိမ့်၊ ကြိုလေသားလှ၊ မှာသမျှကို၊ မချမြေဝယ်၊ မပယ်နှင့်ကား၊ ဘစကားကို၊ ရွှင်အားရ၍၊ သားလှမှတ်စေချင်၏တည်း"တဲ့။

**လှပခန့်ညားလှသည့် တင်စားမှု နက်ရှိုင်းကျယ်ပြောလှသည့် အကြင်နာ မေတ္တာ၊ ကြီးမားလှသည့် စေတနာဖြင့် ယိုကျဖိတ်စင် လျှတ်တလက်လက်တောက်ပနေသော ရှေးရှေးက အမိအဘတို့၏ နှလုံးသားများကို 'သူ'သည် တစိမ့်စိမ့်တမ်းတရင်း လက်စုံမိုးလျက် ပူဇော် လိုက်မိပြန်သည်။**

လွမ်းမောတသဖွယ်၊ မြတ်နိုးဖွယ်ကောင်းလှသည့် မြန်မာမျိုးဆက်၊ အဘိုးအဘွား လူကြီးသူမနှင့် ပညာရှင်တို့၏ စိတ်နှလုံးတို့အားမှန်းဆပူဇော်ရင်းမှပင်၊ 'သူ'သည် သက်ပြင်းရှည်ကြီးတစ်ချက်ကို ဖြေးညှင်းစွာ ရှူသွင်းမှုတ်ထုတ်လိုက်မိသည်။

အကြောင်းတရားတို့က များစွာရှိနေသည်။

**"လောကလူသားတို့အတွက်၊ မြန်မာတို့အတွက် တန်ဖိုးအနန္တထိုက်တန်လှသော အမွေတို့ကို သယ်ပိုးထိန်းသိမ်းရန် တာဝန်ရှိသူတွေ၊ လက်ဆင့်ကမ်း၍ ပြည့်ပြည့်စုံစုံပေးဝေရမည့်တာဝန်ကို ကျေပွန်ကြရမည့်သူတွေ၏ စိတ်ဓာတ်၊ စာရိတ္တ၊ ကျင့်သုံးမှု၊ လောကအမြင်သည် ၁၀ စုနှစ်များစွာအတွင်း များစွာပင်လျော့ရဲပျက်စီးနေဝါပေါ့လား"ဟု 'သူ'ရဲရဲတည့်တည့်မြင်လိုက်မိသည်တွင် များစွာတုန်လှုပ်သွားသည်။**

ဘဝတွေ ခေတ်မီဖို့၊ တိုးတက်ဖို့၊ လှပဖို့ မိမိတို့၏ လိုအင်ကိုသာ ကွက်ကြည့်ပြီး ကြိုးပမ်းကြရင်း၊ အတ္တ၊ မာန၊ ဒိဋ္ဌိတို့ ကြီးစိုးခဲ့ကြသော 'သူ'နှင့် သူတို့မျိုးဆက်၏ တာဝန်မဲ့မှုကို 'သူ'ကြီးစွာ နောင်တရနေမိသည်။ သင်ခန်းစာ ယူဖို့ကောင်းလေစွဟု 'သူ'ခံစားသည်။

ဒိဗ်ယာ၏ယာဘက်သို့စောင်း၍ ထထိုင်လိုက်ချိန်တွင် နှံရှိ၍အထင်းသားရှိနေသော မှန်ဘောင်ကြီးထဲမှ "မိသားစုတို့ စူးစူး စိုက်စိုက်ကျင့်ကြဲ"ဆိုသည့် စာသားနှင့် အကြောင်းအရာများကို 'သူ' အထင်သားဖတ်လိုက်ရသည်။

စဥ္စပါဆရာတော် (မြန်မာ၁၁၀၆) မူကွဲ (၁၁၄၀-၁၂၁၀) ရေးသားတော်မူခဲ့တဲ့ "ဓမ္မနီတိချိုး" ပါလား။ 'သူ'တို့မိသားစုများ၊ ဆွေစဉ် မျိုးဆက်များ ဖတ်မှတ်လေ့လာ၊ လိုက်နာကျင့်သုံးစေဖို့ 'ဘဘလေး' မှတ်တမ်းတင်ခဲ့တာပါလား။ စဥ္စပါဆရာတော်၏ ဆုံးမစာကို 'သူ'ပူဇော် ခြိသည်၊ လူသားတစ်ဦးအနေဖြင့် လိုက်နာစေလိုလှ၍ မှတ်တမ်းပြုခဲ့သော 'ဘဘလေး'ကို ကြည်ညိုမိသည်။ ကြည့်စမ်းပါဦး----------၊

"ကျင့်မူရာခပ်ပျင်းနှင့်၊ သွတ်ဖျင်းလူယုတ်တေ၊ တတ်ပညာ ပဓာတတ်ပါအံ့၊ များမှတ်ကြလေ။

အတတ်ကိုမရှာဖွေ လျှင်၊ ဥစ္စာတွေရရေး၊ ဘယ်နှယ်ကြံဖန် မြောက်ပမယ်၊ မိုးလောက်ကွာဝေး"

"ပညာကိုဘယ်လူဆိုးတို့၊ ယူခိုးလို့ပါပမယ်၊ တတ်ကယ် အလိမ္မာနှင့် ဥစ္စာဘယ်တူကြလိမ့်၊ လောကလူငယ်၊

သိကြားမြင် လုံလောက်က၊ •မျက်မှောက်ကယ်သည် ကိုယ်ဝယ်၊ ရလွယ်၏ခင်ပွန်း၊ တမလွန်နောင်ခါကောင့်၊ မြိုက်ချမ်းသာ ပိုမိုမြင့်၊ ကဲဆင့်တောက် ထွန်း"။

"သိပညာဖြစ်ပွားအောင်၊ ချစ်သားတို့သင်ကြပါ၊ မိဘ ဆရာတို့၊ ဖန်ခါခါတပည့်သားကို၊ ထောင်နားဆန် မငြင်းအောင်၊ သွင်းကြပေရာ၊ လေ့လော့် လေ့ခတ်နှင့်၊ အတတ်ကယ်မဲ့သူမှာ၊ ဝန်ထမ်းသာဖြစ်မြဲ၊ ပညာရှင်ဖြစ်ပေက၊ လူ့ပြေ (မြေ)မှာ ပူဇော်လို့ဇမ္ဗူ ပေါ်ဂုဏ်တင်ပေလိမ့်မယ်၊ မိုးလထက်ကဲ" ပါတဲ့။

**ရှေးရှေးကမြန်မာပညာရှိကြီးများ။ ဗုဒ္ဓသားတော် ဆရာတော် များက လောကသားများအတွက် 'ပညာ'၏အခန်းတကျွာ ပြဋ္ဌာန်းမှုကို ဤသို့ဖွင့်ဆိုပြခဲ့ကြသည်။**

ဤမှန်ဘောင်၏အောက်တွင် 'ဘဘလေး'၏လက်ရေးမူဖြင့်





ကူးယူရေးဖော်ပြီး ချိတ်ဆွဲထားသည့် 'ပုဏ္ဏောဝါဒဆုံးမစာ"ပါ "အဘက သားကို ဆုံးမခန်း"ကို ဆက်၍ဖတ်ရပြန်သည်။

အဘက သားကိုဆုံးမခန်း

"ပန်း၏ပမာ"၊ ဤလက်ာတွင်၊ မာတာပိတ၊ ဆိုဆုံးမသား။ ထိုစကားကို၊ မှတ်သားကုန်ကြ၊ မိန့်လိုက်ပြအံ့၊ မွေးဘလက်ရုံး၊ မြပန်းကုံးသို့ နှစ်လုံးဝမ်းက၊ ချစ်နိုးလှသည်၊ သားလှရွှေတောင်၊ ဘသည်းခေါင်၊ နားထောင်၍သာ၊ စေ့စေ့နာလော့၊ မိရာဘရည်၊ တည်မည်အကြောင်း။ ကောင်းသားကျင့်ဝတ်၊ စာအတတ်ကို၊ သားမြတ်ယခု၊ တတ်ကြောင်း ပြုလော့၊ ဗဟုသုတ၊ မရှိကမူ၊ လျှော့ကျရေတူ၊ လူမဟူရ၊ ရှက်ကြီးရလိမ့်၊ နောင်တဆယ်ကြိမ်၊ ညှိုးပိန်မျက်နှာ၊ ပွဲမှာမဝင်၊ ပြင်မှာ မရောက်၊ တောမှာမျောက်သို့၊ ခြေထောက်လက်စုံ၊ ရှိပါတုံလျက်၊ လူပျက်လူနှမ်း။ လူပေါက်ပန်းနှင့် လူသွမ်းလူပေါ့၊ ထဲသော့သော့ဟု၊ ကဲ့ရဲ့ပြုလိမ့်၊ "ညီပုရှက်မည်ထင်၏တည်း"။

"ထို့ကြောင့်သားထွေး"၊ ငယ်ထွေးလေးက၊ လူရေးလူရာ၊ ရှိစိမ့်ငှာဟု၊ ကျောင်းမှာမြဲနေ၊ စာပေသင်သင်၊ သို့လျှင်သို့ဖတ်၊ သို့မှတ်သို့ရေး၊ သို့မေးသို့ဖြေ၊ သို့နေသို့ထိုင်၊ သို့ကိုင်သို့ကြ၊ သို့ကွသို့ကုန်း။ သို့သုံးသို့စွဲ၊ သို့လဲသို့ထား၊ သို့စားသို့သောက်၊ သို့လျှောက်သို့ဆို၊ သို့ကိုသို့ကျင့်၊ သို့နှင့်သို့လျှို၊ သို့ရှိခိုးဟု၊ မြတ်နိုးလှစွာ၊ ညီဆရာက၊ မိန့်သမျှကို၊ ညီလှမင်းရွှေ၊ မမေ့စေနှင့် စေ့ရေမွေးဘ၊ မှာသမျှကို၊ ညီလှရွှေနား၊ ချပ်ခါထား၍၊ "သည်းဖျားမှတ်စေ ချင်၏တည်း"။

"သည်းဖျားမှတ်စိမ့်"၊ တဖန်မိန့်အံ့၊ နှစ်သိမ့်ဝမ်းသာ၊ ညီနားနာလော့၊ လူရွှာလျှပ်ပေါ်၊ ရှင်မြူးပျော်သည်၊ သူတော် မဟုတ်၊ လူယုတ်လူသောင်း၊ လူဗူးတောင်းနှင့် မကောင်းမှုများ၊ နေ့တိုင်းပွားသည်၊ သောက်စားယစ်ဝ၊ လူ့ဗာလက၊ စသည်လူတွင်၊ လူလေဖင်နှင့်၊ ပျော်ရွှင်စကား၊ လူမိုက်များတို့၊ ပေါင်းညားရုံခါ၊ နီးယှဉ်လာလည်း။ ဝေးစွာသားလှ၊ ခွာနိုင်မှတည့်၊ သားလှကိုယ်ကျိုး၊ စုံပြည့်ဖြိုးလိမ့်၊ ကြိုးလေသားလှ၊ မှာသမျှကို၊ မချမြေဝယ်၊ မပယ်နှင့်ကား၊ ဘစကားကို၊ ရှင်အားရ၍၊ "သားလှမှတ်စေချင်၏တည်း"။

အနှစ်တစ်ရာကျော် ကိုလိုနီနိုင်ငံ တစ်နိုင်ငံ၏ လူသားဘဝ၊ ကျွန်ဘဝ ဖြတ်သန်းခဲ့ရချိန်၊ ဝါဒတွေ၊ အတွေးအခေါ်ပုံဖော်မှုတွေ၊ လွတ်လပ်ရေးအကြိုကာလနှင့် လွတ်လပ်ပြီး ခေတ်စနစ်အထွေထွေ၊ သူနိုင်ကိုယ်နိုင်အပြိုင်ကြဲမှုတွေ၊ ဆိုးမွေကောင်းမွေတွေ၊ မျက်မှောက်ကာလသတင်းခေတ်၊ ဈေးကွက်စီးပွားအထိ။

မနေ့ညက ညဥ့်ဦးက၊ "ဘုစုခရု"လေးများနှင့် စကားပြောစဉ်၊ 'သူ'ကအဇာတသတ်နှင့် ဒေဝဒတ်တို့အကြောင်း ဗုဒ္ဓခေတ်၏ တကယ့်သမိုင်းကြောင်းဖြစ်ရပ်ကို ပြောပြတော့ ဟူမလေးတစ်ဦးကမေးသည် "မေမေကပြောတယ် ဘဘ၊ အတ္တမှာ ကုသိုလ်မရှိဘူး၊ ပရမှာပဲ ကုသိုလ်ဆိုတာရှိတယ်တဲ့၊ ကိုယ်ကျိုးသိပ်ကြည့်တဲ့ လူမှာ ကုသိုလ်အမှုတို့ ကောင်းတာတို့၊ စေတနာတို့ဆိုတာ မရှိနိုင်ဘူးတဲ့၊ ကိုယ်ကျိုး မကြည့်မှ အများအကျိုးကြည့်တတ်၊ မြင်တတ်၊ လုပ်တတ်တဲ့ သူမှာမှ ကုသိုလ်တို့ ကောင်းမှုတို့၊ စေတနာမှန်တို့ဆိုတာ ရှိတယ်လို့ပြောတယ် ဘဘ၊ အဲဒါဘာကြောင့်လဲ"တဲ့။

ထိုစဉ်က ဗာလနက္ခတ္တပွဲသဘင်အကြောင်းဆက်ရင်း၊ ဤအမေးကို ရေရာရှင်းလင်းစွာ 'သူ'မပြောဖြစ်ခဲ့။ ခုတော့ လောကအကြောင်း၊ ဓမ္မအကြောင်း၊ လူတွေအကြောင်း၊ သတင်းခေတ်ကြီးအကြောင်းနဲ့ 'သူ'တို့မျိုးဆက်အကြောင်းကို "ဘုစုခရု"တို့နားလည် အောင် ရှင်းပြရပေဦးတော့မည်။

ဒါမှ သူတို့တတွေ မှန်ကန်စွာခေတ်မီပြီး မှန်ကန်စွာ ခေတ်ဆန်တတ်ကြမည် မဟုတ်ပါလား။

× × × × ×





အ ပိုင်း (၁၇)

## တကယ်ချစ်ကြပါရဲ့လား

"သူ" ထိုင်ရာမှထပြီး၊ ခေါင်းရင်းရှိ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ နှင်းမြူပါးပါးလျှလျှဖြန့်ကြက်နေသော ဝန်းကျင်အား နေနုရောင်ခြည်တို့ ထိုးဖောက်ဝင်ရောက်စပြုနေလေပြီ၊ အေးစိမ့်စိမ့်ရှိနေသော လေပြေတို့ "သူ"မျက်နှာအား တိုးဖြတ်သွားချိန်တွင် စိတ်နှလုံး လန်းဆန်းသွားသည်။

ဩကာသလောက၏ သဘာဝအလှကို "သူ"ခံစားရင်း မနီးမဝေးရှိ မကျည်းပင်အိုကြီးနှစ်ပင်သည် "သူ"အမြင်အာရုံသို့ ဝင်လာသည် တကျည်ကျည်ဖြင့် မြူးထူးနေသော 'စာ'လေးများ၏ အသံကြောင့်ဖြစ်သည်။ သူတို့တစ်တွေ အိပ်တန်းမှနိုးထပြီး လှုံ့လ ဝီရိယ ကြီးစွာဖြင့် အစာရှာကြ၊ အသိုက်အမြုံသို့ ပြန်လာကြ၊ မျှဝေကျွေးကြနှင့် အလုပ်များနေကြဟန်ရှိသည်။ သို့သော် ကြည့်ရ၊ မြင်ရ၊ ကြားရသည် ကတော့ ပျော်ရွှင်မြူးထူးခြင်းနှင့် အင်အားတို့ပြည့်နေသည်ဟု "သူ" သတိပြုမိသည်။

"သူ"များစွာအားရနေမိသည်။ သူတို့လည်း ငါတို့လိုပဲ၊ ဘဝတစ်ခုရဲ့အသိုက်အမြုံလေးမှာ ဘဝတဏှာဖြင့် နွေးထွေးစွာ ခံစားရင်း ကျေနပ်ပျော်ရွှင်နေကြပါလားဟူ၍လည်း နှလုံးသွင်းလိုက်မိပြန်သည်။

အပြင်ဘက်ဧည့်ခန်းနှင့် တစ်ဆက်တည်းရှိသော ဘုရားကျောင်းဆောင်ရှေ့တွင်တော့ ရပ်ဆွေရပ်မျိုးတို့စုဖွဲ့ပြီး အာလာပ သလ္လာပ စကားပြောနေသံ သုံ့သုံ့ကြားနေရသည်။

"သူ"သည် အပြင်ခန်းသို့ မသွားဖြစ်၊ မထွက်ဖြစ်သေး။ လက်ယာဘက်ရှိ စာဖတ်ခန်းသို့ ကူးဝင်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်က "သူ"ရောက်ခဲ့ဖူးသော စာဖတ်ခန်း၏ အခင်းအကျင်းသည် မပြောင်းမလဲရှိသည်။ သို့သော်ပိုမို၍ သပ်ရပ် သန့်ရှင်းနေသည်။ စာဖတ်ခန်းနံရံများတွင် ဗုဒ္ဓအဆုံးအမ၏အနှစ်စုစာပိုဒ်လေးများ "ဓမ္မပဒ" အဆိုအမိန့်များ ရေးသားပြုစု၍ မှန်ပေါင်လေးများဖြင့် ချိတ်ဆွဲထားသည်။

စာကြည့်စားပွဲရှေ့တည့်တည့်နံရံတွင် "လောကနီတိကျမ်း" ခေါင်းစဉ်စာလုံးကြီးကြီးဖြင့် မှန်ပေါင်ကြီးတစ်ချပ်ကို စာအပြည့်ဖြင့် တွေ့ရသည်။ အောက်ခြေတွင် "ဘသစ်၊ ၁၉၇၁ ခု၊ မတ်လ၊ စုစည်းပြုစုသည်"ဟု ရေးထားသည်။ "ဘဘလေး" ကွယ်လွန်တာ ၁၉၇၁ ခု၊ နှိုဝင်ဘာလဖြစ်သည်။ ဤစာစုကို နောင်လာနောက်သားတို့အတွက် မကွယ်လွန်မီ ခုနစ်လခန့်တွင် စုစည်းပြုစု မှတ်တမ်းတင်သွားခြင်း ဖြစ်သည်။

ခေါင်းစည်းအောက်ရှိ ပေါင်ခတ်ထားသောစာစုကို"သူ"စူးစိုက်ကြည့်မိသည်။ "မယိုပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏၊ (မယဒေဝ)"တဲ့။

**လောကသားတို့အတွက်၊ "လူသား"တို့အတွက် ပြဋ္ဌာန်းမှု မြင့်မားလှသည့်၊ တန်ဖိုးကြီးမားလှသည့်၊ မြတ်နိုးဖွယ်ဖြစ်သည့် "နီတိ" ကျင့်ဝတ်တို့သည် မြန်မာမှုတွင် အခိုင်အမာစိုက်ထူပြီးပါလားဟု "သူ" တစိမ့်စိမ့်ခံစားရင်း ပီတိဖြစ်မိသည်။**

**"သူ"မှတ်မိနေသည်။**

သီရိမဟာစတုရင်္ဂဗလအမတ်ကြီး(မြန်မာ-၆၇၅-၇၂၅





ခန့်)သည် လောကနီတိကျမ်းမြတ်ကို၊ ဓမ္မပဒ၊ သံယုတ်၊ သုတ္တနိပါတ်ဇာတ်စသည့် ဗုဒ္ဓ၏တရားတော်ကျမ်းဂန်များမှလည်းကောင်း၊ စာဏကျနီတိ၊ ဟိတောပဒေသစသည့် သက္ကတကျမ်းများမှလည်းကောင်း ရွေးထုတ်လျက် ပြုစုခဲ့ခြင်းဖြစ်သည်။ ဤကျမ်းကို အပိုင်း ခုနစ်ပိုင်းဖြင့် ပြုစုထားပြီး ပင်းယခေတ်ကျမ်းစာအဖြစ် လက်ခံသတ်မှတ်ထားသည် ထင်သည်။

မည်သို့ရှိစေ လောကနီတိကျမ်း၏ တည်မှီရာ နိဿယကို သက္ကရာဇ် ၁၁၉၆ ခုနှစ် ဘကြီးတော်မင်းလက်ထက်တွင် စက္ကိန္ဒာဘိသိရီ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇာဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးဗုမ်သည် အနက်ပြန်ဆိုထားခဲ့သည်။ တန်ဖိုး ကြီးလေစွ။

**ဤလောကနီတိကျမ်းကို "သူ"၏ စိတ်နှလုံးတွင် ကြည်နူးစွာ ပူဇော်နေမိသည်။ ဤကျမ်းသည် မြန်မာလူ့ဘောင်နှင့် လောက လူသား တို့၏ ဘဝနယ်ပယ်အသီးသီးတွင် ဖြန့်ကြက်မိလျှင် ကောင်းလေစွတု "သူ"စိတ်ကူးခံစားလိုက်မိပြန်သည်။**

အမှန်စင်စစ် လောကနီတိကျမ်းသည် လောကသားအားလုံး အတွက်၊ (သာရော = အနှစ်သာရမည်၏)၊ (မာတပိတု = မိဘသဖွယ် မည်၏)၊ (အာစရိယော=ဆရာသမားနှင့်တူ၏)၊ (မိတ္တော=မိတ်ဆွေနှင့် တူ၏)ဟူသော ဂုဏ်အင်္ဂါတို့ဖြင့် ပြည့်စုံလှ၏ဟု "သူ" မှတ်သားဖူးသည်။

ဤသို့သော ဂုဏ်အင်္ဂါရပ်တို့ဖြင့် ပြည့်စုံသော လောကနီတိ ကျမ်းသည် (ဉာဏီ = ဉာဏ်ကြီးသူ၊ ဉာဏ်ကြီးရှင်ဖြစ်နိုင်ခြင်း)၊ (မဟာ = ကြီးကျယ်မြင့်မြတ်သူဖြစ်နိုင်ခြင်း)၊ (ဗဟုသပ္ပတော = အကြားအမြင် များခြင်း) တည်းဟူသော အကျိုးတရားများကို ရရှိစေမည်ဟု ရှေးရှေး ပညာရှိတို့ ဆိုမိန့်ခဲ့သည်။

ဆရာတော် ဦးဗုမ် အနက်ပြန်ဆိုရေးသားပြုစုထားရှိခဲ့သော "ဤလောကနီတိကျမ်း"တွင် (ပညာရှိကို ဆိုရာအပိုင်း = ပဏ္ဍိတကဏ္ဍ)၊ (သူတော်ကောင်းကို ဆိုရာအပိုင်း = သုဇနကဏ္ဍ)၊ (သူယုတ်မာ၊ သူမိုက်တို့ကိုပြဆိုသည့်အပိုင်း = ဗာလဒုဇ္ဇနကဏ္ဍ)၊ (မိတ်ဆွေကို ပြဆိုသည့်အပိုင်း = မိတ္တကဏ္ဍ)၊ (မိန်းမကိုပြဆိုသည့်အပိုင်း = ဣတ္ထိယ

ကဏ္ဍ)၊ ('မင်း'ကိုပြဆိုသည့်အပိုင်း = ရာဇကဏ္ဍ)၊ (အကြောင်းအမျိုးမျိုးကိုရောနှောလျက်ပြဆိုသည့်အပိုင်း = ပကိဏ္ဏကကဏ္ဍ)။ ဟူ၍ အပိုင်းခုနစ်ပိုင်းခွဲလျက် အလစ်အဟာမရှိ၊ ထိမိပြတ်သား စွာဖြင့် ပြည့်စုံစွာဖော်ပြထားသည်ကို "ဘဘလေး"သည် မှတ်တမ်းအဖြစ် သူ၏လက်ရေးမူဖြင့် ကူးယူထားခြင်းဖြစ်သည်။ အပိုင်းခုနစ်ပိုင်းတွင် စာပိုဒ်ပေါင်း(၁၀၀)ဖြင့် ခွဲခြမ်းစိတ်ဖြာထားရာ၊ "သူ"၏စိတ်နှလုံးတွင် အားရခြင်း၊ ပီတိဖြစ်ခြင်း၊ ကြည်ညိုခြင်းတို့ တစိမ့်စိမ့်စီးဝင်နစ်မျော လျက်ရှိနေလေပြီ။

"သူ"သည်လည်း ပုထုဇဉ်ပီသစွာ "သူ"၏လိုအင်ကိုသာ တွေးတတ်၊ တောင့်တတတ်သူ ဖြစ်နေလေသည်။

ခေတ်သစ်လူနေမှုအရှက်ဦးသည် အဆင့်မြင့်နည်းပညာ၊ သိပ္ပံပညာတို့ တွန်းပို့လိုက်သော အရှိန်အဟုန်ဖြင့် ခန့်မှန်းရ ခက်လောက်အောင် လျင်မြန်စွာပြောင်းလဲမှုများရှိနေလေပြီ။ အထူးခြားဆုံးမှာ သတင်းနည်းပညာဖြန့်ကြက်မှုစွမ်းပကားမြင့်မားလာခြင်း ဖြစ်သည်။

ဘာသာစကား၊ ဆက်သွယ်မှု ၊ဆက်ဆံရေးလမ်းကြောင်းတို့ဖြင့် လူ့ဘောင်လောက၊ လူ့လောကအတွင်း ရင်းနှီးကျွမ်းဝင်ခြင်း၊ နားလည်ခြင်း၊ နားလည်ပေးနိုင်ခြင်းတို့သည် သတင်းနည်းပညာ၏ စွမ်းအားဖြင့် ကျယ်ပြန့်နက်ရှိုင်းလာကောင်း၏၊ ဤအချိန်အခါမျိုးတွင် ဤနီတိတို့ဖြင့် "လူ"နှလုံးသားတို့ကို ထိန်းကျောင်းအလှဆင်ပြားအံ့။

ကျက်သရေမင်္ဂလာရှိလိုက်မည့်ဖြစ်ခြင်းဟု "သူ"တွေးတော တောင့်တနေမိပြန်သည်။ ဤသည်မှာ "သူ"၏လိုအင်ဆန္ဒ မဟုတ်ပါလား။

"သူ"သည်အနန္တကျေးဇူးရှင် "ဘဘလေး"၏ ဝိုင်းစက်စက် လက်ရေးလေးများကို သမုဒယဖြင့် ဖက်တွယ်ရင်း စာတစ်ပိုဒ်ချင်း၊ တစ်ကြောင်းချင်းကို ဖတ်ကြည့်မိလေသည်။

ဤမျှနက်နဲကျယ်ပြန့်လျက် လောကကျင့်ဝတ်၊ လူ့ကျင့်ဝတ်တို့ကို ပြဋ္ဌာန်းပေးနိုင်စွမ်းလှသော၊ လောကီအကျိုးစီးပွားသာမက လောကုတ္တရာအကျိုးစီးပွားကိုပါ အထောက်အပံ့ပြုနေသော အရွယ်သုံးပါး လူသားတို့အတွက် ဆောင်ရန်၊ ရှောင်ရန်တို့ရှိနေပါလျက်၊ ဤအမွေကောင်း





များကို "သူ"နှင့် သူတို့မျိုးဆက်သည် ပြုစုပျိုးထောင်လိုက်နာကျင့်ကြံ့နိုင်မည်သည့်အတိုင်းအတာအထိ မေ့လျော့နေခဲ့ကြပါသနည်း။

ကိုယ့်ကိုယ်ကိုလည်းချစ်တတ်၊ တန်ဖိုးထားတတ်၊ မိသားစုနှင့်တကွ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကိုလည်း ချစ်တတ်၊ တန်ဖိုးထားတတ်ပြီး လောကလူသားအားလုံးအားဖြစ်စေ၊ သဗ္ဗေသတ္တာ သတ္တဝါများကိုဖြစ်စေ၊ ဩကာသလောက ရေမြေတောတောင် သဘာဝကိုပင်ဖြစ်စေ ချစ်တတ်၊ တန်ဖိုးထားတတ်ကြပါသည်ဆိုသော မြန်မာမျိုးဆက်တို့၏ လောကအမြင်သည် နှစ်ပေါင်းနှစ်ထောင်ကျော်ကပင် သန္ဓေတည်ရှင်သန်ခဲ့ခြင်းဖြစ်သည်။

ဤသည်ကို "သူ"ကောင်းစွာသတိပြုနှလုံးသွင်းမိပါ၏။ သို့ပါလျက်နှင့်

ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ပြီးခေတ်၊ မျက်မှောက်ကာလအထိ၊ မြန်မာတို့၏စိတ်နှလုံးနှင့် လောကအမြင်ကိုလည်းကောင်း၊ လူ့ဘောင်လောကအတွင်း ပေါ်ပေါက်ခဲ့သော အဆိုးအကောင်းများစွာကိုလည်းကောင်း အနုလုံပဋိလုံတွေးတော ဆင်ခြင်မိသည့်တစ်ခဏ၌ "သူ"၏စိတ်နှလုံးတွင် အလင်းအမှောင် အရောင်မျိုးစုံတို့ ဖြတ်သန်းသွားသည်ကို ခံစားလိုက်ရသည်။

"သူ"နှင့် သူတို့မျိုးဆက်၏ သက်တမ်းနှစ် ၆၀ ဝန်းကျင်သို့ ရောက်ခဲ့ကြလေပြီ။

ပဒေသရာဇ်ခေတ် မြန်မာတို့ ဘဝတစ်ခုဖြတ်သန်းချိန်၊ နှစ်ပေါင်းတစ်ရာကျော်ကာလ ကျွန်ဘဝတွင် မြန်မာတို့၏ ဘဝတစ်ခု ဖြတ်သန်းချိန်၊ နိုင်ငံလွတ်လပ်ရေးနှင့် အမျိုးသားလွတ်လပ်ရေး တိုက်ပွဲကာလ မြန်မာတို့၏ဘဝဖြတ်သန်းချိန်၊ လွတ်လပ်ပြီးခေတ် စနစ်အထွေထွေတွင် မြန်မာတို့၏ ဘဝဖြတ်သန်းချိန်မျက်မှောက်ကာလအထိ။

ကြီးကျယ်မြင့်မြတ်သည့် လောကအမြင်၊ ဘဝအမြင် အမွေကောင်းများရှိပါလျက် ဤအမွေကောင်းတို့ကို ကျင့်ကြံအားထုတ်ဖို့ လက်ဆင့်ကမ်းအမွေကောင်းတွေပေးဖို့၊ တာဝန်ကျေသူတွေ၊ တာဝန်မကျေသူတွေ၊ တာဝန်မဲ့ရုံမျှမက ဤအမွေ တို့ကို အတ္တ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်

**ဖျက်ဆီးပစ်သူတွေ၊ အလင်းအမှောင်အရောင်မျိုးစုံ။**

ကိုယ့်ကိုယ်ကိုရော တကယ်ချစ်ကြတန်ဖိုးထားကြပါရဲ့လား။ ကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ကိုယ်ရောတကယ်ချစ်ကြပါရဲ့လား၊ လောကလူသားတွေ သဗ္ဗေသတ္တာ သတ္တဝါတို့များစွာနှင့် သဘာဝအရင်းအမြစ် တွေကိုရော တကယ်ချစ်ကြ၊ တန်ဖိုးထားကြပါရဲ့လား။

**အပြစ်မတင်၊ အပြစ်မမြင်စတမ်း၊ တစ်စိတ်တစ်ဝမ်းတည်း အနစ်နာခံကြိုးပမ်းကြဖို့တော့ "သူ"နှင့် သူတို့မျိုးဆက်တို့တွင် လည်းကောင်း၊ သန်းပေါင်းများစွာသော သားတို့သမီးတို့၊ မြေးတို့တွင် လည်းကောင်း တာဝန်ရှိနေလေပြီ။**

**မည်သို့ဆိုစေ၊ ဖန်တီးနိုင်သူတို့၊ ဖန်တီးခွင့်ရှိသူတို့၊ ဖန်တီး နိုင်စွမ်းသူတို့သည် ပဓာနကျသည့် အခန်းကဏ္ဍတွင် ရှိနေလေပြီ မဟုတ် ပါလား။**

× × × × ×





**အ ပိုင်း (၁၈)**

**အမွန်အမြတ်ထားအပ်သောအမွေများ**

လောကသားတို့အတွက်၊ မြန်မာတို့အတွက် တန်ဖိုး အနဂ္ဃထိုက်တန်လှသော အသိအမြင်များကို မြတ်ဗုဒ္ဓ၏အဆုံးအမများ၊ ပညာရှိရဟန်းတော်မြတ်များ၊ လူပုဂ္ဂိုလ်ပညာရှိကြီးများ၏အဆိုအမိန့်များ ရိုးရာစာပေကျမ်းဂန်များ ပြည်သူ့နီတိ၊ လောကနီတိကျင့်ဝတ် များတို့မှ "သူ" နှင့် "သူတို့" မျိုးဆက်သည် ရရှိခဲ့ကြပြီးဖြစ်သည်။

**တစ်ချိန်တည်းတွင် ဘဝတစ်ခု ဖြတ်သန်းချိန်၌ ခေတ်မီဖို့၊ တိုးတက်ဖို့၊ သာယာလှပဖို့၊ ပြည့်စုံဖို့၊ ခန့်ငြားဖို့နှင့် စည်းစိမ် ဥစ္စာ၊ ရာထူးအာဏာ၊ လုပ်ပိုင်ခွင့်တွေ ပြည့်စုံဖို့ တည်တန့်ဖို့ လိုအင်များကိုသာ ကွက်ကြည့်ရှေ့ရှုပြီး ကြိုးပမ်းကြရင်း၊ အတ္တမာနဒိဋ္ဌိ တို့၏စိုးမိုးမှုကို ခံယူနှလုံးသွင်းခဲ့ကြသောသူများ ကြီးစိုးချယ်လှယ်ရာ ဆယ်စုနှစ်ခေတ် ကာလများစွာကို "သူ" နှင့် "သူတို့" မျိုးဆက် ဖြတ်သန်းခဲ့ရပြီးဖြစ်သည်။**

တန်ဖိုးကြီးမားသော ကောင်းမွေဆိုးမွေသင်ခန်းစာများစွာ ရရှိခဲ့သော "သူ" နှင့် "သူတို့" မျိုးဆက်သည် မှန်ကန်သည့် ဘဝတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု၊ ခေတ်မီမှု၊ သာယာငြိမ်းချမ်းမှုတို့ကို အဘယ့်ကြောင့် မတည်ဆောက် မပေးဆပ်နိုင်ကြလေသနည်း။

"ဒီလောက် မြတ်နိုးကြင်နာဖွယ်ကောင်းသည့် သူနေ တ် နေသော ကမ္ဘာ၊ သူရှိနေသောမြန်မာကို၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်

အကြောင်းတရားတွေကများ အရုပ်ဆိုးအကျဉ်းတန်အောင်၊ ပူဆွေးတမ်းတလွမ်းမောစေအောင်၊ ယူကြုံးမရဒေါသ၊ ဗျာပါဒတွေ၊ အာဃာတအရောင်အမှောင်တွေ၊ ပူလောင်ပြင်းထန်သည့် ပေါက်ကွဲမှုတွေနှင့် ဖန်တီးပစ်နေပါလိမ့်" ဟူသောအတွေးသည် "သူ"အား နှိုးဆွပေးသလို အမြဲခံစားနေရသည်။

"သူ"သည် စာကြည့်ခန်းအတွင်းမှ မထွက်နိုင်သေး၊ အပြင်သို့ပင် မထွက်ချင်မိ။ စာကြည့်ခန်းနှင့် "သူ" အတွေး၏ အကန့်အတွင်းလူးလာခေါက်တုံ့ရှိနေရခြင်းကပင် "သူ" အတွက်သက်သာသလိုရှိနေသည်။

"သူ" သည် ခေါင်းငိုက်စိုက်ချရာမှ သက်ပြင်းရှည်တစ်ချက် ရှူသွင်းမှုတ်ထုတ်လိုက်ရင်း ဘယ်ဘက်နံရံသို့ စောင်းငဲ့မော့ကြည့်လိုက်သည်။

"ဂမ္ဘီသာရဆုံးမစာ"ဟူသော ခေါင်းစဉ်တပ်ထားသည့် "သျှင်မဟာရဋ္ဌသာရ"၏ အဆိုအမိန့်ကိုတွေ့လိုက်ရပြန်သည်။ "ဘဘသစ်"၏ဝိုင်းစက်စက်လက်ရေးဖြင့်ကူးယူ၍ မှန်ဘောင်သွင်းချိပ်ဆွဲထားခြင်းဖြစ်သည်။ အချိန်ကာလကြာမြင့်ပြီဖြစ်၍ မှင်အနက်ရောင်သည်ပင် နီကျင်ကျင်ဖြစ်နေလေပြီ။

ပထမဆုံးစာပိုဒ်သည် "စရိုက်ညီထွေကျင့်တတ်စေ"ဖို့ ဖြစ်သည်။ ရောမမှာနေလျှင် ရောမလိုကျင့်တတ်ဖို့၊ ခေတ်မီဖို့ ဆိုရာတွင်လည်း မှန်ကန်စွာဖြင့် ခေတ်မီအောင် ကျင့်ကြံပေါင်းသင်း ဆက်ဆံတတ်ဖို့ ဖော်ကျူးဟန်ရှိသည်။

"မြွက်ဆိုမှုသား"၊ နှုတ်သံပြားသို့၊ စီးပွားလိုယောင်၊ ရှုပဆောင်လျက်၊ မှားအောင်ပြစ်ရှာ၊ ကြံတတ်စွသား၊ မေတ္တာချည်းနှီး၊ လူ့ခွေးမြီးနှင့်၊ တသီးတခြား၊ တစ်ပါးပြည်ရွာ၊ မရှောင်သာ၍၊ မတွာပေါင်းဖော်၊ ပြုပြောသော်လည်း၊ အပေါ်ကားယှဉ်၊ အထဲကြဉ်၍၊ စိတ်ယဉ်နှိမ့်ချ၊ အာစာရဖြင့်၊ ကာလအလိုက်၊ သူ့ အကြိုက်ကို၊ "စရိုက်ညီထွေ ကျင့်တတ်စေ"တဲ့။ မကောင်းမှု၊ အကုသိုလ်မှု၊ အမွှမှုတို့နှင့်ကြုံလာတိုင်း ကိုယ်ပေါင်းစိတ်ခွာနေတတ်ဖို့၊ ရှောင်တတ်ဖို့





ဆိုမိန့်သည်ဟု "သူ" ခံစား နားလည်လိုက်မိသည်။

ဒုတိယစာပိုဒ်သည် "စဉ်ကြောင်းဝေးမြေ လွှင့်တတ်စေ"ဖို့ ဖြစ်သည်။ သူတော်မဟုတ်၊ သူယုတ်တို့အား ရက်ရောစွာ စွန့်ခွာပဲကြဉ်ရန် ဆိုမိန့်ထားသည်ကို တွေ့ရပြန်သည်။

"အရှည်လင့်လင့်"၊ အသင့်မျှော်လျက်၊ ကြံခေါက်ရက်တည့်၊ နှောင်ယှက်သောဖြစ်၊ ဆံတရစ်မျှ၊ အပြစ်မဲ့စွာ၊ လွတ်ခွင့်သာမူ၊ ကန္တာတောထဲ၊ ခရီးခဲ ဝယ်၊ ကျားရဲသစ်ရူး၊ ဘီလူးသဘက်၊ ဘေးသူဖျက်အား၊ ရက်ရက်ဆောစွာ၊ စွန့်လိုက်ခွာသို့၊ မိစ္ဆာဖော်ပေါင်း၊ သူမကောင်းကို၊ "စဉ်ကြောင်းဝေးမြေ လွှင့်တတ်စေ"တဲ့။

"သူ" သည်အဆိုအမိန့်အဆုံးအမများ၏ အဆီအနှစ်တို့တွင် နစ်မျောနေမိသည်။ "သူ" ၏ဘဝတစ်လျှောက် ဖြတ်သန်း ချိန်များတွင် ကြုံခဲ့ဆုံခဲ့၊ "သူ" ပါဝင်ဆောင်ရွက်ခဲ့သော "သူ" ၏ကာယကံ၊ ဝစီကံ၊ မနောကံမှုတို့ဖြင့် ပြုခဲ့သမျှကို ပြန်လည် ဆန်းစစ် နေမိပြန်သည်။

တတိယစာပိုဒ်သည် "ဉာဏချွန်းကွင်းမြဲစေမင်း"တဲ့။ ဒေါသအမျက်စောင်းမာန်တက်မှုကို၊ ဉာဏ်ပညာဖြင့် ချွန်းမိုးကွပ်သကဲ့သို့ ထိန်းချုပ်ပယ်သတ်ရန် ဆိုမိန့်ဆုံးမထားသည်။

"မဏိဇောတ"၊ ပြည်တန်မြနှင့်၊ သိင်္ဂီရွှေညာ၊ ရတနာလည်း၊ အဝါလျှံလက်၊ ရောင်ခြည်ထွက်မှု၊ စုံမက်ငဲ့ငြီး၊ အဘိုးကြီး၏၊ တသီးဆိုဖွယ်၊ လူတို့ဝယ်လည်း၊ ကြီးငယ်အမျက်၊ စောင်းမာန်ထွက်မှု၊ ပေါင်းဖက်ဖော်နှီး၊ အများငြီး၏၊ အတီးလက်သုံး၊ ဤသည်ထုံးကို၊ ယူကြုံးပိုက်သွင်း၊ သားမောင်မင်းလည်း၊ မုန်ပြင်းဒေါသ၊ စိတ်နာဂကို၊ "ဉာဏချွန်းကွင်း မြဲစေမင်း"ဟုဆိုသည်။

အောက်ဆုံးက စတုတ္ထစာပိုဒ်တွင် "နေ့ညမကင်း တွေ့စေမင်း"ဟု ဆိုမိန့်ထားသည်။ အထူးထူးအထွေထွေသော အတတ်ပညာတို့ကို ဆည်းပူးရှာဖွေရာ၌ လိုက်နာကျင့်သုံးအပ်သည်တို့ကို ဖော်ကျူးထားသည်။

"အဋ္ဌာရသ"၊ သိပ္ပကျေးဇူး၊ အထူးထူးကို၊ ဆည်းပူးဖွေရှာ သင်သောခါလျှင်၊ ဆရာကောင်းထံ၊ ကျိုးနွံတရှည့်၊ ရိပ်ခြည် ကြည့်လျက်

တပည့်ကျင့်ဝတ်၊ ညီညွတ်စွာမူ၊ ကုန်အောင်ပြု၍၊ အာယုဆုံးစွန်၊ ပြောင်းချိန်တန်မှ၊ ပြည့်ွန်ရိပ်ခြေ၊ ဆိုအံ့သည်ဟု၊ ဆောက်တည်လျှို့ဝှက်၊ မြင်မထွက်သား၊ သိခက်ခဲလှ၊ ကိလိဋ္ဌကို၊ မှတ်ရလေအောင်၊ ရည်စောင့်နှိမ့်ချ၊ ဆည်းကပ်ခ၍၊ "နေ့ညမကင်း တွေ့စေမင်း"ဟု ဆိုသည်။

သျှင်မဟာရဋ္ဌသာရ (မြန်မာ ၈၃၀-၈၉၂)တို့၏ အဆိုအမိန့်အဆုံးအမများစွာကို "ပျို့လင်္ကာ"ရသဖြင့် ဖော်ကျူးခဲ့သည်မှာ များစွာကြည်ညိုဖွယ်ကောင်းစေစွဟု "သူ" ကြည်နူးစွာ ခံစားနေမိပြန်သည်။

**ရာစုသစ်၏အရှက်ဦးကာလအား ဖြတ်သန်းနေကြသော လူသားသည် မည်သည့်ခေတ် မည်သည့်စနစ်ဖြင့် မည်သည့် ဒေသ မည်သည့်အရပ်၌ ရှင်သန်လာခဲ့ရသည်ဖြစ်စေ၊ ရှင်သန်ဖြတ်သန်းနေရသည်ဖြစ်စေ၊ သူ၏စိတ်နှလုံး၌ ပြည့်စုံမှု၊ သာယာချမ်းမြေ့မှု၊ ပျော်ရွှင်မှုနှင့် လုံခြုံမှုများကို တောင့်တနေမည်ကတော့ အမှန်ပင်ဖြစ်သည်။**

**"လူ" သားတစ်ဦး၏ "လိုအင်"ဆိုသည်ကတော့ အမျိုးမျိုးရှိကြပေမည်။ မည်သို့ရှိစေ လူသားတစ်ဦးသည် သူ၏လိုအင်ကို ဖြည့်ဆည်းရာ၌ နှလုံးသွင်းမှု ကျင့်သုံးမှုမှန်ကန်ပါမှ ထိုလူသားနှင့် သူ၏လောကအတွက် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို သမ္မာပြု၍ ဖော်ဆောင်တည်ဆောက်နိုင်မည်မဟုတ်ပါလား။**

"ရှင်မဟာရဋ္ဌသာရ"သည် "သူ"၏စိတ်နှလုံးတွင်ပီပီပြင်ပြင် အခိုင်အခန့် တည်လာသည်။ "သူ" ငယ်ငယ်ကတည်းက အလွန်ပင် စွဲမက်အားကျသော၊ လေးစားကြည်ညိုသော စာဆိုပုဂ္ဂိုလ်ဖြစ်သည်။ "သူ"၏စိတ်နှလုံးတွင် စတင်၍ အခြေချခဲ့သော မျိုးစေ့ ကား "သု စိ ပု ဘာ၊ ဝိ လိ သိ တာ" အက္ခရာရှစ်လုံးဖြစ်သည်။ နက်နဲကျယ်ပြန့်လှသော စာသင်သားတို့အတွက် ဆုံးမစာဖြစ်သည်။

"သု စိ ပု ဘာ၊ ဝိ လိ သိ တာ" အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို သိကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အနှံ့ခြေပြုတို့၊ ဥဇုဘူတ၊ လုံ့လပြင်းစွာ၊ သူ့ထက်ငါဟု၊ နှုတ်မှာရွရွ၊ ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး၊





အထူးသိမြင်၊ ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်ဇောဘဲ၊ တည်မှာလွဲအံ့၊ အရဲကြိုးကုတ်၊ ကြက်ရဲစုတ်သို့၊ အားထုတ်ခုံမင်၊ မသင်မအား၊ မကြံမဆေး၊ ဆွေးနွေးရောနှော၊ ပြောဟောမဲ့တွေ၊ ပေချပ်ရေဖြင့်၊ ကုန်စေဆန်းသော သင်ချေပါလည်း၊ ဘယ်မှာဂုဏ်ရှင်၊ ကျော်စောထင်ချိမ့်၊ စာသင်ဟူတာ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ လွှသွားပမာ၊ ကျောက်ထက်စာသို့၊ လိုရာရအောင်၊ ကြံဆောင်လေ့ကျက်၊ အနက်အဓိပ္ပာယ်၊ နှုတ် ဝယ်ရွရွ၊ ထားချေမှတည့်၊ တစ်ပေါ်လျှင် ချည်စငင်သို့၊ သဘင်ပွဲမှောက်၊ ဆိုရေးရောက်က၊ လန့်ကြောက်မရှိ သတိမြဲ ခိုင်၊ ကျောက် တိုင်ပမာ၊ ကေသရာသို့၊ ရွံ့ရှာမဲ့လျှင်း၊ ဆိုခင်းနည်းနာ၊ အဖြာဖြာကို၊ မကြာနှုတ်ဖလှာက်၊ ခန့်ချင့်ထောက်လော့၊ အံ့လောက်ဖွယ်သာ၊ ဂါထာပါဠိသား၊ စကားဝိုက်လည်၊ စဉ်ရှည်ရှေ့တီး၊ **စကားကြီးက၊ စသည်ထိုထို၊ ဝိဗြုဟ်ဝစနတ်၊ ဓာတ်ရုပစ္စည်၊ ထုံးနည်းပမာ၊ ဂါထာ ဆန်းဝိုက်၊ ကရိုက်းဌာန်စစ်၊ ဖွင့်လှစ်ဋီကာ၊ အဋ္ဌကထာပါဠိ၊ အောက်ထက်ညှိ၍၊ ကဝိလက္ခဏာ၊ အဖြာဖြာကို၊ သေချာဆည်းဆ၊ ဆိုစွဲကလျှင်၊ ဘဝဤတွင်၊ ခုမျက်မြင်လည်း၊ မထင်ဘယ်မှာ၊ ရှိဘိရာအံ့၊ သံသရာလည်း၊ ပမာကဲလွန် အဆုံးစွန်မှု၊ ညီမွန်တုလွတ်၊ သုံးလူ နတ်ဝယ်၊ "အကျွတ်ဘယ်မှာ ဝေးတော့မည်"။**

"သူ"၏အသက် ၁၀ နှစ်သားခန့်က "သူ" နှစ်ခြိုက်လွန်း၍ မပြတ်ရွတ်ဆိုခဲ့ဖူးသော ဆရာသခင်ကျေးဇူးရှင်၏ ဆုံးမစာကို "သူ"သည် ပူဇော်ရင်း နှုတ်ပျိုလန်းဆန်းမှုကို ကြည်နူးစွာခံစားနေမိလေတော့သည်။

အို-----အမှန်မြတ်ထား၍ နှလုံးသွင်းကျင့်ကြံအားထုတ် အပ်သော အမွေတို့ကဖြင့် မြောက်များစွာ။

× × × × ×

အ ပိုင်း (၁၉)

## အဂတိတရားဆိုတာ ပါးပါးလေးပါလား

"သူ" စာဖတ်ခန်းမှထွက်၍ ရေချိုးခန်းဝင်ခဲ့သည်။ကိုယ်လက် ဆန့်စင်၍ အဝတ်လဲပြီး ဧည့်ခန်းသို့ရောက်တော့ ဆွေမျိုးတစ်စု 'နီမာ'နဲ့ ဇတူ ဝိုင်းဖွဲ့စကားပြောနေကြသည်။ သမီးငယ် ဆရာဝန်လောင်းကစာအိပ် ကြီးတစ်အိပ်လာပေးသည်။ နံနက်စာစားရန် စားပွဲဝိုင်းတွင် ထိုင်လိုက် ဓည်။ ပဲပြုတ်နဲ့ထမင်းကြော်၊ လက်ဖက်ရည် ကျကျမတ်ခွက်နှင့် တစ်ခွက်။ အလိုက်သိပြီးအထာကျနေသော နီမာနှင့် သမီးငယ်၏ ပတ်ရာဖြစ်မည်။ ဖခင်စစ်သားအိုကြီးအတွက် "သူ"အကြိုက်ဆုံး၊ သူ ဓနှစ်သက်ဆုံးအစားကို ပြင်ပေးထားတတ်သော ဇနီးနှင့်သမီးအား ကျေးဇူးတင်မဆုံးဖြစ်မိသည်။ ရှေ့တည့်တည့်တိုင်ကပ်နာရီအိုကြီးကအချက် ပေးလာ၍ မော့ကြည့်လိုက်တော့ လက်တန် နှစ်ခုကထောင့်မှန်ပြနေပြီ၊ ဒို - - -ကိုးနာရီတောင်ထိုးပြီပဲ။ "သူ"သည် နာရီကြီး၏အောက်တည့်တည့် နံပေါင်ရှိ လက်ရေးဝိုင်းဝိုင်းများကို စိတ်ဝင်စား သွားမိပြန်သည်။

**အဝေးကြည့်မျက်မှန်အနေအထားကို ယာလက်ဖြင့် နှိမ့်သားညှိ၍ ကြည့်လိုက်တော့ "အဂတိတရား၊ ကြီးမားအန္တရာယ်"ဟု ခေါင်းစဉ်တပ်ထားသည်ကို "သူ"မြင်ရသည်။**





"အဂတိတရား"ဆိုတာ ဆန်းတာမှမဟုတ်ဘဲ၊ မြန်မာမှုမှာ ရိုးအီနေပြီဖြစ်တဲ့ လက်သုံးစကားပဲ၊ လူတိုင်းပါးစပ်ဖျားမှာ အထူးသဖြင့် ဩဝါဒပေးသူတို့၏ နှုတ်မှာအမြဲကိုးကားတဲ့ ဆုံးမစကားပဲ။ "ထမင်းစား ရေသောက်"ပြောနေကြတာပဲဟု "သူ"သိနားလည်ထားသည်။

သို့သော်ယခုရေးထားသည်က ရိုးရိုး"အဂတိတရား"မဟုတ်၊ "အဂတိတရား၊ ကြီးမားအန္တရာယ်"ဟုရေးထားသည်။

**အန္တရာယ်ဆိုလျှင်တော့ လူတိုင်းနည်းနည်းတော့တွန့်တတ်၊ ကြောက်တတ်သည်။ ကြီးမားသည့်အန္တရာယ်ဆိုလျှင် ပို၍ ကြောက်တတ်၊ ရွံ့တတ်သည်။ ယခုရေးသားထားသည်ကလည်း ကြီးမားအန္တရာယ်ဟု ဆိုထားသည်။ အဂတိတရားလေးပါး ဆိုသည်က ရိုးရိုးအဂတိတရား၊ အထူးအဂတိတရားဟူ၍ ခွဲခြားရှိနေ၍တော့မဟုတ်၊ ကြီးမားအန္တရာယ်ကြီး တပ်ထား၍ဖြစ်သည်။ လျှပ်စစ်ဓာတ်အားပေးရုံများ၊ ထရမ်စဖော်မာကြီး များတွင်(Danger-အန္တရာယ်)ဟု ရေး၍ သတိပေးထားသည်ပင်ရှိ နေသည် မဟုတ်ပါလား။**

"သူ"မနေနိုင်တော့၊ ထိုင်ရာမှထပြီး အနီးကပ်ကြည့် လိုက်မိသည်။

"ဆန္ဒာဂတိ"၊ ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်၍၊ မပြုသင့်သည်ကိုပြုခြင်း။

"ဒေါသာဂတိ"၊ စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်ကို လိုက်၍၊ မပြုသင့်သည်ကိုပြုခြင်း။

"မောဟာဂတိ"၊ ဆင်ခြင်တုံဉာဏ်မရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍၊ မပြုသင့်သည်ကိုပြုခြင်း။

"ဘယာဂတိ"၊ ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်၍၊ မပြုသင့်သည်ကိုပြုခြင်းဟုလိုရင်းဖော်ပြထားသည်။

ဆက်လက်၍အဂတိတရားလိုက်စားခြင်း၏အပြစ်နှင့် အကျိုးဟူ၍ ဖော်ပြထားပြန်သည်။

အဂတိတရားလေးပါးကို လိုက်စားပြုကျင့်သူသည် စည်းစိမ်ဥစ္စာနှင့်တကွ ဂုဏ်ကျေးဇူးသတင်းကျော်စောခြင်းတို့သည်

တစ်နေ့တစ်ခြားလျော့ပါး ဆုတ်ယုတ်တတ်လေသည်။

အဂတိလေးပါးကို မလိုက်စား၊ မပြုကျင့်သူသည် လဆန်းအခါ၌ လမင်း၏ အရောင်အဝါသည် တစ်နေ့တစ်ခြားထွန်းလင်းတောက်ပသကဲ့သို့ ကျက်သရေ၊ ဂုဏ်သိန်စည်းစိမ်ဥစ္စာတို့သည် တစ်နေ့တစ်ခြားကျော်ကြား၍ တိုးတက်ပေါ်လွင်ထင်ရှားတတ်လေသည်။ အောက်ဆုံးတွင် "အဂတိတရားရှောင်ရှားနိုင်မှု လောကအကျိုးပြု"ဟု ရေး၍ ဘဘသစ်လက်မှတ်ရေးထိုးထားသည်။

"ကောင်းလေစွ၊ ကောင်းလေစွ"ဟု "သူ"ခံစားမိ၊ တွေးတောမိလိုက်သည်။

**လောကသားတို့သည် မိမိတို့၏ ကိုယ်စီလိုအင်များကို ဖြည့်ဆည်းရင်းအချိန်တိုင်း၊ အချိန်တိုင်း၌ အဂတိတရားလေးပါးကို ကျူးလွန်မိကြမည်ကတော့ ကျိန်းသေသည်။ အချို့လည်းပါးပါးလေး၊ အချို့လည်းထူထူထဲထဲ အတုံးလိုက်အတစ်လိုက် ကျူးလွန်မိကြပေမည်။ ပညာဖြင့်၊ ဉာဏ်ဖြင့်၊ သတိဖြင့် ဆင်ခြင်နိုင်ပါမှ၊ ဆင်ခြင်မိပြီးပြန်လျှင်လည်း ရှောင်နိုင်စွမ်းရှိပါမှ။ တကယ်တော့ "အဂတိတရား" ရှောင်ကြဟူ၍ လွယ်လွယ်ပြောကြ၊ လွယ်လွယ်ပင်ကျူးလွန်မိဖြစ်နေကြသည်ကို သတိမပြုမိကြဟုထင်သည်။**

"သူ"ကိုယ်တိုင်ပင် နှစ်နှစ်ကာကာနှလုံးသွင်း၍ အနက်ကောက်အဓိပ္ပါယ်ဖွင့်ခံစားမိကာမှ မသိမသာတုန်လှုပ်သွားသည်။ အခြားအခြား သောပုဂ္ဂိုလ်များ၊ လောကသားများတော့ မည်သို့ရှိမည်မသိ။

ကြည့်စမ်းပါဦး - - -

ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍၊ မပြုသင့်သည်ကိုပြုခြင်း၊ "ဆန္ဒာဂတိ"တဲ့။

စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍၊ မပြုသင့်သည်ကိုပြုခြင်း၊ "ဒေါသာဂတိ"တဲ့။ ချစ်ခင်၍ဖြစ်စေ၊ နှစ်လို၍ဖြစ်စေ၊ မလိုက်လျောသင့်သော၊ မပြုသင့်သော၊ မဆုံးဖြတ်သင့်သောကိစ္စတစ်ရပ်အား ပြုမူမိခြင်းသည် "ဆန္ဒာဂတိ"ပါလား။ နေ့စဉ်နှင့်အမျှ ပုထုဇဉ်ပီသစွာဖြင့် စိတ်သွားတိုင်း ကိုယ်ပါ၊ ပြောဆိုပြုမူပြဌာန်း ချက်များ





တွင် အသေးအဖွဲကိစ္စလေးများမှအစ ကြီးမားသော အစီအမံအဆုံး အဖြတ်များအထိ မည်၍မည်မျှကျူးလွန်နေ မိပါသနည်း။ အလားတူပင် မနှစ်လို မနှစ်သက်၍၊ မချစ်မခင်၍၊ ဘဝင်မကျ၍၊ ကိုယ့်စိတ်ဖြင့် အထာမကျ၍ မပြုသင့်၊ မပြောသင့်သောအမှုကိစ္စ မည်၍မည်မျှကို ပြုမိပြောမိသည်ကလည်း အသေးအဖွဲမှအစစ ကြီးများသောအစီအမံ အဆုံးအဖြတ်များအထိ မည်၍မည်မျှ ကျူးလွန်နေမိပါသနည်း။ "မပြုသင့်၊ မပြောသင့်သောကိစ္စ"ဆိုသည် ကိုရော မည်သည့် "စံ"ဖြင့် တိုင်းတာမည်နည်း။ ဤသည်မှာ သမာဒိဋ္ဌိဖြစ်ပါမှ၊ "စံ"ထားမှုမှန်မည်။ အတ္တ၊ ကိုယ်ကျိုးမပါပါမှ အရှိကိုအရှိအတိုင်း၊ ရဲရဲတည့်တည့်ရှုမြင်နိုင်စွမ်း ပါမှ "စံ"ချိန်မိဖြစ်မည်။

ပုထုဇဉ်သဘာဝတွင်မူ "ကာမ၊ အတ္တ၊ ဓမ္မ၊ မောက္ခ" တည်းဟူသော တောင့်တမှုများ၊ လိုအင်များရှိကြသည်။ ဤလိုအင်ဆန္ဒ တောင့်တမှုများအား ဖြည့်ဆည်းကြရာ၌ လူတိုင်း၊ သတ္တဝါတိုင်းသည် "အဿာဒ"တည်းဟူသော သာယာဖွယ်များကိုလည်းကောင်း၊ "အာဒီနဝ" တည်းဟူသော ငြီးငွေ့ဖွယ်များကိုလည်းကောင်း ရင်ဆိုင်ခံစား၍ အချိန်တိုင်းကို ဖြတ်သန်းနေကြမြဲ။ နက်ရှိုင်းလှသော တဏှာနှင့် အဝိဇ္ဇာကြောင့် ပညာဖြင့်၊ ဉာဏ်ဖြင့် ပယ်သတ်ထိုးထွင်းမကြည့်နိုင်၊ မရှုနိုင်သမျှ "အပ္ပမာဒ"တရားဖြင့် မမေ့မလျော့၊ မဆင်မခြင်နိုင်သမျှ အကုသိုလ်နှင့် အန္တရာယ်ကို အချိန်တိုင်း၊ အချိန်တိုင်းရယူနေမိသည်သာရှိပေလိမ့်မည်။

"သူ"သည် သူ့"စိတ်"၏ ခရီးကိုလည်းကောင်း၊ လူတိုင်း လူတိုင်း၊ သတ္တဝါတိုင်း၏ "စိတ်"ဖြစ်စဉ်များကိုလည်းကောင်း အကြမ်း သဘောရှုမြင်လိုက်မိသည်နှင့်ပင် "တုန်လှုပ်"သွားသည်။

"သူ"စိတ်၏ လှုပ်ရှားသွားမှုအား ငြိမ်းချမ်းစေခြင်းငှာ၊ မှန်ပေါင်အတွင်းရှိ စာလုံးဝိုင်းစက်စက်လေးများဆီသို့ မျက်လုံးအစုံကို ဝို့လွှတ်လိုက်မိပြန်သည်။

ကြည့်စမ်းပါဦး- - -

ဆင်ခြင်တုံဉာဏ်တရားမရှိပဲ၊ မယှဉ်နိုင်ဘဲ၊ တွေဝေမိုက်မဲမှုဖြင့် မလိုက်သင့်သည်ဘက်သို့လိုက်လျက် မပြုသင့်သည့်ဘက်သို့

လိုက်၍ ပြုမိပြောမိခြင်းက "မောဟာဂတိ"တဲ့။

ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်၍ ပြုမိပြောမိခြင်းက "ဘယာဂတိ"တဲ့။

"နက်နဲသိမ်မွေ့လှသော ဖြစ်စဉ်ဖြစ်ရပ်များပါလား"ဟူ၍ "သူ"သတိဖြင့် ဆင်ခြင်မိပြန်သည်။ ဆင်ခြင်တုံဉာဏ်ရှိဖို့ဆိုတာ ခက်သားလား။ လူသားတစ်ဦးအနေဖြင့် အနိမ့်ဆုံးဘယ်ဟာဖြင့်ကုသိုလ်၊ ဘယ်ဟာဖြင့် အကုသိုလ်ဆိုတာကို နှလုံးသွင်းဆင်ခြင်ပြီး ပြုမိ၊ လုပ်မိ၊ ပြောမိဖို့၊ စိတ်စေတသိတ်ပြဋ္ဌာန်းနိုင်ဖို့ဆိုတာ သူတော်ကောင်းတရားကို မပြတ်နှလုံးသွင်းပြီး လေ့ကျင့်ထားနိုင်မှ တော်ခါကျမည်။ "သတိမမူ ဂူမမြင်၊ သတိမူလျှင် မြူပင်မြင်နိုင်၏"ဟု ဆိုရိုးရှိသည်။ ဆင်ခြင်တုံတရား လက်ကိုင်မထားနိုင်ခြင်း၏ အန္တရာယ်သည် ကြီးလေစွ။

"သူ"သည် တောင်စင်ရေမရစဉ်းစားရင်း၊ "ဘယာဂတိ"ကို နှလုံးသွင်းလိုက်မိပြန်သည်။ အို- ငါ့ကိုမချစ်မှာကြောက်လို့၊ ငါ့ကိုမုန်းမှာကြောက်လို့၊ ငါ့ကိုမနှစ်သက်မှာကြောက်လို့၊ ငါမရတော့မှာ ကြောက်လို့၊ ငါ့ဥစ္စာ၊ ငါ့ရာထူး၊ ငါ့အာဏာ၊ ငါ့စည်းစိမ်၊ ငါ့မျှော်လင့်ချက်တွေ၊ ငါ့လိုအင်တွေ - - - - ငါ - - - - ငါ - - - - ငါတွေထိပါးမှာစိုးလို့ ဘက်လိုက်မိခြင်းမျိုးတွေက ပါးပါးလေးဖြစ်ဖြစ်၊ ထူထူထဲထဲ တစ်တစ်ခွခွဖြစ်ဖြစ်၊ ပြုမိ၊ ပြောမိ၊ စိတ်မှာတွေးမိတဲ့ "ဘယာဂတိ"တွေ ကဖြင့်။ အချိန်နဲ့ အမျှနှလုံးသွင်းမိ၊ ပြောမိ၊ ပြုမိမှာတွေဟာ အရွယ်သုံးပါး၏ တစ်ဘဝ ဖြတ်သန်းချိန်တို့တွင် မည်မျှရှိခဲ့သည်၊ ရှိနေသည်မသိ။

"သူ"၏စိတ်နှလုံးတွင် သူတော်ကောင်း တရားခုနစ်ပါး မြတ်တရားသည်၊ ရုတ်ချည်းထင်းထင်းပေါ်လာသည်။

"သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတပ္ပ"၊ ဤတရားခုနစ်ပါးကို နှလုံးသွင်းကျင့်ကြံနိုင်ပါမှ မကောင်းမှုအကုသိုလ် အရပ်ရပ်ကိုပယ်သတ်ဖယ်ရှားနိုင်မည်ဟု "သူ"ဉာဏ်မီသမျှ တွေးလိုက်မိပြန်သည်။

တကယ်စင်စစ်ဗုဒ္ဓအဆုံးအမတရားမှန်သမျှ၊ ဗုဒ္ဓစကားမှန်သမျှက ရိုးရှင်း၊ ပြတ်သားပြီးဖြစ်သည်ဟု "သူ"နားလည်ထားသည်။





ဘုတ်ရောရော ကျောက်ရောရောအငြင်းပွားဖွယ်မရှိ။ ရဲရင့်ပြတ်သားမှု အနှစ်အဆီတို့အပြည့်။ ဗုဒ္ဓပွင့်တော်မူ ခြင်းကြောင့် ဤလောကတွင် ဓမ္မနှင့် အဓမ္မ၊ ဝိနယနှင့် အဝိနယ၊ ကုသိုလ်နှင့် အကုသိုလ်၊ အမှန်နှင့် အမှား၊ အဝိဇ္ဇာနှင့် ဝိဇ္ဇာတို့ စည်းခြားကွဲပြားစွာကျင့်သုံးနိုင်ခဲ့ကြသည်။ ကောင်းမှုနှင့် မကောင်းမှု၊ ကုသိုလ်နှင့် အကုသိုလ်တို့ကို ပါးပါးလေးမျှဝင် မရော၊ ရိုးရိုးရှင်းရှင်း ထင်းထင်းလင်းလင်း၊ ပြတ်သားစွာပင် စည်းခြား သိသာလာနိုင်ခဲ့ကြပြီးဖြစ်သည်။

ဤသည်ကိုပင် အကုသိုလ်ကို ကုသိုလ်ရောင်ရောင်၊ အမှားတို့ အမှန်ရောင်ရောင်၊ အဓမ္မကို ဓမ္မရောင်ရောင် အရောင်အမျိုးစုံဖြင့် အဂတိတရားကိုပြုမိ၊ ပြောမိ၊ ကျူးလွန်မိတတ်သော လောကသားတို့၏ လိုအင်ဆန္ဒသဘာဝတွင် "သူ"သည် အနိုင်းမဲ့ကျေးဇူးရှင် ဗုဒ္ဓအား လည်းကောင်း၊ အနန္တကျေးဇူးရှင် "ဘဘသစ်"အားလည်းကောင်း အာရုံပြု၍ လက်အုပ်ချီလိုက်မိသည်။

"သူ"သတိမူ၍ ညွှန်းခန်းအတွင်း ဝဲယာသို့ငဲ့ကြည့်လိုက်တော့ နီမာနှင့် သားချင်းတစ်စုတို့ "သူ"အား အာရုံပြုကြည့်နေကြ သည်ကို တွေ့ရသည်။ မည်မျှကြာသွားသည်မသိ။

"သူ"သည် မျက်လွှာချ၍ ဖြေးညင်းစွာဖြင့် နံနက်စာစာ စားပွဲသို့ ပြန်လျှောက်ခဲ့သည်။

နံနက်စာစာကို မစားဖြစ်သေး၊ သမီးငယ်ပို့လာသော စာအိပ်ထုပ်ကို ဖောက်ပြီးကြည့်လိုက်သည်။ ညီငယ်ကိုမိုးဟိန်းထံမှ ပို့လာသည့် စာနှင့် စာအုပ်လေးတစ်အုပ်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းလှသည့် စာအုပ်မျက်နှာဖုံးပေါ်တွင် "STRIVING TO BE A NOBODY", The Biography of ACARA BHIKKHU. ပါတဲ့။

× × × × ×

## အ ပိုင်း (၂၀)

### ဥပနိသ္သယပစ္စည်း

ထိုနေ့အစီအစဉ်အရ တောင်ပေါ်ကျောင်းတိုက်သို့ ဆွမ်းကပ်ရန်ရှိသည်။ ထို့ကြောင့်လည်း မိသားစုဆွေမျိုးတစ်သိုက် မီးဖိုဆောင်တွင် စကားတပြောပြောဖြင့် ချက်ပြုတ်နေကြလေပြီ။

တောင်ပေါ်ကျောင်းသည် "သူ"တို့၏ အမိအဖ၊ အဘိုးအဘွားများ အစဉ်အဆက်ကိုးကွယ်ခဲ့သော ဆရာတော် ဦးကောသလ္လ ကျောင်းထိုင်အဖြစ် တာဝန်ယူခဲ့သော ပရိယတ္တိ စာသင်တိုက်ဖြစ်သည်။ ယခုတော့ ဆရာတော်ကြီးမရှိတော့ပြီ။ အရှင်အာဒိစ္စဝံသ ကျောင်းထိုင်သည်။ "သူ"နှင့် သက်တူရွယ်တူ မတိမ်းမယိမ်းရှိသည်ထင်သည်။

ဆရာတော်သည်လည်း ကျမ်းတတ်ပေတတ် ဆရာတော်ဖြစ်သည့် အပြင် ဝါတွင်းသုံးလပတ်ကာလအချိန်များတွင်တော့ ဝိပဿနာတရားပွဲများကို နှစ်စဉ်အလေ့ထားကျင်းပလာခဲ့သည်မှာ လေးငါးနှစ်ရှိပြီဟု သိရသည်။

ရောက်တုန်းရောက်ခိုက်မှာတော့ ဆရာတော်၏ လောကီလောကုတ္တရာအမြင်နှင့် အနုမောဒနာတရားကို "သူ"နာခွင့် ရဦးမည်။





အကြောင်းအားလျော်စွာ တရားဆွေးနွေးခွင့်လည်းရမည်ဟု "သူ"ကြံစည်မျှော်လင့်ထားသည်။

သစ္စာလေးပါးမြတ်တရားကို သိရှိရယူနိုင်ရန်အတွက် ဥပနိသ္သယပစ္စည်း၏ ကြောင်းကျိုးဆက်သည် မှန်ကန်တိကျရှိလှပုံကို ဆရာတော်က တရားချီးမြှင့်သည်။ "သူ"၏ စိတ်နှလုံးတွင် တောင့်တနေမိသော တရားဖြစ်သဖြင့် ပီတိဖြင့်လွှမ်းစွာကြည်နူးနေမိသည်။

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၌ တရားမဟောကြားသင့်သူများအား တရားရေအေးတိုက်ကျွေးပြီးလေပြီ။ ရာဇဂြိုဟ် ပြည်သို့ ကြွရောက်ရန်အကြောင်းကလည်း ရှိနေလေပြီ။ မဟာကရုဏာရှင် သဗ္ဗညုတဉာဏ်တော်ရှင်မြတ်စွာဘုရားသည် ဝေနေယျတို့အား ကယ်တင်ရန်အတွက် အချိန်အားဖြင့် လေးဆယ့်နှစ်၊ လေးဆယ့်ငါးဝါ သာရသည်။ တိုတောင်းလှသော ဤကာလဤအချိန်အတွင်း၌ ဘဝသုံးရပ်၊ ဘုံသုံးထပ်၌ရှိကြကုန်သော ကျွတ်ထိုက်သည့်သူများ ကျန်ရစ်မှု မရှိစေရန် တရားဒေသနာတော်ကို ချီးမြှင့်ရသည်။ အနှိုင်းမဲ့ပုဂ္ဂိုလ်သည် အနှိုင်းမဲ့တာဝန်များကို ပြီးမြောက်အောင် သယ်ပိုးနိုင်ရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ပါရမီတော်များ ဖြည့်ကျင့်ရင်းနှီးခဲ့ရသည်။

ဤအကြောင်းအရာများကို ဆရာတော်သည် အကျဉ်းချုံး၍ ဟောကြားချီးမြှင့်တော်မူရာ တရားသဘင်သည် တိတ်ဆိတ် လွန်စွ။

တရားနာသူအားလုံး အနှိုင်းမဲ့ကျေးဇူးတော်ရှင် ဗုဒ္ဓအား ကြည်ညိုလွန်းလှ၍ဖြစ်မည်ထင်သည်။ အသံ၏ဩဇာတိက္ကမကြီးလှသော၊ အသံအနေအသွားကြည်လင်ပြတ်သားသော၊ ဆရာတော်၏နှုတ်မှ တရားစကားတို့သည် ဝန်းကျင်တစ်ခိုတွင် ပျံ့လွှင့်နေလေပြီ။

ရရှိသောအချိန်အခါ အချီးအနှီးမဖြစ်စေရန်နှင့် အရေးကြီးသော ဒါယကာပုဂ္ဂိုလ်တစ်ဦးဖြစ်လာမည့် အနာထပိဏ်ကြီးကခေါ် အနာထပိဏ်အား သောတာပန်အဖြစ် တည်စေရန် ရာဇဂြိုဟ်ပြည်သို့ ကြွချီရောက်ရှိခဲ့ရလေပြီ။

အနာထပိဏ်၏ ထူးခြားသော စရိုက်ပါရမီတို့သည်

အလှူဒါန၌ ရက်ရောခြင်း၊ ကြင်နာသနားတတ်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မူလအမည်ရင်း သုဒတ္တ ပျောက်ခဲ့၍ အနာထပိဏ္ဍိကဟု လူသိများပြီး ထင်ရှားလာခြင်းဖြစ်သည်။

ဆရာတော်က တရားချီးမြှင့်ရာတွင် လေးထားဟောကြားသွားသည့်အချက်များပါသည်ကို "သူ"သတိပြုမှတ်သားမိသည်။

အနာထပိဏ်အနေဖြင့် မြတ်စွာဘုရား၏ တရားအဆုံးအမကို မနာယူ မကြားသိရသေးမီကပင် ၎င်းပြုပြုသမျှသော ဒါနသည် ဗုဒ္ဓဘာသာစစ်စစ်ဒါနဖြစ်သည်။ မြင့်မြတ်သူတို့၏ဒါနဖြစ်သည်။ ကိုယ်ကျိုးစီးပွားနည်းနည်းမှ မပါသော၊ စွန့်လွှတ်သော ဒါနဖြစ်သည်။ ပါရမီဒါနဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီးက "ဥတ္တမပုရိသဒီပနီ" ၌ ပါရမီဒါနဆိုသည်မှာ အကျိုးကိုလိုလားသော စိတ်ဖြင့် အလှူခံပုဂ္ဂိုလ်အား အယုတ်အမြတ်ရွေးချယ်၍ပြုသော ဒါနမဟုတ်။ အကျိုးစီးပွားကို အလေးမပြုမူ၍ လှူဒါန်းခြင်းသည်သာ ပါရမီဒါနမြောက်ကြောင်း ဟောကြားခဲ့သည်ကို ဆရာတော်က အကိုးအကားပြု၍ ဟောကြားသည်။

**အကြောင်းတရားတို့သည် အကျိုးတရားတစ်ခုတစ်ခုအတွက် မလွဲမသွေပေါ်ပေါက်လာရမြဲဖြစ်သည်ကို "သူ"လက်ခံ ယုံကြည်ထားသည်။**

ယခုလည်း အနာထပိဏ်သည် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ ကုန်ကူးသန်းရောင်းဝယ်ရေးအလို့ငှာ လှည်းပေါင်းငါးရာဖြင့် ရောက်ရှိလာရလေပြီ။ မြတ်စွာဘုရားသည်လည်း ရာဇဂြိုဟ်၏ အပြင်ဘက်သုသာန်အနီး သီတဝနတောအုပ်၌ သီတင်းသုံးလျက်ရှိလေပြီ။ ဤသတင်းကိုကြားလျှင်ကြားချင်း ပါရမီ၏နှိုးဆော်ချက်အရ အနာထပိဏ်သည် ဗုဒ္ဓအားဖူးမြော်လိုလှပြီဖြစ်သည်။

အနာထပိဏ်သည် အချိန်မဲ့သည်ဖြစ်စေ၊ အချိန်တော်သည်မတော်သည်အပထား၍ ရာဇဂြိုဟ်သူဌေးအိမ်သို့ မြတ်စွာဘုရားဆွမ်းစားကြွလာမည်ကို မစောင့်နိုင်တော့ နံနက်စောစောထ၍ မြတ်စွာဘုရားသီတင်းသုံးတော်မူရာ၊ သီတဝနတောအုပ်သို့ အရောက်သွား





ခဲ့သည်။ အမှန်စင်စစ် မြတ်စွာဘုရားအား ဖူးမြော်လိုစိတ်ကြောင့် တစ်ညဥ့်လုံးအိပ်၍မပျော်ရှိခဲ့သည်။

ဆရာတော်ချီးမြှင့်သောတရားတွင် အလေးထားသော အကြောင်းအရာတစ်ခုလည်းပါသေးသည်။ အနာထပိဏ်၏ စိတ်နှလုံး၌ မြတ်စွာဘုရားထံသို့ ဖူးမြော်ရန်လာစဉ် "ဤလောက၌ ဘုရားအမည်ခံသူများပေါများလှ၏။ ငါသည်မြတ်စွာဘုရားအား မမြင်ဖူး၊ မတွေ့ဖူးသဖြင့်လည်း မည်သူ့ထံ ဦးတည်သွားရမည်မသိ။ ဂေါတမမြတ်စွာ ဘုရားကသာ ငါ့အားသိ၍ ငါ၏ငယ်နာမည် သုဒတ္တကိုခေါ်လျက် နှုတ်ဆက်လိုက်ပါလျှင် ကောင်းလေစွ" ဟူ၍ဖြစ်သည်။

မြတ်စွာဘုရားသည် အနာထပိဏ်၏ စိတ်အတွေးတို့ကို ကြိုတင်သိမြင်တော်မူပြီးဖြစ်ပါ၏။ ထိုအပြင်အနာထပိဏ်၏ ဉပနိဿယကိုပါ အကြွင်းမဲ့သိတော်မူပြီးဖြစ်ပါ၏။ ထို့ကြောင့်လည်း အနာထပိဏလာသည်ကို မြင်သည်နှင့် စင်္ကြံသွားနေတော်မူရာမှ မြတ်စွာဘုရား၏နေရာ၌ ထိုင်တော်မူပြီးနောက် "လာ၊ သုဒတ္တ"ဟူ၍ ခေါ်တော်မူလေသည်။

အနာထပိဏ်သည် မည်မျှဝမ်းမြောက်ဝမ်းသာဖြင့် ပီတိဖြစ်နေပါမည်နည်းဟူ၍ "သူ"တွေးတောခံစားလိုက်မိသေးသည်။

**ဗုဒ္ဓအဘိဓမ္မာအရ ဝမ်းမြောက်ခြင်းသည် ငြိမ်းအေးခြင်းအကြောင်းဖြစ်၏၊ ငြိမ်းအေးခြင်းသည်လည်း ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ ချမ်းသာခြင်းသည် သမာဓိရခြင်း၏ အကြောင်းဖြစ်သည်ဟူ၍ ဆရာတော်ဖော်ကျူးဟောပြလျက် သမာဓိရခြင်းသည်ပင် ယထာဘူတဉာဏ်ဖြစ်ပေါ်စေရန် အကြောင်းတရားဖြစ်၍ ယထာဘူတဉာဏ်ဖြစ်လျှင် မဂ်ဉာဏ်ဖြစ်ရန် အကြောင်းနီးကပ်လာလေပြီ။ တကယ်စင်စစ် အနာထပိဏ်အတွက် အရိယာသစ္စာကိုသိရန် အကြောင်းဆုံလာလေပြီ။**

တကယ်တော့ အနာထပိဏ်၏ စိတ်အတွေး၊ အမေးတို့နှင့် မြတ်စွာဘုရား၏ သိမြင်ဟောကြားမှုတွင် တရား၏ အဆီအနှစ် တို့သည် ပြည့်လျှံနေလေသည်။

နံနက်စောစော မြတ်စွာဘုရား စင်္ကြံလျှောက်နေသည်ကို အနာထပိဏ်မြင်တွေ့လိုက်ရပြီးဖြစ်သည်။ ထို့ကြောင့်လည်း ၎င်း၏

စိတ်ထဲ၌ "မြတ်စွာဘုရားသည် ကျိန်းစက်မပျော်၍များ စကြံ့ လျှောက်နေသလား" ဟု ဖြစ်ပေါ်ခဲ့ရာ " ချမ်းသာစွာအိပ်စက်တော် မူရပါရဲ့လား"ဟု မေးလျှောက်လေရာတွင် မြတ်စွာဘုရားက "ကာမဂုဏ်တို့၌ မလိမ်းကျံသော၊ ဝဋ်ဒုက္ခမှ ကင်းဝေးပြီးဖြစ်၍ ငြိမ်းအေးသော ကိလေသာဟူသမျှ ချုပ်ငြိမ်းပြီးသောသူသည် ချမ်းသာစွာဖြင့် အမြဲအိပ်ရ၏၊ အာရုံငါးပါးတို့၌ တပ်မက်တတ်သော တဏှာကို ပယ်သတ်ပြီး၍ စိတ်နှလုံး၌ ကိလေသာ အပူငြိမ်းပြီးဖြစ်သော၊ အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးဖြစ်သော ပုဂ္ဂိုလ်သည် ငြိမ်းချမ်းမှုကို ရပြီဖြစ်၍ ချမ်းသာစွာအိပ်ရ၏" ဟူ၍ တုံ့ပြန်ဟောကြားတော်မူလေသည်။

မြတ်စွာဘုရားရှင်သည် အနာထပိဏ်အား သစ္စာလေးပါး တရားကို ဒါနမှစတင်လျက် အစီအစဉ်တကျဟောကြားချီးမြှင့် တော်မူရာတွင် အနာထပိဏ်သည် ရုပ်နာမ်တို့ကို မြင်သော သမာဓိဉာဏ် မျက်စိကို အဆောတလျင်ပင် ရခဲ့လေသည်။ ထိုမှတစ်ဆင့် ရုပ်နာမ်တို့ကို ခွဲခြား၍သိသော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ယင်းတို့၏အကြောင်းကို သိသော ပစ္စယပရိဂ္ဂဟဉာဏ်ကို ဆက်တိုက်ပင်ရခဲ့လေသည်။ တစ်ဆက်တည်းတွင် ရုပ်နာမ်တို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းကိုသိသော ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ကိုရခဲ့လေသည်။

ဤသို့လျှင် "ဒိဋ္ဌဓမ္မော"တည်းဟူသော နိဗ္ဗာန်ကို မည်သည့်အဖြစ်သို့ အနာထပိဏ်တည်ခဲ့ရောက်လေပြီ။

"သူ"သည်တရားနာရင်း လွန်စွာပင် အားကျနှစ်လိုခံစားနေမိသည်။

အနာထပိဏ်သည် သောတာပန်ဖြစ်လေပြီ။ ဤသို့ဖြစ်တည်လာရခြင်းမှာ ကြောင်းကျိုးဆက်စပ်မှုများရှိ၏။ ပဒုမုတ္တရ မြတ်စွာဘုရားထံတော်၌ အနာထပိဏ် ပန်ခဲ့၊ တောင်းခဲ့သော ဆုသည် ပြည့်တော့မည်ဖြစ်သည်။

"သူ"၏အတွေးတွင် အသိတစ်ချက်လင်းလက်သွားသည်။

ထိုစဉ်က အနာထပိဏ်တောင်းခဲ့သော ဆုသည် "ဒါယကာဧတဒဂ်" ဖြစ်သည် မဟုတ်ပါလား။





"သူ"သည် ပါရမီ၏စွမ်းအင်၊ **စိတ်စေတသိတ်တို့၏** စွမ်းအင်ကို ကြည်နူးစွာ ခံစားမိရင်း၊ ပီတိဖြစ်ခဲ့ရလေသည်။

ဆရာတော်က အနာထပိဏ်သည် ဂေါတမဗုဒ္ဓ၏ ဥပါသကာအဖြစ် ရောက်ရှိပုံ၊ မြတ်စွာဘုရားအမှူးပြုသော သံဃာတော် များအား ဆွမ်းပင့်ပုံနှင့် ဖြစ်တည်ရာ၊ လားရာတို့ကို အကျယ်တဝင့် တရားချီးမြှင့်လျက်၊ အနာထပိဏ်၏ ပဒုမုတ္တရမြတ်စွာဘုရား ထံတော်၌ စိုက်ပျိုးခဲ့သော အရိယာသစ္စာပန်း ပွင့်လန်းသွားပုံအား ဥပနိဿယပစ္စည်း၏ ကြောင်းကျိုးဆက်ပုံ၊ ရေရာတိကျမှန်ကန် လှပုံကို အထောက်အထားအဖုံဖုံဖြင့် တရားချီးမြှင့်ခဲ့လေသည်။

တရားနာ၊ ရေစက်ချ၊ အမျှဝေလျက် အလှူဒါနတစ်ခုသည် ပြီးမြောက်သွားလေပြီဟု ထင်ရပြား၏။ "သူ"၏ စိတ်နှလုံးကတော့ဖြင့် ကံတော်အနန္တ၊ ဉာဏ်တော်အနန္တတို့ ကွန့်မြူးရာ မြတ်စွာဘုရား၏ နောက်ဆုံးတစ်ဘဝ၏ ဖြတ်သန်းချိန်အား ဖူးမြော်ရင်း၊ သူဉာဏ်မီသမျှဖြင့် ဥပနိဿယပစ္စည်းတွင် နစ်မျောနေဆဲ။

× × × × ×

## အ ပိုင်း (၂၀)

### သိရှိခြင်းနှင့် ကျင့်သုံးခြင်း

တောင်ပေါ်ကျောင်းတိုက်၏ ပရဝုဏ်သည် အတော်ပင်ကျယ်ပါ၏။ စာသင်တိုက်ကြီးတစ်ခု၏ အင်္ဂါရပ်နှင့်အညီ အချိုးကျစွာဖြင့် အဆောက်အအုံများ အစီအရီရှိနေသည်။ တမာပင်၊ မကျည်းပင်၊ ကုက္ကိုပင်တို့ကလည်း အရိပ်အာဝါသပေးနေ ကြသည်။ အညာဆောင်း၏ အအေးဓာတ်သည်လည်း အနည်းငယ်လျော့နည်းအားပျော့လျက်ရှိသည်။ ဧည့်သည်များရှင်းသွား ချိန်တွင်မှ ဆရာတော်က "သူ"အား တစ်လှည့်ပြန်၍ ဧည့်ခံသည်။ "သူ"ကအဝေးကလာသည့် ခရီးသည်မဟုတ်ပါလား။

"သူ"သည် အခွင့်သာခိုက် ဆရာတော်အားမေးလျှောက်ချင်သော လောက်လောကုတ္တရာဆိုင်ရာ အကျိုးစီးပွားအလို့ငှာ အမေးမျိုးစုံကို လျှောက်ထားမေးမြန်းပါ၏။ ဆရာတော်ကလည်း နှစ်လိုဖွယ်အပြုံးဖြင့် ရဲရင့်ပြတ်သားတိကျသော အဖြေများစွာကို ကျမ်းကိုးကျမ်းကားအထောက်အထားများဖြင့် ဖြေကြားတော်မူပါ၏။

အချိန်အတော်ပင်ကြာညောင်းခဲ့သည်။ "သူ"၏ အမေးနှင့် ဆရာတော်၏အဖြေသည်လည်းကောင်း၊ ဆရာတော်၏ အမေးနှင့်





"သူ"၏အဖြေသည်လည်းကောင်း ငြိမ်းချမ်းညင်သာသိမ်မွေ့စွာပင် လောက၏အကျိုးစီးပွားအတွက် ရှေးရှုနိုင်ခဲ့ကြသည်ကို "သူ"သတိပြုမှတ်သားမိသည်။ ဆရာတော်၏ အမေးများစွာတွင် သတင်းနည်းပညာခေတ်၏ စွမ်းရည်နှင့်အလားအလာ၊ လောက လူသားများအား အကျိုးပြုနိုင်မှု လမ်းကြောင်းများ၊ စကြဝဠာပြိုပျက်များစွာနှင့် ကမ္ဘာအပေါ် နည်းပညာခေတ်လေ့လာတွေ့ရှိချက်များ နှင့် အလားအလာများ၊ လူသားမျိုးနွယ်၏ အရင်းအမြစ်စွမ်းအားအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက် Globalization, terrorismနှင့် အမျိုးသားရေးလက္ခဏာများဖြင့် အဆုံးသတ်သည်။ "သူ"၏ အမေးပေါင်းများစွာအား ဆရာတော်က "မဟာနိဒါနသုတ်"လာ "ပဋိစ္စသမုပ္ပါဒ်"တရားတော်ဖြင့် နိဂုံးချုပ် ဩဝါဒကထာမိန့်ကြားခဲ့သည်။

ကုရုတိုင်း ကမ္မာသဓမ္မ နိဂုံး၌ မြတ်စွာဘုရားသတင်းသုံးနေချိန်ကဖြစ်သည်။ မြတ်စွာဘုရားထံတော်ပါး ချဉ်းကပ်၍ သင့်လျော်သောနေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား ရိုကျိုးစွာရှိခိုးလျက် အရှင်အာနန္ဒာက "အရှင်ဘုရား ပဋိစ္စသမုပ္ပါဒ် တရားတော်သည် အလွန်ပင်နက်နဲပါ၏။ အလွန်ပင်နက်နဲသောအသွင်ကို ဆောင်ပါ၏။ သို့ဖြစ်ပါလျက်နှင့် ကျွန်ုပ်၏အသိဉာဏ်၌ တိမ်တိမ်လေးကဲ့သို့ပင် အထင်ရှိနေပါသည် ဘုရား"ဟု လျှောက်ထားခြင်းအပေါ် မြတ်စွာဘုရား၏ မိန့်မွက်တော်မူသည့် တရားဖြစ်သည်။

မြတ်စွာဘုရားက

"အာနန္ဒာ ဤသို့မဆိုလင့်၊ ဤသို့မဆိုလင့်၊ ဤပဋိစ္စသမုပ္ပါဒ် တရားတော်သည် နက်လည်းနက်နဲ၏။ နက်နဲသော အသွင်လည်းရှိ၏။ ဤတရားတော်အား လျော်စွာမသိခြင်း၊ ထိုးထွင်း၍မသိခြင်းကြောင့်ပင် သတ္တဝါအပေါင်းသည် ချည်ခင်ထွေးကဲ့သို့ဖြစ်၍၊ စာပေါင်းသိုက်ကဲ့သို့ ရှိနေပြီ၊ ဖြူဆံမြက်၊ ပြိက်မြက်ကဲ့သို့ဖြစ်နေ၍ မကောင်းသော လားရာသို့ ပျက်စီးကျရောက်၍ အပယ်နှင့်သံသရာမှ မလွန်မြောက်နိုင်ရှိချေ၏"ဟူ၍ မိန့်ကြားတော်မူပြီးလျှင် အိုခြင်း(ဇရာ)၊ သေခြင်း(မရဏ) ဖြစ်ပေါ်ရခြင်းသည် ပဋိသန္ဓေနေခြင်း(ဇာတိ)၏ အကြောင်းကြောင့် ဖြစ်တည်ပုံဘာ

ကြောင်းကိုလည်းကောင်း၊ ပဋိသန္ဓေ(ဇာတိ)သည် ဖြစ်စေသော ကံ(ဘဝ) ဆိုသည့် အကြောင်းကြောင့်ဖြစ်ကြောင်းကိုလည်းကောင်း၊ ကံတည်းဟူသော(ဘဝ)ဆိုသည်မှာလည်း စွဲလမ်းခြင်း(ဥပဒါန်)ဟူသော အကြောင်းကြောင့်ဖြစ်ကြောင်း၊ တပ်မက်ခြင်း တည်းဟူသော(တဏှာ) သည်လည်း ခံစားခြင်း(ဝေဒနာ)တည်းဟူသော အကြောင်းကြောင့် ဖြစ်ကြောင်း၊ တွေ့ခြင်းတည်းဟူသော(ဖဿ)သည်လည်း နာမ်ရုပ်ရှိနေခြင်း တည်းဟူသော အကြောင်းကြောင့်ဖြစ်ကြောင်း၊ ရုပ်နာမ် ဖြစ်တည်မှု အကြောင်းသည်လည်း ဝိညာဉ်တည်းဟူသော အကြောင်းကြောင့် ဖြစ်ကြောင်း၊ ဝိညာဉ်တည်းဟူသော အကျိုးသည်လည်း နာမ်ရုပ်တည်း ဟူသော အကြောင်းကြောင့်ဟုဆိုအပ်သည်တို့ကို အာနန္ဒာအား အမေးအဖြေပြု၍ မွက်ကြားတော်မူပြီးလျှင် - - -။

အာနန္ဒာ၊ ဤသို့လျှင် နာမ်ရုပ်တည်းဟူသော အကြောင်း ကြောင့် ဝိညာဉ်သည်ဖြစ်၏။ ဝိညာဉ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏။ နာမ်ရုပ်တည်းဟူသောအကြောင်းကြောင့် တွေ့ခြင်း (ဖဿ)သည်ဖြစ်၏။ တွေ့ခြင်း(ဖဿ) ဖြစ်သောကြောင့် ခံစားမှု(ဝေဒနာ) သည်ဖြစ်၏။ ခံစားမှု(ဝေဒနာ)ဟူသောအကြောင်းကြောင့် တပ်မက်ခြင်း (တဏှာ)သည်ဖြစ်၏၊ တပ်မက်ခြင်း(တဏှာ)ဟူသော အကြောင်းကြောင့် စွဲလမ်းခြင်း(ဥပါဒါန်)သည်ဖြစ်၏။ စွဲလမ်းခြင်း(ဥပါဒါန်)ဟူသော အကြောင်းကြောင့် ဖြစ်ကြောင်းကံ(ဘဝ)သည်ဖြစ်၏။ ဖြစ်ကြောင်းကံ (ဘဝ)ဟူသောအကြောင်းကြောင့် ပဋိသန္ဓေနေခြင်း (ဇာတိ)သည်ဖြစ်၏။ ပဋိသန္ဓေနေခြင်း(ဇာတိ)ဟူသောအကြောင်းကြောင့် အိုခြင်း(ဇရာ)၊ သေခြင်း(မရဏ)၊ စိုးရိမ်ပူဆွေးခြင်း(သောက)၊ ငိုကြွေးခြင်း (ပရိဒေဝ)၊ ကိုယ်ဆင်းရဲခြင်း(ဒုက္ခ)၊ စိတ်ဆင်းရဲခြင်း(ဒေါမနဿ)၊ ပြင်းစွာပင်ပန်းခြင်း (ဥပါယာသ)တို့သည်ဖြစ်ကုန်၏။ ဤနည်းဖြင့် ဤဆင်းရဲအစု သက်သက် သည် ဖြစ်တည်လျက်ရှိ၏ဟု ဟောကြားတော်မူသည်ကို ဆရာတော်သည် ပဋိသန္ဓေနေခြင်း(ဇာတိ)တရားသည်သာလျှင် အိုခြင်း(ဇရာ)၊ သေခြင်း (မရဏ)၏ အကြောင်းရင်းဟိတ်ဖြစ်ကြောင်းမှ အစပြု၍ အကြောင်းရင်း ဟိတ်တရားတို့ကို အနုလုံပဋိလုံခြင်္ခြင့်၍ ရှင်းလင်း တော်မူပါ၏။





**လောကသုံးပါး၏ အကြောင်းအကျိုးဆက်စပ် ဖြစ်တည် လျက်ရှိနေခြင်းနှင့် ပဋိစ္စသမုပ္ပါဒ်တရားမြတ်ကို "သူ"သည် နက်ရှိုင်းစွာ နှလုံးသွင်းရင်းတဏှာတည်းဟူသော အကြောင်းတရား၏ဘဝသုံးရပ်၊ ဘုံသုံးထပ်ရှိ အနန္တသတ္တဝါတို့အား စိုးမိုးချယ်လှယ် နိုင်စွမ်းမှုကို စောကြောနေမိလေပြီ။**

ဆရာတော်သည် ပစ္စက္ခဘဝဖြတ်သန်းချိန်တွင် "သူ့"စိတ် သူနှလုံးသား "သူ့"လိုအင်အဖြစ်ရှိနေသော "သူ"၏ဘဝတဏှာကို ကောင်းကောင်းကြီး သိနေလေပြီ။

တရားအဆုံးတွင်

**"တကာကြီး လောကကို ပြုပြင်ချင်ရင် လောကထဲမှာနေ၊ ကိုယ့်ကိုယ်ကိုပြုပြင်ချင်ရင် ကိုယ့်စိတ်ထဲမှာနေ"ပါ။ ဘုန်းကြီး ဆိုချင် တာက၊ လောကအကြောင်းကိုသိမှ လောကကို ကိုယ့်ရဲ့စွမ်းရည်ရှိ သလောက် မှန်ကန်စွာပြုစုပျိုးထောင်လို့ရနိုင်တယ်။ လောကအကြောင်း၊ လူတွေအကြောင်း၊ အကျဉ်းဆုံးကိုယ့်မိသားစု၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့် နိုင်ငံ၊ ကိုယ့်ဒေသအကြောင်းကိုယ်သိမှ ပြုစု ပျိုးထောင် ပြုပြင်လို့ရမယ်။ အလားတူပဲ ကိုယ့်စိတ်ကိုယ့်နှလုံး၊ ကိုယ့် အကြောင်းကိုယ် ရဲရဲတည့်တည့် ကြည့်၊ ကိုယ်စိတ်ဘာဖြစ်နေသလဲဆိုတာ ကိုယ်ကြည့်နေပါ။ သိပြီးရင် ပြုပြင်လို့ ပြုစုလို့ရပြီ"ဟု ထောက်ပြခဲ့သည်။**

"သိပြီးရင်လည်း၊ လုပ်ဖို့ကျင့်ဖို့လိုတယ်"ဆိုသည့် အသိ တစ်ချက်အား "သူ"၏ အတွေ့အကြုံပါရမီဖြင့် "သူ"သတိပြု ဖမ်းဆုပ် ထားလိုက်နိုင်ခဲ့လေပြီ။

"သူ"၏ အိမ်အပြန်လမ်းသည် စိတ်ကူးသစ်တို့ဖြင့် လန်းဆန်းတက်ကြွဖြစ်နေသည်။ ရေနံမြေ၏ သဘာဝ၊ ပူနွေးနွေးရှိ တတ်သော၊ အနိမ့်အမြင့်အကွေ့အကောက် အတက်အဆင်းများသော ကျောက်စရစ်မြေလမ်းလေးများသည်ပင် အေးမြ၊ ပြေပြစ်ချောမော နေသည်ဟု "သူ"ခံစားလာမိသည်။

နေပင်အတော်စောင်းနေပြီဖြစ်သည်။ ထနောင်ပင်ပု လေးများ၊ စီတန်းလျက်နေသော ကတ္တရာလမ်းဘေးသို့ ခြေချမိချိန်တွင်

ခေတ္တရပ်လျက် ဝန်းကျင်တစ်ခိုသို့ လှည့်ပတ်ကြည့်မိသည်။ ကားလမ်းသည် တောင်ကုန်းမြင့်မြင့်တစ်နေရာမှ ကွေ့ပတ်ဆင်းသွားသည်။ အဝေးတစ်နေရာတွင် ထုံးဖြူဖြူစေတီလေးတစ်ဆူကို အထင်းသားဖူးတွေ့နေရသည်။

"သူ"စိတ်တွင် ပဋိစ္စသမုပ္ပါဒ်တရားမြတ်စိုးမိုးဆဲဖြစ်လေရာ အမှတ်မထင်ပင် "ဘဝသံသရာ၊ ရှည်လျားထွေပြား၊ မနေမနား၊ တသွားတည်းသွားကြတာ၊ ဘဝသံသရာ"တေးသွားသည် "သူ"စိတ်မှသာမက "သူ"၏နှုတ်မှပင် လှုပ်ခတ်ဖိတ်စင်ထွက်ကျသွားသည်။ တကယ်တော့လည်း လူပုဂ္ဂိုလ်၊ သတ္တဝါ သူသူ၊ ငါငါ တစ်ဦးချင်းစီ၏ တစ်ဘဝခရီး၊ သံသရာခရီးသည်လည်းကောင်း၊ လူ့ဘောင် တစ်ခုလုံး၏ တစ်ခေတ်တစ်ကာလနှင့် ပြောင်းလဲနေသော ခေတ်စနစ်များစွာ၏ သန်းချီနှစ်များသည်လည်းကောင်း မနေမနားဖြစ်ပျက်ခြင်းနှင့် ခရီးဆက်လျက်ပင် မဟုတ်ပါလား။

× × × × ×





အ ပိုင်း (၂၂)

## အဖုအထစ်အကြိတ်အခဲသံသရာ

နေရာဒေသ၊ အချိန်ကာလ၊ အခြေအနေများစွာတို့နှင့်အတူ ဥပနိဿယပစ္စည်းတည်းဟူသော ကြောင်းကျိုးဆက်စပ်မှုတို့ဖြင့် ဖြစ်တည်လာသော အကျိုးတရားတို့သည် ရိုးရှင်းစွာပင်ဟူ၍ "သူ"ဉာဏ်မီ သမျှခံစားရမိသည်။ ဆရာတော်၏ ကျောင်းမှ "သူ"လမ်းလျှောက် ပြန်လာချိန်တွင် နေစောင်းစပြုပြီ။ "သူ"အိမ်ပြန်ရောက်တော့ မိသားစုများ၊ ဆွေမျိုးသားချင်းများ အိမ်အိုကြီး၏ အပေါ်ထပ်နှင့် အောက်ထပ်တို့တွင် စကားစမြည်ပြောနေကြဆဲဖြစ်သည်။

အချို့လည်းတရားစကား၊ အချို့လည်းစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သားရေးသမီးရေး အစုံဖြစ်ကြသည်ဟု "သူ" ထင်သည်။ ဤကားအညာ၏ ဓလေ့၊ မြန်မာ၏ ဓလေ့ဖြစ်သည်။

"သူ"၏စိတ်နှလုံးသည် ခိုင်ခံ့သောမြေပြင်၏ တစ်နေရာတွင် ခြေစုံပစ်၍ မားမားမတ်မတ်ရပ်နေရသလို ခံစားမိနေ၏။ "သူ"သည် ငြိမ်းချမ်းသောစိတ်၊ ရဲရင့်ကြည်လင်ပြတ်သားသော လောကအမြင်ဖြင့် တည်ငြိမ်စွာပင် အပေါ်ထပ်သို့ တက်လာဖြစ်ခဲ့သည်။ "နီမာ"နှင့် သူမ၏ အဒေါ်တစ်သိုက်သည် ဘုရားခန်းရှေ့တွင် စကားပြော နေကြသည်၊ သူမ၏အစ်ကိုကြီး ဦးစိန်တိုးလည်း စကားဝိုင်းထဲ၌ရှိနေသည်ကို "သူ" သတိပြုမိသည်။ သူသည်ကျေနပ်အားရသော အပြုံးဖြင့် သားချင်း

အားလုံးသို့ ပြုံးပြနှုတ်ဆက်ရင်း စာဖတ်ခန်းဘက်သို့ ခြေဦးလှည့်၍ ဝင်ခဲ့သည်။ နီမာကတော့ သိပ်ပြီးကျေနပ်ပုံမရဟု ထင်မိသည်။ အခန်းအဝင်ရောက်မှ တစ်ချက်လှည့်ကြည့်လိုက်စဉ် သူမ၏မျက်လုံးအစုံက "သူ"ကိုလိုက်ကြည့်နေဆဲ တည့်တည့်တိုးသွားသည်။ "သူ"အား ညှိသည်များ၊ ဆွေမျိုးများနှင့် စကားပြောစေချင်ပုံရသည်။ အထူးသဖြင့် သူမချစ်ခင်လေးစားသော သူမ၏ အစ်ကိုကြီးနှင့် အတူ "သူ"လာ၍ စကားပြောစေလိုမည်အမှန်ပင်။ "သူ"မှာကလည်း "သူ့"ဇောနှင့်သူကပ်နေမိသည်။ "သူ"သည် "သူ"လုပ်ချင်တာကိုမရမက အကောင်အထည်ဖော်တတ်သည့် လူစားမျိုး၊ ဒါက "သူ"၏ငယ်ငယ်ထဲကအကျင့်။ နီမာကထိုသို့မဟုတ်၊ ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းနှင့် ဆီလျော်အောင်နေတတ်ဖို့၊ လောကဝတ်ကို အလေးထားဆက်ဆံမှုကို အလေးထားဖို့ အမြဲဖိအားပေးသည်။ ဆရာမကြီးတစ်ဦးပီသစွာ မိခင်စိတ်ဖြင့် "သူ"နှင့်တကွ မြင်မြင်သမျှကို ပြောဆိုဆုံးမတတ်သူ၊ သူမကိုယ်တိုင်လည်း ပြောသည့်အတိုင်း လုပ်တတ်သူဖြစ်သည်။

ရှိစေတော့ "သူ"သည်လက်ကာပြ၍ ခွင့်တောင်းပြီး စာဖတ်ခန်းတွင်းသို့သာ စိုက်လိုက်မှတ်တတ်ဝင်ခဲ့သည်။

**"သူ"တွင် ဆန္ဒတစ်ခုဦးစီးနေခြင်းကြောင့်ဖြစ်သည်။ အိမ်အပြန်ခရီးတစ်လျှောက် "သူ"၏ခြေလှမ်းတိုင်းတွင် ဤလူ့ဘောင်လောက၌ လူသားတို့၏ သဘောသဘာဝအတိုင်း တစ်ဦးနှင့်တစ်ဦး၊ တစ်မိသားစုနှင့် တစ်မိသားစု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအဖုအထစ်၊ အကြိတ်အခဲသံသရာကြောင့် ဘဝများစွာ၏ မငြိမ်းချမ်းမှု၊ ဒေသအလိုက် မငြိမ်းချမ်းမှုနှင့် လောကတစ်ခွင် မငြိမ်းမချမ်းရှိနေမှုတို့၏ကြောင်းကျိုးဆက်စပ်ခြင်းများက စိုးမိုးနေသည်။ မည်သည့်အကြောင်းတရားသည် ဘဝများစွာ၏ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်မည်နည်း။**

**"လူ့သဘောသဘာဝ၊ လောကအကြောင်းသိချင်လျှင် လောကကိုပြုစုပျိုးထောင်ချင်ရင် လောကထဲမှာနေပါ"၊ "မိမိအကြောင်းမိသိချင်ရင်၊ မိမိကိုယ်ကို မိမိပြုစုပျိုးထောင်ပြုပြင်ချင်ရင် မိမိစိတ်ထဲမှာ မိမိနေပါ၊ ကိုယ့်စိတ်ကိုကိုယ် အမြဲကြည့်ပြီး၊ သိပြီးပြုပြင်ပါ"ဟု ဆရာတော်က သတိပေးသည်။**

"သူ"သည် သူ့ကိုယ်"သူ"သိရန် မပြတ်အားထုတ်ဖူးသည်။ ယခုလည်း အားထုတ်ဆဲဖြစ်သည်။ သွားရင်းလာရင်း သတိလေး ကပ်ပြီးကြည့်သည်၊ ဆန်းစစ်သည်။ ဒီတော့လည်း စိတ်တွင်ပေါ်လာသမျှအယုတ်တရားများကို အနည်းနှင့်အများတော့ ပယ်သတ် လာနိုင်ခဲ့သည်။ သို့သော် "သူ့"၌ ရှင်သန်လွန်းနေသည်က ဘဝတဏှာဖြစ်သည်။ ဤဘဝတဏှာသည် "ယုံကြည်ချက်"ဟု "သူ"တို့ ငယ်ငယ်က "သူ"တို့ပညတ်ခဲ့သော အကြောင်းအရာဖြစ်သည်။ ဤသည်မှာ လောကငြိမ်းချမ်းမှုနှင့် လောကသားတို့၏ ဘဝဖွံ့ဖြိုးတိုး တက်မှုအတွက် "ငါ"ဘာလုပ်နိုင်မလဲ၊ ဘယ်လောက်အလုပ်အကျွေးပြုနိုင်မလဲဆိုသည့်ကိစ္စ။ ဤကိစ္စ၌ပင် "ငါ"သည် ဦးစီးလျက်ရှိ နေသည်ကို "သူ"သတိပြုမိပါ၏။ သို့သော် - - - -။

မည်သို့ဆိုစေ ဤဘဝတဏှာ၏ ရှင်သန်နေမှုကိုပင် မိမိဘဝ၏ သံသရာခရီးနှင့် လောကသားတို့၏ သံသရာခရီးအတွက် အကျိုးရှိစေရမည်ဟူသော "သူ"၏ပါရမီရှိသမျှကို တည်ဆောက်ပြုစုရန် "သူ"ဆန္ဒရှိနေဆဲဖြစ်သည်။

"သူ"သည် စာဖတ်ခန်းအတွင်းရှိ စာအုပ်စင်များနှင့် စာအုပ်ဗီရိုလေးများကို ဖွင့်ပြီး "သူ"လေ့လာဖတ်ရှုလိုလှသော စာအုပ် အချို့ကို အငမ်းမရ ရှာခဲ့သည်။ ပြီးတော့စာကြည့်စားပွဲပေါ်တွင် စုပြုံတင်လိုက်သည်။ လောကနီတိကျမ်း၊ ကန်တော်မင်ကျောင်း ဆရာတော်၏ လောကသာရဆုံးမစာ၊ ဩဝါဒမေတ္တာစာ၊ သျှင်မဟာသီလဝံသ၏ တိလောကဟု ဆုံးမစာ၊ သျှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ ဆုံးမစာ၊ ဂမ္ဘီသာရဆုံးမစာ၊ စာသင်သားဆုံးမစာ၊ တောင်ဖီလာဆရာတော်အရှင်ဥပါလိ၏ ဖျက်စု၊ ခက်စု၊ ခဲစု၊ မမြဲစုများနှင့် အတုလဆရာတော် ခင်ကြီးဖျော်ဦးဉာဏ၊ စဋ္ဌပါဆရာတော်၊ ရွှေကျောင်းဆရာတော်၊ သုံးတော်ဆရာတော် အရှင်ဂုဏဝါ၊ ညောင်ပင်သာဦးပုည၊ စာတော်ပြင်ဆရာကြီးဦးပညာ၊ သူတော်ဦးနု၊ ကျောင်းစာရေး မောင်စံထိန်၊ ဘိုးရာဇာတို့

အပါအဝင် ဆရာကြီးပီမိုးနင်း၏ စာအုပ်များအထိ ရှေးရှေးရဟန်းပညာရှိ လူပုဂ္ဂိုလ်ပညာရှိကြီးတို့ ရေးသားပြောဆိုမိန့်မှာချက်များပါရှိသော စာအုပ်စာတမ်းအချို့ဖြစ် သည်။

အရေးအကြီးဆုံးက ရွှေကျင်နာယကဆရာတော် အရှင်သံဝရာဘိဝံသရေးသားပြုစုတော်မူခဲ့သော "ဗုဒ္ဓနိုင်ငံတော်"ဖြစ်သည်။ အတွဲသုံးတွဲလုံးအား "သူ"အတော်ပင်ကြိုးစား၍ ရှာခဲ့ရသည်။ စာအုပ်များက ထောင်သောင်းမျှရှိနေသည်။ ဤ"ဗုဒ္ဓနိုင်ငံတော်"သည် ကမ္ဘာတစ်ဝန်း၌ ထေရဝါဒဗုဒ္ဓအဆုံးအမသာသနာတော် ဓမ္မစက်ဖြန့်ကြက်မှုကို ဂယနဏစေ့စေ့စပ်စပ် မှတ်တမ်းတင်ပြုစုထားသည့် သာသနာဝင်ကျမ်းကြီးဖြစ်သည်ကို "သူ"မှတ်သားဖူးသည်။ ကမ္ဘာအရပ်ရပ်နှံ့စပ်ကျော်ကြားထင်ရှားလာခဲ့သော ဗုဒ္ဓရောင်ဝါထွန်းပခဲ့ပုံကို ခေတ်စနစ်အသီးသီး၊ သိပ္ပံပညာ၊ ပထဝီဝင်ပညာတို့ဖြင့် ထင်ဟပ်ထားသည်။

ဆက်သွယ်မှု၊ သွားလာမှု၊ သတင်းနှင့်နည်းပညာ၊ မှတ်တမ်းတင်ရန်အထောက်အကူများ အလျင်းမဖွံ့ဖြိုးသေးသောကာလက၊ ရှေးပညာရှိကြီးများသည်ပင်ကိုဉာဏ်နှင့် ပညာပါရမီ ထက်သန်မြင့်မားကြသော်လည်း ခဲရင်းပင်ပန်းစွာဖြင့် လောကသားကို့အား အသိပညာဉာဏ်ဖွံ့ဖြိုးမှုအတွက် ကျိုးပမ်းပေးဆပ်ခဲ့ကြသည်။ မဟာဝံသ၊ စူဠဝံသ၊ သာသနဝံသကျမ်းများရှိသည်။ ရှေးခေတ်ရှေးဟောင်း သာသနာတော်ကို ဖော်ကျူးမှတ်တမ်းတင်နိုင်ခဲ့ကြသည်။ ခေတ်သစ်သိပ္ပံပညာ ထွန်းကားလာချိန်တွင်မူ ကိုယ်တွေ့ဗဟုသုတ၊ ဒေသန္တရ ဗဟုသုတလေ့လာနိုင်ရန် အခြေအနေကောင်းများရခဲ့လေပြီ။ မျက်မှောက်ကာလဖြတ်သန်းချိန် ကတော့ဖြင့် ဆိုဖွယ်ရာမရှိပြီ။

"သူ"ယည်လည်းကောင်း၊ သူတို့မျိုးဆက်သည်လည်းကောင်း ထောင်စုသစ်၏ နည်းပညာ၊ သိပ္ပံပညာနှင့် သတင်းနည်းပညာကို အကျိုးရှိစွာသုံးလျက် လောကသားအားလုံး၏ ဘဝတိုးတက်မှု၊ ဖွံ့ဖြိုးမှုနှင့် လောကီလောကုတ္တရာအကျိုးကို ဖြည့်ဆည်းနိုင်မှုအတွက် အာသီသပြင်းပြနေသည်။ မည်၍မည်မျှ မည်သည့်အတိုင်းအတာအထိ သယ်ပိုး





ထမ်းဆောင်နိုင်မည်ဆိုသည် ကတော့ ခန့်မှန်းရခက်မည်။

ဤဆန္ဒကိုဖြည့်စွမ်းဦးဆောင်နိုင်စွမ်းရှိကြသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်ကြီးများ၏ အဆုံးအမဩဝါဒ၊ စာပေကျမ်းဂန်များ များစွာရှိနေသည်။ "သူ"ရှာဖွေတွေ့ရှိထားသော "ဗုဒ္ဓနိုင်ငံတော်"သည် စွမ်းအားကြီးသည့် "သာသနာဝင်ကျမ်းကြီး"ဖြစ်သည်ကို "သူ" ကောင်းစွာသတိပြုမိသည်။

ဤကျမ်းမြတ်တွင် ဤကမ္ဘာလောက၌ပေါ်ပေါက်ခဲ့သော ဘာသာအယူဝါဒများကို ဖော်ပြထားသည်။ လူ့ဘောင်သမိုင်းတစ်လျှောက်ရှိခဲ့သောခေတ်စနစ်နှင့် အယူအဆ၊ အယူဝါဒတို့ကို ထင်ဟပ်ပြဆိုထားသည်။ အမှန်အမှား၊ ကုသိုလ်အကုသိုလ်၊ ဒုစရိုက်သုစရိုက် ဖြစ်စဉ်ဖြစ်ရပ်များစွာ၏ ကြောင်းကျိုးဆက်စပ်မှုများလည်းတွေ့ရသည်။ အထူးသဖြင့် ဗုဒ္ဓတရားတော်မြတ်ကြီး၏ မွန်မြတ်လေးနက်၊ တိကျမှန်ကန်လှသော အာဂမယုတ္တိ၊ သဘာဝယုတ္တိအရ သိပ္ပံပညာ၊ နည်းပညာအရ ဆန်းစစ်ဝေဖန်ပိုင်းခြားမှုကို စမ်းသပ်ခံနိုင်စွမ်းသော၊ ပြီးပြည့်စုံလှသည့် ယထာဘူတကျလှမှုတို့ ပီပီပြင်ပြင်ရှိကြောင်းများလည်းတွေ့ရသည်။ ထူးခြားလှသည်မှာ ကမ္ဘာ့ဘာသာကြီးများနှင့် ညှိနှိုင်းဝေဖန်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ခြင်းဖြစ်သည်။

နိုင်ငံရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်နှင့်တကွ ဘာသာအသီးသီး၊ သာသနာပြုပုဂ္ဂိုလ်အသီးသီးတို့၏ အတွေ့အကြုံများ၊ မှတ်တမ်းများအပြင် အရှ၊ အာဖရိက၊ ဥရောပ၊ အမေရိက၊ အထူးသဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ သီရိလင်္ကာ၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့်တကွ မြန်မာနိုင်ငံတော်၌ ထေရဗုဒ္ဓ၏ အဆုံးအမတရားသာသနာဖြန့်ကြက်မှု၊ မဟာယနဖြန့်ကြက် စီးဆင်းမှုတို့ပါရှိသည်ကို "သူ"မှတ်သားမိဖူးသည်။

ဤကျမ်းမြတ်ကို "သူ"ယခုပြန်၍ တစ်ဖန်ဖူးတွေ့ နှလုံးသွင်းခွင့်ရလေပြီ။ ဂန္ထန္တရဉာဏ်၊ ဝိစာရဏဉာဏ်၊ ဘာသန္တရဒေသန္တရဗဟုသုတဉာဏ် အထူးပြည့်ဝကျွမ်းကျင်လှသော၊ ဘက်ပေါင်းစုံမှအသိဉာဏ်လျင်မြန်ထက်မြက် စူးရှလာသော ဆန္ဒ၊ ဝီရိယ၊ ဇွဲလုံ့လတို့

ကြီးမားလှသော ဆရာတော်ဘုရားသည် နှစ်ပေါင်းများစွာပင် နှိုက်နှိုက်ချွတ်ချွတ်လေ့လာစိစစ်ပြုစုခဲ့ခြင်းဖြစ်ရာ “သူ”သည် ဆရာတော်ဘုရားအား လည်းကောင်း၊ ကြီးမြတ်လှသည့် ဂုဏ်ကျေးဇူးတော်အား လည်းကောင်း မှန်းဆကော်ရော်ဖူးမြော်လိုက်မိသည်။

ဤတစ်ဘဝအတွက်တော့ ဤလောကအကြောင်းခြင်းရာတို့ကို “သူ”ဉာဏ်မီသမျှ ဖြန့်ကြက်ဆည်းပူးရင်း လောကအကျိုးသယ်ပိုးရန် အားယူဆဲ - - - -။

**“သူ”၏စိတ်နှလုံးတွင် ခါးသည်းရွံရှာဖွယ်ကောင်းလှသည့် အတ္တပမာနကျင့်စဉ်ကျင့်သုံးကြခြင်းများကြောင့် လောကလူသား တို့၏ ဘဝဖြစ်စဉ်များတွင် ဖြတ်သန်းခဲ့ရသော၊ ဖြတ်သန်းနေရသော၊ အနိဋ္ဌာရုံများစွာသည် ဆိုင်းမဆင့်ဗုံမဆင့်ပါဘဲလျှက်ဝင်လာပြန်သည်။**

**ထောင်စုသစ်အရှေ့ဦးကာလဖြတ်သန်းချိန်တွင် နိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့ကြုံတွေ့နေရသော ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးမြင့်မားမှုအတွက် ကြီးမားသော အန္တရာယ်များသည် ကျယ်ပြန့်စွာရှိနေပါလား။ နေရာအနှံ့၊ ဒေသအနှံ့၊ နိုင်ငံအလိုက်၊ ဒေသအလိုက်ရှိနေဆဲ၊ ဘဝများစွာ၏ အနိဋ္ဌာရုံများအား လူဇာလ၊ လူမိုက်တို့ဖန်တီးနေကြဆဲဖြစ်သည်။**

လောကကောင်းကျိုးသည်ပိုးနိုင်ခွင့်၊ သည်ပိုးနိုင်စွမ်းရှိသူတို့၏ စိတ်နှလုံးတွင် အတ္တ၊ မာန၊ ဒိဋ္ဌိ ကြောင့်ဖြစ်တည်ရှင်သန် လျက်ရှိသော အဖုအထစ်များ၊ အကြိတ်အခဲများ၊ အာယာတအရောင်အမှောင်များအား ပယ်သတ်နိုင်ကြမည်ဖြစ်ငြားအံ့ သန့်စင်ကြည်လင်၍ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်လောကသည် ငုံဖူးပွင့်လန်းလာကောင်း၏ဟု “သူ”တွေးမိ တောင့်တမိ သည်။ စုဆောင်းရှာဖွေရရှိလိုက်သော ဗုဒ္ဓအမွေ၊ မြန်မာမှုအမွေများကို ရင်ဝယ်ပိုက်လျက်၊ လူဇာလလူမိုက်တို့၏ အတွေးအမြင်များအား ဆင်ခြင်မဆဲ။ အညာဆောင်း၏ နေဝင်ရိုးရီသည် အမှောင်စောလေစွ။ “သူ”သည် ဖယောင်းတိုင်မီးကို ထွန်းညှိလိုက်သည်။

× × × × ×





အပိုင်း (၂၃)

## လှည့်စား၍မရသော ဘဝသမိုင်းကြောင်း

ဗုဒ္ဓတရား၊ လောကနီတိ၊ ပြည်သူ့နီတိ၊ ဓမ္မဝတ်၊ လောကဝတ်တည်းဟူသော မြန်မာမှု၏ လောကအမြင်များအား ရင်ထဲနှလုံးသားထဲတွင် ထွေးပိုက်ရင်း၊ လောကမငြိမ်းချမ်းမှု ဘဝများစွာ၏ မငြိမ်းချမ်းမှုတွေကို “သူ”သည် အနုလုံပဋိလုံဆင်ခြင်နေမိသည်။ အကုသိုလ်အမှုတွေ၊ အဓမ္မမှုတွေ၊ နိုင်လိုမင်းထက်ကျင့်မှုတွေ၊ လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မိစ္ဆာရိယ၊ မာန်မာန တို့ဖြင့် ပွမ်းတီးလျက် ကိုယ်ကျိုးကြည့်လွန်းမှု၊ 'ငါ'တည်းဟူသော တံခွန်ထူလွန်းမှု၊ ကိုယ်ကျိုးစီးပွားကာကွယ်လွန်းမှုတို့ဖြင့် ဖြတ်သန်းလာခဲ့ရသော ခေတ်စနစ်အဖုံဖုံသည် “သူ”၏စိတ်တွင် စီးမျောဖြတ်သန်းလာပြန်သည်။

လူမှန်းသိတတ်စအရွယ်မှစ၍ “သူ”နှင့် သူတို့မျိုးဆက်ဖြတ်သန်းခဲ့ရသော ခေတ်စနစ်များနှင့် ဆိုးမွေကောင်းမွေတို့ကို အထင်းသားမြင်နေမိသည်။ တကယ်တော့ “သူ”နှင့်တကွ သူတို့မျိုးဆက်

သည် တစ်ဘဝ၏ ဘဝနေဝင်ချိန်သို့ ရောက်နေလေပြီ။ ၁၀ စုနှစ်ခြောက်စုမျှကို ဖြတ်သန်းခဲ့ရသော ဘဝသင်ခန်းစာများကား တန်ဖိုးကြီးလှပါဘိ။

နယ်နယ်ရရပေးဆပ်ရမှုဖြင့် ရလာသောသင်ခန်းစာများ မဟုတ်ကြ။ ဤသင်ခန်းစားများကို အမွေကောင်းအဖြစ် "သားတို့သမီးတို့မြေးတို့"သန်းပေါင်းများစွာသော မျိုးဆက်တို့အတွက် ပေးအပ်နိုင်ဖို့ကောင်း၏။ မြန်မာတို့တွင်မူ မြန်မာ့သမိုင်းစဉ် တစ်လျှောက် ရဟန်းပညာရှိ လူပညာရှိ နိုင်ငံရေးသုခမိန်တို့ ရေးသားပြုစုခဲ့သော၊ ဟောကြားမိန့်ဖော်ခဲ့သော စာပေကျမ်းဂန်များ၊ လင်္ကာကဗျာစာပေများ၊ များစွာရှိပါ၏။ ထို့အတူ ပညာရှိသုခမိန်၊ စာပေပညာရှင်ကြီးများစွာ အရှေ့တိုင်း၊ အနောက်တိုင်း ကမ္ဘာအနှံ့ ပေါ်ပေါက်ခဲ့ပါ၏။ ဆိုမိန့်ရေးသားပြုစုခဲ့ကြပါ၏။ လောကဓမ္မ ကောင်းကျိုးအစုစုတို့သည် ဗုဒ္ဓအဆုံးအမတရားတော်များ မဇ္ဈိဒေသ လူပညာရှိ ရဟန်းပညာရှိနှင့် အတွေးအခေါ်ပညာရှင်တို့၏ တရားဒေသနာဩဝါဒ၊ အဆိုအမိန့်တို့ ထုံမွှန်းလျက်ဆက်စပ်ထင်ဟပ် နေသည်ဟု ဉာဏ်မီသမျှ "သူ"မြင်တွေ့ နားလည်နေမိသည်။

ဤသည်တို့မှာ မြန်မာ့လူ့နေမှုဘဝ၏ "စံ"များ၊ ဥပဒေသများ မဟုတ်ပါလား။ သို့ပါလျက် ဤ"စံ"များ၊ ဤဥပဒေသများ၏ ပြဋ္ဌာန်းနိုင်မှုကို ဖော်ဆောင်တည်ဆောက်ရန်အတွက် တာဝန်ကျေသူများ၊ တာဝန်မဲ့သူများ၊ ဖျက်ဆီးသွားသူများကား ရှိနေဆဲ။ "သူ"သည် "သူ"၏ဘဝဖြတ်သန်းချိန်တစ်လျှောက် "သူ"ကိုယ်တိုင် ဤ"စံ"များအတွက် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြဋ္ဌာန်း ခဲ့မှုနှင့် သူတို့မျိုးဆက်၏ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အကောင်းအဆိုးဖန်တီး ပြဋ္ဌာန်းခဲ့မှုများကို ဆင်ခြင်နေမိပြန်သည်။

**အမှန်ရှိခဲ့သော ပြဋ္ဌာန်းမှုများ၊ အကောင်းအဆိုးများဆိုသည်မှာ သမုတိနယ်ပယ်၌ မှတ်တမ်းတင်ချင်သလို တင်လို့ရကောင်းရနိုင်ပါ၏။ ပရမတ္ထ သစ္စာအလိုအားဖြင့် အကောင်းသည် အဆိုးမဖြစ်နိုင်သကဲ့သို့ အဆိုးသည်လည်း အကောင်းမဖြစ်နိုင်၊ ဓမ္မသည် ဓမ္မသာဖြစ်၍**





**အဓမ္မသည် အဓမ္မသာဖြစ်မည်။ ကုသိုလ်သည် ကုသိုလ်သာဖြစ်၍၊ အကုသိုလ်သည် အကုသိုလ်သာဖြစ်မည်။ တကယ်တော့ လူသားတစ်ဦးချင်းသည်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံ ချင်းသည် လည်းကောင်း၊ သဗ္ဗေသတ္တာ၊ သတ္တဝါများအားလုံးသည် လည်းကောင်း အမှန်ကို အမှားလုပ်၍မရ၊ အမှားကို အမှန်လုပ်၍လည်းမရ သံသရာမှတ်တမ်းတွင် အထင်းသားရှိနေမည်သာ"။**

ဤသို့အထင်းသားမြင်တွေ့ဆင်ခြင်လိုက်မိချိန်တွင် "သူ"သည်များစွာလည်း တုန်လှုပ်သွားမိပါ၏။ များစွာလည်း အားတက်သွားမိပါ၏။ "သူ"ကိုယ်တိုင်ကို၌သည်ပင်လျှင် အမှားကို အမှန်ထင်၊ အဓမ္မကို ဓမ္မထင်၊ အကုသိုလ်ကို ကုသိုလ်ထင် မိသော အမြင်ဖြင့်ဖြစ်စေ၊ သိပါလျက်နှင့်လျှော့ပြီးတွက်၍ဖြစ်စေ မည်မျှပြုမိ၊ ပြဋ္ဌာန်းမိသည်မသိ။

ဝိဇ္ဇာဉာဏ်ဖြင့်၊ အပ္ပမာဒတရားဖြင့် မဆင်ခြင်နိုင်သမျှ အမှားများစွာကို ဖြတ်သန်းချိန်စက္ကန့်တိုင်းတွင် ပြုမိကျူးလွန် နေမိမည် အမှန်။ မိမိတို့ပြုပြုသမျှသောအကြောင်းတရားတို့သည် ပစ္စုပ္ပန်ဘဝတွင်ဖြစ်စေ၊ တမလွန်နှင့် သံသရာတွင်ဖြစ်စေကွက်တိ ပေါ်လာမည့် အကျိုးဆက်များဖြင့် မှတ်တမ်းတင်ကျန်ရစ် မည်မဟုတ်ပါလား။ ဤမှန်ကန်သော ဓမ္မသစ္စာ၏ မားမားမတ်မတ်ရပ်တည်မှုကို သက်ဝင်ယုံကြည်လျက် "သူ"အားတက်သွားခြင်းဖြစ်သည်။ မည်သို့ရှိစေပစ္စုပ္ပန်ဘဝ၏ ဖြတ်သန်းချိန်များကို တန်ဖိုးရှိရှိ အသုံးချ သွားနိုင်ရေးသည်လည်းကောင်း၊ သန်းပေါင်းများစွာသော မျိုးဆက်တို့၏ ဘဝငြိမ်းချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရဲရင့်ပြတ်သားစွာ လျှောက်လှမ်းသွားနိုင်ရေးသည်လည်းကောင်း အရေးအကြီးဆုံး ပဓာနအကျဆုံးဖြစ်နေလေပြီ။

**ဤတာဝန်ကို မှန်ကန်စွာနှလုံးသွင်း၍ တည်ကြည်ပြတ်သားစွာ သယ်ပိုးမသွားနိုင်သမျှ တစ်ဘဝ၏သမိုင်းကြောင်းသည်လည်းကောင်း၊ သံသရာ၏သမိုင်းကြောင်းသည်လည်းကောင်း၊ ကောင်းပါသည်ဟုမှတ်တမ်းတင်နိုင်မည်မဟုတ်၊ မှတ်တမ်းတင်နိုင် ခဲ့လျှင်လည်း အလိမ်အညာမှတ်တမ်းအဖြစ်ဖြင့် အကျိုးဆက်သည် ကောင်းရန်မရှိဟု**

"သူ"မြင်တွေ့ခံစားနေမိသည်။

"သူ"သည် ရွှေမြို့တော်သို့ အမြန်ပြန်၍ရောက်လိုမိသည်။ အညာဒေသ၏ ကျေးလက်သဘာဝသည်လည်းကောင်း၊ နိုင်ငံအနှံ့ရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ ကျေးလက်သဘာဝ လောက အမြင်တို့သည်လည်းကောင်း ခေတ်မီရန်၊ ကြီးပွားတိုးတက်ရန် ဦးတည်လှုပ်ရှားအားယူနေသည်ကို အထင်ကရမြင်တွေ့နေရသည်။ နိုင်ငံပေါင်းစုံ၊ လူမျိုးပေါင်းစုံသည်လည်း ကမ္ဘာ့ဆက်သွယ်မှု ကွန်ယက်ကြီးတွင် ချိတ်ဆက်လျက် တိုးတက်မှု၊ ကြီးပွားမှု၊ ရှင်သန်မှုအတွက် ရုန်းကန်လှုပ်ရှားနေကြသည်။ အရေးအကြီးဆုံးက အမြင်မှန်ဖြင့်ရှင်သန်ဖို့ ဖြစ်သည်ဟု "သူ"တောင့်တနေမိသည်။ ထို့ကြောင့်လည်း ရွှေမြို့တော်သို့ အမြန်ပြန် ရောက်လိုမိနေခြင်းဖြစ်ပါ၏။ "သူ"သည်ရှာဖွေစုဆောင်း ရရှိသည့် စာအုပ်စာတမ်းများအား အစီအရီစုစည်းပြီး အပြင်ဘက် ညှေ့ခန်းသို့ထွက်လိုက်သည်။ အစ်ကိုကြီးဦးစိန်တိုး၊ နီမာနှင့် သူမ၏ အဒေါ်တို့ စကားဝိုင်းသည် အရှိန်ကောင်းနေဆဲဖြစ်သည်။

စကားဝိုင်းရှိရာသို့ စိုက်လိုက်မတ်တတ်လျှောက်၍ ဦးစိန်တိုး အနီးတွင် ဝင်ထိုင်လိုက်သည်။ နီမာမျက်နှာတွင် ကျေနပ်ကြည်နူးမှုအရောင် အသွေးလေးများ ပြည့်လျှံသွားသည်ကို "သူ"သတိပြုမိလိုက်သည်။

ကြည့်စမ်းပါဦး "သူ"တို့တွေဆွေးနွေးပြောဆို နေကြသည်က လာမည့် နွေရာသီကျောင်းပိတ်ရက်တွင် မြို့နယ်ရှိ လူငယ်များအတွက် "ဗုဒ္ဓဘာသာ"သင်တန်းဖွင့်ရန်ကိစ္စဖြစ်နေသည်။ ဗုဒ္ဓအဆုံးအမတရားတို့ကို လူငယ်မျိုးဆက်တို့ နားလည်နိုင်မည့်၊ နှလုံးသွင်းကျင့်ကြံနိုင်မည့် "သုတရတနာ၊ မင်္ဂလာရှိလှစွာသော သစ်တစ်ပင်"ကို စိုက်ပျိုးရန် စီစဉ်နေကြသည်။ မင်္ဂလာတရား(၃၈)ပါးနှင့်အတူ "သီလ၊ သမာဓိ၊ ပညာ"၏ အခန်းကဏ္ဍကို မျိုးစေ့ချ ပေးရန်အတွက် တောင်ပေါ်ကျောင်း ဆရာတော်ကို လျှောက်ရန်ဆုံးဖြတ်လိုက်ကြသည်။ သင်တန်း သင်ကြားပို့ချဆွေးနွေးမှုအစီအစဉ်တွင် မာတာပီတုဥပဋ္ဌာန်တည်း ဟူသော မိခင်ဖခင်တို့ကို လုပ်ကျွေးပြုစုခြင်းခေါင်းစီးအား အမိမျိုးယ် ဖော်ကျူးသည့် စာစီစာကုံးပြိုင်ပွဲကို သင်တန်းအပြီးစီစဉ်ရန်နှင့် ဆုပေးပွဲ ပြုလုပ်ရန်ကို





အကြံပြုဆွေးနွေးကြပြန်သည်။

ကောင်းလိုက်သည့် အစီအစဉ်ဟု "သူ"အောက်မေ့ပီတိ ဖြစ်ရသည်။

မိဘဝတ်၊ ဆရာဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်စသည့် ကျင့်ဝတ်ဆိုင်ရာနှင့် လောကနီတိကျမ်း၊ လောကနီတိဆုံးမစာ၊ သုတမဉ္စူ ဆုံးမစာ၊ အဆိပ်လေးမျိုး၊ ကြောက်ကြီးကိုးလုံးဆုံးမစာ စသည် တို့ကိုပါ အချိန်ပိုင်းထည့်သွင်း ဆွေးနွေးပို့ချသွားရန် "နီမာ"က အကျိုးအကြောင်းတို့ဖြင့် အကြံပြုဆွေးနွေးသွားသည်။ အတည်ပြုလိုက်ကြသည်။

"သူ"သည် များစွာကြည်နူးအားရ ဖြစ်နေမိသည်။

လူတို့သည် သီလ၊ သမာဓိ၊ ပညာ အားနည်းခြင်းကြောင့် တစ်ဘဝနှင့် သံသရာခရီးတွင် သတ္တိမဲ့ခဲ့ကြသည်။ အကျည်းတန် သော အဆုံးအဖြတ်များ ပြုမိမှား၊ ပြောမိမှားရှိကြမည်။ တစ်ခါတစ်ရံတွင် သေးနုတ်ယုတ်ညံ့သော အကျိုးရလာဒ်တို့ကို ရင်ဝယ်ပိုက်လျက် ကြီးမားသော နောင်တဖြင့် ခရီးဆက်နေကြရသည်။

ဤသည်ကို သံဝေဂ တရား သင်ခန်းစာများယူလျက် "သီလ၊ သမာဓိ၊ ပညာ" အခြေခံ တောင်းများဖြင့် သန်းပေါင်းများစွာသော မျိုးဆက်ကို ရှင်သန်နိုင်အောင် ပြုစုပျိုးထောင်ပေးခြင်းက အကောင်းဆုံး ဖြစ်မည်။

နီမာတို့စကားဝိုင်းအဆုံးသတ်ခါနီးမှ "သူ"ရောက်သွားမိခြင်းဖြစ်သော်လည်း အစ်ကိုကြီးဖြစ်သူ ဦးစိန်တိုးနှင့် "သူ"သည် စကားစမြီပြောချင်နေသည်။ အစ်ကိုကြီးအား ဤအခြေအနေအတိုင်း စကားဝိုင်းဆက်စေဖို့ခက်မည်။ ထို့ကြောင့် "သူ"သည် အစ်ကိုကြီးအား ထမင်းစားရင်း စကားပြောနိုင်ရန်အကြံဖြင့် အတူတူထမင်းစားရန် နီမာအားပြောလိုက်သည်။ နီမာက အထာပေါက်ပြီးသား။ တကယ်တော့ အစ်ကိုကြီးသည် ဟင်းလေးအိုးကြီး ဖြစ်သည်။ သူ၏ထံမှ ရေနံမြေ၏ သမိုင်းကြောင်းနှင့် သူ၏ဘဝဖြတ်သန်းချိန် အတွေ့အကြုံများစွာကို သိနားလည်ခွင့်ရဖူးသည်။ ယခုလည်းထပ်မံ၍ ရနိုင်သည်များရှိနေသည်။ "သူ"ထက် ၁၀ နှစ်ကျော်မျှ အသက်ကြီးသော အစ်ကိုကြီး၏ ဘဝ

အတွေ့အကြုံသည်လည်းကောင်း၊ လောကအမြင်သည်လည်းကောင်း လွန်စွာတန်ဖိုး ကြီးသည်ဟု "သူ"နားလည်လက်ခံထားသည်။

"သူ"တို့၏ အစ်ကိုကြီးဦးစိန်တိုးသည် ရေနံချောင်းရေနံမြေမှ အရာရှိကြီးတစ်ဦး၏ ဘဝကိုလည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တစ်လျှောက် "သူ"ယုံကြည်ရာနိုင်ငံရေးအမြင်၊ လူမှုရေးအမြင်ဖြင့် ကောင်စီအဆင့်ဆင့်တွင်လည်းကောင်း နိုင်ငံတာဝန်များထမ်းရွက်ခဲ့သူဖြစ်သည်။ ရိုးသားမှု၊ ကြိုးစားမှု၊ ဇွဲလုံ့လဝီရိယရှိမှု၊ သစ္စာရှိမှုတွင် အပြစ်ဆိုဖွယ်ရာအနည်းငယ်မျှပင် မရှိခဲ့သော ဝန်ထမ်းကောင်းတစ်ဦးဖြစ်သည်ကို လူအများအသိအမှတ်ပြုကြကြောင်း "သူ"ကြားသိပြီးဖြစ်သည်။

သို့သော်

ထမင်းစားဝိုင်းတွင် သူ၏သားအငယ်ဆုံးအကြောင်း အစ်ကိုကြီးကဖွင့်သည်။

အစ်ကိုကြီးတွင် သားသမီးငါးယောက်ရှိသည်။ အကြီးသုံးဦးက မိန်းကလေးများဖြစ်ပြီး အကြီးဆုံးတစ်ယောက်သာ အပျိုကြီးအဖြစ်ဖြင့် သူနှင့်အတူ ကျန်ရစ်သည်။ ကျန်နှစ်ဦးသည် အိမ်ထောင်ခွဲနေထိုင်လျက်ရှိကြပြီး။ အငယ်ဆုံးနှစ်ဦးမှာ ယောက်ျားလေးဖြစ်ပြီး အကြီးကောင်က စွမ်းအင်ဝန်ကြီးဌာနချုပ်တွင် ဝန်ထမ်းဖြစ်နေလေပြီ။ အငယ်ဆုံးအကောင်သာဘွဲ့ရ ပညာတတ်၊ ယောင်ခြောက်ဆယ် လုပ်နေသည်။ ဇနီးဖြစ်သူ ကွယ်လွန်ပြီးဖြစ်သော အစ်ကိုကြီးအား သားသမီးအားလုံးက ဝိုင်း၍ထောက်ပံ့ကြသည်။ မပူပင်ရ၊ အစ်ကိုကြီးလည်း အငြိမ်းစားအရာရှိတစ်ဦးဖြစ်သည်။ ယခင်အခေါ်အားဖြင့် နှစ်သီးစားအငြိမ်းစားဖြစ်သည်။ အငယ်ဆုံးကောင်သည် အိမ်ထောင်လည်း မပြုသေး။ တကယ်စင်စစ်အိမ်ထောင်ပြု ချင်နေပြီဖြစ်သည်။ အစ်ကိုကြီးအဆိုအရ မိန်းမလိုချင်တာမှ ရူရူထိုးနေသည်။ သို့သော် မိန်းမ မယူရဲ၊ အိမ်ထောင်မပြုဝံ့ပေ။ သားမယားယူပြီး သားမယားအားလုပ်ကိုင် ကျွေးဖို့၊ သားသမီးယူရန်နှင့် လူလားမြောက်အောင်ပြုစုဖို့ အနိမ့်ဆုံး လင်မယားနှစ်ယောက် တက်ညီလက်ညီလုပ်ကိုင်စားဖို့ပင် ထိုအငယ်ဆုံးကောင်





နည်းနည်းလေးမျှသတ္တိမရှိ။ ဖခင်ဖြစ်သူကိုသာ ဒီလောက် ရာထူးကြီးတွေနဲ့ နေလာပြီး မချမ်းသာရကောင်းလား၊ အရင်းအနှီးတွေ၊ အမွေတွေ မတည်ငွေတွေထုတ်၍ မပေးနိုင် ကောင်းလားဟု အပြစ်ဆိုဂျစ်တိုက်နေသည်ဟု ဆိုသည်။ တည့်တည့်ဆိုရလျှင် ရိုးရှင်းသောအရာရှိကြီးတစ်ဦးဖြစ်သူ ဖခင်ဖြစ်သူ၏ဘဝ တစ်ခုသည် ဥစ္စာစီးပွား မချမ်းသာ၊ အလျှံပယ်မကြွယ်ဝသည်မှာ ဤဖခင်သည် အတော်ညံ့ဖျင်း လှသည်ဟုပင်ဆိုပါသည်တဲ့။

ဒီတော့လည်း ရေနံချောင်းတွင် နေရအခိုက် မနက်ဖန်တစ်ရက်တော့ ထိုအငယ်ဆုံးအကောင်ကိုတွေ့ပြီး ၎င်း၏လိုအင်နှင့် လောကအမြင်ကို လေ့လာခွင့်ရခြင်းအတွက် "သူ"ကံကောင်းစွဟု တွေးလိုက်မိပြန်တော့သည်။

× × × × ×

## အပိုင်း (၂၄)

### အိပ်မက်ဆန်သော အတွေးများ

"သူ"အတွက် အိပ်မပျော်သော ညဆိုသည်မှာ အဆန်းတကျယ်မဟုတ်ပါ။ အိပ်မပျော်၍အိပ်ပျော်အောင် ဆေးအမျိုးမျိုး သုံးစွဲကြရသည်များကို "သူ"ကြားဖူးတွေ့ဖူးပါသည်။ "သူ"ကတော့ ဘာဆေးမှသုံးရန်မလိုခဲ့၊ သုံးရန်လည်းမလိုဟု "သူ"ထင်သည်။ အဘယ်ကြောင့်ဆိုသော် "သူ"အတွက်အိပ်မပျော်သော ညဆိုသည်က နိုင်ငံဝန်ထမ်းဘဝ ဆယ်စုနှစ် လေးကြိမ်ခန့်ရှိခဲ့ပြီ။ ကျောင်းသားဘဝတုန်းကရော အလားတူပါပဲ ကောင်းစွာအိပ်မပျော်တတ်ခဲ့ပါ။ ဝန်ထမ်းဘဝတုန်းကများဖြင့် "တစ်ရက်လျှင် ၂၄ နာရီအစား ၃၆ နာရီလောက်ရှိရင် သိပ်ကောင်းမှာပဲ"ဟု သူ၏ရောင်းရင်းတစ်ယောက်က ညီးတွားဖူးစဉ်က " ၃၆ နာရီရှိလည်း လုံလောက်မှာ မဟုတ်ပါဘူးကွာ၊ ရတဲ့အချိန်ကလေးသာ တန်ဖိုးရှိအောင်သုံးပါ"ဟု "သူ"ကနှစ်သိမ့်အားပေးခဲ့ဖူးသည်။ နေ့မအား ညမနားအလုပ်လုပ်ခဲ့ကြသည်။

ထိုညတွင်လည်း "သူ"အိပ်မပျော်နိုင်ခဲ့။ တွေးတောဆင်ခြင်ဖွယ်ရာတွေ အဖြေရှာဆုံးဖြတ်ပြီး လုပ်ချင်တာတွေထဲက လုပ်သင့်တာနဲ့





လုပ်နိုင်တာတွေကို အကောင်အထည်ဖော်တတ် လုပ်တတ်တဲ့အကျင့် ရနေခဲ့တာ ကြာပြီပဲ။ ဒါကလူ့မှန်းသိတတ်စ ကတည်းက၊ အလေ့အကျင့်ကောင်းတွေက အလေ့အထနဲ့ စရိုက်ကောင်းတွေရဖို့ လက်ဦးဆရာတွေက လေ့ကျင့်ပေးခဲ့တာကို "သူ"ကောင်းကောင်း သတိပြုလက်ခံခဲ့၊ ကျင့်သုံးခဲ့သည်။

လူအတော်များများက အကြောင်းအမျိုးမျိုးကြောင့် အိပ်မပျော်ခြင်းအပေါ် အိပ်ပျော်အောင် ကြိုးစားရင်း ပင်ပန်းနေတတ်ကြသည်ဟု "သူ"ထင်မိသည်။ တကယ်တော့ အိပ်မပျော်လေကောင်းလေဟု "သူ"အနေဖြင့်တော့ ခံစားခဲ့ရသည်။ အိပ်မပျော်လျှင် စာဖတ်မည်။ စာဖတ်လို့အတွေးများတွင် ချမ်းမြေ့မှု၊ အင်အား၊ သတ္တိနှင့်အဖြေတစ်ခုမရလျှင် တရားမှတ်နေ လိုက်ခြင်းက အကောင်းဆုံးနည်းလမ်းဖြစ်သည်။ စာဖတ်ခြင်း၊ တွေးမြင်ခြင်းက စိတ်အင်အားဖြစ်စေသည်။ ထိုနည်းဖြင့် အင်အားကို မရပါက တရားထိုင်လိုက်ခြင်းဖြင့် စိတ်၏ငြိမ်းချမ်းမှုနှင့်အတူ အနားရလိုက်သည့်ဖြစ်ခြင်း၊ လူ၏ခန္ဓာကိုယ်ပါ လန်းဆန်းသွားတတ် သည်မှာ "သူ"ကောင်းကောင်းကြီးရထားသော တန်ဖိုးကြီးသည့် ဆေးနည်းဖြစ်ခဲ့သည်။

အနောက်ဘက်တစ်အိမ်ကျော်မှ ကြက်ဖနှစ်ကောင်၏ အပြိုင်တွန်လိုက်သောအသံသည် ဝန်းကျင်တစ်ခိုသို့ ဖုံးလွှမ်း သွားသည်။ တစ်ကောင်၏အသံကတိုသည်။ သို့သော်ကြည်လင်ပြတ်သား၍ အောင်မြင်သောအသံ၊ ကျန်တစ်ကောင်က အသံကိုအရှည်ကြီးဆွဲ၍ တွန်သည်။ ဒီအကောင်ကလည်း သူ့ဟန်သူ့နည်းဖြင့် အောင်မြင်သည်ဟု ယူဆရသည်။တစ်ချက်တစ်ချက် တစ်ကောင်ပြီးမှတစ်ကောင်က တွန်သည်။ ဒီနှစ်ကောင်၏မျက်နှာကို ကြံကြံဖန်ဖန်တွေးမြင်ကြည့်မိသည်။ အားကျမခံပုံစံ ဖြစ်နေသည်ဟု "သူ"ကောက်ချက်ချလိုက်မိသည်။ မည်သို့ဆိုစေသန်းခေါင်ယံတောင်ရောက်ပြီပဲ။ "သူ"သည်ဘုရားခန်းအနီးတံခါးမကြီးမှ အရှေ့ဘက်ဝါးရုံတာသို့ ထွက်လာခဲ့သည်။ လေငြိမ်နေသော်လည်း အပြင်ဘက်တွင် ချမ်းစိမ့်ဂိမ့်တော့ရှိနေသည်။ အညာဆောင်း၏အရသာသည် တစ်မျိုးလေးပါပဲလားဟု အကောင်းမြင်ပြီး

ခံစားလိုက်မိသေးသည်။

ဦးခေါင်ပေါ်တည့်တည့်ရောက်နေသော လမင်းကြီးအား အားရပါးရမော့ကြည့်လိုက်စဉ်မှာပင် ကြယ်စင်များစွာနှင့်အတူ မောင်ဇော်လင်းနှင့် သန်းပေါင်းများစွာသော လူငယ်မျိုးဆက်တို့၏ မျက်နှာသန်းပေါင်းများစွာကို "သူ"မြင်နေမိလေသည်။

လူငယ်တွေ၊ နိုင်ငံ၏မျိုးနွယ်၊ လူသားမျိုးနွယ်၏ တာဝန်ကို ဝခုံပြောင်းသယ်ပိုးရန် တာစူနေကြသော၊ အားယူလှုပ်ရှား နေကြသော လူငယ်များ။ အချို့မျက်နှာတို့သည် ရင့်ကျက်တည်ငြိမ်စွာ၊ အချို့ ပျော်မြူးလျက်၊ အချို့ညှိုးငယ်လျက်၊ အချို့တင်းမာ နေသော မျက်နှာများ၊ အချို့ပူဆွေးလျက်၊ အချို့ခက်ထန်လျက်၊ အကြောင်းတရားများတော့ ရှိမည်။

ဤအကြောင်းတရားများကို "သူ"သည်နားလည်နေသည် လည်းရှိ၏၊ နားမလည်နိုင်သည်လည်း တစ်ခါတစ်ရံ ဖြစ်မိခံစားမိ၏။ မည်သို့ရှိစေ အရာရာကို "သူ"သည် နားလည်နိုင်ရန်နှင့် အဆုံးစွန်၌ နားလည်ပေးရန်အထိ နှလုံးသွင်းလိုနေမိသည်။ မောင်ဇော်လင်း တစ်ယောက်ကတော့ သူ၏ဖခင် ဦးစိန်တိုးအား မည်သို့နားလည်ခြင်းဖြင့် မကျေမနပ်ဖြစ်နေလေသနည်း။

"သူ"သည် ရှုထောင့်အမျိုးမျိုးမှ ချဉ်းကပ်ဆန်းစစ်၍ အဖြေရှာနေမိသည်။

"သူ"၏စိတ်၊ "သူ"၏နှလုံးသားသည်ပင် ထိုအသက် ထိုအရွယ် "သူ"၏ဘဝဖြတ်သန်းချိန်ကာလ၌ ရုံဖန်ရံခါ တင်းမာလျက်၊ ရုံဖန်ရံခါနူးညံ့လျက် မတူသည်ကတော့ရှိသည်။ "သူ"၏ဘဝ ထိုအရွယ် ထိုကာလ၌ ကြီးမားသော ဆိုးဝါးလှသည့် လောကဓံနှင့် အခက်အခဲများ ကြုံခဲ့ဖူးသည်။ အချို့ခံပြင်းဖွယ်ကောင်းလှသည့်စနစ်နှင့် ခေတ်၏ဒဏ်ကို အလူးအလဲခံရသည်။ သို့သော်ကြုံလာသမျှသော အခက်အခဲနှင့် ခံပြင်း ·ယ်ကိစ္စများကိုပင် "သူ"သည် ငါ့အတွက် သင်ခန်းစာတွေပဲ၊ အတွေ့အကြုံတွေပဲ၊ ငါခံယူတတ်ရင် အကောင်း ချည်းပါပဲ၊ ငါ့အရည် အချင်းကို တစ်ဆင့်မြှင့်ပေးလိုက်တာပဲဟူ၍သာ တွေးပြီးခံယူတတ်





ခဲ့သည်။ ဤသည်ပင် ဘဝတစ်ခု၊ အရွယ်တစ်ခု၏ ဖြတ်သန်းချိန်၌ အမှားအနည်းဆုံးနှင့် တိမ်းစောင်းမှု ·ရှိသော လမ်းပေါ်သို့ "သူ"အား ပို့ဆောင်ပေးခဲ့သည်။

မည်သို့ဆိုစေ ခါးသည်းဖွယ်သော ဘဝအတွေ့အကြုံများ ဖြစ်စဉ်ဖြစ်ရပ်များနှင့် မကောင်းသောဝန်းကျင် လူမှုအနိဋ္ဌာရုံများ နည်းပါးသည့် ဘဝဖြတ်သန်းရမှုတွေသာ ဖြစ်ခဲ့ပါလျှင်တော့ လူငယ် မျိုးဆက်အတွက် အကောင်းဆုံးဖြစ်မည်ဟု "သူ"ကထင်သည်။ အခက်အခဲတွေ၊ ပြဿနာတွေ၊ ကျေနပ်စရာတွေ၊ မကျေနပ်စရာတွေ ဆိုသည်ကတော့ မကင်းနိုင်။ ရင်ဆိုင်ကြုံတွေ့ရသော ပြဿနာတိုင်း၊ အခက်အခဲတိုင်းကို သဘောထားမှန်မှန်ဖြင့် အမိုးရှင်းအကောင်းဆုံး ဖြေရှင်းကျော်လွှားသွားနိုင်ရေးသည်သာ ပဓာနကြမည်။

မျက်မှောက်ကာလ ကမ္ဘာ့လူသားများ ကြုံတွေ့နေရသော ပြဿနာများ၊ စိန်ခေါ်မှုများတွင် လူငယ်မျိုးဆက်တို့အတွက် အရေးကြီး ဆုံးသည် ရှင်သန်နိုင်ရေးဟု ကောက်ချက်ဆွဲပါက နီးစပ် မှန်ကန်မည်ဟု "သူ"ခံစားနေမိသည်။ ဘဝရှင်သန်မှု၊ ဘဝတိုးတက်ဖွံ့ဖြိုးမှု လိုအင်တွေ ပြည့်နိုင်ဖို့ သူတို့ဘယ်လိုခံစားရပြီး၊ ခံယူကြိုးပမ်းကြမည်နည်း။

ဘဝရပ်တည်မှု၊ ဘဝရှင်သန်မှုသက်သက်၊ ရှင်သန်ရေးသာ ပဓာနဟူသော အယူအဆဖြင့် လိုအင်ကို ဖြည့်တင်းခြင်းထက် မိမိဘဝနှင့် လောကအတွက် အကုသိုလ်ကင်းသော၊ ကောင်းကျိုးကိုရှေးရှုသော နည်းလမ်းကိုရွေးပြီး၊ ရဲရင့်တည်ကြည်ပြတ်သားစွာ ပျော်ပျော်ပါးပါးကြီး လျှောက်လှမ်းသွားစေချင်မိသည်။ ဒါက "သူ"၏ဆန္ဒသာဖြစ်သည်။

မျိုးဆက်တို့၏ဘဝကို ထဲထဲဝင်ဝင် လေ့လာခံစားမှု ပြုရန်တော့လိုမည်။ ထို့ကြောင့်လည်း မောင်ဇော်လင်းအားတွေ့ရန် ဆန္ဒသည် "သူ့"၌ ပြင်းပြလာခြင်းဖြစ်မည်။

လူ့ဘောင်သမိုင်းစဉ်တစ်လျှောက် ကမ္ဘာ့တစ်ဝန်းဒေသ အသီးသီး၊ နိုင်ငံအသီးသီး၌ ဖြစ်ပွားပေါ်ပေါက်ခဲ့သော အနိဋ္ဌာရုံများ၊ သမိုင်းဖြစ်စဉ်များသည်လည်းကောင်း၊ ယင်းဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက် လာရခြင်း၏အကြောင်းရင်းများသည် လည်းကောင်း မျိုးဆက်တို့အတွက်

သင်ခန်းစာယူရန်မှအပ အခြားအကြောင်းမရှိပြီ။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မျိုးဆက်တို့သည်လည်းကောင်း၊ ဖွံ့ဖြိုး ပြီးတိုးတက်လှပါသည်ဆိုသော နိုင်ငံများရှိ မျိုးဆက်တို့သည်လည်းကောင်း ရှေ့ရှေ့ကလူကြီးတို့၏ကောင်းမွေများကိုယူလျက် ဆိုးမွေများကို အမြင်သစ်ဖြင့် ခွဲဝှံ့စွာပယ်သတ်နိုင်ရေးသာ လောကငြိမ်းချမ်းမှု ဘဝများစွာ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် ပဓာနကျနေ သည်ဟု "သူ" တွေးမြင်မိသည်။ ဤနေရာတွင် မျိုးဆက်လူငယ်တိုင်း၏ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုဖြင့် အောင်မြင်မှုကို ယူရဲရန် လိုပေလိမ့်မည်။

ဤတွင် ဗြဟ္မစိုတရားကျင့်စဉ် နှလုံးသွင်းနိုင်မှုသည် အကောင်းဆုံးလောကအမြင်ပါလားဟု "သူ"ခံစားလိုက်မိပြန်သည်။ မေတ္တာနှင့် ကရုဏာ၏ ပြဋ္ဌာန်းနိုင်စွမ်းမှု အကျိုးတရားတွေ၊ မုဒိတာပွားနိုင်ခြင်း၏စွမ်းအားတွေ၊ 'ဥပေက္ခာတရား' ကိုမှန်ကန်သော နှလုံးသွင်းနိုင်ခြင်းဖြင့် တကယ့်စိတ်နှလုံးငြိမ်းချမ်းမှု ရရှိခြင်းတွေ။

မည်သို့ဆိုစေ၊ လူငယ်မျိုးဆက်အတွက် အတုယူနိုင်ဖို့ဖြစ်စဉ်ဖြစ်ရပ်များကိုတော့ "သူ"နှင့်"သူ" တို့မျိုးဆက်သည် ကျင့်ကြံအားထုတ်၍ စံနမူနာပြရပ်တည်သွားဖို့ တာဝန်ရှိမည်။ ပဓာနကျသော အခန်းကဏ္ဍတွင်ရှိသူတိုင်းသည် အထင်ကရ"စံ" ထားနိုင်ရန် အရေးကြီးနေလေပြီဟု "သူ" တွေးမြင်လိုက်မိသည်။

"သူ"တွင်စွဲထင်နေသော အသိတစ်ခုကရှိနေသည်။ ဤသည်မှာ လောကလူသားတစ်ဦးအနေဖြင့် လောကတာဝန်၊ ဘဝတာဝန်ကျေပွန်ဖို့ဖြစ်သည်။ ဤတာဝန်ကိုကျေပွန်နိုင်မှ သံသရာမှလွတ်မြောက်ကြောင်းအထိ အထောက်အပံ့ဖြစ်မည်ဟူသော စိတ်အစွဲဖြစ်သည်။ ဤအကြောင်းကို "သူ"နှင့်ရင်းနှီးကျွမ်းဝင်သော ဆရာတော်ကြီးများအား လျှောက်ထားဖူးသည်။ **"တကာကြီး သီလစင်ကြယ်မှုကြောင့်စိတ်နှလုံး၌ဖြစ်တည်လာသော အင်အား သတ္တိလောက် ကြီးမားသည့်စွမ်းအားသည်မရှိ။ လူနတ်ဗြဟ္မာ သတ္တဝါ ဟူသမျှအတွက် သီလ၊ သမာဓိ ပညာသည် ပစ္စုဘဝနှင့် သံသရာအတွက် အကြီးမားဆုံးစွမ်းအားပါ။ သီလစင်ကြယ်သူပုဂ္ဂိုလ်ကို ဘယ်အကြောင်းတရားကမှ**





**အနိုင်မယူနိုင်ဘူး၊ မနှိပ်စက်နိုင်ပေဘူး"** ဤတရားအဆုံးအမတို့နာကြရတိုင်း "သူ"စိတ်၊ "သူ"၏နှလုံးသား၌ ရိုက်ခတ်လာသော လောကပါလတရားနှစ်ပါးသည် "သူ"၏ဘဝကို ရှေ့ဆောင်ပြဋ္ဌာန်းလာခဲ့သည်မှာ ကြာခဲ့လေပြီ။

ဤကား မကောင်းမှုပြုရန်ရှက်ခြင်း၊ မကောင်းမှုပြုရန်ကြောက်ခြင်းတည်းဟူသော ဟိရိတရားနှင့် ဩတ္တပ္ပတရားတို့တည်း။ "သူ"သည် ကြည်နူးအားရစွာ ပြုံးလိုက်မိသည်။ အားပါးတရပြုံးမိသော "သူ"၏အပြုံးအား သန်းပေါင်းများစွာသော ကြယ်စဉ်တို့ ငုံ့ကြည်နေကြသည်ဟု "သူ"ခံစားနေမိသည်။

ခေတ်မီသိပ္ပံပညာ၊ နည်းပညာတို့၏ အခန်းကဏ္ဍသည် လူငယ်မျိုးဆက်အတွက် အရေးအကြီးဆုံးဖြစ်သည်ဟု မြင်တွေ့ခံစားနေကြချိန်တွင် ဈေးကွက်စီးပွားရေး၏ ကြော်ငြာဆိုင်းဘုတ်များနှင့် အင်တာနက်၊ ဝက်ဆိုက်တီဗီဖန်သားပြင်တို့၌ အချိန်ပြည့်နေရာယူထားသော မြင်ကွင်းတို့ဝယ် လောကကောင်းကျိုး ရှေ့ဆောင်ပြဋ္ဌာန်းမည့် "မကောင်းမှုပြုရန် ရှက်တတ်ပါ၊ မကောင်းမှုပြုရန် ကြောက်တတ်ပါ" ဟူသော စာတမ်းဆိုင်းဘုတ်လေးများ အချိန်ပိုင်းလေးမြင်လိုက်ရလျှင်ကောင်းလေစွဟု ဤသို့တွေးရင်း ပြုံးလိုက်မိသော "သူ"၏အပြုံးကို "သူ"ကျေနပ်နေမိသည်တော့ အမှန်ပင်။ နိုးနေသူ၏ အိမ်မက်ဆန်သော လိုအင်တို့သည် ဖြစ်တည်လာကောင်း၏။

× × × × ×

အ ပိုင်း (၂၅)

## လူသားတို့၏ လိုအင်များနှင့် မျိုးဆက်

ဤဘဝတစ်ခုဖြတ်သန်းချိန်အတွက် "သူ"များစွာကျေနပ်သွားသည်။ " အကျေနပ်ကြီးကို ကျေနပ်သွားပြီ"ဟု အားရပါးရဆိုချင်ပါပြီ။ ထိုနေ့ကတစ်နေ့တာလုံး တူဖြစ်သူ မောင်ဇော်လင်းနှင့် အားရပါးရကြီး စကားပြောဖြစ်၊ ဆွေးနွေးဖြစ်သည်။ အကြောင်းအရာစုံဖြစ်သည်။ လောကအကြောင်း၊ ခေတ်တွေအကြောင်း၊ စနစ်တွေအကြောင်း၊ မင်းစိုးရာဇာတို့အကြောင်း၊ သူဌေးကြီး ဆိုသူများအကြောင်း၊ ဆင်းရဲသားများအကြောင်း၊ ဝွင်များနှင့် အကုသိုလ်၊ ကုသိုလ်တို့ဖြစ်စဉ်များအကြောင်း၊ နိဂုံးချုပ်အနေဖြင့်တော့ ဘဝများစွာအကြောင်းနှင့် ဓမ္မတရားအကြောင်းဖြစ်သည်။

မောင်ဇော်လင်းသည် "လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယမိနှင့်ဖ"ဆိုသည့် ရိုးရာအဆိုအမိန့်ထံစ်ရပ်၏ အနှစ်သာရနှင့်အညီ အမိအဖ နှစ်ဦးစလုံး၏ ဆိုဆုံးမမှု၊ ပြုစုပျိုးထောင်မှုနှင့်





အချစ်အကြင်နာတို့ကို အပြည့်အဝရရှိခဲ့သော ကလေးတစ်ဦးဖြစ်သည်ကို "သူ"သတိပြုမိသည်။ မွေးချင်းမောင်နှမများ၏ မေတ္တာနှင့် ရင်းနှီးထွေးနွေးသော ဆက်ဆံပေါင်းသင်းမှုလည်းရခဲ့သည် အမှန်ဖြစ်သည်။ မောင်ဇော်လင်းအား ၁၉၇၃ ခုတွင် မွေးဖွားခဲ့သဖြင့် သူ၏ လူမှန်းသိတတ်အရွယ်၌ သူ၏ဖခင် ဦးစိန်တိုးသည် မြို့၏ မျက်နှာဖုံး ဖြစ်နေလေပြီ။ ထိုခေတ်၊ ထိုစနစ်နှင့် ထိုကာလ၏ နိုင်ငံတော်ဖွဲ့စည်းမှု အုပ်ချုပ်မှုယန္တရားတွင် မောင်ဇော်လင်း၏ ဖခင်သည် ပဓာနကျသော အခန်းကဏ္ဍ၌ တာဝန်ထမ်းဆောင်နေသူဖြစ်နေသည်။ ထို့ကြောင့်လည်း အညာဒေသ၏ မြို့ပြတစ်ခု၌ လျှမ်းလျှမ်း တောက်ဖြစ်သော ဖခင်၏ အရိပ်အာဝါသအရှိန်အဝါအောက်တွင် မူလတန်း၊ အလယ်တန်းမှသည် အထက်တန်းအထိ ပညာသင်ကြားချိန် လူလားမြောက်ခဲ့ရသည်မှာ အလွန်ပင်ဖြောင့်ဖြူးပြည့်စုံသော ဖြတ်သန်းချိန်ခရီးသာ ဖြစ်ခဲ့လေသည်။

လူတို့၏လိုအင်ဆန္ဒနှင့် လူ့သဘောသဘာဝသည် မပြောင်းလဲဟု "သူ"နားလည်လက်ခံထားသည်။ သို့သော်ထိုထိုသော "လူ"ဆိုသည့် ပုဂ္ဂိုလ်သတ္တဝါသည်ပင် မိမိတို့၏လိုအင်နှင့် ဆန္ဒကို ဖြည့်ဆည်းပံ့ဖော်ရာ၌မူ နည်းလမ်းအမျိုးမျိုးကို သုံးတတ်ကြသည်။ မြန်မာ့လူ့ဘောင်သမိုင်းကြောင်းတွင်လည်း ဒီမိုကရေစီအကြောင်းပြုပေါ်ပေါက်ခဲ့သော အရေးအခင်းအားလည်းကောင်း၊ အရေးအခင်း၏ နောက်ဆက်တွဲကာလများအားလည်းကောင်း ဘဝအတွေ့အကြုံများအဖြစ် ရယူဖြတ်သန်းခဲ့သော မောင်ဇော်လင်း၌ တည်ငြိမ်မှု ကင်းမဲ့သည့် ဆောက်တည်ရာမရှိသော အမြင်အမျိုးမျိုးရှိနေခြင်းအတွက် "သူ"သတိပြုနားလည်လိုက်မိသည်။ ထိုအချိန်က မောင်ဇော်လင်း၏ အသက် ၁၅ နှစ်ဖြစ်မည်။ ပညာသင်ဖို့၊ ဘဝအတွက် စိတ်ကူးယဉ်လို့ အကောင်းဆုံးအရွယ်ဖြစ်သည်။ ဖခင်ဖြစ်သူ ဦးစိန်တိုးသည် ရိုးရှင်းသော၊ တည်ကြည်သော၊ အေးချမ်းစွာနေတတ်သော အရာရှိကြီးတစ်ဦး ပီပီမူလရှိရင်းစွဲဝန်ထမ်းတာဝန်သို့ ပြောင်းရွှေ့ရောက်ရှိခဲ့ရသည်ကို "သူ"ကောင်းစွာမှတ်မိနေသည်။ မိခင်ဖြစ်သူသည် မှီခိုသူ၊ အိမ်ရှင်မကောင်းပီသစွာ အိမ်ထောင်၏ စီးပွားရေး၊ စားဝတ်နေရေးမှအစ

သားသမီးအားလုံး၏ လိမ္မာရေးခြားရှိမှုအတွက် ကိုယ်ဖိရင်ဖိပြုစုနိုင်သူ ဖြစ်ပါ၏။ ထို့ကြောင့်လည်း မြို့ပေါ်တွင် ဣန္ဒြေရှိရှိဖြင့် စနစ်ကျသော မိသားစုတစ်စုအဖြစ် ခရီးဆက်နိုင်ခဲ့ပါ၏။

သို့သော် မောင်ဇော်လင်းတစ်ယောက်အတွက်လည်းကောင်း၊ မောင်ဇော်လင်းကဲ့သို့သော လူငယ်များအတွက် လည်းကောင်းပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည်စသည်နယ်ပယ်အားလုံးတွင် စိန်ခေါ်မှုမျိုးစုံကို ကြုံလိုက်ကြရ၊ ဖြတ်သန်းကြရချိန် ဖြစ်လာသည်။

ဤအကြောင်းတရားတို့သည် "သူ"နှင့် မောင်ဇော်လင်းတို့ နှစ်ဦး ဤအိမ်အိုကြီး၏ စာဖတ်ခန်းအတွင်း စကားပြောနေသော အချိန်အထိ မောင်ဇော်လင်းအား ဖိစီးနေခြင်းဖြစ်သည်ကို "သူ"ကောင်းစွာ သတိပြုမိသည်။ ဤသို့သတိပြုမိလိုက်ခြင်းကြောင့်လည်း မောင်ဇော်လင်း အတွက် "သူ"ခေါ်ဆောင်သွားနိုင်မည့်ထွက်ပေါက်ကို "သူ"မြင်တွေ့လိုက် ရလေပြီ။

မောင်ဇော်လင်း၏ ရီဝေသော မျက်လုံးအစုံအား "သူ"ငေး စိုက်ကြည့်ရင်း ကြင်နာစွာပြုံးပြလိုက်မိသည်။ မောင်ဇော်လင်းသည် ဇဝေဇဝါဖြစ်၍ ပြုံးပြသည်။ မချိပြုံးဟုလည်း "သူ"ထင်မိပါ၏။ "အားမငယ်စမ်းပါနဲ့ ကလေးရယ်"ဟု နှုတ်မှမထွက်သော စကားကို "သူ"စိတ်ထဲတွင်ပြောချလိုက်မိသည်။

**မောင်ဇော်လင်း၌လည်းကောင်း၊ မောင်ဇော်လင်းကဲ့သို့သော လူငယ်သန်းပေါင်းများစွာ၏ လိုအင်သည်လည်းကောင်း၊ ကမ္ဘာ့လူသား အားလုံး၏ လိုအင်သည်လည်းကောင်း "ကာမ၊ အတ္တ၊ ဓမ္မ၊ မောက္ခ" နယ်ပယ်အတွင်း လူးလာခေါက်တုံ့ရှိနေခြင်းသာ မဟုတ်ပါလား။**

**လူဘောင်သမိုင်းတစ်လျှောက်သည်လည်းကောင်း၊ ဖြတ်သန်း ခဲ့ပြီးသော အနီးဆုံး ဆယ်စုနှစ်များနှင့် မျက်မှောက်ကာလသည် လည်းကောင်း၊ ဖြတ်သန်းရဦးမည့် အနာဂတ်ကာလများသည် လည်းကောင်း လောကသဘာဝနိယာမအတွင်း သမုတိသစ္စာဖြင့် ကျင်လည်နေကြဦးမည်။ ဒုက္ခဆင်းရဲများစွာကို ရင်ဆိုင်ဖြတ်သန်းရဦးမည် ကတော့ ကံသေကံမဖြစ်သည်။**





မောင်ဇော်လင်းအပေါ် ဖခင်ဖြစ်သူ အစ်ကိုကြီး ဦးစိန်တိုး၏ အမြင်သည်လည်းကောင်း၊ သားသမီးတို့အပေါ် အမိအဖ တိုင်းတို့၏ အမြင်သည်လည်းကောင်း၊ အမိအဖတိုင်း၏ သားသမီးတို့အား သိစေ မြင်စေ လက်ခံကျင့်သုံးစေလိုသော ဆန္ဒတို့သည်လည်းကောင်း စေတနာ နှင့် အကြင်နာမေတ္တာ၏ဘောင်အတွင်း၌သာ လှုပ်ရှားနေခြင်းဖြစ်မည်။ သမုတိနယ်ပယ်အတွင်းမှာယှင်း နေသည်ဟု မဆိုသာ။

"သူ"သည် ဖခင်ဖြစ်သူ ဦးစိန်တိုး၏ သားဖြစ်သူ မောင်ဇော်လင်းအပေါ်ရှိနေသည့် အမြင်အားလည်းကောင်း၊ သားဖြစ်သူ မောင်ဇော်လင်း၏ ဖခင်ဖြစ်သူ၏အပေါ်ရှိနေသည် အမြင်အား လည်းကောင်း စကားဆွေးနွေးရင်း အနုလုံ၊ ပဋိလုံ ဆင်ခြင်နေမိသည်။ သားအဖနှစ်ဦးစလုံးတွင် ပုထုဇဉ်တို့၏ သဘောသဘာဝဖြစ်ကြသည့် တောင့်တမှုလေးမျိုးအတွင်း လူးလာခေါက်တုံ့ရှိနေ ကြခြင်းသာဖြစ်မည်ဟု "သူ"သတိပြုမိသည်။

ပုထုဇဉ်တို့၏ လိုအင်များဖြစ်ကြသည့် 'ကာမ'သဘောအရ ချစ်ရခင်ရသူများနှင့် အတူနေလိုကြ၊ ရှင်သန်လိုကြပါသည်။ ထိုသို့ဖြစ် လာရန်လည်း အားထုတ်ကြိုးပမ်းကြသည်။ ဖြစ်လာသည့်အပိုင်းများ အတွက် ဝမ်းသာကြသည်။ ဖြစ်မလာခြင်းတို့အတွက် ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ ဒေါသဖြစ်ခြင်းတို့ စိတ်နှလုံး၌ မွေးဖွားလာတော့သည်။ အချို့အချို့အတွက်ဖြစ်လာနိုးဖြင့် ရှင်သန်ရန် မျှော်လင့်ကြိုးစား ကြပြန် သည်။

'အတ္တ' သဘောအရလည်း မိမိ၏ ဖြစ်တည်ရှင်သန်မှု အတွက်၊ ဥစ္စာစီးပွားပြည့်စုံဖို့ ရာထူးအာဏာ၊ ဂုဏ်သိန်တိုးတက် မြင့်မားဖို့ ထင်ပေါ်ကျော်ကြားဖို့စသည်စသည် ပြည့်စုံရန် ကြိုးစားကြသည်။ ပြည့်စုံမှု အတိုင်းအတာတွင် အားရကျေနပ်ပြီးဟူ၍ကား ရှိနိုင်ခဲပါ၏။ ပုထုဇဉ် သဘောအရ မည်မျှပင်ပြည့်စုံပြည့်ဝ လျှံကျနေပါစေ၊ တင်းတိမ်ရောင့်ရဲ သည်ဟု မရှိတတ်ကြ၊ ဆက်၍ဆက်၍သာ ကြိုးစားရင်း မျှော်မှန်းချက်၊ ရည်မှန်းချက်တို့ဖြင့် အချိန်တိုင်းကို ဖြတ်သန်း နေတတ်ကြမြဲဖြစ်သည်။

ဤတောင့်တမှုနှင့် လိုအင်များကို ဖြည့်ဆည်းသည်ပိုးရင်းပင် "လူ"ဟူသော အသိ၊ အမိအဖ၊ သားသမီး၊ မွေးချင်းမောင်နှမ၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုးဟူသောအသိ၊ အမိအဖ ဆရာသမား၊ ရိုးရာယဉ်ကျေးမှု၊ နီတိကျင့်ဝတ်နှင့် ဘာသာတရားအသိတို့အရ "လူကောင်းသူကောင်းအဖြစ် ခံယူလိုကြပြန်သည်။ ဤသည်မှာ 'ဓမ္မ'နှင့်အညီ နေထိုင်သူ၊ ရှင်သန်သူအဖြစ် ခံယူလိုခြင်းပင် ဖြစ်မည်။ အလွန်နည်းပါးသော "လူ"ဆိုသည် လူတို့မှအပ လူတိုင်းလူတိုင်း ဓမ္မနှင့်အညီ နေထိုင်ရှင်သန်ရန် ဆန္ဒရှိကြ၊ အားထုတ်ကြမြဲ ဖြစ်မည်၊ မူရင်းဗီဇစိတ်ဓာတ်သဘောအရ မည်သို့ပင် ဓမ္မနှင့်အညီကျင့်သုံးအားထုတ်လိုသော်လည်း 'အတ္တ'၏ပင်ကို ပြဋ္ဌာန်းမှုဖြင့် အဓမ္မတရားကိုပါးပါးဖြစ်စေ၊ ထူထူထည်းထည်း အတုံးလိုက် အတစ်လိုက်ဖြစ်စေ ကျင့်သုံးမိတတ်မြဲဖြစ်သည်။ ရံဖန်ရံခါ၌မူ အဓမ္မကိုပင် ဓမ္မအဖြစ်ဖန်တီးပစ်မိခြင်းမျိုး၊ အဓမ္မကို ဓမ္မဟုပင် ထင်မိခြင်းမျိုးဖြင့် မိမိကိုယ်ကိုဖုံးကွယ်လျက် ပြုမိမှားများရှိကြသေးသည် မဟုတ်ပါလား။

"သူ"သည်ဤအကြောင်းတရားများကို ဆင်ခြင်တွေးတောလျက်.မောင်ဇော်လင်းအား မျက်မှောက်ကြုံတွေ့နေသော ၎င်း၏ လိုအင်များအတွက် ဖိစီးမှုအမျိုးမျိုးမှ ဆွဲခေါ် လိုက်မိသည်။ မောင်ဇော်လင်း၏ရီဝေညှိုးနွမ်းနေသော မျက်လုံးအစုံသည်လည်းကောင်း မျက်နှာသွင်ပြင်သည်လည်းကောင်း အကြည်ဓာတ်များကိန်းအောင်း လာသည်ဟု "သူ"ခံစားတွေးမြင်မိသည်။

တောင့်တမှုလေးမျိုးတွင် 'မောက္ခ'တည်းဟူသော လွတ်လပ်စွာရှိလိုခြင်း၊ လိုအင်များပြည့်ဝခြင်းနှင့်အတူ 'လို'တ'ရ'အဖြစ်မျိုးလည်း တောင့်တကြပြန်ပါ၏။ ပစ္စက္ခဘဝဆင်းရဲမှ လွတ်မြောက်ခြင်း သံသရာဝတ်ဆင်းရဲအမျိုးမျိုးမှ လွတ်မြောက်ခြင်းကို တောင့်တသည့်လိုအင်တို့ဖြင့် အသက်ရှင်နေသမျှ ဘဝကိုတည်ဆောက်မိ နေပြန်ကြောင်း "သူ"၏ဉာဏ်မီသမျှ ဥပမာများစွာဖြင့် ဆွေးနွေး ညှိနှိုင်းပြောပြမိသည်။

မောင်ဇော်လင်း၏ စိတ်နှလုံးတွင် တင်းခံနေခဲ့သော ဖြစ်လိုမှုစိတ်ဇောတို့သည်အတော်လေး ငြိမ်းချမ်းပျော့ပြောင်းလာသည်ဟု





"သူ"သတိပြုလိုက်မိပြန်သည်။

ဒါဖြင့် သားဘာလုပ်ရရင်ကောင်းမလဲ၊ အဖေဦးစကားသားနားထောင်ချင်ပါသေးတယ်"ဟု ဆိုသည်။

"သူ"သည် မောင်ဇော်လင်း၏ အပြစ်မဲ့သော မျက်နှာအားကြင်နာစွာ ပြုံးပြီးကြည့်ရင်း၊ သားရဲ့လိုအင်ဆန္ဒကို အဖေဦးကို ပြောပြပါလား၊ သားဖြစ်ချင်တာလုပ်ချင်တာတွေ တစ်ခုချင်းပြောပြလေ၊ အဖေဦးက အကြံဉာဏ်နဲ့ နည်းလမ်းပေးမှာပေါ့"ဟု ရဲရဲကြီးပင် အာမခံလိုက်မိတော့သည်။

**မောင်ဇော်လင်းသည် သူ၏လိုအင်ဆန္ဒတို့ကို ထိပ်တိုက်ဖြေရှင်းနေခြင်းမှ ငြိမ်းချမ်းစွာဖြင့် အမှန်ကန်ဆုံး၊ အရိုးရှင်းဆုံး နည်းလမ်းဖြင့် ရယူနိုင်ရန် အေးချမ်းသောနှလုံးသွင်းမှုဆီသို့ ဦးတည်နေလေပြီမဟုတ်ပါလား။**

× × × × ×

အ ပိုင်း (၂၆)

## ငြိမ်းချမ်းသောစိတ်ဖြင့် ဖြစ်သန်းချိန် - က

ဖြစ်သန်းချိန်တိုင်း ပါရမီဖြစ်ဖို့ဆိုသည်ကတော့ မြင့်မား နက်ရှိုင်းကျယ်ပြန့်လွန်းလှသည်။ သို့သော် ဖြစ်သန်းချိန်တိုင်းကို အကျိုးရှိအောင်၊ တန်ဖိုးရှိအောင် နှလုံးသွင်းကျင့်ကြံနိုင်ဖို့အတွက်တော့ "သူ"ကြိုးပမ်းခဲ့ဖူးသည်၊ ကျိုးပမ်းဆဲလည်းဖြစ်သည်။ ငြိမ်းချမ်းသော စိတ်ဖြင့် အချိန်တိုင်း၊ အချိန်တိုင်းကို ကျော်ဖြတ်သွားနိုင်ရန်ပင်ဖြစ်သည်။

ဤ"ငြိမ်းချမ်းသော စိတ်"ဆိုသည်ကလည်း လေ့ကျင့်တည်ဆောက် ယူနိုင်မှု၊ လေ့ကျင့်တည်ဆောက်ရန်မှာလည်း အသိမှန်၊ အမြင်မှန်ရှိထားမှု။ ဤသည်မှာ "သူ"၏ဘဝမှ"သူ"၏ဉာဏ်မီသမျှဖြင့် ရထားသောအသိသာဖြစ်သည်။ အသိမှန် အမြင်မှန်ဆိုသည်က လည်း ခဲခဲရင်းရင်းရှာဖွေနေရသည်တော့မဟုတ်ခဲ့။ ပုထုဇဉ်သဘာဝ "သူ"သည် "သူ"၏ လိုအင်ဆန္ဒများအားလုံးကို လျှော့ချခြင်းနှင့် ကင်းစင်အောင် ကြိုးစားခြင်းသာဖြစ်သည်ဟု "သူ"နားလည်ခဲ့သည်။

"သူ"သည် ပုထုဇဉ်လူသားတစ်ဦးအနေဖြင့် "သူ"၌ဖြစ်ပေါ်လာသော "လောဘ၊ ဒေါသ၊ မောဟ"တည်းဟူသော ဝေဒနာများ၊





ဖြစ်စဉ်များကို သတိဖြင့်ဆင်ခြင်လျက် သင့်တင့်လျောက်ပတ်စွာ သိမ်းဆည်းခြင်း၊ ပယ်သတ်ခြင်းနှင့် နှလုံးသွင်းတည်ဆောက်မှု များ ပြုခဲ့ဖူးသည်။ ဤအကြောင်းတရားများသည်ပင် စိတ်ချမ်းမြေ့မှုတည်းဟူသော ရသကို အတိုင်းအတာတစ်ခုအထိ "သူ"ခံစားရ ရှိခဲ့သည်။

**မည်သို့ရှိစေဦးတော့ "သူ"နှင့် "သူ"ကဲ့သို့သော ပုထုဇဉ်လူသားတို့အတွက် "လောဘမီး၊ ဒေါသမီး၊ မောဟမီး"တည်းဟူ သော မီးသုံးမီး၏အပူကို လျှော့ချခြင်း၊ ပယ်သတ်ခြင်းဖြင့် ဘဝ၏အောင်မြင်မှုအစစ်အမှန်ကို ငြိမ်းချမ်းစွာရယူနိုင်ရန် "သူ"တွင် ဆန္ဒ၊ စေတနာနှင့် စေတသိက်တို့ပြဋ္ဌာန်းနေပြန်သည်။**

အမှန်စင်စစ် ဤ "ဆန္ဒ"၊ ဤသမုဒယ၊ ဤဘဝတဏှာကို "သူ"သည် နှစ်ခြိုက်နေမိပါ၏။ အရိယာသူတော်စင်တို့ ကျောခိုင်းရာရပ်ဝန်းတွင် ပုထုဇဉ်တို့သည် သမုဒယ သံယောဇဉ်ဖြင့် ပျော်မွေ့နေကြသည်။ "သူ"ကိုယ်တိုင်လည်း အပျော်ကြီးပျော်မွေ့နှစ်သက်နေမိခြင်းဖြစ်သည်။ ဤသည်ကို "သူ"ကောင်းစွာသတိပြုမိပါ၏။ ချုပ်ရာငြိမ်းရာသို့ "သူ"၏စိတ်နှလုံးကို ရှေးရှုလိုက်တိုင်း "သူ"၏ စိတ်၊ "သူ"၏နှလုံးသည် ဆွေးဆွေးမြေ့မြေ့ခံစားရမြဲ၊ ငြင်းဆန်နေမြဲဖြစ်သည်။

ကြည့်စမ်းပါဦး

ယခုလည်း မောင်ဇော်လင်း တည်းဟူသော လူငယ်တစ်ဦး၊ တူသားတစ်ဦး၏ ဘဝလိုအင်များကို ငြိမ်းချမ်းသောစိတ်ဖြင့် ရယူနိုင်စေဖို့ "သူ"၏စိတ်ဇောသည် နက်ရှိုင်းစွာငြိတွယ်နေပြန်လေပြီ။

နေအိုရောင်တို့အပေါ် ချစ်ခြင်း

ပန်းနုရောင်တို့အပေါ် ချစ်ခြင်း

အရောင်မျိုးစုံကို တန်ဖိုးထားတွယ်တာနေမိခြင်းသည်၊ "သူ"၏ဘဝတဏှာဖြစ်နေသည်။

မောင်ဇော်လင်းသည် ၎င်း၏လိုအင်နှင့်ဆန္ဒများကို ပွင့်လင်းစွာဆွေးနွေးပြောပြခဲ့လေပြီ။ ၎င်း ၁၀ တန်းအောင်သည့်နှစ်က တက္ကသိုလ်ပညာကို ဆက်၍သင်ချင်သည်။ အခြေအနေကမပေးခဲ့။ အခြေအနေပေးလာတော့ မောင်ဇော်လင်းတွင် ပညာသင်ချင် စိတ်ထက်

အလုပ်လုပ်၍စီးပွားရှာလိုစိတ်က ပို၍အရေးပါ အရာရောက်နေလေပြီ။ သို့သော်လည်း ပညာတစ်ပိုင်တစ်စဖြင့် အလုပ်တစ်ခုခုကို စောက်ချ လုပ်ရန် ၎င်း၏ဖခင်က ခွင့်မပြုခဲ့။

တကယ်တော့ မောင်ဇော်လင်းအနေဖြင့် ၎င်းဝါသနာပါသော အလုပ်တစ်ခု လုပ်ရန်အတွက် ၎င်းဝါသနာပါသော ဘာသာရပ်တစ်ခုဖြင့် ဘွဲ့ရရှိရေးသည် အခြေခံကျသော အကြီးမားဆုံးသော အစီအစဉ် ဖြစ်ခဲ့သည်။ သို့သော်လည်း ဤခရီးသည် မဖြောင့်ဖြူးခဲ့။ အခြေအနေနှင့် အကြောင်းတရား ကန့်သတ်ချက်များအတွင်း ၎င်း၏ဘဝတစ်ဆစ်ချိုး ပြောင်းလဲချိန်တွင် လူငယ်တစ်ဦး အနေဖြင့် ယောင်ချာချာဖြစ်ခဲ့သည်။

တကယ်တော့ ဤဖြစ်စဉ်မျိုးကို ကြုံကြိုက်ရင်ဆိုင် ကြရ သည်မှာ မောင်ဇော်လင်း တစ်ဦးတည်းသာမဟုတ်။ လူငယ်သန်း ပေါင်းများစွာသည်၊ ကမ္ဘာ့လူသားတို့၏ ဘဝဇာတ်ခုံတွင် စေစားမှုပြုခြင်း ခံခဲ့ရဖူးသည်။ ခံစားနေရခြင်းများရှိသည်။ အထူးသဖြင့် မငြိမ်းချမ်းသော ဒေသများ၊ နိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျကျန်ရစ်သော လူ့အဖွဲ့အစည်းများအတွင်း ဖြစ်ပေါ်နေသော လူမှုအနိဋ္ဌာရုံများစွာမှ အချို့ကို ရွေးနုတ်ထောက်ပြလိုက်မိသည်။ ကမ္ဘာ့ဆက်သွယ်ရေး ကွန်ယက်ကြီးအတွင်း လူသားများစွာ၊ လူငယ်သန်းပေါင်းများစွာ၏ ရင်ခုန်သံများကို မောင်ဇော်လင်း နားဆင်ကြားသိရချိန်တွင်မှာတော့ "သူ"နှင့်ထပ်တူပင် မောင်ဇော်လင်း စိတ်မောသွားဟန်ရှိသည်။

မောင်ဇော်လင်းသည်လည်းကောင်း၊ မောင်ဇော်လင်း ကဲ့သို့သော လူငယ်မျိုးဆက်သန်းပေါင်းများစွာသည်လည်းကောင်း စာတော်သည့် လူငယ်တစ်ဦး၊ ပညာတတ်တစ်ဦး၊ ပညာရှင်တစ်ဦးဖြစ်လို ကြမည်။ လိမ္မာသည့် သားသမီးများဖြစ်လိုကြမည်။ လောကအတွက်၊ မိမိတို့နိုင်ငံများအတွက် ကျောက်ကောင်းတစ်စေ့ဖြစ်လိုကြမည် ဆိုသည်ကတော့ မောင်ဇော်လင်း၏ စိတ်ဆန္ဒလိုအင်ကို အကဲခတ် အကဲဖြတ်ခြင်းဖြင့် "သူ"တွင် အဖြေရပြီးဖြစ်နေသည်။

အရေးအကြီးဆုံး အကြောင်းတရားတစ်ခုကို ဆွေးနွေးမှုများမှ "သူ"အမိအရ ဖမ်းဆုပ်ရရှိထားသည်။ မောင်ဇော်လင်း၏ ထင်ရှားသော





ဆွေးနွေးချက်တစ်ရပ်မှာ ၎င်း၏မိုးသားစွာ ကြိုးစားမှု၊ အားထုတ်မှုနှင့် ဆောင်ရွက်မှုတစ်ခုအား ကောင်းကွက်တစ်ခု အဖြစ်ဖြင့် ၎င်း၏အမိအဖ၊ ဆရာသမား၊ မွေးချင်းများ၊ ၎င်းအထင်ကြီးလေးစားသူများက အသိအမှတ်ပြုလိုက်ခြင်းကို ခံယူလိုခြင်းပင် ဖြစ်သည်။

**ဤဝေဒနာမျိုး၊ ဤဆန္ဒမျိုးသည် မောင်ဇော်လင်း တည်းဟူသော လူငယ်တစ်ဦးတစ်ယောက်၏ ဝေဒနာနှင့် ဆန္ဒမဟုတ်။ လူငယ်တိုင်း၏ သဘာဝဖြစ်မည်ထင်သည်။ အချို့အချို့သော လူကြီးသူမများပင် ချီးမွမ်းခြင်း၊ ထောပနာပြုခြင်း၊ အသိအမှတ်ပြုခြင်း များကို ခံစားလိုကြသေးသည်။ ဤသည်မှာ လူတိုင်း၊ လူတိုင်း၊ ပုထုဇဉ်တိုင်း၏ သဘာဝဖြစ်မည်။ အနိမ့်ဆုံးသတ္တဝါတိုင်းသည်ပင် အလေးထားခြင်း၊ အသိအမှတ်ပြုခြင်းကို ခံစားတတ်သည်၊ ခံယူတတ်သည်ကို "သူ"သတိပြုမိလိုက်မိသည်။**

အဓိကအကြောင်းတရားသည် ဤအချက်ဖြစ်နေလေပြီ။

မောင်ဇော်လင်း၏ ဖခင်သည် ရှေးရိုးလူကြီးတစ်ဦးဖြစ်သည်။ မိခင်ဆိုသည်ကတော့ ဆိုဖွယ်မရှိပြီ။ မွေးချင်းများအတွင်း လူကြီးသူမ များတွင် ဤသဘောထားတို့ ခိုင်မာနေသည်။ သို့သော်ခေတ်တွေ၊ စနစ်တွေပြောင်းလဲခဲ့သည်၊ ပြောင်းလဲနေသည်။ ခေတ်မီဖွံ့ဖြိုး တိုးတက် ခြင်းတည်းဟူသော လူ့ဘောင်အဖွဲ့အစည်းကြီး တည်ဆောက်ကြရာတွင် အုတ်အော်သောင်းနင်း ရုန်းကန်လှုပ်ရှားနေကြသည်၊ နည်းလမ်း ပေါင်းစုံဖြင့်။

ပုထုဇဉ်၏သဘာဝ၊ လူ့သဘာဝရှင်သန်မှု၊ တိုးတက်မှုကို၊ ရှင်သန်ခြင်းသာ အဓိကဟူသော ဖြည့်ဆည်းမှုနည်းများကျင့်သုံး ကြရာတွင် ဖြတ်လမ်းနည်းများ၊ ဂွင်များ၊ အမြွှနှင့် အကုသိုလ်များကို မြင်တွေ့လိုက်ရသောအခါ၌ ဦးစိန်တိုးတို့ကဲ့သို့သော ဦးစိန်တိုးများစွာ အတွက်ပူပင်ကြောင့်ကျမှုများစွာ ဖြစ်တည်လာခြင်းသည်လည်း အဆန်း တစ်ကျယ်တော့ မဟုတ်ပြီ။

သို့သော် ဤသောကမီးကို ငြိမ်းသတ်နိုင်ရန်အတွက် ရင်သွေးများအား တိမ်းမတ်ရာ၌ မိမိတို့၏ စေတနာဆန္ဒတစ်ခုတည်းကို

မြင့်မြင့်မားမားပြဋ္ဌာန်းဖြည့်တင်းလိုက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးတရားများ၊ အဆိုးအကောင်းများကို "သူ"သတိပြုတွေ့ရှိလိုက်ရသည်။

ဖခင်ဖြစ်သူ ဦးစိန်တိုးသည်၊ သားဖြစ်သူ မောင်ဇော်လင်းအား ၎င်းဖြစ်စေချင်သည့်အတိုင်း ဖြစ်ဖို့ အမြဲတမ်းဖိအားပေးသည်။ တပြစ်တောက်တောက်ဖြင့် အပြစ်ဖော်ပြပြီး ညည်းတွားသည်၊ အားနည်းချက်များဟု ယူဆသမျှကို အခြားအခြားသော သားသမီး မွေးချင်းများနှင့် ယှဉ်လျက် အပြစ်တင်ပြောဆိုသည်၊ ထိုအခါသားဖြစ်သူ မောင်ဇော်လင်း၌ ခံပြင်းမှုဝေဒနာများ မွေးဖွားလာတော့ သည်။

မောင်ဇော်လင်းအနေဖြင့် အားနည်းချက်နှင့် အပြစ်များကိုချည်း ရွေးကောက်ထောက်ပြခံနေရခြင်းကြောင့် ကြာတော့လည်း အရွဲ့တိုက် အမှားလိုက်သည့်အဖြစ်သို့ ရောက်ခဲ့ခြင်းများလည်းရှိသည်။ ဤအမှားများကို ကိုယ်တိုင်ကကျေနပ်စွာ မြင်တွေ့ဖွင့်ဟရဲသော မောင်ဇော်လင်းအား "သူ"သည် အားရကျေနပ်စွာ ချီးမွမ်းမိသည်။

"သားကလူမိုက်မဟုတ်ဖူး၊ လူဆိုးလည်းမဟုတ်ဖူး၊ ပညာရှိဖြစ်လာမှာပါ၊ တို့များရဲ့ဗုဒ္ဓအဆုံးအမမှာ အထင်အရှားရှိတယ်မဟုတ်လား၊ လူမိုက်ပင်ဖြစ်သော်လည်း 'မိမိမိုက်သည့်အပြစ်ကိုသိ၏၊ ထိုသို့သိခြင်းကြောင့် ပညာရှိမည်၏၊ လူမိုက်ဖြစ်လျက် မိမိကိုယ်ကို ပညာရှိဟု ထင်မှတ်သူကို မိမိမိုက်ကြောင်းကိုမျှ မသိတတ်သဖြင့် တကယ့်ပညာမဲ့လူမိုက်ဟုခေါ်၏'တဲ့။ သားကအဖေကို အရွဲ့တိုက်ပြီး မိမိဆိုးမိရွဲ့မိတာကို ကိုယ်တိုင်သိလည်းသိတယ်၊ နားလည်းလည်တယ်၊ အခုဆိုဝန်ခံဖွင့်ဟရဲတယ်၊ ဒီအရည်အသွေးမျိုးက တကယ့်လူတော်လူကောင်းလေးတွေမှာမှရှိတာ"ဟု အားရပါးရချီးမွမ်းလိုက်ချိန်တွင်မူ မောင်ဇော်လင်း၏ ပျော့ပျောင်းသောမျက်နှာသွင်ပြင်၌ အားတက်ခြင်း၊ ရွှင်လန်းခြင်းတို့ ပွင့်မြုံလျက်ရှိနေလေပြီ။

"သူ"သည် ဖခင်ဖြစ်သူဦးစိန်တိုး၏ ဗီဇစရိုက်နှင့် လူကြီးတစ်ဦး၏ သဘာဝဆန္ဒကိုလည်းကောင်း၊ သားဖြစ်သူ မောင်ဇော်လင်း၏ ပင်ကိုဗီဇစရိုက်နှင့် သဘာဝကိုလည်းကောင်း၊ ကောင်းကောင်းကြီးမြင်တွေ့





ရရှိထားပြီဖြစ်သည်။

**မည်သို့ဆိုစေ ငြိမ်းချမ်းသောစိတ်ဖြင့် ပုထုဇဉ်တို့ အချိန်တိုင်းကြုံတွေ့နေရသည့် လောကဓံတရားရှစ်ပါးကို ဖြတ်သန်းနိုင်ဖို့၊ ငြိမ်းချမ်းသော စိတ်ကိုရရှိပိုင်ဆိုင်ထားဖို့လိုမည်။ ငြိမ်းချမ်းသောစိတ်နှလုံးအား အသားကျကျရရှိပိုင်ဆိုင်ထားရန်အတွက် အနှိုင်းမဲ့ ကျေးဇူးရှင်ဗုဒ္ဓ၏ လောကအမြင်အဆုံးအမတရားများ၊ မြန်မာမှု၏ နီတိကျင့်ဝတ်များ၊ ရဟန်းပညာရှိ၊ လူပညာရှိတို့၏ အဆိုအမိန့် များ များစွာရှိသည်။**

"သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်းဆရာခေါင်း၊ ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားက နောက်နွားစဉ်ဆက်ဖြောင့်ဖြောင့်လိုက်၏"တဲ့။

အမှန်အကန်ရှိနေသော အရှိတရားများကို ရဲရဲကြည့်၊ ရဲရဲမြင်ပြီး ဝန်ခံခြင်း၊ ပြုပြင်ခြင်း၊ နားလည်ခြင်း၊ နားလည်ပေးခြင်းတည်းဟူသော အတ္တ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို လျှော့ချခြင်းအလေ့အထအမူအကျင့်တို့ဖြင့် ငြိမ်းချမ်းသောစိတ်နှလုံးကို မွေးမြူရရှိနိုင်ကြလိမ့်မည်ဟု "သူ"ခံစား နားလည်နေမိသည်။

× × × × ×

## အ ပိုင်း (၂၇)

### ငြိမ်းချမ်းသောစိတ်ဖြင့် ဖြတ်သန်းချိန်-ခ

"သူ"သည် မောင်ဇော်လင်းကိုဖြစ်စေ၊ လူငယ်မျိုးဆက်ကို ဖြစ်စေ ငြိမ်းချမ်းသောစိတ်ဖြင့် အချိန်တိုင်းကို ဖြတ်သန်းနိုင်စေ့ ချင်မိသည်။ ဤကိစ္စမှာ လွယ်ကူသောကိစ္စတော့ လုံးဝမဟုတ်။ အရိယာသူတော်စင်တို့မှအပ ဤစိတ်ထားမျိုးမွေးမြူပိုင်ဆိုင်ထား နိုင်ရန်မှာ ခက်ခဲလှပါ၏။ "သူ"ကိုယ်တိုင်ပင် ဤ"ငြိမ်းချမ်းသောစိတ်"ကို အချိန်တိုင်း မမွေးနိုင်၊ အချိန်တိုင်းဆိုသည်ထက် အချိန် ပိုင်းလောက် မွေးမြူပိုင်ဆိုင် ထားနိုင်ရန်ပင် အတော်ကြိုးစားလေ့ကျင့်နေရဆဲ။

**မည်သို့ဆိုစေ လူသားတို့၊ အထူးသဖြင့် လူငယ်မျိုးဆက်တို့ အနေဖြင့် စစ်မှန်သော ဘဝအောင်မြင်မှုများ ရရှိနိုင်ဖို့၊ ပိုင်ဆိုင်နိုင်ကြ စေဖို့အတွက် ငြိမ်းချမ်းသောစိတ်ဖြင့် အချိန်များစွာကို ဖြတ်သန်းသွား စေချင်နေမိသည်။**

လူတိုင်း၊ သတ္တဝါတိုင်း မိမိကိုယ်ကို ချစ်တတ်ကြ၊ တန်ဖိုးထား တတ်ကြမြဲဖြစ်ပါသည်။ မိမိတန်ဖိုးထား မြတ်နိုးသော မိမိ၏ဘဝကို ကောင်းမွန်တိုးတက်စေဖို့ မိမိကိုယ်တိုင်ကိုယ်နှိုက်မှအပ မည်သူကမျှ ဖန်တီးပေးနိုင်မည်မဟုတ်သည်ကို သတိပြုမိဖို့ လိုမည်။ ဤသို့လျှင် မကြာခဏ "သူ"ကောက်ချက်ချဖူးသည်။

မိမိဘဝအဆိုးအကောင်းမှန်သမျှ၊ မိမိစိတ်နှလုံးပူလောင်ခြင်း၊ ချမ်းမြေ့ခြင်းမှန်သမျှ မိမိသာလက်ခံဖန်တီးနေခြင်း ဖြစ်သည်ကို နားလည်လက်ခံဖို့လိုမည်။

**ထို့အတူ မိမိဝန်းကျင်၊ မိမိမိသားစု၊ မိမိတို့၏ ရပ်ကျေး၊ မိမိ၊ ဟို့၏မြို့ပြ၊ မိမိတို့၏နိုင်ငံ၊ မိမိတို့ဒေသကြီး၊ မိမိတို့ကမ္ဘာအား**





**ငြိမ်းချမ်းဖို့** တိုးတက်ဖို့ မိမိတို့သာ ဖန်တီးနိုင်ကြမည်။ မည်သည့်တန်ခိုးရှင် ငည်သည့်အာဏာရှင်ကမျှ ဖန်တီးနိုင်မည်မဟုတ်၊ ဤအမြင်၊ ဤခံယူချက် သည် "သူ"၏ဒုတိယအရွယ်အစဦး၌ ရခဲ့သော အမြင်နှင့် ခံယူချက်ဖြစ်သည်။

ယခုတော့မိမိစိတ်၊ မိမိကိုယ်ကို အခြေခံကျကျပထမပြုစု ပျိုးထောင် ပြောင်းလဲနိုင်ရေးသာ အဓိကထားရင်းမျိုးဆက်အတွက် လေးဆယ်၊ ငါးဆယ် စရာများသာ ဆန္ဒ စောနေမိလေပြီ။ မောင်ဇော်လင်း သည် "သူ"နှင့် စကား ပြောရခြင်းအတွက် ပျော်ရွှင်နေပုံရပါသည်။

"သူ"သည် တောင်စင်ရေမရတွေးတောရင်း "သူ"၏ ခံစားချက်ကို ရှင်းပြရင်း၊ ဆွေးနွေးရင်းမှာပင် သားကျာနယ်ကျော် ထံက ပေးစာပါ ကဗျာလေးကို ရွတ်ပြလိုက်မိသည်။ "When you change your-self you can change the world"တဲ့ ။ ဒါကကဗျာ ခေါင်းစဉ်း လေးပါ။ "When I was young I set out to change the world. When I grew older I perceived that this was too ambitious, so I set out to change my state. This too, I realised as I grew older, was too ambitious so I set out to change my town. When I realised that I could not to even this, I tried to change my family. Now, as an old man I know that I should have started by changing my-self. If I had started with myself, maybe then I would have succeeded in changing my family, the town, or even the state- and who knows, maybe the world." တဲ့။

ကဗျာလေးကို မူလရေးစပ်ခဲ့သူကိုတော့ "သူ"မသိရ။ သားဂျာနယ်ကျော်ကတော့ "ကမ္ဘာတောင်ပြောင်းနိုင်ပ"ဆိုတဲ့ ခေါင်းစဉ်လေးတပ်ပြီး မြန်မာပြန်စပ်ဆိုခဲ့တာဟု "သူ"ကဆက်ဖြီး ရှင်းပြလိုက်သည်။ ကဗျာ၏အဓိပ္ပါယ်ကို မောင်ဇော်လင်း သိချင်၊ နားလည်ချင်နေပေမည်။ ပီတိဖြင့်ပင်ပြုံးနေပုံရသော မောင်ဇော်လင်းအား ကြည့်ရင်း "ကဗျာလေးရဲ့အဓိပ္ပါယ်က သိပ်ပြီးနက်နဲတယ်၊ ကျယ်ပြန့်တယ် သားရဲ့၊ မြန်မာလိုက -

"ဩော်---ငယ်စဉ်တောင်ကျေး ကလေးဘဝက၊ "ပြောင်း လိုက်မယ် ဒီကမ္ဘာ" ရှာပုံတော်ဖွင့်---။ အရွယ်လေးရ၊ အသိက လွန်လှတဲ့ စိတ်ကူး၊ ဖြစ်နိုင်ဘူးကွ၊ "ကိုယ့်ပြည်သာပြောင်းမယ်ဟဲ့။" အရွယ်က ထောက် သဘောပေါက်ပြန်တာက "ကိုယ့်မြို့ရွာလောက်ဆို

တော်လောက်ပြီ။" ဒါတောင်မှ မဖြစ်နိုင် "ကိုင်း-- မိသားစု တစ်ပိုင် တစ်နိုင်ပဲ။" ခု--ဇရာထောင်းမှ အသိကောင်း အသိမှန် ဉာဏ်မှာ တင်ကျန်ပေါ့။ ကိုယ့်ကိုယ်ကိုအစ ပဓာနထား ပြောင်းခဲ့လျှင် မိသားစု၊ မြို့ပြ၊ နိုင်ငံတော်သာမက "ကမ္ဘာတောင် ပြောင်းနိုင်မယ်ဟေ့"ပါတဲ့။

"သူ"သည် သားဂျာနယ်ကျော် မြန်မာလိုပြန်ဆိုထားသည့် အတိုင်း အာဂုံဆောင်လျက်ရွတ်ပြလိုက်သည်။

ဤကဗျာလေးတွင် အသက်အရွယ်နှင့် အတွေ့အကြုံအရ လူတို့၏အသိအမြင်နှင့် ခံယူချက်တို့ပြောင်းလဲလာပုံကို ဖော်ပြထားသည်။ ယေဘုယျအားဖြင့် အရွယ်သုံးပါးတွင် အသိသုံးမျိုးရှိတတ်ပြီး အသက်အရွယ်အလျောက်အတွေ့အကြုံများ လေလေ၊ ရင့်ကျက်မှု၊ တည်ငြိမ်မှု မြင့်မားလေဖြစ်မည်။ ဤသည်မှာ လောကသဘာဝသာ ဖြစ်မည်။ အချို့အချို့လည်း ငယ်ရွယ်စဉ် ကတည်းကပင် အသိအမြင် ရင့်ကျက်မှုကို စောစောစီးစီးရရှိနေတတ်ကြပါသည်။ အတိတ်ကံနှင့် ပါရမီအနုအရင့်တို့၏ အကြောင်း တရားများလည်းရှိမည်။ ဤအကြောင်း တရားတို့ကို "သူ"ကနှစ်ထောင့်အားရ ရှင်းပြမိသည်။

ဤကဗျာ၏အနှစ်မှာ "စိတ်သာရှင်စော ဘုရားဟော" ဆိုသည့် မြန်မာတို့၊ ဗုဒ္ဓဘာသာဝင်တို့ 'ပြောလေ့ရှိသောစကားပင် ဖြစ်သည်။ "စိတ်တေန နီယတေလောကော"ဖြစ်သည်။ ကိုယ်စိတ်ကို ကိုယ်သာပိုင်တာဖြစ်လို့ ကိုယ်စိတ်ကိုကိုယ်နိုင်ပြီဆိုရင် လောကကို တောင်နိုင်တယ်လို့ ပြောလေ့ဆိုလေ့ရှိတယ်မဟုတ်ပါလား။

မောင်ဇော်လင်းသည် အေးချမ်းစွာဖြင့် စိတ်ဝင်တစား တက်ကြွနေသည်ကို "သူ"သတိပြုလိုက်မိပြန်သည်။ ၎င်းကိုယ်ကို ၎င်းယုံကြည်စိတ်သည် မောင်ဇော်လင်း၏ မျက်နှာသွင်ပြင်တွင် အထင်းသားပေါ်နေလေပြီ။

"သူ"သည်အခွင့်သာခိုက်တွင် မောင်ဇော်လင်း၏ "ငြိမ်းချမ်းသောစိတ်" အပေါ် အလေ့အထကောင်းများ ရရှိလာစေရန်အတွက် နိကာယ်ငါးရပ်တို့တွင် ခုဒ္ဒကနိကာယ် အပါအဝင်ဖြစ်သည့် ဓမ္မပဒ ပါဠိတော်လာ "လူအမျိုးမျိုး၌ စိတ်သဘောထား အမျိုးမျိုးရှိပုံ၊ ထိုလူ





အမျိုးမျိုးတို့၏ စိတ်သဘောထားအမျိုးမျိုးကို လိုက်လျောညီထွေရှိသည့် တရားတော်များကို ဗုဒ္ဓမြတ်စွာဟောကြား တော်မူခဲ့ပုံတို့ကိုလည်းကောင်း ဓမ္မပဒပါဠိတော်တွင် "စိတ်နှင့်စပ်ဆိုင်သမျှ သဘောတရားတို့၌ (ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုမူပြုလုပ်ခြင်း ဟူသမျှတို့သည်) စိတ်သာလျှင် ရှေ့သွားရှိကုန်၏၊ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ တစ်စုံတစ်ယောက်သောသူ သည် မကောင်းသော စိတ်ဖြင့် ကြံစည်မှုလည်း ကြံစည်အံ့၊ ပြောမှုလည်း ပြောဆိုအံ့၊ ပြုမူလုပ်ကိုင်မှုလည်း ပြုမူလုပ်ကိုင်အံ့၊ လှည်းဘီး သည် ဝန်ဆောင် နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့ ထိုထိုသောကြံစည်၊ ပြောဆို၊ ပြုမူသူ၏နောက်သို့ ဆင်းရဲခြင်းသည် အစဉ်လိုက် ၏"ဟု ဆိုသည့် တရားအဆုံးအမအားလည်းကောင်း ပြန်လည်ဖော်ကျူး ရှင်းပြ လိုက်မိပြန်ပါသည်။

မောင်ဇော်လင်းတွင် ၎င်း၏စိတ်ကို ၎င်းပိုင်နိုင်အောင် လေ့ကျင့်ယူဖို့၊ ကိုယ့်စိတ်ကို ကိုယ်ကနိုင်ပြီဆိုလျှင် ထိုစိတ်ကိုကောင်းမှု မြတ်နိုးသူပီပီ ကောင်းကောင်းထားရှိဖို့ အားသန်နေပုံရလာသည်ဟု "သူ"ထင်မြင်မိသည်။

"သူ"သည် "သူ"လေးစားပူဇော်ခဲ့သည့် ဆရာတော် **ဦးဇောတိက၏ အဆုံးအမစကားလေးဖြင့် အားဖြည့်ပေးလိုက်သည် "ခွင့်လွှတ်တဲ့စိတ်ဟာ မြင့်မြတ်တဲ့စိတ်ဖြစ်တယ်၊ ရင့်ကျက်တဲ့ ခိုင်မာတဲ့ စိတ်ဖြစ်တယ်၊ သဘောထားကြီးတဲ့ စိတ်ဖြစ်တယ်၊ အင်အားကြီးတဲ့စိတ် ( Powerful mind )ဖြစ်တယ်"လို့ ဆရာတော်ပြောဖူးတယ်။ "သားရော မြင့်မြတ်တဲ့စိတ်နဲ့ မြင့်မြတ်တဲ့ယောက်ျားကောင်းမဖြစ်ချင်ဘူးလား"** ဟူသော အမေးဖြင့် မောင်ဇော်လင်းအား အာမခံချက် အဖြေတစ်ခုကို စွန့်စားပြီးတောင်းလိုက်မိသည်။

"ဖြစ်ချင်တာပေါ့၊ အဖေ-ဦး"ပါတဲ့။

"သူ"၏ နှလုံးသားရင်ပြင်တွင် လောကကိုအကျိုးပြုမည့် သစ်တစ်ပင်၏အစေ့လေးသည် အညှောက်ပေါက်လာလေပြီဟု "သူ" ခံစားမိဆဲ။

## အ ပိုင်း (၂၈)

### ငြိမ်းချမ်းသောစိတ်ဖြင့် ဖြတ်သန်းချိန်-၇

မောင်ဇော်လင်းတည်းဟူသော မျိုးဆက်လူငယ်တစ်ဦးနှင့် စကားပြောဆိုဆွေးနွေးရခြင်းအတွက် "သူ"သည် များစွာ နှစ်ထောင်းအားရဖြစ်နေမိသည်။ မောင်ဇော်လင်းသည် အသက်အရွယ်အားဖြင့် ၃၀ နှစ်ဝန်းကျင်ရောက်နေပြီဖြစ်သည်။ မြန်မာ့ လူ့ဘောင်၌ ဘဝ၏ သက်တမ်းနှစ် ၃၀ ဖြတ်သန်းပြီးချိန်တွင် မောင်ဇော်လင်း ရရှိသိမြင်ခံစားနေသော လောကအမြင်သည် အခြား အခြားသော လူငယ်မျိုးဆက်တို့၏ လောကအမြင်နှင့် ယေဘုယျအားဖြင့် ကွာဟလွန်းမှု များစွာရှိမည်ဟု "သူ"မထင်မိ။

လူငယ်မျိုးဆက်များစွာ၏ စိတ်နှလုံးနှင့် ဘဝများစွာသို့ ထဲထဲဝင်ဝင် "သူ"ဝင်ရောက်ထိတွေ့ခဲ့ဖူးသည်။ အသက်အရွယ် အလျောက် အသိအမြင် ခံယူချက်နက်နဲခြင်း၊ တည်ငြိမ်ခြင်း၊ ဖြန့်ကြက်နိုင်စွမ်းခြင်း စသည်ဘို့မှာ အကျယ်အဝန်း အနိမ့်အမြင့်ကွာဟမှုတော့ ရှိသည်။ ပုထုဇဉ်လူသားတို့၏ သဘောသဘာဝဘောင်အတွင်း၌ ရိုးရိုးရှင်းရှင်း မြင်သာသည်။

ထောင်စုသစ်၏ လူသားတို့အား စိန်ခေါ်မှုဆိုသည်က သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးမှု တစ်ရှိန်ထိုးကျယ်ပြန့်နက်ရှိုင်းလာခြင်း၊ သတင်းမီဒီယာနည်းပညာကျယ်ပြန့်လျင်မြန်လွန်းခြင်းတို့နှင့်အတူ လူသားတို့၏ သဘာဝ၊ အတ္တ၊ မာန၊ ဒိဋ္ဌိအခြေခံသော လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယဟူသော တရားအညစ်အကြေးများဖြင့် တစ်နည်းမဟုတ်တစ်နည်း ညှိစွန်းနေကြခြင်း၊ အတွေး အခေါ် အယူအဆ၊ အယူဝါဒ ဘာသာတရားအပေါ် ငြိမ်းချမ်းစွာနှလုံးသွင်းနိုင်ရန် လိုအပ်ခြင်းတို့ပင် ဖြစ်နေသည်။ ဤသည်မှာ ယခုမှမဟုတ် လူ့ဘောင်သမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သော အကြောင်းတရားများဖြစ်ခဲ့သည်။

**သို့သော်မျက်မှောက်ကာလတွင် လူ့ဘောင်လောက၏ အကောင်းအဆိုးမှန်သမျှအား နည်းပညာ၊ သိပ္ပံပညာနှင့် သတင်းမီဒီယာ၏ ဖန်တီးနိုင်စွမ်းမှုတို့က အဆုံးအဖြတ်ပြုနေသည့် သဘောရှိနေသည်။**

**ဤကဲ့သို့သော လူ့ဘောင်လောက လူ့ဘဝ၌ လူသားတို့၏ ဖြတ်သန်းချိန်တိုင်းဝှင် ငြိမ်းချမ်းသော လူ့စိတ်၊ လူ့နှလုံးသားများ၊ လူသားပီသသော လူတို့၏ လောကအမြင်များဖြင့် ဘဝများစွာအတွက် လမ်းညွှန်ခေါင်းဆောင်နိုင်စွမ်းမှု အခန်းကဏ္ဍသည် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်နေလေပြီ။**

ဤသို့လျှင် တွေးမြင်နေမိကြသော "သူ"နှင့် သူတို့မျိုးဆက်၏ လူ့ဘောင်လောက၊ လူ့အဖွဲ့အစည်းအတွက် ငြိမ်းချမ်းစွာ ရှင်သန်ဖွံ့ဖြိုးတိုးတက် စေလိုသော လိုအင်ဆန္ဒ၊ ဘဝတဏှာ၌ သောကများစွာ ရှိနေကြသည် ကတော့ အထင်းသားဖြစ်သည်။

"သူ"သည် မိမိကိုယ်တိုင်ခံစားနေရသော ဝေဒနာများစွာဖြင့် ငြိမ်းချမ်းစွာဖြတ်သန်းနိုင်ရန်အတွက် နှလုံးသွင်းရင်း မောင်ဇော်လင်း၏ လိုအင်များနှင့် စိတ်အစဉ်ကို အနုလုံပဋိလုံဆင်ခြင်နေမိပြန်သည်။ မည်သို့ဆိုစေ မိမိ၏ ဘဝတစ်ခုနှင့် လူသား မျိုးနွယ်စုတစ်ရပ်လုံးတွင် ရှင်သန်မှုပမာနအမြင်ထက် အကုသိုလ်ကင်းသော၊ အကုသိုလ်နည်းသော ရှင်သန်မှုပြဋ္ဌာန်းနိုင်ရန်ဆိုသည်ကတော့ အခြေခံအကျဆုံးလိုအပ်ချက် ဖြစ်မည်။

ထို့ကြောင့်လည်း စိတ်နှင့် စေတသိက်တို့၏ ပြဋ္ဌာန်းမှု အရေးကြီးမှုကို ထင်ရှားစေခြင်းအလို့ငှာ ဓမ္မပဒပါဠိတော်လာ စက္ခုပါလ မထေမြတ်အကြောင်းအား ဖြည့်ရှင်းပြလိုက်မိသည်။

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူသော ကာလက၊ စက္ခုပါလမည်သော ရဟန်းသည် စင်္ကြံသွားရာ၌ ပိုးပရန်ကောင်များအား နင်းမိသောကြောင့် ပိုးကောင်များစွာ သေကြေပျက်စီးစေခြင်းအကြောင်းကြောင့် အပြစ်တင် ကဲ့ရဲ့ကြဖူးပါ၏။ ဤအကြောင်းတရားဖြစ်စဉ်ကို သိကြားတော်မူသော မြတ်စွာဘုရားသခင်သည် "ရဟန်းတို့ ပိုးကောင်များသေကြေ ပျက်စီးစေခြင်းအလို့ငှာ စက္ခုပါလရဟန်းပြုလုပ်သည်ကို သင်တို့ ကိုယ်တိုင်မြင်တွေ့ကြပါ၏လော"ဟု မေးရာ ရဟန်းတို့က "ကျွန်ုပ်တို့ ကိုယ်တိုင်မူ မမြင်ကြပါ၊ သေနေသော ပိုးကောင်များကိုသာ စင်္ကြံတစ်လျှောက် တွေ့မြင်ကြရပါသည်"ဟု လျှောက်ကြပါ၏။ ဤတွင် မြတ်စွာဘုရားရှင်သည် "ရဟန်းတို့ စက္ခုပါလရဟန်းသည် ပိုးကောင်များကို နင်းလျက် သတ်သည်ကို သင်တို့မမြင်ကြသကဲ့သို့ပင်လျှင် စက္ခုပါလကိုယ်တိုင်လည်း ပိုးကောင်များကို မမြင်ရှာပေ၊ စင်စစ်ရဟန္တာတို့မည်သည် မည်သည့် သတ္တဝါကိုမျှ သေစေလိုသောစိတ် စေတနာမရှိကြကုန်"ဟု မိန့်တော်မူပါ၏။ "အရှင်ဘုရားစက္ခုပါလမထေရ်သည် ရဟန္တာဖြစ်ပါလျက် မျက်မမြင်ဒုက္ခိတအဘယ်ကြောင့် မည်လေသနည်း"ဟူသော ရဟန်းတို့၏ အမေးကိုမူ၊ မြတ်စွာဘုရားက "ရဟန်းတို့ စက္ခုပါလအား ရှေးရှေးက ပြုခဲ့သော မကောင်းမှု အကုသိုလ်ကံအစဉ်လိုက်ခြင်းကြောင့် ဤဘဝတွင် မျက်မမြင်ဒုက္ခိတဖြစ်ရ၏"ဟူ၍ အတိတ်ကိုဆောင်သော တရားကိုချီးမြှင့် ဟောကြား တော်မူပါ၏။

ဤတရားတော်၏ အဆုံးအမတွင် ဗာဓိကအကျဆုံးမှာ "တရားတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏၊ စိတ်လျှင်အကြီးအမှူး ရှိကုန်၏၊ စိတ်ဖြင့်ပြီးကုန်၏။ ပြစ်မှားလိုသောစိတ်ဖြင့် အကယ်၍ ကြံစည်သော်လည်းကောင်း၊ ပြောဆိုသော်လည်းကောင်း၊ ပြုလုပ်သော်





လည်းကောင်း လှည်းဘီးသည် ဝန်ဆောင်နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့ ဆင်းရဲအစုသည်အစဉ်လိုက်၏"ဟု ပြတ်သားစွာပြဋ္ဌာန်းထားသည်ကို နှလုံးသွင်းဖို့လိုကြောင်း မောင်ဇော်လင်းအား "သူ"ပြောပြလိုက်သည်တွင် လေးနက်စွာဆင်ခြင်နေပုံရသော မောင်ဇော်လင်း၏ အသွင်အပြင်ကို "သူ"သတိပြုမိလိုက်သည်။

အကောင်းအဆိုး၊ ကုသိုလ်အကုသိုလ်၊ ဓမ္မအဓမ္မ ဖြစ်စဉ်မှန်သမျှတို့တွင် စိတ်စေတသိက်၏ ပြဋ္ဌာန်းမှုသည်သာ ပဓာန ဖြစ်၍ ကောင်းသောအလုပ်ဖြစ်စေ၊ မကောင်းသောအလုပ်ဖြစ်စေ ပြုမိပြောမိ ကြံစည်မိသည်မှာ မိမိစိတ်သာလျှင်ဖြစ်ကြောင်း၊ မိမိတို့ဘဝ ရှင်သန်မှုအတွက် နိစ္စဒူဝလုံးပမ်းကြ၊ ရုန်းကန်ကြရာတွင် ဤစိတ်လေးအား ကြည့်၍၊ သိ၍၊ ထိန်းကြောင်း၍ လျှောက်လှမ်းခြင်းဖြင့် အမှားအယွင်း အတိမ်းအစောင်းမဖြစ်နိုင်ကြောင်း "သူ"သည် သတိပေးရှင်းပြလိုက်သည်။

မောင်ဇော်လင်းအတွက် နည်းလမ်းကောင်းတစ်ခုတော့ ရသွားပြီဟု "သူ"တွေ့မြင်လိုက်မိသည်။

ဓမ္မပဒပါဠိတော်လာ မဋ္ဌကုဏ္ဍလီ အမည်ရှိသော သူဌေးသား၏ အကြောင်းဆက်ပြောပြမိသည်။ ဤသူဌေးသားသည် တစ်စုံတစ်ရာအလှူဒါနနှင့် ကုသိုလ်ကောင်းမှု မပြုခဲ့၊ သို့သော်လည်း သေအံ့မူးမူးအချိန်တွင် ဆွမ်းခံကြွလာသည့် ဘုရားသခင်အား ဖူးမြင် ကြည်ညိုခွင့်ရရှိမှုဖြင့် တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့ရ၏။ ဤသည်ကို အကြောင်းပြုလျက် ရတနာသုံးပါးအပေါ် ဖြူစင်သော စေတနာထားခြင်း၏ အကျိုးဖလအာနိသင်ကို ဟောပြတော်မူဖူး၏။ မောင်ဇော်လင်း၏ မျက်နှာသည် ရုတ်တရက်ဝင်းလက်သွားပြီး ပြုံးနေသည်ကို "သူ"သတိပြုလိုက်မိသည်။

"ဘာများပြုံးနေတာလဲ"ဟု "သူ"သိလိုဇောဖြင့် မေးလိုက်ချိန်တွင်မှ "အဖေ-ဦးကလဲ၊ ဒီနေ့နည်းပညာရှင်ကြီးတွေ၊ သိပ္ပံ ပညာရှင်ကြီးတွေတို့ လုပ်ပိုင်ခွင့်ရှိတဲ့၊ လုပ်နိုင်တဲ့ပုဂ္ဂိုလ်ကြီးတွေကများ အတ္တမရှိတဲ့ အတ္တပါးတဲ့၊ လောကအကျိုးကြည့်တဲ့၊ ဖြူစင်တဲ့ စိတ်စေတနာနဲ့၊ အဆုံးအဖြတ်အစီအမံတွေပေးလိုက်ရင်၊ ပွဲပြီးတာပေါ့ဗျာ"ဟူ၍ ဆို

**လိုတ်ရာ "သူ"သည်ပင် မျက်လုံးအဝိုင်းသားနှင့် ရယ်လိုက်မိပါ၏။**

တကယ်တွေးကြ၊ မြင်ကြတဲ့ မျိုးဆက်ပါလားဟူ၍ "သူ" တောက်ချက်ပြုမိသည်။ ငြိမ်းချမ်းသောစိတ်သည်၊ အမှားအမှန်ကို ခွဲခြား၍ သိလွယ်မြင်လွယ်သည် အမှန်ဖြစ်ပါ၏။ တစ်ဘဝအတွက်သာ မဟုတ် သံသရာအတွက်နှင့် သန္တိသုခနိဗ္ဗာန်မြတ်ကို ရရှိ ရောက်ရှိနိုင်သည်အထိ အထောက်အပံ့ပြုနိုင်ပါ၏။ **ဤသို့လျှင် "သူ"၏ဉာဏ်မီသမျှ တွေးတောခံစားရင်း၊ ဤငြိမ်းချမ်းသောစိတ်၏ ကြီးမားသောတန်ဖိုးကို သိနိုင်ဖို့၊ ရယူပိုင်ဆိုင်နိုင်ဖို့အတွက် ကြီးမားသောအတားအဆီးများကို "သူ"ရင်ဆိုင်လိုက်ရပြန်သည်။**

**အတ္တ၏ပြဋ္ဌာန်းရာ လောဘ၊ ဒေါသ၊ မောဟ တရားများ လျှော့ချပယ်သတ်နိုင်ရေးသည် ပဓာနကျနေသည်။ ပဓာန ကျသော အကြောင်းတရားများ သယ်ပိုးရန် တာဝန်ရှိသူတွေ၊ သယ်ပိုးရန် လိုအပ်သူတွေကို "သူ"တွေးတောဆင်ခြင်လိုက်မိချိန်၌မူ "သူ"၏စိတ် နှလုံးသည် ချွတ်ခြုံကျသကဲ့သို့ ခံစားလိုက်ရလေပြီ။**

မည်သို့ရှိစေ၊ ချွတ်ခြုံကျအုံ့မှုံးမှုံး၊ "သူ"၏စိတ်နှလုံးအား ငြိမ်းချမ်းစွာ ရှင်သန်စေနိုင်ရေးအတွက် "သူ"ကြိုးစားရဦးမည်။ သို့မှသာ "သူ"၏ မျိုးဆက်ကို ငြိမ်းချမ်းသောစိတ်ဖြင့် ဘဝကိုဖြတ်သန်းဖို့ "သူ"အဆိုပြုနိုင်မည်မဟုတ်ပါလား။

ငြိမ်းချမ်းဦး